


www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းတွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုတည် ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး
အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်
နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို
ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား
ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# ရှောင်လင်ဘုရားကျောင်းသို့

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉၆)

## ရှောင်လင်ဘုရားကျောင်းသို့

ယခု တည်းခိုခန်း၌ နေကြသူများသည် ယင်းစိတ်ကြားစာ များကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်ပေးပို့ကြမည့်သူများ ဖြစ်နေ ကြသည်။ သို့သော် 'ခြသေ့်သတ်ပွဲ' ဟူ၍တော့ စိတ်ကြားစာတွင် ရေးသားထားခြင်းမရှိပေ။ ဆရာတော်ကြီးက စိတ်ခေါ်လိုက်ကြောင်း သာပါဝင်သည်။

စိတ်ကြားထားသည့်ရက်ချိန်းသည် ငါးလ၏ လပြည့်နေ့ ဖြစ်သည်။ ယခုအချိန်၌မူ နှစ်လခန့် လိုနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်ဆယ်ရက် ခရီးပြင်း နှင်လိုက်သောအခါ ဟူကျင်းနှင့် ကျောက်မိန်တို့သည် ရှောင်လင်ဂိုဏ်း၏ တောင်ခြေသို့ ရောက်ရှိလာကြတော့၏။ ကျောက်မိန်က ဟူကျင်းအား အကြံဉာဏ် ပေးသည်။

'ဟူကျင်း...ကျွန်မတို့နှစ်ယောက် ဒီပုံစံအတိုင်းသွားလို့ တော့မဖြစ်ဘူး၊ ရှောင်လင်ဂိုဏ်းသားတွေ ကောင်းကောင်း ရိပ်မိနိုင် တယ်၊ ရှင်ရော ကျွန်မပါ ရုပ်ဖျက်ထားမှတော်ရုံကျမှာ၊ တောင်ခြေနား မှာစောင့်ကြည့်ပြီး အကဲခတ်ကြတာပေါ့'

ဟူကျင်းက အရွန်းဖောက်လိုက်သည်။

'ဘယ်လို ရုပ်ပြောင်းကြရင်ကောင်းမလဲ၊ ငါက ဘုန်းကြီး ဟန်ဆောင်လိုက်မယ်၊ မင်းကတော့ မယ်သီလရှင်လို ရုပ်ဖျက်လိုက် ပေါ့'

ကျောက်မိန်က မျက်စောင်းတစ်ချက်ထိုးရင်း...

'ရှင့်အကြံကတော့ သိပ်ကောင်းတဲ့အကြံဉာဏ်ပဲ၊ ဘုန်းကြီး နဲ့မယ်သီလရှင် တတွဲတွဲသွားနေတာကိုမြင်ရင် ဘေးကလူတွေ ဘာပြောကြမလဲ'

ဟူကျင်းသည် ကျောက်မိန်၏ ချစ်စဖွယ် မျက်စောင်းနှင့် အပြောကလေးကို သဘောကျသွားသဖြင့် တဟားဟား ရယ်မောရင်း ပြောလိုက်ပြန်သည်။



'ဒီလိုဆိုရင်လဲ မင်းနဲ့ငါနဲ့ လင်မယားလိုဟန်ဆောင်ပြီး ဒီ တောင်ခြေမှာ ထင်းခုတ်ပြီး အသက်မွေးဝမ်းကျောင်းပြုတဲ့ ပုံစံမျိုး လုပ်လိုက်ကြတာပေါ့ မကောင်းဘူးလား'

ကျောက်မိန်က မျက်စောင်းတစ်ချက် ထပ်ထိုးလိုက်ပြန် သည်။

'တော်ပါ...မောင်နှမဆိုရင် တော်ရောပေါ့၊ တော်တော်ကြာ လင်မယားလို ဟန်ဆောင်လို့ ချူကျူးထပ်တွေ့သွားရင် ကျွန်မပခုံးမှာ အပေါက်ငါးပေါက်ထပ်ရနေအုံးမယ်၊ ရှင်က ကျွန်မကို ဒဏ်ရာရနေ စေချင်တယ်ပေါ့လေ'

ဟူကျင်းတမူ ပြုံး၍ ကြည့်နေလိုက်တော့သည်။ မည်သည့် စကားကိုမျှ မပြောတော့။ သို့သော် သူတို့၏ ခြေထောက်များကမူ ရုပ်နားနေကြသည် မဟုတ်ချေ။

ရှောင်လင်ကျောင်းသည် ရှောင်ဆက်တောင်ပေါ်တွင် တည်ရှိပေသည်။ ရှောင်လင်တောင်သည် အလွန်ကျယ်ပြန့်ပြီး မြင့်မား မတ်စောက်သည်။

ဟူကျင်းနှင့်ကျောက်မိန်တို့ မိုင်နှစ်ဆယ်ခန့် လမ်းလျှောက် မိကြသောအခါ တောင်ခြေရှိ လယ်သမားတစ်ဦး၏ အိမ်ကိုတွေ့ လိုက်ကြရသည်။ ထိုအိမ်တွင် အခွင့်ကောင်းယူ၍ ခေတ္တတည်းကြရန် စိတ်ကူးမိကြသည်။ ထိုအိမ်ကလေးတွင် လယ်သမားလင်မယား

www.burmeseclassic.com

www.burmeseclassic.com



နစ်ယောက်တည်းသာရှိ၏။ နှစ်ယောက်စလုံး အသက်အရွယ်ကြီးရင့်သော အဘိုးကြီးအဘွားကြီးများ ဖြစ်ကြသည်။

ဟူကျင်းနှင့် ကျောက်မိန်တို့က အိမ်ရှေ့သွားရပ်လိုက်သည်နှင့် အဘွားကြီးက နှစ်ယောက်စလုံးကို ပျူငှာစွာ အိမ်ထဲဝင်ကြရန် ခေါ်သည်။ ရှိစုမဲ့စု စားသောက်ဖွယ်ရာကလေးများဖြင့်လည်း ဧည့်ခံရှာသည်။

ကျောက်မိန်က ငွေဒင်္ဂါးတစ်ထုပ်ကိုပေးကာ....

'ဘွားဘွား....ကျွန်မ အစ်ကိုက ကျွန်မကို ယောက္ခမအိမ် ပြန်ပို့ပေးမလို့၊ အခု ကျွန်မ ခြေထောက်တွေ ကြွက်တက်လာတာနဲ့ လမ်းမလျှောက်နိုင်တော့ဘူး၊ ကျွန်မတို့ ဒီမှာ တစ်ပတ်လောက် တည်းခိုချင်ပါတယ်၊ ဘွားဘွားက ခွင့်ပြုမယ် ဆိုရင်တော့ ကျွန်မတို့အတွက် ကျေးဇူးကြီးလှပါပြီ'

အဘွားကြီးက...

'တည်းခိုချင်ရင်လဲ တည်းခိုနိုင်ပါတယ်၊ ဒါပေမယ့် ဘွားဘွားတို့မှာ အခန်းတစ်ခန်း ခုတင်တစ်လုံးပဲရှိတာ၊ ဟော်... ဟော်... ဟော်...သမီးလေး အဘွားကို မညာနဲ့၊ မှန်မှန်ပြောကြစမ်း၊ မင်းချစ်သူနဲ့ အိမ်ကထွက်ပြေးလာကြတာ မဟုတ်လား၊ ဟော်... ဟော်...ဟော်'

ကျောက်မိန်၏ မျက်နှာတစ်ပြင်လုံး ရဲခနဲ ရှက်သွေးဖျန်းသွားတော့သည်။ အဘွားကြီး၏ မျက်စိလျင်ပုံ၊ အကင်းပါးပုံတို့လည်း ချီးကျူးမိသည်။



သူမက အဘွားကြီးကို လျှပ်တစ်ပြက် အကဲခတ်ကြည့်လိုက်သည်။ အဘွားကြီးသည် ခါးအနည်းငယ်ကိုင်း နေသော်လည်း မျက်လုံးများမှာမူ အရောင်တောက်ပလျက်ရှိနေသည်။ သိုင်းပညာရှင်တစ်ယောက်မှန်း သိသာနိုင်သည်။

ကျောက်မိန်သည် ရေလိုက်ငါးလိုက်ဆက်ဆံခြင်းသာ အကောင်းဆုံးဖြစ်မည်ကို အကဲခတ်မိသဖြင့် ရှက်စနိုး အမူအရာလေးဖြင့် ပြောလိုက်သည်။

'ဘွားဘွားက သိပ်လျင်တာပဲ၊ ဘွားဘွား ရိပ်မိသွားမှတော့ ကျွန်မတို့ညာနေလဲ အပိုပဲဖြစ်မှာပဲ၊ သူနဲ့ကျွန်မက ငယ်ငယ်လေးကတည်းက ချစ်နေကြတာ၊ ဒါပေမယ့် ကျွန်မအဖေက သူ့ကိုဆင်းရဲလို့ သဘောမတူဘူးတဲ့၊ ကျွန်မကို တခြားယောကျ်ားတစ်ယောက်နဲ့ ပေးစားမလို့လုပ်တယ်၊ တကယ် ပေးစားရင် ကျွန်မကလဲ ကိုယ့်ကိုယ်ကို သတ်သေမှာပဲ၊ ဒါနဲ့ အမေက ကျွန်မသေမှာစိုးတာနဲ့ သူနဲ့ထွက်ပြေးဖို့ သဘောတူခွင့်ပေးလိုက်တာပါ၊ နောက်ပြီး...'

အဘွားကြီးသည် ကျောက်မိန်၏ စကားကိုကြားရသောအခါ သူ၏ငယ်စဉ်ကာလ အတိတ်ဘဝကို တွေးမိဟန်ဖြင့် ကြည်ကြည်နူးနူး နားထောင်နေမိသည်။ ကျောက်မိန်ကဆက်ပြောသည်။

'နောက်ပြီး အမေကပြောလိုက်သေးတယ်၊ နောက်သုံးလေးနှစ်လောက်ကြာလို့ ကျွန်မတို့မှာ ကလေးတွေဘာတွေ ရလာရင် အိမ်ကို ပြန်ခဲ့ကြတဲ့၊ အဲဒီအခါကျရင် အဖေကလဲ သဘောတူမှာပေါ့တဲ့'

www.burmeseclassic.com

www.burmeseclassic.com



ကျောက်မိန်သည် ဤစကားများကိုပြောနေစဉ် မျက်နှာတစ်ခုလုံး ရှုက်သွေးများဖုံးလျက် ရဲရဲနီနေတော့သည်။ အဘွားကြီးလည်း ကျောက်မိန့်ရှက်ရှက်နှင့်ပြောနေမှန်း သိသဖြင့် ပြုံးကြည့်သွားသည်။

ကျောက်မိန်သည် ပြောနေရင်းမှ ဟူကျင်းကိုလည်း မသိမသာ ခိုးကြည့်မိသည်။ ကျောက်မိန်က ဆက်၍ ပြောပြန်သည်။

'ဘွားဘွားလဲ ငယ်ရာကကြီးလာတာပဲ၊ သမီးလေး စိတ်ချမ်းပါ၊ ဘွားဘွားက သမီးတို့ကိုလက်ခံပါတယ်၊ အေးအေးဆေးဆေးနဲ့ ကြိုက်သလောက်နေကြ၊ ဒီတောင်ခြေက လူသူတွေနဲ့လဲ ဝေးကွာလေး ဆေးတော့ လူသူအရောက် အပေါက်လဲ နည်းပါတယ်၊ ဘယ်သူမှလဲ ဒီကိုလာမှာမဟုတ်ဘူး၊ လာရင်လဲ ဘွားဘွားတို့က လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး'

ကျောက်မိန်သည် ချစ်စရာကောင်းလှမှုမကာ စကားအပြောအဆိုလည်း အင်မတန်တတ်သဖြင့် အဘွားကြီးသည် အလွန်သဘောကျသွားသည်။ ထို့အပြင် ကျောက်မိန်က သူ၏လျှို့ဝှက်ချက်များကိုပါ ပြောပြလိုက်သောအခါ ပြောစရာမလိုတော့ဘဲ၊ ကျောက်မိန်တို့ ဤတဲကလေး၌ တည်းခိုနေထိုင်ခွင့်ကို စိတ်လိုလက်ရ ခွင့်ပြုလေတော့သည်။

အဘွားကြီး၏ နောက်ဆုံးစကားအရ ဤအဘွားကြီးမှာ သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း သိလိုက်ရ၏။ သူမသည်



ချန်ခွန်း၏ မိတ်ဆွေလား၊ သို့မဟုတ် ရန်သူလား ဆိုသည့်အချက်ကိုတော့ မသိနိုင်သေးပေ။

ကျောက်မိန်သည် ဟူကျင်းကို လှမ်းခေါ်လိုက်ပြီး အဘွားကြီးနှင့်အဘိုးကြီးတို့အား ကျေးဇူးတင်သောအားဖြင့် ရှိခိုးကန်တော့လိုက်ကြသည်။

အဘွားကြီးသည် သူတို့နှစ်ယောက်အား တစ်ခုတည်းသောအခန်းကလေးထဲတွင် နေရာချပေးလိုက်သည်။

အခန်းတွင်းသို့ရောက်ရှိသောအခါ ကျောက်မိန်က ဤအဘိုးကြီးနှင့်အဘွားကြီး၏ အပေါ်မည်သို့အမြင်ရှိသည်ကို မေးမြန်းသည်။ ဟူကျင်းက...

'ဒီအဘိုးကြီးနဲ့ အဘွားကြီးနှစ်ယောက်စလုံးဟာ သိုင်းပညာရှင်ကြီးတွေပဲ၊ စောစောတုန်းက ဟင်းသီးဟင်းရွက်ပင်တွေကို ဖျန်းဖို့ အဘိုးကြီးက တစ်ယောက်တည်း မစင်ပုံးကြီးနှစ်ပုံးကို ထမ်းလာတာတွေ့ရတယ်၊ သူလမ်းလျှောက်ပုံကတော့ နှေးတယ်၊ ဒါပေမယ့် ပုံးနှစ်ပုံးစလုံး တစ်ချက်မှ မလှုပ်ဘူး၊ ဒါက အတွင်းအား ပြည့်ဝနေတာကိုပြတာပဲ'

ကျောက်မိန်က မေးလိုက်သည်။

'ရှင်နဲ့ယှဉ်လိုက်ရင် ဘယ်လိုနေမလဲ'

ဟူကျင်းက ရယ်မောရင်း ပြန်ဖြေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အေး...ဟုတ်တယ်၊ သူ့လောက်မှ ငါနိုင်ပါ့မလားလို့ စမ်းကြည့်ဦးမှပဲ'

ဟူကျင်းသည် ကျောက်မိန်ကိုမွေ့ရာက ပခုံးပေါ်တင်လိုက်ပြီး၊ ရေထမ်းသကဲ့သို့ အမူအရာလုပ်လိုက်သည်။ ကျောက်မိန်သည် ဟူကျင်း၏ အပြုအမူကြောင့် တခစ်ခစ်ရယ်မောနေရာမှ....

အခန်းပြင်ဝရှိ အဘိုးကြီး အဘွားကြီး လင်မယားတို့သည် ဟူကျင်းနှင့်ကျောက်မိန်တို့၏ တခိုးခိုးတခစ်ခစ် ရယ်သံများကြားနေရသောအခါ တကယ်ပင် နှီးပြေးလာသော လင်မယားဟု ယုံကြည်သွားကြတော့၏။

အဘိုးကြီးနှင့်အဘွားကြီးတို့သည် သူတို့၏ စည့်ဝတ်ကျေပွန်မှုကို ပြလို၍တစ်ကြောင်း၊ သူတို့၏ တဲအိမ်ကလေးတွင် ရှားရှားပါးပါး မွေးထားသောကြက်ကို သတ်၍ စားသောက်ချင်စဖွယ် ဟင်းလျာများဖြင့် ညစာကို ပြင်ဆင်ကျွေးမွေးတော့သည်။

ဟူကျင်းနှင့်ကျောက်မိန်တို့ နှစ်ယောက်မှာလည်း ချစ်စခင်စ၊ ကြင်နာစ၊ လင်မယားနှစ်ယောက်ကဲ့သို့ တို့လိုက်၊ ထိလိုက်၊ ကျီစယ်လိုက် လုပ်နေကြရသည်။ သို့မှသာ အဘိုးကြီးလင်မယားတို့က မိမိတို့အား အကြွင်းမဲ့ ယုံကြည်သွားကြမည် ဖြစ်သည်။

ညစာစားပြီးသောအခါ ဟူကျင်းနှင့်ကျောက်မိန်တို့ နှစ်ယောက်စလုံး အခန်းကလေးအတွင်းသို့ ပြန်ဝင်သွားကြသည်။



ကျောက်မိန်သည် စောစောကဟန်ဆောင်ကျီစယ်နေစဉ်က မည်သို့မျှ မဖြစ်ခဲ့သော်လည်း ယခုအခန်းအတွင်းတွင် နှစ်ယောက်တည်းရှိနေသည့်အခါတွင်မှ လွန်စွာအနေရအထိုင်ရ ကျပ်နေရှာသည်။ သူမ၏ နုနယ်လှသော မျက်နှာကလေး တစ်ခုလုံးသည်လည်း ရဲရဲနီလျက်ရှိနေတော့၏။ တိုးညင်းသော လေသံကလေးဖြင့် ဟူကျင်းအား ပြောလိုက်သည်။

'ဟူကျင်း...စောစောတုန်းက ပြောနေတာတွေက အဘွားကြီးယုံအောင် ဟန်ဆောင်လုပ်နေတာနော်၊ တကယ်မဟုတ်ဘူး'

သူမ၏ စကားသံဆုံးသည်နှင့် ဟူကျင်းက ကျောက်မိန်ကို ရင်ခွင်ထဲဆွဲသွင်းလိုက်တော့သည်။ သူမအား တရှိုက်မက်မက် နမ်းရှုံ့လိုက်ပြီးမှ....

'တကယ်မဟုတ်ဘူးဆိုရင်၊ နောက် သုံးလေးနှစ်ရဲ့ ဘယ်ကလေးရတော့မှာလဲ' ဟု ပြောလိုက်သည်။

ကျောက်မိန်၏မျက်နှာသည် ရဲခနဲဖြစ်သွားပြီး ပြောလိုက်တော့သည်။

'သွား....ဒီက တကယ်ပြောတာမဟုတ်ဘူး သိရဲ့လား၊ အဆင်ပြေအောင် လုပ်ကြံပြောရတာကို သူက အတည်ယူနေတယ်'

ဟူကျင်းသည် ကျောက်မိန်နှင့် ပြောဆိုဆက်ဆံရာတွင် ညီသည့် အထိန်းအကွပ်မျှ မထားချေ။ သို့သော် ရှူကျူးနှင့်

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ရန် ကိစ္စရှိသဖြင့် သူ့အဖို့ စိတ်သွားတိုင်းကိုယ်မပါဘဲ ဖြစ်နေရသည်။ ဟူကျင်းအနေဖြင့် ချူကျူးကိုရော ကျောက်မိန်ကိုပါ ချစ်မိသော်လည်း နှစ်ယောက်စလုံး လက်ထပ်ယူရန်အရေးမှာ လုံးဝ မဖြစ်နိုင်ကြောင်း သိမိသည်။

ထို့ကြောင့် ချူကျူးကိစ္စ ပြီးပြတ်မှပင် ကျောက်မိန်ကိစ္စ မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို စဉ်းစားရမည်ဟု ဆုံးဖြတ်လိုက်တော့သည်။

ထို့ကြောင့် ယခုအချိန်အတွင်း သူနှင့်ကျောက်မိန် နှစ်ယောက်တည်းရှိသော်လည်း မည်သို့မျှ လွန်လွန်ကျူးကျူး မဖြစ်စေရန် ထိန်းသိမ်းနေခဲ့သေးသည်။

ဟူကျင်းသည် နောက်ဆုံး သူမကို တစ်ကြိမ်မျှနမ်းပြီး နောက် ခုတင်ပေါ်သို့ အသာအယာတင်ပေးလိုက်ပြီး သူကမူ ခုတင် ရှေ့ရှိ ခုံတန်းရှည်တစ်ခုတွင် လဲလျောင်းနေလိုက်တော့သည်။

ကျောက်မိန်သည် ဟူကျင်း၏ ထိန်းသိမ်းနိုင်သော စိတ်ဓာတ်ကို ပိုမို အထင်ကြီး လေးစားမိတော့သည်။

ညသန်းခေါင်ယံသို့ရောက်သောအခါ အပြင်မှခြေသံများ ကြားလိုက်ရသဖြင့် ဟူကျင်းသည် ဆတ်ခနဲ နိုးလာတော့သည်။ ကျောက်မိန်ကိုလည်း အသာအယာပုတ်နှိုးလိုက်သည်။ ကျောက်မိန် နိုးလာသောအခါ အပြင်မှ လူတချို့၏ တိုးတိုးပြောသံများကို နား



စိုက်ထောင်လိုက်သည်။ အဘိုးကြီးနှင့် အဘွားကြီးတို့၏ အသံများ ကိုပါ ကြားလိုက်ကြရသည်။

ဟူကျင်းသည် တံခါးကြားမှ လှမ်း၍ ကြည့်လိုက်သော အခါ လူလတ်ပိုင်း သုံးယောက်ကို တွေ့လိုက်ရသည်။

ထို သုံးယောက်အနက်မှ တစ်ယောက်ကပြောသည်။

'ခင်ဗျားရဲ့ သတင်းက သေချာရဲ့လား၊ ရှက်စွန်းဟာ တကယ်ပဲ ရှောင်လင်ဘုရားကျောင်းပေါ်မှာရှိနေသလား၊ ဘာကြောင့် သူက ဒီကျောင်းထဲရောက်နေရတာလဲ'

အဘွားကြီးက....

'ဒီသတင်းက လုံးဝသေချာတယ်၊ ရှောင်လင်ဂိုဏ်းက အခု ဆိုရင် ဖိတ်စာတွေတောင် အားလုံးဝေပြီးနေပြီ၊ လာမယ့် ငါးလရဲ့ ပြည့်နေ့မှာ သူတို့က ခြင်္သေ့သတ်ပွဲ ကျင်းပကြမယ်တဲ့၊ ခြင်္သေ့ဆို တာ ရှက်စွန်းကိုပြောတာပေါ့၊ သူတို့ဟာ ရှက်စွန်းကို ဖမ်းမိထားရင် လောက် တကူးတက အကြီးအကျယ် လုပ်နေပါ့မလား'

အဘွားကြီးသည် အံတင်းတင်းကြိတ်၍ သူမ၏ စကားကို ဆက်ပြန်သည်။

'ဟင်း... ဘယ်ကြေလိမ့်မလဲ၊ ငါတို့ရဲ့ သားလေးကို ရှက်စွန်းက ရက်ရက်စက်စက် သတ်ခဲ့တာပဲ၊ ငါတို့က ပြန်ပြီးလက် စားချေမှကျေနပ်နိုင်မှာ၊ သူများသတ်လို့ ရှက်စွန်းသေတာကို မလိုချင်

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ငါတို့ကိုယ်တိုင် ရှက်စွန်းကို သတ်ချင်တယ် ဒါကြောင့်မို့ ဒီမှာ စခန်းချပြီး အခြေအနေကို စောင့်ကြည့်နေကြတာပေါ့

ထို့နောက် တီးတိုး တီးတိုး ပြောကြပြီး ထိုလူသုံးယောက်စလုံး ထွက်ခွာသွားကြတော့သည်။ နောက်တစ်နေ့ နံနက်....၊ အဘွားကြီးသည် ဟူကျင်းအား စကားတစ်ခွန်းပြောသည်။

'လူလေး....နေ့လည်စာ စားပြီးရင် ဘွားဘွားတို့ထင်းခွေပြီး ထင်းစည်းတွေကို ရှောင်လင်ဘုရားကျောင်းကို သွားရောင်းမယ်၊ လူလေးကလည်း ဘွားဘွားတို့ကို တစ်ထမ်းလောက်ကူပြီး ထမ်းပို့ပေးပါလား၊ ဘုရားကျောင်းထဲကမေးရင် လူလေးဟာ ဘွားဘွားရဲ့ သားလို့ပဲ ပြောလိုက်ပေါ့၊ မင်းရဲ့ မိန်းမကိုတော့ အိမ်မှာပဲ နေခိုင်းလိုက်ပါ၊ ဘယ့်နှယ်လဲ၊ လူလေးအနေနဲ့ ကူညီချင်ရဲ့လား'

ဟူကျင်း အတိုင်းမသိဝမ်းသာသွားမိသည်။ ရှောင်လင်ဘုရားကျောင်းအတွင်း ဝင်ရောက်စုံစမ်းရန် အခွင့်အလမ်း လုံးဝမသာပဲ ဖြစ်နေသဖြင့် ဟူကျင်းအဖို့ အလွန် ခေါင်းရဲနေမိသည်။ ယခုမူ မမျှော်လင့်ဘဲနှင့် သူလိုချင်နေသည့် အခွင့်အရေးကို ရလိုက်ရာ သူက ချက်ချင်းပင် ခေါင်းညိတ်လက်ခံလိုက်သည်။

'ဟာ....ဘွားဘွားတို့ဟာ ကျွန်တော်တို့ရဲ့ အမေလို၊ အဖေလို ဖြစ်နေတာပဲဥစ္စာ၊ ဒီလောက်ကလေး ကူညီရတာ ကျွန်တော့်အဖို့ မပင်ပန်းပါဘူး၊ ဘွားဘွားတို့ ကြိုက်သလောက်သာ ခိုင်းပါ၊ ကျွန်တော် လုပ်ပေးပါ့မယ်'



နေမွန်းတိမ်းသောအခါတွင် ဟူကျင်းသည် အဘိုးကြီး အဘွားကြီးလင်မယားနှင့်အတူ ထင်းတစ်ထမ်းစီထမ်း၍ ရှောင်လင်ဘုရား ကျောင်းတိုက်သို့ သွားကြတော့သည်။ ဘုရားကျောင်းတိုက်ကြီးသို့ ရောက်ရှိသောအခါ ကျောင်းတိုက်ကြီး၏ အနောက်ဘက်ရှိ မီးဖိုဆောင်ဘက်သို့ လှည့်သွားကြရတော့သည်။ ထင်းစည်းများကို မီးဖိုဆောင်မှသာ ဝယ်ယူကြသည် မဟုတ်ပါလား။ မီးဖိုဆောင်မှ ဘုန်းကြီးက....

'ဒကာမကြီး... ဂိုဏ်းချုပ်ကြီးက အမိန့်တစ်ခုထုတ်ထားတယ်၊ ဒီရက်တွေ အတွင်းမှာ အပြင်လူတွေကို ဘုရားကျောင်းထဲ လုံးဝ ဝင်ခွင့် မပေးရဘူးတဲ့၊ ဒါကြောင့် မနက်ဖြန် ဒကာမကြီးတို့ မလာကြနဲ့တော့'

အဘွားကြီးသည် ထိုဘုန်းကြီး၏စကားကို ကြားလိုက်ရသောအခါ အလွန် စိတ်ပျက်သွားတော့သည်။ အမြဲတမ်းလိုလို တိုက်မိုက်လိုသောစိတ်ကြောင့် အရောင်တောက်နေသော မျက်လုံးများသည်ပင် တဒင်္ဂ မှေးမှိန်သွားတော့သည်။ သူတို့အနေဖြင့် ဤသို့ ထင်းရောင်းချနေကြသည်မှာ ရှက်စွန်းကို ဘုရားကျောင်းဝင်းအတွင်း မည်သည့်နေရာ၌ဖမ်းချုပ် ထားကြောင်း စုံစမ်းရန်ပင်ဖြစ်သည်။ ယခု သူတို့ ဤနေရာသို့ လာရောက် ထင်းမရောင်းရတော့ဟု ဆိုလျှင် သူတို့၏ ရည်ရွယ်ချက် ပြည့်ဝရတော့မည် မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဘုန်းကြီးတစ်ပါးက ဟူကျင်း၏ တောင့်တောင့်တင်းတင်း ခန္ဓာကိုယ်ကို တွေ့လိုက်ရသောအခါ ရုတ်တရက်ပြောလိုက်သည်။

'သူက ဒကာမကြီးရဲ့သားလား၊ တော်တော်လေး တောင့်တောင့်တင်းတင်းရှိသားပဲ၊ ငါးလပိုင်းလောက်မှာ ဘုရားကျောင်းမှာ ဧည့်သည်တွေအများကြီးရောက်လာကြလိမ့်မယ်၊ ဒီတော့ ဒီမီးဖိုဆောင်မှာ အလုပ်လုပ်ရမယ့်လူတွေ တော်တော်ကလေး လိုလာလိမ့်မယ်၊ သူ့ကို ဒီမှာ ခဏလောက် အလုပ်လုပ်နိုင်းချင်တယ်၊ တစ်လကို ငွေဒင်္ဂါးဆယ်ပြား ပေးမယ်၊ တကယ်လို့ ဒကာမကြီးက သဘောတူမယ်ဆိုရင်တော့ ထားခဲ့ပါ'

အဘွားကြီးသည် ထိုစကားကို ကြားလိုက်ရသောအခါ ဝမ်းသာလွန်းလှသဖြင့် ထခုန်မိမတတ်ဖြစ်သွားသည်။ အကယ်၍ ဟူကျင်းသာ ဤကျောင်းတိုက်အတွင်းရှိနေလျှင် သူတို့က သူတို့၏ သားလေးဟူကျင်းကို လာတွေ့လို့သဖြင့် ရှက်စွန်း၏နေရာကို စုံစမ်းနိုင်မည်သေးသည်။

ဟူကျင်းအနေဖြင့်မူ ပြောစရာမလိုတော့ပေ။ နတ်တို့ဖန်ရေကန်အသင့်ကြာအသင့်ဆိုသလို သူ့အတွက် ကသိုလ်ကံထောက်မခြင်းကြောင့် ဤအခွင့်အရေးကြီးကို ရရှိသည်ဟုကြိတ်၍ ဝမ်းသာနေမိ၏။





ဤကျောင်းဝင်းအတွင်းနေရပြီဆိုလျှင် ရှက်စွန်းအား ဖမ်းဆီးချုပ်နှောင်ထားသည့်နေရာကို ရှာဖွေရန် မခက်ခဲတော့ပေ။ သို့သော် စိတ်လိုလက်ရဟန်မပြပဲ၊ ဟန်ဆောင်၍ အဘွားကြီးအားလှမ်းပြောလိုက်သည်။

'အမေ...အမေ့ချွေးမ'

'လူလေး...သမီးအတွက် ဘာမှမပူနဲ့၊ အမေက မင်းရဲ့မိန်းမကို ကောင်းကောင်း စောင့်ရှောက်ထားမှာပါ၊ သုံးရက် တစ်ခါ၊ လေးရက်တစ်ခါလောက် သူ့ကို ခေါ်၊ ခေါ်လာပြီး မင်းနဲ့ လာတွေ့မှာပေါ့ ဟုတ်လား၊ စိတ်ချပါ လူလေးရယ်'

အဘိုးကြီးနှင့်အဘွားကြီးတို့သည် ဝမ်းမြောက်ဝမ်းသာဖြင့် တောင်အောက်သို့ပြန်ဆင်းသွားကြတော့သည်။

ဟူကျင်းသည်လည်း ရှောင်လင်ကျောင်းတိုက်၏ မီးဖိုဆောင်တွင် ထင်းခွဲ၊ ရေခပ် အစရှိသည့် ဘာဟီရ တောက်တိုမယ်ရ အလုပ်များကို လုပ်ကိုင်ပေးနေရတော့သည်။

ဤသို့ဖြင့် တစ်ပတ်ကျော်ခန့်နေလာသည့် အတွင်း၌ အဘွားကြီးသည် ကျေးကက်မိန်ကိုခေါ်လာပြီး၊ သူနှင့် နှစ်ကြိမ်မျှ လာတွေ့သည်။

ဟူကျင်းသည် အချိန်ရှိသမျှ ရှက်စွန်း၏သတင်းကို နားစွင့်နေသော်လည်း သတင်းတစ်စွန်းတစ်စကိုမျှမြင် မရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ဆယ်ရက်နေ့သို့ရောက်ရှိလာသည်။ ထိုည၌ ဟူကျင်းအိပ်စက်နေစဉ် ကျောင်းတိုက်ပြင်ပကနေရာမှ အော်သံတစ်သံကို ရုက်တရက်ကြားလိုက်ရသည်။ အသံကြားလိုက်သည်နှင့် ဟူကျင်းသည် ရုတ်တရက်ထလိုက်ကာ ဘေးပတ်ဝန်းကျင်မှ လှုပ်ရှားလှုပ်ခြေကို အကဲခတ်လိုက်သည်။ လူမရှိမှန်း သေချာစွာသိမှ အသံကြားလိုက်ရာနေရာသို့ ကိုယ်ဖော့သိုင်းပညာကို အသုံးပြုလျက် ပြေးထွက်သွားတော့၏။

ဟူကျင်းသည် အနီးပတ်ဝန်းကျင်၌ ပုန်းဝပ်နေသူများရှိမရှိ ရှေးဦးစွာ စုံစမ်းအကဲခတ်လိုက်သည်။ သေချာသောအခါတွင် အနီးဆုံးရှိ သစ်ပင်ကြီးတစ်ပင်ပေါ်သို့ ခုန်တက်လိုက်သည်။ ပြီးမှ သစ်ပင်တစ်ပင်မှတစ်ပင်သို့ ခုန်၍ကူးပြောင်းကာ စောစောကအသံကြားရသည့်နေရာသို့ ရွေ့ပြောင်းလာတော့သည်။ သစ်ပင်များဖြင့် မည်းမှောင်နေသဖြင့် လူများကိုမူ မမြင်ရချေ။ သို့သော် ဓားများ၏ လေကို တိုးခွဲနေသံများကိုမူ ကြားနေရသည်။

အနီးကပ်ဆုံး သစ်ပင်သို့ရောက်ရှိသောအခါမှ လူလုံးသူလုံး ကွဲကွဲပြားပြား မြင်ရတော့သည်။ လူခြောက်ယောက်တို့သည် နှစ်ဖွဲ့ခွဲ၍ တိုက်ခိုက်နေကြောင်း တွေ့ရှိရသည်။ မျက်နှာများကိုမူ သဲကွဲစွာမမြင်ရချေ။

ထိုအခိုက် လမင်းကြီးသည် တဖြည်းဖြည်းမြင့်တက်လာသည်။ ထိုလရောင်ကြောင့် တိုက်ခိုက်နေသော လူများအနက်



သုံးယောက်သောသူကို သူ့အနေဖြင့်ကောင်းစွာမှတ်မိလိုက်သည်။ ထိုသုံးယောက်သည် အဘွားကြီးထံသို့ ညကြီးသန်းခေါင် လာရောက်ခဲ့ကြသူများပင်တည်း။

ထိုသုံးယောက်တို့သည် ဘုန်းကြီးသုံးပါးတို့နှင့် တိုက်ခိုက်နေကြသည်။ သို့သော်သူတို့၏ သိုင်းပညာသည် ထိုဘုန်းကြီးများ၏ သိုင်းပညာကို မည်သို့မျှယှဉ်၍မရချေ။ ဘုန်းကြီးများ၏ပညာက သူတို့ထက်အပြတ်အသတ်သာသည်။ ထို့ကြောင့် များမကြာမီပင် သုံးယောက်စလုံး လဲကျသေဆုံးသွားကြရတော့သည်။ ဘုန်းကြီးတစ်ပါးသည် ဝင့်ဝါသော လေသံဖြင့် ပြောလိုက်သည်။

'ဒီလို မတောက်တခေါက် အရည်အချင်းကလေးနဲ့ များ နဂါးနိုင်ဓါးကို လိုချင်သေးသတဲ့လား၊ ကဲ ....အခုတော့ ကိုယ်လိုချင်တာမရဘဲနဲ့ ကိုယ့်အသက်ပေးလိုက်ရပြီ မဟုတ်လား'

ဘုန်းကြီးများသည် အလောင်းများကို ဆွဲယူသွားတော့သည်။

ဟူကျင်းသည် ထိုဘုန်းကြီးများနောက်သို့ လိုက်သွားရန် ကြံစည်မိလိုက်သည်။ သို့သော်သူ၏ ဆဋ္ဌမအာရုံ၏ အသိပေးချက်ကြောင့် သူ့ပတ်ဝန်းကျင်ဘေးပတ်လည်မှ အသံဗလံများကို စူးစူးစိုက်စိုက်နားထောင်ကြည့်လိုက်မိသည်။ သူ၏မလှမ်းမကမ်းတွင် တစ်ယောက်သောသူ၏ အသက်ရှူသံကို ကြားနေရချေသည်တကား။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည်မလှုပ်ရှားရဲတော့။ ချက်ချင်းပင် ငြိမ်သက်နေလိုက်ရတော့သည်။

အတန်ကြာမှ ထိုနေရာမှ လက်ခုပ်သံနှစ်ချက်ပေါ်လာပြီး အဝေးမှလည်း တုံ့ပြန်သည့် လက်ခုပ်သံနှစ်ချက်ကို ကြားလိုက်ရပြန်သည်။ ထိုလက်ခုပ်သံများ ငြိမ်သက်သွားသောအခါတွင် ကင်းပုန်းဝပ်နေကြသော ဘုန်းကြီးခြောက်ပါး တို့သည် ရုတ်တရက် ထလာကြပြီး ဘုရားကျောင်းဝင်းအတွင်းသို့ဝင်သွားကြတော့၏။

ဟူကျင်းသည် စိတ်ချရပြီဟု ယုံကြည်ရသောအခါမှ သူ့အခန်းကလေးသို့ ပြန်လာခဲ့တော့သည်။ သူ၏စိတ်ထဲတွင်လည်း တွေးနေမိသည်။

'တကယ်လို့ ငါကိုယ်တိုင် မြင်ရတာမဟုတ်ဘူးဆိုရင် ဒီလို တစ်ခဏလေးအတွင်းမှာ သိုင်းသမားသုံးယောက် သေဆုံးသွားကြတာ ယုံတောင်ယုံမိမှာ မဟုတ်ဘူး၊ အခုဆိုရင် ငါကလွဲလို့ ဒီသုံးယောက် သေတယ်ဆိုတာ ဘယ်သူကမှ သိကြမှာ မဟုတ်ဘူး'

ရှောင်လင်ဘုရားကျောင်း၏ လုံခြုံရေးကား တကယ်ပင် စေ့စပ်သေချာလှပေ၏။

❖ ❖ ❖ ❖ ❖



# မိုးတစ်ချွန်းသံ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉၅)

## မိုးထစ်ချုန်းသံ

လေးလပိုင်းသို့ ရောက်ရှိလာခဲ့ချေပြီ။

လပြည့်နေ့သို့ရောက်ရန်ရက်သည် တဖြည်းဖြည်းနီးကပ်လာသည်နှင့်အမျှ ဟူကျင်းသည်လည်း တဖြည်းဖြည်း စိုးရိမ်ပူပန်စပြုလာတော့သည်။ ထို့ကြောင့် သူ့စိတ်ထဲတွင်ပြောနေမိသည်။

'ငါ ဒီမီးဖိုဆောင်ထဲမှာချည်း နေနေလို့တော့ ဘာမှမုစမ်းနိုင်မှာ မဟုတ်ဘူး၊ အရဲစွန့်ပြီး လျှောက်စုံစမ်းမှ အဖြေကိုသတင်းကို ရတော့မှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ညသန်းခေါင်ယံအချိန်သို့ ရောက်သောအခါ ဟူကျင်းသည် သူ့အခန်းထဲမှ တိတ်တဆိတ် ခုန်ထွက်လိုက်ပြီး မီးဖိုဆောင်၏ ခေါင်မိုးပေါ်သို့ ခုန်တက်ကာ ဝပ်နေလိုက်တော့သည်။

ကျောင်းပတ်လည်တွင် ဘုန်းကြီးများသည် နှစ်ပါးစီနှစ်ပါးစီ ကင်းလှည့်လျက်ရှိနေကြောင်းမြင်တွေ့လိုက်ရသည်။ ရှောင်လင်ဂိုဏ်းသည် ကြိုတင်တွက်ဆထားပြီး ဖြစ်ပေသည်။

မာစုရက်ပိုင်းအတွင်း၌ သူတို့၏ ဘုရားကျောင်းသို့ ထိပ်သီးသိုင်းသမားများလာရောက်ကြမည်ကို ကြိုတင် မျှော်လင့်ထားပြီးဖြစ်သဖြင့် ကင်းပုန်းများကို ခါတိုင်းထက် ပိုမိုချထားလိုက်ဟန်တူသည်။ ထို့ကြောင့်ဟူကျင်းအနေဖြင့် ကင်းများကို အဆက်မပြတ်မြင်တွေ့နေရခြင်းဖြစ်တော့သည်။

ယခုအတိုင်းသာ ဟူကျင်းအနေဖြင့် ရှေ့ဆက်တိုးသွားလျှင် တစ်ကင်းနှင့်မတွေ့ တစ်ကင်းနှင့်တွေ့မည်မှာ သေချာလှတော့သည်။ ကင်းသမားများနှင့်တွေ့ပြီဆိုလျှင် သူ၏အစီအစဉ်သည် လုံးဝ ပျက်တော့မည်ကို သိရှိလိုက်သဖြင့် ရှေ့ဆက်မတိုးတော့ဘဲ နောက်သို့ ပြန်ဆုတ်လိုက်ရတော့သည်။

ဟူကျင်းသည် မည်သည့်စုံစမ်းမှုကိုမျှ မလုပ်နိုင်ဘဲ အချိန်အခါကိုသာ ရင်တမမနှင့်စောင့်ဆိုင်းနေရသည်။ သို့နှင့် နောက်သုံးရက်မြောက်သော ညတစ်ညတွင် မည်းမှောင်နေသော မိုးသားတိမ်လိပ်များ တစ်ခဲနက်တက်လာတော့သည်။ မိုးချုန်းသံများလည်းသစ်ချုန်းလာကာ တပြိုးပြိုးတပြက်ပြက် လျှပ်ရောင်များလည်း လင်းသက်လာ၏။



ညသန်းခေါင်ယံအချိန်သို့ရောက်သောအခါ မည်းမှောင်နေသောမိုးကြီးသည် တဝေါဝေါဖြင့်သွန်ချသကဲ့သို့ ရွာသွန်းလာတော့သည်။

ဟူကျင်း၏စိတ်များသည် အေးမြသော မိုးစက်မိုးပေါက်များနှင့်အတူ လန်းဆန်းတက်ကြွသွား၏။ သူ၏စိတ်ထဲတွင် ရေရွတ်လိုက်မိသည်။

'ဒါ...ငါ့ကို ဘုရားမတာပဲ၊ ဒီညမှာတော့ ငါ့အလုပ်လုပ်လို့ ပြီး၊ ဒီညမှာ အဖေကြီးရဲ့နေရာကို စုံစမ်းမရရင်တော့၊ နောက်ညတွေမှာ ဘယ်လိုမှစုံစမ်းလို့ ရတော့မှာ မဟုတ်တော့ပါဘူး'

ဟူကျင်းသည် မိုးမှောင်မှောင်တွင် ခုန်ထွက်လိုက်သည်။ အမဦးဆုံးသွားသင့်သည့်နေရာကို စိတ်ကူးထဲတွင် အစီအစဉ်ချကြည့်လိုက်သည်။

'ငါ့အနေနဲ့ ချုန်ခွန်းရဲ့အခန်းကို အရင်ဆုံးသွားကြည့်မယ်၊ ဒီကောင်ကြီးရဲ့ခြေရာနောက်ကို လိုက်နိုင်ရင် ငါ့အဖေကို မုချ တွေ့ရမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် ငယ်စဉ်ကာလက ချန်ခွန်း၏အခန်းကို သွားဖူးနေသဖြင့် ကောင်းစွာမှတ်မိသိရှိနေသည်။ ထို့ကြောင့် မိုးထဲ ရေထဲ အမှောင်ထဲတွင် ချန်ခွန်း၏အခန်းသို့ တဖြည်းဖြည်း ချဉ်းကပ်လာနေတော့သည်။

တစ်ခါတစ်ရံ လင်းခနဲလက်ခနဲဖြစ်သွားသော လျှပ်စီးလက်သည့်အလင်းရောင်ကြောင့် နေရာတွင်ပင်တုန့်ခနဲရပ်လိုက်ရသည်။

ဤသို့ဖြင့် ချန်ခွန်း၏အခန်းနားသို့ ရောက်လာတော့သည်။ အခန်းဘေးကပ်လိုက်သည်နှင့်ပင် အခန်းတွင်းမှ စကားပြောသံများကိုကြားလိုက်ရသည်။ ထို့ကြောင့် အထူးဂရုစိုက်၍နားထောင်လိုက်ရသည်။ သူကြားလိုက်ရသောအသံသည် ရှောင်လင်ဂိုဏ်း၏ ဂိုဏ်းချုပ်ဆရာတော်ကြီး ခုန်းဝန်၏ အသံပင်တည်း။ ခုံးဝန်ဆရာတော်ကြီးက....

'ရှက်စွန်းကိစ္စအတွက်နဲ့ ဒီတစ်လအတွင်းမှာ ငါတို့ ရှောင်လင်ဂိုဏ်းက လူပေါင်းနှစ်ဆယ့်သုံးယောက်ကို သတ်မိခဲ့ပြီ၊ ဒီလိုဆက်သွားလို့တော့ မဖြစ်တော့ဘူး၊ ငါတို့က တရားကျင့်နေတဲ့လူတွေပဲ၊ တရားကျင့်နေတဲ့ လူတွေက လူတွေ ရှောက်သတ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ နောက်ပြီး....အလင်းမာန်ဂိုဏ်းက လက်ဝဲရံ ရန်ရောင်၊ လက်ယာရံ ရှုတို၊ သိမ်းငှက်မင်း ချင်ထင်းကျက်၊ လင်းဆွဲမင်း ဆေရိတို့ကလဲ လူလွှတ်ပြီး၊ ရှက်စွန်းကိုလွှတ်ပေးဖို့ပြောနေကြပြီ'



ခုံးဝန်ဆရာတော်ကြီး၏စကားကို ကြားလိုက်ရသောအခါ ဟူကျင်းသည်အလွန်အားတက်သွားသည်။ သူ့စိတ်ထဲဝယ်....

'အင်း....ရန်ရောင်တို့ကတော့ တကယ့်ကို အားကိုးရတဲ့လူတွေပါပဲ၊ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်မှန်သမျှတော့ ဘယ်တော့မှ နောက်ကျခံမနေကြဘူး'

ထိုစဉ်....ခုံးဝန်ဆရာတော်ကြီးက ဆက်၍ပြောပြန်သည်။

'အခု ငါတို့က ငြင်းနေပေမယ့်၊ သူတို့ အလင်းမာန်ဂိုဏ်းက ဒီအတိုင်း လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး၊ နောက်ပြီး သူတို့ရဲ့ ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်းရှိသေးတယ်၊ ကျန်းဟူကျင်းရဲ့ သိုင်းပညာဟာ တကယ့် ပြိုင်စံရှားသိုင်းပညာပဲ၊ သူက ခုထက်ထိ အန့်လန့်ကာရှေ့ကို ထွက်မလာသေးဘူး၊ သူက နောက်ကွယ်မှာ အစီအစဉ်တစ်ခုကို ကြိတ်စီမံနေတာ ဖြစ်ရမယ်၊ ငါနဲ့ ခုံးကျိတို့အပေါ်မှာ သူ့ကျေးဇူးတွေရှိနေတယ်၊ သူက ငါတို့နှစ်ယောက်ကို မွန်ဂိုတွေရဲ့ လက်ထဲက ကယ်ဘူးတယ်၊ တကယ်လို့ သူကိုယ်တိုင်လာပြီး ရှက်စွန်းကိုလွှတ်ပေးဖို့ ပြောရင် ငါက ဘယ်လိုငြင်းနိုင်တော့မှာလဲ၊ ဒါနဲ့... ဆရာ ဦးလေးသုံးပါးက ရှက်စွန်းကိုသေသေချာချာမေးခဲ့တယ်၊ ခုံးကျက်ကို ဘယ်လိုသတ်ခဲ့သလဲ ဆိုတာကိုပေါ့၊ ဒါပေမယ့်... ရှက်စွန်းက တစ်ခွန်းမှမပြောဘူး၊ ဒီကိစ္စ အတော့်ကို ဖြေရှင်းရခက်နေပြီ၊ မင်းတို့မှာကော ဘယ်လိုစိတ်ကူးတွေ ရှိထားကြသလဲ'

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ချောင်းဟန့်သံတစ်ချက် ကြားလိုက်ရသည်။ ထို အသံရှင်သည် ရွှင်ကျင်းဟု နာမည်ပြောင်းထားသော ချန်ခွန်း၏ အသံပင်ဖြစ်တော့သည်။ ရွှင်ကျင်းက....

'ဂိုဏ်းချုပ်ကြီးက သိပ်စိတ်ပူနေတာကို၊ ရှက်စွန်းကို အစ ဆရာ ဆရာ ဦးလေးသုံးပါးက စောင့်ရှောက်နေတဲ့ နောက်တော့ ဘာကို ကြောက်နေရအုံးမှာလဲ၊ အခုကိစ္စက ဆရာတော်ကြီးရဲ့ ရှောင်လင်တစ်ဂိုဏ်းလုံးနဲ့ ပတ်သက်တဲ့ကိစ္စ ဖြစ်နေတော့ ကိုယ်ရေး ကိုယ်တာ ကျေးဇူးတွေ ရန်ငြိုးတွေကို ထည့်တွက်လို့ ဘယ်ဖြစ်မှာ လဲ၊ နောက်ပြီးအရေးကြီးဆုံး လျှို့ဝှက်ချက်ကြီးတစ်ခု ရှိပါသေး တယ်၊ ဘာလဲဆိုတော့ အလင်းမာန်ဂိုဏ်းဟာ နောက်ကွယ်မှာ မွန်ဂို တွေနဲ့ ပေါင်းထားပါတယ်၊ သူတို့က ဂိုဏ်းကြီးခြောက်ဂိုဏ်းကို ဖြိုခွင်းဖို့ ကြံစည်နေကြတာ၊ အဲဒါကို ဆရာတော်ကြီးတို့ မသိကြ ဘူးလား'

ခုံးဝန်ဆရာတော်ကြီးသည် အလွန်တရာ အံ့ဩသွားသည်။

'အလင်းမာန်ဂိုဏ်းက ဘယ့်နှယ် မွန်ဂိုတွေနဲ့ ပူးပေါင်းသွား ရတာလဲ'

ရွှင်ကျင်းဘုန်းကြီးခေါ် ချန်ခွန်းက...

'အလင်းမာန်ဂိုဏ်းကြီးရဲ့ဂိုဏ်းချုပ် ကျန်းဟူကျင်းနဲ့ ဝါမေ ဂိုဏ်းရဲ့ဂိုဏ်းချုပ် ချူကျူးတို့ လက်ထပ်မယ့်ဆဲဆဲ အချိန်မှာ မွန်ဂို စစ်သေနာပတိချုပ် ဟာမာပူရီရဲ့သမီး၊ မင်းသမီးကျောက်မိန် ရောက်



လာပြီး ကျန်းဟူကျင်းကိုခေါ်သွားတယ်၊ မင်္ဂလာပွဲလဲ တစ်ခါတည်း ပျက်သွားတာပဲ၊ ဒီကိစ္စက သိုင်းလောကတစ်ခုလုံး၊ တရုတ်ပြည် တစ်ပြည်လုံး ဟိုးဟိုးကျော်နေတဲ့ကိစ္စပဲ၊ ဆရာတော်ကြီးတို့ ကြား ကြမှာပေါ့'

ခုံးဝန်ဆရာတော်ကြီးက ဝန်ခံလိုက်သည်။

'အေး....ဒီကိစ္စတော့ ကြားမိလိုက်တယ်'

ချန်ခွန်းက ဆက်ပြောပြန်သည်။

'ဒီ ကျောက်မိန်ရဲ့လက်အောက်မှာ အလင်းမာန်ဂိုဏ်းရဲ့ ဆက်ယာရံ ခုတိုဟာ အမှုထမ်းခဲ့ဖူးတယ်'

ခုံးဝန်ဆရာတော်ကြီးက....

'ဟုတ်သလား၊ ဒါတော့ ငါတို့မသိဘူး'

ခုံးကျိဆရာတော်က....

'ဒီလိုဆိုရင် ကျန်းဟူကျင်းက ဒီမွန်ဂိုမင်းသမီးနဲ့ အချိတ် အဆက်လုပ်ပြီး ဂိုဏ်းကြီးခြောက်ဂိုဏ်းကို ကျောက်မိန်ကဖမ်းပြီးမှ ကျန်းဟူကျင်းက သူ့ဂုဏ်တက်အောင်၊ အများက သူ့ကိုကျေးဇူးတင် သွားအောင် ပြန်ကယ်ပြလိုက်တာပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်၊ ဆရာတော်ကြီးတွေးတဲ့အတိုင်းပါပဲ'

သို့သော်....ခုံးဝန်ဆရာတော်ကြီးတမူ....

www.burmeseclassic.com

www.burmeseclassic.com



'ငါထင်တာကတော့ ကျန်းဟူကျင်းဟာ အင်မတန် ဖြောင့်မတ်တဲ့လူပဲ၊ ဒီလိုကောက်ကျစ်တဲ့လူမျိုး ဖြစ်လိမ့်မယ်လို့တော့ ငါ မယုံဘူး၊ ဘာပဲဖြစ်ဖြစ် ငါတို့ဟာ လူကောင်းသူကောင်းတွေကို အထင်မလွဲမိဖို့ သတိပြုရမယ်၊ ဒါဟာ အရေးအကြီးဆုံးပဲ'

ချန်ခွန်းက...

'ဂိုဏ်းချုပ်ကြီးပြောတာမှန်ပါတယ်၊ ဒါပေမယ့် လူ့စိတ်ဆိုတာ အင်မတန်ခန့်မှန်းရ ခက်ပါတယ်၊ ကျန်းဟူကျင်းရဲ့စိတ်ဟာ အမြဲတမ်း ဖြောင့်မတ်မှန်ကန်နေလိမ့်မယ်လို့ တစ်ထစ်ချမှတ်ထားလို့ မရပါဘူး၊ အခုကိစ္စမှာဆိုရင် သိပ်မလွယ်လှပါဘူး၊ ရှက်စွန်းဟာ ကျန်းဟူကျင်းရဲ့မွေးစားအဖေဆိုတော့ မှုကောင်းဆိုးဝါးဂိုဏ်းက လူတွေဟာ သူ့ကို မရရအောင် ကယ်ထုတ်ကြတော့မှာ သေချာပါတယ်။ ဒီတော့ ခြင်္သေ့သတ်ပွဲနေ့မှာ တပည့်တော်တို့ဘက်က ကောင်းကောင်းကြိုတင် ပြင်ဆင်ထားမှ တော်ရုံကျပါလိမ့်မယ်'

နောက်ဆုံးတွင် ထိုငါးလပြည့်နေ့တွင် မည်သို့မည်ပုံ ညှိ[illegible] ကြိုဆိုရမည်၊ မည်သို့မည်ပုံ ရန်သူများကို ခုခံတားဆီးရမည် စသည်တို့ကို ဆွေးနွေးကြပြီး အစီအစဉ်များ ချမှတ်လိုက်ကြသည်။

ဟူကျင်းသည် သူတို့သုံးယောက်၏စကားများကိုကြား[illegible] တဖြည်းဖြည်းသဘောပေါက် သိမြင်လာတော့သည်။ အမှန်စင်[illegible] ချန်ခွန်းသည် ဆရာတော်ကြီးနှစ်ပါးအား သွေးဆောင်၍ ဂိုဏ်[illegible]



အသီးသီးနှင့် တိုက်ခိုက်စေရန် ကြိုးပမ်းနေခြင်းသာဖြစ်သည်။ နောက်ဆုံး ဂိုဏ်းအသီးသီး အထိနာသွားကြလျှင် သူတို့၏ရှောင်လင်ဂိုဏ်းမှ ဂိုဏ်းအားလုံးကို ထိန်းချုပ်လိုက်မည်။

အဲ့ခြေအနေအားလုံးကို ရှောင်လင်ဂိုဏ်းက အုပ်စိုးနိုင်သည့်အခါတွင် ရှက်စွန်းကိုသတ်ပစ်လိုက်ပြီး နဂါးနိုင်ဓါးကို ရှောင်လင်၏ ပစ္စည်းအဖြစ် သိမ်းပိုက်ရယူလိုက်မည်။

ဤကား ချန်ခွန်းစီစဉ်ထားသော အစီအစဉ်များပေတည်း။

ခုံးဝန်ဆရာတော်ကြီးကမူ အလင်းမာန်ဂိုဏ်းကို လုံးဝ အထင်မသေးရဲ။

ထို့ကြောင့် တွန့်ဆုတ်နေဟန်ရှိသည်။ ခုံးဝန်ဆရာတော်ကြီးသည် ကျန်းဟူကျင်းကို လုံးဝလျှော့တွက်ခြင်းမရှိသဖြင့် ဤသို့ တွန့်ဆုတ်နေရခြင်းလည်း ဖြစ်သည်။

ခုံးကျိဆရာတော်ကြီးက အရေးအကြီးဆုံးနှင့် အမိက အကျဆုံးသော အချက်ကိုထောက်ပြသည်။

'အစီအစဉ်တွေလုပ်တာကတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် အရေးအကြီးဆုံးအချက်က လပြည့်နေ့မရောက်ခင်မှာ နဂါးနိုင်ဓား ဘယ်မှာရှိတယ်ဆိုတာ ရှက်စွန်းဆီကပြောထွက်လာအောင်လုပ်ဖို့ပဲ၊ နိုင်မှ ရင် ဒီပွဲက ငါတို့ရှောင်လင်ဂိုဏ်း အတွက် ဘာမှအသုံးကျတော့မှာ မဟုတ်ဘူး၊ နောက်ပြီး ငါတို့ရဲ့သိက္ခာလဲကျဦးမယ်'

ဆရာတော်ကြီး ခုံးဝန်ကလည်းထောက်ခံသည်။

www.burmeseclassic.com



'ဟုတ်တယ် လုပ်တယ်ဆိုရင်လဲ ရေဆုံးရေဖျားလုပ်မှပဲ၊ သဲသဲမဲမဲလုပ်နိုင်မှ သိုင်းလောကတစ်ခုလုံးကို တို့က ထိမ်းချုပ်ဦးဆောင်နိုင်မှာ'

ခိုးကျိုသည် ချန်ခွန်းအား အမိန့်ပေးလိုက်သည်။

'ကဲ…ရွှင့်ကျင်း၊ မင်းအခု ရှက်စွန်းဆီသွားပြီး ဆွေးနွေးလိုက်ဦး၊ ဒီနဂါးနိုင်ဓားကိုသာ ထုတ်ပေးခဲ့ရင် သူ့အသက်ကို မသတ်ဘူးလို့ ပြောလိုက်'

ချန်ခွန်းက…

'မှန်ပါ့ဆရာတော်ကြီး၊ ဆရာတော်ကြီးရဲ့အမိန့်အတိုင်း တပည့်တော်သွားပြီးဆောင်ရွက်လိုက်ပါ့မယ်'

ချန်ခွန်းသည် စကားဆုံးသောအခါ အခန်းတွင်းမှ လျှောက်ထွက်သွား၏။ ထိုစကားများကို ကြားလိုက်ရသောအခါ ဟူကျင်းသည် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်မိတော့သည်။ သူ့အဖေကြီး ရှက်စွန်းကို တွေ့ရတော့မည်တည်း။

သို့သော် ဟူကျင်းသည် စိတ်လွတ်ကိုယ်လွတ် မလှုပ်ရှားရဲချေ။ အဘယ့်ကြောင့်ဆိုသော် ဤဘုန်းကြီးများသည် သိုင်းပညာ၌ အလွန်မြင့်မားကြောင်းသိသောကြောင့် ဖြစ်သည်။ နှုးညံ့သိမ်မွေ့စွာ ထွက်ပေါ်လာသော တိုးညင်းသည့်အသံကိုပင် သူတို့ကြားနိုင်စွမ်းရှိသည်။





ထို့ကြောင့် ဟူကျင်းသည် နဂိုမူလရပ်နေသည့်အတိုင်း ငြိမ်သက်စွာရပ်နေလိုက်သည်။ ချန်ခွန်းထွက်သွားသည့် ဘက်သို့မှ လှမ်းကြည့်ထားလိုက်သည်။

ချန်ခွန်း အတော်လှမ်းသည့်နေရာသို့ ရောက်သွားသည့် အချိန်ကျမှ ဟူကျင်းသည် စတင်လှုပ်ရှားပြီး မလှမ်းမကမ်းမှ ဖြည်းညင်းစွာလိုက်ပါသွားသည်။ ဟူကျင်းက အထူး သတိထားသောကြောင့်လည်းကောင်း၊ မိုးသံလေသံများ၏ အကာအကွယ်ကို ရသောကြောင့်လည်းကောင်း၊ ဟူကျင်း နောက်မှလိုက်ပါလာသည်ကို ချန်ခွန်း လုံးဝမရိပ်မိချေ။

ဤသို့ဖြင့် ရှောင်လင်ဘုရားကျောင်း၏ အပြင်သို့ ရောက်ရှိလာတော့သည်။

ချန်ခွန်းသည် ဘုရားကျောင်း၏ အနောက်ဘက်တွင် တည်ရှိသော တောင်ကုန်းပေါ်သို့တက်သွားသည်။ ဟူကျင်းကလည်း ထိုတောင်ကုန်းပေါ်သို့ တက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် ချုံဖုတ်တစ်ခုအတွင်းမှ အလင်းရောင်တစ်ခုလက်သွား ကြောင်း ရုတ်တရက် တွေ့လိုက်ရသည်ဖြစ်၍ ကိုယ်ရှိန်သတ်လိုက်ရတော့၏။ ထိုအလင်းရောင်က ချုံဖုတ်အတွင်း၌ လူတစ်ယောက် ပုန်းခိုနေကြောင်း သက်ပြလိုက်ခြင်းပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် ထိုချုံဖုတ်အတွင်းမှ လှုပ်ရှားမှု တစ်စုံတစ်ရ မတွေ့ရမခြင်း လုံးဝမလှုပ်ရှားဘဲ စိတ်ရှည်စွာ သည်းခံစောင့်ဆိုင်း နေလိုက်သည်။ အတန်ကြာသောအခါမှ ထိုချုံဖုတ်အတွင်းမှ လူ တစ်ယောက် ခုန်ထွက်လာပြီး ချန်ခွန်း နောက်သို့ တရိပ်ရိပ် လိုက်ပါ သွားကြောင်းတွေ့ရတော့၏။

ဟူကျင်းသည် တောင်ကုန်းထိပ်သို့ မျှော်ကြည့်လိုက်သည်။ တောင်ကုန်းထိပ်တွင် သစ်ပင်ကြီးအချို့သာ ရှိနေပြီး အိမ်ခြေဆိုဖွ လုံးဝ မရှိကြောင်းတွေ့ရှိရပေသည်။

ဟူကျင်းအလွန် စဉ်းစားရခက်သွားမိသည်။ အိမ်တစ်လုံ တစ်လေမျှမရှိဘဲနှင့် ရက်စွန်းကို မည်သည့်နေရာ၌ သိဝှက်ထာ ကြပါသနည်း။ သို့သော် ဟူကျင်းသည် သိပ်စဉ်းစားရန် အချိန်မ ပေ။ အဘယ်ကြောင့်ဆိုသော် သူ၏ရှေ့တွင် ချန်ခွန်းနှင့် အမျိုးအမ မသိ လူတစ်ယောက်သည် တောင်ကုန်းထိပ်သို့တက်ရောက် နေကြ မဟုတ်ပါလော။

ထို့ကြောင့် သူက ကိုယ်ဖော့ပညာကို အသုံးပြု၍ နောက် ပြေးလိုက်ရတော့သည်။ များမကြာမီပင် ရှေ့တွင် လူလေးယောက် ထင်ထင်ရှားရှား တွေ့မြင်ရတော့သည်။ ထိုလေးယောက်အနမ တစ်ယောက်သည် မိန်းကလေးဖြစ်နေကြောင်း တွေ့ရှိရသည်။

ဟူကျင်း တစ်ချက်စဉ်းစားလိုက်မိသည်။



'ဒီလူလေးယောက်ဟာ ငါ့အဖေကြီးကို လာတိုက်ခိုက်တာ ဖြစ်လိမ့်မယ်၊ သူတို့ဟာ ချန်ခွန်းလာမယ့်လမ်းက ကြိုပြီးစောင့်နေပုံ ရတယ်၊ ဒီကောင်တွေ ချန်ခွန်းနဲ့ အရင်တိုက်ကြပစေဦး၊ သူတို့ တိုက်ပွဲကို လက်ပိုက်ပြီး စောင့်ကြည့်နေလိုက်ဦးမယ်၊ ဒါမှ ယာလဲ ညက်စေကြက်လဲမောစေ ဆိုတာမျိုးဖြစ်ပြီး ငါတိုက်ရင် အလွယ် တကူတိုက်နိုင်မှာ'

တောင်ထိပ်နားသို့ နီးနီးကပ်ကပ် ရောက်ရှိလာသောအချိန် တွင် ထိုလူများကို ဟူကျင်း ထင်ထင်ရှားရှားတွေ့မြင်ရပြီဖြစ်သည်။

'ဟာ...ခွန်းလွန်ဂိုဏ်းချုပ်ကြီး ဟိုတိုက်ချုံးနဲ့ သူ့မိန်းမ နှီးစုပါလား၊ သူတို့သတင်းရတာလဲ မြန်လှချည်လား၊ ငါ့ထက် ဆောင် ဦးနေပုံရတယ်'

ထိုစဉ် ချန်ခွန်းသည် လေတစ်ချက် ချွန်လိုက်ပြီး ရုတ် တရက်နောက်သို့လှည့်လိုက်ပြီး ပြေးဆင်းလာတော့သည်။

အကယ်စင်စစ် သူ့နောက်မှ သူ့ရန်သူများလိုက်လာကြောင်း ချန်ခွန်းသိသဖြင့် ဟန်မပျက်တက်သွားပြီးမှ ရုတ်တရက် နောက ကြောင်း ပြန်လှည့်လိုက်ခြင်းဖြစ်သည်။

ဟူကျင်း၏ တုန့်ပြန်ချက်ကလည်း အလွန်လျင်မြန်လှ သည်။ ချန်ခွန်းနောက်သို့လှည့်လိုက်သည်နှင့် ဟူကျင်းသည် ချုံဖုတ် တစ်ခုအတွင်း ဝမ်းလျားထိုးရောက်ရှိသွားလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် မတ်တတ်ရပ်လျက် ထင်ထင်ရှားရှား လူလုံးပြမသွားတော့။ မိကျောင်းများသွားသကဲ့သို့ တွားသွား တက်လျက်ရှိနေပေပြီ။

ထိုအချိန်တွင် ချန်ခွန်းသည် လူလေးယောက်နှင့် တိုက်နိုက်လျက်ရှိနေသည်။ ဟူကျင်းသည် သူ၏အမြင်အာရုံထက် အကြားအာရုံကို ပိုမိုဂရုစိုက် အားထုတ်နားစိုက်မိသည်။ အဘယ်ကြောင့်ဆိုသော် သိသိသာသာ ခေါင်းထောင် ရှုးစမ်းကြည့်မိပါက ချန်ခွန်းတွေ့သွားမည် စိုးသောကြောင့်တည်း။ လက်နက်များ ထိနိုက်ထိုးခုတ်သံအရ လူနှစ်ယောက်ကသာ ချန်ခွန်းကို တိုက်နိုက်နေကြောင်း သိလိုက်မိသည်။

ဟူကျင်းသည် အချက်တစ်ချက်စဉ်းစားလိုက်မိသည်။

'အင်း....နှစ်ယောက်ကတော့ တိုက်နေကြပြီ၊ ကျန်တဲ့နှစ်ယောက်ကတော့ တောင်ထိပ်ပေါ်တက်သွားပြီး ငါ့အမေကြီးကိုသွားရှာပြီနဲ့တူတယ်'

ထို့ကြောင့် သူသည် သိပ်အချိန်မဆွဲရဲတော့ဘဲ တောင်ထိပ်သို့ရောက်ရှိရန် ဝပ်သွားလျက်ဖြင့်ပင် ရှေ့သို့ အတတ်နိုင်ဆုံး တိုးတက်နေရတော့သည်။ ဤသို့ဖြင့် ဟူကျင်းသည် တောင်ထိပ်သို့ရောက်ရှိလာတော့သည်။



အောက်ခြေမှကြည့်သောအခါ တောင်ထိပ်တွင် သစ်ပင်တော်တော်များများရှိသည်ဟု မှတ်ထင်ရသော်လည်း အကယ်စင်စစ်တွင်မူ သစ်ပင်သုံးပင်သာ ပေါက်လျက်ရှိသော တောင်ကတုံးကြီးဖြစ်ကြောင်း တွေ့လိုက်ရသည်။

ထိုသစ်ပင်ကြီး သုံးပင်သည် တြိဂံပုံ သုံးမှုင့်ဆိုင် ပေါက်လျက် ရှိနေ၏။ ဟူကျင်း အလွန်အံ့ဩသွားသည်။

'ငါ့အမေကြီးကို ဒီမှာ ဖမ်းထားတယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား၊ ဘယ်နည်းဘယ်ပုံနဲ့ ဖမ်းထားနိုင်မှာလဲ'

ဟူကျင်းသည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သောအခါ ဟိုတိုက်ချုပ်တို့လင်မယားသည်လည်း ခပ်လှမ်းလှမ်း၌ ဝပ်နေသည်ကိုတွေ့ရသည်။

ထိုစဉ် ပန်းစုသည် ဟိုတိုက်ချုပ်အား လေသံတိုးတိုးကလေးဖြင့် ပြောလိုက်သည်။

'ငါတို့မြန်မြန်လုပ်မှဖြစ်မယ်၊ ဟိုနှစ်ယောက်က လမ်းခုလတ်က ဘုန်းကြီးကို အကြာကြီး ထိန်းထားနိုင်မယ် မထင်ဘူး၊ ငါတို့ ကြာနေရင် ဘုန်းကြီးနဲ့ငါတို့ တစ်ခါပြန်တိုက်ချင် တိုက်နေရဦးမယ်'

ဟိုတိုက်ချုပ်ကလည်း သူ့မိန်းမ၏အယူအဆကို လက်ခံသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ တို့ မြန်မြန်လုပ်မှ ဖြစ်မယ်'

ဟိုတိုက်ချုး၏စကားဆုံးသည်နှင့် နှစ်ဦးစလုံးတစ်ပြိုင်နက် ခုန်ထွက်ကာ သစ်ပင်ကြီးနားသို့ရောက်ရှိသွားတော့သည်။

ဟူကျင်းသည်လည်း လုံးဝ နှောင့်နှေးမနေရဲချေ။ အကယ်၍ သူ့အဖေကြီးသာ တကယ်ရှိနေလျှင် ဒီလင်မယား နှစ်ယောက်၏ လက်ချက်ဖြင့် အသတ်ခံရမည်စိုးသဖြင့် ရှေ့သို့သာ အဆက်မပြတ် တက်နေရတော့သည်။

ထိုစဉ် ဟိုတိုက်ချုး၏အော်သံတစ်ချက်ကို ရုတ်တရက် ကြားလိုက်ရသည်။ ဟိုတိုက်ချုး၏အော်သံသည် သားရဲတိရစ္ဆာန် တစ်ကောင် အကြီးအကျယ်ဒဏ်ရာရရှိသွားသည့်အခါ နာနာကျည်း ကျည်း အော်ဟစ်သံနှင့် ဆင်တူသဖြင့် တစ်စုံတစ်ခုကြောင့် ဒဏ်ရာ ရသွားပြီဖြစ်ကြောင်း ဟူကျင်းခန့်မှန်းလိုက်သည်။

ဟူကျင်းသည် ဦးခေါင်းကို မော့ကြည့်လိုက်သောအခါ ဟိုတိုက်ချုးတို့လင်မယားနှစ်ယောက်သည် သစ်ပင်ကြီး သုံးပင် အကြား၌ ရောက်ရှိလျက်ရှိနေကြပြီး သူတို့၏ဓားနှစ်လက်ဖြင့် အပြင်းအထန်ဝှေ့ယမ်းတိုက်ခိုက်နေကြသည်ကို တွေ့လိုက်ရသည်။ သူတို့နှစ်ယောက်၏တိုက်ခိုက်ပုံမှာ နှစ်ယောက်နှင့်အများ တိုက်ခိုက် နေသည့် ပုံစံမျိုးဖြစ်နေ၏။



သို့သော်... သူတို့နှစ်ယောက်မှအပ အခြားလူတစ်ဦး တစ်ယောက်ကိုမျှ မမြင်မတွေ့ရချေ။ တစ်ချက်တစ်ချက်တော့ 'ဘတ်' ခနဲ 'ဘတ်'ခနဲ ရိုက်သံအချို့ကို ကြားရသည်။

ဓားကို မည်သည့်လက်နက်ဖြင့် ရိုက်ခတ်နေသည်ကို မသိ ရချေ။ ထို ထူးဆန်းသောအသံမှတစ်ပါး အခြား တိုက်ခိုက်နေသူ တစ်စုံတစ်ယောက်မျှမရှိ။

ဟူကျင်းသည် အလွန်အံ့ဩလှသဖြင့် ရှေ့သို့တဖြည်းဖြည်း ထပ်တိုးရပြန်တော့သည်။ သို့မှသာ အခြေအနေ အပြည့်အစုံကို အေးငှမိနိုင်ပေလိမ့်မည်။

'ဟာ...'

ဟူကျင်းသည် အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွား သဖြင့် ဟာခနဲ ယောင်ယမ်း အော်လိုက်မိသည်။

ဟူကျင်း ယောင်ယမ်းအော်မည်ဆိုလျှင်လည်း အော်စရာ ပင်။ ထိုသစ်ပင်ကြီး သုံးပင်စလုံး၏ ပင်စည်ကြီးများတွင် အတွင်း ဘက်သို့ချိုင့်ဝင်နေသော အခေါင်းပေါက်ကြီးများရှိနေပြီး၊ ထို အပေါက်ကြီးများတွင် ဘုန်းကြီးတစ်ပါးကျစီ ထိုင်လျက်ရှိနေကြခြင်း ပင်တည်း။ ထို ဘုန်းကြီးသုံးပါးတို့၏လက်ထဲတွင် အမည်းရောင် ကြိုးရှည် တစ်ချောင်းစီကို ကိုင်ထားလျက်ရှိကြပြီး၊ ထိုကြိုး ရှည်ကြီးများဖြင့် ဟိုတိုက်ချုးတို့လင်မယားနှစ်ယောက်အား တိုက် ခိုက်နေကြခြင်း ဖြစ်သည်။

www.burmeseclassic.com



သစ်ပင်သုံးပင်အနက် အစွန်ဆုံးအပင်သည် ဟူကျင်းအား ကျောပေးထားသကဲ့သို့ ဖြစ်နေသဖြင့် သစ်ခေါင်းထဲတွင် ထိုင်နေသော ဘုန်းကြီးကို မတွေ့ရချေ။ သို့သော် ထိုသစ်ပင်မှ ထွက်လာသောကြိုးရှည်ကြီးကိုမူတွေ့နေရသည်။

အမှောင်ထဲတွင်ဖြစ်သဖြင့် ထိုကြိုးသုံးချောင်းကို ရုတ်တရက် တွေ့မြင်ရန် ခဲယဉ်းလှပေသည်။ ထို့ကြောင့် ဟိုတိုက်ချူးတို့ လင်မယားသည် မည်သူ့ကိုတိုက်ခိုက်ရမည်မှန်း မသိနိုင်တော့ပဲ၊ မိမိကိုယ်လုံခြုံရေးအတွက်သာ မိမိတို့၏ ဓားကို အပြင်းအထန် ဝှေ့ယမ်းပြီး တစ်ကိုယ်လုံး ကာကွယ်နေရတော့သည်။

မိုဆိုးသည့်အချက်မှာ ထိုကြိုးသုံးချောင်း၏တိုက်ခိုက်မှုသည် တသမတ်တည်းမရှိပဲ၊ နေးလိုက်မြန်လိုက်ဖြင့် လေတိုးသံလုံးဝ မထွက်ခြင်းပင်တည်း။

ဟိုတိုက်ချူးတို့လင်မယားသည် အခြေအနေဆိုးနေပုံကို သိရှိလိုက်ကြသဖြင့် အချင်းချင်းအချက်ပြကာ တြိဂံ သစ်ပင်သုံးပင်အကြားမှ ထိုးဖောက်ခုန်ထွက်ရန် ကြိုးစားလိုက်ကြသည်။ သို့သော် သူတို့ထိုးဖောက်ရန်ကြိုးစားတိုင်း ကြိုးချောင်းများက ဟန့်တားထားပြီး အတွင်းသို့ပြန်ရိုက်သွင်းနေသဖြင့် အပြင်သို့ခုန်မထွက်နိုင်တော့ဘဲ အတွင်းသို့သာ ပြန်ပြန်ဝင်နေရတော့သည်။

ဟူကျင်းသည်ပင် အလွန်တုန်လှုပ်နေမိသည်။



'ဒီဘုန်းတော်ကြီးသုံးပါးက သူ့ဖဲ့ကြိုးတွေကို လွှဲရိုက်လိုက်တဲ့အခါတိုင်း လေသံမထွက်အောင် ထိန်းထားနိုင်တယ် ဆိုတာက သူတို့အတွင်းအား အထွတ်အထိပ်ကိုရောက်နေတယ်ဆိုတာ ပြနေတာပဲ၊ အဖေကြီးကို ဒီလို ဘုန်းကြီးသုံးပါးက စောင့်ကြပ်နေတယ်ဆိုတော့ ငါကယ်ဖို့ သိပ်မလွယ်တော့ဘူး၊ ချန်ခွန်း စောစောကပြောတဲ့ စကားထဲမှာပါတယ်၊ အဖေကြီး ကို ဆရာ့ဆရာ ဦးလေးသုံးပါးက စောင့်ရှောက်ထားတယ်တဲ့၊ လက်စသတ်တော့ ဒီဘုန်းကြီးသုံးပါးကို ပြောတာကိုး၊ ဒီဘုန်းကြီးသုံးပါးဟာ ချန်ခွန်းရဲ့ဆရာ ခုံကျက်ဆရာတော်ကြီးရဲ့ ဆရာဦးလေးတွေဆိုတော့ ဒီဘုန်းကြီးတွေရဲ့သက်တော်ဟာ အနည်းဆုံး သက်တော် တစ်ရာလောက်ရှိနေပြီ၊ ငါ တစ်ယောက်တည်းနဲ့ ဒီဘုန်းကြီးသုံးပါးကို နိုင်ဖို့ဆိုတာကတော့ အကယ်ကို မလွယ်တဲ့ ကိစ္စပဲ'

ဟူကျင်း ဤသို့စဉ်းစားနေစဉ်မှာပင် ဟိုတိုက်ချူး၏ ရှူးရှူးဝါးဝါး အော်သံတစ်ချက် ကြားလိုက်ရသည်။ ဟိုတိုက်ချူး၏ နောက်ကျောသို့ ကြိုးတစ်ချောင်းက ဖြတ်ရိုက်လိုက်ခြင်းပင် ဖြစ်သည်။ သူသည်အဝေးသို့ လွင့်စင်ထွက်သွားတော့သည်။ သူလွင့်စင်ထွက်သွားပုံအရ ဟိုတိုက်ချူးအနေဖြင့် အသက်ရှင်စရာလမ်း လုံးဝမရှိနိုင်တော့ပေ။

ပန်းစုသည်လည်း သူမယောက်ျား သေဆုံးသွားသည်ကို တွေ့လိုက်ရသောအခါ လက်ကွက်များ ပို၍ပျက်လာတော့သည်။ များ

www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မီပင် ငယ်ထိပ်သို့ကြိုးတစ်ချက်အရိုက်ခံလိုက်ရပြီး အသက်ထွက်သွားတော့၏....။

ထိုခဏအတွင်းမှာပင် အုံ့ဩဖွယ်ရာကောင်းလှစွာဖြင့် ကြိုးတစ်ချောင်း ဆန့်တန်းထွက်လာသည်။ ထိုကြိုးသည် အလောင်းနှစ်လောင်းကို ရစ်ပတ် ကောက်ယူလိုက်ကာ တောင်အောက်သို့ ပစ်ချလိုက်တော့သည်။

ရင်သပ်ရှုမောဖွယ်ရာ အတွင်းအား၏ စွမ်းအားများပေတည်း။

တောင်စုလတ်၌ တိုက်ခိုက်နေသော ချန်ခွန်းသည်လည်း တိုက်ရင်း တိုက်ရင်း တောင်ထိပ်ပေါ်သို့ တဖြည်းဖြည်းဆုတ်လာသည်။ ချန်ခွန်းသည် ဤရန်သူနှစ်ယောက်ကို တစ်ပြိုင်နက်မသတ်နိုင်မှန်း သိသဖြင့် တောင်ထိပ်သို့ မျှားခေါ်လာခြင်း ဖြစ်တော့သည်။

ချန်ခွန်းအနေဖြင့် အလွယ်တကူ မသတ်နိုင်သာသော ဤရန်သူနှစ်ယောက်သည် တောင်ထိပ်ပေါ်တွင် ဘုန်းကြီးသုံးပါး၏ လက်ချက်ဖြင့် အလွယ်ကူဆုံး သေနိုင်သည်ကို ချန်ခွန်းသိသည်။ ရန်သူနှစ်ယောက်သည် ဟိုတိုက်ချူးတို့ လင်မယားနှစ်ယောက်၏ အရိပ်အယောင်ကိုမျှ မတွေ့ရသဖြင့် ရုတ်တရက်ငေးကြောင်သွားမိကြ၏။ ထိုစဉ် လေသံ လုံးဝ မထွက်သော ကြိုးနှစ်ချောင်းသည် သေမင်း၏ကြာပွတ်များသဖွယ် ရုတ်တရက်ရောက်ရှိလာကြပြီး၊



ထိုလူ နှစ်ယောက်၏ ခါးများကို ရစ်ပတ်လိုက်ကာ လွှဲပစ်လိုက်တော့သည်။

ထိုအခါ ရန်သူနှစ်ယောက်စလုံး ရူးရူးဝါးဝါးအော်ဟစ်ရင်း နက်ရှိုင်းလှသော ချောက်ကမ်းပါးကြီး၊ အောက်သို့ ကျဆင်းသွားတော့သည်။ ထိုသူတို့သည် သေမင်းပြည်သို့ ဖြတ်လမ်းမှရောက်ရှိသွားကြခြင်းပင် ဖြစ်တော့သည်။

ဟူကျင်းမှာမူ မှုလဝပ်နေသည့် နေရာမှ တစ်ဖဝါးစာမျှမရွေ့ဘဲ စောင့်ကြည့်နေမိသည်။

ဘုန်းတော်ကြီးသုံးပါးတို့သည် ခွန်းလွန်ဂိုဏ်း၏ ထိပ်သီးသိုင်းသမားလေးယောက်ကို အလွယ်တကူ ရှင်းလင်းသုတ်သင်ပစ်နိုင်သည်ကို တွေ့လိုက်ရသောအခါ ရင်ထဲ၌ မသက်မသာခံစားမိလိုက်သည်။ ဤဘုန်းကြီးသုံးပါး၏ သိုင်းပညာသည် လက်ဝါးဓောင်း အဘိုးကြီးနှစ်ဦးဖြစ်သော လုကျုန့်နှင့် ကော့ပိတို့ နှစ်ယောက်ထက် ပိုတော်နေကြသည်။ သူ၏ဆရာ ဘိုးဘိုးကျန်းဆန်းဖုန်း၏ သိုင်းပညာလောက် နက်ရှိုင်းမှု မရှိသော်လည်း အတော်ပင် အဆင့်မြင့်နေချေပြီ။

ရှောင်လင်ဘုရားကျောင်းတွင် ဤကဲ့သို့သိုင်းပညာ မြင့်မားသော သက်တော်ကြီးဝါတော်ကြီး၊ ဘုန်းတော်ကြီး သုံးပါးရှိနေသေးသည်ကို အပြင်ဘက်ရှိသိုင်းလောကမှလူများ တစ်ဦးတစ်ယောက်မျှ သိရှိကြလိမ့်မည်မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ဤကား....ရှောင်လင်ကျောင်းတော်ကြီး၏ မဟာလျှို့ဝှက်ချက်ကြီးပေတကား။

ဟူကျင်းသည် စိတ်လှုပ်ရှားလှစွာဖြင့် အခြေအနေကိုစောင့်ဆိုင်းအကဲခတ်နေရတော့သည်။

ထိုစဉ်....ချန်ခွန်းသည် ဘုန်းတော်ကြီးသုံးပါးကို ရိုသေစွာကန်တော့ပြီး လျှောက်ထားလိုက်သည်။

'ဆရာတော်ကြီးများဘုရား၊ တပည့်တော်က ဂိုဏ်းချုပ်ကြီးရဲ့အမိန့်နဲ့ ဟိုအကျဉ်းသားနဲ့စကားပြောဖို့ ရောက်လာရတာပါ၊ တပည့်တော်ကို စကားပြောခွင့်ပြုပါဘုရား'

အသံတစ်ခု ထွက်ပေါ်လာသည်။

'ခုံးကျက်ဟာ ငါတို့ရဲ့အောက်အဆင့် တပည့်တွေထဲမှာ အတော်ဆုံးပဲ၊ ငါတို့သုံးပါးစလုံးက သူ့ကို သိပ်ချစ်တယ်၊ သူ့ကို ငါတို့ သုံးပါးစလုံးက သိပ်မျှော်လင့်ထားကြတယ်၊ သူဟာ ငါတို့ရဲ့ ရှောင်လင်ဂိုဏ်းရဲ့ သိုင်းပညာကို နေလိုလလို တောက်ပထွန်းလင်းအောင် လုပ်နိုင်မယ့်လူပဲ၊ ဒါပေမယ့်....သူ့ခမျာ ဒီလူဆိုးရဲ့လက်ချက်နဲ့ အသက်ဆုံးရှုံးခဲ့ရရှာတယ်၊ ဒီလူဆိုးကို တစ်ချက်တည်း ခုတ်သတ်လိုက်ရင်ပြီးတာပဲ၊ ဘာဖြစ်လို့ စကားကြောရှည်ချင်ကြတာလဲ'

ချန်ခွန်းသည် ဒူးထောက်ရင်းပင် ဆက်လျှောက်သည်။

ချန်ခွန်းသည် စကားအရာ၌အလွန် လိမ္မာသူဖြစ်လေသည်။



သူ့တစ်ဖက်တည်းစကားသာ ကြားလိုက်ရလျှင် ကြားရသူ အဖို့ လုံးဝယုံသွားမည်မှာ မုချပင်ဖြစ်သည်။ သူလျှောက်ပုံမှာ....

'ဆရာတော်ကြီး မိန့်ကြားချက်ဟာ အမှန်ဆုံးပါပဲ၊ ဒါပေမယ့် တပည့်တော်ရဲ့ ကျေးဇူးရှင် ဆရာတော်ကြီးခုံးကျက်ရဲ့ သိုင်းပညာဟာ အင်မတန် အဆင့်အတန်းမြင့်မားတဲ့ သိုင်းပညာပါ၊ ဒီလူဆိုးတစ်ယောက်တည်းနဲ့ ဆရာတော်ကြီးကို ဘယ်လိုမှ သတ်နိုင်မှာ မဟုတ်ပါဘူး၊ သူ့အပေါင်းအပါတွေနဲ့ ကလိန်စေ့ငြမ်းဆင်ပြီး လုပ်ကြံသတ်ဖြတ်လို့သာ ဆရာတော်ကြီး ပျံလွန်ရတာဖြစ်မှာပါ၊ အခု... တပည့်တော်တို့က သူတို့ရဲ့အပေါင်းအပါတွေကို မှုားခေါ်နေတာပါ၊ ဒီအပေါင်းအပါတွေလာမှ တစ်ယောက်ချင်း ဆရာတော်တွေအတွက်တိုက်ခိုက်ပါ့မယ်၊ နောက်ပြီး... ဒီလူဆိုးကို နဂါးနိုင်ဓား ထုတ်ပေးဖို့ ပြောထားရပါဦးမယ်၊ အဲဒီ နဂါးနိုင်ဓား ဒီပြင်လူတွေ လက်ထဲရောက်သွားရင် တပည့်တော်တို့ရဲ့ ရှောင်လင်ကျောင်းတိုက်ကြီး သိက္ခာကျနိုင်ပါတယ် ဘုရား'

ဟူကျင်းသည် နားထောင်ရင်း အံကြိတ်နေမိတော့သည်။

'အင်း....ဒီချန်ခွန်းဆိုတဲ့ လူယုတ်မာကတော့ တကယ့်ကိုယုတ်မာညစ်ပတ်တဲ့လူပါကလား၊ အဖေကြီးပြောပြတာတွေထက်ဆောင် ဒီလူ့မှာ ဆိုးယုတ်တဲ့ဉာဉ်တွေ ရှိနေပုံရတယ်၊ အခုလဲ ကြည့်စမ်း၊ ဘုန်းတော်ကြီးတွေကို လိမ်ညာပြီး သိုင်းလောကက လူတွေကို သတ်ခိုင်းနေတယ်၊ အကျင့်သိက္ခာနဲ့ပြည့်စုံတဲ့ ဘုန်းကြီးတွေဟာ ဒီသယုတ်မာကြောင့် လူသတ်သမားတွေဖြစ်ကုန်ပြီ'

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်...ဘုန်းတော်ကြီးတစ်ပါးက ချန်ခွန်းအား ခွင့်ပေးလိုက်သည်။

'ကဲ... ကဲ၊ မင်း သူ့ကို စကားပြောချင်တယ်ဆိုရင် သွားပြောချေလေ'

ထိုအခါ ချန်ခွန်းသည် သစ်ပင်ကြီးသုံးပင်၏ အလယ်ကြားသို့ သွားရောက်ပြီး ဒူးထောက်ထိုင်ချကာ မြေကြီးထဲသို့ ငုံ့ကြည့်လိုက်သည်။

'ရှက်စွန်း၊ မင်း သေသေချာချာ စဉ်းစားထားပြီးပြီလား၊ နဂါးနိုင်ဓား ဘယ်မှာရှိတယ် ဆိုတာကို အရင်ပြောပြ၊ ငါက မင်းကို ဒီထဲမှာ ဖမ်းချုပ်မထားတော့ဘူး၊ ချက်ချင်း လွှတ်ပေးလိုက်မယ်'

ချန်ခွန်းစကားပြောနေပုံကို ကြည့်ပြီး ဟွာကျင်း အလွန်အံ့ဩသွားသည်။ ထို့ကြောင့် သူ့စိတ်ထဲ၌ ရေရွတ်မိသည်။

'အင်း... ဟုတ်ပြီ၊ ဒါကို စောစောက မစဉ်းစားမိခဲ့ဘူး၊ သူတို့က မြေအောက်လိုဏ်ခေါင်းလုပ်ပြီး အဖေကြီးကို အကျဉ်းချ ဖမ်းထားတာကိုး'

ထိုအခိုက် ဘုန်းတော်ကြီး တစ်ပါး၏ ဒေါသနှင့် အော်လိုက်သံသည် တောင်ကုန်းတစ်ခုလုံး လွှင့်ပျံ့သွားသည်။



'ရှင်ကျင်း... မင်းက ဘုန်းကြီးလုပ်ပြီး ဘာဖြစ်လို့ မုသားစကား ပြောရတာလဲ၊ သူက မင်းကို နဂါးနိုင်ဓားရှိရာကို တကယ်ပြောပြရင် မင်းက သူ့ကို တကယ်လွှတ်ပေးမှာလား'

ချန်ခွန်းသည် ထိုဘုန်းကြီးအား ရိုသေကျိုးနွံစွာဖြင့် ပြန်လျှောက်ထားသည်။

'ဆရာတော်ကြီးဘုရား... ဂိုဏ်းချုပ်ကြီးက မိန့်ကြားလိုက်ပါတယ်၊ ဒီနဂါးနိုင်ဓားဟာ သိုင်းလောကမှာ အထွတ်အထိပ် ပါပဲတဲ့၊ ဒီဓားကိုသာရရင် တပည့်တော်တို့ရဲ့ ရှောင်လင်ဂိုဏ်းဟာ အများကြီး သိက္ခာ အရှိန်အဝါ တက်သွားမှာ ဖြစ်ပါတယ်၊ တပည့်တော်ရဲ့ ကျေးဇူးရှင် ဆရာတော်ကြီး ခံ့ကျက်အတွက် တုံ့ပြန်ဖြေရှင်းဖို့ ကိစ္စကိုတော့ သူ့ကိုလွှတ်လိုက်ပြီး နောက် သုံးနှစ်ကြာမှ တုံ့ပြန်ရင်လဲ ဖြစ်ပါတယ်တဲ့၊ နဂါးနိုင်ဓားကသာ အရေးအကြီးဆုံးမို့ ဒီဓားကို ရအောင် တောင်းယူပါလို့ တပည့်တော်ကို မိန့်ကြားခိုင်းတဲ့အတွက် တပည့်တော်က ဒီလို မေးရခြင်း ဖြစ်ပါတယ် ဘုရား'

ထိုအခါ မကျေမနပ်ဖြစ်သွားသော ဘုန်းတော်ကြီးသည် ချန်ခွန်း၏ စကားကြောင့် ကျေနပ်လက်ခံသွားသည်။ ထို့ကြောင့် ရုတ်မှုပင် ခွင့်ပြုလိုက်သည်။

'အေး... ဒီအကြံဉာဏ်လဲ ကောင်းသားပဲ'

ချန်ခွန်းသည် မြေကြီးထဲသို့ ကြည့်၍ ဆက်အော်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ရှက်စွန်း… ဘယ်လိုလဲ၊ ငါ ပြောတဲ့စကားကို မင်းကြား တယ် မဟုတ်လား'

ထိုအခါ မြေကြီးအတွင်းမှ လိုက်ပါသော အသံတစ်ခု ထွက် ပေါ်လာ၏။

'ချန်ခွန်း… မင်းက ငါ့ကို လာတွေ့ရဲသေးသကိုး'

ဟူကျင်းသည် ထိုအသံရှင်မှာ ရှက်စွန်းဖြစ်ကြောင်း ကောင်း ကောင်း သိလိုက်မိသည်။ သူ့ဖခင်ကြီး ဤနေရာ၌ သေချာပေါက် ရှိနေပြီမှန်း သိလိုက်ရပြီ ဖြစ်သဖြင့် တစ်ချက်တည်း ခုန်ထွက်ကာ ကယ်တင်လိုစိတ် တဖွားဖွား ပေါ်ပေါက်လာတော့၏။

သို့သော် ထို ဘုန်းကြီး သုံးပါး၏ သိုင်းပညာကို တွေ့ထား သူ ဖြစ်၍ ချက်ချင်း ထွက်၍ မကယ်နိုင်တော့ပေ။ ဟူကျင်းသည် လေးလေးနက်နက် စဉ်းစားနေမိသည်။

'ငါ ချန်ခွန်း ပြန်သွားတဲ့အထိ စောင့်နေမှပဲ၊ ချန်ခွန်း ပြန်သွားရင်တော့ ဒီဇာတ်ကြောင်းကို လှန်ပြလိုက်မယ်၊ ဒါဆိုရင် တရားသမားတွေ ဖြစ်နေကြတဲ့ ဒီဘုန်းတော်ကြီး သုံးပါးစလုံး အမှား အမှန်ကို ကောင်းကောင်း ခွဲခြားသွားနိုင်မှာပဲ၊ ဘယ်သူဟာ လူယုတ်မာ၊ ဘယ်သူဟာ အယုတ်မာခံရသူလဲ ဆိုတာ အဲဒီအခါကျ ဒီ ဘုန်းတော်ကြီးတွေ ကွဲကွဲပြားပြား သိသွားမယ်…'





ထိုအခိုက် ချန်ခွန်း၏စကားသံကို ကြားလိုက်ရပြန်သည်။ ချန်ခွန်းသည် သူတော်စင် တစ်ယောက်၏ လေသံဖြင့် ရှက်စွန်းအား လှမ်းပြောလိုက်ပြန်သည်။

'ရှက်စွန်း… မင်းနဲ့ ငါဟာ အသက်အရွယ်တွေလဲ ကြီးကုန် ပါပြီ၊ အရင်တုန်းက မသိလို့ မိုက်မှားမိခဲ့ကြတဲ့ ပြဿနာတွေကို ဘာဖြစ်လို့ အမှတ်ထားနေကြတော့မလဲ၊ နောက် အနှစ်နှစ်ဆယ် လောက်ဆိုရင် မင်းနဲ့ငါ ဒီလောကကြီးထဲမှာတောင် ရှိတော့မှာ မဟုတ် ဘူး၊ ငါတို့ရဲ့ ပြဿနာတွေကို မေ့ပစ်လိုက်ပါတော့'

မြေလိုဏ်ခေါင်းမှ ရှက်စွန်းမှာမူ ချန်ခွန်း ပြောသမျှ ငြိမ် သက်စွာ နားထောင်နေသည်။ ပြီးမှ…

'ချန်ခွန်း… မင်းက ငါ့ကို လာတွေ့ရဲသေးသကိုး'

ချန်ခွန်းသည် ခြိမ်းခြောက်၍ တစ်မျိုး၊ ချော့မော့၍ တစ်ဖုံ၊ တံရားသံဝေဂရဟန်ဖြင့် တစ်နည်း အကြိမ်ကြိမ်အခါခါ ပြောနေ သော်လည်း ရှက်စွန်းကမူ အထက်ပါ စကားတစ်ခွန်းတည်းကိုသာ ထပ်ကာတစ်လဲလဲ ပြောနေတော့သည်။

ထိုအခါ ချန်ခွန်းက ဒေါသထွက်လာပြီး အော်ဟစ်တော့ သည်။

'တော်တော် ခေါင်းမာတဲ့ ကောင်ပဲ၊ အေး… မင်းကို နောက် ထပ်သုံးရက် ထပ်စဉ်းစားဖို့ အချိန်ပေးမယ်၊ တကယ်လို့ မင်းကသာ

www.burmeseclassic.com

www.burmeseclassic.com



နဂါးနိုင်ဓား ဘယ်မှာရှိတယ်ဆိုတာကို မပြောရင်တော့ မင်းမှာ ငါ့ရဲ့ လက်ရာကို ကောင်းကောင်းကြီး မြည်းရစေမယ်ကွ'

ထိုစကားကို ပြောပြီးသည်နှင့် ချန်ခွန်းသည် ဘုန်းတော်ကြီး သုံးပါးကို ဝတ်ပြု နှုတ်ဆက်ပြီး တောင်အောက်သို့ ပြန်ဆင်းသွားတော့သည်။

✤ ✤ ✤ ✤ ✤

ဟူကျင်းသည် ချန်ခွန်း အဝေးသို့ ရောက်ရှိသွားချိန်ကျမှ ခုန်ထွက်ရန် ဟန်ပြင်လိုက်သည်။ သို့သော် ဟူကျင်း၏ ဆဋ္ဌမအာရုံအရ မိမိ၏ပတ်ဝန်းကျင်လေထုသည် တစ်မျိုးတစ်ဖုံ ဖြစ်သွားသည်ဟု ခံစားလိုက်ရသဖြင့် သူ၏ ကိုယ်ကို ကမန်းကတန်း လှိမ့်ချ လိုက်မိသည်။

ထိုအခါ ကြိုးနှစ်ချောင်းသည် လေသံ လုံးဝ မထွက်ဘဲ သူ၏ မျက်နှာနားမှ ဖြတ်၍ ထွက်သွားတော့၏။

အရှိန်ပြင်းထန်သည် မှန်သော်လည်း အလွန် အံ့ဩစရာကောင်းလှအောင် လေသံ လုံးဝ မရှိကြောင်း ဟူကျင်း သိလိုက်၏။

ဟူကျင်း လှိမ့်ထွက်သွားလိုက်သည့် တစ်ခဏအတွင်းမှာပင် နောက်ထပ် ကြိုးတစ်ချောင်းက သူ၏ ရင်ဝကို လာထိုးစိုက်ပြန်သည်။ ထိုကြိုး ဝင်လာပုံကား ကြောက်မက်ဖွယ်ရာ ကောင်းလှပေ



သည်။ ကြိုးဟူ၍ မထင်မှတ်ရတော့။ လှံတံတစ်ချောင်းကဲ့သို့ သူ့ရင်ဝသို့ ဖြောင့်တန်းစွာ ဝင်လာခြင်း ဖြစ်သည်။ ထိုစဉ် နောက်ထပ် ကြိုးနှစ်ချောင်းသည် နောက်တစ်ကျော့ ထပ်မံ ရစ်ပတ်လာပြန်သည်။

ထို့ကြောင့် ဟူကျင်းအဖို့ မျက်စိတစ်မှိတ် အချိန်မျှ တုံ့ဆိုင်းချိန် မရတော့ပေ။ သူ့ရင်ဝသို့ ထိုးစိုက်ရန် ရောက်လာသော ကြိုးကို ဘယ်လက်ဖြင့် ဖမ်း၍ ဘေးသို့ လွှတ်ပစ်ရန် ကြိုးစားလိုက်သည်။ သို့သော် သူက ကြိုးကို ကိုင်လိုက်သည်နှင့် ကြိုးမှာ တစ်ချက် ခါရမ်းသွားပြီး ပြင်းထန်သော အတွင်းအားလှိုင်းတစ်ခုက ထိုကြိုးမှတဆင့် သူ၏ ခန္ဓာကိုယ်သို့ လာရောက် ရိုက်ခတ်တော့သည်။ သာမန်အားဖြင့်ဆိုလျှင် ထိုအတွင်းအား အရိုက်ခံရလျှင် ဟူကျင်းအဖို့ အနည်းဆုံး နံရိုးကျိုးပေတော့မည်။

သို့သော် ဟူကျင်းဆိုသည့် လူငယ်ကား သာမန် သိုင်းသမား တစ်ယောက် မဟုတ်ပေ။ သိုင်းလောကတစ်ခွင်လုံး ကျော်ကြားနေသော အဓိကရ သိုင်းသမားတစ်ယောက် ဖြစ်နေသည်။ သူ့အဖို့ တော်ရုံတန်ရုံ အဆင့်ထက် မြင့်သော အတွင်းအားကိုပင် ခံနိုင်ရည် ရှိပေသည်။

ထိုတဒင်္ဂအချိန်ကလေး အတွင်းမှာပင် သူ့၏နောက်မှ ရိုက်ခတ် လာသော ကြိုးနှစ်ချောင်းကို အားပြောင်းအားလွှဲ သိုင်းပညာကို အသုံးပြုပြီး ဘေးသို့ လွှဲဖယ်လိုက်သည်။ တစ်ဆက်တည်းမှာပင်

www.burmeseclassic.com

www.burmeseclassic.com



ထိုကြိုးမှတဆင့် ရိုက်ခတ်လာသော အတွင်းအား အရှိန်ကို အသုံးပြု၍ လေထဲသို့ ခုန်တက်လိုက်တော့သည်။

ထိုအချိန်တွင် ပြိုးခနဲ ပြက်ခနဲ လင်းလက်သွားသော လျှပ်စီးရောင်ကြောင့် တစ်လောကလုံး ထိန်လင်းသွားသကဲ့သို့ ထင်မှတ်လိုက်ရသည်။

ဘုန်းတော်ကြီး သုံးပါးစလုံးသည်...'ဟင်' ဟူသော ထွေအုံတညီ အာမေဋိတ် ပြုလိုက်မိကြတော့၏။ အဘယ်ကြောင့်ဆိုသော် သူတို့နှင့် တိုက်ခိုက်နေသော လူ၏ သိုင်းပညာရပ်သည် အလွန်အစွမ်းထက်နေမှန်း သိလိုက်ကြသဖြင့် အသက်အရွယ်ကြီးရင့်နေသော သိုင်းသမားကြီး တစ်ယောက်ယောက် ဖြစ်လိမ့်မည်ဟု တွက်ဆထားခဲ့ကြသည်။

ယခုမူ ပြိုးပြက်လင်းလက်သွားသော လျှပ်စစ်ရောင်အောက်တွင် သူတို့နှင့် တိုက်ခိုက်နေသူမှ လူငယ်တလေးတစ်ယောက်ဖြစ်နေသည်ကို အထင်အရှားအမြင်လွဲစွာ တွေ့လိုက်ရသဖြင့် အံ့ဩသွားကြခြင်းသာ ဖြစ်တော့သည်။

ထိုစဉ် ကြိုးသုံးချောင်းတို့သည် နဂါးသုံးကောင်ကဲ့သို့ အထက်မှ အောက်သို့ ပျံဝဲ တိုက်ခိုက်လာပြန်သည်။ ကြိုးသုံးချောင်းစလုံး ဟူကျင်း၏ ခန္ဓာကိုယ်ကို ရစ်ပတ်လာကြသည်။



ဟူကျင်းသည် ဤမျှ အသေအလဲ ခုခံကာကွယ်နေရစဉ်အတွင်း လျှပ်စစ်ရောင်ဖြင့် ဘုန်းကြီး သုံးပါး၏ မျက်နှာကို သတိပြုကြည့်ရှုလိုက်မိသည်။ သုံးပါးစလုံး အလွန် ဗိန်လိုလှပြီး ပါးနှစ်ဖက်မှာလည်း ချိုင့်နေသည်။ အသားဟူ၍ မရှိသလောက်ပင်။ ဘုန်းကြီးတစ်ပါးတွင်မူ မျက်လုံးတစ်ဖက် မရှိကြောင်းကို သတိပြုလိုက်မိသည်။

ဤသိုင်းကွက်မှာ ဟူတန်ဂိုဏ်းမှ ဆရာအိုးဘိုး ကျန်းဆန်းဖုန်း၏ တိုက်ကျိုလက်သီးသိုင်းပင် ဖြစ်တော့သည်။

ထိုလက်သီးသိုင်း ၏ အားလမ်းကြောင်းမှာ စက်ဝိုင်းကဲ့သို့ လည်ပတ်လျက် အဆက်မပြတ် အားအင်ထုတ်နိုင်ပေသည်။

ဟူကျင်းသည် ကြိုးများရုတ်ထွေးသွားခိုက် လေထဲတွင် တစ်ပတ် ကျွမ်းထိုး၍ လှည့်ပတ်လိုက်ပြီးနောက် သစ်ပင်တစ်ပင်၏ သစ်ကိုင်းထက်တွင် ရပ်နေလိုက်သည်။

ဟူကျင်းသည် အော်ဟစ်၍ လှောက်ထားလိုက်သည်။

'တပည့်တော်... ကျန်းဟူကျင်း အလင်းမာန်ဂိုဏ်းချုပ်က ဆရာတော်ကြီး သုံးပါးကို ဂါရဝ ပြုပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် အော်ဟစ်ပြောဆိုရင်းမှ သစ်ကိုင်းထက်မှပင် ဦးချ ကန်တော့လိုက်သည်။ သူရပ်နေသော သစ်ကိုင်းကလေးသည် သေးငယ်သော သစ်ကိုင်းကလေးပင် ဖြစ်သော်လည်း လုံးဝ ကျိုးကြေခြင်း မရှိဘဲ လေထဲတွင် တနွဲ့နွဲ့ တယိမ်းယိမ်းသာ ဖြစ်နေပေသည်။

ဘုန်းတော်ကြီး သုံးပါးစလုံးသည် အလွန် အံ့သြတုန်လှုပ်သွားကြသည်။

✣ ✣ ✣ ✣ ✣



# မိုးထစ်ချုန်းသံ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉၃)

## မိုးတစ်ချုန်းသံ

သူတို့၏ တစ်သက်တာ၌ သူတို့၏ လက်နက်အရှင်းရှင်း ...သို့ ရှုပ်ထွေးခံရသော အဖြစ်မျိုး တစ်ကြိမ်တစ်ခါမျှ တွေ့ဆုံခဲ့ရဖူး ...း မရှိခဲ့ပေ။ သူတို့သည် သူတို့ကြိုးများကို ကိုယ်စီ ဆွဲယမ်းလွှဲပ်ခါ ...ကြသည်။ ထိုအခါကျမှ အရှုပ်အထွေးများ ပြေသွားတော့သည်။

ဟူကျင်းကမူ သစ်ကိုင်းပေါ်တွင် ရပ်နေရင်းမှ သူ၏ ...ခွင်းအားများကို ပြန်လည် စုစည်းလိုက်သည်။ သို့မှသာ တုန်ပြီး ...ပါး တိုက်ခိုက်လာလျှင် အသင့် ပြန်လည် ခုခံနိုင်မည် မဟုတ် ...သော။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် သစ်ကိုင်းပေါ် ခုန်မတက်မီအထိ သိုင်းပညာ... မျိုးစုံ သုံးခဲ့ရသည်။

နေစကြာအတွင်းအားသိုင်း၊ အားပြောင်းအားလွှဲသိုင်း... ထိုက်ကျိုလက်သီးသိုင်းတို့ ဖြစ်ကြသည်။ ထို့ပြင် လေထဲတွင် တ... ပတ်ကျွမ်းထိုး၍ သစ်ကိုင်းပေါ် ခုန်တက်လိုက်သည့် သိုင်းပညာ... မှာသည်း ကျောက်မီးတိုင်ပေါ်ရှိ သိုင်းကွက်များပင် ဖြစ်တော့သည်...

ဘုန်းတော်ကြီးသုံးပါးသည် ဟူကျင်း၏ မြင့်မားလှသော... သိုင်းပညာကြောင်း တုန်လှုပ် သွားခဲ့ကြသည်မှာ မှန်၏။ သို့သော်... မကောင်းဆိုးဝါးဂိုဏ်းမှ ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်းဟူ၍ ကြား... လိုက်ရသောအခါ ချက်ချင်းပင် ဒေါသမီးများ ဟုန်းဟုန်းတောက်... လောင် လာကြတော့သည်။

ဘုန်းတော်ကြီးတစ်ပါးက အေးစက်သော လေသံဖြင့် ... လိုက်သည်။

'ဩော်... လက်စသတ်တော့ မကောင်းဆိုးဝါးဂိုဏ်းချုပ်... ရောက်လာတာကိုး'

ဟူကျင်းသည် ထိုဘုန်းကြီး၏ လေသံ၌ အလင်းမာန်ဂိုဏ်း... အား နာကြည်းရွံရှာမုန်းတီးသော လေသံများ ပါဝင်နေကြော... ချက်ချင်း သတိထား လိုက်မိသည်။ ထိုစဉ် မျက်လုံး တစ်ဘက်... နေသော ဘုန်းကြီးက...



'မင်းတို့ရဲ့ ဂိုဏ်းချုပ်ကြီးဟောင်းရန်ဖော့ထင်း သေသွားတာ ...နှစ်သုံးဆယ် ကျော်လောက်ရှိပြီဆို၊ ဟုတ်သလား'

'မှန်ပါတယ် ဘုရား'

ထိုအခါ အခြားဘုန်းတော်ကြီးတစ်ပါးက...

'ဘာ... ရန်ဖော့ထင်း သေသွားပြီ ဟုတ်လား'

ထိုဘုန်းကြီး၏ လေသံတွင် ဝမ်းနည်းသံနှင့် မျှော်လင့်ချက် ...န်ဆုံးသွားသည့်အတွက် ယူကြုံးမရ ဖြစ်သံတို့ ရောစွက် ပါဝင်နေ ...ကြောင်း ဟူကျင်း ကောင်းကောင်း သတိပြုမိသည်။ ဟူကျင်း၏ ...တ်ထဲတွင်...

'အင်း...သူတို့တတွေဟာ ဂိုဏ်းချုပ်ကြီးရန်ဖော့ထင်း သေ ...သွားတဲ့ သတင်းကြားလိုက်ကြရတော့ စိတ်မကောင်းသလို ဖြစ် ...သွားကြတယ်၊ သူတို့ဟာ ဂိုဏ်းချုပ်ကြီးရဲ့ မိတ်ဆွေဟောင်းတွေပဲ ...လိမ့်မယ်'

ထိုသို့ တွေးမိလိုက်သဖြင့် ဟူကျင်းသည် တဆက်တည်း ...လျှောက် လိုက်သည်။

'ဆရာတော်ကြီးများ ဘုရား... ဆရာတော်ကြီးတို့ သုံးပါး ...တပည့်တော်တို့ရဲ့ ဂိုဏ်းချုပ်ကြီးဟောင်း ရန်ဖော့ထင်းရဲ့ အသိ ...တွေများလား ဘုရား'

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မျက်လုံးတစ်ဘက်လပ် ဘုန်းကြီးက ေါသတကြီ
ဖြင့်ပြောလိုက်သည်။

'ငါတို့ကသာ သူနဲ့ မသိကျွမ်းခဲ့ရင် ငါ့ရဲ့မျက်လုံး တစ်ဘက
ဘာကြောင့် ကန်းရမှာလဲ၊ နောက်ပြီး ငါတို့ ဂိုဏ်းတူညီအစ်
သုံးယောက်က အကြွင်းမဲ့နှစ်ပေါင်းသုံးဆယ်ကျော်လောက် ဘာဖြ
လို့ တရားကျင့် နေရမှာလဲ'

ထိုဘုန်းကြီး၏ လေသံထဲတွင် အလွန် ရင်နာသော၊ အလွ
အခဲမကျေသော၊ အလွန်နာကျည်းသော ခံစားချက်များ ပါရှိနေသ
ကို ဟူကျင်း သိလိုက်မိသည်။ ဟူကျင်းသည် စိတ်ထဲတွင် ကြိတ်
အော်လိုက်မိသည်။

'ဒုက္ခပဲ... ငါတော့ ရေလိုက်လွဲပြီ၊ သူတို့ တစွေဟာ ဂိုဏ
ချုပ်ကြီး ရန်ဖော့ထင်း၏ လက်ချက်ကြောင့်ဖြစ်ကြောင်း ဟူကျ
အနေဖြင့် ခန့်မှန်းလိုက်နိုင်သည်။

ယခုသူတို့သုံးပါးစလုံးအနှစ်သုံးဆယ်ကျော်မျှ သစ်ခေါ
တွင် တရားထိုင်၊ တရားကျင့်၊ သိုင်းပညာကျင့်နေကြသည်
တကယ်တော့ ရန်ဖော့ထင်းအားတုံ့ပြန်တိုက်ခိုက်ရန်ပင် ဖြစ်ပေမည
ထို့ကြောင့် ရန်ဖော့ထင်း သေဆုံးသွားပြီဟု ကြားသိလိုက်ရသောအ
ဤမျှ စိတ်ပျက် သွားရခြင်း ဖြစ်ပေလိမ့်မည်။



ရုတ်တရက် မျက်လုံးတစ်ဘက်လပ်နေသော ဘုန်းကြီးက
အော်လိုက်သည်။

'ရန်ဖော့ထင်းသေတော့ ငါတို့က အခုလက်ရှိ ကျန်းဟူကျင်း
နဲ့ပဲ ယှဉ်ပြိုင်ရတော့မှာပေါ့၊ ကျန်းဟူကျင်း ငါ့ နာမည်ကို မှတ်ထ
တဲ့ခါ၊ ဟိုဘက်က မျက်နှာမည်းညည်းနဲ့က ငါ့ရဲ့ ဂိုဏ်းတူညီ ဖ တဲ့
ပဲ၊ ခုံးဝန်၊ ခုံးကျက်၊ ခုံးကျိနဲ့ ခုံးရှန့်တို့တစွေဟာ ငါ့ရဲ့ တူကလေး
တွေပဲ၊ အခုဆိုရင် ခုံးကျက်ဟာ မင်းတို့ဂိုဏ်းရဲ့လက်ချက်နဲ့ သေခဲ့ရ
ပြီ၊ အခုမင်းဟာ မကောင်းဆိုးဝါးဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး တစ်ယောက်
အနေနဲ့ ဒီကို ရောက်လာတယ်ဆိုတော့ ငါတို့ကလဲ ဒီကိစ္စကို တုံ့ပြန်
ရတော့မှာပေါ့'

ဟူကျင်းကမူ သစ်ကိုင်းပေါ်တွင်သာ ရပ်လျက်ရှိသည်။

'ဆရာတော်ကြီးတို့က ဒီလိုပြောတယ် ဆိုရင်တော့ တပည့်
တော်အနေနဲ့ ရှောင်ပြေးလို့ မသင့်တော့ပါဘူး၊ ဒီကိစ္စအားလုံးကို
တပည့်တော်တပဲ တာဝန်ယူပြီးခံလိုက်ပါ့မယ်၊ ဒါပေမယ့် တပည့်
တော်ရဲ့အဖေကြီးရှက်စွန်းအနေနဲ့ ဆရာတော်ကြီးခုံးကျက်ကို ဖိုး
သတ်မိတာကတော့ အကြောင်းရှိပါတယ်၊ ဒါကိုတော့ ဆရာတော်ကြီး
တို့ သိသွား စေချင်ပါတယ်'

တုခေါ် ဆရာတော်က...

www.burmeseclassic.com



ငါတို့သုံးယောက်က မင်းကို မသတ်နိုင်ဘူးဆိုတဲ့ သဘောပေါ့ ဟုတ်လား'

ဟူကျင်း အလွန်စိတ်ပျက်သွားသည်။ သူက မတိုက်ခိုက်လို ၍ဖြင့် မည်မျှ ရှောင်လွှဲနေစေ တိုက်ခိုက်ရမည့်လမ်းကြောင်းသို့သာ ဘည်လျက်ရှိပြီ မဟုတ်ပါလား။ ထို့ကြောင့် ယတိပြတ် ဆုံးဖြတ် ချက်ချကာ လျှောက်ထားလိုက်သည်။

'တပည့်တော် တစ်ယောက်တည်းနဲ့ ဆရာတော်ကြီးသုံး ယောက်ကို တိုက်ခိုက်လို့ မနိုင်‚နိုင်ပါဘူး၊ ဒါကြောင့် ဆရာတော်တို့ ထဲက တစ်ပါးပါး အပြင်ထွက်ခဲ့ပါ၊ တပည့်တော် အနေနဲ့ တတ်နိုင် သမျှ ပညာချင်း ဖလှယ်လိုပါတယ်'

ထိုအခါ မျက်နှာဖြူဖြူနှင့် ဘုန်းကြီးတုချက်က…

'ဒီမှာ ဒကာကျွန်းဟူကျင်း၊ ငါတို့အနေနဲ့ တစ်ယောက်ချင်း တိုက်နေရင် ဒကာကို နိုင်ဖို့ မကျိန်းသေဘူး၊ အခုဟာက ငါတို့ဟာ လွန်ခဲ့တဲ့ ကိစ္စကို ဖြေရှင်းတာ ဖြစ်တယ်၊ သိုင်းပညာဖလှယ်နေတာ မဟုတ်ဘူး၊ ဒါကြောင့် ငါတို့ သုံးယောက်နဲ့ မင်းတစ်ယောက် တိုက်ရလိမ့်မယ်'

ထိုဘုန်းကြီးသည် စကားဆုံးသည်နှင့် စတင်တိုက်ခို တော့သည်။ ကျန်ကြိုးနှစ်ချောင်းကလည်း ရှေ့ဆင့် နောက်ဆင့် ဟူကျင်းထံသို့ ရောက်ရှိ လာတော့သည်။



ဟူကျင်းသည် သစ်ကိုင်းပေါ်မှ ရုတ်တရက် ခုန်ဆင်းလိုက် ရတော့သည်။ သို့သော် မြေကြီးပေါ်သို့ မရောက်မီ ကိုယ်နေဟန်ထား ကို ရုတ်တရက် ပြောင်းလွဲလိုက်ပြီး တုနန်ထံသို့ ခုန်အုပ်လိုက်တော့ ၏။ ထိုအခါ တုနန်က လက်ဝါးဖြင့် ရိုက်ထုတ်လိုက်သည်။

ဟူကျင်းသည် အားပြောင်းအားလွှဲ သိုင်းပညာဖြင့် တုနန်၏ လက်ဝါးပြင်းအားကို ဘေးသို့ တွန်းဖယ်လိုက်သည်။ ထိုအခိုက် တုခေါနှင့် တုချက်တို့၏ ကြိုးနှစ်ချောင်းသည် တစ်ပြိုင်တည်းလိုလိုပင် သူ့နောက်သို့ ရောက်ရှိ လာကြတော့သည်။

ဟူကျင်းသည် သူ၏ ခန္ဓာကိုယ်ကို တစ်ပတ်လည်သွား အောင် လှည့်လိုက်ပြီး ထိုကြိုးနှစ်ချောင်း၏ အန္တရာယ်မှ လွတ်အောင် ဘပ်ရှောင်လိုက်သည်။ထိုစဉ် တုချက်သည် ပြင်းထန်အားပါလှသည့် လက်သီးတစ်ချက်ကို အသံမကြားအောင် ထိုးလိုက်ပြန်သည်။

ဟူကျင်းသည် အကယ်စင်စစ်အားဖြင့် ဘုန်းကြီးသုံးပါး အား တိုက်ခိုက်နိုင်နေသည် မဟုတ်ပေ။ ထိုဘုန်းကြီးများ၏ တိုက် ကွက်များကို သစ်ပင်သုံးပင်အကြား လှည့်ပတ်ရှောင်တိမ်းလျက် အကွက်ဖြေနေခြင်းသာ ဖြစ်ပေသည်။

တုခေါက တစ်ချက်အော်လိုက်ပြီး ကြိုးကို တစ်ချက်ယမ်း လိုက်ရာ ကြိုးသည် စက်ဝိုင်းကဲ့သို့ အဝိုင်းနှစ်ဝိုင်းပေါ်လာပြီး အပေါ် မှကျလာကာ ဟူကျင်း၏ဦးခေါင်းကို လာရောက် စွပ်လိုက်တော့ သည်။ အလွန်ကြီးမားသော အန္တရာယ်ကြီးပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် လျှပ်တပြက်ခုန်ထွက်လိုက်ပြီး တချက်အား ရုတ်တရက် တိုက်ခိုက်လိုက်သည်။ ဟူကျင်းသည် တိုက်ရင်းခိုက်ရင်း တဖြည်းဖြည်း တုန်လှုပ်ချောက်ချား လာတော့၏။ အဘယ့်ကြောင့်ဆို သော် သူသည် ပြင်းထန်သော အတွင်းအားလှိုင်း သုံးခုအကြားတွင် ညှပ်မိနေ၍ သူ၏ လှုပ်ရှားမှုများ တဖြည်းဖြည်း နှေးကွေးလာရတော့ သည်။

သူ၏ ခန္ဓာကိုယ် အစိတ်အပိုင်းများ၏ လှုပ်ရှားတိုက်ခိုက်မှု များကို မိမိကိုယ်တိုင်ပင် စိတ်တိုင်းမကျနိုင်အောင် ဖြစ်လာရတော့ သည်။

ဟူကျင်းအနေဖြင့် နေစကြာ အတွင်းအားကျင့်ခဲ့ပြီးသည့် အချိန်မှစ၍ ဤသို့သော အဖြစ်မျိုး တစ်ကြိမ်တစ်ခါမျှ မကြုံတွေ့ခဲ့ ဖူးပေ။ ယခု သူ့အဖို့ အလွန်တရာ အသက်ရှူကျပ်စေသော အဖြစ်မျိုး ကို ကြုံတွေ့နေရချေပြီ။ ဟူကျင်းအနေဖြင့် ကောင်းစွာ သိရှိသည်။ သူကသာ ဆက်လက်တိုက်ခိုက်နေလျှင် အချိန်ကြာလာသည်နှင့်အမျှ သူ့အတွက် အန္တရာယ် များလာပေလိမ့်မည်။ ထို့ကြောင့် ရုတ်တရက် စဉ်းစားလိုက်သည်။

'ငါသေတာက အရေးမကြီးဘူး၊ လူဆိုတာ သေတစ်နေ့ မွေး တစ်နေ့ပဲ၊ လူတွေရဲ့ကောင်းကျိုးတစ်ခုခု လုပ်ခဲ့ပြီးပြီဆိုရင် ဒီလူဟာ လူဖြစ်ကျိုးနပ်ပြီပဲ၊ ငါဟာ တတ်နိုင်သမျှ လူတွေအပေါ် ကူညီခဲ့ပြီးပြီ သေမယ်ဆိုရင်လဲ သေပျော်နေပြီ၊ ဒါပေမယ့် ငါ့အဖေကြီးအပေါ် ဒီ





ဘုန်းကြီးတွေ အမြင်သန့်ရှင်းသွားအောင်တော့ ငါသေသေချာချာ ရှင်းပြခဲ့မှ ကောင်းမယ်'

သို့နှင့် ဟူကျင်းသည် တိုက်ခိုက်ရင်းမှ အသံကို မြှင့်အော် လိုက်သည်။

'ဆရာတော်ကြီးတို့... တပည့်တော် ဒီမှာ ပိတ်မိနေပါပြီ၊ အသက်ပြေး လွတ်မြောက်ဖို့ ဆိုတာကလဲ သိပ်လွယ်လှတာ မဟုတ်ပါ ဘူး၊ ဒါပေမယ့် တပည့်တော် မသေခင်ကလေးမှာတော့ စကားနည်း နည်းလောက် ပြောချင်ပါတယ်'

ဆိုစဉ် ကြိုးနှစ်ချောင်းက ဟူကျင်းအား ဖြတ်ရိုက်လိုက်ပြန် သည်။ ဟူကျင်းက အမြန်ဆုံး ရှောင်တိမ်းလိုက်ရ ပြန်သည်။ ဟူကျင်း က ဆက်ပြောသည်။

'ဟိုစောစောက ရှင့်ကျင်းဆိုတဲ့ ဘုန်းကြီးရဲ့ လူနာမည်ကို သိကြပါရဲ့လားဘုရား၊သူ့နာမည်က ချန်ခွန်းပါ၊ မိုးကြိုးလက်သီးရှင် ချန်ခွန်းဆိုတာ အဲဒီဘုန်းကြီးပါပဲ။ အဲဒီချန်ခွန်းဟာ တပည့်တော် ရဲ့ဆရာဖခင်ကြီး ရှက်စွန်းကို သိုင်းပညာ သင်ကြားပေးခဲ့တဲ့ ဆရာပါ ပဲ

✣ ✣ ✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com



# ပြန်လည်ပြင်ဆင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉၆)

## ပြန်လည်ပြင်ဆင်ခြင်း

ဘုန်းတော်ကြီးသုံးပါးသည် တိုက်ရင်းခိုက်ရင်းဖြင့် သူတို့အား အေးအေးဆေးဆေး လျှောက်လဲချက်ပေးနေသည့် ဟူကျင်း၏အရှင်းအား ပြည့်ဝမှုကို ချီးကျူးလိုက်မိကြသည်။

သို့သော် ထိုဘုန်းကြီးသုံးပါး၏ အယူအဆကား တစ်မျိုးဖြစ်သည်။ မကောင်းဆိုးဝါးဂိုဏ်းချုပ် ကျန်းဟူကျင်းသည် သိုင်းပညာကို ပို့တော်လေ သိုင်းလောကအတွက် အန္တရာယ် ပို့ပေးနိုင်လေဟု ယူဆထားကြပြီးဖြစ်သည်။ ယခု ပိတ်မိနေသော အခွင့်အရေးကို

www.burmeseclassic.com

www.burmeseclassic.com



လုံးဝ လက်လွှတ်မခံဘဲ ဟူကျင်းအား တမလွန်လောကသို့ အရောက်ပို့ရန် ယတိပြတ် ဆုံးဖြတ်ထားကြသည်။ ဟူကျင်းကမူ ဆက်၍ ပြောပြန်သည်။

'ဆရာတော်ကြီးတို့ တကယ်သိသင့်တဲ့ အချက်က ချန်ခွန်း တဖြစ်လဲ ဘုန်းကြီးရှင်ကျင်းဟာ အလင်းမာန်ဂိုဏ်းချုပ်ကြီးယောင်ရန်ဖော့ထင်းနဲ့ ဂိုဏ်းတူ ညီအစ်ကိုတွေပါ၊ သူတို့နှစ်ယောက်မှာ ဂိုဏ်းတူ ညီမလေးတစ်ယောက်ကို တစ်ပြိုင်တည်း ချစ်ကြိုက်မိကြတယ်၊ နောက်ဆုံးဂိုဏ်းတူညီမလေးက ရန်ဖော့ထင်းနဲ့ လက်ထပ်လိုက်တော့ ချန်ခွန်းဟာ အူအသည်း ကျွဲဝင်ခတ်သလို သိပ်နာကြည်းသွားပြီး အလင်းမာန်ဂိုဏ်းကို ရန်ငြိုးဖွဲ့တော့တာပါပဲ၊ အလင်းမာန်ဂိုဏ်း ပျက်စီးမယ့် အလုပ်မှန်သမျှ လိုက်လုပ်တော့တာပဲ'

ဟူကျင်း ဇာတ်လမ်းအစကို သေချာစွာ ပြောပြသည်။ အဘယ့်ကြောင့်ဆိုသော် နောက်ပိုင်း အဖြစ်အပျက် အားလုံးသည် ဤဇာတ်ပန္နက်၏ အကျိုးဆက်ဖြစ်ရပ်များသာ ဖြစ်သောကြောင့်ပေတည်း။ ဇာတ်ပန္နက်ကို သေချာစွာသိရှိထားမှသာလျှင် ဘုန်းကြီးများအနေဖြင့် အဖြူနှင့် အမည်းခွဲခြား သိရှိပေလိမ့်မည်။

ချန်ခွန်းသည် အလင်းမာန်ဂိုဏ်းကို ဖြိုခွဲရန် မည်သို့မည်ပုံကြံစည်သည်။ ရန်ဖော့ထင်း၏ မိန်းမနှင့် မည်သို့ ချိန်းတွေ့၍ မည်သို့ ဖောက်ပြန်ကြပုံ။ ပြီးနောက် အရက်မူးဟန်ဆောင်၍ မည်သို့ ဖောက်ပြန်ကြပုံ။ ပြီးနောက် အရက်မူးဟန်ဆောင်၍ ရှက်စွန်း၏



မိန်းမကို မုဒိမ်းကျင့်ပြီး၊ တစ်အိမ်သားလုံးကို မည်သို့ ရက်ရက်စက်စက်သတ်ပစ်ပုံ။ ရှက်စွန်းကို စိတ်ဖောက်ပြန်စေပြီး သိုင်းလောကရှိလူများအား လျှောက်သတ်စေရန် မည်သို့ ဆွပေးခဲ့ပုံ။ ခုံးကျက်ဆရာတော်ကြီးထံ၌ ချန်ခွန်းမည်သို့မည်ပုံ တပည့်ခံခဲ့ပုံ။ ခုံးကျက်ဆရာတော်ကြီးအား လိမ်လည် လှည့်ဖျား၍ ရှက်စွန်း၏ လက်သီး တစ်ဆယ့် သုံးချက် အထိုးခံခဲ့ပုံ။

ဆရာတော်ကြီး အထိုးခံနေရစဉ် ချန်ခွန်းသည် သူ့ ကတိအတိုင်း ရှက်စွန်းကို ထွက်တွေ့ရမည်ဖြစ်သော်လည်း ကတိအတိုင်းထွက်မတွေ့ခဲ့ပုံနှင့် ခုံးကျက် ဆရာတော်ကြီး ပျံလွန်ခါနီးတွင် ကြီးစွာသော နောင်တရခဲ့ပုံများကို ဟူကျင်းသည် တစ်ဆင့်ပြီး တစ်ဆင့်ကွက်ကွက်ကွင်းကွင်း ရှင်းပြလိုက်သည်။

တုခေါ်သည် နားထောင်ရင်း တဖြည်းဖြည်း တုန်လှုပ်လာတော့၏။ ခုံးကျက် ကိစ္စနှင့် ပတ်သက်၍ ဤကဲ့သို့ ဖြစ်ခဲ့လိမ့်မည်ဟု သူတို့ အနေဖြင့် လုံးဝ တွေးမထင်မိခဲ့ချေ။ ယခု ဟူကျင်း ပြောကြားချက်များသည် အဖြစ်တစ်ခုနှင့်တစ်ခု ချိတ်ဆက်မိရုံမျှမက အံဝင်ခွင်ကျ ရှိလှသည်။ ထို့ကြောင့် တုခေါ်၏ ကြုံးသည် အတွင်းအားဆုတ်ယုတ်ပါးသွားသဖြင့် မာကျောခက်ထန်မှု မရှိတော့ဘဲ ပျော့ပျောင်းညွတ်ခွေလာတော့၏။ တုခေါ်သည် ဟူကျင်းအား မေးလိုက်သည်။

'ဒီလိုဆိုရင် အခု ဖြစ်နေသမျှတွေဟာ အားလုံး သူ့ အကြံအစည်တွေကြောင့် ဖြစ်နေကြတာပေါ့ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းက ရိုသေလေးစားစွာဖြင့် ဆက်လက် လျှောက်ထားသည်။

'ဟုတ်ပါတယ် ဘုရား၊ ဒါတင်လားဆိုတော့ မဟုတ်သေးပါဘူး၊ ချန်ခွန်း ဆိုတဲ့လူဟာ ယုတ်မာတဲ့ နေရာမှာနဲ့ အကြံကြီးတဲ့ နေရာမှာတော့ ပထမတန်းက နေတဲ့သူပါ၊ အခုဆိုရင် ရှောင်လင်ဂိုဏ်းရဲ့ ဂိုဏ်းချုပ် ဆရာတော်ကြီးရဲ့ နေရာကို လိုချင်နေပါတယ် သူက နောက်ကွယ်မှာ တပည့်ဘုန်းကြီးတွေ မွေးထားပါတယ် ရှောင်လင်ကျောင်းတိုက်ထဲမှာ အတွင်းသူလျှို ဖြစ်နေတဲ့ ချန်ခွန်းရဲ့ တပည့်တွေ အခုဆိုရင် အများကြီး ဖြစ်နေလောက်ပါပြီ၊ သူဟာ ခုံ... ဆရာတော်ကြီးကို လုပ်ကြံပြီး...'

ဟူကျင်း၏ စကားမဆုံးသေးမီပင် ဘေးဘက်နံ... ကျောက်တုံးကြီးတစ်တုံးသည် ရုတ်တရက် လှုပ်ရှားလာပြီး သစ်... သုံးပင်ကြားသို့ လိမ့်ဝင်လာ၏။ တစ်စုံတစ်ယောက်၏ လက်ချ... မှုန်း သိရခြင်း တုခေါက အော်ဟစ်လိုက်သည်။

'ဟော့... ဘယ်သူလဲ'

ကြိုးဖြင့် လွှဲရိုက်လိုက်ရာ ကျောက်တုံးကြီးသည် ဘေးဘ... သို့ လွင့်ထွက်သွားတော့၏။ ကျောက်တုံးကြီး၏ နောက်တွယ်... လူတစ်ယောက် ခုန်ထွက်လာပြီး ဟူကျင်းထံသို့ ခုန်အုပ် လိုက်သည်... ထိုသူ့ထံမှ အလင်းရောင်တန်းတစ်ခု ဝင်းခနဲ လင်းလက်သွားကြော... လည်း တွေ့ရှိလိုက်ရသည်။



အဖြစ်အပျက်မှာ အလွန် လျင်မြန်စွာ ဖြစ်သွားခြင်း ဖြစ်သည်။ ဟူကျင်းသည် တုချက်နှင့် တုနန် ဘုန်းတော်ကြီး နှစ်ပါးတို့၏ ကြိုးလက်နက်ဖြင့် တိုက်ခိုက်နေရဆဲဖြစ်၍ အလွန် သတိထားပြီး နခံနေချိန်တွင် မျှော်လင့်မထားသော လူတစ်ယောက်က ဤသို့ချောင်းမြောင်းလုပ်ကြံလိမ့်မည်ဟု လုံးဝ မထင်မှတ်ခဲ့ချေ။

ဤတောင်ကုန်းထိပ်တွင် သူနှင့် ဘုန်းကြီးသုံးပါးသာ ရှိသည်ဟု မှတ်ယူထားရာ ကြားဖြတ် အန္တရာယ်ပေးမည့်သူကို လုံးဝမျှော်လင့်မထားခြင်းဖြစ်၏။ ထိုကြားဖြတ် ရန်သူကို သတိပြုမိလိုက်သောအချိန်တွင် ဓားမှာ သူ၏ ရင်ဝသို့ရောက်ရှိနေလေပြီ။

ဟူကျင်းသည် သူ၏ တစ်သက်တာ၌ အလျင်မြန်ဆုံးသော လှုပ်ရှားမှု တစ်ခုကို ပြုလုပ်လိုက်ရ၏။ ကိုယ်ကို နောက်သို့ လှန်ချ... တစ်ဆက်တည်းပင် ဘေးဘက်သို့ ခုန်ထွက်လိုက်ရသည်။

ကြားဖြတ်ရန်သူ၏ ဓားသည် လွှီးခနဲ အော်မြည်ကာ သူ၏ ရင်ဘတ်မှ အင်္ကျီကိုထိုးခွဲသွားတော့သည်။ အကယ်၍ တစ်စက္ကန့်မျှ ...လောက်သာ ရှောင်တိမ်းရန် နောက်ကျခဲ့လျှင် ဟူကျင်းအဖို့ ရင်ခွဲပြီး... ဖြစ်သွားပေလိမ့်မည်။

ထိုလူသည် သူ၏ လုပ်ကြံမှု မအောင်မြင်သည်နှင့် ကျောက်... တုံးကြီးများကို အကာအကွယ်ယူကာ ကြိုးသုံးချောင်းကြားမှ လိမ့်... ထွက်သွားတော့၏။ သူ၏ လှုပ်ရှားပုံအရ သိုင်းပညာ အလွန်တော်

www.burmeseclassic.com



သော သူတစ်ယောက်ဖြစ်ကြောင်း သိလိုက်ကြရသည်။ ဟူကျင်းသည် ချက်ချင်းပင် အော်လိုက်သည်။

'ချန်ခွန်း…သတ္တိရှိရင် မျက်နှာချင်းဆိုင်ပြီး ဖြေရှင်းပါလား။ မိန်းမကျင့်မိန်းမကြံနဲ့ ဘာဖြစ်လို့ ကျုပ်ကို နှုတ်ပိတ်ဖို့ ကြိုးစားနေတာလဲ၊ အမှန်တရားကိုဘယ်တော့မှ ဖုံးကွယ်လို့ မရဘူးဆိုတာ သိထားစမ်းပါ'

ဟူကျင်းသည် ချောင်းမြောင်း လုပ်ကြံသူ၏ မျက်နှာကို အသေအချာမြင်လိုက်ရသည် မဟုတ်ချေ။ ဤအချိန် ဤနေရာ၌ မိမိအား သေစေလိုသူသည် ချန်ခွန်းမှတစ်ပါး အခြားသူမဖြစ်နိုင်ချေ။ တုခေါ်သည် ထိုလူ လွတ်မြောက်သွားသည်ကို တွေ့ရသောအခါ—

'ဒီလူဟာ တကယ်ပဲ ရှင်ကျင်းလား'

တုနန်က ဖြေလိုက်သည်။

'ဟုတ်တယ်… ရှင်ကျင်းပဲ'

တုခေါ်က…

'ဒီအဖြစ်တွေ အားလုံးရဲ့ တရားခံ မဟုတ်ရင် သူ့အနေနဲ့ ဘာ ကြောက်စရာ ရှိသလဲ၊ ဘာကို စိုးရိမ်စရာ ရှိသလဲ၊ ဘာဖြစ်လို့ နှုတ်ပိတ်ဖို့ကြိုးစားရတာလဲ'

ထိုအခိုက် ရုတ်တရက် ဆိုသလိုပင် တောင်ကုန်း တစ်ဖက်ခြမ်းမှ လူများ အော်ဟစ်သံကိုကြားလိုက်ရသည်။ ချက်ချင်းပင် လူ



ခုနစ်ယောက် ရှစ်ယောက်ခန့် တောင်ကုန်းထိပ်သို့ ခုန်လွှား ရောက်ရှိလာကြတော့၏။

လူတစ်ယောက်၏ အော်ဟစ်သံသည် တောင်ကုန်း တစ်ခုလုံးတွင် လွင့်ပျံ့သွားတော့သည်။

'ရှောင်လင်ဂိုဏ်းက ဘုန်းကြီးတွေဟာ ဘယ်လိုလဲ၊ ပါးစပ်က ဘုရား…ဘုရား၊ လက်က ကားရား…ကားရား ဆိုတာ ဒီလို ဘုန်းကြီးတွေမဟုတ်လား၊ အားလုံး ဝိုင်းတိုက်ကြဟေ့'

သူ့အသံသည် ကြက်သီးထဖွယ် ကောင်းလှတော့သည်။ ထိုသူ့ရှစ်ယောက်စလုံး လက်နက်ကိုယ်စီဖြင့် ဘုန်းကြီး သုံးပါးစလုံးအား ဝင်ရောက်တိုက်ခိုက်ကြတော့၏။

ယခုအချိန်တွင် ဟူကျင်းသည် မည်သည့် တိုက်ကွက်နှင့်မျှ ရင်ဆိုင်ရခြင်း မရှိတော့ပေ။ ဘုန်းကြီးသုံးပါးတို့ အလယ်တွင် အေးအေးစွာ ထိုင်လျက် ပွဲကြည့်ပရိတ်သတ် တစ်ယောက်အဖြစ် ကြည့်ရှုနေရလေပြီ။

ဤလူများ၏ သိုင်းကွက်များသည် လွန်ခဲ့သော ရက်များအတွင်း ရှောင်လင်ဘုန်းကြီးများ၏ လက်ချက်ကြောင့် သေခဲ့ရသူများ၏ သိုင်းကွက်များနှင့် တူညီနေသည်။

ထိုလူ ရှစ်ယောက်အနက် သုံးယောက်သော သိုင်းသမားများ၏ သိုင်းကွက်များသည် အဆင့်အတန်း လွန်စွာ မြင့်မားကြခြင်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ယခင်က သေခဲ့သူများ၏ဂိုဏ်းတွင် ဤသိုင်းသမား သုံးယောက်သည် ဝါစဉ်ကြီး သိုင်းသမားကြီးများ ဖြစ်ကြဟန် တူသည်။

တိုက်ပွဲသည် သုံးနေရာခွဲ၍ ဖြစ်ပွားနေသည်။ ဘုန်းကြီး သုံးပါးကို သုံးစုခွဲ၍ တိုက်နေကြခြင်းဖြစ်သည်။ လူသုံးယောက်က တုခေါ်ကို တိုက်ခိုက်၏။ နောက် သုံးယောက်က တုချက်ကို တိုက်ခိုက်၏။ ကျန်နှစ်ယောက်က တုနန်ကို တိုက်ခိုက်၏။

တုနန်အနေဖြင့် လူနှစ်ယောက်တည်းသာ တိုက်ခိုက်နေသည်ဟု ဆိုရသော်လည်း ထိုလူနှစ်ယောက်သည် ရှစ်ယောက်ထဲမှ အတော်ဆုံးသူများ ဖြစ်နေသဖြင့် တုနန်အဖို့ လွယ်လွယ်ကူကူ ဖြင့် မတိုက်နိုင်ဘဲ ဖြစ်လာသည်။ တဖြည်းဖြည်း ရှုံးနိမ့်မှုများ ပြလာသည်။

တုခေါ်ကမူ သုံးယောက် တစ်ယောက် တိုက်နေရသော်လည်း အေးအေးဆေးဆေးပင် တိုက်ခိုက်နေနိုင်သည်။ နောက်ထပ် အကွက် နှစ်ဆယ်ခန့် တိုက်ခိုက်လိုက်ကြသော အခါ တုခေါ်သည် အခြေအနေအားလုံးကို သုံးသပ်သွားမိသည်။

တုနန်သည် တဖြည်းဖြည်း ရှုံးနိမ့်လာကြောင်း တွေ့ရ သုံးသပ်သွားသဖြင့် တုနန်နှင့် တိုက်ခိုက်နေသော လူနှစ်ယောက်ကို ကြိုးဖြင့် လှမ်းရိုက်လိုက်၏။ တုနန်ဘက်က ဝင်ရောက်ကူတိုက် လိုက်ခြင်း ဖြစ်သည်။



တုခေါ် လှမ်းရိုက်လိုက်သော အဘိုးကြီး နှစ်ယောက်တို့ သည် သံမဏိစုတ်တံ နှစ်ချောင်းစီ ကိုင်ထားပြီး တိုက်ခိုက်နေကြ ခြင်း ဖြစ်သည်။ သူတို့သည် အကြောထိုး သိုင်းပညာရှင်ကြီးများ ဖြစ်ဟန် ရှိသည်။

ထိုအချိန်၌ တိုက်ပွဲအခြေအနေ ပြောင်းလဲသွားပြန်သည်။ တုချက်ကတစ်ယောက် တစ်ယောက်၊ တုခေါ်နှင့် တုနန်တို့က ငါးယောက်ဖြင့်ယှဉ်ပြိုင်လျက် ရှိနေကြသည်။

တိုက်ပွဲသည် လက်ရည်ညီသွားပြီ ဖြစ်၍ တစ်ဦးကို တစ်ဦး အနိုင်ယူရန် မလွယ်ကူတော့ချေ။ သိုင်းကွက်ပေါင်း တစ်ရာကျော် ကြာသောအခါ ဘုန်းကြီးသုံးပါးစလုံး၏ ကြိုးများသည် တဖြည်း ဖြည်း တိုလာတော့သည်။ ထိုသို့ ကြိုးများကို တိုသွားစေသဖြင့် တိုက်ခိုက်ရာတွင် အတွင်းအားကို ပိုမိုမသုံးရတော့ချေ။ သို့သော် လျှင်မြန်သွက်လက်မှုတော့ နည်းသွားသည်။ နောက်ထပ် အချိန် အနည်းငယ် ကြာလာသည့် အခါတွင် ကြိုးများ ထပ်မံတိုသွားပြန် တော့သည်။

သံမဏိစုတ်တံကိုင် အဘိုးကြီး နှစ်ယောက်တို့သည် ဘုန်း ကြီးများနှင့် အနီးကပ် တိုက်ခိုက်နိုင်ရန်သာ ကြိုးစားနေကြလေသည်။

သူတို့သည် လက်နက် ကိုင်ဆောင်ထားသူများ ဖြစ်ရာ အနီးကပ်တိုက်ခိုက်နိုင်သည်နှင့် အမျှ သူတို့အနေဖြင့် သေချာပေါက် အသာရနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးသုံးပါးစလုံးအဖို့မှ ရှုံးနိမ့်ရန် ပိုနီးစပ်သွားပေ၏။ သို့သော် ဘုန်းကြီးများ၏ တိုက်ပွဲပရိယာယ်သည် တစ်မျိုးတဖုံ ဖြစ်လာသည်။ ဘုန်းကြီးများသည် ရှုတို့၏ ကြိုးများကို တို လိုက်သည့်အချိန်မှစ၍ တိုက်စစ် လုံးဝ မဆင်တော့ဘဲ ခံစစ်ကိုသာ အဓိကထားတော့သည်။

ထို့ကြောင့် အဘိုးကြီးနှစ်ယောက်သည် အနီးကပ် တိုက် ခိုက်နိုင်ရန် အပြင်းအထန် ထိုးဖောက်သော်လည်း မတတ်နိုင်ဘဲ ဖြစ်နေရသည်။

ဘုန်းကြီးသုံးပါးအဖို့ ယခင်ယခင်အချိန်များက သူတို့ ကသာ အပေါ်စီးဖြင့် တိုက်ခိုက်ကြရဖူး၏။ ယခုရန်သူတို့က မိမိ တို့အား အပေါ်စီးဖြင့် တိုက်ခိုက်လျက်ရှိနေကြပြီ။

ဘုန်းကြီးသုံးပါးစလုံး တိုက်ခိုက်ရင်း စိတ်တွင်းမှ ကျိတ်၍ ညည်းလိုက်မိသည်။ ထိုသို့ ညည်းညူမိခြင်းမှာ ရန်သူများက သူတို့အား အသာစီးမှ တိုက်ခိုက်နေခြင်းကြောင့် အမြင်ပန်းအားဖြင့် ခံစစ်ဖြစ်သွားသည်ကိုသာ မြင်ကြရသည်။

သို့သော် ဤသို့ကြိုးများ ရှစ်ပေအထိ တိုလိုက်ပြီးသည်မှ သုံးယောက်ပေါင်း တိုက်ကွက်တစ်မျိုးကို အသုံးပြုလိုက်ကြပြီ ဖြစ်ပေသည်။ ထိုတိုက်ကွက်သည် ခံစစ်ကို အဓိကထားသော်လည်း မည်သို့မျှမရှုံးနိမ့်စေသော တိုက်ကွက်ဖြစ်သည်။ မိမိ၏ ခန္ဓာကိုယ် လုံခြုံရေးတွင် ရေပက်မဝင်အောင် ကောင်းမွန်လှသော တိုက်ကွက်



ဖြစ်သည်။ ထိုတိုက်ကွက်ဖြင့် တိုက်ရလျှင် အချိန် ဘယ်လောက် ကြာကြာ အရေးမကြီး။ လူဘယ်လောက်များများ အရေးမကြီး။ယခု လူရှစ်ယောက် မပြောနှင့်၊ နောက်ထပ် လူအယောက်နှစ်ဆယ်ခန့် တိုးလာလျှင်လည်း ကောင်းစွာ ခုခံနိုင်သည်။ သူတို့တကယ်တမ်း ညည်းညူရသည့် အံကြောင်းမှာ သူတို့သုံးယောက်နှင့် လက်ရည်တူ တိုက်ခိုက်နေသည့် ရန်သူကြီး ကျန်းဟူကျင်း သစ်ပင်သုံးပင်ကြား ထိုင်စောင့်နေခြင်းပင်တည်း။

ကျန်းဟူကျင်းကသာ ယခုအချိန်တွင် သူတို့အား ဝင်ရောက် တိုက်ခိုက်လျှင်တော့ သူတို့သုံးယောက်စလုံး မုချ သေဆုံးရပေ တော့မည်။

သူတို့မြင်နေကြသည်။ ကျန်းဟူကျင်းသည် ခြေတင်ပျဉ်ခွေ ထိုင်ပြီး အခွင့်ကောင်းကို စောင့်ဆိုင်းလျက်ရှိနေချေပြီ။

တကယ်တန်းအားဖြင့် ဟူကျင်းအနေဖြင့် ဝင်ရောက်တိုက် ခိုက်လိုစိတ်ရှိလျှင် အစောကြီးကတည်းက ဝင်ရောက်တိုက်ခိုက် နိုင်၏။ ဘုန်းကြီးသုံးပါး၏ အသက်ကို ချွေလိုလျှင် လွယ်လွယ်ကူကူ ကလေး ချွေနိုင်သည်။ သို့သော် ဟူကျင်းသည် စိတ်သဘော ထားမြင့်မြတ်သော လူတစ်ယောက်ဖြစ်သည်။ သွေးဆာနေသော လူသတ်သမားတစ်ယောက် မဟုတ်ချေ။ ဤမျှသက်တော်ရှည်တော် ကြီးနေပြီး ဤမျှ တရားထိုင်ထားကြသော ဘုန်းတော်ကြီးများအား



www.burmeseclassic.com

www.burmeseclassic.com



သတ်ဖြတ်သူသည် အလွန်တရာ မိုက်မဲသော လူတစ်ယောက်သာ ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ဟူကျင်းအနေဖြင့် တိုက်ပွဲတွင်း ဝင်ရန်လည်း မကြိုးစား။ ဘုန်းကြီးများကိုလည်း သတ်ရန် မကြိုးစားခြင်း ဖြစ်သည်။

သို့ရာတွင် ဘုန်းကြီးများက သူက မတိုက်ဘဲ အကျဉ်းအကျပ် ကျနေသည့် အခွင့်အရေးကို အသုံးချကာ သူ့အဖေကြီး ရုက်စွန်းကို ကယ်တင်ရန် ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် ချန်ခွန်း၏ အပြုအမူအတိုင်း တောင်ဂမူထိပ် သစ်ပင်ကြီးသုံးပင်၏ အလယ် တည့်တည့် မြေကြီးအောက်သို့ ငုံ့ကြည့်လိုက်သည်။

ထိုအလယ်တွင် ကျောက်ချပ်ကြီးတစ်ခု ဖုံးအုပ်ထားကြောင်း တွေ့ရှိရသည်။ ကျောက်ချပ်ကြီးအောက်၌ အပေါက်တစ်ပေါက်ရှိမည်မှာ မုချဆတ်ဆတ် သေချာလှတော့သည်။

ဟူကျင်းအဖို့ ဤအချိန်သည် မဟာအခွင့်အရေးကြီးပင်တည်း။ဤအခွင့်အရေးလွတ်သွားလျှင်မူ အနောင်တွင် သူ့အဖေကြီး၏ အသက်ကို ကယ်နိုင်တော့မည် မဟုတ်ဟု ထွက်မိသဖြင့် ကျောက်ချပ်ကြီးကို ဘေးသို့ ဆွဲတွန်းလိုက်သည်။ ကျောက်ချပ်ကြီးသည် ဘေးသို့ တဖြည်းဖြည်း ရွေ့လာစဉ်ပင် သူ၏ နောက်ကျောမှ လေလှိုင်းတစ်ခု၏ လှုပ်ရှားလာသံကို ခံစားသိရှိလိုက်မိသည်။





အကြောင်းမှာ ဟူကျင်းနှင့် အနီးဆုံးဖြစ်သော တုနန်သည် ဟူကျင်း ကျောက်ချပ်ကြီးကို တွန်းရွှေ့နေကြောင်း တွေ့ရှိသောအခါ လက်ဝါးစောင်းဖြင့် လှမ်းရိုက်လိုက်ခြင်းဖြစ်၏။

ထိုလက်ဝါးစောင်းကြောင့် လှိုင်းခတ်လှုပ်ရှားသွားသော လေလှိုင်း၏ ရွေ့လျားမှုကို သတိပြုမိပါက ထိုလက်ဝါးစောင်းတစ်ချက်တည်းဖြင့် ဟူကျင်း အသက်ပျောက်သွားရပေမည်။

ဟူကျင်း အဖို့ တုနန်၏ ရိုက်ချက်ကို ကောင်းစွာ သတိပြုမိပြီးဖြစ်သဖြင့် အရေးမစိုက်တော့ချေ။ ဟူကျင်းသည် အားပြောင်းအားလွှဲသိုင်းပညာကို အသုံးပြုလျက် တုနန်၏ လက်ဝါးစောင်းရိုက်အားကို သူ၏လက်နှစ်ဘက်သို့ လွှဲယူလိုက်ပြီး ကျောက်ချပ်ကြီးကို အရှိန်ဖြင့် တွန်းလိုက်ရာ ကျောက်ချပ်ကြီးသည် ဘေးဘက်သို့ နှစ်ပေခန့်မျှ ရွေ့လျားသွားတော့သည်။

ဟူကျင်းဝတ်ဆင်ထားသည် အကျႌနောက်ကျောသည် အစိတ်စိတ် အမြွာမြွာ ပြဲသွားတော့သည်။

တုနန်၏ ရိုက်ချက်သည် ဟူကျင်း၏ အားပြောင်းအားလွှဲသိုင်းပညာကြောင့် ဟူကျင်း၏ ခန္ဓာကိုယ်အား မည်သို့မျှ ဒုက္ခ မပေးနိုင်သော်လည်း ဟူကျင်း၏ အကျႌသို့မူ အဖျားခတ်သွားခြင်း ဖြစ်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



တုနန်သည် ဟူကျင်းဘက်သို့ လှည့်၍ တိုက်ခိုက်နေသည့် အခိုက် သူ၏ ကြိုးလက်နက်၌ တိုက်ခိုက်မှု ပျော့သွားပြီး ဟာကွက် ပေါ်သွားတော့သည်။ ထိုအခွင့်အရေးကို လက်လွတ်မခံဘဲ ပါးသိုင်း မွေးနှင့် အဘိုးကြီးတစ်ယောက်သည် ရုတ်တရက် ခုန်အုပ်လိုက် တော့သည်။

သည်ဘုန်းကြီးသုံးပါးသည် ကြိုးဖြင့် တိုက်ခိုက်သူများ ဖြစ်၍ကြိုးလက်နက်ဖြင့် အဝေးတိုက်ခိုက်မှုကို ကျွမ်းကျင်ကြသည်။ အနီးကပ် တိုက်ခိုက်မှုကိုမူ ကျွမ်းကျင်မှုကို သိပ်မရှိလှပေ။ ထို့ကြောင့် အဘိုးကြီးသည် တုနန်အနီးသို့ လျင်မြန်စွာ ခုန်ဝင်သွားနိုင်ပြီး တုနန်၏ ဘယ်ဘက်ရင်အုံရှိ အကြောမကြီးကို ထိုးပိတ်လိုက်တော့ သည်။

ဤမျှ နီးကပ်သော အကွာအဝေးတွင် တုနန်၏ ကြိုးသည် မည်သို့မျှ အသုံးမဝင်ဘဲ ဖြစ်သွားရသည်။ တုနန်သည် သူကိုင် ထားသည့် ကြိုးလက်နက်ကို ကမန်းကတန်း လွှတ်ချလိုက်ရပြီး ညာဘက်လက်ဝါးဖြင့် သူ၏ ရင်အုံကို ကာကွယ်လိုက်ရသည်။ တဆက်တည်းပင် ဘယ်ဘက်လက်က ပြန်တိုက်ခိုက်လိုက်သည်။

တုနန်အနေဖြင့် ဤအဘိုးကြီး၏ အန္တရာယ်ကို ရုတ်တရက် ကာကွယ်နိုင်လိုက်သည်မှာ မှန်သော်လည်း သူ၏ကြိုးလက်နက်ကို အောက်သို့ လွှတ်ချထားလိုက်ရသဖြင့် သုံးပါးပေါင်း ကြိုးလက်နက် တိုက်ကွက် ပျက်ပြားသွားရတော့၏။



ထို့ကြောင့် သံမဏိစုတ်တံခွန် ကိုင်ဆောင်သော အဘိုးကြီး ကလည်း ခုန်အုပ်ဝင်ရောက်လာပြန်တော့သည်။

ထိုစဉ် မြေကြီးတွင် အချည်းအနှီးကျနေသော တုနန်၏ ကြိုးသည် ရုတ်တရက် ပါးပြင်သောင်လာသော မြွေဟောက် တစ်ကောင်ကဲ့သို့ 'ရှူး' ခနဲ မြောက်တတ်လာပြီး စုတ်တံကိုင်အဘိုး ကြီး၏ နဖူးသို့ ပာန်းခနဲဝင်သွားတော့၏။ ကြိုးမရောက်သေးမီပင် အားလှိုင်းတစ်ခုက ရိုက်ခိုက်လျက် ရှိနေပေပြီ။

အဘိုးကြီးသည် သူ့နဖူးသို့ မြွေဟောက် တစ်ကောင်က ထိုးပေါက် လိုက်သည့်ပမာ ဝင်လာသော ကြိုးကို စုတ်တံနှစ်ချောင်း ဖြင့် ကန့်လန့်ခံ၍ ခုခံလိုက်ရသည်။ ကြိုးနှင့်စုတ်တံ ရိုက်မိသော အခါ အဘိုးကြီး၏ လက်နှစ်ဘက်စလုံး ထုံကျဉ် သွားကာ စုတ်တံ နှစ်ချောင်းသည်လည်း လွင့်စင်ထွက်သွားတော့ မတတ် ခံစားလိုက်ရ တော့၏။

ထိုကြိုးသည် လုံးဝရပ်နားခြင်း မရှိဘဲ ဘေးဘက်သို့ ဆွဲယမ်း ရိုက်ခိုက်သွားပြန်ရာ နောက်ထပ် သုံးယောက်သည် တိုက် ခိုက်နေရာမှ နောက်သို့ ခုန်ရှောင်ထွက်သွားရပြန်သည်။

ထိုအချိန်မှစ၍ ပျက်ပြားနေခဲ့သည့် ကြိုးလက်နက် တိုက်ကွက်တည် သုံးချောင်းစလုံး ပြန်လည် ပေါင်းစပ်မိသွားကြပြီး ခွင်အားအပြည့်အဝဖြင့် မြန်လှန်ခုခံ တိုက်ခိုက်နိုင်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခင်က တိုက်ခိုက်သည့် အရှိန်နှုန်းထက်ပင် ပိုမို ပြင်းထန်နေပေသေးသည်။

ရှောင်လင်ဘုန်းကြီး သုံးပါးစလုံးသည် အလွန် အံ့ဩသွားကြသဖြင့် တုနန်၏ ကြိုးကို ကိုင်ထားသူအား လှမ်းကြည့် လိုက်ကြသည်။ ထိုအချိန်ကျမှ သူတို့အားလုံး ဘယ်ခနဲ အော်မိမျှမတတ် အဆုံးစွန်သော အံ့ဩခြင်းဖြင့် အံ့ဩမိတော့၏။ အဘယ့်ကြောင့်ဆိုသော် တုနန်၏ ကြိုးစကိုကိုင်၍ သူတို့ဘက်မှ ဝင်ရောက်တိုက်ခိုက်ပေးနေသူကား သူတို့က အင်္ဂါ ရန်သူကြီးအဖြစ် သတ်မှတ်ထားသော ကျန်းဟူကျင်း ဖြစ်နေသောကြောင့်ပင်တည်း။

ဟူကျင်းသည် တုနန်၏ ကြိုးသိုင်းပညာကို ကောင်းစွာ မကျွမ်းကျင်သော်လည်း သူ၏အတွင်းအားသည် တုနန်ထက် အတော်ပင် မြင့်မားသဖြင့် ကြိုးကို လက်နက်အဖြစ် ရုတ်ခြည်း အသုံးချနိုင်ခြင်း ဖြစ်ပေသည်။

ဟူကျင်း၏ ကြိုးလက်နက်ကြောင့်ပင် လူ ခုနစ်ယောက်စလုံး နောက်သို့ ခုန်ဆုတ်သွားရခြင်း ဖြစ်သည်။ တုနန်နှင့် တိုက်ခိုက်နေသော အဘိုးကြီးမှာလည်း တဖြည်းဖြည်း ရှုံးနိမ့်လာတော့၏။ တကယ်တမ်း တစ်ယောက်ချင်း တိုက်ခိုက်ကြသောအခါတွင် တုနန်သည် ဤအဘိုးကြီးထက် အဆင့်နှစ်ဆင့်မျှ ပို၍ မြင့်မားနေကြောင်း တွေ့ရှိရတော့သည်။ ထို့ကြောင့် ထိုအဘိုးကြီးသည်လည်း လေ



တစ်ချက်ချွန်ကာ သူ့အဖော် ခုနစ်ယောက်ခုန်ထွက်သွားသည့် တိုက်ပွဲဝိုင်းအပြင်သို့ ပြန်လည် ခုန်ထွက်သွားတော့သည်။

ကျန်းဟူကျင်းသည် သူကိုင်ထားသည့် ကြိုးကို တုနန်၏ လက်ထဲသို့ ပြန်လည် ထည့်ပေးလိုက်သည်။ သူကမူ တွင်းကြီး၏ အောက်သို့ ငုံ့ကြည့်ကာ အော်ဟစ်မေးမြန်းလိုက်သည်။

'အဖေကြီး... ကျွန်တော် ဟူကျင်းလေ၊ ကျွန်တော် အဖေကြီး ဆီ လာကယ်တာ၊ အဖေကြီး အပြင်ကို ထွက်နိုင်ရဲ့လား'

တွင်းထဲမှ ရှက်စွန်း၏အသံ ပြန်ပေါ်လာသည်။

'ငါ မထွက်ဘူး လူလေး၊ မင်း လိမ္မာတယ်၊ ဒါပေမယ့် ငါ့ကို စောင့်မနေနဲ့တော့၊ မင်းဘာသာ မင်းပြန်သွားတော့'

ဟူကျင်းသည် အလွန် အံ့ဩသွားသည်။ ထို့ကြောင့် ထပ်မံ အော်ဟစ်မေးမြန်း လိုက်ပြန်သည်။

'အဖေကြီးကို အကြောပိတ်ထားသလား၊ ဒါမှမဟုတ် ကြိုးနဲ့ ချည်ထားလို့လား'

ဟူကျင်းသည် ရှက်စွန်း၏ အဖြေကို လုံးဝမစောင့်တော့ဘဲ တွင်းထဲသို့ ခုန်ဆင်းသွားတော့၏။ ဟူကျင်းသည် ဗွမ်းခနဲ ရေထဲသို့ ကျသွားတော့သည်။ ရေသည် ခါးဝက်ခန့် နက်သည်။

'အား...တော်တော် ရက်စက်တဲ့ ဘုန်းကြီးတွေပါလား၊ အဖေကြီးကို တစ်ချိန်လုံး ရေစိမ်ထားကြတာကို'

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် များစွာ စိတ်ထိခိုက်သွားတော့သည်။ သူသည် ရှက်စွန်းရှိရာသို့ ရောက်အောင်သွားပြီး ရှက်စွန်း၏ ခြေလက်များကို သံကြိုးများဖြင့် ချည်နှောင်ထားခြင်း ရှိမရှိ၊ စမ်းသပ်ကြည့်လိုက်သည်။ သံကြိုးဟူ၍ တစ်ပင်တစ်လေမျှပင် မရှိချေ။ ထို့ပြင် အကြောများ ထိုးပိတ်ခံရခြင်း ရှိမရှိ စမ်းသပ်ကြည့်သောအခါတွင်လည်း လုံး၀ အကြောပိတ်ခံရခြင်း မရှိကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် ဟူကျင်းသည် ရှက်စွန်း၏ လက်မောင်းကိုဆွဲ၍ တွင်းနဖူးပေါ်သို့ ခုန်တက်လိုက်သည်။ ရှက်စွန်းသည် ဟူကျင်း တွန်းဖယ်ထားသည့် ကျောက်ချပ်ကြီးပေါ်၌ ထိုင်လိုက်သည်။

ဟူကျင်းသည် အေးအေးဆေးဆေး ထိုင်နေသော ရှက်စွန်းအား ပြောလိုက်သည်။

'အဖေကြီး...အခု သူတို့ နစ်ဘက်တိုက်ပွဲဖြစ်နေကြတယ်။ ကျွန်တော်တို့ ထွက်ပြေးဖို့ အကောင်းဆုံး အချိန်ပဲ အဖေကြီး ကျွန်တော်တို့ ပြေးကြစို့'

ဟူကျင်းသည် သူ့အဖေကြီး၏ လက်ကိုဆွဲ၍ ထွက်ခွာဟန်ပြုလိုက်သည်။ သို့သော် ရှက်စွန်းကမူ တုတ်တုတ်မျှ မလှုပ်။ ကျောက်ရုပ်ကြီးတစ်ရုပ်အလား ကျောက်ချပ်ကြီးပေါ်တွင် ငြိမ်သက်စွာ ထိုင်မြဲထိုင်နေသည်။ အတန်ကြာသောအခါမှ စကား စတင်ပြောသည်။



'လူလေး ဟူကျင်း... ငါ့ဘ၀မှာ အကြီးမားဆုံးသော ပြစ်မှုကြီးကတော့ ခုံးကျက်ဆရာတော်ကြီးကို သတ်မိခဲ့တာပဲ၊ ငါ့ကိုသာ ချောင်လင်ဂိုဏ်းက မဟုတ်ဘဲ သည့်ပြင်ဂိုဏ်းက ဖမ်းထားလို့ကတော့ ငါက ပြန်တိုက်မှာပဲ၊ ဒါပေမယ့် အခု ရှောင်လင်ဂိုဏ်းမှာ ငါ ရောက်နေတာကတော့ ငါ့သဘောနဲ့ငါ အဖမ်းခံလိုက်တာပါ'

ဟူကျင်းသည် စိတ်ထဲမှ အလန့်တကြား ရေရွတ်လိုက်မိတော့သည်။

'အလို...ဘုရား...ဘုရား... အဖေကြီးက သက်သက်အဖမ်းခံလိုက်တာကိုး'

ပြီးမှ စိုးရိမ်ပူပန်စွာနှင့် ပြောလိုက်သည်။

'အဖေကြီး...အဖေကြီးက ခုံးကျက်ဆရာတော်ကြီးကို တမင်သတ်ချင်လို့မှ မဟုတ်ဘဲ၊ မတော်တဆ လက်လွန်မိလို့ ပွဲလွန်သွားတာပဲ၊ နောက်ပြီး တကယ်တော့ ဒါတွေအားလုံးဟာ ဟို...ချန်ခွန်းဆိုတဲ့ လူယုတ်မာရဲ့ လှည့်ကွက်ကြောင့် ဖြစ်ပျက်ခဲ့ရတာပဲ ဥစ္စာ၊ အဖေကြီးမှာ အပြစ်မရှိပါဘူး တစ်ခုရှိသေးတယ်၊ အဖေကြီးရဲ့ အိမ်သားလုံးရဲ့ ရန်ကြွေးကိုတောင် မချေရသေးဘူး၊ ဘာဖြစ်လို့ အသခံရမှာလဲ'

ရှက်စွန်းသည် သက်ပြင်းရှည်ကြီးချလိုက်သည်။ ပြီးမှ...

'လူလေး...ဒီတစ်လ ကျော်ကျော်လောက် အချိန် အတွင်းမှာ ဘုန်းကြီး သုံးပါးဟာ ငါ့ကို နေ့တိုင်းနေ့တိုင်း တရားဟောခဲ့တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ငါကလဲ တွင်းထဲကနေပြီး ဘုန်းတော်ကြီးတွေရဲ့ တရားကို လိုလို့ချင်ချင် နာယူခဲ့တယ် လူလေး၊ အခုဆိုရင် ငါ အမြင်မှန်ရနေပါပြီ၊ ငါ့အပြစ်တွေ ငါမြင်နေပါပြီ၊ ငါ့ရဲ့ လက်နှစ်ဘက်မှာလဲ သွေးတွေ သိပ် ပေကျံနေပါပြီ၊ ဒါကြောင့်မို့ ငါဟာ ထိုက်ထိုက်တန်တန်ကြီးကို သေသင့်နေပါပြီ၊ သွားတော့လူလေး၊ ငါ့ကို ဂရုစိုက်မနေနဲ့တော့၊ မင်း ဖာသာမင်း ပြန်သွားပေတော့ လူလေး'

ဟူကျင်းသည် သူ့အဖေကြီး၏ စကားများကို ကြားရသောအခါ ရင်နာလာသဖြင့် အော်ဟစ်ပြောဆိုမိသည်။

'အဖေကြီး...ကျွန်တော်နဲ့ လိုက်မလား မလိုက်ဘူးလား၊ မလိုက်ရင်တော့ ကျွန်တော်က အတင်းအကျပ် ထမ်းခေါ်သွားရမှာပဲ'

ဟူကျင်းက ရက်စွန်း၏ လက်နှစ်ဘက်ကို ဆွဲယူကာ ရက်စွန်း၏ ခန္ဓာကိုယ်ကို ပခုံးပေါ် ထမ်းတင်လိုက်သည်။ ထိုစဉ် တောင်ကုန်း၏ အောက်ခြေမှ အော်ဟစ်သံများ အတိုင်းသား ကြားလိုက်ရတော့သည်။

'ဘယ်သူတွေလဲဟေ့... ရှောင်လင်ဘုရားကျောင်းမှာ လာပြီး ရမ်းကားနေကြတာလဲ'

လူဆယ့်ယောက်ခန့် တောင်ကုန်းထိပ်သို့ အော်ဟစ်ပြေးတက် လာနေကြချေပြီ။ ဟူကျင်းသည် ရက်စွန်းကို ထမ်း၍ ပြေးထွက်ရန်ပြုလိုက်စဉ်တွင် သူ၏လက်နှစ်ဘက်စလုံးတွင် ရုတ်တရက် ထုံကျဉ်သွားပြီး မလှုပ်ရှားနိုင်ဘဲ ဖြစ်သွားရသည်။



ဟူကျင်းသည် သူ့အဖြစ်ကို သူ မစဉ်းစားတတ်အောင် ဖြစ်သွားမိသည်။ အကြောင်းမှာ ရက်စွန်းသည် ဟူကျင်း၏ လက်နှစ်ဘက်ရှိ အကြောကို ထိုးပိတ်လိုက်ခြင်းသာ ဖြစ်တော့သည်။ လက်နှစ်ဘက် အကြောပိတ်ခံလိုက်ရသည့် နောက်တွင် ဟူကျင်း အနေဖြင့် ရက်စွန်းကို မည်သို့ ထမ်း၍ပြေးနိုင်ပါတော့မည်နည်း။

ထိုအခါကျမှ ရက်စွန်းသည် ဟူကျင်း၏ ပခုံးပေါ်မှ ဆင်းလိုက်သည်။ ဟူကျင်းသည် စိတ်တိုချင်ချင် ဖြစ်သွားသဖြင့် သူ့အဖေကြီးအား မကျေမနပ်ဖြင့် ပြန်လှန်မေးလိုက်သည်။

'အဖေကြီး... ကျွန်တော့်ကို ဘယ်လို လုပ်လိုက်တာလဲ'

ရက်စွန်းက...

'လူလေး... ငါ့ကို အထင်မလွဲနဲ့၊ မင်းကိုယ်တိုင် ဒီက ဘုန်းတော်ကြီးသုံးပါးကို ရှင်းပြပြီးပြီ မဟုတ်လား သူတို့အားလုံး အပြစ်မှန် သိသွားကြပြီပဲ။ လူကလေး ကျေနပ်ပေတော့။ ဒါပေမယ့် အဖေကြီးရဲ့ အပြစ်ကိုတော့ အဖေကြီးပဲ ခံရမယ်၊ ဒီအချိန်မှာမှ ငါ့အပြစ်တွေအတွက် ပေးဆပ်မသွားရင် နောင် ဒီအပြစ်အတွက် ဘယ်လို ပေးဆပ်နိုင်တော့မှာလဲ၊ နောက်ပြီး ငါက တင်ရှိနေတဲ့ ရန်ငြိုးဆပ်ဖို့ ကိစ္စလဲ ရှိသေးတယ်၊ ငါ့အတွက် ရန်ငြိုးဆပ်ဖို့ အခုအချိန်မှာမှ မင်းထွက်မသွားသေးရင် ဘယ်အချိန်မှာ ထွက်သွားတော့မှာလဲ၊ မင်းမသွားရင် ငါ့ရဲ့ ရန်ငြိုးကို ဘယ်သူဆပ်ပေးမလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် ရုတ်တရက် တုန်လှုပ်သွားသည်။ သူ့အဖေကြီး၏ ရန်ငြိုးဆပ်ပေးနိုင်သူမှာ သူတစ်ယောက်တည်းသာ ရှိပေတော့သည်။

ထိုစဉ် အဘိုးကြီးရှစ်ယောက် အဖွဲ့သည်လည်း ရှောင်လင်ဂိုဏ်းမှ စစ်ကူများ ရောက်ရှိလာသည်ကို တွေ့လိုက်ရသောအခါ အခြေအနေ မဟန်တော့မှန်း ရိပ်မိလိုက်ကြသည်။

ယနေ့အဖို့ သူတို့ အနိုင်ရသည် မှန်သော်လည်း အမည်မသိလူငယ်တစ်ဦးကြောင့် သူတို့ ကိစ္စကို အောင်မြင် ပြီးမြောက်အောင် မဆောင်ရွက်နိုင်ဘဲ ဖြစ်သွားခဲ့ရသည်။ ထို့ကြောင့် အဘိုးကြီးတစ်ယောက်သည် မကျေမနပ် ဖြစ်လာသဖြင့် အသံကိုမြှင့်၍အော်ဟစ်မေးမြန်းလိုက်သည်။

'ကိုယ်နဲ့ မဆိုင်ဘဲ ဝင်ရှုပ်တဲ့ ဟိုလူငယ်ရဲ့ နာမည်ကို မသိရဘူးလား'

တုခေါ်က...

"အလင်းမာန်ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်းဆိုတာ သူပဲ"

သံမဏိစုတ်တံကိုင် အဘိုးကြီးများသည် 'ဟယ်'ခနဲ ဖြစ်သွားကြသည်။ အလွန်အံ့ဩသွားကြခြင်း ဖြစ်တော့သည်။

ရှေ့ဆုံးမှအဘိုးကြီးက လက်ဟန်တစ်ချက် ပြလိုက်သောအခါ ရှစ်ယောက်စလုံး တောင်အောက်သို့ ပြေးဆင်းသွားကြတော့သည်။



ရှောင်လင်ဘုန်းကြီးက တားဆီးရန် ကြိုးစားကြသေးသော်လည်း ထိထိရောက်ရောက် တားဆီးနိုင်ခြင်း မရှိတော့ပေ။ အားလုံးခုန်ပျံ ပြေးထွက်သွားကြတော့သည်။

တုခေါ် အပါအဝင် ဘုန်းကြီးသုံးပါးစလုံးသည် ရက်စွန်းနှင့် ဟူကျင်းတို့ အခြေအတင် စကားပြောနေကြသည်ကို အသေအချာကြားနေရသည်။ ဟူကျင်း၏ စိတ်သဘောထားနှင့် ပတ်သက်၍ ဘုန်းကြီးသုံးပါးစလုံး နားလည်မှု ရှိသွားကြပေပြီ။ စောစောတုန်းက ဟူကျင်း အနေဖြင့် သူတို့ကို အခွင့်ကောင်းယူလျက် တိုက်ခိုက်နိုင်သော်လည်း တိုက်ခိုက်ခြင်း မရှိခဲ့။ သူတို့ သုံးပါးစလုံး၏ အသက်များကို ခြွေယူသွားနိုင်သော်လည်း ခြွေယူခြင်း မရှိခဲ့။

ထိုသို့ မိမိတို့အား အန္တရာယ် မပေးရုံသာ မကသေး၊ မိမိတို့ သုံးပါး၌ အန္တရာယ် ကျရောက်နေချိန်တွင် ဟူကျင်းက ဝင်ရောက်ကူညီ တိုက်ခိုက်ပေးခဲ့ပေသေးသည်။ အကယ်၍ ဟူကျင်းကသာ ဝင်ရောက် ကူညီခဲ့ခြင်း မရှိပါလျှင် မိမိတို့သုံးပါးစလုံး လူ့လောကကြီးတွင် ရှိနေတော့မည် မဟုတ်ချေ။ အလွန် စိတ်သဘောထားမြင့်မြတ်လှသော ကျန်းဟူကျင်းပေတကား။

ဘုန်းတော်ကြီး သုံးပါးတို့သည် မတ်တတ်ရပ်လိုက်ပြီး သူတို့၏ ကြိုးများကို မြေပြင်သို့ချလိုက် ဟူကျင်းအား အရိုအသေ ပေးလိုက်ကြသည်။ တုခေါ်က...

www.burmeseclassic.com

www.burmeseclassic.com



'ဂိုဏ်းချုပ်ကြီး အနေနဲ့ ကျုပ်တို့ရဲ့ အသက်ကို ကယ်တင်ခဲ့တဲ့ အတွက် အများကြီး ကျေးဇူးတင်ပါတယ်'

ဟူကျင်းသည် ကမန်းကတန်း ပြန်လည် အရိုအသေ ပေးလိုက်ရသည်။

'ဆရာတော်ကြီးတို့ကို တပည့်တော် တတ်အားသရွေ့ ကူညီလိုက်တာပါဘုရား၊ တပည့်တော် မကူညီရင်တောင်မှ ဆရာတော်ကြီးတွေကို ဒီလူတွေက အသက်အန္တရာယ်ထိခိုက်တဲ့ အထိတော့ ဒုက္ခမပေးနိုင်ပါဘူးဘုရား'

တုခေါသည် ခေါင်းတညိတ်ညိတ်ဖြင့် ဖြေးညင်းစွာ ပြောလိုက်လေသည်။

'ဒီနေ့ ဒီကိစ္စတစ်ခုတည်းနဲ့ ကျုပ်တို့အနေနဲ့ ဂိုဏ်းချုပ်ကြီးနဲ့ ရှက်စွန်းတို့ကို ဒီနေရာက ဘေးမသီရန်မခ ထွက်ခွာခွင့်ပေးသင့်တာ အမှန်ပါပဲ စောစောကသာ ဂိုဏ်းချုပ်ကြီးက ရှက်စွန်းကို ကယ်တင်သွားရင်လဲ ကျုပ်တို့ ဘယ်လိုမှ မတားဆီးနိုင်ပါဘူး။ ဒါပေမယ့် အခုကိစ္စဟာ ကျုပ်တို့ရဲ့ ရှောင်လင်ဂိုဏ်းကြီးနဲ့ ပတ်သက်နေလို့ ကျုပ်တို့ အနေနဲ့ ခွင့်လွှတ်ချင်သော်လည်း ခွင့်လွှတ်ဖို့ အင်မတန် ခက်နေပါတယ်၊ ဂိုဏ်းချုပ်ကြီး အနေနဲ့ ရှက်စွန်းကို အခုခေါ်သွားချင်တယ်ဆိုရင် ကျုပ်တို့ သုံးယောက်ကို အရင်ဆုံး ရှင်းလင်းပြီးမှ ကယ်တင်သွားပါလို့ ကျုပ် ပြောချင်ပါတယ်'



ဟူကျင်းကမူ ငြိမ်သက်စွာ နားထောင်နေမိသည်။ တုခေါက ဆက်၍ ပြောသည်။

'ကျုပ်တို့ သုံးယောက်နဲ့ အလင်းမာန်ဂိုဏ်းရဲ့ ရန်ငြိုးကိုတော့ ဒီနေ့ ဒီအချိန်ကစပြီး ချေဖျက်လိုက်ပါပြီ၊ ဂိုဏ်းချုပ်ကြီး အနေနဲ့ ရှက်စွန်းကို ကယ်တင်ချင်တယ်ဆိုရင်တော့ အဖော်တွေကို ခေါ်ခဲ့ပါ၊ ဘယ်လောက်ပဲများများ ကျုပ်တို့က လက်ခံသဘောရှိပါတယ်၊ စောစောတုန်းက တိုက်ပွဲမှာ ဆိုရင်လဲ၊ ဂိုဏ်းချုပ်ကြီး တစ်ယောက်တည်းကတောင် ကျုပ်တို့သုံးယောက်ကို တိုက်ခိုက်သေးတာပဲ၊ ကျုပ်တို့သုံးယောက်ကို နိုင်ပြီဆိုရင်တော့ ရှက်စွန်းကို ခေါ်လိုရာ ခေါ်သွားနိုင်ပါပြီ၊ ဒီကြားကာလအတွင်းမှာတော့ ကျုပ်တို့က ရှက်စွန်းရဲ့ အသက်အန္တရာယ် လုံခြုံရေးအတွက် လုံးဝ တာဝန်ယူလိုက်ပါတယ်၊ သူ့ရဲ့ ဆံပင်မွေးညှင်းကလေး တစ်ပင်တလေတောင် မထိခိုက်စေရပါဘူး'

ဟူကျင်းက သူ့အဖေကြီး ရှက်စွန်းအား လှမ်းကြည့်လိုက်၏။ ရှက်စွန်းကမူ မတုန်မလှုပ် ကျောက်ရုပ်။ ဟူကျင်းသည် စိတ်ခိုက်လာသဖြင့် မျက်ရည်များ ဝဲလာတော့သည်။

'ဒီနေ့တော့... ငါသူတို့ကို နိုင်အောင်ဘယ်လိုမှ တိုက်ခိုက်နိုင်မှာ မဟုတ်တော့ဘူး ဘိုးဘိုး ချင်ထင်းကျက်၊ ရန်ရှောင်နဲ့ ခွတိုတို့ကို ခေါ်ပြီး ဝိုင်းတိုက်မှ ဖြစ်တော့မယ်၊ ဒါတောင် နိုင်မှ နိုင်ပါ့မလားမသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် သူ၏ အတွေးစကို ဖြတ်ပစ်လိုက်ပြီး ဘုန်း တော်ကြီးသုံးပါးအား ရိုသေလေးစားစွာဖြင့် လျှောက်ထားလိုက် လေသည်။

'ကောင်းပါပြီဘုရား၊ ဒီလိုဆိုရင်လဲ နောက်သုံးလေးရ လောက်ကျမှ ဘုန်းတော်ကြီးတို့နဲ့ တပည့်တော် လာတွေ့ပါဦးမ ဘုရား'

ဟူကျင်းသည် ရက်စွန်းဘက်သို့ လှည့်၍ နှုတ်ဆက်လို သည်။

'အဖေကြီး ကျွန်တော် သွားတော့မယ်နော်'

ယခုအချိန်တွင် ဟူကျင်းသည် သူ၌ ပိတ်နေသော အကြေ များကို သူ၏ အတွင်းအားဖြင့် ပြန်ဖွင့်နိုင်ပြီ ဖြစ်သဖြင့် သူ့အဖေ အား ပွေ့ဖက် နှုတ်ဆက်လိုက်သည်။

ရက်စွန်းကမူ ဟူကျင်း၏ဦးခေါင်းကို ဖြေးညင်းယုယ ပွတ်သပ်ပေးပြီး ချစ်ခင်ကြင်နာမှု အပြည့်အဝပါရှိသော လေသံ ပြောဆိုဆုံးမနေသည်။

'လူလေး လိမ်လိမ်မာမာနေနော်၊ ငါ့ကို အတုမခိုးနဲ့ အဖေရဲ့ အတုကိုခိုး၊ စိတ်ထားကောင်းကောင်းထား၊ မြင့်မြင့် ကြားလား လူလေး'



ဟူကျင်းသည် မည်သည့်စကားမျှ မပြောတော့။ အရိုအသေ တစ်ချက်ပေးကာ ချက်ချင်း ခုန်ထွက်လိုက်ပြီး မှောင်ထဲတွင် ပျောက်ကွယ်သွားတော့သည်။ သို့သော် ဟူကျင်း၏ စူးရှကျယ်လောင်သော လေချွန်သံကမူ အဝေးကြီးမှ ထွက်ပေါ်လာသည်ကို ဘုန်းတော်ကြီး သုံးပါးစလုံး ကြားလိုက်ကြရသည်။ ထို့ပြင် ဟူကျင်း၏ အံ့မခန်း ထူးချွန်လှသော ကိုယ်ဖော့သိုင်းပညာကို တွေ့မြင်လိုက်ကြရသော အခါ အကြီးအကျယ် တုန်လှုပ်သွားကြရသည်။

ဟူကျင်းအနေဖြင့် ရှောင်လင် ဘုရားကျောင်း၌ ဝင်ခိုနေ သည့် အချက်သည် ပေါ်လွင်သွားပြီး တမင်သက်သက် နောက်ဆုံး အနေဖြင့် သူ့အစွမ်းအစ ထုတ်ပြလိုက်ခြင်းဖြစ်ပေ၏။ သူသည် သူ၏ ကိုယ်ဖော့သိုင်းပညာကို အစွမ်းကုန်သုံး၍ လည်းကောင်း အတွင်း အားကို အားကုန်သုံး၍လည်းကောင်း စူးရှစွာ လေချွန်ရင်း ပြေးဆင်း လာခြင်း ဖြစ်တော့သည်။

မိုးသံလေသံများက ထိုးဖောက်လာသော ဟူကျင်း၏ စူးရှ ကျယ်လောင်လှသည့် လေချွန်သံသည် ရှောင်လင်ဘုရားကျောင်း တစ်ခုလုံး အကြီးအကျယ် တုန်လှုပ်သွားစေတော့သည်။ ဘုရား ကျောင်းဝင်း တစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။ နောက်ဆုံး လေချွန်သံ ပျောက်သွားတော့မှပင် အနည်းငယ် ငြိမ်သက်သွားကြပြီး ထင်ကြေးအမျိုးမျိုးပေးလျက် ရှိနေကြတော့၏။

www.burmeseclassic.com



တောင်ပေါ်မှ တစ်ရှိန်ထိုး ပြေးဆင်းလာသော ဟူကျင်းသည် တောင်ခြေသို့ ရောက်သောအခါ သူ၏ အရှိန်ကို ရုတ်ခြည်း ရပ်တန့်လိုက်ရတော့သည်။ အဘယ်ကြောင့်ဆိုသော် တောင်ခြေရှိ သစ်ပင်တစ်ပင်အကွယ်မှ လူရိပ်တစ်ခု ရုတ်ခနဲ ထွက်လာသောကြောင့် ပေတည်း။

'ဟူကျင်း...'

ဟူကျင်းသည် အသံကို မှတ်မိလိုက်သည်။ ကျောက်မိန်မင် ဖြစ်တော့သည်။ ဟူကျင်းသည် ကျောက်မိန်၏လက်ကို လှမ်းဆွဲယူလျက် သူ၏ရင်ခွင်ထဲ ထွေးပွေ့လိုက်သည်။ သူမ၏ တစ်ကိုယ်လုံး မိုးရေများဖြင့် ရွှဲနစ်လျက်ရှိနေသည်။ ကျောက်မိန်သည် သူမကိုယ်ကို မည်သို့မျှ ဂရုမစိုက်ချေ။ ဟူကျင်းအတွက်သာ စိုးရိမ်တကြီး မေးလိုက်သည်။

'ဘယ်လို ဖြစ်တာလဲဟင်... ရှောင်လင်ဂိုဏ်းက လူတွေနဲ့ တိုက်ပွဲဖြစ်လာတာလား၊ ရှင့်မှာတော့ ဘာမှ ဒဏ်ရာ မရပါဘူးနော်'

'ဒဏ်ရာ မရပါဘူး၊ တိုက်ပွဲဖြစ်လာတာကတော့ အမှန်ပဲ'

'ဘကြီးရှက်စွန်းကိုရော ခြေရာခံမိရဲ့လား'

ဟူကျင်းသည် ကျောက်မိန်၏ လက်မောင်းကလေးကို ကိုင်၍ မိုးရေထဲတွင် ဖြည်းညင်းစွာ လျှောက်ပြီး အိမ်ဘက်သို့ ပြန်လာခဲ့ကြသည်။ လမ်းတစ်လျှောက်လုံး သူ၏ အဖြစ်အပျက်များကို ကျောက်မိန်အား မချွင်းမချန် ပြောပြလိုက်သည်။





ကျောက်မိန်သည် တွေတွေဝေဝေကလေး ဖြစ်သွားကာ ဟူကျင်းအား ကောက်ခါငင်ကာ မေးလိုက်သည်။

'ရှင်က သူ့ကို မမေးလိုက်ဘူးလား၊ သူ့ဘာလို့ အဖမ်းခံသွားတယ်ဆိုတာကို'

'မေးတော့ မေးမိတယ် သူ့ဘာသာသူ အဖမ်းခံတယ်ဆိုတော့ စကားတွေကို ပြောသာ ပြောနေရပေမယ့် အာရုံ သိပ်ရောက်တာ မဟုတ်ဘူး၊ သေသေချာချာတောင် မေးချိန်မရပါဘူး'

ကျောက်မိန်သည် သက်ပြင်းချလိုက်သည်။ စကားသံတော့ ထွက်မလာချေ။ ထို့ကြောင့် ဟူကျင်းက မေးလိုက်သည်။

'ဘာဖြစ်လို့လဲ၊ စိတ်မကောင်း ဖြစ်သွားသလားဟင်...'

ကျောက်မိန်က တွေတွေငေးငေးကလေးဖြင့် ပြောလိုက်လေသည်။

'အဲဒီကိစ္စက ရှင့်အတွက် အရေးမကြီးဘူးပေါ့၊ ဒါပေမယ့် ကျွန်မကတော့ သိပ်အရေးကြီးတယ် အခုတော့ ဘယ်တတ်နိုင်တော့မလဲလေ၊ ရှင့်အဖေကြီးကို ကယ်တင်ပြီးမှ တစ်ခါ ထပ်မေးရတော့မှာပေါ့၊ ဒါပေမယ့်'

'မင်း...ဘာတွေ စိုးရိမ်ကြောက်ရွံ့နေတာလဲဟင်၊ မင်းနဲ့ ငါတို့ အဖေကြီးကို သွားကယ်လို့ မရမှာ စိုးရိမ်နေသလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း ကျွန်မစဉ်းစားတာ ရှင်မသိပါဘူး၊ အခုဆိုရင် အလင်းမာန်ဂိုဏ်းဟာ ရှောင်လင်ဂိုဏ်းထက် အများကြီး အင်အားကြီး နေတာပဲ၊ ဒီအင်အားကြီးနဲ့ ဘကြီးရုက်စွန်းကို အချိန်မရွေး ကယ်နိုင် ပါတယ်၊ ဒါပေမယ့် ကျွန်မစိုးရိမ်နေတာက တစ်မျိုးပါ၊ ဘကြီး ရုက်စွန်းဟာ ခုံးကျက်ဆရာတော်ကြီးကို သတ်ခဲ့မိတဲ့အတွက် သူ့ ကိုယ်သူ သိပ်နောင်တရနေတယ်၊ အဲဒီအပြစ်အတွက် သူ့အသက်ကို ပေးလျော်လိုက်မှာကို ကျွန်မ စိုးရိမ်နေတာပါ'

ဟူကျင်းသည်လည်း ဤအချက်ကို စဉ်းစားမိပြီး ဖြစ်သဖြင့် စိုးရိမ်ပူပန်နေပြီး ဖြစ်ပေသည်။ စိုးရိမ်ကြောင့်ကြမှုများ ကူးစက် သွားကြသဖြင့် တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်တော့ ဘဲ အိမ်ဘက်သို့ လျှောက်လာမိကြတော့သည်။ တဲအိမ်ကလေးရှေ့သို့ ရောက်သောအခါမှ ကျောက်မိန်သည် ပြုံးရယ်ရင်း ပြောလိုက်သည်။

'အခုဆိုရင် ရှင့်အဖေကြီးကို ဘယ်နေရာမှာ ဖမ်းထားပြီ ဆိုတာလဲ သိရပြီ၊ ဒီအဘိုးကြီး လင်မယားကိုလဲ ကျွန်မတို့ နှစ်ယောက်အကြောင်း ဖုံးကွယ်ထားဖို့ မလိုတော့ဘူး၊ အမှန် အတိုင်း ပြောလိုက်ပေတော့'

ကျောက်မိန်သည် တံခါးကို အသာအယာ တွန်းလိုက် သည်။ ဟူကျင်းသည် ကျောက်မိန်နှင့်အတူ ယှဉ်တွဲကာ အိမ်ထဲသို့ လှမ်းဝင်လိုက်သည်။ အွေးညှီနံ့များကို ရုတ်တရက် ရှူရှိုက်မိလိုက် သဖြင့် ဟူကျင်းသည် တုန်လှုပ်သွားပြီး ကျောက်မိန်အား တံခါး



အပြင်သို့ တွန်းထုတ်လိုက်တော့သည်။ တစ်ပြိုင်နက်လိုလိုပင် အမှောင်ထဲမှ တစ်စုံတစ်ယောက်သည် သူ့ကို ဆွဲကုတ်လိုက်သည်ကို သိရှိရတော့သည်။

ယင်းသို့ ဆွဲကုတ်လိုက်သည့် လက်ချောင်းများ၌ အသား များ လုံးဝပါခြင်း မရှိပေ။ သို့သော် အလွန်လျင်မြန်လှသည်ကိုမူ ဟူကျင်းသတိပြုလိုက်မိပေသည်။ ထိုအချိန်တွင် ယင်းလက်ချောင်း များသည် ဟူကျင်း၏ မျက်နှာနှင့် အလွန်နီးကပ်လျက် ရှိနေချေပြီ။ ဆွဲကုတ်လိုက်ရန်သာ လိုတော့သည်။

ဟူကျင်းသည် ရှောင်တိမ်းချိန် မရတော့သဖြင့် ရန်သူကို ခြေထောက်ဖြင့် အောက်မှ ဖြတ်ကန်လိုက်ရတော့သည်။ ထိုလူသည် သူ၏လက်ကို ရုတ်တရက် ပြန်ရုပ်သိမ်းလိုက်သော်လည်း ချက်ချင်း ထိုလိုပင် ဟူကျင်း၏ ခေါင်းပေါ်ရှိ အကြောကို ပြန်ဆွဲကုတ်ပြန် တော့သည်။

ဟူကျင်းသည် သူ၏ခြေထောက်ကိုပြန်ရုပ်သိမ်းလိုက်စဉ် တစ်ဆက်တည်းလိုလိုပင် ရန်သူ၏ လက်ချောင်းများက ဟူကျင်း၏ မျက်လုံးများကို ထိုးစိုက်လာပြန်တော့သည်။

ဟူကျင်းသည် ယင်းအကွက်ကို ကြိုတင် မျှော်လင့်ထားပြီး ဖြစ်သဖြင့် သူ၏ညာလက်ဝါးကို မျက်နှာရှေ့တွင် ကာထားလိုက် တော့သည်။ ထို့ကြောင့် ထိုလက်ချောင်းများ ထိုးစိုက်ရောက်ရှိလာ သည်နှင့် တစ်ပြိုင်နက် ဖမ်းဆုပ် ချုပ်ကိုင်လိုက်တော့သည်။

www.burmeseclassic.com



ဟူကျင်းသည် တစ်ဆက်တည်းပင် ထိုသူ၏ လက်ကို လိမ်ချိုးရန် ပြင်ဆင်လိုက်သည်။ သို့သော် ထိုသူ၏ လက်သည် နူးညံ့ ပျော့ပျောင်းသော မိန်းကလေးတစ်ဦး၏ လက်ဖြစ်နေမှန်း သိလိုက်ရသောအခါတွင် လက်ကို လိမ်ချိုးရန် မကြိုးစားတော့ဘဲ အိမ်အပြင်သို့ အားနှင့် လွှဲ၍ တွန်းထုတ်လိုက်တော့၏။

ထိုမိန်းကလေးသည် အပြင်သို့ရောက်သည်နှင့် တစ်ပြိုင်နက် မည်သို့မျှ ပြန်လှန် တိုက်ခိုက်မှုကို မလုပ်တော့ဘဲ ပြေးလွှား ခုန်ထွက် သွားကာ ပျောက်ကွယ်သွားတော့သည်။

ကျောက်မိန်မှာမူ ဟူကျင်း တွန်းလွှတ်လိုက်ကတည်းက တံခါးဘောင်ကြားတွင် ပုန်းကွယ်နေပြီး ဖြစ်ပေသည်။ ရန်သူ ခုန်လွှားထွက်ပြေးသွားသောအခါကျမှ အလန့်တကြား ထွက်လာပြီး ဟူကျင်းအား မေးလိုက်သည်။

'သူ...သူ... ဘယ်သူလဲဟင်'

ဟူကျင်းသည် ကျောက်မိန်၏ အမေးစကားကို လုံးဝ မဖြေ နိုင်သေး။ ကျောက်မိန်အား မီးခြစ်ကျောက် ထုတ်ကာ မီးခြစ်စေပြီး အိမ်တွင်းရှိ မီးအိမ်ကို မီးထွန်းညှိစေလိုက်သည်။

မီးစာကို မြှင့်တင်လိုက်သောအခါ တစ်ခန်းလုံး လင်းထိန် သွားတော့၏။ အခန်းထောင့် တစ်နေရာတွင်တွင်ကား သူတို့ လယ်သမားဟန်ဆောင်ထားကြသော အဘိုးကြီးနှင့် အဘွားကြီးတို့ နှစ်ယောက် အသက်ပျောက်လျက် ရှိနေကြပေပြီ။ သူတို့သားအတွက်



ရှက်စွန်းအပေါ် ရန်ကြွေးဆပ်လိုသူ နှစ်ဦးသည် ရန်ကြွေး မဆပ်နိုင် တော့ဘဲ အမည်မသိ ရန်သူ၏ လုပ်ကြံသတ်ဖြတ်မှုကို ခံယူသွားကြ ရပေပြီ။

ရန်ကို ရန်ချင်း တုံ့နှင်းခြင်းအတွက် ငြိမ်းအေးချမ်းသာမှု ဟူ၍ လုံးဝ မရှိနိုင်ပေ။

ဟူကျင်းသည် သေဆုံးနေသူများ၏ ဒဏ်ရာများကို သေချာ စွာ စမ်းသပ်စစ်ဆေးလိုက်သည်။ ရင်ခွင်အရိုးခွေ တစ်ခုလုံး ကျိုးကြေ ပျက်စီးလျက်ရှိကြောင်းတွေ့ရသည်။ ဤသည်မှာ အလွန် ပြင်းထန် လှသည့် အတွင်းအား လက်ဝါးစောင်း၏ ဒဏ်ချက်ပင် ဖြစ် တော့သည်။

ဟူကျင်း ကိုယ်တိုင်ပင် စောစောက မိမိအား ရန်သူက တိုက်ခိုက်သည့် တိုက်ကွက်များကို ပြန်လည် တွေးမိလိုက်ပြီး ကြက်သီးတဖြန်းဖြန်း ထသွားတော့သည်။ ဟူကျင်း စဉ်းစားငေးငိုင် နေစဉ် ကျောက်မိန်က တစ်ခါ ထပ်မေးလိုက်ပြန်သည်။

'ရန်သူ ဘယ်သူလဲဟင် ဟူကျင်း'

ဟူကျင်းသည် သူမ၏ အမေးစကားကို မဖြေနိုင်၊ ငြိမ်သက် နေမိသည်။ ကျောက်မိန်သည် ရန်သူ မည်သူဖြစ်မည်ကို ရုတ်တရက် စဉ်းစား မိသွားပြီးမှ ဟူကျင်း၏ ရင်ခွင်ထဲသို့ တိုးဝင်ကာ ကြောက်ရွံ့ စိတ်ဖြင့် ရှိုက်ကြီးတငင် ငိုချတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ် ကုသိုလ်ကံ ထောက်မသွားခြင်းသာ ဖြစ်တော့၏။ ဤအချက်ကို ဟူကျင်းရော ကျောက်မိန်ပါ သိရှိထားကြသည်။ အကယ်၍ ကျောက်မိန်ကသာ ဟူကျင်း၏ လေချွန်သံကို ကြားပါလျက် ပြေးထွက် ကြိုဆိုခြင်း မပြုခဲ့လျှင် သူမသည် သေမင်း၏ မရဏလက်ချောင်းများအတွင်းမှ လွတ်မြောက်နိုင်ခဲ့မည် မဟုတ်ချေ။ ဤ အခန်းအတွင်း၌ ယခုကဲ့သို့ နှစ်လောင်းပြိုင် မဟုတ်တော့ဘဲ သုံးလောင်းပြိုင် ဖြစ်သွားပေလိမ့်မည်။

ဟူကျင်းသည် ကျောက်မိန်၏ ကျောပြင်ကလေးကို ညင်သာစွာ ပွတ်သပ်ပြီး ချော့မော့နေရသည်။ ကျောက်မိန်ကိုလည်း ကြင်နာသနားစိတ် တဖိတ်ဖိတ် လျှံထွက်လာမိတော့သည်။

ကျောက်မိန်က ရှိုက်သံကလေးဖြင့် ပြောလိုက်သည်။

'သူ…သူက ကျွန်မကိုပဲ သတ်ချင်နေတာ အမှန်က ကျွန်မသေရဖို့ ဒီလင်မယားနှစ်ယောက်က ကြားထဲက သက်သက် အသတ်ခံ လိုက်ရရှာတာ'

ဟူကျင်းသည် စိုးရိမ်တကြီးဖြင့် ကျောက်မိန်အား ပြောလိုက်သည်။

'ကျောက်မိန်… ဒီရက်တွေ အတွင်းမှာတော့ မင်း ငါ့အနားက တစ်ဖဝါးမှ မခွာနဲ့တော့… ကြားလား'

ဟူကျင်းသည် စကားကို ခေတ္တမျှ ရပ်တန့်လိုက်ပြီးမှ ဖြည်းဖြည်းချင်း ဆက်ပြောပြန်သည်။



'တစ်နှစ်တောင် မပြည့်သေးဘူး၊ သူ့ရဲ့သိုင်းပညာက ဘာကြောင့် ဒီလောက် တိုးတက်လာရတာလဲ၊ သိုင်းလောကမှာ အချိန်တိုတို ကလေးအတွင်းမှာ ဒီလောက် တိုးတက် အဆင့်မြင့်ဖို့ဆိုတာ သိပ်လွယ်လှတာ မဟုတ်ဘူး ကျောက်မိန်၊ ဒီလောကထဲမှာ ငါက လွဲရင် မင်းကို ဘယ်သူကမှ ကာကွယ်စောင့်ရှောက် နိုင်မှာ မဟုတ်တော့ဘူး'

စိတ်မချမ်းမြေ့ဖွယ်ရာ နေ့တစ်နေ့ကား တဖြည်းဖြည်း ကုန်ဆုံးသွားခဲ့ချေပြီ။ နောက်တစ်နေ့ နံနက်ခင်းတွင် ထိုလင်မယားနှစ်ယောက်၏ အလောင်းကို ကောင်းစွာ မြှုပ်နှံသင်္ဂြိုလ်ပေး လိုက်ကြသည်။ သူတို့နှစ်ယောက်အဖို့ ဤအိမ်ကလေးတွင် ဆက်လက် နေထိုင်ရန် အကြောင်းမရှိတော့။ သိချင်သမျှလည်း သိခဲ့ကြရပြီ။ အခြေအနေအရ ကယ်နိုင်ခဲ့ခြင်းသာ ရှိခဲ့သည် မဟုတ်ပါလား၊ ထို့ကြောင့် ဤအိမ်ကလေးမှ ထွက်ခွာရန် ပြင်ဆင်နေစဉ်မှာပင် ရုတ်တရက် ရှောင်လင်ဘုရားကျောင်းတစ်ခုလုံး သွက်သွက်ခါ တုန်လှုပ်သွားစေမည့် ခေါင်းလောင်းထိုးသံများကို ဆူညံစွာ ကြားလိုက်ရတော့သည်။

ထိုခဏအတွင်းမှာပင် အစိမ်းရောင် မီးခိုးများ တလိပ်လိပ် တက်လာသည်ကို ဟူကျင်း တွေ့လိုက်ရသဖြင့် ဟူကျင်း အရပ်လေး မျက်နှာသို့ အနှံ့ အကဲခတ်လိုက်တော့သည်။

ထူးခြားဆန်းကြယ်သော အဝါရောင် မီးခိုးတစ်ခုသည်လည်း အလွန် ကွာလှမ်းလှသော အရပ်တစ်ခုမှ ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့တာငွေ့ငွေ့ တက်နေသည်ကိုလည်း တွေ့ရှိကြရပြန်သည်။ ယင်းမီးခိုး များအားလုံးသည် ရှောင်လင် ဘုရားကျောင်း တစ်ခုလုံးကို ဝန်းရံထားကြောင်း ဟူကျင်း ကောင်းစွာ သတိပြုလိုက်မိသည်။

ဟူကျင်းသည် ဝမ်းသာအားရ အော်ဟစ်လိုက်သည်။

'ကျောက်မိန်...အလင်းမာန်ဂိုဏ်းရဲ့ အလံငါးလံအဖွဲ့ရောက်လာပြီ၊ အင်း...ငါ့လူတွေကတော့ တကယ်ကို မြန်ဆန်တဲ့ လူတွေပါပဲ။ အခုဆိုရင် သူတို့တတွေ ရှောင်လင်ဂိုဏ်းနဲ့ ထိပ်တိုက်တွေ့နေလောက်ပြီ၊ ငါတို့အမြန်ဆုံး လိုက်သွားမှ အကောင်းဆုံး စီစဉ်နိုင်မှာကဲ... သွားကြစို့'

ဟူကျင်းသည် ကျောက်မိန်အား ရှပ်ဖျက်ပေးလိုက်သည်။ သို့မှသာ အခြားမလိုလားအပ်သော ပြဿနာများ ပေါ်ပေါက်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။

ဟူကျင်းသည် ကျောက်မိန်၏ လက်ကို ဆွဲကာ ရှောင်လင် ဘုရားကျောင်းသို့ အပြေးတက်ရောက်လျက် ရှိတော့သည်။ သူတို့သည် မိုင်ဝက်ခန့်သာ ပြေးလိုက်ရသေးသည်။ လမ်းခုလတ်အတွင်း အဝါရောင် အလံတိုကိုင်ဆောင်လျက် ချီတက်လာသော အဖြူရောင် အဝတ်အစားနှင့် အလင်းမာန် ဂိုဏ်းသားများကို တွေ့ရှိလိုက်ကြရသည်။ ဟူကျင်းသည် ထိုအဖွဲ့သားများအား လှမ်း၍အော်ဟစ်မေးမြန်းလိုက်သည်။



'ဟေး... အလံခေါင်းဆောင် ဘယ်မှာလဲ'

အဝါရောင်အလံသည် မြေကြီးအလံအဖွဲ့၏ အမှတ်အသားအလံဖြစ်သည်။

အလံခေါင်းဆောင်သည် ဟူကျင်း၏ အော်ဟစ်မေးမြန်းသံကို ကြားလိုက်ရသောအခါ အံ့ဩသွားရာသို့ ရုတ်ခြည်းလှည့်ကြည့်လိုက်သည်။ ထိုအခါ သူတို့၏ ဂိုဏ်းချုပ်ကြီးအား တွေ့လိုက်ရသောအခါ အလွန်ပင်ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားတော့သည်။ သူတို့အဖွဲ့၏ ရှေ့ဆုံးသို့ တက်လာကာ ဟူကျင်းအား အရိုအသေပေးလိုက်ပြီး နှုတ်မှလည်း ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

'မြေကြီးအလံအဖွဲ့ ဂိုဏ်းချုပ်ကြီးကို အလေးပြုပါတယ်'

ကျန်အဖွဲ့သားများကလည်း သူတို့၏ ဂိုဏ်းချုပ်ကြီးမှန်း သိသွားကြသောအခါ ဝမ်းမြောက်ဝမ်းသာ အော်ဟစ်ပြီး အားလုံးဒူးထောက် အရိုအသေ ပေးကြတော့သည်။

သည်တစ်ကြိမ်၌ အလင်းမာန်ဂိုဏ်းကြီး ချီတက်လာပုံမှာ ကြောက်ခမန်းလိလိ ရှိလှပေသည်။ စနစ်လည်း အလွန် ကျနလှသည်။ လက်ဝဲရန်ရောင်နှင့် လက်ယာရံ ခွတိုတို့က ကြီးကြပ်ကွပ်ကဲလာကြခြင်းဖြစ်ပြီး ရှောင်လင်ဂိုဏ်း၏ လက်တွင်းမရှက်စွန်းကို မရရအောင် ကယ်တင်ရန် သန္နိဋ္ဌာန်ချ ချီတက်လာကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အလင်းမာန်ဂိုဏ်း ထိပ်သီးခေါင်းဆောင်များသည် ရှောင်လင်ကျောင်းတိုက်သို့ ဤကဲ့သို့ ချီတက်လာလျှင် မုချ တိုက်ပွဲကြီးဖြစ်တော့မည်ကို ကြိုတင် သိရှိထားကြသည်သာဖြစ်သည်။ ထို့ကြောင့် ဤတိုက်ပွဲ ကြီးကြပ်ကွပ်ကဲရန် ဂိုဏ်းချုပ်ကြီးအား ရှာဖွေကြလေသည်။ မည်မျှ ရှာကြံခဲ့သော်လည်း ဟူကျင်းအား လုံးဝ မတွေ့ရှိခဲ့ကြရသဖြင့် အစီအစဉ်တစ်ခု ချမှတ် ကြရတော့သည်။

ဤအစီအစဉ်ချမှတ်ရန် ကိစ္စသည် အလွန် အရေးကြီးပေသည်။ သူတို့အနေဖြင့် ငါးလ၏ လပြည့်နေ့အထိ စောင့်ဆိုင်းရန် မဖြစ်နိုင်ပေ။ ထိုနေ့အထိ စောင့်နေလျှင် သိုင်းလောကမှ ဂိုဏ်းပေါင်းစုံ သိုင်းသမားပေါင်းစုံ ရောက်ရှိလာကြပေလိမ့်မည်။ ထိုမျှ လူစုံသွားပြီဆိုလျှင် ရက်စွန်းအား ကယ်တင်ရန် အလွန် ခက်သွားပေလိမ့်မည်။

ထို့ကြောင့် ဂိုဏ်းချုပ်ကြီးအား အကြောင်းကြားချိန် မရတော့ဘဲ လပြည့်နေ့ မရောက်မီ ဆယ်ရက်အလိုတွင်ရှောင်လင်ဘုရားကျောင်းကို ချီတက်လာကြခြင်းဖြစ်တော့သည်။

ဟူကျင်းသည် ချီတက်နေဆဲ အလင်းမာန် ဂိုဏ်းသားများအား ရပ်နိုင်းလိုက်သည်။ ထိုသို့ ရပ်ခိုင်းလိုက်သည့် အခိုက်အတန့်တွင် ခရာမှုတ်၍ ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်း ရောက်လာပြီဖြစ်ကြောင်း ကျန်အဖွဲ့သားများက အဆင့်ဆင့် အကြောင်းကြားလိုက်ကြသည်။ များမကြာမီပင် ရန်ရောင်၊ ခွတို၊ ချင်ထင်းကျက်



ချင်ရယ်ဝမ်၊ ဝေရှီ၊ ချူထင်း၊ ဖန်ဟိုဆန့်၊ စောပုတက်နှင့် သံခမောတ်တို့အားလုံး ဟူကျင်းထံသို့ ရောက်ရှိ လာကြသည်။

ဟူကျင်းသည် ကျန်အလံလေးဖွဲ့ကိုမူ ရောက်ရှိ နေရာများ၌ပင် စခန်းချ ရပ်ထားပြီး ရှောင်လင်ဂိုဏ်းအား ဝိုင်းရံထားရန် အမိန့်ပေးထားလိုက်သည်။

အလင်းမာန်ဂိုဏ်း၏ ထိပ်သီး ခေါင်းဆောင်များသည် အလွန် အရေးကြီးသောအချိန်အတွင်း ဟူကျင်းနှင့် တွေ့ဆုံလိုက်ရသဖြင့် အလွန် အားတက် ဝမ်းမြောက်သွားကြသည်။ သူတို့အနေဖြင့် ဂိုဏ်းချုပ်ကြီးအား အကြောင်းမကြားဘဲ မိမိတို့ချည်း ဆုံးဖြတ်လျက် ဤသို့ ချီတက်လာရခြင်း ကိစ္စကို ခွင့်လွှတ်ပါရန် ဟူကျင်းအား တောင်းပန်ကြသည်။ ဟူကျင်းက...

'ဒါ...တောင်းပန်စရာ မလိုပါဘူး၊ အခုလို ချီတက် လာကြတာကိုက ကျုပ်အဖေကြီး ရက်စွန်းကို ကယ်တင်ချင်လွန်းလို့ ချီတက်လာကြတာပဲဥစ္စာ၊ ကျုပ်ကတောင် ပြန်ပြီး ကျေးဇူးတင်ရဦးမယ်'

ထို့နောက် ဟူကျင်းက ရှောင်လင်ကျောင်းတိုက် အတွင်းသို့ မည်သို့မည်ပုံ ဝင်ခိုခဲ့ပုံကစ၍ ယမန်နေ့ညက တုခေါ် အပါအဝင် ဘုန်းတော်ကြီး သုံးပါးနှင့် တိုက်ခိုက်ခဲ့ပုံများကို အပြည့်အစုံ ပြောပြလိုက်သည်။ ထိုအခါ ဤကိစ္စအားလုံး၏ အရင်းအမြစ် တရားခံသည် ချန်ခွန်း ဖြစ်နေကြောင်း သိကြရသော အခါ ပိုမို၍ ဒေါသထွက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းက အလင်းမာန်ဂိုဏ်းသားများ အနေဖြင့် အမိက ထားရှိမည့် ဦးတည်ချက်နှင့် တိုက်ပွဲအတွင်း စည်းကမ်းချက်များကို ကန့်သတ်ပေးသည်။

'ဒီနေ့အဖို့ ကျုပ်တို့ဂိုဏ်း ရှောင်လင် ဘုရားကျောင်းကို လာပြီး လူတောင်းပွဲ လာကျင်းပကြတာပဲ၊ ဒါကြောင့်မို့ ကျုပ်တို့အနေနဲ့ တတ်နိုင်သမျှ စ,မတိုက်ကြဖို့ အရေးကြီးပါတယ်၊ မတတ်နိုင်လို့ တိုက်ကြခိုက်ကြရမယ် ဆိုရင်လဲ အရေးကြီးဆုံး လုပ်ငန်းအနေနဲ့ အဖေကြီး ရှက်စွန်းကို အရင်ဆုံး ကယ်ထုတ်ဖို့ပါပဲ၊ ဒုတိယအရေးကြီးဆုံးအချက်ကတော့ လူယုတ်မာ ချန်ခွန်းကို အမိဖမ်းဖို့ပဲ၊ တခြားလူတွေကိုတော့ တတ်နိုင်သမျှ မထိခိုက်အောင် ရှောင်တိမ်းတိုက်ကြဖို့ပဲ မှာကြားချင်ပါတယ်'

အားလုံးသော ဂိုဏ်းသားများက ဟူကျင်းအမိန့်ကို တသဝေမတိမ်း နာခံကြမည် ဖြစ်ကြောင်း ဝန်ခံကတိပြုကြ၏။ ဟူကျင်းသည် ကျောက်မိန်ကို အရေးတကြီး လှမ်းပြောလိုက် လေသည်။

'ကျောက်မိန်…မင်းလဲ ဒီအတိုင်း တို့နဲ့ လိုက်နေလို့ကတော့ ဖြစ်မှာ မဟုတ်ဘူး၊ ဒီတော့ ရုပ်ဖျက်ထားလိုက်ပါ၊ ရှောင်လင်ဂိုဏ်းက ဘုန်းကြီးတွေက မင်းကို မမှတ်မိဖို့က ပိုအရေးကြီးတယ်'

ကျောက်မိန်သည် ရှောင်လင်ဘုန်းကြီးများကို ဖမ်းချုပ်ခဲ့ဖူးသည်ဖြစ်ရာ ရှောင်လင်ဂိုဏ်းက သူမအား လုံးဝ အခဲကျေကြ



မိမည် မဟုတ်ပေ။ ထို့ကြောင့် ကြိုတင်ရုပ်ဖျက် ထားနိုက်ရခြင်း သည်။ ကျောက်မိန်ကမူ အရယ်အပြုံး မပျက်ဘဲ ဟူကျင်းအား ပြောလိုက်သည်။

'ဒီလိုဆိုရင် ကျွန်မက မြေကြီးအလံအဖွဲ့သား တစ်ယောက် နေနဲ့ ဟန်ဆောင်လိုက်မယ်၊ ဒါဆိုရင် လုံခြုံရောပေါ့'

မြေကြီး အလံအဖွဲ့ခေါင်းဆောင်က သူတို့အဖွဲ့၏ အဝတ် အား တစ်စုံကို ကျောက်မိန်အား လှမ်းပေးလိုက်သည်။ ကျောက်မိန် ည် ထိုအဝတ်အစားများ လဲလှယ် ဝတ်ဆင်လိုက်သောအခါ င်းသမီး ကျောက်မိန်ဖြစ်ကြောင်း မည်သူကမျှ မသိအောင် ပြောင်း သွားတော့သည်။ ကျောက်မိန်သည် အဝတ်အစားများ လဲပြီးသည့် မြေကြီးအလံ အဖွဲ့သားများ အကြားတွင် ရောနှောဝင်နေလိုက် တော့သည်။ အစီအစဉ်အားလုံး ချမှတ်ပြီးသည်နှင့် ကျယ်လောင်စူးရှ သော ခရာသံရှည်ကြီး ပေါ်ထွက်လာတော့သည်။ အလင်းမာန်ဂိုဏ်း းများ ဆက်လက်ချီတက်ရန် အချက်ပေးလိုက်သော ခရာသံ တည်း။

ရှောင်လင်ဂိုဏ်းသားများကလည်း ဟူကျင်းပေးထားသော ကို ကြိုတင်ရရှိထားသဖြင့် သူတို့ကို ထွက်၍ ကြိုဆိုနေကြသည်။

ခုံးတုံဘုန်းတော်ကြီးသည် ဟူကျင်းက သူတို့အား ကယ် င်ခဲ့ဖူးသဖြင့် ကျေးဇူးတင်နေခဲ့သော်လည်း ယခု ချန်ခွန်း၏ စကား

www.burmeseclassic.com



တွင် နားယောင်သွားပြီး လိမ်လည်ဖြားယောင်းခံထားရပြီ ဖြစ်၍ ဟူကျင်း၏ ကျေးဇူးကို အသိအမှတ် မပြုတော့ချေ။ ဟူကျင်း ကယ်ဆယ်သည်မှာ အကွက်ဆင်၍ ကယ်ဆယ်ခြင်းသာ ဖြစ်သည်ဟု မှတ်ယူသွားပြီး ဟူကျင်းအား မုန်းတီးနေပြီ ဖြစ်သည်။ ထို့ကြောင့် ယခု ဟူကျင်းအား မျက်နှာချင်းဆိုင်တွေ့သည့်အခါတွင် ပျူငှာချို မှု လုံးဝမရှိဘဲ အေးစက်မာကြောနေတော့သည်။

ဟူကျင်းအား ဝတ်ကျေတန်းကျေ တစ်ချက်မျှသာ နှုတ် ဆက်ပြီး မည်သည့်စကားမျှ ထပ်မပြောတော့ချေ။ ဟူကျင်းက ရှိသေလေးစားစွာ နှုတ်ဆက်လိုက်ပြီး ပြောစရာ ရှိတာကို ပြောသည်

'တပည့်တော်တို့ဂိုဏ်းအနေနဲ့ ဒီတစ်ကြိမ် ဒီကို လာရ ကတော့ ဂိုဏ်းချုပ်ဆရာတော်ကြီးနဲ့ ပြောစရာရှိလို့ လာရ ဖြစ်ပါတယ်'

ခုံးကျိဘုန်းတော်ကြီးသည် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး

'ဒီလိုဆိုရင် အထဲကို ကြွပါ'

ခုံးကျိဘုန်းတော်ကြီးသည် ဟူကျင်းအား အတွင်းဆော များသို့ ခေါ်ဆောင်သွား၏။

ဂိုဏ်းချုပ်ဆရာတော်ကြီး ခုံးဝန်သည် ဟူကျင်းကိုယ် လိုက်ပါလာသည်ဟု ကြားသိရသဖြင့် အခြားသော ဝါတော် ဘုန်းတော်ကြီးများနှင့်အတူ ဘုရားကျောင်း ခန်းမထဲတွင် ဟူကျ အား စောင့်ကြိုနေကြသည်။



ဟူကျင်းသည် သူ၏ လာရင်းကိစ္စကို ရှင်းရှင်းလင်းလင်း ပင် ပြောလိုက်သည်။ ခုံးဝန်ဆရာတော်ကြီးကလည်း သွယ်ဝိုက်မှု မရှိဘဲ ဟူကျင်းတို့အား သူတို့၏ သဘောထားကို ပြန်ကြားလိုက်၏။ ဆရာတော်ကြီးက...

'ဂိုဏ်းချုပ်ကြီးအနေနဲ့ မနေ့ညတုန်းက ဘုန်းကြီးရဲ့ဂိုဏ်းတူ ဦးလေး သုံးယောက်ကို တွေ့ပြီးပြီ မဟုတ်လား။ ဂိုဏ်းတူဦးလေးတွေ က ဘုန်းကြီးတို့ကို အမိန့်ပေးထားပါတယ်၊ တကယ်လို့ ဂိုဏ်းချုပ် ကြီး ရောက်လာခဲ့မယ်ဆိုရင် သူတို့ဆီကို လွှတ်လိုက်ပါတဲ့၊ ဒါ ကြောင့်မို့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဖြေရှင်းရင် ဂိုဏ်းချုပ်ကြီးအနေနဲ့ သူတို့နဲ့ ဖြေရှင်းတာက ပိုကောင်းပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဘုန်းကြီးက ဂိုဏ်းချုပ်ကြီး ဆိုပေမယ့် ဂိုဏ်းတူဦးလေးတွေရဲ့ ဩဇာ ကိုတော့ လွန်ဆန်ရဲတဲ့သူ မဟုတ်ပါဘူး၊ ဘုန်းကြီးအနေနဲ့ ဒီကိစ္စ မှာ ဘာမှ မပြောလိုဘူး၊ တကယ်လို့ ဂိုဏ်းချုပ်ကြီးက ဘုန်းကြီးရဲ့ ဂိုဏ်းတူ ဦးလေးတို့ကို ယှဉ်ပြိုင်နိုင်ရင်တော့ ရှက်စွန်းကို ခေါ်သွား နိုင်ပါတယ်လို့ပဲ ဘုန်းကြီး အနေနဲ့ ပြောချင်ပါတယ်'

ရှက်စွန်းကို ကယ်တင်ရေးအတွက် စည်းကမ်း၊ နည်းလမ်း များသည် ရှင်းရှင်းလင်းလင်း ရှိသွားပြီ ဖြစ်၍ အလင်းမာန်ဂိုဏ်းသား အားလုံးတို့သည် တောင်ကုန်းထက်သို့ ထွက်ခွာသွားကြတော့သည်။

✦✧✦✧✦



www.burmeseclassic.com

www.burmeseclassic.com



# လက်ရည်တူတိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉၇)

## လက်ရည်တူတိုက်ပွဲ

တုခေါဘုန်းတော်ကြီးသည် ဟူကျင်းအလျင်အမြန်မြန်လည် ရောက်ရှိလာသည်ကို တွေ့ရသောအခါ အလွန်တရာ စိတ်လှုပ်ရှားသွားတော့သည်။ တုခေါက…

'ကျန်းဟူကျင်း ဒီအကြိမ်တိုက်ဖို့တော့ အဖော်တွေ ခေါ်ခဲ့တယ် မဟုတ်လား။ အဖော်ဘယ်နှစ်ယောက်နဲ့ ငါတို့ကို တိုက်မှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ရန်ရောင်တို့လူသိုက်သည် သစ်ပင်ကြားတွင် ထိုင်နေသော ဘုန်းကြီးသုံးပါးစလုံးအား အကဲခတ်လိုက်ကြသည်။

သုံးပါးစလုံး ပိန်လှီလှသည် မှန်သော်လည်း စကားပြော လိုက်သည့်အခါ အလွန်ပင် အသံကျယ်လောင်လှသည်ကို သတိပြု မိလိုက်ကြသဖြင့် ဘုန်းကြီးသုံးပါးစလုံး၏ အတွင်းအားကို ခန့်မှန်း နိုင်သွားကြသည်။

ဟူကျင်းအဖို့မှာလည်း ဘုန်းကြီးများ၏ အမေးစကားနှင့် ပတ်သက်၍ အကြီးအကျယ် စဉ်းစားနေရသည်။

'မနေ့ညက 'သူတို့သုံးယောက်ကို ငါတစ်ယောက်တည်းနဲ့ မနိုင်တာကတော့ အမှန်ပဲ၊ ဒီနေ့ဆိုရင် ငါတို့ဘက်မှာ လူတော များတယ်၊ အများကြီးနဲ့ ဝိုင်းတိုက်ရင်တော့ နိုင်နိုင်တယ်၊ ဒါပေမယ့် အနိုင်ရပေမယ့် သိက္ခာမရှိတဲ့ အနိုင်ရခြင်းမျိုး ဖြစ်သွားမှာပဲ၊ ငါတို့ ဂိုဏ်းရဲ့ သိက္ခာလဲ ကျသွားမှာပဲ၊ လူနည်းနည်းနဲ့ သူတို့ကို တိုက်ရို လဲ နိုင်မှာမဟုတ်ဘူး၊ အင်း...အကောင်းဆုံးကတော့ သုံးယောက် သုံးယောက်ချင်း ယှဉ်တာ အကောင်းဆုံးပဲ ဖြစ်မှာပဲ'

ထိုသို့ စဉ်းစားလိုက်မိသည်နှင့် ဟူကျင်းသည် ဘုန်းကြီး များအား သူ၏ အစီအစဉ်ကို လျှောက်ထားပြောကြားလိုက်သည်။

'မနေ့ညတုန်းက တပည့်တော် အနေနဲ့ ဆရာတော်ကြီးများ ရဲ့ သိုင်းပညာ အတိမ်အနက်ကို သိရှိပြီး ဖြစ်ပါတယ်၊ တပည့်တော်



တစ်ယောက်တည်းနဲ့ အရှင်ဘုရားတို့ကို မယှဉ်ပြိုင်ရဲပါဘူး၊ ဒါ ကြောင့် အခုအခါ ယှဉ်ပြိုင်ဖို့အတွက်ကတော့ အဖော်တွေ ခေါ်ခဲ့ရ ခြင်း ဖြစ်ပါတယ်၊ အခု တပည့်တော်က အဖော်နှစ်ယောက်နဲ့ အတူ ဆရာတော်ကြီးတွေကို ယှဉ်ပြိုင်ဖို့ စိတ်ကူးထားပါတယ် ဘုရား'

တုခေါ် ဘုန်းတော်ကြီးကမူ အေးဆေးစွာ ပြောလိုက်သည်။

'ဟူကျင်း...မင်းအနေနဲ့ ငါတို့ကို ဘာမှ အားနာမနေပါနဲ့၊ မင်းတို့ဂိုဏ်းထဲမှာ မင်းလို သိုင်းပညာ အဆင့်အတန်းမြင့်မားတဲ့ လူတစ်ယောက်မှ မရှိနိုင်ပါဘူး၊ မင်းလို သိုင်းပညာ အဆင့်မျိုးက ဒီလောကထဲမှာနောင် မရှိနိုင်ဘူး၊ ဒီတော့ ငါတို့ကို အားနာပြီး လူ နည်းနည်းကလေးနဲ့ မတိုက်ပါနဲ့၊ လူများများခေါ်ပြီးတိုက်ပါ၊ ငါတို့ လက်ခံပါတယ်'

ချူထင်းနှင့် သံခမောက်တို့မှာ တုခေါ် ဘုန်းတော်ကြီး၏ စကားကိုကြားလိုက်ရသောအခါ အောင့်သက်သက် ခံစား လိုက် ကြရသည်။ သူတို့အား လုံးဝ လူရာမသွင်းသည့် သဘောမျိုး ဖြစ် သဖြင့် မခံချိမခံသာ ဖြစ်လိုက်မိကြ၏။ သို့သော် တစ်ဘက်တွင် သူတို့ ဂိုဏ်းချုပ်ကြီးအား အမွန်းတင်ထား ပြန်သဖြင့် စိတ်ဆိုးရခက် နေပြန်သည်။

ဟူကျင်းကမူ သူ၏စကားများကို အချောင်ဆုံးနှင့် အပြေ ပြစ်ဆုံး ဖြစ်ရန် ကြိုးစား၍ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'တပည့်တော်တို့ ဂိုဏ်းကတော့ ဆရာတော်ကြီးတို့ဂိုဏ်းလို ဂိုဏ်းကြီးမဟုတ်ပေမယ့် လူတော်တွေလဲ မနည်းလှပါဘူးဘုရား ဝေရီ...ကျုပ်တို့အနေနဲ့ ဒီနေ့မှာ ဒီနေရာကို တက်ရောက်လာကြတဲ့ ကျုပ်တို့ရဲ့ ထိပ်သီးခေါင်းဆောင် စာရင်းကို ဆရာတော်ကြီးတွေ သိအောင် ပြလိုက်ပါဦး'

ဟူကျင်းသည် သူ့စကားဆုံးသည်နှင့် အမည်စာရင်းများ ရေးထားသော ကတ်ပြားများကို ဝေရီအား ပေးလိုက်သည်။ ထို အမည်စာရင်း ကတ်ပြားတွင် ကျန်းဟူကျင်း၊ ရန်ရောင်၊ ခူတို၊ ချင် ထင်းကျက်၊ ချင်ရယ်ဝမ်၊ဝေရီ၊ သံခမောက် စောတက်၊ ချူထင် စသောထိပ်သီး သိုင်းသမားများ၏ နာမည်များပါရှိပေသည်။

ဟူကျင်းသည် ဝေရီအား အမည်စာရင်း ကတ်ပြားပေးခိုင်း ခြင်းမှာ အကြောင်းမဲ့ ပေးခိုင်းခြင်း မဟုတ်ပေ။ မိမိ၏ ဂိုဏ်းတွင် လူတော်များ ရှိနေကြောင်း ပြသလို၍ တမင်ပေးခိုင်းလိုက်ခြင်း ဖြစ်သည်။ ဝေရီကလည်း မိမိ၏ အစွမ်းအထက်ဆုံးသော ကိုယ်ဖော့ သိုင်းပညာကို ထုတ်ပြခိုင်းလိုက်ခြင်းဖြစ်ကြောင်း သိလိုက်သည်။ ဤသို့ ထုတ်ပြနိုင်မှသာ ရှောင်လင်ဂိုဏ်းသည် အလင်းမာန်ဂိုဏ်းအား အထင်မသေးရဲတော့ဘဲ လေးစားကြောက် ရွံ့သွားကြမည် မဟုတ် ပါလား။

ဝေရီသည် ဟူကျင်းရှေ့သို့ လျှောက်လာပြီး ခါးကိုကိုင်း၍ နာမည်ကတ်ပြားကို ယူလိုက်သည်။ ကိုယ်ကို နောက်သို့ပင် မြ



မလှည့်တော့ဘဲ ရုတ်တရက် နောက်ပြန် ခုန်ထွက်လိုက်ရာ လျှပ် တစ်ပြက် မျက်တောင်တစ်ခတ်အတွင်း တုခေါဘုန်းတော်ကြီး ရှေ့သို့ ရောက်သွားတော့၏။ ထိုအခါကျမှ ကတ်ပြားကို လှမ်းပေး လိုက်သည်။

တုခေါတို့ ဘုန်းတော်ကြီး သုံးပါးတို့ကလည်း ဝေရီသည် တစ်ချက်မျှ လှုပ်လိုက်ရုံမျှဖြင့် မိမိတို့၏ ရှေ့မှောက်သို့ ရုတ်ခြည်း ရောက်လာသည်ကို တွေ့လိုက်ကြရ၍ သူ၏ကိုယ်ဖော့သိုင်းပညာ အလွန်ပင် ကောင်းလှကြောင်း သိသွားကြ၏။ ထို့ပြင် ဝေရီခုန်လိုက် ပုံမှာ တည့်တည့်ခုန်ခြင်း မဟုတ်၊ နောက်ပြန်ခုန်ခြင်း ဖြစ်သဖြင့် ပိုမို ခက်ခဲလှပေသည်။ ထို့ကြောင့် ဘုန်းတော်ကြီး သုံးပါးစလုံး၏ နှုတ်မှ လွှတ်ခနဲ ချီးကျူးလိုက်မိကြသည်။

'တယ်ကောင်းတဲ့ ကိုယ်ဖော့ သိုင်းပညာပါကလား၊ တို့ တစ်သက် မှာတော့ ဒီလောက်ကောင်းတဲ့ ကိုယ်ဖော့ သိုင်းပညာကို မမြင်ဖူးသေးဘူး'

ဤဘုန်းတော်ကြီး သုံးပါးစလုံးသည် အလွန်အဆင့်မြင့် သော တန်းလွန်သိုင်းပညာရှင်ကြီးများ ဖြစ်ကြသဖြင့် တကယ် ကောင်းမွန်သော သိုင်းပညာများကို တွေ့ရှိကြရလျှင် မချီးကျူးဘဲ မနေနိုင်ကြချေ။ ထို့ကြောင့် လွှတ်ခနဲ ချီးကျူးလိုက်မိခြင်း ဖြစ်ပေ သည်။

www.burmeseclassic.com

www.burmeseclassic.com



တုခေါက ဝေရီ ကမ်းပေးလိုက်သော ကတ်ပြားကို လှမ်းယူ လိုက်သည်။ ဘုန်းတော်ကြီး၏ လက်ချောင်းငါးချောင်းက ကတ်ပြား ကို ထိလိုက်သည်နှင့် ဝေရီ၏ တစ်ကိုယ်လုံးသည် ထုံကျဥ်သွား တော့၏။ ရင်ဝတစ်ခုလုံး ထူပူသွားပြီး တစ်ကိုယ်လုံး ပျော့ခွေကျ သွားမတတ် ဖြစ်သွားရတော့သည်။ ထို့ကြောင့် ဝေရီသည် သူ၏ အတွင်းအားကို အပြင်းထန်ဆုံး ထုတ်၍ပြန်ထိန်း ထားလိုက်ရသည်။ တုခေါသည် ကတ်ပြားကို လှမ်းယူလိုက်သည်။ ထိုအချိန်တွင် ကတ်ပြားမှတစ်ဆင့် ကူးပြောင်းရောက်ရှိလာသော အတွင်းအားလှိုင်း များ ပျက်ပြယ်သွားပြီ ဖြစ်သည်။

ဝေရီသည် ဤဘုန်းတော်ကြီး၏ အတွင်းအား ကြောက်မက် ဖွယ်ရာ ကောင်းလှပုံကို သိရှိသွားသဖြင့် အနားတွင်ပင် ဆ နေရဲတော့ပေ။ ကိုယ်ကို တစ်ချက်မျှ လှုပ်ရှားလိုက်ပြီး ဟူကျင်း ၏ဘေးနားသို့ ပြန်လည် ရောက်ရှိလာတော့၏။

တုခေါသည် နာမည်စာရင်းကို ကြည့်လိုက်ပြီး မေးမြ လိုက်သည်။

'ဟူကျင်း...မင်းအနေနဲ့ ဝေရီအပြင် နောက်ထပ် ဘယ်သူ ခေါ်ဦးမလဲ'

'ဝေရီကတော့ ဆရာတော်ကြီးရဲ့ အတွင်းအားကို ရင်ဆိုင်ပြီ ပြီဆိုတော့ သူ့ကို မခေါ်တော့ပါဘူး၊ တပည့်တော်ခေါ်မယ့် လူ ကတော့ လက်ဝဲရံနဲ့ သိမ်းငှက်မင်းကိုပဲ ခေါ်ပါ့မယ်'



တုခေါ်တို့ သုံးပါးသည် ဤသစ်ပင်ကြီးများ အောက်၌သာ နှစ်ပေါင်းများစွာ တရားထိုင်ရင်း သိုင်းပညာ လေ့ကျင့်နေခဲ့သူများ ဖြစ်သဖြင့် ပြင်ပသိုင်းလောကနှင့် လုံးဝ အဆက်အသွယ် ပြတ် နေကြသူများ ဖြစ်ပေသည်။ လက်ဝဲရံနှင့် သိမ်းငှက်မင်းတို့၏ ဂုဏ် သတင်းသည် သိုင်းလောကတစ်ခွင်၌ ကျော်ကြားလှသော်လည်း ဤ ဘုန်းကြီးသုံးပါး အဖို့မူ လူစိမ်းသက်သက်မျှသာ ဖြစ်နေကြရသည်။

ရန်ရောင်နှင့် ချင်ထင်းကျက်တို့သည် ဂိုဏ်းချုပ်ကြီးက သူတို့အား ခေါ်ထုတ်လိုက်သည်နှင့် ရှေ့သို့ ထွက်လာကြတော့သည်။

ဟူကျင်းက...

'ဆရာတော်ကြီး သုံးပါးက ကြိုးလက်နက်တွေ ကိုင်ကြ ဘယ်ဆိုတော့ ကျုပ်တို့လဲ လက်နက်တစ်ခုခုတော့ ကိုင်မှ တရားမျှတ သွားလိမ့်မယ်'

ဟူကျင်းသည် ပြောပြောဆိုဆိုဖြင့် သူ၏ ရင်ခွင်ထဲတွင် နှိုးထည့်လိုက်ပြီး သိမ်းဆည်းထားသော ကျောက်မီးတိုင် ခြောက် ချောင်းကို ဆွဲထုတ်လိုက်ပြီး တစ်ယောက်နှစ်ချောင်းကျစီ ကိုင်ဆွဲထား ကြသည်။ ဟူကျင်းသည် ဘုန်းတော်ကြီးသုံးပါးကို အရိုအသေပေး လိုက်ပြီးနောက် စတင်တိုက်ခိုက်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ရောင်က လက်ဝဲဘက် ဘေးသို့ ခုန်ထွက်လိုက်ပြီး ချင်ထင်းကျက်က လက်ယာဘက်ဘေးသို့ ခုန်ထွက်တိုက်ခိုက်ကြ သည်။ ချင်ထင်းကျက်သည် တုနန်၏ ကြိုးကို လုံးဝ မရှောင်တိမ်းဘဲ ကျောက်မီးတိုင်ဖြင့် ရင်ဆိုင်ရိုက်လိုက်သည်။ သူသည် ဤဘုန်းကြီး၏ အတွင်းအား မည်မျှကောင်းသည်ကို စမ်းသပ်ကြည့်လိုက်ခြင်းသာဖြစ် သည်။ 'ထန်း'ခနဲ ကျယ်လောင်စွာ မြည်ဟည်းလိုက်သော အသံတစ် သည် ပတ်ဝန်းကျင် တစ်ခုလုံး လွင့်ပျံ့သွားတော့၏။ ချင်ထင်းကျက် နှင့်တုနန်တို့ နှစ်ယောက်စလုံး၏ လက်များကား ထုံကျဉ်သွားကြ သည်။ သူတို့နှစ်ယောက်သည် တစ်ယောက်၏အတွင်းအားကို တစ်ယောက်က ထိတ်လန့်တုန်လှုပ် သွားကြတော့သည်။

ဟူကျင်းကမူ ဤဘုန်းကြီးသုံးပါးနှင့် တိုက်ခိုက်ရာတွင် ပရိယာယ် တစ်မျိုး သုံးရမည်ဟု စိတ်ကူးထားသည်။ သူတို့သုံးယောက် စလုံး အားလျော့ အမောဖောက်လာသည်အထိ တိုက်ခိုက်ပြီးမှ အနိုင် တိုက်ရန် စီစဉ်ထားသည်။ ထို့ကြောင့် ဟူကျင်းသည် သူ၏ အတွင်း အားကို ထုတ်ကာ အပြင်းအထန် ထိုးနှက် တိုက်ခိုက်နေတော့သည်။

အတန်ကြာသောအခါကျမှ ဟူကျင်းတို့သုံးယောက်စလုံး ဘုန်းတော်ကြီးသုံးပါးအနီးသို့ ကပ်လာနိုင်တော့သည်။ တစ်လှမ်း ချင်း ခက်ခက်ခဲခဲ ကပ်လာရခြင်းဖြစ်ပေသည်။ သူတို့သုံးယောက် ဤသို့ အနားသို့ ရောက်လာပြီးသည့်နောက် ထို့ထက်ပို၍ ရှေ့တက် ရန် အလွန် ခက်ခဲနေကြရသည်။



ရန်ရောင်နှင့် ချင်ထင်းကျက်တို့သည် တိုက်ရင်းတိုက်ရင်းမှ တုန်လှုပ်ချောက်ချားလာကြတော့သည်။ တိုက်ပွဲအစတွင် တစ်ယောက် ချင်းယှဉ်ပြိုင်နေကြရာမှ ယခုအခါ ရန်ရောင်နှင့် ချင်ထင်းကျက် တို့နှစ်ယောက်က တုနန်ဘုန်းတော်ကြီး တစ်ပါးတည်းကိုသာ အပြင်း အထန် တိုက်ခိုက်နေကြရပြီး ဟူကျင်းမှာမူ တစ်ယောက်တည်းနှင့် အခေါ၊ တုချက် ဘုန်းတော်ကြီး နှစ်ပါးတို့အား ယှဉ်ပြိုင် တိုက်ခိုက် နေကြရသည်။

ချင်ထင်းကျက်၏ သိုင်းပညာသည် အမာစားဖြစ်သည်။ ကော်တရော် ကြမ်းတမ်းလှသည်။

ရန်ရောင်၏ သိုင်းပညာမှာမူ မှန်းဆရ အလွန်ခက်ခဲသော ပညာဖြစ်သည်။ တဒင်္ဂအချိန်အတွင်း ပျော့လိုက် မာလိုက်ဖြင့် အမျိုးမျိုး ပြောင်းလဲနေတတ်သည်။ ဤခြောက်ယောက် တိုက်ပွဲတွင် ရန်ရောင်၏ သိုင်းပညာမှာ ကြည့်၍ ပသာဒ အရှိဆုံးဖြစ်နေသည်။ ကျောက်မီးတိုင်နှစ်ချောင်းသည်လည်း ရန်ရောင်၏ လက်ထဲတွင် ထက်နက်မျိုးစုံ ဖြစ်သွားခဲ့သည်။ ယခု လှံတံကဲ့သို့ အသုံးပြုပြီးသည် နှင့်တော်ကြာ ဓားကဲ့သို့ အသုံးပြုပြန်သည်။ ဤကဲ့သို့ အမျိုးမျိုးသုံးစွဲ နေသဖြင့် သူ၏ကျောက်မီးတိုင်များသည် ဓားဖြစ်လိုက်၊ လှံဖြစ် လိုက်၊ တုတ်ဖြစ်လိုက် အမျိုးမျိုး အံ့ဖွယ် ပြောင်းလဲနေတော့သည်။

ချူထင်းသည် ရန်ရောင်နှင့် အစဉ်အမြဲ ရန်ဖြစ်နေသူ ဖြစ် သည်။ အခွင့်အရေးရသည့်နှင့် ရန်ရောင်အား စကားဖြင့် ထိုးနှက်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်ခဲ့သည်ချည်း ဖြစ်၏။ ယခုမူ ရန်ရောင်၏ အံ့မခန်း သိုင်းပညာများကို တွေ့မြင်နေရပေပြီ။ သူ၏စိတ်ထဲတွင်...

'အင်း...ရန်ရောင်...ရန်ရောင်... လက်စသတ်တော့ မင်းက ငါ့ကို အမြဲတမ်း အလျှော့ပေးနေခဲ့တာကို အရင်တုန်းကတော့ ကိုယ့်ကိုယ်ကို သိပ် အထင်ကြီးခဲ့တာ၊ ရန်ရောင်နဲ့ ငါဟာ ပညာချင်း သိပ်မကွာပါဘူးလို့၊ ငါနဲ့ တိုက်ခိုက်တိုင်း ကံကောင်းပြီး ဒီကောင်က ငါ့ကို ကပ်ကပ်နိုင်သွားတာလို့ ငါ ထင်နေခဲ့တယ်၊ အင်း... တကယ်တော့ ဒီကောင်ရဲ့ ပညာက ငါ့ထက် အများကြီး တော်နေတာကိုး'

ချူထင်းသည် ရန်ရောင်၏ သဘောထား ပြည့်ဝမှုနှင့် သူ့ကိုယ်သူ နှိမ့်ချမှုကို ယခုမှ တွေ့မြင်ရသဖြင့် မိမိ၏ ရင့်သီးမှုများအတွက် ဝမ်းနည်းမိတော့သည်။ ရန်ရောင်ကိုမူ များစွာလေးစားသွားသည်။

တိုက်ပွဲ၏ အခြေအနေသည် သိုင်းကွက်ပြိုင်ပွဲမှ အတွင်းအားချင်း ပြိုင်ပွဲသို့ တဖြည်းဖြည်း ပြောင်းလဲသွားနေသည်။ နှစ်ဘက်စလုံး လုံးဝမလှုပ်ရှားကြတော့ဘဲ ကျောက်ရုပ်ကြီးများကဲ့သို့ မားမားကြီးရပ်နေကြကာ သူတို့ ကိုင်းဆောင်ထားသည့် လက်နက်များကိုတစ်ဆင့် အတွင်းအား ထုတ်ကြကာ သူ့လက်နက် ကိုယ့်လက်နက် အားပြိုင်တွန်းနေကြတော့သည်။

ဤကဲ့သို့သော အတွင်းအား ပြိုင်ချင်းမျိုးသည် အလွန်အန္တရာယ် ကြီးလှသည်။ နှစ်ဘက်စလုံး ဒဏ်ရာပြင်းထန်စွာ ရနိုင်



သော ပြိုင်ပွဲမျိုးဖြစ်သည်။ ရှုံးသူသည် ပွဲချင်းပြီး အသက်သေဆုံးသွားနိုင်ပြီး နိုင်သူမှာလည်း ဒဏ်ရာပြင်းထန်စွာ ရရှိနိုင်ပေသည်။ အခြေအနေသည် အဆိုးဝါးဆုံးသော အခြေအနေသို့ ဆိုက်ရောက်နေခြင်းဖြစ်၍ အလင်းမာန်ဂိုဏ်းနှင့် ရောင်လင်ဂိုဏ်းနှစ်ဂိုဏ်းစလုံးမှ ကိုယ့်လူအတွက် ကိုယ်စိတ်ပူနေကြရတော့သည်။ ထိုစဉ် မြေကြီးအောက်မှ အသံတစ်ခုသည် လွင့်၍ ထွက်ပေါ်လာတော့သည်။

'ရန်ရောင်...ချူထင်းကျက်နဲ့ လူလေး ဟူကျင်း၊ ငါပြောမယ့် စကားကို သေသေချာချာနားထောင်ကြပါ၊ ဂရုတစိုက်နားထောင်ကြပါ၊ ငါရဲ့ လက်နှစ်ဖက်စလုံးဟာ လူပေါင်းများစွာရဲ့ သွေးတွေစွန်းပေနေခဲ့ပါပြီ၊ ငါ့အဖို့ မထူးတော့ပါဘူး၊ မင်းတို့အနေနဲ့ ငါ့ကို အခုလို လာကယ်တာ ငါ ကျေးဇူးသိပ်တင်ပါတယ်၊ ဒါပေမယ့် ငါ့အတွက်နဲ့ ဂိုဏ်းနှစ်ဂိုဏ်းစလုံး သွေးထွက်သံယိုမှု ဖြစ်မှာကိုတော့ လုံးဝ မလိုလားဘူး၊ လူလေးဟူကျင်း...ငါ့ရဲ့ လက်မှာ သွေးတွေစွန်းပေကျံနေတာကို အားမရလို့ အခုငါ့အတွက်နဲ့ သွေးသံယိုမှုတွေဖြစ်အောင် ထပ်လုပ်ဦးမလို့လား၊ လူလေးဟူကျင်း...ငါ့စကားကို နားထောင်ပါ၊ မင်းရဲ့ ဂိုဏ်းသားတွေကို ချက်ချင်းပြန်ခေါ်ပြီး ရောင်လင်ဘုရားကျောင်းကနေ တောင်အောက်ကို ဆင်းသွားလိုက်ပါ၊ ငါပြောတဲ့အတိုင်း မလိုက်နာဘူးဆိုရင် ငါဟာ ဒီဂွင်းထဲမှာပဲ ကိုယ့်ကိုယ်ကို သတ်သေပစ်လိုက်မယ်'

အသံသည်မြေကြီးအောက်မှ ထွက်လာခြင်းဖြစ်သော်လည်း အတန်တရာ ကျယ်လောင်လှသဖြင့် နှစ်ဘက်ဂိုဏ်းသားအားလုံး

www.burmeseclassic.com

www.burmeseclassic.com



ပီပီသသ ကြားလိုက်ကြရသည်။ ဟူကျင်းသည် သူ့အဖေကြီး၏ စကားကြောင့် မည့်သို့မည်ပုံ ဆောင်ရွက်ရမည်ကို မသိနိုင်လောက် အောင်ပင် စိတ်ရှုပ်သွားမိတော့သည်။ ဟူကျင်းအနေဖြင့် သူ့အဖေ ကြီး ရှုက်စွန်း၏ စိတ်ဓာတ်ကို ကောင်းစွာ သိရှိသူဖြစ်သည်။ သံမဏိ စိတ်ဓာတ်ပိုင်ရှင် ဖြစ်သည်။

ထို့ပြင် မိမိတို့ယခု တိုက်ခိုက်နေကြသည်မှာ ပြိုင်ပွဲ၏ နောက်ဆုံးအဆင့်ဖြစ်သည့်အတွင်းအား ပြိုင်နေကြခြင်းဖြစ်သည် မိမိကမူ နေစကြာအတွင်းအား အပြည့်အဝရှိသဖြင့် အရေးမကြီး ဘိုးဘိုးချင်ထင်းကျုက်၊ ရန်ရောင်၊ တချက်နှင့် တုနန်တို့ လေးယော သည် တစ်ယောက်နှင့်တစ်ယောက် အတွင်းအားချင်း သိပ်မကွာ သဖြင့် လေးယောက်စလုံး သေကြရပေတော့မည်။ သူ့အဖေကြီး ကလည်း ပြောသည့်အတိုင်း သူ့ကိုယ်သူ သတ်သေမည်မှာ သေ လှတော့သည်။

ဟူကျင်းသည် တွေပြားဝေဝါးစွာ တွေးတောနေမိ ရှုက်စွန်း၏ အော်သံကို ထပ်မံကြားရပြန်သည်။

သူ့အဖေကြီး၏ အသံသည် တင်းမာခက်ထန်လာသ အရိပ်အရောင်များ ပါလာချေပြီး သူပြောသည့်အတိုင်း ဟူကျင်း မဆောင်ရွက်ကြလျှင် သူ့ကိုယ်သူ သတ်သေပေတော့မည်။

'ဟူကျင်း...မင်း ထွက်မသွားသေးဘူးလား'

ဟူကျင်းသည် မည်သို့မျှ မတတ်နိုင်တော့သဖြင့်...



'ဟုတ်ကဲ့...အဖေကြီး ကျွန်တော်တို့ သွားပါတော့မယ်'ဟု ပြောလိုက်ရတော့၏။

ဟူကျင်းသည် နောက်သို့ ခုန်ထွက်လိုက်ပြီး အော်ဟစ် ပြောဆိုလိုက်သည်။

'ဆရာတော်ကြီးသုံးပါးရဲ့ သိုင်းပညာက တကယ်ပဲ အဆင့် အတန်း မြင့်မားလှပါတယ်၊ တပည့်တော်တို့အနေနဲ့ ဒီနေ့မှာလဲ လုံးဝ အနိုင်ရအောင် မတိုက်နိုင်ခဲ့ပါဘူး၊ ဒီတော့ နောက်နေ့ကျမှ တစ်ခါ လာပြီး ယှဉ်ပြိုင်ပါဦးမယ်၊ ဘိုးဘိုးချင်ထင်းကျုက်၊ ဦးလေးရန်ရှောင် အားလုံး ရပ်လိုက်ကြပါတော့...'

အတွင်းအား ပြိုင်နေသူအားလုံး နောက်သို့ ခုန်ဆုတ်ပြီး လူချင်းခွဲခွာလိုက်ကြသည်။

တိုက်ပွဲသည် ဤမျှနှင့် ပြီးဆုံးသွားလေပြီ။ ဤတွင် ရှောင်လင်ကျောင်းတိုက်၏ သိုင်းပညာတတ်ကျွမ်းမှုတွင် အဆင့်မြင့် ဆုံးဖြစ်သော ဘုန်းတော်ကြီး သုံးပါးစလုံးသည် အလင်းမာန်ဂိုဏ်းကို လုံးဝ အထင်မသေးရဲတော့ချေ။ တကယ့် ထိပ်သီးသိုင်းသမားများ အလင်းမာန်ဂိုဏ်းတွင် ရှိနေကြပေပြီ။ ဘုန်းတော်ကြီး သုံးပါးစလုံးက လည်း သိရှိသည်။ ရှုက်စွန်း၏တားမြစ်ချက်ကို မလိုက်နာဘဲ ဆက် လက်ယှဉ်ပြိုင်ကြလျှင် နှစ်ဘက်စလုံးအထိနာကြပေမည်။ ထို့ကြောင့် ယခုခါ ဘုန်းတော်ကြီးက...



www.burmeseclassic.com

www.burmeseclassic.com



'ငါတို့ဟာ တစ်နေရာတည်းမှာပဲ တရားအားထုတ်ရင်း သိုင်းပညာ လေ့ကျင့်လာခဲ့ကြတာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ၊ ငါတို့ စိတ်ထဲမှာ မင်းတို့လို ထက်ထက်မြက်မြက် ရှိတဲ့ သိုင်းပညာရှင်တွေ မရှိတော့ဘူးလို့ မှတ်ထင်ထားခဲ့မိတယ်၊ ဒီနေ့မှာ ငါတို့အနေနဲ့ မရှိတော့ဘူးလို့ ထင်ထားခဲ့တဲ့ သိုင်းပညာရှင်တွေနဲ့ ဆုံတွေ့ခဲ့ကြရတယ်၊ သိပ်ကို အားရကျေနပ်မိတယ်'

ဘုန်းတော်ကြီး တုခေါ၏ စကားများကို လူအားလုံးက စိတ်ပါဝင်စားစွာ နားထောင်နေကြသည်။ တုခေါ ဘုန်းတော်ကြီးက သူ့စကားကို ဆက်သည်။

'ကျန်းဟူကျင်း...မင်းရဲ့ ဂိုဏ်းမှာ ဒီလောက်လူတော်တွေ များနေပြီး မင်းကိုယ်တိုင် ဒီလောက်တော်နေပြီဆိုတော့ လူ့လောက အတွက် အင်မတန်အရေးကြီးတဲ့ အနေအထားမျိုးကို ရောက်နေပြီလို့ ဆိုရမယ်၊ မင်းတို့ရဲ့ သိုင်းပညာနဲ့ လူ့လောကရဲ့ အကျိုးကိုဆောင်ပါ၊ မကောင်းကျိုးဖြစ်စေမယ့် အပြုအမူကိုတော့ ရှောင်ပါ'

ဟူကျင်းသည် ခါးကိုင်း၍ အရိုအသေပြုလိုက်ပြီး၊ ခန်မ် လျှောက်ထားလိုက်သည်။

'ဆရာတော်ဘုရားရဲ့ ဆုံးမစကားကို တပည့်တော် အစဉ် တမ်း မှတ်သားထားပါမယ်ဘုရား' ဟု လျှောက်ထားလိုက်သည်။

တုခေါက...





'ငါတို့ဂိုဏ်းတူ ညီအစ်ကိုသုံးယောက်ကတော့ မင်းတို့ရဲ့ တိယအကြိမ် ထပ်လာခြင်းကို စောင့်ကြိုနေကြမှာပါ၊ မင်းတို့ ်အေးလက်အေးသာ လာခဲ့ကြပါ'

ဟူကျင်းသည် ရှောင်လင်ဘုန်းကြီးများကို နှုတ်ဆက်ကာ ာင်ကုန်းထိပ်မှ ဆင်းသက်လာကြရတော့သည်။

ရှောင်လင် ကျောင်းတိုက်အား ဝိုင်းဝန်းထားသော အလံ ာအားလည်း တောင်ပေါ်မှ ပြန်လည်ဆင်းသက်ရန် အမိန့်ပေး ၏။ ဂိုဏ်းသားအားလုံး တောင်ခြေတွင် စုစည်းကာ ပြန်လည် ွေးကြသည်။ မည်သို့မည်ပုံ ဆက်လက်ဆောင်ရွက်ရမည်ကို ုထုတ်ကြသည်။ သို့သော် တကယ်တမ်း ဖြစ်ဖြစ် မြောက် က် ဆောင်ရွက်နိုင်မည့် အကြံဉာဏ်ဟူ၍ မည်သူ တစ်ယောက်မျှ နိုင်ကြတော့ပေ။

ဤရှောင်လင် ဘုန်းတော်ကြီးသုံးပါးတို့၏ သိုင်းပညာမှာ ယ်ပင် မြင့်မားလှပေသည်။

ဟူကျင်းကဲ့သို့ သိုင်းပညာ အလွန်ပြည့်စုံသောသူ တစ် က်၏ အကူအညီရမှသာလျှင် ဤဘုန်းတော်ကြီးသုံးပါးကို င်တိုက်ခိုက်နိုင်ပေလိမ့်မည်။

ဤသို့ဖြင့် ငါးလ၏ လပြည့်နေ့သို့ ရောက်ရှိလာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အခြားသော သိုင်းဂိုဏ်းပေါင်းစုံ၏ အဓိကရည်ရွယ်ချက်မှာ နဂါးနိုင်စား ရရေးဖြစ်သည်။ ဟူကျင်းတို့၏ အလင်းမာန်ဂိုဏ်း၏ အဓိက ဦးတည်ချက်မှာ ရှက်စွန်းအား ကယ်တင်နိုင်ရေးဖြစ်သည်။

ရှက်စွန်းသည် အလင်းမာန်ဂိုဏ်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်နေခဲ့ခြင်းနှင့် ဂိုဏ်းချုပ်ကြီး ... ဟူကျင်း၏ မွေးစားဖခင်ကြီး ဖြစ်နေခြင်းကြောင့် အခြားအခြားသော ဂိုဏ်းများထက် အလင်းမာန်ဂိုဏ်းက ထကြွနိုးကြားမှု ရှိနေပေသည်။

လပြည့်နေ့ နံနက်စောစောကပင် အလင်းမာန် ဂိုဏ်းသားများအားလုံး အဆင်သင့် ဖြစ်နေကြပေပြီ။ ဟူကျင်း လက်တစ်ချက်ယမ်းပြလိုက်သည်နှင့် ရှောင်လင်ဘုရားကျောင်းသို့ တက်ရောက်ကြတော့၏။

ရှောင်လင် ဘုရားကျောင်းတိုက်ကြီး၏ ကျောင်းဝင်းကြီးသည် ကြီးမားကျယ်ဝန်းလှရကား၊ ကွက်လပ်ကြီးတွင် အနယ်နယ်အရပ်ရပ်မှ ဂိုဏ်းအသီးသီး၏ သိုင်းသမားများ ကိုယ့်အုပ်စုနှင့်ကိုယ် နေရာယူလျက် ထိုင်နေကြသည်။

ယခု ခြင်္သေ့သတ်ပွဲသို့ တက်ရောက်လာကြသည့် လူပေါင်းများစွာ အချို့က ရှက်စွန်းအား သတ်၍ ရန်ကြွေးဆပ်ရန် ဖြစ်သည်။ အချို့တော့ နဂါးနိုင်စားကို အရယူရန် ဖြစ်သည်။ အချို့ကတော့ လူပေါင်းစုံလာမည့် ဤပွဲ၌ မိမိတို့၏ရန်သူကို တွေ့လိုတွေ့ငြား



လာရောက်ရှာဖွေကြခြင်းဖြစ်သည်။ သို့သော် အများစုမှာ ပွဲကြည့်ပရိသတ် သက်သက် ဖြစ်ကြပေသည်။

ရှောင်လင်ဂိုဏ်းကမူ များပြားလှသော ဧည့်ပရိသတ်ကြီးကို ချို့ယွင်းချက်မရှိအောင် ဧည့်ခံပြုစုလျက် ရှိကြသည်။ ဧည့်ခံပုံ စနစ်ကျလှသဖြင့် ဧည့်သည်များ အနေဖြင့်လည်း စိတ်ပြင်ငြင်စရာ အကွက်တစ်ကွက်မျှ မတွေ့ကြရပေ။

ဟူတန်းဂိုဏ်းမှ တက်ရောက်လာသူမှာ နှစ်ယောက်တည်းသာဖြစ်သည်။ ရီလင်တန်းနှင့် ချင်လိရှန်တို့သာတည်း။ သူတို့ကို တွေ့လိုက်ရသည်နှင့် ဟူကျင်းသည် အပြေးအလွှားသွားရောက် နှုတ်ဆက်လိုက်သည်။ ဟူကျင်း၏ လူကြီးသူမများကို ရိုသေလေးစားတတ်ပုံကြောင့် ဟူတန်းဂိုဏ်းမှ ဦးကြီး၊ ဦးလေးများသည် သူ့အား သားတစ်ယောက်ပမာ ချစ်ခင်မြတ်နိုးကြခြင်းဖြစ်တော့သည်။

ရီလင်တန်းက လေသံတိုးတိုးကလေးဖြင့် ပြောလိုက်သည်။

'ဟူကျင်း...ဆို့ချင်းစူးရဲ့ သတင်းကို ကြားသေးသလား'

ဟူကျင်းက ခေါင်းခါပြလိုက်သည်။ သူတောင်းစားဂိုဏ်းမှ ဆို့ချင်းစူးထွက်ပြေး ပျောက်ကွယ်သွားပုံနှင့် ယင်းနောက် ဆို့ချင်းစူး၏ သတင်း မည်သို့မျှ မရပုံကို ပြောပြလိုက်သည်။

ဆို့ချင်းစူးသည် ဟူတန်းဂိုဏ်းသို့ ပြန်လည် ရောက်ရှိလာခြင်း မရှိကြောင်း ရီလင်တန်းက ပြန်ပြောပြသည်။ ဆို့ချင်းစူး၏

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ချို့ရှင်ချောင်းမှာလည်း သူ၏သားကိစ္စနှင့် ပတ်သက်၍ သောက များပါဒများခံစားနေရသောကြောင့် ပိန်ချုံးကျသွားကြောင်းနှင့် ဆရာကြီး ကျွန်းဆန်းဖုန်းကိုမူ ဤကိစ္စလုံးဝ မပြောရဲသေးကြောင်း ပြောပြကြသည်။ ဟူကျင်းက…

'အစ်ကို…ဆို့ချင်းစူးဟာ တစ်နေ့ကျရင် အမြင်မှန်ရ လာမှာ ပါ၊ ဒီအချိန်ကျရင် သူဟာ လူကောင်းသူကောင်း ပြန်ဖြစ်သွားမှာပါ ဦးကြီးချို့ရှင်ချောင်းလဲ အဲဒီအခါမှာ စိတ်ချမ်းသာရာရသွားမှာပဲ'

ရီလင်တန်းက သက်ပြင်းတစ်ချက် ချရင်း…

'အင်း…ငါတို့ကလဲ ဒီလိုပဲ ဖြစ်ပါစေလို့ ဆုတောင်းနေ ရတာပဲ'

ဟူကျင်းနှင့် ရီလင်တန်းတို့ အပြန်အလှန် စကားပြော ကြစဉ် သိုင်းအကျော်အမော်များ နောက်ထပ် ရောက်ရှိလာကြ သည်။

ထိုသိုင်းသမားများထဲတွင် ယမန်နေ့ညက ဘုန်းတော်ကြီး သုံးပါးကို လာရောက်တိုက်ခိုက်ကြမည့် ရှစ်ယောက်အုပ်စု အကြီးအကဲဖြစ်ဟန်တူသော အဘိုးကြီးနှစ်ယောက်ပါဝင်လာကြောင်း တွေ့မြင်လိုက်ရသည်။

ဟူကျင်းသည် ယခုကဲ့သို့ လင်းလင်းရှင်းရှင်း အချိန်ကျ ယင်းအဘိုးကြီး နှစ်ယောက်ကို သေသေချာချာ သိရှိခဲ့ရသည်။



ယင်းနှစ်ယောက်အား သာမည သိုင်းသမားများ မဟုတ်ကြပေ။ ငါးမန်းညီနောင်ဟု ထင်ရှားကျော်ကြား နေသူများသာတည်း။

ဝါဆန်းဂိုဏ်း ခုံးတုံဂိုဏ်းနှင့် ခွန်းလွန်းဂိုဏ်းမှ ထိပ်သီး သိုင်းသမားများလည်း အစုံအလင် တက်ရောက်လာကြသည်။ ဝါမေဂိုဏ်းမှာမူ မည်သူ တစ်ဦးတစ်ယောက်မျှ ရောက်ရှိလာခြင်း မရှိသေးပေ။

ဟူကျင်းသည် ဝါမေဂိုဏ်းကိုသာ စောင့်မျှော်နေမိ၏။ ချူကျူးတို့ အလျှင်အမြန် ရောက်လာစေချင်သည်။ သို့မှသာ မင်္ဂလာ ပွဲကို မည်သည့် အကြောင်းကြောင့် ဖျက်လိုက်ရကြောင်း ရှင်းပြနိုင် မည် မဟုတ်ပါလား။

သို့သော်… တစ်ဘက်တွင်လည်း ချူကျူးနှင့် ရင်ဆိုင်တွေ့ရ မည်အရေးကို သွေးလန့်လျက် ရှိနေမိတော့၏။

✦ ◇ ✦ ◇ ✦

www.burmeseclassic.com

www.burmeseclassic.com



# ထိပ်တန်းသိုင်းပညာ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉၈)

# ထိပ်တန်းသိုင်းပညာ

ရှောင်လင် ဘုရားကျောင်းဝင်း၏ မြောက်ကွက်လပ်တွင် သိုင်းသမားအားလုံး နေသားတကျ ထိုင်မိကြသောအခါ ရှောင်လင်ဘုန်းကြီးများ တစ်သုတ်ပြီး တစ်သုတ် လျှောက်ထွက်လာကြတော့သည်။ နောက်ဆုံးမှ ထွက်လာသော ဘုန်းတော်ကြီးကား ခုံးကျဆရာတော်ကြီးပင် ဖြစ်တော့သည်။ သူ၏ နောက်တွင် တအားမာကျောင်းတိုက်မှ ဘုန်းတော်ကြီး ကိုးပါးတို့ တန်းစီ၍ လိုက်ပါလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုံးကျိုဆရာတော်ကြီးသည် မြေကွက်လပ် အလယ်တွင် ရပ်လိုက်ပြီး...

'မိတ်ဆွေ...သိုင်းသမား အပေါင်းတို့ မိတ်ဆွေတို့ အားလုံး ဘုန်းကြီးတို့ရဲ့ ကျောင်းကို အခုလို လာရောက်ကြတဲ့အတွက် ဘုန်းကြီးတို့က ဝမ်းသာကြောင်းပြောပြလိုပါတယ်၊ ဂိုဏ်းချုပ် ဆရာတော်ကြီး ခုံးဝန့် ရုတ်တရက် နာမကျန်းဖြစ်ခဲ့ရလို့ ဒီပွဲမှာ မတတ်ရောက်နိုင်တာကိုတော့ သူ့ကိုယ်စား ကျုပ်က တောင်းပန် ပါတယ်'

ဟူကျင်းသည် ခုံးကျိုဆရာတော်ကြီး၏ စကားများကို ကြား လိုက်ရသောအခါ အလွန် အံ့သြသွားတော့သည်။ ဂိုဏ်းချုပ်ဆရာ တော်ကြီး ခုံးဝန်ကို အလင်းမာန်ဂိုဏ်းကြီး တပ်ချီစဉ်ကပင် တွေ့လိုက် ရသေးသည်။ ယနေ့ နာမကျန်းဖြစ်နေသည်ဟု ဆိုပြန်သည်။ မည်သို့ ဖြစ်နေသနည်း။ လျှို့ဝှက်သော အကြောင်းတစ်ခုခုတော့ ပေါ်ပေါက် ကောင်း.ပေါ်ပေါက်နေမည်ဟု ဟူကျင်း စဉ်းစားလိုက်မိသည်။ ခုံး ဆရာတော်ကြီးသည် သူ၏စကားကို ဆက်၍ ပြောသည်။

'ရွှေခြင်္သေ့မင်း ရှက်စွန်းဟာ အပြစ်တွေ သိပ်များခဲ့တဲ့ လူ လူတွေ သတ်ပေါင်းများလွန်းလို့ သူ့လက်က သွေးညှီနံ့ကို သူ ပျက်ပြယ်အောင် လုပ်နိုင်မှာ မဟုတ်ပါဘူး၊ ဘုန်းကြီးတို့ အ သူ့ကို ဖမ်းမိထားတာ မှန်ပေမယ့် ဘုန်းကြီးတို့ သဘောတစ်ရ



မဆုံးဖြတ်သင့်ဘူးလို့ ယူဆထားပါတယ်၊ ဒါကြောင့် အားလုံးကို ကြားပြီး ဒီကိစ္စ ဆုံးဖြတ်နိုင်းရတာပါပဲ၊ ဂိုဏ်းတစ်ဂိုဏ်းရဲ့ သဘောနဲ့ ဆုံးဖြတ်တာထက် ဂိုဏ်းပေါင်းစုံ ညှိနှိုင်းပြီး ဆုံးဖြတ် က ပိုပြီး တရားမျှတလိမ့်မယ်လို့ ဘုန်းတော်ကြီးတို့က ယူဆ းပါတယ်'

ခုံးကျိုဆရာတော်ကြီးသည် ပြောပင်ပြောနေသော်လည်း က်နှာ၌ ယခင်က ရှိခဲ့ဖူးသည့် အားမာန်နှင့် ပြတ်သားသည့် အမူ မျိုး လုံးဝမရှိဘဲ ဖြစ်နေ၏။ ညှိုးနွမ်းနေသည့် မျက်နှာကို င်း ကောင်းစွာ အကဲခတ် မိလိုက်သည်။ ခုံးဝန် ဆရာတော်ကြီး က် စိတ်ပူကောင်းစိတ်ပူနေလိမ့်မည်ဟု ဟူကျင်း ခန့်မှန်းကြည့် သည်။

ဟူကျင်းသည် ဘုန်းကြီးအားလုံးကို တစ်ပါးချင်း အသေ စစ်ဆေးကြည့်လိုက်သည်။ ချန်ခွန်းကို လုံးဝ မတွေ့ရချေ။ င်းသည် ဖြစ်နိုင်စရာရှိသည့် အကြောင်းများကို စိတ်ထဲတွင် းနေမိသည်။

'ဟိုနေ့တုန်းက ဘုန်းတော်ကြီး သုံးပါးကို ချန်ခွန်းရဲ့ လျှို့ ကြံအစည်တွေကို ငါပြောပြလိုက်လို့ ရှောင်လင်ကျောင်းက စဉ်တွေ ပြောင်းလိုက်တာများလား မသိဘူး၊ ခုံးဝန်ဆရာ ကြီး ရုတ်တရက် ဖျားနာတယ် ဆိုတာလဲ ဒီကိစ္စတွေနဲ့ တစ်နည်း တ်သက်နေတာ ဖြစ်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ခုံးကျို ဆရာတော်ကြီးသည် စကားပြောပြီးသည်နှင့် သူနေရာ ရှိရာသို့ ပြန်ဆုတ်သွားသည်။

ထိုစဉ် အရှေ့ဘက်ထောင့်မှ ကိုယ်လုံးကိုယ်ထည် ကြီးမားခန့်ညားလှသော လူတစ်ယောက် မတ်တတ်ရပ်လိုက်သည်။ ထိုသူသည် ရှာဝေ့အမည်ရှိ သိုင်းဆရာကြီးပင် ဖြစ်သည်။ ရှာဝေ့သည် ကျယ်လောင်လှသော အသံဖြင့် အော်ဟစ်ပြောလိုက်သည်။

'ရှက်စွန်း ဆိုတဲ့ကောင်ဟာ ဒီလောက် များပြားလှတဲ့ လူသတ်မှုကြီးတွေ ကျူးလွန်ခဲ့တာ နည်းနည်းနောနောမှ မဟုတ်ဘဲ၊ ဒီကောင်ကို ရှောင်လင်ဂိုဏ်းက ဖမ်းမိလိုက်တာ သိပ်ကံကောင်းတယ်၊ မြေလျှိုးမိုးပျံသလို အစပျောက်နေတော့ ဘယ်လိုဖမ်းရမှန်း ဘယ်သူမှ မသိကြဘူး၊ အခုတော့ မိထားပြီမဟုတ်လား၊ ဒီလို လူဆိုးမျိုးကို လာမှ မေးမြန်းစစ်ဆေး ဆုံးဖြတ်နေစရာ မလိုဘူး၊ တစ်ချက်တည်း ခုတ်သတ်ပစ်လိုက် သေသွားရင် အေးသွားတာပဲ'

ရှာဝေ့၏ညီသည် ရှက်စွန်း လက်ချက်ဖြင့် သေဆုံးခဲ့ရခြင်း ဖြစ်သည်။ ထို့ကြောင့် ဤမျှဒေါသထွက်နေခြင်းဖြစ်ပေသည်။ ရှာဝေ့၏ စကားကို လူတော်တော်များများက ထောက်ခံကြသည်။ ထိုကဲ့သို့ တစ်ယောက်တစ်ပေါက် ဆူဆူညံညံ ပြောနေကြသည့် အသံများကြားမှ အေးစက်သော အသံတစ်သံသည် သီးသီးခြားခြား ပေါ်ထွက်လာတော့သည်။ ထိုအသံက…



'ရှက်စွန်းဆိုတာက နယ်နယ်ရရလူမှ မဟုတ်တာ၊ အလင်းမာန်ဂိုဏ်းရဲ့ မင်းကြီးလေးပါးထဲက တစ်ပါးပဲ၊ ရှောင်လင်ဂိုဏ်းက သူ့ကို သတ်ပစ်ရင် အလင်းမာန်ဂိုဏ်းက အေးအေးဆေးဆေး ထိုင်ကြည့်နေပါ့မလား၊ စဉ်းစားကြစမ်းပါဦး၊ အသေသာ သတ်ပစ်ကြည့်၊ အလင်းမာန်ဂိုဏ်းတော်ဟာ ရှောင်လင်ဂိုဏ်းအပေါ် အကျွမ်းမကျေအောင် ရန်ငြိုးဖွဲ့တော့မှာပဲ၊ နို့မို့ရင်တော့လား ရှောင်လင်ဂိုဏ်းက ရှက်စွန်းကို အစောကြီးကတည်းက သတ်ပစ်လိုက်ပြီပေါ့၊ ဟား…ဟား…ဟား…ဒါတွေ မစဉ်းစားကြဘူး'

ထိုအသံရှင်သည် လူအများကြားတွင် ရောနှော နေထိုင်သူဖြစ်၍ သူ၏မျက်နှာကိုလုံးဝ မတွေ့ရပေ။ ရှာဝေ့က အော်လိုက်သည်။

'ဟေ့…အရက်ဘုရင် ဆက်ယူ၊ ရှက်စွန်းက ငါ့ညီကို သတ်တဲ့ကောင်ပဲ၊ ကိုယ်လုပ်ရင်ကိုယ်ခံရမှာပေါ့၊ ရှောင်လင်ဂိုဏ်းက ရှက်စွန်းကို ခေါ်ထုတ်လိုက်စမ်းပါ၊ ငါ သတ်ပါ့မယ်၊ ငါကတော့ ကြောက်ပဲ ငါလုပ်ရင် ငါခံမယ်၊ ရှက်စွန်းကို ငါသတ်လို့ အလင်းမာန်ဂိုဏ်းက မကျေနပ်ဘူးဆိုရင် ငါ့ကို ရန်ကြွေးဆပ်နိုင်တယ်၊ ရှက်စွန်းကို အပြင်ထုတ်လိုက်စမ်းပါ'

ထိုအခါ အရက်ဘုရင် ဆက်ယူသည် တဟားဟား အော်ရယ်မောရှိ…

www.burmeseclassic.com

www.burmeseclassic.com



'ရှာဝေ့...နဂါးနိုင်ဓားဟာ ရှက်စွန်း လက်ထဲမှာဆိုတာ လူတိုင်းသိနေကြတာပဲ၊ ရှောင်လင်ဂိုဏ်းဟာ ရှက်စွန်းကို ဖမ်းမိ ထားတယ် ဒီနဂါးနိုင်ဓားကို သူတို့ပဲ ရထားကြမှာ သေချာတယ် သူတို့က ရှက်စွန်းကို သတ်မယ်ဆိုတာကတော့ လူကြားကောင်း အောင် ပြောနေကြတာကွ၊ သူတို့ လိုချင်နေတာက ရှက်စွန်းဆီက ဓားပါ၊ ဓားရရင်တော့ ဘယ်လွယ်လိမ့်မလဲ၊ မာန် တထောင်ထောင် ဖြစ်နေကြတော့မှာ၊ အေး...ဒီအထဲမှာ မင်းကတော့ တစ်မျိုးပေါ့ကွာ

ရှောင်လင်ကျောင်း၏ မြေကွက်လပ်ကြီးတွင် လူပေါင်း ပါဝင်နေကြရာ လူအမျိုးမျိုး သဘောအမှုံမှုံ ဖြစ်နေကြသည်။ ယ အရက်ဘုရင်ဆက်ယူ ပြောလိုက်သည့် စကားကို အချို့က သံယော လိုက်ကြပြန်သည်။

'အေး...ဟုတ်တယ်ဟော့၊ နဂါးနိုင်ဓား ထုတ်ပြဖို့ ရှောင်လ ဂိုဏ်းကို ပြောဟေ့... အခုဆိုရင် နဂါးနိုင်ဓားဟာ ဟိုလိုလို ဒီလို ဖြစ်နေတယ်၊ နဂါးနိုင်ဓားကိုသာ ထုတ်ပြနိုင်းပါ၊ မမြင်ဘူးသေး လူတွေလဲ မြင်ဖူးသွားတာပေါ့'

ထိုအခါ ခုံးကျိသည် ဖြည်းညင်းစွာ ထရွဲပြောလိုက်သည်

—— 'နဂါးနိုင်ဓားဟာ ကျုပ်တို့လက်ထဲမှာ မရှိပါဘူး၊ အ အတိုင်းပြောရရင် ကျုပ်ကိုယ်တိုင် ဒီဓားကို တစ်ကြိမ်တစ် မတွေ့ဖူးသေးပါဘူး'



ထိုစကားကို ကြားလိုက်ရသောအခါ ပရိသတ် အားလုံး အံ့တသြ ဖြစ်သွားကြတော့၏။

'ဘယ်လိုလဲ၊ နဂါးနိုင်ဓား သူတို့လက်ထဲမှာ မရှိဘူးဆိုတာ တ်နိုင်ပါ့မလား' စသည်ဖြင့် သို့လောသို့သော တွေးတော နေကြ ာသည်။ ထိုအခိုက် ရှောင်လင်ဂိုဏ်းမှ ဘုန်းတော်ကြီး တစ်ပါးက ၅အော်ဟစ်လိုက်သည်။

'သူတောင်းစားဂိုဏ်းက ဂိုဏ်းချုပ်ကြီးနဲ့ သိုင်းသမားတွေ ရောက်လာပါပြီ'

သူတောင်းစားဂိုဏ်းက ဂိုဏ်းချုပ်ကြီးဟူသော အသံကို ကြားလိုက်ရသဖြင့် ဟူကျင်း အလွန် အံ့သြသွားသည်။ ထို့ကြောင့် စိတ်ထဲတွင် ရေရွတ်လိုက်မိသည်။

'သူတောင်းစား ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံက ချန်စွန်း တ်ချက်နဲ့ သေသွားပြီပဲ'

သူတောင်းစားဂိုဏ်းသည်လည်း သာမည ဂိုဏ်းသေး င်းမွားကလေး မဟုတ်။ သိက္ခာအဆင့်အတန်းနှင့်ရှိသော ဂိုဏ်းကြီး ဂိုဏ်းဖြစ်သဖြင့် ခုံးကျိ ဆရာတော်ကြီးကိုယ်တိုင် ဆီးကြို လိုက်သည်။

ရှေ့ဆုံးမှဝင်လာသူ နှစ်ယောက်သည် သိုင်းပညာ သင်ကြား မျိုးနှင့် စည်းကမ်းထိန်းသိမ်းရေးမှူးတို့ပင် ဖြစ်သည်။ သို့ အတိုး



www.burmeseclassic.com

www.burmeseclassic.com



ကြီးနှစ်ယောက်၏ နောက်တွင် အသက်ဆယ့်သုံးနှစ်ခန့် မိန်းကလေး တစ်ယောက်သည် ဝါးစိမ်းတစ်ချောင်းကိုင်၍ လျှောက်လာသည်။ ထိုဝါးစိမ်းချောင်းသည် သူတောင်းစားဂိုဏ်း၏ ဂိုဏ်းချုပ်အမှတ်အသားဖြစ်သော ခွေးရိုက်တုတ်ပေတည်း။

ထိုအချင်းအရာကို မြင်တွေ့လိုက်ရသော ခုံးကျိုးဆရာတော်ကြီးပင်လျှင် တစ်ချက်မျှ ကြောင်သွားမိသည်။ ခုံးကျိုး ဆရာတော်ကြီး၏ အမူအရာကို တွေ့လိုက်ရသောကြောင့် သိုင်းပညာရေးမှူးက ရှင်းပြသည်။

'ကျုပ်တို့ရဲ့ ဂိုဏ်းချုပ်ကြီးဟာ လူယုတ်မာတချို့ရဲ့လက်ချက်နဲ့ ကံခေပြီး ကွယ်လွန်သွားခဲ့ရပါတယ်၊ အခု အားလုံးရဲ့ သဘောတူညီချက်နဲ့ ဂိုဏ်းချုပ်ကြီးရဲ့ သမီး ဆယ်ဟုန်ကို ဂိုဏ်းချုပ်ကြီးအဖြစ် ခန့်အပ်လိုက်ကြပါတယ်၊ သူမဟာ ကျုပ်တို့ရဲ့ ဂိုဏ်းချုပ်ကြီး အသစ်ပါပဲ၊ သူတောင်းစားဂိုဏ်းနဲ့ ပတ်သက်တဲ့ ကောင်းကျိုး ဆိုးကျိုး မှန်သမျှကို ကျုပ်တို့ရဲ့ ဂိုဏ်းချုပ်အသစ် ဆယ်ဟုန်ရဲ့ အမိန့်အတိုင်း ဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်'

ထိုအခါကျမှ ပရိသတ်အားလုံး သဘောပေါက် နားလည်သွားကြတော့သည်။ ပရိသတ်အားလုံးက အထူးသတိပြုမိကြသည့် အချက်မှာ ဝင်ရောက်လာကြသည့် သူတောင်းစားဂိုဏ်းသား အားလုံး၏ မျက်နှာတွင် ဒေါသရောင်များ တောက်ပနေကြခြင်းကိုပင်တည်း။ ကိုယ်စီကိုယ်စီ လက်နက်များလည်း ကိုင်ဆောင်လာကြသည်။





ဟူကျင်းကမူ သူတောင်းစားဂိုဏ်း ဝင်ရောက်လာကတည်းက အလွန်အားတက်သွား၏။ ရန်ရှောင်အား တိုးတိုးပြောလိုက်သည်။

'ရန်ရှောင်...ကျုပ်တို့အတွက်တော့ အတော်ကလေး ဟန်ကျတာပဲ၊ ကျုပ်တို့နဲ့ ပူးပေါင်းမယ့် အင်အားတစ်ခုတိုးလာတာပဲ'

ထိုစဉ် သိုင်းပညာသင်ကြားရေးမှူး၊ စည်းကမ်းထိန်းသိမ်းရေးမှူး၊ ကျန်းဝန်နဂါးခေါင်းနှင့် ကျန်းဆက်နဂါးခေါင်းတို့သည် သူတို့အတွက် သတ်မှတ်ထားသော နေရာအသီးသီးတွင် နေရာယူလိုက်ကြသည်။

စည်းကမ်းထိန်းသိမ်းရေးမှူးက ရုတ်တရက် ထပြီး ပြောလိုက်သည်။

'ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်း... ရွှေခြင်္သေ့မင်း ရှက်စွန်း အခုလို အဖမ်းခံရတဲ့ ကိစ္စမှာ ကျုပ်နဲ့ အများကြီး ပတ်သက်ခဲ့ပါတယ်၊ ကျုပ် တို့ဂိုဏ်းမှာ တာဝန်ရှိနေပါတယ်၊ ဒီနေ့ဒီအချိန်မှာ ခြင်္သေ့မင်း ရှက်စွန်းအတွက် ကျုပ်တို့ အသက်နဲ့လဲပြီး ကာကွယ် စောင့်ရှောက်ပါမယ်လို့ ကတိပြုပါတယ်၊ ဒီလိုကတိပြုခြင်းဟာလဲ ဂိုဏ်းချုပ်ကြီးရဲ့ ကျေးဇူးကို ပြန်ပေးဆပ်တဲ့ သဘောပါပဲ၊ နောက်တစ်ချက်က ကျုပ်တို့ရဲ့ ကွယ်လွန်သူဂိုဏ်းချုပ်ကြီးဆယ်ဟိုလဲ့အတွက် ပြန်လည်တုန့်ပြန်ဖို့ပါဘဲ၊ ဒါကြောင့် ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်း အမိန့်သံ တစ်ချက်ပဲ ကြားလိုက်ပါစေ ကျုပ်တို့ သူတောင်းစားဂိုဏ်းသားအားလုံး

www.burmeseclassic.com

www.burmeseclassic.com



ဟာ အသက် စွန့်ပြီး လိုက်နာဖို့ အဆင့်သင့်ပဲဆိုတာ ပြောကြားလိုက်ပါရစေ'

ပရိသတ်အားလုံးသည် စည်းကမ်းထိန်းသိမ်းရေးမှူး၏ စကားများကို ကြားလိုက်ရသောအခါ မီးကိုရေနှင့် သတ်လိုက် သကဲ့သို့ လုံးဝငြိမ်သက်သွားကတော့၏။ အလွန်တရာ အံ့သြသွားသော အကြောင်း ဖြစ်ပေသည်။ သူတို့၏ မျက်စိရှေ့၌ မဖြစ်နိုင် ဟု လုံးဝယူဆထားသည့် အရာတစ်ခုဖြစ်ပေါ်လာသည့်အခါ အံ့သြသွားကြခြင်းမျိုးဖြင့် အံ့သြသွားကြခြင်းဖြစ်၏။ သူတို့၏စိတ်ထဲ၌...

'သူတောင်းစားဂိုဏ်းနဲ့ အလင်းမာန်ဂိုဏ်းဆိုတာ ရန်သူတော်ဂိုဏ်းကြီးနှစ်ဂိုဏ်းပါ၊ ဘယ်လိုကနေဘယ်လို မဟာမိတ်ဖြစ်သွားကြရတာလဲ'

ရှေးအစဉ်အဆက်ကတည်းက ထိုဂိုဏ်းကြီးနှစ်ဂိုဏ်းတွင် ရန်ငြိုးအသီးသီးရှိကြောင်း သိုင်းလောကသားအားလုံး သိရှိထားကြပြီးဖြစ်၏။ ယခုမူ ရန်ငြိုးများကို ချေဖျက်ကြရုံမျှမက အလင်းမာန်ဂိုဏ်းအတွက် အသက်စွန့်၍ ကူညီရန်ပင် ကတိပြုလျက် ရှိနေပေပြီ။ ဘယ်အကြောင်းကြောင့် ဤအခြေအနေသို့ ပြောင်းလဲသွားကြရသနည်း။

ဤအချက်ကို အလင်းမာန်ဂိုဏ်းနှင့် သူတောင်းစားဂိုဏ်းတို့ကသာ သိရှိကြပေသည်။ သိုင်းပညာသင်ကြားရေးမှူးက ဟူကျင်း



အား ပြောပြီးသွားသောအခါ ဘုန်းတော်ကြီးများဘက်သို့ လှည့်၍ ပြောပြန်သည်။

'ကျုပ်တို့ဂိုဏ်းဟာ ရှောင်လင်ဂိုဏ်းနဲ့ ဘာရန်ငြိုးမှ မရှိပါဘူး၊ နောက်ပြီး ကျုပ်တို့က ရှောင်လင်ဂိုဏ်းကို အမြဲတမ်း လေးစားခဲ့ပါတယ်၊ ကျုပ် မေးစမ်းပါရစေ၊ ဘာဖြစ်လို့ ကျုပ်တို့ ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံကို ရှောင်လင်ဂိုဏ်းက ဘုန်းကြီးက လုပ်ကြံသွားရတာလဲ'

ထိုစကားကို ကြားလိုက်ကြရသော ပရိသတ်များသည် အားလုံး 'ဟယ်' ခနဲ ဖြစ်သွားကြရတော့သည်။ ခုံးကျို ဆရာတော်ကြီးသည်လည်း အထိတ်တလန့် အံ့သြသွားမိသည်။ သိုင်းပညာ သင်ကြားရေးမှူးက ဆက်လက် ပြောသည်။

'ကျုပ်တို့ ဒီနေ့ ဒီအချိန် ဒီနေရာကို ရောက်လာတာဟာ ဂိုဏ်းချုပ် ဆရာတော်ကြီးခုံးဝန်ကို မေးမြန်းချင်လို့ပါ၊ သာမန်အားဖြင့် ဆိုရင် ကျုပ်တို့ ဒီနေ့ ရောက်လာကြမှာ မဟုတ်ပါဘူး၊ ကျုပ်တို့ရဲ့ ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံမှာ ဘာအပြစ်များရှိလို့ ရှောင်လင်ဘုန်းကြီးက သတ်ရတာလဲ၊ ဒီလို သတ်ရခြင်းရဲ့ အကြောင်းရင်းကို ကျုပ်တို့ အနေနဲ့ ခြေခြေမြစ်မြစ် သိချင်ပါတယ်'

ခုံးကျို ဆရာတော်ကြီးသည် အလွန်ပင် အံ့သြ ထိတ်လန့်နေတော့သည်။ မိမိတို့ ရှောင်လင်ဂိုဏ်းသည် သိုင်းလောကအလယ် မျက်နှာပျက်ဖွယ် ပြဿနာတစ်ရပ်ဖြင့် ရင်ဆိုင်တိုးနေပြီ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးသည် လက်အုပ်ချီရင်း ပြောလိုက်သည်။

'ဂိုဏ်းချုပ်ကြီးဆယ်ပါးလို့ အသတ်ခံရတဲ့ ကိစ္စကို ဒီနေ့မှပဲ ဘုန်းကြီးတို့ သိကြရပါတယ်၊ ဒကာကြီးတို့ရဲ့ ဂိုဏ်းချုပ်ကြီးကို ဘုန်းကြီးတို့ရဲ့ ရှောင်လင်ဂိုဏ်းက သတ်တယ်လို့ ဘာကြောင့် စွပ်စွဲနေရတာလဲ၊ ဘုန်းကြီးတို့ အနေနဲ့ ရေရေလည်လည် သဘောပေါက်သွားအောင် အကြောင်းစုံ ရှင်းပြစေချင်ပါတယ်'

သိုင်းပညာ သင်ကြားရေးမှူးက...

'ကျုပ်တို့က ဆရာတော်ကြီးတို့ကို မုသား မဆိုရဲပါဘူး ရှောင်လင်ဂိုဏ်းကိုလဲ ပုတ်ခတ် မပြောရဲပါဘူး၊ တပည့်တော်တို့မှာ ရှင်းပြစရာ သက်သေ တစ်ယောက်ကတော့ အထင်အရှားရှိနေတာပဲ၊ အခု ဆရာတော်ကြီးရဲ့ ဂိုဏ်းထဲက ဘုန်းကြီးတစ်ပါးကို ကျုပ်မျက်နှာချင်းဆိုင် မေးပြပါမယ်၊ ဆရာတော်ကြီးတသာ ခေါ်ထုတ်ပေးပါ'

ခုံးကျိ ဆရာတော်က...

'စိတ်ချပါ၊ အမှန်တရားအတိုင်းဖြစ်စေရပါမယ်၊ ဘုန်းကြီး ခေါ်ပေးပါမယ်၊ ဘယ်သူလဲ ပြောပါ'

သိုင်းပညာ သင်ကြားရေးမှူးက...

'ရှင်...'



သူသည် ရှင် ဟူသော စကားတစ်လုံးသာ ပြောနိုင်လိုက်ပြီး သူ့အသံ လုံးဝ ထွက်မလာတော့၊ ပါးစပ်ကမူ ဟနေသည်။

ခုံးကျိဆရာတော်ကြီးသည် အလန့်တကြားနှင့် သိုင်းပညာ သင်ကြားရေးမှူး ထံသို့ လျှပ်တစ်ပြက် ခုန်ဝင်ပြီး၊ လက်ကောက်ဝတ်သွေးကြောကို စမ်းသပ်ကြည့်လိုက်သည်။ သွေးခုန်နှုန်း ရပ်တန့်သွားပေပြီ။ သူ့၏မျက်နှာကို အသေအချာ စစ်ဆေးကြည့်သောအခါ မျက်စိနှစ်လုံး၏ အလယ်တည့်တည့်တွင် အစည်းအကွက်ကလေးတစ်ခုကို ရှာဖွေတွေ့ရကြသည်။

သိုင်းပညာ သင်ကြားရေးမှူးသည် အလွန်တရာ အဆိပ်ပြင်းထန်လှသော လျှို့ဝှက် လက်နက်ပုန်းအပစ်ခံရပြီး၊ အသက်ထွက်သွားခြင်း ဖြစ်တော့၏။

ဤမျှ များပြားလှသော လူထုပရိသတ်ကြီး အလယ်တွင် ရှင်းရှင်းလင်းလင်း လုပ်ကြံခံလိုက်ရပေပြီ၊ ပို၍ဆိုးသည့် အချက်မှာ လူသတ်မှု တစ်ခုအတွက် ရှောင်လင်ဂိုဏ်းအား စွပ်စွဲပြောဆိုပြီး သက်သေအား ခေါ်ထုတ်နေစဉ် လုပ်ကြံခံလိုက်ရခြင်း ဖြစ်သဖြင့် ရှောင်လင်ဂိုဏ်း အဖို့ အခြားသိုင်းသမားများ အမြင်တွင် သို့လော... သို့လော... တွေးထင်စရာ ဖြစ်လာခြင်းပေတည်း။ မိမိတို့ဂိုဏ်း၏ အကျဉ်းအကျပ် အခြေအနေကို ခုံးကျိ ဆရာတော်ကြီးသည် ကောင်းစွာ သိမြင်သဘောပေါက်လိုက်သည်။ ထို့ကြောင့် ပရိသတ်အားလုံး ကြားအောင် အော်ဟစ်ပြောဆိုလိုက်သည့် စကားမှာ ...

www.burmeseclassic.com

www.burmeseclassic.com



'ယခု ကြွရောက်လာကြတဲ့ သိုင်းလောက,က မိတ်ဆွေတွေ အားလုံး ကြည့်ကြပါ၊ ဒီက ဆရာကြီးဟာ အလွန်ပြင်းထန်တဲ့ လျှို့ဝှက် အဆိပ်လက်နက်နဲ့ ထိမှန်ခံရလို့ အသက်ထွက်သွားရပါပြီ၊ ဒါပေမယ့် ဒီလောက် ပြင်းထန်လှတဲ့ လျှို့ဝှက်အဆိပ်လက်နက်မျိုးကို ဘုန်းကြီးတို့ရဲ့ ရှောင်လင်ဂိုဏ်းဟာ ဘယ်တော့မှ မသုံးခဲ့ဘူးဆိုတာ အများအသိပါပဲ၊ လာကြည့်ကြပါ၊ ဒီ လျှို့ဝှက်လက်နက်ကို လာလေ့လာကြပါ'

ကျန့်ပန်း နဂါးခေါင်းသည် သံလိုက်တုံးဖြင့် ဒဏ်ရာ၏ အဝသို့ ကပ်လိုက်သောအခါ တစ်လက်မခန့် အရှည်ရှိသော သံမဏိ အပ်တစ်ချောင်း ထွက်လာတော့၏။

သူတောင်းစား ဂိုဏ်းသားများသည် ဤလျှို့ဝှက် လက်နက်ကို ကြည့်လိုက်သည်နှင့် ရှောင်လင်ဂိုဏ်း၏ လက်နက်မဟုတ် ကြောင်း သိရှိလိုက်ကြသည်။ နုံးကျို ဆရာတော်ကြီး၏ စကားမှန်ကန် ကြောင်း သာမန်အားဖြင့် လက်ခံလိုက်ကြသည်။

ဤကဲ့သို့ နေ့ခင်းကြောင်တောင်တွင် ဤမျှ များပြားလှသော လူအုပ်ကြီးထဲတွင် မည်သူတစ်ဦးတစ်ယောက်ကမျှ မရိပ်မိအောင် လုပ်ကြံသတ်ဖြတ်နိုင်သော လူသတ်သမား၏ သိုင်းပညာသည် အမှန်တကယ် ကြောက်စရာကောင်းနေပေပြီ။



သိုင်းပညာသင်ကြားရေးမှူးသည် တောင်ဘက်သို့ မျက်နှာမူ၍ စကားပြောနေခြင်းဖြစ်ရာ လျှို့ဝှက်လက်နက်သည် တောင်ဘက်မှသာ ထွက်ပေါ်လာရပေမည်။ သူတောင်းစား ဂိုဏ်းသားများသည် တောင်ဘက်အရပ်ကို အားလုံး လှမ်းကြည့် လိုက်ကြသည်။ သူတို့ ကြည့်လိုက်သည့် နေရာတွင် ရှေ့ဆုံး၌ နုံးကျိုဆရာတော်ကြီး ရပ်လျက်ရှိနေပြီး သူ၏နောက်ဘက်တွင် တားမာဇကျောင်းတိုက်မှ ဘုန်းတော်ကြီးကိုးပါး တန်းစီလျက် ရပ်နေကြသည်။ သူတို့ကိုးပါး၏ နောက်တွင်မှ ဘုန်းကြီးများ အတန်းလိုက် အတန်းလိုက် ရပ်နေကြသည်။ လူသတ်သမားသည် ဤဘုန်းကြီးများထဲမှ တစ်ယောက်ယောက် ဖြစ်ရပေမည်။ မည်သူဖြစ်သည်ကိုတော့ တပ်အပ် သေချာ မပြောနိုင်ပေ။

စည်းကမ်းထိန်းသိမ်းရေးမှူးသည် နှာကျည်းခံပြင်းလှသောကြောင့် တဟားဟားနှင့် အော်ဟစ်ရယ်မောပြီး ရွံ့မုန်းစွာ ကြည့်လိုက်သည်။

'အရှင်းဆုံးပဲ၊ ဒီထက်ရှင်းတဲ့ အချက်ကတော့ မရှိတော့ဘူး၊ ကျုပ်တို့ဟာ ရှောင်လင်ဂိုဏ်းအပေါ်မှာ ဘယ်တုန်းကမှ ရန်ငြိုးမထားခဲ့ဘူး၊ ဒါပေမယ့် ဒီနေ့တော့ သူသေကိုယ်သေ တိုက်ကြရတော့မယ်'

သူတောင်းစား ဂိုဏ်းသားများသည်လည်း ဒေါသဖြင့် အဆတ်ဆတ် တုန်လှုပ်လျက် ရှိနေကြရာ သူတို့၏ လက်နက်များကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်နက် ဆွဲထုတ်လိုက်ကြတော့သည်။ သူတို့သည် အသက်စွန့်၍ တိုက်ကြပေတော့မည်။

ခုံးကျို ဆရာတော်ကြီးသည်လည်း ရှက်ခြင်း၊ နာကျည်းခြင်း၊ ကြေကွဲခြင်းတို့ ပြွမ်းတီးနေသည့် မျက်နှာဖြင့် ချာခနဲ နောက်ဘက်သို့ လှည့်လိုက်ကာ ဘုန်းကြီးများ၏ မျက်နှာကို တစ်ပါးချင်း ကြည့်လျက် ဖြည်းညင်းစွာ မေးလိုက်သည်။ သူ၏အသံသည် ဖြည်းညှင်းလှသည်မှန်သော်လည်း ပါးလွှာသော သံမဏိဓားကဲ့သို့ ထက်မြက်၍ ကြက်သီးထဖွယ် ကောင်းလှပေသည်။

'ဒီ အဆိပ်အပ်ချောင်းကို ဘယ်သူ ပစ်လိုက်တာလဲ၊ ထွက်ခဲ့စမ်း'

တစ်ပါးမျှ ထွက်မလာကြ။

ဟူကျိုင်းသည် သူတောင်းစား ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံ ရှင်ကျင်းခေါ် ချန်ခွန်းသတ်ကြောင်း သိထားပြီးဖြစ်ပေသည်။

ယခု သိုင်းပညာသင်ကြားရေးမှူးက ရှင်ကျင်း၏ နာမည်ကို ဖွင့်ပြောခါနီး အချိန်တွင် အသတ်ခံလိုက်ရခြင်းဖြစ်သဖြင့် ရှင်ကျင်းခေါ် ချန်ခွန်း၏ နောက်လိုက်ငယ်သား တစ်ယောက်ယောက်၏ လက်ချက်ဖြစ်ကြောင်း သေချာလှသည်။ ဤဘုန်းကြီးများတွင် ချန်ခွန်း၏ လျှို့ဝှက်သူလျှိုများ ပါဝင်နေရပေမည်။



ကျုန်းပန်း နဂါးခေါင်းက…

'ကျုပ်တို့ ဂိုဏ်းချုပ်ကြီးကို သတ်လိုက်တဲ့သူကို သိုင်းပညာသင်ကြားရေးမှူး တစ်ယောက်ထဲက သိထားတယ်လို့ အခု လုပ်ကြံလိုက်တဲ့ လူသတ်သမားက မှတ်ထင်နေပုံရတယ်၊ ကျုပ်တို့ ဂိုဏ်းချုပ်ကြီးကို သတ်တဲ့ လူယုတ်မာရဲ့ နာမည်ကို ကျုပ်တို့ ဂိုဏ်းသားအားလုံးက သိထားကြတယ်၊ ခင်ဗျားတို့က ဒီအကွက် နှုတ်ပိတ်ချင်တယ်ဆိုရင် ကျုပ်တို့ သူတောင်းစားဂိုဏ်းသားအားလုံးကို သတ်ပြီး နှုတ်ပိတ်မှရမယ်၊ ဒီလူသတ်သမားနာမည်က ဘယ်သူလဲ သိလား၊ ရှင်ကျင်း… ရှင်ကျင်း'

သူက ရှင်ကျင်းဟု ပြောလိုက်ပြီးသည်နှင့် စည်းကမ်းထိန်းသိမ်းရေးမှူးသည် ရှုတ်တရက် ခုန်တက်လိုက်ပြီး ဝါးတုတ်ဖြင့် ချမ်းကာလိုက်သည်။

'ဒုတ်…'

ဝါးတုတ်တွင် အပ်တစ်ချောင်း စိုက်လျက် ရှိနေပေပြီ။ ထိုအပ်သည် မည်သူ့ထံမှ ထွက်လာသည်ကိုမူ မည်သူမျှ မသိချေ။ စည်းကမ်းထိန်းသိမ်းရေးမှူးသည် ကျုန်းပန် နဂါးခေါင်း စကားပြောနေစဉ် အလွန် သတိဝီရိယစိုက်လျက် ကာကွယ်ရန် အသင့်ပြင်ဆင်ထားခြင်းဖြစ်ပေသည်။ ရှုတ်တရက် လက်သံခနဲ ဖြစ်သွားသည်နှင့် ကမန်းကတန်းထိုးထားလိုက်ခြင်းဖြစ်ပေသည်။ စည်းကမ်း

www.burmeseclassic.com



ထိန်းသိမ်းရေးမှူး၏ သတိဝီရိယနှင့် လျှင်မြန်မှုကြောင့် ကျန်းပ နဂါးခေါင်း အသက်ချမ်းသာရာ ရသွားခြင်းဖြစ်တော့သည်။

ထိုစဉ် နုံးကျီဆရာတော်သည် လျှပ်ပြက်လိုက်သကဲ့ ကိုယ်ကို တစ်ချက်မျှ လှုပ်ရှားလိုက်ပြီး တားမာကျောင်းတိုက် ဘုန်းတော်ကြီးကိုးပါး၏ နောက်ကျောသို့ တန်းစီနေသည့် ဘုန်းကြ များထံသို့ ခုန်လွှားရောက်ရှိသွားတော့သည်။

ထိုအထဲမှ ဘုန်းကြီးတစ်ပါးအား ကွက်လပ်အပြင်သို ရောက်အောင် ခြေထောက်ဖြင့် 'ဂုန်း'ခနဲ ကန်ထုတ်လိုက်တော့သည နုံးကျီဆရာတော်ကြီးသည် ထိုဘုန်းကြီး၏ လည်ကုပ်ကို ချုပ်ကိ လိုက်ပြီး စစ်မေးလိုက်သည်။

'နုံးလူ...လက်စသတ်တော့ မင်းက ရှင်ကျင်းနဲ့ ပူးပေါ ထားတဲ့သစ္စာဖောက်ကိုး' .

နုံးကျီဆရာတော်ကြီးသည် ပြောပြောဆိုဆိုဖြင့် နုံးလူ သင်္ကန်းကို ဆွဲချွတ်လိုက်သောအခါ အတွင်းဘက်၌ သံဘူးလုံးတစ် ချည်နှောင်ထားသည်ကို တွေ့ရှိကြရတော့၏။ ထိုသံဘူးမှ သို့ အဆိပ်အပ်ကို ပစ်ထုတ်လိုက်ခြင်း ဖြစ်ပေသည်။ သူ၏လျှင်မြ ပိရိမှုကြောင့် ဘေးနားမှ ဘုန်းကြီးများက မရိပ်မိကြသော်လည နုံးကျီဆရာတော်ကြီးမှာမူ ကျန်းပန်နဂါးခေါင်း စကား စတင် ကတည်းက နောက်ဘက်သို့ အာရုံခံထားခြင်း ဖြစ်သဖြင့် ဤကဲ့ လူသတ်တရားခံကို ဖော်ထုတ်နိုင်ခြင်း ဖြစ်တော့သည်။



ကျန်းပန်းနဂါးခေါင်းသည် ဒေါသထွက်လွန်းလှသဖြင့် သွေးတရက် ခုန်ထွက်လာကာ ဝါးထုတ်ဖြင့် ရိုက်ချလိုက်တော့သည်။ ကျန်းပန်နဂါးခေါင်း၏ ရိုက်ချက်သည် အလွန်ပြင်းထန်လှသဖြင့် နုံးလူသည် ပွဲချင်းပြီး သေဆုံးသွားတော့၏။

နုံးကျီဆရာတော်ကြီးသည် ကျန်းပန်နဂါးခေါင်းကို ဤသို့ ရိုက်လိမ့်မည်ဟု လုံးဝမျှော်လင့်မထားသဖြင့် မတားမြစ်လိုက်နိုင် ဖြစ်သွားသည်။ ကျန်းပန်နဂါးခေါင်းကို ဒေါသဖြင့် လှမ်းကြည့် ပြီး စိတ်တွင်းမှ ပြောလိုက်မိသည်။

'လူမိုက်...လူမိုက်၊ ဦးနှောက်ကို လုံးဝမရှိတဲ့ လူမိုက်ပါ ဘား၊ သေသေချာချာတောင် မစစ်ဆေးရသေးဘူး၊ အခု သူ့ဆီက သတင်းမှ မရလိုက်ဘဲနဲ့ သေသွားရပြီ လူမိုက်...လူမိုက်'

ထိုအခိုက်တွင် ကွက်လပ်တွင်းသို့ မယ်သီလရှင် လေးပါး ရောက်လာကြပြီး အသံမြှင့်၍ အော်လိုက်သည်။

'ဝါမေကိုဏ်းချုပ်ကြီး ချူကျူး...၊ ဝါမေဂိုဏ်းသားများကို ဆောင်ပြီး ရောက်ရှိလာပါပြီ'

နုံးကျီဆရာတော်ကြီးသည် နုံးလူ၏အလောင်းကို သည် ပင်းပစ်ထားလိုက်ပြီး မည်သို့မျှ မဖြစ်ခဲ့သည့်အလား ကွက်လပ် သို့ ထွက်လာကာ ဝါမေဂိုဏ်းချုပ်ကြီးကို ကြိုဆိုလိုက်သည်။ ရောက်ရှိလာသည့်အတွက် အဆိပ်လက်နက်ဖြင့် လုပ်ကြံမှု

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကြီးကို ပရိသတ်အားလုံးက ရုတ်တရက် မေ့လျော့သွား ကြတော
၏။

ဟူကျင်းသည် ချူကျူးရောက်ရှိလာကြောင်း ကြားလိုက် သောအခါ မျက်နှာတစ်ခုလုံး နီရဲလျက်ရှိတော့သည်။ သူ့စိတ် မလုံသဖြင့် ကျောက်မိန်၏ မျက်နှာကို တစ်ချက်မျှ ခိုးကြည့်လို မိသည်။ သူကြည့်လိုက်သောအခါ ကျောက်မိန်ကလည်း သူ့အ ကြည့်နေကြောင်း တွေ့ရှိလိုက်ရသည်။

ကျောက်မိန်၏ မျက်လုံးများတွင် ဟူကျင်းအား ပြေ လှောင်သရော်သည့် အရိပ်အရောင်များ ထွက်နေကြောင်း ဟူကျ သိလိုက်၏။

ဝါမေဂိုဏ်းသားများထဲမှ ဂိုဏ်းသူ နှစ်ဆယ်ခန့်က ရှေ့ မှ ဦးဆောင်ဝင်လာကြသည်။ သူတို့၏ နောက်မှ ချူကျူး ပါ သည်။ ချူကျူးသည် စိတ်သောကဝေဒနာ အလူးအလဲခံ ထားရပုံရသည်။ ပိန်ချုံးလျက် မကျန်းမမာ ဖြစ်နေသည့် မိန်းက တစ်ဦးပမာ ဖြစ်နေတော့သည်။

ဟူကျင်းသည် ချူကျူး၏ ညှိုးနွမ်းလှသော မျက်နှာ တွေ့မြင်လိုက်ရသောအခါ ရင်ထဲဝယ် နာကျင်မှုတစ်ရပ်ကို ခံ လိုက်ရတော့၏။ မိမိအပြစ်များကိုလည်း ခွင့်မလွှတ်နိုင်ချင်သ ဖြစ်လာမိတော့သည်။



ချူကျူး၏ နောက်ဘက်မှ ဝါမေဂိုဏ်းနှစ်ဆယ့်ခန့် ခြံရံလျက် မြေကွက်လပ်တွင်းသို့ ဝင်ရောက်လာကြတော့သည်။

ဝါမေဂိုဏ်းသားများ နေသားတကျ နေရာယူပြီးချိန်တွင် ဟူကျင်းသည် ချူကျူးရှေ့သို့ လျှောက်သွားပြီး ခါးတစ်ချက်ညွတ်၍ က်ရှုံ့သော လေသံဖြင့် ပြောလိုက်သည်။

'ချူကျူး...ငါ မင်းကို လာတောင်းပန်တာပါ'

ဝါမေဂိုဏ်းသူ အချို့သည် ဒေါသဖြင့် ဝုန်းခနဲ မတ်တတ် ပ် လိုက်ကြသည်။ သို့သော် ချူကျူးကမူ အေးဆေးစွာပင် ပြန်လည် တ်ဆက်ရင်း ပြောလိုက်သည်။

'ဒါက အရေးမကြီးပါဘူး၊ ကိုအောင်ချုပ်ကြီးလဲ ကျန်းမာ တယ်နော်'

သူမ၏လေသံ၌ ဒေါသဖြစ်ခြင်း၊ နာကျည်းခြင်း၊ ဝမ်းသာ ခြင်း၊ ဝမ်းနည်းခြင်း လုံးဝမရှိ။ ဟူကျင်းက...

'ဟိုနေတုန်းက သေသေချာချာ ရှင်းပြချိန်မရလို့ ရုပ်ပျက် ဆင်းပျက် ဖြစ်သွားခဲ့ရတာပါ၊ တကယ်ကတော့ အမေကြီး ရှက်စွန်း ကို ကယ်ဆယ်ဖို့ ရုတ်တရက်ဖြစ်လာလို့ အခုလိုဖြစ်သွားရတာပါ၊ ဒီလိုဖြစ်ရတဲ့အတွက် အများကြီးစိတ်မကောင်းဖြစ်ခဲ့ရပါတယ်၊ ယုံ

ချူကျူးသည် သာမန်မေးရိုးမေးစဉ်လေသံဖြင့် မေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီး ရုက်စွန်းက ရှောင်လင်ဘုရားကျောင်းထဲမှာ အဖမ်းခံထားရတာယ်လို့ ကြားရတယ်၊ ကယ်ထုတ်နိုင်ပြီလား'

'ဟင့်အင်း...မကယ်နိုင်ပါဘူး၊ အဖေကြီးကို စောင့်ကြပ်နေတဲ့ ရှောင်လင် ဘုန်းတော်ကြီးတွေရဲ့ သိုင်းပညာဟာ သိပ် အဆင့်အတန်း မြင့်နေလို့ ငါတို့ ရှုံးနိမ့်ခဲ့ရတယ်'

ချူကျူးက...

'အင်း...နမြောတို့ ကောင်းလိုက်တာ'

ဟူကျင်းသည် ချူကျူး၏ မျက်နှာ၌ စိတ်ဆိုးသော အမူအရာလုံးဝမရှိကြောင်း တွေ့ရှိရသော်လည်း ရင်းနှီးမှုလည်း လုံးဝမရှိကြောင်း တွေ့ရှိလိုက်ရသည်။ ချူကျူး၏ အပြုအမူ အပြောအဆိုများသည် လူစိမ်းသူစိမ်း တစ်ဦး၏ အပြုအမူ အပြောအဆိုတို့နှင့် လုံးဝ တူညီနေလေသည်။

ဤသို့ ဖြစ်ရခြင်းသည် မိမိ၏ အပြစ်ကြောင့်သာ ဖြစ်ရသည်ဟု ဟူကျင်းအနေဖြင့် နလုံးပိုက်မိသဖြင့် ချူကျူးအား လုံးဝ ခွင့်လွှတ်မိလေသည်။

ဟူကျင်းသည် တစ်စုံတစ်ခုကို ရုတ်တရက် သတိရ လိုက်မိသည်။ ချူကျူးသည် ယခုအခါ၌ သိုင်းပညာ အလွန်မြင့်မားလာသူဖြစ်၍ မိမိနှင့်ယှဉ်တွဲကာ တိုက်ခိုက်နိုင်လျှင် ရှောင်လင်ဘုန်းတော်ကြီးသုံးပါးကို အနိုင်ယူနိုင်ကြောင်းပင်တည်း။ ထို့ကြောင့် ဝမ်းသာအားရ လေသံနှင့် ပြောလိုက်မိသည်။



'ချူကျူး...ငါ မင်းကို အကူအညီတစ်ခု တောင်းပန်ပါရစေ'

ဟူကျင်း၏ စကားကို ကြားလိုက်ရသည်နှင့် ချူကျူး၏ မျက်နှာသည် ရုတ်ခြည်း တင်းမာသွားပြီး...

'ကျန်းဟူကျင်း ရှင့်ရဲ့ အပြောအဆို အမူအရာတွေကို ဆင်ဆင်ခြင်ခြင် ထိန်းထိန်းသိမ်းသိမ်း ပြောပါ၊ ကျွန်မကိုလဲ နာမည်ခေါ်ပါနဲ့၊ ဒီလို ဆက်ဆံစရာ ဘာအကြောင်းမှ မရှိဘူး'

သူမသည် ဟူကျင်းအား ဤသို့ ပြောလိုက်ရာမှ လက်ကိုဆွဲယမ်းရင်း နောက်ဘက်သို့ လှမ်းပြောလိုက်သည်။

'ဆို့ချင်းစူး...ဒီကို လာခဲ့စမ်းပါဦး၊ ရှင်နဲ့ ကျွန်မတို့ရဲ့ ကိစ္စကို ကျန်းဟူကျင်းကို ပြောပြလိုက်စမ်းပါ'

ထိုအခါ မျက်နှာတွင် ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေး ကျင်စွယ်များနှင့် လူတစ်ယောက်က ထွက်လာပြီး ဟူကျင်းကို အရိုအသေပေးရင်း နှုတ်ဆက်လိုက်သည်။

'ကိုထီးချုပ်ကြီး...ကျန်းမာရဲ့နော်'

ဟူကျင်းသည် ဆို့ချင်းစူး ရုပ်ဖျက်ထားကြောင်း သိရှိလိုက်မိသည်။ ထို့ကြောင့် ပြန်လည် နှုတ်ဆက်လိုက်ရသည်။

'သြော်...အစ်ကို ဆို့ချင်းစူးပါလား၊ အစ်ကိုလဲ ကျန်းမာပါတယ်နော်'

ဆို့ချင်းရှူးက ပြုံး၍ ပြောသည်။

'ဂိုဏ်းချုပ်ကြီးကို ကျုပ်အနေနဲ့ သိပ်ပြီး ကျေးဇူးတင်နေမိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဟိုတစ်နေ့က ကိစ္စ ဂိုဏ်းချုပ်ကြီးက ကျုပ်ရဲ့ ဓနီးကို လက်ထပ်ခါနီးမှ လက်ထပ်ပွဲ ဖျက်သိမ်းလိုက်...'

ဟူကျင်းသည် ဆို့ချင်းရှူး၏ 'ကျုပ်ရဲ့ဓနီးကို' ဟူသည့် စကားကို ကြားလိုက်ရသောအခါ သူ၏ နားထဲသို့ မိုးကြိုးဆယ်စင်းမျှ ပစ်ခွင်းလိုက်သည့်ပမာ ထိတ်လန့်ချောက်ချားသွားတော့၏။ ထို့ကြောင့် အလွန့်တကြား အော်ဟစ်မေးမြန်းလိုက်တော့သည်။

'ဘာ...ဘာပြောလိုက်တယ်'

ဆို့ချင်းရှူးက အေးဆေးစွာပင် ပြောလိုက်သည်။

'ချူကျူးဟာ ကျုပ်နဲ့ လက်ထပ်ပြီးသားပါ'

ဟူကျင်းသည် သူ၏ ငယ်ထိပ်သို့ မိုးကြိုး ထပ်ပစ်ခံလိုက်ရသကဲ့သို့ မူးဝေနောက်ကျိသွားပြီး ပတ်ဝန်းကျင် တစ်ခုလုံးကို မမြင်နိုင်လောက်အောင်ပင် မိုက်ခနဲ ပြာဝေသွားရတော့၏။ သူ၏နားထဲတွင်လည်း မည်သည့် အသံတစ်စုံတစ်ရာကိုမျှ မကြားရဘဲ ဖြစ်သွားရသည်။ အတန်ကြာသောအခါကျမှ လူတစ်ယောက်သည် သူ၏ လက်မောင်းကို ဆွဲကိုင်လှုပ်ရင်း တွဲယူလိုက်ကြောင်း သတိထားလိုက်မိပြီး နားမှလည်း စကားသံကို ကွဲကွဲပြားပြား ကြားလိုက်ရတော့သည်။





'ဂိုဏ်းချုပ်ကြီး ပြန်ကြစို့'

ဟူကျင်းသည် သတိပြန်ဝင်လာသဖြင့် သူ၏လက်မောင်းကို လာတွဲသူကို ကြည့်လိုက်မိ၏။ ဝေလင်း ဖြစ်နေသတည်း။ ဝေလင်းသည် ရှံ့ရှာနာကျည်းသော အကြည့်ဖြင့် ချူကျူးကို ကြည့်ကာ ပြောလိုက်သည်။

'ချူကျူး...ကျုပ်တို့ရဲ့ ဂိုဏ်းချုပ်ကြီးဟာ ကျေးဇူးနဲ့ သစ္စာတရားကို အမြဲတမ်း ဦးထိပ်ထားတဲ့လူပါ၊ ဟိုနေ့က အဖြစ်အပျက်ကြောင့် ခင်ဗျားက ဒီလူနဲ့ လက်ထပ်လိုက်တယ်ပေါ့ ဟုတ်လား၊ ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ဟင်း...ဟင်း...ဟင်း'

ဝေလင်းသည် ချူကျူးကို ဒေါသထွက်ရုံမျှမက ဆို့ချင်းရှူးကိုလည်း ဒေါသထွက်နေသဖြင့် နာနာကျည်းကျည်း ပြောလိုက်ရန် စဉ်းစားလိုက်သည်။ သို့သော် သူ၏စိတ်ကို အတတ်နိုင်ဆုံး ပြန်လည်ထိန်းသိမ်းလိုက်ပြီး ချူကျူးကို စိုက်ကြည့်ကာ ပက်ပက်စက်စက် ပြောချလိုက်တော့သည်။

'ချူကျူး...ခင်ဗျားကို အစတုန်းက ကျုပ်က သိပ်ကို ရိုသေလေးစားခဲ့တယ်၊ မိန်းမကောင်း မိန်းမမြတ် ပီသတယ်လို့ မှတ်ထင်ပြီး ကြည့်ခဲ့လို့လဲ ဒီလောက်လေးစားခဲ့တာပါ၊ အခုတော့ ဘယ်ဟာလို့လဲ၊ ခင်ဗျားရှလောက် သိမ်နုပ်တဲ့ မိန်းမမျိုးဟာ ဒီလောကထဲမှာ တစ်ယောက်မှ ရှိမှာမဟုတ်ဘူးဆိုတာ ကျုပ်းဒိပြီ'

www.burmeseclassic.com



ချူကျူးသည် ဝေလင်း၏ စကားကြောင့် မျက်နှာထား တစ်မျိုး ဖြစ်သွားတော့သည်။ သို့သော် ချက်ချင်းပင် မူလအတိုင်း ပြန်ဖြစ်သွားကာ ငြိမ်သက်နေတော့သည်။

ဝေလင်းကိုလည်း စကားတစ်ခွန်းမျှ တုံ့ပြန်ပြောဆိုခြင်း မပြုပေ။ သူမ၏မျက်လုံးများတွင်မူ ထူးခြားဆန်းကြယ်သော အရိပ် အရောင်များ ဖုံးလွှမ်းလျက် ရှိနေတော့သည်။

ဟူကျင်းသည် ကျောက်မိန်အပေါ် မေတ္တာရှိသကဲ့သို့ ချူကျူးကိုလည်း ချစ်ခင်မိသည်။ သူ့အဖေကြီး ရှက်စွန်းကို ငဲ့ညှာ လိုက်ရသဖြင့် ချူကျူးအဖို့ အရက်တကွဲ အကျိုးနည်း ဖြစ်သွားရ ခြင်းသည် မိမိ၏အပြစ်သာဖြစ်ကြောင်း လုံးဝ ခံယူထားသဖြင့် ချူကျူးကို အလွန် အားနာနေမိတော့သည်။

မည်သို့ပင်ဖြစ်စေ သူမကို တွေ့ရှိချိန်တွင် အခြေအနေ အားလုံးကို သဘောပေါက်အောင် ရှင်းပြပါကသူမ အနေဖြင့် ကျေနပ် လက်ခံလိမ့်မည်ဟု ဟူကျင်းအနေဖြင့် ယုံကြည်ထားခဲ့မိပေသည်။ သို့သော် ယခုမူ မိမိထင်သည့်အတိုင်း မဖြစ်တော့။ အခြေအနေက လုံးဝ ပြောင်းလဲသွားပြီ။ ချူကျူးသည် မိမိအား အလွန် ရက်စက် သောနည်းဖြင့် တုံ့ပြန်လိုက်ပေပြီ။ မိမိနှလုံးသားကို ဓားထက်ထက် ဖြင့် မွှန်းလိုက်သကဲ့သို့ နာကျင်စွာ ခံစားနေမိတော့သည်။ ယခုမှတော့ မည်သို့မျှ မတတ်နိုင်တော့ပြီ။ ဟူကျင်းသည် သက်ပြင်း တစ်ချက်ချ



ကာ ဝေလင်းကို ဆွဲ၍ သူ၏နေရာသို့ နွေးထွေးလေးလံသော ခြေလှမ်း များဖြင့် လျှောက်လာမိတော့သည်။

ဟူကျင်းနှင့် ချူကျူးတို့၏ အခြေအနေကို ပရိသတ်အားလုံး က စိတ်ဝင်စားနေကြသည် မဟုတ်ပေ။ ပရိသတ်အများစုအတွက် စိတ်အဝင်စားဆုံး ပြဿနာကား ရှက်စွန်းနှင့် နဂါးနိုင်ဓားကိစ္စပင် ဖြစ်တော့သည်။

ဆွေးနွေးပွဲအစည်း ရှမ့်၍စကားပြောခဲ့သော သိုင်းဆရာကြီး ရှာဇေ့သည် တစ်စခန်းထလာပြန်သည်။

'အခု ဘယ်လိုလဲ၊ ရှက်စွန်းရဲ့ကိစ္စက ဒီလိုပဲ မပြတ်မသား ဖြစ်နေတော့မလား၊ ဒီကိစ္စဟာ အရေးအကြီးဆုံး ကိစ္စကြီး မဟုတ် လား၊ ဒီတော့ ဒီကိစ္စကို အဆုံးအဖြတ် ပေးကြပါဦး'

သူ့ကောင်းစားကိုထင်းမှ ကျန်းပန်နဂါးခေါင်းက စိတ်ဆိုး မာန်ဆိုးဖြင့် ထ,ပြောလိုက်သည်။

'ရှက်စွန်း ဆိုတာက အလင်းမာန်ဂိုဏ်းရဲ့ ခြင်္သေ့မင်း၊ ခင်ဗျား က ဘာမို့လို့ ဒီလို ပြောရတာလဲ'

ရှာဇေ့မှာလည်း ဒေါသဖြင့် ပြန်အော်သည်။

'မင်းတို့က အလင်းမာန်ဂိုဏ်းကို ကြောက်ပေမယ့် ငါက မကြောက်ဘူးကွ၊ အလင်းမာန်ဂိုဏ်းက ဘာမို့လို့လဲ၊ ရှက်စွန်းလို

www.burmeseclassic.com



လူထုတ်မာကြီးတစ်ယောက်ကို လူတိုင်း သတ်နိုင်ခွင့်ရှိတယ်၊ သတ်ပစ်ပြီးတာတောင် သူ့အပြစ်တွေက ချေဦးမှာ မဟုတ်ဘူး'

ထိုအခါ ရန်ရောင်သည် ကွက်လပ်အလယ်သို့ စုန်ထွက်လာသည်။

'ကျုပ်က အလင်းမာန်ဂိုဏ်းရဲ့ လက်ဝဲရံပါပဲ၊ ကျုပ်အနေနဲ့ ဒီနေ့ကြွရောက်လာတဲ့ ဆရာ့ဆရာကြီးများကို ရှင်းလင်းပြောပြချင်တာ တစ်ခုရှိပါတယ်၊ ရက်စွန်း လူသတ်ခဲ့တာတော့ မှန်ပါတယ်၊ ဒီလို သတ်တာကလဲ သက်သက်မဲ့ သွေးဆာပြီး လျှောက်သတ်ခဲ့တာ မဟုတ်ပါဘူး၊ ဒီလူတွေ သေပါစေ၊ သေသူတွေရဲ့ ဆွေမျိုးမိတ်သင်္ဂဟတွေ ပူပင်သောက ခံစားပါစေဆိုတဲ့ စိတ်မျိုးနဲ့လျှောက်သတ်ခဲ့တာ မဟုတ်ပါဘူး၊ သူ့မှာလဲ ဒီလို သတ်ရလောက်အောင် ဖြစ်စေခဲ့တဲ့ အကြောင်းတွေ ရှိနေခဲ့ပါတယ်'

ရှာဝေ့က မဲ့ရွဲ့၍ ပြောလိုက်သည်။

'လူသတ်ပြီးရင် ဒီလို ပြောလိုက်ရုံနဲ့ ချေရရိုးလား'

ရန်ရောင်သည် လေသံကို မြှင့်၍ မေးလိုက်သည်။

'ကျုပ်တစ်ခု မေးမယ်၊ ခင်ဗျားတို့ထဲမှာ လူ မသတ်ခဲ့ဘူးတဲ့ လူ ဘယ်နှစ်ယောက်ပါသလဲ'

ပရိသတ်များအတွင်းမှ တုံ့ပြန်သံ တစ်ခွန်းမျှ ထွက်မလာကြချေ။ လုံး၀ ငြိမ်သက်လျက် ရှိနေကြသည်။ ရန်ရောင်သည် သူ့စကားကို ဆက်လိုက်၏။



'ကျုပ်တို့ သိုင်းလောကသားတွေအဖို့ လူသတ်တယ်ဆိုတာ အဆန်းမဟုတ်တော့ပါဘူး၊ ဘယ်သူမဆို လူသတ်ဖူးကြတာပါပဲ၊ သိုင်းပညာ ပိုတော်တဲ့လူက လူကို ပိုသတ်မိတယ်၊ သိုင်းပညာ နိမ့်ကျတဲ့လူကတော့ သူများသတ်တာ ခံရတယ်၊ ဟင်း...ဟင်း...ဟင်း... ခင်ဗျားတို့ပဲ စဉ်းစားကြည့်ပါဦး၊ လူတစ်ယောက်ကို သတ်မိတိုင်း ဒီလိုသာ လျော်ကြေးပေးကြစေတမ်းဆိုရင် ဟောဒီကို ရောက်နေတဲ့ ဆရာ့ဆရာကြီးတွေ အားလုံး တစ်ယောက်မှ အသက်ရှင်လျက်နဲ့ ရှိနေတော့မှာ မဟုတ်ဘူး၊ ရှာဝေ့... ခင်ဗျားကော လူတစ်ယောက်မှ မသတ်ခဲ့ဖူးဘူးလား'

ရန်ရောင်သည် စကားကို အဖွင့်အပိတ်နှင့် အကွက်ကျကျ ပြောခြင်း ဖြစ်သဖြင့် အလွန် ထိရောက်လှပေသည်။ ရှာဝေ့သည် ထိုသို့မျှ ခွန်းတုံ့ မပြန်နိုင်တော့ဘဲ လုံး၀ နှုတ်ပိတ်သွားရလေ၏။

ထိုခေတ် ထိုအချိန်က တရုတ်ပြည်ကြီးသည် သူတစ်ပါး၏ လက်အောက်၌ ကျရောက်လျက်ရှိပြီး တစ်တိုင်းပြည်လုံး မငြိမ်မသက် ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေချိန် ဖြစ်ရာ လူတိုင်းလူတိုင်း ကိုယ်ခံပညာ အဖြစ် သိုင်းပညာ သင်ထားကြရသည်။

မိမိတတ်ထားသော သိုင်းပညာကလေးဖြင့် ကိုယ့်အသက်ကိုယ် ကာကွယ်ကြရသည်။ အရေးအကြောင်းကြုံ၍မိမိက သူများကို ဦးအောင် မသတ်နိုင်လျှင် သူများက မိမိကို သတ်သွားပေလိမ့်မည်။

www.burmeseclassic.com



ပရိသတ်အားလုံးသည် ရန်ရောင်၏ အကွက်ကျ အချက်ပိုင်လှသော စကားကြောင့် လုံးဝငြိမ်သက်သွားကြရသည်။ သို့သော်... ရှာဝေကမူ ပြောစရာမရှိသည့် အဆုံးတွင် စကားတစ်ခွန်းကို ကြံဖန် ပုတ်ခတ် ပြောလိုက်တော့သည်။

'အို...ဘယ်လိုပဲ ဖြစ်ဖြစ် ခင်ဗျားတို့ အလင်းမာန်ဂိုဏ်းဟာ လူကောင်းတွေ မဟုတ်တာတော့ အမှန်ပဲ'

ထိုစဉ်— အလင်းမာန်ဂိုဏ်းဘက်မှ လူတစ်ယောက်က ထ၍ မေးလိုက်သည်။

'ရှာဝေ...ခင်ဗျားက ကျုပ်ကို လူကောင်းမဟုတ်ဘူးလို့ ဆိုလိုတာလား...'

ရှာဝေသည် ထိုလူကို လှမ်းကြည့်လိုက်၏။ ပိန်ပိန်ပါးပါး လူတစ်ယောက်ကို တွေ့လိုက်ရသည် ရှာဝေက ပြန်အော်ယင်း အဖြေပေးလိုက်သည်။

'အေး...ခင်ဗျားက ဘယ်သူလဲဆိုတာတော့ ကျုပ်မသိဘူး၊ ဒါပေမယ့် ခင်ဗျားဟာ အလင်းမာန်ဂိုဏ်းက လူဆိုတော့ ခင်ဗျားလဲ လူကောင်းမဟုတ်ဘူး'

နောက်ပိုင်း တစ်ချိန်လုံး ငြိမ်သက်နေသည့် အရက်ဘုရင် ဆက်ယူက ဝင်ပြောလိုက်သည်။



'ရှာဝေ... မင်းဟာ သိုင်းလောကသားတစ်ယောက် ဖြစ်လျက်နဲ့ သူ့တောင် မသိဘူးဆိုတော့ အတော် ညံ့ဖျင်းနေတာကို ပြနေတာပဲ၊ သူ့ကို မသိဘူးလား၊ သူက လင်းဆွဲမင်းလေ'

ရှာဝေသည် အရက်ဘုရင် ဆက်ယူ၏ စကားကို ကြားလိုက်ရသောအခါ ထိုခဲ့ တံတွေးထွေးလိုက်ပြီး...

'ထွီ...သွေးစုပ်ဖုတ်ကောင်ကြီးပဲ၊ ဘယ်က လူကောင်း ဟုတ်ရမှာလဲ'

ထို တခဏအတွင်းဝယ် ဝေရီသည် ဖြတ်ကနဲ ရှာဝေရှေ့သို့ ရောက်ရှိလာတော့သည်။ မည်သို့ မည်ပုံရောက်ရှိလာမှန်းကိုပင် မသိလိုက်ကြချေ။ ဝေရီသည် ရှာဝေ၏ပါးကို တဖြန်းဖြန်းနှင့် လေးချက်ခန့် ရိုက်လိုက်ပြီး အကြောကို ထိုးပိတ်လိုက်တော့သည်။ အကယ်၍စင်စစ် ရှာဝေသည် သိုင်းပညာ၌ အဆင့်အတန်း နိမ့်ကျသူ မဟုတ်ပေ။ သို့သော် ဝေရီသည် ဤမျှ လျင်မြန်စွာဖြင့် သူ့ထံသို့ ရောက်ရှိလာနိုင်လိမ့်မည်ဟု မထင်မှတ်ခဲ့ချေ။ ထို့ကြောင့် မည်သို့မျှ ပြင်ဆင်ချိန်မရဘဲ အငိုက်မိသွားရခြင်းဖြစ်တော့၏။

ထိုအဖြစ်ကြောင့် အားလုံးသည် အလန့်တကြား အော်ဟစ်ကြတော့သည်။ ထိုစဉ် အလင်းမာန်ဂိုဏ်းမှ လူတစ်ယောက် ခုန်ထွက်လာပြီး အိတ်ကြီးတစ်လုံးဖြင့် ရှာဝေခေါင်းမှ စွပ်ချလိုက်ကာ ခုံးပေါ် ထမ်းတင်လိုက်ပြီး သူ့နေရာသို့ လျှပ်တပြက် ပြန်လည်ခုန်ဝင်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူကား စောပုတက်ပင်တည်း။ စောပုတက်၏ လှုပ်ရှားမှု သည်လည်း အလွန်လျင်မြန်လှသဖြင့် ပရိသတ်အားလုံးသည် မှင်တက်တွေဝေကာ ငေးကြောင် ကြည့်နေမိကြတော့၏။

ရွာဝေ့တွင် မိတ်ဆွေ သိုင်းသမားများ လက်အောက် ငယ်သားတပည့်များ များစွာ ပါလာသည်။ အဖြစ်အပျက်သည် မျက်စိ တစ်မှိတ် လျှပ်တစ်ပြက်အတွင်း ဖြစ်ပွားသွားခြင်းဖြစ်သဖြင့် မည်သူ တစ်ဦး တစ်ယောက်မှ နှန်ထွက်ကာယ်တင်ခြင်း မပြုနိုင်ခဲ့ပေ။

သူတို့၏ တုတ် ဓား လက်နက်များကို ဆွဲထုတ်၍ အော်ဟစ် နေချိန်တွင် ဝေရီနှင့် စောပုတက်တို့သည် သူတို့၏ မူလနေရာများ တွင် မည်သို့မျှ မဖြစ်သကဲ့သို့ အေးဆေးစွာ ထိုင်လျက် ရှိနေကြပေပြီ စောပုတက်က ရယ်မော၍...

'ခင်ဗျားတို့ သိပ်ဒေါသထွက်မနေကြပါနဲ့ အေးအေးဆေး ဆေး သက်သက်သာသာ နေကြပါ၊ ကိစ္စတွေအားလုံး ပြီးပြတ်သွား တဲ့အခါ ကျုပ်တို့က ခင်ဗျားတို့ရဲ့ လူကို ပြန်လွှတ်ပေးမှာပါ'

စောပုတက်သည် သူ့စကားကို ခေတ္တ ရပ်တန့်လျက် ဆူညံ ဆူညံလုပ်နေသူများအား အကဲခတ်လိုက်သည်။ ပြီးမှ ရုတ်တရက် ပြောင်းသွားသော လေသံဖြင့်...

'အင်း...ခင်ဗျားတို့ကသာ ကျုပ်စကားကို နားမထောင်ဘူး ဆိုရင်တော့ ကျုပ်ကို အဆိုးမဆိုနဲ့၊ သူ့ကို ကျုပ် သတ်ပစ်လိုက်မယ်'



ထိုအခါ ရွာဝေ့၏ ဘက်တော်သား အားလုံး နှုတ်ပိတ် သက်သွားကြတော့သည်။

ပရိသတ် အများစုသည် ရှုက်စွန်းကို သတ်ဖြတ်သည့် မ်းအနားကို လာရောက်ကြည့်ရှုကြသူများ ဖြစ်ကြပေသည်။ ယခု သူတို့၌ အမြင်တစ်မျိုး ပြောင်းသွားခဲ့ရပေပြီ။ အလင်းမာန်ဂိုဏ်းမှ သီး သိုင်းသမား နှစ်ဦး၏ အံ့ဖွယ် စွမ်းရည်ကို မြင်လိုက်ရခြင်းမှ အမြင်တစ်မျိုး ပြောင်းသွားရခြင်း ဖြစ်သည်။

ရှုက်စွန်းကို သတ်ဖြတ်လိုသူများသည် သူတို့ ထင်ထားခဲ့ ို လွယ်လွယ်ကူကူ သတ်ဖြတ်နိုင်ဖွယ်ရာလမ်း မရှိကြတော့ပေ။ င်းမာန်ဂိုဏ်းကြီးသည် ရှုက်စွန်း၏ ရှေ့တွင် မားမားမတ်မတ် ျက်ရှိနေချေပြီ။

ယနေ့တွင် ရှုက်စွန်း သေမည် မသေမည်ကို သေချာစွာ နိုင်ကြသော်လည်း အလွန်ပြင်းထန်လှသော တိုက်ပွဲကြီးတစ်ခု ွားတော့မည်မှာမူ သေချာသလောက် ဖြစ်နေကြောင်း သိမြင်သွား တော့သည်။

ထိုစဉ် အရက်ဘုရင် ဆက်ယူသည် တဟားဟား ရယ်မော း ပြောလိုက်သည်။

'ဒီနေ့ကတော့ တကယ့်နေ့ ပဲဟေ့၊ တချို့က ရှုက်စွန်းကို ်မယ်တဲ့၊ တချို့က ရှုက်စွန်းကို ကယ်မယ်တဲ့၊ ကိုယ့်ဘာသာ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော့ အတိုင်အဖောက် ညီနေလိုက်ကြတာ၊ ရှက်စွန်းကို ခုထ
ထိ ဘယ်သူမှ မတွေ့ကြရသေဘူး၊ ရှက်စွန်း ရှောင်လင်ဝိုဏ်းရဲ့ လ
ထဲမှာ ရှိတယ်ဆိုတာ ဟုတ်ရော ဟုတ်သလားလို့ ရှောင်လင် ဘုန်းကြ
တွေကို မေးကြည့်စမ်းပါဦး၊ ရှိရင်လဲ ထုတ်ပြနိုင်းစမ်းပါဦး၊ ရှော
တော့မှ ကယ်မယ့်သူတွေနဲ့ သတ်မယ့်သူတွေ ပညာပြိုင် ကြတာ
ကျုပ်အကြံမကောင်းဘူးလား၊ ဟား…ဟား…ဟား

✦ ✦ ✦ ✦ ✦



# သိုင်းပညာပြိုင်ပွဲကြီး

www.burmeseclassic.com

## အခန်း(၂၂)

## နှိုင်းမှညာ ပြိုင်ပွဲကြီး

အရက်ဘုရင် ဆက်ကျဲ့ယူ၏ စကားကို လူတော်တော်များများ ထောက်ခံကြသည်။ အခြေခံအနေသည် ရက်စွန်းအတွက် အဆိုး ဘက်သို့ ပြောင်းလဲခြင်း ဖြစ်တော့သည်။

ရှန်ရောင်သည် စိတ်ကူးတစ်ချက် ပေါ်လာသည်။

'အင်း...ငါလူတွေကို တခြားကိစ္စ တစ်ခုခုအတွက် စိတ် ဆောက်သွားအောင် လုပ်မှမဲ့၊ ဒါမှ ရက်စွန်းကိစ္စ မေ့သွားကြမှာ'

www.burmeseclassic.com



ဤသို့ တွေးလိုက်မိသည်နှင့် ရန်ရောင်သည် ပရိသတ်များအား အော်ဟစ်မေးမြန်းလိုက်သည်။

'ဒီလို ပညာပြိုင်ကြတာကတော့ ဟုတ်ပါပြီ၊ နဂါးနိုင်ဓားကိစ္စ ကိုကော ဘယ်လိုဖြေရှင်းကြမလဲ၊ အဲဒါက ပိုအရေးကြီးတယ်'

ရန်ရောင်သည် အမြော်အမြင် အလွန်ရှိသော လူတစ်ယောက်ဖြစ်သည်။ ဤလူအားလုံး၏စိတ်ကို ဆွဲဆောင်နိုင်မည့်အရာသည် နဂါးနိုင်ဓားသာ ဖြစ်ကြောင်း ကောင်းစွာသိသည်။ သူက နဂါးနိုင်ဓားအကြောင်း၊ စပေးလိုက်သည်နှင့် သူခင်းသည့်လမ်းပေါ်သို့ လူတစ်ယောက် ချက်ချင်း စနင်းတော့သည်။

'အခု နဂါးနိုင်ဓား ဘယ်မှာလဲ'

ရန်ရောင်က ဝင်ထောက်ပေးလိုက်သည်။

'ဒါကိုတော့ ခုံကျိုဆရာတော်ကြီးကို မေးရလိမ့်မယ်'

ခုံကျိုဆရာတော်ကြီးသည် သူ၏ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းပြသည်။ မည်သည့်စကား တစ်ခွန်းမျှ မပြောချေ။ သိုင်းသမား များ၏စိတ်ထဲတွင် မကျေမလည် ဖြစ်နေကြသည်။ သူတို့၏ စိတ်ထဲ၌...

'ရှောင်လင်ဂိုဏ်းဟာ အစတုန်းကနဲ့ မတူဘူး၊ ဘယ်လို ဖြစ်နေတာလဲ မသိဘူး၊ ကျောင်းထိုင် ဂိုဏ်းချုပ်ဆရာတော်ကြီး ခုံကျို



ဆရာတော်ရဲ့ မျက်နှာကလဲ မသာမယာနဲ့ ညှိုးငယ်ပြီး မပြောချင်သလို မဆိုချင်သလို ဖြစ်နေတယ်၊ ဘာပြဿနာတွေ ဝင်နေသလဲ မသိဘူး'

သိုင်းသမားတစ်ယောက်က ထ၍ မေးလိုက်သည်။

'နဂါးနိုင်ဓား ဘယ်မှာလဲဆိုတာ ခုံကျိုဆရာတော်ကြီး မသိဘူးဆိုရင် ရှက်စွန်းကတော့ သိမှာပဲ၊ ဒီဓားဟာ နောက်ဆုံးရှက်စွန်း လက်ထဲ ရောက်သွားခဲ့ရတာ မဟုတ်လား၊ သူ့ကို ခေါ်ထုတ်ပြီးသာ မေးကြည့်ပါ'

ထိုစဉ်...ခုံကျိုဆရာတော်ကြီး၏ နောက်ဘက်တွင် ရပ်လျက်ရှိသည့် တားမာကျောင်းတိုက် ဘုန်းတော်ကြီး ကိုးပါးထဲမှ တစ်ပါးသည် ရှတ်တရက် ရှေ့သို့ထွက်လာသည်။

'ဒကာတို့အားလုံး ဒီနေ့ ဒီနေရာကို ရောက်လာကြတာဟာ ရှက်စွန်းရဲ့ နဂါးနိုင်ဓားအတွက်ပဲ မဟုတ်လား၊ ဒီတော့ ဒကာတို့ အချင်းချင်း သိုင်းပညာ ယှဉ်ပြိုင်ကြပါ။ သိုင်းပညာ အတော်ဆုံးလူရဲ့ လက်ထဲကို ရှက်စွန်းကို အပ်လိုက်မယ်၊ ကြိုက်သလိုသာ ဆုံးဖြတ်ပေတော့၊ နဂါးနိုင်ဓားလဲ ဒီအတိုင်းပဲ ကြိုက်သလိုဆုံးဖြတ်နိုင်တယ်'

ဟွာကျင်းသည် ဖန်ဟိုဆန်ကို လေသံတိုးတိုးဖြင့် မေးလိုက်သည်။

'ဒီဘုန်းကြီးက ဘယ်သူလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မသိဘူး ဝိုထီးချုပ်ကြီး၊ တော်တော်ကလေးတော့ ထူးဆန်းတာပဲ၊ ရှောင်လင်ဝိုဏ်း အစဉ်အဆက်က ဒီလိုပြောလေ့ မရှိကြဘူး၊ ခုံးကျိုးဆရာတော်ကြီးဟာ သူ့ထက် အများကြီး အဆင့်ပိုမြင့်တာပဲ၊ အခု ကြည့်စမ်း၊ ခုံးကျိုးဆရာတော်ကြီးကို ခေါ်းဖယ်ထားပြီး သူ ကိုယ်တိုင် အဆုံးအဖြတ်ပေးနေတာ'

ကျောက်မိန်သည် လေသံတိုးတိုးလေးဖြင့် ဝင်ရောက် ပြော ကြားလာသည်။

'ဒီအတွက်တော့ ရှင်တို့ ဦးနှောက် သိပ်ချောက်မနေကြပါနဲ့၊ ဒီလူဟာ ချုန်ခွန်းရဲ့ အဖွဲ့သားပဲ ဖြစ်ရမယ်၊ မြေကြီးလက်ခတ်မလွဲ သေချာတယ်၊ ကျွန်မထင်ထားတာကိုပါ ရှင်တို့ကို ပြောပြလိုက်မယ်၊ အခုဆိုရင် ခုံးဝန် ဆရာတော်ကြီးဟာ ချုန်ခွန်းရဲ့ လက်ထဲ ရောက်နေ ရမယ်၊ ခုံးကျိုးဆရာတော်ကြီးဟာ အကျပ်ကိုင်ခံနေရလို့ ဒီလော စိတ်မာတတ်ကျနေတာ ဖြစ်ရမယ်'

ဟူကျင်းသည် စောစောကတည်းကပင် ခုံးကျိုးဆရာတော် ကြီး၏ အပြောအဆို အပြုအမူထူးခြားချက်များကို သတိပြုမိသဖြင့် တစ်ခုခုတော့ တစ်ခုခုပဲဟု ထင်မှတ်ခဲ့သည်။ ကျောက်မိန်ကဲ့သို့ မတွေးနိုင်ခဲ့ချေ။

ကျောက်မိန်က သူ၏ ထင်မြင်ယူဆချက်ကို ဤသို့ ပြော လိုက်သောအခါ ဟူကျင်း လုံးဝသဘောတူ လက်ခံလိုက်သည်။





'ဟုတ်တယ်... ကျောက်မိန်ပြောတာ အများကြီး ဖြစ်နိုင် တယ်'

ဖန်ဟိုဆန့်က...

'ချုန်ခွန်းက တကယ့် လူယုတ်မာပဲ သိုင်းလောကက လူတွေ အားလုံး အချင်းချင်း ရန်ငြိုးဖွဲ့ တိုက်ခိုက်နိုင်အောင် လုပ်နေတာပဲ'

ကျောက်မိန်က...

'ဟုတ်တယ်...ချုန်ခွန်းရဲ့ အကြံကတော့ သူ့အဖို့ တကယ် ကောင်းတာပဲ၊ ဒီသိုင်းပြိုင်ပွဲမှာ ဟူကျင်း နိုင်မယ်ဆိုတာ သူ တွက် ထားတယ်။ နိုင်ခဲ့ရင် နောက်ဆုံးတော့ ဟိုဘုန်းတော်ကြီး သုံးပါးနဲ့ တိုက်ခိုက်ဦးမှာပဲ၊ ဟူကျင်းက ဒီပြိုင်ပွဲမှာ အားကုန်သုံးပြီး ပြိုင်ထား ရတော့ အားသိပ်ကုန်ခန်းနေမှာ အသေအချာပဲ၊ ဟိုဘုန်းတော်ကြီး သုံးပါးနဲ့ ယှဉ်တိုက်ရင် မုချ ရှုံးမှာပဲ။ ဒီတော့ ဟူကျင်းလဲ ဟိုဘုန်းကြီး သုံးပါး လက်ချက်နဲ့သေရော၊ ကိစ္စလဲအားလုံး ပြတ်ရော၊ သူ့ရဲ့ အစီအစဉ်ကတော့ တကယ့်ကို ရေပက်မဝင်နိုင် လောက်အောင် ကောင်းတဲ့ အစီအစဉ်ပါ'

ကျောက်မိန်သည် ဦးနှောက် အလွန်ကောင်းသူဖြစ်သည်။ ချုန်ခွန်း၏ အကွက်များကို ကြိုတင်မြင်ထားသူလည်း ဖြစ်သည်။ အလင်းမာန်ဝိုဏ်းသား အားလုံးတို့သည် ကျောက်မိန်၏ စကားကို ငြိမ်သက်စွာ နားထောင်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်မိန်သည် သက်ပြင်းချကာ ဆက်ပြောသည်။

'အလင်းမာန်ဂိုဏ်းကြီး ပြိုကွဲဖို့ကတော့ သေချာသလောက် ဖြစ်နေပြီ၊ ကြည့်ရတာ ချန်ခွန်းဟာ နဲ့ဝန်းဆရာတော်ကြီးကို အဆိပ် ခတ်လိုက်ပုံရတယ်၊ နဲ့ဝန် ဆရာတော်ကို အဆိပ်ခတ် သတ်လိုက် မယ်၊ နဲ့ကျို ဆရာတော်ကြီးရဲ့ လက်ချက်လို့ စွပ်စွဲကြလိမ့်မယ် ချန်ခွန်းဟာ ရှောင်လင်ဂိုဏ်းထဲမှာ သူ့ရဲ့ သူလျှိုတွေ ဒလန်တွေ မွေးထားပြီးနေပြီ၊ ဒီ သူ့တပည့်တွေကလဲ ချန်ခွန်း စွပ်စွဲချက်တွေ မှန်ကန်ကြောင်း ထောက်ခံလိမ့်မယ်၊ နဲ့ကျို ဆရာတော်ကြီး သီကျ ကျသွားပြီးရင် သူ့ငယ်သားတွေက သူ့ကို ဂိုဏ်းချုပ်ဆရာတော်ကြ အဖြစ် တင်မြှောက်ကြလိမ့်မယ်၊ ချန်ခွန်းဟာ ချက်ချင်း လက်ငင် အလင်းမာန်ဂိုဏ်းကို ဖြိုဖျက်ပစ်မှာပဲ၊ ဒါဆိုရင် သူဟာ သိုင်းလော ရဲ့ တစ်ဦးတည်းသော ထိပ်သီးခေါင်းဆောင်ကြီး ဖြစ်သွားရပြီ

ကျောက်မိန်သည် သူမ၏ ထင်မြင်ချက်များကို အလ မာန်ဂိုဏ်းသားများအား တိုးညှင်းစွာ ပြောပြနေခြင်းဖြစ်ရာ အခြ မည်သူ တစ်ဦးတစ်ယောက်မျှ ကြားလိုက်ရခြင်း မရှိပေ။

ချူထင်းသည် ကျောက်မိန်၏ ဇွေးခေါ်ပုံကို သဘော လှသဖြင့် သူ့ပေါင် သူပုတ်ကာ လွှတ်ခနဲ ပြောလိုက်မိသည်။

'ဟုတ်တယ် ဟုတ်တယ်၊ သိပ် ကြောက်စရာကောင်း အကြံအစည်ပါလား'



ချူထင်း၏ အသံသည် အလွန်ကျယ်လောင်သွားသဖြင့် အားမှ လူအတော်များများ ကြားလိုက်ကြရပြီး ချူထင်းကို စိုင်း ကြည့်လိုက်ကြသည်။ အရက်ဘုရင် ဆက်ယူက...

'ဘာ အကြံအစည်တွေများလဲဗျ၊ ကျုပ်ကိုလဲ ပြောပြပါဦး အချင်းချင်းတွေပဲဟာ'

ချူထင်းက...

'ဘယ်ပြောလို့ ဖြစ်မလဲဗျ၊ ကျုပ်က ခင်ဗျားတို့ အချင်းချင်း တ်ထစ် သတ်ဖြတ်ချင်အောင် ရန်တိုက်ပေးနေတာ ကျုပ်က ဖွင့်ပြော လိုက်ရင် ကျုပ် အကြံအစည် ဘယ်အောင်တော့မလဲ'

အရက်ဘုရင် ဆက်ဟူသည် ချူထင်း၏ စကားများကို သဘောကျလှသဖြင့် တဟားဟား ရယ်မောပြန်တော့သည်။ ပြီးမှ...

'ခင်ဗျားအကြံက ဘယ်ဆိုးလို့တုန်း၊ ဘယ်လို ရန်ထောင် ပေးမှာလဲ ကျုပ်ပါဝင် ကူညီတန် ကူညီရတာပေါ့'

ချူထင်းသည် သူ၏ အသံကို တမင်ပင် ကျယ်ကျယ် လောင်လောင် ပြောလိုက်သည်။

'ကျုပ်မှာ ယုတ်ယုတ်မာမာ အကြံအစည်တစ်ခု ရှိတယ်ဗျ။ ကျုပ်က ဟန်ဆောင်ပြီး နဂါးနိုင်ဓား ကျုပ်ဆီမှာ ရှိတယ်လို့ ပြောမယ်၊ သိုင်းပညာ အတော်ဆုံးလူရဲ့ လက်ထဲ နဂါးနိုင်ဓားကို အပ်မယ်လို့ ကျုပ်က ပြောလိုက်ရင်...'

www.burmeseclassic.com



ဆက်ယွသည် အော်ဟစ် ထောက်ခံလိုက်သည်။

'ဟုတ်တယ်...ဟုတ်တယ်၊ သိမ်ကောင်းတဲ့အကြံပဲ၊ နောက် တော့ဘာတွေ ထပ်ဖြစ်မလဲ'

ကျောက်မိန်၏ စိတ်ထဲတွင်...

'အင်း ဒီအရက်သမားတော ငါတို့အတွက် အကူအညီ ပေးနေသလိုပါပဲလား၊ သူက ချူထင်းနဲ့ အတိုင်အဖောက် ညီညီကို ပြောနေတာပဲကိုး'

ချူထင်းသည် အော်ကြီးဟစ်ကျယ် ပြောနေပြန်သည်။

'ဒီဓားက သိုင်းလောကကို ဦးဆောင်နိုင်တဲ့ ဓားဆိုတော့ မလိုချင်တဲ့လူ ဘယ်ရှိပါ့မလဲ၊ မဟုတ်ဘူးလား ဒီတော့ အရက်သမားက အရူးကိုသတ်၊ ဘုန်းကြီးက အရက်သမားကိုသတ်၊ ဘုန်းကြီးကို ရသေ့ကသတ်၊ ရသေ့ကို မိန်းကလေးကသတ်၊ ဟား... ဟား... ဟား...ဟား...၊ ဟီး... ဟီး...ဟီး...၊ သူသတ်လိုက် ငါသတ်လိုက်နဲ့ အလောင်းတွေ ပြည့်နှက်ပြီး သုသာန်မြေမှာ တစ္ဆေတွေ တသောသော ဖြစ်နေတော့မှာပဲ၊ ဟား...ဟား...ဟား...'

ပရိသတ်အားလုံးသည် ကျယ်လောင်လှသော ချူထင်း၏ စကားကိုကြားလိုက်ရသည်။ အားလုံး ကြက်သီးတဖြန်းဖြန်း ထသွားသည်အထိ ထိတ်လန့် ချောက်ချားသွားကြတော့သည်။

ထို့ကြောင့် ထင်မြင်ချက် အမျိုးမျိုး သဘောထားအမျိုးမျိုး



သူတို့အားလုံး ချူထင်း၏ စကားများကို နားမှ မထွက် နိုင်အောင် ဖြစ်သွားကြသဖြင့် ချူထင်း၏ နိမိတ်ပြစကားမှ လွတ် ကင်းမည့် ပြိုင်ပွဲ စည်းကမ်းတစ်ရပ် ချမှတ်နိုင်ရန် ကြိုးစားနေကြ တော့သည်။

အချို့က သိုင်းပညာ ပြိုင်ရာတွင် သွေးထွက်သံယိုမှု မရှိ စေရဟု တားမြစ်ရန် တင်ပြသည်။ အချို့ကမူ တစ်ဘက်မှ ဒဏ်ရာ ၍ သေဆုံးသွားပါက သေဆုံးသူဘက်မှ ပြန်လည် မတုံ့ပြန်ရဟု တင်ပြကြသည်။ နောက်ဆုံးတွင် သိုင်းလောက၌ နာမည်ကြီးနေသော သိုင်းဆရာကြီး ဆယ်ယောက် ဒိုင်လူကြီးများအဖြစ် ဆောင်ရွက်စေပြီး အဆုံးအဖြတ်ပေးစေရန် အစီအစဉ် ချလိုက်ကြသည်။

စောပုတက် ဖမ်းထားသော ရှာဇေ့ကိုလည်း ဒိုင်လူကြီး အဖြစ် ရွေးချယ် တင်မြှောက်လိုက်သဖြင့် စောပုတက်က ရှာဇေ့ကို ပြန်လွှတ်ပေးရသည်။

ထိုကဲ့သို့ ပြဿနာ တထွေးထွေး ဖြစ်နေစဉ် ဝါမေဂိုဏ်း အား မယ်သီလရှင်ကြီးတစ်ပါး ရုတ်တရက် ထလာပြီး အေးစက် သော လေသံဖြင့် ပြောလိုက်သည်။

'ဘာဖြစ်လို့ ဒိုင်လူကြီးတွေ ခန့်နေရတာလဲ၊ ဘယ် ဒိုင်ကြီး ကြီးမှ မလိုဘူး၊ ဘယ်သူ့ကိုမှ ခန့်မနေနဲ့'

ဆက်ယွသည် ရယ်မောရင်း ပြန်မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ပြိုင်ပွဲတစ်ခုမှာ ဒိုင်လူကြီး မရှိလို့ ဖြစ်မလား ဆရာလေးရဲ့၊ ဒိုင်လူကြီးရှိမှ တရားမျှတမှု ရှိတော့မှာပေါ့၊ ဆရာလေး ဘာဖြစ်လို့ ဒိုင်လူကြီး မလိုဘူးလို့ ပြောရတာလဲ'

မယ်သီလရှင်ကြီးက အကျည်းတန် အရုပ်ဆိုးစွာဖြင့် မဲ့ရွဲ့ ရင်း ပြောလိုက်သည်။

'ရှင်းရှင်းကလေးပဲ၊ ရှင်းတာကို ရှုပ်အောင် လုပ်နေကြတာ လူနှစ်ယောက် ယှဉ်ပြိုင်ကြတာပဲ၊ အသက်ရှင်တဲ့လူက နိုင်တာပဲ သေတဲ့လူက ရှုံးတာပဲ သေမင်းက ဒိုင်လူကြီးပဲ'

ဝရိသတ် အားလုံးသည် သေမင်း၏ အရိပ်အငွေ့ ပါသော မယ်သီလရှင်ကြီး၏ ကြောက်မက်ဖွယ်ရာ စကားလုံးများကြောင့် ကျောချမ်းတစ်လျှောက် အေးစိမ့်သွားကြတော့သည်။ ရက်စက် ကြမ်းတမ်းလှသည့် နှလုံးသားပိုင်ရှင် မယ်သီလရှင်ကြီးပေတည်း။ ဆက်ယူက...

'ကျုပ်တို့အားလုံးဟာ သိုင်းလောကသားတွေ အချင်းချင်းပဲ၊ ဘာအငြိုးမှ မရှိကြတာ၊ ဘာဖြစ်လို့ 'တစ်ယောက်ကိုတစ်ယောက် အသေသတ်ရမှာလဲ၊ အကြောင်းမဲ့ အသေသတ်ဖို့ ပြောနေတာကတော့ မကောင်းပါဘူး၊ ဆရာလေးဟာ တရားသမားပါ၊ ဆရာလေးနဲ့ မအပ်စပ်တဲ့ စကားတွေ ဘာဖြစ်လို့ ပြောနေရတာလဲ'



မယ်သီလရှင်ကြီးသည် ဒေါသဖြင့် ကြိမ်းမောင်းလိုက် သည်။

'ရှင်က သူများတွေလို စကားပြောရင် ကောင်းကောင်းပြော တာ မဟုတ်ဘူး၊ ရှုးရှူးပေါ်ပေါ်နဲ့ ပြောချင်တာတွေ လျှောက်ပြောနေ တယ်၊ ကျုပ်တို့ ဝါမေဂိုဏ်းကို ဒီလိုလာပြောလို့ မရဘူး၊ နားလည် ...'

ဆက်ယူသည် အရက်ခွက်ကို ကိုင်ရင်း ရယ်မောနေ သည်။ ပြီးမှ သရော် လှောင်ပြောင်သောလေသံဖြင့် ...

'ကျွတ်...ကျွတ်...ကျွတ်...ကျွတ်...အမယ်လေး၊ တယ်လဲ ကြောက်စရာကောင်းတဲ့ ဝါမေဂိုဏ်းပါလား၊ ခင်ဗျားတို့ ဝါမေဂိုဏ်း ကြောက်လွန်းလို့ ပုန်းစရာ ကြွက်တွင်းလိုက်ရှာရဦးမယ်၊ အင်းလေ... ယောကျ်ားက မိန်းမနဲ့ဖက်ရန်ဖြစ်လို့ မကောင်းပါဘူး၊ ကျုပ်လို အရက်သမားနဲ့ မယ်သီလရှင်က ပိုပြီး ရန်ဖြစ်ဖို့ မကောင်း သေးတယ်၊ အင်း...အင်း...ရန်မဖြစ်အောင် နေမှ...နေမှ...'

ဆက်ယူသည် စကားဆုံးသည်နှင့် အရက်ခွက်ကို မော့ သောက်လိုက်တော့သည်။

ထိုစဉ် ရွှီး ခနဲ လေတိုးသံ ကြားလိုက်ရပြီး ပုတီးလုံး နှစ်လုံး သည် ဆက်ယူထံသို့ ရုတ်တရက် ပြေးဝင်လာတော့သည်။ တစ်လုံး က အရက်ခွက်ကို ထိမှန်သွားပြီး တစ်လုံးက ဆက်ယူ၏ ရင်ဘတ်ကို ထိမှန်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း...ဝုန်း'

ပေါက်ကွဲသံ နှစ်ချက် ကြားလိုက်ရပြီး ဆက်ယွမ်၏ အရက်ခွက်သည် ကြေမွ လွင့်စဉ်သွားကာ ဆက်ယွမ်၏ ရင်ဘတ်မှာလည်း အပေါက်ကြီးတစ်ပေါက် ဖြစ်သွားလျက် သွေးများ ကြောက်မက်ဖွယ်ရာ စီးထွက်လာတော့သည်။ ယွမ်၏ ခန္ဓာကိုယ်ကြီးသည်လည်း သူ့လက်မှ အရက်ခွက်နှယ် အဝေးသို့ လွင့်စဉ်ထွက်သွားခြင်းဖြစ်သည်။ သွားရောက်စမ်းသပ်ကြည့်လိုက်သောအခါ အသက်မရှိတော့ကြောင်း သိလိုက်ကြရသည်။

ပရိသတ်အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားလျက် များစွာ ကြောက်ရွံ့သွားကြတော့သည်။ ဤမျှ ကြောက်မက်ဖွယ်ရာ ကောင်းလှသော လျှို့ဝှက်လက်နက်မျိုးကို ယခင်က တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးခဲ့ကြပေ။ ချူကျူးက ညည်းညူလိုက်မိသည်။

'ဒီလက်နက်က ကြောက်စရာ ကောင်းလှချည်လား'

ရန်ရောင်ကမူ...

'ဒါဟာ အနောက်ဘက် အက္ကပတ်တိုင်းပြည်က လျှို့ဝှက်လက်နက်တစ်ခုပဲ၊ အင်မတန် ပြင်းထန်တဲ့ လက်နက်၊ ဘယ်လိုကနေပြီး ဒီမယ်သီလရှင်တွေက ဒီလျှို့ဝှက်လက်နက်တွေ လုပ်တတ်နေပါလိမ့်၊ ဒီလက်နက်ဟာ အင်မတန် ကြောက်စရာကောင်းတယ်၊ အကြင်နာ၊ စာနာတရားမရှိတဲ့ လူတွေ့ရဲ့ လက်ထဲရောက်သွားရင် ပိုကြောက်စရာ ကောင်းတယ်၊ အားလုံး သတိဝီရိယ ထားကြပေတော့'



သိုင်းဆရာကြီး ရှာဝေ့သည် သေဆုံးနေပြီဖြစ်သောဆက်ယွမ်အလောင်းကို ပွေ့ချီပြီး မယ်သီလရှင်ကြီးအား ပြောလိုက်သည်။

'ကျုပ်ရဲ့ သူငယ်ချင်း ဆက်ယွမ်ဟာ အမြဲတမ်း ပျော်ပျော်ရွှင်ရွှင် နေတတ်တဲ့ လူပဲ၊ သူက ဘာအပြစ်တွေ ကျူးလွန်ခဲ့လို့ ခင်ဗျားရက်ရက်စက်စက် ယုတ်ယုတ်မာမာ သတ်ပစ်လိုက်ရတာလဲ'

ထိုမယ်သီလရှင်ကြီးက...

'ကျုပ်နာမည် ကျင်ပျားပဲ၊ ရှင်က ဘာလုပ်ချင်သလဲ၊ ...ယ်သူမှ ဂရုမစိုက်ဘူး'

ရှာဝေ့က...

'ခင်ဗျား စကားပြောတာ ကြည့်ပြောပါ၊ ဒီလောက် မောက်...က်မာမာ မပြောပါနဲ့၊ ဝါမေဝိုဏ်းကို သိုင်းဆရာမကြီး ကောလန်း...းတည်ထောင်ခဲ့တာပါ၊ ဖြောင့်မတ်မှန်ကန်တဲ့ ဂိုဏ်းကြီး တစ်ဂိုဏ်း...ဖြစ် အစဉ်တစိုက် ရပ်တည်ခဲ့တယ်၊ အခုလို သွေးဆာနေတဲ့ ...သတ်သမားဂိုဏ်း မဟုတ်ခဲ့ပါဘူး'

ထိုမယ်သီလရှင်ကြီးသည် ဒေါသဖြင့် အော်လိုက်သည်။

'ရှင့်ပါးစပ် ပိတ်ထားစမ်း၊ ရှင့်လက်ထဲက အရက်သမားကို ...ကြည့်စမ်း၊ စကားများလွန်းလို့ ခုလို ဖြစ်သွားရတာ၊ နားလည်လား ...ကော သူ့လို ဖြစ်ချင်လို့လား'

www.burmeseclassic.com

www.burmeseclassic.com



ရှာဝေ့သည် ကြောက်ရွံ့ခြင်း လုံးဝမရှိချေ။ ရှေ့သို့ သုံးလှမ်း မျှပင် တိုးတက်သွားပြီး...

'ခင်ဗျားက လျှို့ဝှက်လက်နက်နဲ့ ကျုပ်ကို ခြိမ်းခြောက်တာ ပေါ့လေ ခင်ဗျားမှတ်ထား၊ ခင်ဗျားတို့ ဂိုဏ်းဟာ ဒီအတိုင်းသာ ဆက်သွား သိုင်းလောကမှာ တစ်သက်လုံး ခေါင်းထောင်နိုင်မှာ မဟုတ်ဘူး၊ လူသတ်သမားဂိုဏ်း'

ကျင်ပျားသည် ချူကျူးအား တစ်ချက်မျှ လှမ်းကြည့် လိုက်သည်။ ချူကျူးက ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။ ကျင်ပျား၏ အမူအရာသည် တစ်စုံတစ်ခု ပြုလုပ်ရန် အခွင့်တောင်း သည့် ပုံစံဖြစ်ပြီး ချူကျူး၏ အမူအရာက လုပ်ခွင့်ပြုသည့် ပုံစံမျိုး ဖြစ်နေပေသည်။

ထိုအခါ ကျင်ပျားသည် ပုတီးနှစ်လုံးကို ရှာဝေ့ထံသို့ ပစ်ထည့်လိုက်ပြန်၏။ နှစ်လုံးစလုံး ရှာဝေ့၏ ရင်ဘတ်နှင့် ဝမ်းဗိုက် ကို ထိမှန်သွားသည်။ လျှို့ဝှက်လက်နက် နှစ်လုံးသည် 'ဝုန်း' 'ဝုန်း'ခနဲ ပေါက်ကွဲသွားသဖြင့် ရှာဝေ့သည် ထိုလက်နက်များ၏ ဒဏ်ဖြင့် သေဆုံးသွားတော့သည်။

ကိုယ်ခန္ဓာ ကြီးမားကြံ့ခိုင်ခြင်း၊ အလွန်ရဲရင့်ခြင်းကြောင့် ရှာဝေ့သည် မတ်တတ်ရပ်လျက် သေဆုံးသွားရခြင်း ဖြစ်သည်။ အတန်ကြာမှ မြေပြင်သို့ ပြိုလဲကျသွားတော့သည်။



ဤမျှ ရက်ရက်စက်စက် သတ်ဖြတ်နေသောကြောင့် သိုင်း လောကမှ လူများသည် ဝါဓမဂိုဏ်းအား ဆဲဆို ရှုတ်ချကြတော့သည်။ ဂုကျင်းသည်လည်း ချူကျူး၏ စိတ်ဓာတ် ဤမျှလောက် ရက်စက် ကြမ်းကျော့သွားသည်ကို တွေ့လိုက်ရသောအခါ အလွန် စိတ်ထိခိုက် သွားတော့သည်။

ထိုသို့ ရုတ်ရုတ်သဲသဲ ဖြစ်နေစဉ် ချူကျူးသည် လေသံတိုး တိုးဖြင့် တစ်စုံတစ်ခု ပြောလိုက်သည်။ ဆို့ချင်းရှူးသည် အပြင် ထွက်လာပြီး စကား စတင် ပြောသည်။

'ဒီနေ့ ဒီနေရာကို ရောက်လာကြတဲ့ လူတွေဟာ သတ္တိအရာ မှာ ပြိုင်စံရှားတဲ့ လူတွေပါ၊ သေရမှာ မကြောက်တဲ့ လူတွေပါ၊ ခင်ဗျားတို့ တစ်တွေဟာ ဒီကို သက်သက်မယ့် ရောက်လာကြတာ မဟုတ်ဘူး နဂါးနိုင်ဓားကို ယူဖို့ လာကြတာ၊ ဓားရအောင် လုရတဲ့ ပြိုင်ပွဲမှာ သိုင်းပညာညံ့တဲ့ လူကတော့ သေမှာပဲ'

ရှီလင်တန်းနှင့် ချင်လိရှန်တို့သည် ရုတ်တရက်အားဖြင့် ဆို့ချင်းရှူးအား မှတ်မိကြသည် မဟုတ်ပေ။ ဆို့ချင်းရှူးက ရုပ်ဖျက် ထားခြင်းဖြစ်သဖြင့် မှတ်မိနိုင်ရန်လည်း မလွယ်။

သို့သော် အသံကိုတော့ကို မှတ်မိလိုက်ကြသည်။ ရုပ်နှင့် အသံကို ရုတ်တရက် ခွဲ၍မရသဖြင့် ဆို့ချင်းရှူး ဟုတ်မဟုတ် အသေ အချာတော့ မပြောရဲကြချေ။

www.burmeseclassic.com

www.burmeseclassic.com



ဆို့ချင်းစူးက သူ၏စကားကို ရပ်လိုက်သောအခါ ရီလ
တန်းသည် မြေကွက်လပ်သို့ လျှောက်ထွက်လာတော့သည်။

'ခင်ဗျားရဲ့ နာမည်ကို မသိရဘူးလား'

ဆို့ချင်စူးသည် သူ၏ ဂိုဏ်းဘွဲ့ ဦးလေးနှစ်ယောက်ကို
အချိန်ကျမှ သတိပြုလိုက်တော့သည်။ ဦးလေးများအား ယမ်ကြေ
ဖြစ်သဖြင့် ရုတ်တရက် တုန်လှုပ်ချောက်ချားသွားတော့သ
ထိုပြင်မိမိ ကျူးလွန်ထားသည့် ပြစ်မှုကြီးကလည်း ရှိသေးသ
မဟုတ်ပါလား၊ ထို့ကြောင့် ချက်ချင်းပင် နောက်သို့ တွန့်ဆု
သွားကာ...

'ကျုပ်...ကျုပ်...နာမည်ကျော်တဲ့ လူတစ်ယောက် မဟု
ပါဘူး ကျုပ်နာမည်ကို သိထားလို့ အဖိုးပါမဲ'

ထိုအခါ ရီလင်တန်းသည် ဗိုလ်ချုပ် သက်မကောင်း ဖြစ်လ
ဆက်မေးမြန်းတော့သည်။

'ဘယ်လိုဖြစ်တာလဲ၊ ခင်ဗျားဟာ ယောကျ်ား မဟု
ဘူးလား၊ ယောကျ်ားတစ်ယောက်လုံးလုပ်ပြီး ကိုယ့်နာမည်တော
ထုတ်မပြောရဲဘူးလား၊ အတော်သွေးကြောင်တဲ့ လူပဲ'

ထိုအခြေအနေတွင် ချူကျူး ရုတ်တရက် ဝင်ရောက် ပ
တော့သည်။



'ရီလင်တန်း ရှင်သိအောင် ကျွန်မပြောလိုက်မယ်၊ ဒီလူက
ကျွန်မရဲ့ယောကျ်ား၊ သူ့နာမည်က ဆို့ချင်းစူး အရင်တုန်းကတော့
သူဟာ ဟူတန်းဂိုဏ်းကပဲ အခုတော့ ဝါမေဂိုဏ်းက ဖြစ်သွားပြီ၊ ကဲ...
ကျေနပ်ပလား၊ ရှင် ဘာပြောစရာ ရှိသလဲ၊ ရှိရင် ကျွန်မကို ပြောပါ၊
ကျွန်မက ဝါမေဂိုဏ်းရဲ့ ဂိုဏ်းချုပ်ပဲ'

ထိုအခါ ဆို့ချင်းစူးသည် မည်သို့မျှ ဖုံးဖိရန် မဖြစ်နိုင်တော့
သဖြင့် သူ၏ မျက်နှာမှ ရုပ်ဖျက်ထားသမျှတို့ကို ပွတ်သပ်ပယ်ဖျက်
လိုက်သည်။ ထိုအခါ ဆို့ချင်းစူး၏ ဝိသသော ရုပ်ရည် ပေါ်လာ
တော့သည်။

ရီလင်တန်းသည် ဆို့ချင်းစူးက မော်ကုဆန်းကို သတ်ခဲ့
သည်ကို အမြဲတမ်း သတိရနေသူဖြစ်သည်။ အလွန် ဒေါသ ထွက်နေ
သူ ဖြစ်သည်။ သို့သော် သူ၏မျက်နှာတွင် ဒေါသအရိပ်အရောင်
လုံး၀ မပေါ်ပေ။ ကျောက်ရုပ်ကြီး တစ်ရုပ်၏မျက်နှာအလား ခံစားမှု
ကင်းမဲ့နေသော မျက်နှာကြီးဖြင့် ဆို့ချင်းစူးကိုသာ စူးစူးစိုက်စိုက်
ကြည့်နေလိုက်သည်။

ဆို့ချင်းစူးမှာမူ လိပ်ပြာလွင့်ထွက်မတတ် ကြောက်ရွံ့လျက်
ရှိနေလေပြီ။ ချူကျူးက ရီလင်တန်းအား ဆက်ပြောလိုက်သည်။

'ရှင်တို့ ဟူတန်းဂိုဏ်းက ဒီကိစ္စနဲ့ ပတ်သက်ပြီး မကျေနပ်
လို့ စာရင်းရှင်းချင်တယ် ဆိုရင်လဲ ကျွန်မတို့ ဝါမေဂိုဏ်းကို ပြော

www.burmeseclassic.com

www.burmeseclassic.com



မထိတာ အကောင်းဆုံးပါပဲ၊ လာထိရင်တော့ ကျွန်မတို့က ဘယ်သူ့ကိုမှ ညှာမှာ မဟုတ်ဘူး၊ အဲဒီအခါကျရင် ရှင် နောင်တရသွားလိမ့်မယ်'

ချူကျူး၏ ရဲရဲတောက် စကားများကို ကြားလိုက်ရသော အခါ ပရိသတ်အားလုံး ထိတ်လန့်သွားကြတော့သည်။ ဟွာတန်းဂိုဏ်းသည် နယ်နယ်ရရ ဂိုဏ်းမဟုတ်။

သိုင်းလောက တစ်ခုလုံးက လေးစားအရေးထားရသည့် ဂိုဏ်းကြီးဖြစ်ပေသည်။ ယခုမူ ချူကျူးသည် ဟွာတန်းဂိုဏ်းအား အတိအလင်း ခြိမ်းခြောက်လျက် ရှိနေချေပြီ။

ထိုအခိုက် ချင်လိရှန်သည် ကြေကွဲသော အသံဖြင့် လိုက်သည်။

'ဆို့ချင်းစူး...မင်း...မင်း...ဘာဖြစ်လို့ မင်းရဲ့ ဦး မော်ကုဆန်းကို သတ်လိုက်ရတာလဲဟင်'

ချင်လိရှန်သည် စိတ်ထားအနူးညံ့ အပျော့ပျောင်းဆုံးသော သူဖြစ်ရာ ဝမ်းနည်းလာသည့်နှင့်တစ်ပြိုင်နက် မျက်ရည်များ ကျ တော့သည်။ ဟွာတန်း ခုနစ်ဖော်တွင် ချင်လိရှန်သည် စိတ် အပျော့ဆုံးသူပင်တည်း။

ရီလင်တန်းသည် ချင်လိရှန်ကို ဆွဲခေါ်လိုက်သည်။ ပြီး ပရိသတ်အားလုံးဘက်သို့ လှည့်၍ ပြောလိုက်၏။



'ဆရာ့ ဆရာကြီး အားလုံးကို ကျုပ်အနေနဲ့ ရှင်းပြစရာ ခုရှိနေပါတယ်၊ ကျုပ်တို့ ဟွာတန်းဂိုဏ်းဟာ ကံမကောင်း ကြောင်းမလှတဲ့အတွက် ဆိုးယုတ်ညစ်ညမ်းတဲ့ သစ္စာဖောက် ပည့် တစ်ယောက်ကို မွေးမိလျက်သား ဖြစ်ခဲ့ရပါတယ်၊ ကျုပ်တို့ရဲ့ ဏ်းတူညီလေး မော်ကုဆန်းကို သတ်ခဲ့တဲ့လူဟာ ဘယ်သူလဲ သိကြ လား၊ ဟောဒီ သစ္စာဖောက် ဆို့ချင်းစူးက သတ်...'

ထိုစဉ် ရှွီခနဲ ရှွီခနဲ လေဆုကို တိုးဝင်ဖြတ်သန်းလာသော ါက်ကွဲစေတတ်သည့် လျှို့ဝှက်လက်နက် နှစ်လုံးသည် ရီလင်တန်း ာသို့ အပြေးအလွှား ဝင်ရောက်လာတော့၏။

ဟွာကျင်းကမူ အလန့်တကြားဖြင့် အော်ဟစ်ခုန်ထွက်ရန် န်ပြင်လိုက်မိတော့သည်။ ဤလက်နက်များ၏ ကြောက်မက်ဖွယ် စွမ်းအင်ကို အရက်ဘုရင် ဆက်ယူနှင့် သိုင်းဆရာကြီး ရှာဇေ က သက်သေပြသွားခဲ့ပြီ မဟုတ်ပါလား။ မိမိ၏ဦးလေး ရီလင် န်းကိုမူ ဤအဖြစ်မျိုးသို့ အရောက်မခံနိုင်ချေ။

ချူကျူးအနေဖြင့် ဤသို့ ပြုမူလိမ့်မည်ဟု ဟွာကျင်း လုံးဝ ခင်မိခဲ့ပေ။ ယခုမူ ဝါမေဂိုဏ်းသည် သိုင်းလောကသားများ ိုက်နာရမည့် စည်းကမ်းကို လုံးဝ စောင့်စည်းထိန်းသိမ်းခြင်း မရှိ ာကြောင်း မျက်မြင်သက်သေကိုယ်တိုင် တွေ့ရှိကြရပေပြီ။ ဤကဲ့သို့ ချောင်းမြောင်းပစ်ခတ်ခြင်းကား သိုင်းလောက၏ စည်းကမ်း နှင့် မညီမျှရုံမျှမက အဆင့်အတန်းလည်း နိမ့်ကျလှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် အပစ်ခံလိုက်ရသောကြောင့် ရီလင်တန်းသည် လည်း ဘေးသို့ အလျှင်အမြန် ရှောင်တိမ်းလိုက်ရသည်။ ပေါက်ကွဲ စေတတ်သော လက်နက်ကလေးများသည် သူ့တောင်းစား ဂိုဏ်းသာ ဘက်သို့ ကျရောက်သွား၏။

ထိုစဉ် ရီလင်တန်းသည် ဟူတန်းဂိုဏ်း၏ နက်နဲသိမ်မွေ့ လှသော သိုင်းပညာကို အမှတ်မထင် ထုတ်လှစ်ပြသလိုက်တော့ သည်။

သူသည် ဘေးသို့ကျသွားသော လက်နက်ကလေးနှစ်လုံး လေထဲမှပင် အရှိန်ဖြင့် ဆွဲယူလိုက်ပြီး လက်ဝါးကို ဖြန့်ထားက လက်ဝါးပေါ်၌ပင် ပတ်ချာလည်နေစေလိုက်သည်။ ထိုအခါ လက်နက်ကလေးနှစ်လုံးသည် လုံးဝ ပေါက်ကွဲခြင်းမရှိတော့ ရီလင်တန်း၏ လက်ပေါ်၌ အုံ့ဩဖွယ် လည်ပတ်နေသည် အားလုံးက တွေ့လိုက်ကြရသည်။

သိုင်းသမားအားလုံးကမူ မည်သည့်အချိန်တွင် ပေါက် ပေမည်နည်းဟူ၍ တထိတ်ထိတ် တလန့်လန့် ရင်တမမဖြင့် မျှော် ကြည့်ရှုနေမိတော့၏။ သို့သော် လုံးဝ ပေါက်ကွဲခြင်း မရှိ

ဤသိုင်းပညာကား ဟူတန်းဂိုဏ်း၏ သိုင်းဆရာကြ ကျန်းဆန်းဖုန်း၏ နောက်ဆုံးထီထွင်ထားသည့် ထိုက်ကျိ လက် သိုင်းပင်ဖြစ်တော့၏။ ဤသိုင်းပညာ၏ အတွင်းသဘောသည





နူးညံ့သိမ်မွေ့ခြင်းပင် ဖြစ်၏။ ပြင်းထန်မာကျောခြင်း လုံးဝမရှိပဲ ရန်သူကို စက်ဝိုင်းများကဲ့သို့ လည်ပတ်လျက် အဆက်မပြတ် တိုက်ခိုက်နိုင်သည့် စွမ်းအားရှိပေသည်။

ရီလင်တန်းသည် ထိုက်ကျိလက်သီးသိုင်း အားကို အသုံးပြု၍ ပေါက်ကွဲစေတတ်သော လက်နက်ကလေးများကို မိမိ လက်ဝါးပြင်ပေါ်၌ လည်ပတ်နေစေခြင်းဖြင့် ကောင်းစွာ ထိန်းသိမ်းလိုက်ခြင်း ဖြစ်သည်။

ထိုအချိန်တွင် ဝါမေဂိုဏ်းသည် နောက်ထပ် လက်နက် နှစ်လုံးဖြင့် ထပ်မံ ပစ်ခတ်လိုက်ပြန်သတည်း။

✤ ✤ ✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com



# သွေးစွန်းသောနေ့တစ်နေ့

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈၈)

## သွေးစွန်းသောနေ့တစ်နေ့

ချင်လီရှန်သည် သူ၏ဝိုတ်းတူ အစ်ကိုဘေး၌ ရှိနေသည် ဖြစ်၍ နောက်ထပ် လက်နက်နှစ်လုံး ဝင်လာသည်ကို တွေ့လိုက်ရသောအခါတွင်မူ လုံး၀ တုံ့ဆိုင်းခြင်းမရှိတော့ဘဲ ခုန်ထွက်လိုက်ပြီး ရိုလင်တန်းကဲ့သို့ပင် ဖမ်းယူလျက် လက်ဝါးပေါ်တွင် လည်နေစေလိုက်သည်။ ပေါက်ကွဲစေသော လက်နက်နှစ်လုံးသည် စောစောလိုပင် လုံး၀ မပေါက်ကွဲတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



သားပတ်ပတ်လည်ရှိ သိုင်းသမားများထံမှ ဝေါခနဲ အော်ဟစ်ချီးကျူးလိုက်သံသည် ဘဝင်ညံသွားတော့သည်။ ဟူတန်းဂိုဏ်း၏ နက်နဲလှသော အတွင်းအားသိုင်းပညာသည် တကယ်ပင် ချီးကျူးထိုက်ပေသည်။

သို့သော် ဝါမေဂိုဏ်းသည် သူတို့၏ ယုတ်မာပက်စက်လှသော လုပ်ရပ်ကို လုံးဝရှမ်ဆိုင်းခြင်း မရှိသည့်အပြင် နောက်ထပ် လက်နက်ရှစ်လုံးကို ထပ်မံပစ်ခတ်လိုက်ပြန်သည်။

ရီလင်တန်းနှင့် ချင်လီရှန်တို့အနေဖြင့် ထိုမျှများပြားလှသော လက်နက်များကို ဖမ်းယူထိန်းသိမ်းရန် မတတ်နိုင်ပေ။ ထို့ကြောင့် နှစ်ယောက်စလုံး မာန်သွင်းအော်ဟစ်လိုက်ကြကာ သူတို့၏ လက်ထဲ၌ရှိသော လက်နက်များကို တစ်ပြိုင်နက် ပြန်လည်ပစ်လွှတ်လိုက်ကြတော့၏။ ထိုအခါ လက်နက်များအချင်းချင်း လေထဲတွင် ထိမိုက်မိကြပြီ ပေါက်ကွဲသွားသည်။ ရီလင်တန်းနှင့် ချင်လီရှန်တို့ နှစ်ယောက်မှာမူ ပစ်ခတ်ပြီးသည်နှင့် နောက်ဘက်သို့ ခုန်ထွက်ပြီး ဖြစ်နေကြသည် သိုင်းသမားအားလုံးအဖို့ ဤမျှစွမ်းအားထက်လှသော လက်နက်ကလေးများကို တွေ့မြင်ထားလိုက်ကြရသဖြင့် ဝါမေဂိုဏ်းအား အတော်ပင် ထိတ်လန့်သွားကြတော့၏။

ဟူတန်းသိုင်းသမားကြီးများမှလွဲ၍ အခြားသူများအနေဖြင့် ဤလက်နက်မျိုးကို လုံးဝ ကာကွယ်နိုင်မည် မဟုတ်ချေ။



ထိုအချိန်တွင် ဝါဆန်းဂိုဏ်းမှ ဂိုဏ်းသားတစ်ယောက်က ထ၍ အော်ဟစ်လိုက်သည်။

'ဝါမေဂိုဏ်းက ဒီလိုလက်နက်မျိုးနဲ့ တစ်ဘက်သတ် အနိုင်ချင်ပြီး ပစ်ခတ်တိုက်ခိုက်နေဟာ ကောင်းသလား'

ထိုအခါ ဝါမေဂိုဏ်းမှ ကျင်ဖျား မယ်သီလရှင်ကြီးက ပြန်လည် အဖြေပေးလိုက်သည်။

'ဒီကနေ့ပြိုင်ပွဲဟာ အရှုံးအနိုင်ပြိုင်ပွဲပဲ နိုင်တဲ့လူက ရှက်စွန်းကိုရမယ်၊ ရှုံးတဲ့လူက သေမယ်၊ ရှင်းရှင်းကလေးပဲ ဒီတော့ ဘယ်လိုပြိုင်ပြိုင် ဒီလိုပွဲမျိုးမှာ အသက်ရှင်ရင်ရှင် မရှင်ရင် သေမှာပဲ'

ဟူကျင်း၏စိတ်ထဲတွင်—

'ချူကျူးအနေနဲ့ ဆို့ချင်းစူးကို လက်ထပ်လိုက်တာဟာ စိတ်သဘောရင်းကြောင့်တော့ မဟုတ်နိုင်ဘူး၊ ဟိုနေ့က ငါက လူရှေ့သူရှေ့ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်ထားလိုက်လို့ စိတ်နာပြီး လုပ်မိလုပ်ရာတွေ လျှောက်လုပ်နေတာ ဖြစ်လိမ့်မယ်၊ ဒီအဖြစ်အားလုံးရဲ့ တရားခံဟာ ငါပဲ၊ ငါ့ကြောင့် ဖြစ်ရတာ'

ဟူကျင်းသည် ထိုသို့ စဉ်းစားလိုက်မိသောအခါ လွန်စွာစိတ်မကောင်းဖြစ်သွားတော့၏။ သူသည် နောက်မှ လျှောက်ထွက်လာပြီး ဝါမေဂိုဏ်းရှေ့တွင် ရပ်လိုက်၍ ချူကျူးအား ငေး၍ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ချူကျူး ဖြစ်ပျက်ခဲ့သမျှ အဖြစ်တွေအားလုံးရဲ့ တရားခံကတော့ ငါပါ၊ ဒီအဖြစ်တွေအတွက် ဘယ်နည်းနဲ့မဆို တောင်းပန်ဖို့ ငါကအဆင်သင့်ပါပဲ၊ ဆို့ချင်းဖူးအနေနဲ့ကတော့ ဦးလေးမော်ကုဆန်းကိုသတ်ခဲ့တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ရှင်းလင်းပြရမှာပဲ၊ ဒါကတော့ ဘယ်လိုမှ ရှောင်လွှဲလို့ မရတဲ့ တာဝန်ကြီးတစ်ရပ်ပါပဲ၊ ဒီတာဝန်ကြီးဟာ ကြီးကျယ်တာတော့ မှန်ပါတယ်၊ ဒါပေမယ့် ဦးလေးရိုလင်တန်နဲ့ဦးလေး ချင်လီရှန်တို့နဲ့အတူ ဟူတန်းတောင်ကို လိုက်သွားပြီး ဝန်ခံတောင်းပန်လိုက်ရင် ဆရာကြီးတို့က ခွင့်လွှတ်ကြမှာပါ'

ချူကျူးသည် ခနဲ့ပြုံးပြုံး၍ ဟူကျင်းအား ပြန်ပြော လိုက်လေသည်။

'ကျွန်းဟူကျင်းရှင်တဲ့ တယ်ယုတ်မာ ကောက်ကျစ်တဲ့ လူပါလား၊ ရှင်ယုတ်မာတတ်မှန်းတော့ သိတယ်၊ ဒါပေမယ့် ဒီအထိတောင် ယုတ်မာလိမ့်မယ်လို့တော့ မထင်မိခဲ့ဘူး၊ ရှင်က ဆို့ချင်းဖူးကိုသေကြောင်းကြံနေတာ မဟုတ်လား၊ ဒါကြောင့်မို့ ဟူတန်းဂိုဏ်းကိုပြန်သွားနိုင်းနေတာပေါ့၊ ရှင်ဟာ ငယ်ငယ်ကလေးနဲ့ ရှင့် အဖေ အမေရဲ့ ကောက်ကျစ်ယုတ်မာတဲ့ နည်းမှန်သမျှ အကုန်တတ်ကျွမ်းနေပြီကိုး'

ဟူကျင်း မျက်နှာသည် ရဲခနဲ ဖြစ်သွားတော့သည်။ တစ်ကိုယ်လုံး အသားများ တဆတ်ဆတ် တုန်လာတော့သည်။ ချူကျူးက မိမိအား မည်မျှ စော်ကား စော်ကား သည်းခံနိုင်သော်လည်း



ခုမူ ချူကျူးသည် မိမိအား စော်ကားရုံမျှမကတော့။ မိမိ၏ ...နှစ်ပါးကိုပင် စော်ကားလျက် ရှိနေပေပြီ။ ဟူကျင်းသည် သူ၏ ...သကို မထိန်းနိုင်လောက်အောင် ဖြစ်လာတော့သည်။ သို့သော် ...ကျင်းသည် သူ၏ဒေါသကို ချက်ချင်း ပင် ပြန်လည် ထိန်းသိမ်း ...က်၏။ သက်ပြင်းတစ်ချက် ချလိုက်ပြီး စိတ်ထဲတွင် ပြောနေမိ ...ည်။

'ဒီလို ဖြစ်ရတာတွေဟာ ငါ့ရဲ့ အဖြစ်တွေကြောင့် ငါ သည်းခံ ...ယ်၊ ငါ သည်းခံရမယ်၊ ငါ့အဖြစ်တွေကို ကျေချင်တယ်ဆိုရင် ...ခါင်းငုံ့ပြီး သည်းခံမှ ဖြစ်လိမ့်မယ်'

ဟူကျင်းသည် လုံးဝ သည်းခံလိုက်ပြီး အံကိုတင်းတင်း ကြိတ်ကာ နောက်သို့ ပြန်လှည့်လာတော့သည်။ ထိုအခါ ဝါမေဂိုဏ်း ...ဂိုဏ်းသားအချို့က လှောင်ပြောင် သရော်ကြတော့သည်။

'လက်စသတ်တော့ အလင်းမာန် ဂိုဏ်းချုပ်ကြီးဆိုတာ ...င်မတန် သူရဲဘောကြောင်တဲ့သူကိုး၊ ဘာအစွမ်းရှိသလဲ၊ ငါတို့ ...ဂိုဏ်းချုပ်ကြီးက စကားတစ်ခွန်း ပြောလိုက်တာနဲ့ နောက်လှည့် ...ပြေးတော့တာပဲ၊ ငါတို့ရဲ့ လက်နက်တွေရဲ့ အစွမ်းကို သိထားလို့ ကြောက်ပြီး ခွေးပြေးပြေးတာလဲ ဖြစ်ချင်ဖြစ်မယ်'

ဟူကျင်းကမူ သူ့အား အော်ဟစ်လှောင်ပြောင်သံများကို လုံးဝဂရုမစိုက်ဘဲ ပန်းနှင့်ယေါက်သည့်အလား သဘောထားကာ သူ

www.burmeseclassic.com



နေရာသို့သာ ပြန်လျှောက်လာတော့သည်။ ထိုစဉ် ရန်ရောင်သည် ကျွက်လပ်မြေပြင်သို့ ရုတ်တရက် ခုန်ထွက်လိုက်ပြီး ဗမာမ... ပြုံးရယ်ရင်း ပြောလိုက်၏။

'ဒီလို ပေါက်ကွဲစေတတ်တဲ့ လက်နက်ကလေးတွေကိုမျ... စကားထဲ ထည့်ပြောနေရသေးတယ်၊ ဟူတန်းဂိုဏ်းက ဆရာကြ... နစ်ယောက်ကိုတောင် ဘာမှ မတတ်နိုင်ခဲ့သေးတဲ့ဥစ္စာ၊ ဒါနဲ့တော... ဒီလက်နက်ကလေးတွေအတွက် မာန်တက်နေကြသေးသလာ... ဟင်း... ဟင်း...ဟင်း... မင်းတို့က ဒီလက်နက်ကလေးတွေနဲ့ အနိ... ယူနိုင်မယ်လို့ ထင်နေသလား၊ အဲဒီလို ထင်နေရင်တော့ မင်းတ... အထင်မှားနေပြီဆိုတာကို ငါလက်တွေ့ပြလိုက်ပါရစေ၊ ငါ... အလင်းမာန်ဂိုဏ်းရဲ့ အစွမ်းကိုလဲ ကြည့်လိုက်ပါဦး'

ရန်ရောင်သည် သူ၏ လက်တစ်ဘက်ကို မြှောက်၍ ... ယမ်းလိုက်သောအခါ ဂိုဏ်းသားတစ်ယောက်သည် အလံငါးချောင်... ကို ကိုင်ဆွဲပြီး အပြင်သို့ ထွက်လာတော့သည်။ ရန်ရောင်သည် ထိုဂိုဏ်းသား၏လက်ထဲရှိ အလံငါးချောင်းအနက် အလံ... တစ်ချောင်းကို ဆွဲထုတ်လိုက်ကာ ကျွက်လပ်ကြီး၏ အလယ်တည့်... တည့်သို့ ပစ်စိုက်လိုက်တော့၏။ ထိုအချိန်နှင့် တစ်ပြိုင်တည်... လိုလိုပင် အဖြူရောင် မီးကျည်တစ်စုသည် ကောင်းကင်သို့ ရှူး ... ထိုးတက်သွား၏။



ရှောင်လင် ကျောင်းဝင်းအတွင်းရှိ ပရိသတ်ကြီး အားလုံး... သည် ရန်ရောင်၏ အပြုအမူများကို မျက်တောင်မခတ် ငေးကြည့်... ...ရာမှ ကျောင်းဝင်းအပြင်မှ ပြင်းထန်လှသော ခြေသံများကို ကြား... ...က်ကြရသည်။

အဖြူရောင်ဝတ်စုံများ ဝတ်ဆင်ထားကြသည့် အလင်းမာန်... ...သားများ ပြေးဝင်လာကြခြင်းပင် ဖြစ်သည်။လူပေါင်းငါးရာခန့်... ...ဖြင့် ကြောက်ရွံ့ထိတ်လန့်ဖွယ် လူအင်အားပင် ဖြစ်ပေသည်။

လူတိုင်းလိုလိုတိုင်းတွင် လေးမြားကိုယ်စီ ကိုင်ဆောင်ထားကြ... ...ကွက်လပ်အတွင်း ရောက်သည်နှင့် လေးကိုင်းများကို ဆွဲ၍... ...တ် လိုက်ကြတော့၏။

မြားအစင်းငါးရာတို့သည် ရန်ရောင် ပစ်စိုက်ထားသည့်... ...ဖြူ၏ အောပတ်လည်တွင် ညီညာစွာ စိုက်ဝင်လျက် ရှိနေတော့... ...။ အလင်းမာန်ဂိုဏ်း၏ ရွှေအလံ အဖွဲ့သားများပေတည်း။ ...၏ အဖွဲ့လိုက် စွမ်းဆောင်ချက်ကို ပရိသတ်ကြီးက သြဘာ... ...ဟန်ပြင်နေစဉ်မှာပင် ထိုသူများသည် သူတို့၏နောက်ကျောမှ ...များကို ဆွဲထုတ်လိုက်ပြီး ရှေ့သို့ သုံးလှမ်းစီ သုံးလှမ်းစီ ...ာက်ရင်း လှံတံများကို ပစ်လွှတ်လိုက်ကြပြန်သည်။

ထိုအခါ လှံအစင်းပေါင်း ငါးရာတို့သည်လည်း မြားအစင်း... ...၏ နောက်ပတ်လည်တွင် စက်ဝိုင်းတစ်ဝိုင်းအဖြစ် ညီညာစွာ... ...တ်နေကြပြန်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းလိုလိုပင် ခါးဖျား၌ ချိန်ဆွဲထားသော ပုဆိန်များ
ကို ဆွဲထုတ်လိုက်ပြန်ကာ 'ဒိုင်း'ခနဲ ပစ်လွှတ်လိုက်ကြပြန်သည်
ထိုပုဆိန် ငါးရာသည်လည်း လှံတံငါးရာ၏ ပတ်လည်၌ စက်ဝိုင်း
ကြီးတစ်ခု အဖြစ် ညီညာစွာ ဝန်းပတ်သွားကြပြန်၏။

ထိုသို့ မြား၊ လှံနှင့် ပုဆိန်တို့ကို စက်ဝိုင်းကြီးသုံးဝိုင်းအ
ညီညီညာညာ ရှိအောင် တစ်ချောင်းချင်း စိုက်လျှင်ပင် ဤမျှ ညီ
ညာညာ ရှိလိမ့်မည် မဟုတ်ချေ။

ယခုမူ စက်ဝိုင်းများသည် တစ်ခုနှင့်တစ်ခု ခရာတွေး
မရှိရုံမျှမက လက်ဖျားခါ ချီးကျူးရလောက်အောင်ပင် ဝိုင်းစက်ညီ
နေသည်။

လူတစ်ယောက်၏ သိုင်းပညာ မည်မျှပင်တော်သည်ဖြစ်
ဝါမေဂိုဏ်း၏ ပုအင်အား မည်မျှကောင်းသည်ဖြစ်စေ၊ ဝါမေ
၏ ပေါက်ကွဲစေတတ်သည့် လက်နက်အင်အား မည်မျှပြင်း
သည်ဖြစ်စေ ဤအလံအဖွဲ့၏ စည်းလုံးညီညွတ်စွာ တိုက်ခိုက်မှု
မည်သို့မျှ တွန်းလှန်နိုင်မည် မဟုတ်ချေ။

သိုင်းသမား အားလုံးတို့သည် ဤမျှကြောက်မက်ဖွယ
ကောင်းလှသော စုပေါင်းတိုက်ကွက်မျိုးကို တွေ့လိုက်ကြရသော
ချူကျူး၏ လက်နက်များထက်ပင် ကြောက်ရွံ့သွားမိကြတော့သ
လူတိုင်းလူတိုင်း၏ စိတ်ထဲတွင် ချောက်ချားစွာ တွေးတော
ကြသည်။



'အင်း...ဒီလက်ဝဲရံဆိုတဲ့ လူကသာ လက်ညှိုးတစ်ချက်
ထိုးလိုက်ရင် လက်ညှိုးထိုးလိုက်တဲ့ နေရာမှာ ဒီလက်နက် တစ်ထောင့်
ငါးရာလုံး စုပြုံ ကျရောက်လာတော့မှာပဲ၊ ဝါမေဂိုဏ်းရဲ့ လက်နက်ကမှ
အသားစကလေး တစ်မျှင်တစ်ထည် ကျန်ချင်ကျန်နေဦးမယ်၊ ဒီလက်နက်
တစ်ထောင့်ငါးရာ စုပြုံကျရောက်မဲ့ နေရာကတော့ ဘယ်အသားမှ
ကျန်တော့မှာ မဟုတ်ဘူး၊ အလင်းမှာန်ဂိုဏ်းကသာ တကယ်တမ်း
တိုက်မယ်ဆိုရင် ဂိုဏ်းအားလုံးပေါင်းပြီး တိုက်တာတောင် နိုင်ဖို့
သိပ်မသေချာလှဘူး၊ တစ်ဂိုဏ်းချင်းသာ ဆိုရင်တော့ တွေးဝံ့စရာ
တောင် မရှိဘူး၊ သူတို့က သေသေချာချာ လေ့ကျင့် သင်ကြားပေး
ထားတာဆိုတော့ သည့်ပြင်ဂိုဏ်းတွေက ဘယ်လို ယှဉ်နိုင်တော့မှာလဲ'

'အားလုံးက တထိတ်ထိတ် တလန့်လန့် ဖြစ်နေရကြစဉ်
တွင် ရန်ရောင်၏ အသံဟာစ် အမိန့်ပေးလိုက်သံကို စူးရှစွာ ကြား
လိုက်ကြရသည်။

'ရွှေအလံ အဖွဲ့ဆုတ် သစ်သားအလံအဖွဲ့ တက်'

ထိုအခါ ရွှေအလံအဖွဲ့သားများသည် သူတို့၏ လက်နက်
များကိုစနစ်တကျ ကောက်ယူသွားကြရာ ယိမ်းတိုက်ထားသည့်
အလား ညီညာစွာဖြင့် တစ်ခဏချင်း နောက်ဆုတ် ပျောက်ကွယ်
သွားကြတော့သည်။

ရန်ရောင်သည် အစိမ်းရောင်အလံကိုယူ၍ ကွက်ပေါ်ကြီး
ဆီသို့ ဝင့်စိုက်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အပြင်ဘက်မှ သစ်လုံးကြီးများ တစ်လုံးကို တစ်လုံး စည်းချက်ဝါးချက်ကျကျ တိုက်ခတ်နေသည့် အသံကို ကြားလိုက်ကြရသည်။ မကြာမီပင် သစ်သားအလံ အဖွဲ့သားများ ငါးရာတို့သည် လူဆယ်ယောက်လျှင် သစ်လုံးကြီး တစ်ချောင်းကျ ထမ်းကာ သစ်လုံးကြီးများကို အချင်းချင်း ရိုက်ခတ်ပြီး မြေကွက်လပ် အတွင်းသို့ ပြေးဝင်လာကြသည်။ ထိုသစ်လုံးကြီးများသည် တစ်ချောင်းလျှင် ပိဿာ ငါးရာကျော်မျှ လေးလှသည့်အပြင် ဘေးဘက်တွင်လည်း ဆူးချိတ်များပါရှိနေသည်။ ထိုဆူးချိတ်များကို ကိုင်၍ ထိုသစ်လုံးကြီးများကို ထမ်းထားကြခြင်း ဖြစ်သည်။

သူတို့၏ ခြေလှမ်းများသည် မြန်သည်လည်း မဟုတ်၊ နှေးသည်လည်း မဟုတ်။ အချက်ကျကျ၊ အကွက်ညီညီ ပြေးလာကြခြင်း ဖြစ်၏။ ထိုသို့ ပြေးလာကြရင်းမှ ထိုသူတို့သည် တခဲနက် အော်ဟစ်လိုက်ရင်း သစ်လုံးကြီး အလုံးငါးဆယ်ကို တပြိုင်နက် ပစ်လွှတ်လိုက်ကြသည်။ ပစ်လွှတ်လိုက်သည့် သစ်လုံးများ၏ အနေအထားသည် လုံးဝ မတူကြချေ။ အချို့သော သစ်လုံးများသည် အနိမ့်ပိုင်းမှ ပျံဝဲသွားကြပြီး အချို့သစ်လုံးများက အမြင့်ပိုင်းမှ ပျံဝဲသွားကြခြင်း ဖြစ်သည်။ အချို့ သစ်လုံးများကိုမူ လက်ဝဲဘက်မှ ပစ်လွှတ်လိုက်ခြင်းဖြစ်ပြီး အချို့သစ်လုံးများကို လက်ယာဘက်မှ ပစ်လိုက်ခြင်း ဖြစ်၏။ ထိုအခါ သစ်လုံးကြီး အလုံး ငါးဆယ်တို့သည် တစ်ဘက်လျှင် နှစ်ဆယ့်ငါးလုံးကျစီဖြင့် တစ်ချောင်းနှင့်တစ်ချောင်း ထိပ်တိုက်ရင်ဆိုင် တိုက်သွားကြတော့သည်။ တစ်ချောင်းမျှ လွဲချော်



သွားခြင်း မရှိပေ။ ထိုအခါ ကျယ်လောင်လှသော မြည်ဟည်းသံကြီး တခဲနက် ထွက်ပေါ်လာရာ ရှောင်လင်ကျောင်းတိုက် ပတ်ဝန်းကျင် တစ်ခုလုံး သိမ့်သိမ့်တုန်သွားတော့၏။

သိုင်းသမားများ၏ မျက်နှာများသည်လည်း သွေးဆုတ် ဖြူရော်လျက် ရှိနေကြတော့သည်။ အကယ်၍သာ ဤသစ်ချောင်းကြီးများနှင့် ပစ်ခတ်ခံခဲ့ရလျှင် သူတို့ ဆက်မတွေးဝံ့တော့ချေ။

ထိုစဉ် သစ်သားအလံအဖွဲ့သားများသည် ဆူးချိတ်များကို ကောက်ကိုင်လိုက်ပြီး သစ်ချောင်းကြီးများကို ထမ်းကာ နဂိုမူလ နေရာ၌ ပြန်လည်ရောက်ရှိနေကြပြီး ရန်ရှောင် ထပ်မံပေးမည့် အမိန့်ကို စောင့်ဆိုင်းနေကြသည်။

ထိုအခါ ဟူကျင်းက သစ်သားအလံအဖွဲ့၏ စွမ်းရည်ကို ဆက်ပြခြင်း မပြုရန် ရန်ရှောင်အား အချက်ပေးလိုက်သည်။ ရန်ရှောင်က လက်တစ်ဘက် ဝှေ့ယမ်းပြလိုက်သောအခါ သစ်သားအလံ အဖွဲ့သားများသည် သစ်လုံးကြီးများကို ထမ်းလျက် ဆုတ်ခွာသွားကြတော့သည်။

လုံလောက်ပေပြီ။ အလင်းမာန်ဂိုဏ်း၏ စွမ်းရည်ကို ဤမျှ ထုတ်ပြရုံမျှနှင့် လုံလောက်နေပေပြီ။ ကျန်အလံသုံးအဖွဲ့၏ စွမ်းရည်ကို ထပ်မံ ထုတ်ပြလျှင် သိုင်းသမားအားလုံး သွေးလေ ချောက်ချားသွားကြပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်း၏ အတွေးအခေါ် မှန်ကန်ပါသည်။ ထိုအချိန်၌ သိုင်းသမားတိုင်းလိုလို အသက်ရှုကျပ်သကဲ့သို့ မွန်းနှစ် ခံစားနေကြရသည်။ မသက်မသာ ခံစားနေကြရသည်။ သူတို့၏ နှလုံးသားများ၌ ကိန်းအောင်းနေသည့် ကိုယ့်ကိုယ်ကို ယုံကြည်မှုများပင် ပျောက်ကွယ်လုမတတ် ဖြစ်နေကြပြီ။ အလင်းမာန်ဂိုဏ်းကို ကျွန်သိုင်းသမားအားလုံးကမထိရဲအောင် ကြောက်လန့်သွားကြတော့သည်။

ရန်ရောင်သည် ချူကျူးကို အေးစက် မာကြောသော အကြည့်ဖြင့် စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး မည်သည့် စကားတစ်ခွန်းမျှ မပြောတော့ဘဲ သူ့နေရာသို့ အေးဆေးစွာ ပြန်လျှောက်လာတော့သည်။

သူ့နှုတ်မှ မည်သည့်စကားမျှ ထွက်လာသည် မဟုတ်သော်လည်း သူ့အကြည့်ကမူ စိန်ခေါ်သောအကြည့်၊ မထီလေးစားသော အကြည့်ဖြစ်ကြောင်း အားလုံးက သိရှိနားလည်လိုက်ကြသည်။ သူ့အကြည့်က...

'မင်းတို့ရဲ့ မဖြစ်စလောက် လက်နက်ကလေးနဲ့များ တို့ကို အန်တုဘက် ပြိုင်ချင်လို့လား၊ မင်းတို့ရဲ့ လက်နက်ကလေးလောက်ကို ငါတို့အလင်းမာန်ဂိုဏ်းက ရယ်ချင်တယ်' ဟု ပြောနေသယောင်၊





လူအားလုံးသည် အထူးအဆန်း လက်နက် အထူးအဆန်း အဖြစ်အပျက်များကို ဆက်တိုက် တွေ့ဆုံ ကြုံကြိုက်လိုက်ကြရသဖြင့် ကိုယ့်အတွေးနှင့် ကိုယ် အံ့သြတွေဝေနေမိကြတော့၏။

မည်သူ တစ်ဦးတစ်ယောက်ကမျှ ကိုယ့်အမြင် ကိုယ့်အယူအဆကို တင်ပြခြင်း မပြုကြသောအခါ ခုံးကျီဆရာတော်ကြီး၏ နောက်တွင် ရပ်နေသော တားမာ ကျောင်းတိုက်မှ ဘုန်းတော်ကြီးက ထပ်မံ လျှောက်ထွက်လာပြန်သည်။

'ကျုပ်တို့အဖို့ လက်နက်အင်အားနဲ့ လူအင်အားအကြောင်း အခု ခဏအတွင်းမှာပဲ မျက်မြင် ဖြစ်ခဲ့ကြပြီးပြီ၊ ဒါပေမယ့် ကျုပ်တို့ အားလုံး ဒီနေ့ ဒီနေရာမှာ စုကြတာကတော့ လက်နက်ချင်း ယှဉ်ပြိုင်ဖို့၊ အင်အားချင်း ယှဉ်ပြိုင်ဖို့မဟုတ်ပါဘူး။ တစ်ယောက်နဲ့တစ်ယောက် သိုင်းပညာ ပြိုင်ကြဖို့ စုဝေးကြတာပါပဲ'

ထိုအခါ လူတစ်ယောက်က...

'တစ်ယောက်ချင်း ယှဉ်ပြိုင်တယ် ဆိုတာကတော့ ထားပါတော့၊ လျှို့ဝှက်လက်နက်တွေ ကိစ္စက ဘယ်လို ဆုံးဖြတ်မလဲ၊ အသုံးပြုခွင့် ပေးလိုက်မလား၊ စောစောတုန်းက ဝါမေဂိုဏ်းရဲ့ လက်နက်တွေလိုဟာမျိုးပေါ့'

ထို ဘုန်းတော်ကြီးက...

www.burmeseclassic.com

www.burmeseclassic.com



'လျှို့ဝှက်လက်နက်ကို ကြိုက်သလို အသုံးပြုနိုင်တယ်၊ ဒါပေမယ့် နိုးကြောင် နိုးဝှက်နဲ့ ချောင်းမြောင်းပစ်တာမျိုးတော့ လုံးဝ ခွင့်မပြုဘူး၊ ဒီစည်းကမ်းကို ချိုးဖောက်တဲ့ လူကို အားလုံးက ဝိုင်းတိုက်မယ်၊ မှတ်လောက် သားလောက်အောင် အပြစ်ဒဏ်ပေးမယ်'

ထို ဘုန်းတော်ကြီး၏ အစီအစဉ်ကို အားလုံးက သဘောတူ လက်ခံ လိုက်ကြသည်။ သို့သော်... ခုံတုံးဂိုဏ်းမှ သိုင်းဆရာကြီး တစ်ယောက်သည် မတ်တတ်ရပ်ရင်း ပြောလိုက်သည်။

'ကျုပ် တစ်ခု ပြောချင်ပါတယ်၊ ပြိုင်ပွဲစည်းကမ်းနဲ့ ပတ်သက်ပြီး နည်းနည်း ဖြည့်စွက်ချင်တာပါ၊ သိုင်းသမား တစ်ယောက်ဟာ နှစ်ပွဲ ဆက်တိုက်နိုင်ပြီးရင် တစ်ကြိမ် အနားယူခွင့်ပြုရမယ်၊ နို့မို့ဆိုရင် ဒီလူ ဘယ် ခံနိုင်တော့မလဲ'

ထို သိုင်းဆရာကြီးသည် စကားကို ခေတ္တ ရပ်တန့်လိုက်ပြီး ပရိတ်သတ်ကြီးအား အကဲခတ်လိုက်သည်။ အကျိုးအကြောင်း ဆီလျော်လှသည့် သူ့စကားကို အားလုံးက စိတ်ဝင်တစား နားထောင်နေသည်ကို တွေ့လိုက်ရသောအခါ စကားဆက်ပြောသည်။

'နောက် ဖြည့်စွက်ရမယ့် အချက်တစ်ခုကတော့ ဂိုဏ်းတစ်ဂိုဏ်းမှာ လူနှစ်ယောက်ပဲ ယှဉ်ပြိုင်ခွင့် ရှိရမယ်၊ နှစ်ယောက် ရှုံးပြီးရင်တော့ ထပ်ယှဉ်ပြိုင်ခွင့် မရှိတော့ဘူး၊ ဒီလိုသာ မကန့်မသတ် ဘဲနဲ့ ပြိုင်ချင်သလောက် ပြိုင်ကြဆိုရင် ဒီလောက်များတဲ့ လူတွေ



နောက်ထပ် သုံးလလောက် ယှဉ်ပြိုင်နေကြရလိမ့်မယ်၊ ဒါတောင် ပြီးမှ ပြီးပါ့မလား မသိဘူး ဒီလောက် ကြာနေရင် ရှောင်လင်ဘုန်းကြီး ကျောင်းကလဲ ကျုပ်တို့ကို ထမင်းကျွေးထားနိုင်မှာ မဟုတ်တော့ဘူး'

သိုင်းသမားအားလုံးသည် ထို သိုင်းဆရာကြီး၏ အပြောပါမှုကို သဘောကျသွားသဖြင့် တဝါးဝါး တဟားဟားဖြင့် ရယ်မောကြတော့သည်။

ထို့ပြင် ထိုဆရာကြီး၏ ဖြည့်စွက်ချက်များသည် အမှန်တကယ် လိုအပ်သော အချက်များ ဖြစ်နေသဖြင့် အားလုံးက သဘောတူ လက်ခံလိုက်ကြသည်။

ထိုအခါတွင် သိုင်းဂိုဏ်းအသီးသီးတို့သည် သိုင်းပြိုင်ပွဲတွင် ယှဉ်ပြိုင်နိုင်ရန် မိမိတို့ဂိုဏ်း၏ အကောင်းဆုံး သိုင်းသမား နှစ်ယောက်ကို ရွေးထုတ်နေကြတော့သည်။

အလင်းမာန်ဂိုဏ်းကြီးသည်လည်း စတင် ရွေးချယ် နေရလေပြီ။ ဂိုဏ်းချုပ်ကြီး ကျွန်းဟုကျင်း အနေဖြင့် မပါမဖြစ် ပါဝင်ရသူဖြစ်ပြီး ကျန်တစ်ယောက် ရွေးချယ်ရန်သာ အခက်အခဲ ဖြစ်နေရတော့သည်။ အဘယ်ကြောင့်ဆိုသော် အလင်းမာန်ဂိုဏ်းကြီး၌ လူတော်လူကောင်း ပေါများလှခြင်းကြောင့် ဖြစ်တော့သည်။ မည်သူ့ကို ရွေးချယ်ရမည်မှန်းမသိ ဖြစ်နေရသည်။ အလင်းမာန်ဂိုဏ်းကြီးရှိ ဆိပ်သီး သိုင်းသမားတိုင်း ဤ တိုက်ပွဲကြီးသည် အလွန် အရေးကြီးလှသော တိုက်ပွဲကြီးဖြစ်ကြောင်းကိုလည်း သိရှိထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခွင့် ရသော်လည်း အကယ်၍ ရှုံးနိမ့်သွားခဲ့ပါမူ မိမိကြောင့် မိမိဂိုဏ်းကြီး၏ ဂုဏ်သိက္ခာတစ်ခုလုံး ကျဆင်းသွားမည့် အရေးကိုလည်း တွေးပူရသေးသည်။ ထိုအခိုက်တွင် ချူထင်းက…

'ဂိုဏ်းချုပ်ကြီး ကျုပ်ကတော့ သေရမှာ လုံးဝ မကြောက် ပါဘူး၊ ဒါပေမယ့် သိုင်းပညာမှာ ကျုပ်ထက်သာတဲ့လူတွေ ကျုပ်တို့ ဂိုဏ်းထဲမှာ အများကြီးရှိနေတော့ ထွက်တိုက်ချင်ပေမယ့် မတိုက် တော့ပါဘူး၊ စော်ကြာ ကျုပ်က ကျုပ်တို့ ဂိုဏ်းကြီး အရှက်ခွဲသ ဖြစ်နေမှာလဲ စိုးရဲသေးတယ်'

ချူထင်း၏ စကားကို အလင်းမာန်ဂိုဏ်း၏ အခြားထိပ်သီး သိုင်းသမားကြီးများ ဖြစ်ကြသည့် သူ၏ သူငယ်ချင်း ရောင်းရင်း ကြီးများက ပြုံးလိုက်မိကြသည်။ ချူထင်းသည် ရှင်းရှင်း တွင်းတွင်း ပြောတတ်သူပင်တည်း။

ဟူကျင်းသည် ပြိုင်ပွဲဝင်ရမည့် ဒုတိယ လက်ရွေးစ တစ်ယောက်အတွက် ဦးခေါင်းခဲနေမိတော့သည်။ သူ၏ လက် သိုင်းသမားများကို ကြည့်လိုက်ပြီးမှ စိတ်ထဲတွင်…

'အင်း…အလင်းမာန်ဂိုဏ်းဟာ အခြားဂိုဏ်းတွေ မိန့်ဂိန့် ကြောက်လောက်တဲ့ ဂိုဏ်းကြီးတစ်ဂိုဏ်းပဲ၊ လူကောင်းတွေ အင်မတန်များနေတာကိုး၊ သိုင်းပညာနဲ့ပတ်သက်ရင်တော့ ထိပ် တွေချည်းပဲ၊ သူတို့ထဲမှာ လက်ယာရံ ခူတိုရဲ့ပညာကတော့ အထူး



ပြန့်ဆုံးပဲ၊ ဒီတစ်ခါ ခူတိုကို ပွဲထုတ်မှဖြစ်မယ်၊ ဒါမှ တရားမျှတရာ လဲကျပြီး ပြိုင်ပွဲအတွက်လဲ အားကိုးနိုင်လောက်မယ်'

ဟူကျင်းသည် သူ၏စိတ်ကူး၌ ဦးစွာရွေးချယ်ပြီးမှ အလင်း မာန် ဂိုဏ်းသားများကို သူရွေးချယ်မည့်သူ၏ အမည်ကို ကြေညာ မည် ဖြစ်ကြောင်း အသိပေး လိုက်တော့သည်။ ဂိုဏ်းသားအားလုံး စိတ်ဝင်တစား နားထောင်လျက် ရှိနေကြပေပြီ။ ထိုအခါ ဟူကျင်း က…

'အမှန်အတိုင်းပြောရရင်တော့ ဒီပြိုင်ပွဲကြီးထဲမှာ ကျုပ်တို့ အလင်းမာန်ဂိုဏ်းထဲက ထိပ်သီး သိုင်းသမားတွေထဲက ဘယ်သူမဆို ဝင်ပြိုင်နိုင်ပါတယ်၊ ဝင်ပြိုင်နိုင်တဲ့ အရည်အချင်းလဲ ရှိကြပါတယ်၊ ဝေရိဆိုလဲ ဟိုနေ့က အစွမ်းပြသွားပြီးပြီ၊ ရန်ရှောင်နဲ့ ဘိုးဘိုး ထင်းကျက်တို့က ကျုပ်တို့နဲ့အတူတူ ဘုန်းတော်ကြီးသုံးပါးကို တိုက်ခိုက်တုန်းက ပါခဲ့ပြီးကြပြီ၊ ဒီတစ်ခါတော့ ခူတိုကို ရွေးချယ် လိုက်တယ်'

ခူတိုသည် ဟူကျင်း၏ စကားကို ကြားလိုက်ရသောအခါ အလွန် ဝမ်းသာလှသဖြင့် လူကြားထဲမှ ခုန်ထွက်လာကာ ဟူကျင်း အား အရိုအသေ ပေးလိုက်တော့၏။ ဂိုဏ်းသားအားလုံးကလည်း ခူတို၏သိုင်းပညာ အလွန်မြင့်မားကြောင်း သိရှိကြသဖြင့် လခွပ် လက်ဝါးတီး ဩဘာပေးလျက် သဘောတူကြောင်း ပြသလိုက်ကြ သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ကျန်ဂိုဏ်းအသီးသီးသည်လည်း လက်ရွေးစင် သိုင်းသမား နှစ်ယောက်စီကို ရွေးချယ်ပြီးစီးကြလေပြီ။ အားလုံး အဆင်သင့်ဖြစ်ကြသောအခါ ပြိုင်ပွဲအတွက် စတင် စည်းကမ်း သတ်မှတ် ပေးထားသော တားမော ကျောင်းတိုက်မှ ဘုန်းတော်ကြီးက အသံမြှင့်၍ ကြေညာလိုက်သည်။

'အခုအချိန်ကစပြီး ပြိုင်ပွဲကြီးကို စတင်နိုင်ပါပြီ၊ အခု ပြိုင်ပွဲကြီးဟာ သိုင်းပညာပြိုင်ပွဲကြီး ဖြစ်ပါတယ်၊ အနုပညာပြိုင်ပွဲ မဟုတ်ပါဘူး၊ ဒါကြောင့် ယှဉ်ပြိုင်ရင်း အသက် ဆုံးရှုံးခဲ့ရင်လဲ ပြိုင်တဲ့လူရဲ့ ကုသိုလ်ကံပါပဲ၊ သိုင်းပြိုင်ပွဲမှာ နောက်ဆုံးကျန် ဘဲ့ ဂိုဏ်းက ရှက်စွန်းနဲ့ နဂါးနိုင်ဓါးကို ကြိုက်သလို စီမံရရှိပါမယ်၊ ကဲ... စနိုင်ပါပြီ'

ဟူကျုံးသည် မျက်မှောင်ကုပ်ရင်း စဉ်းစားနေမိ၏။

'ဒီဘုန်းကြီးကတော့ တကယ့်ကို ချန်ခွန်းရဲ့ ဘက်တော်သားဖြစ်မှာပဲ၊ သိုင်းဂိုဏ်းကြီးတွေ တစ်ဂိုဏ်းနဲ့ တစ်ဂိုဏ်း ရန်ငြိုး မဖွဲ့ဖွဲ့အောင် လုပ်နေပါလား'

နှစ်ပွဲဆက်တိုက်နိုင်လျှင် နိုင်သူအနေဖြင့် အနားယူနိုင် သည် ဟူသော စည်းကမ်းချက်ကြောင့် အရင်ပြိုင်သည်ဖြစ်စေ၊ နောက်ကျမှပြိုင်သည်ဖြစ်စေ ယှဉ်ပြိုင်တိုက်ခိုက်ရမည့် ပွဲအရေအတွက်ကတော့ အတူတူပဲ ဖြစ်သွားတော့သည်။



မြေပြင်ကွက်လပ်ကြီးတွင် သုံးတွဲစီ ယှဉ်ပြိုင် တိုက်ခိုက်ကြတော့သည်။ ရှုံးသူများက ဆင်းသွားလိုက်၊ နိုင်သူများက တက်လာလိုက် စသည်ဖြင့် ဆက်တိုက် ဆက်တိုက် တိုက်ခိုက် သွားကြသောအခါ သိုင်းပြိုင်ပွဲကျင်းပရာ မြေပြင်ကွက်လပ်ကြီးသည် သွေးခြင်းခြင်းနီရဲလျက် ရှိနေတော့သည်။

ဟူကျုံးမှာမူ များစွာ စိတ်ထိခိုက် နေမိတော့သည်။ ဤအခြေအနေရောက်မှတော့ မည်သူ့ကိုမျှ တားမြစ်၍ ရနိုင်တော့မည်မဟုတ်ချေ။ အားလုံး သွေးဆူနေကြပြီ ဖြစ်သည်။ ဟူကျုံး၏ စိတ်ထဲတွင်...

'အင်း...' ဒီလိုသာ သွေးခြင်းခြင်းနီအောင် ယှဉ်ပြိုင်နေကြရင်တော့ တစ်ဂိုဏ်းနဲ့တစ်ဂိုဏ်း ရန်ငြိုးမဖွဲ့ပဲ ဘယ်နေကြတော့မှာလဲ၊ နောက်တော့ မီးခိုးကြွက်လျှောက် သွေးစဉ်မျိုးဆက် တုံ့ပြန်နေကြတာနဲ့ပဲ အားလုံး ပြုတ်ပြုတ်ပြုန်းကုန်တော့မှာပဲ'

အချိန်ကြာလာသည်နှင့်အမျှ နောက်ပိုင်းယှဉ်ပြိုင်နေကြသည့် သိုင်းသမားများသည် တဖြည်းဖြည်း အဆင့်အတန်း မြင့်လာကြတော့သည်။ သာမန်အဆင့်ရှိသော သိုင်းသမားများ ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုနိုင်ကြတော့ပေ။ ဤအခြေအနေတွင် ကိုယ့်အရည်အချင်းကိုယ် မယုံကြည်သူများအဖို့ လုံးဝ ဝင်မပါသင့်သော အခြေအနေပင်ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတောင်းစားဂိုဏ်းမှ ကျွန်းပန်နဂါးခေါင်းသည် သူ့
ယှဉ်ပြိုင်သူများကို ဆက်တိုက်အနိုင်ယူလျက်ရှိနေသည်။

ထိုအခါ ချူကျူးသည် ဆို့ချင်းစူးအား လေသံတိုးတိုးဖြ
တစ်စုံတစ်ခု ပြောလိုက်သည်။ ကျွန်းပန်နဂါးခေါင်းကို ထွက်
တိုက်ခိုက်ရန် ပြောခြင်းပင် ဖြစ်လိမ့်မည်။ အဘယ်ကြောင့်ဆိုသေ
ဆို့ချင်းစူးသည် ကွက်လပ်အပြင်သို့ ထွက်ထွက်ခြင်း ကျွန်းပန်န
ခေါင်းအား လှမ်း၍ ပြောလိုက်တော့သည်။

'နဂါးခေါင်းကြီး...ခင်ဗျားသိပ်ဟုတ်နေပါလား၊ ကျွ
ခင်ဗျားနဲ့တိုက်မယ်၊ အဆင်သင့် ဖြစ်ပေတော့'

ကျွန်းပန်နဂါးခေါင်းကြီးသည် ဆို့ချင်းစူး ဤသို့ထွက်
ပြောလိုက်သည်ကို ကြားလိုက်ရသောအခါ မျက်နှာတစ်ပြင်
ဒေါသကြောင့် နီရဲသွားတော့သည်။ သူက...

'ဆို့ချင်းစူး မင်းလို အရှက်လဲမရှိ၊ သတ္တိလဲမရှိတဲ့ကောင်
ကို သတ်ချင်နေတာ ကြာပြီ၊ မင်းလိုကောင်မျိုးဟာ လူ့လော
ကြီးအတွက် ဘယ်လိုမှ အကျိုးမရှိတဲ့ ဆန်ကုန်မြေလေး တစ်ယော
ပဲ၊ နောက်ပြီး ချန်ရီလိုကောင်မျိုးနဲ့ ပေါင်းကတည်းက လူကော
မဟုတ်ဘူးဆိုတာလဲ မင်းကိုယ်မင်း ထုတ်ပြထားတဲ့ကောင်...'

ဆို့ချင်းစူးကမူ ဒေါသကိုထိန်းထားလျက် အေးစက်
ပြုံးရင်း ပြောလိုက်သည်။



'ခင်ဗျားဟာ သိုင်းပညာတော်တာမှမဟုတ်ဘဲ၊ အလကား
လေလုံးထွားနေတာပါပဲလား၊ ခင်ဗျားမှာရှိသမျှ သိုင်းပညာ အကုန်
ထုတ်စမ်း... ကျုပ်ကြည့်မယ်'

ကျွန်းပန်နဂါးခေါင်းက စောင်တိုက်ခိုက်တော့သည်။ သူတို့
တိုက်ခိုက်ပုံသည် ပညာချင်းယှဉ်ပြိုင်ကြပုံမျိုးမဟုတ်။ တစ်ဦးကို
တစ်ဦး အသေသတ်ဖြတ်ရန် ကြိုးစားနေကြခြင်းဖြစ်၏။ ထို့ကြောင့်
တိုက်ကွက်များသည် တစ်ချက်လွှတ်တိုက်ကွက်များ ဖြစ်ကြသဖြင့်
များစွာ ထိတ်လန့်ဖွယ် ကောင်းလှပေတော့သည်။

ကျွန်းပန်နဂါးခေါင်းသည် သိုင်းပညာအရာ၌ အဆင့်မြင့်
ပညာရှင် တစ်ဦးဖြစ်သဖြင့် ဆို့ချင်းစူး တဖြည်းဖြည်း ရှုံးနိမ့်လာ
တော့၏။ ထို့ပြင် ဆို့ချင်းစူးသည် ဝါမေဂိုဏ်း၏ သိုင်းပညာဖြင့်
ခုခံတိုက်ခိုက်နေခြင်းဖြစ်ရာ သူကောင်းစွာ မကျွမ်းကျင်သေးသည့်
သိုင်းပညာဖြစ်သဖြင့် ဤမျှ အရေးနိမ့်လာရခြင်းဖြစ်သည်။ နောက်
ဆုံးတွင် လုံးဝမခံနိုင်တော့သဖြင့် ဟူတန်းဂိုဏ်း၏ သိုင်းပညာများကို
ထုတ်သုံးတော့သည်။

ရီလင်တန်းနှင့် ချင်လိရှန်တို့သည် ထိုအချင်းအရာကို
တွေ့မြင်ရသောအခါ ဒေါသနှင့် အော်ဟစ်တားမြစ်လိုက်သည်။

'ဟေ့...ဆို့ချင်းစူး မင်းဟာ တကယ့်ကို သိက္ခာမရှိ၊ အရှက်
မရှိတဲ့ကောင်ပဲ၊ မင်းဟာ ဟူတန်းဂိုဏ်းက ထွက်သွားပြီးတဲ့နောက်

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ဟူတန်းဂိုဏ်းရဲ့ သိုင်းပညာကို အသုံးပြုနေရတာလဲ၊ ရှက်တတ်တဲ့လူဟာ အသေသာခံမယ် ဘယ်တော့မှ ဒီလိုလုပ်မှာ မဟုတ်ဘူး'

ဆို့ချင်းစူးသည် ရုတ်ခြည်း မျက်နှာနီရဲသွားပြီး...

'ဟူတန်းဂိုဏ်းရဲ့ သိုင်းပညာက ဘာများ အထင်ကြီးစရာရှိလို့လဲ၊ ဟောဒီမှာကြည့်...'

လက်ဝါးစောင်းပုံသဏ္ဌာန်ယူထားသော သူ၏လက်နှစ်ဘက်သည် လက်သည်းကုပ်ပုံစံသို့ ပြောင်းလဲသွားသည်။ လက်နှစ်ဘက်သည် လျှပ်တပြက်အတွင်းပုံစံခုနစ်မျိုးခန့် ပြောင်းလဲသွားပြီး ညာလက်ချောင်းငါးချောင်းသည် ကျန်းပန်နဂါးခေါင်း၏ ဦးခေါင်းထဲသို့ 'ဒုတ်'ခနဲ တိုးဝင်သွားတော့သည်။

ဤအဖြစ်ကို မည်သူကမျှ မျှော်လင့်ထားခြင်း မရှိသဖြင့် အားလုံး ငေးကြောင် မှင်တက်သွားကြတော့၏။

ထိုစဉ် ဆို့ချင်းစူးသည် သူ၏လက်ချောင်းများကို သွေးသံရဲရဲ ဖြင့် ပြန်ဆွဲ နုတ်ယူလိုက်တော့သည်။ ကျန်းပန်နဂါးခေါင်းသည် အသက်မရှိတော့ပေ။ ဦးခေါင်းခွံထဲ လက်ချောင်းများ ထိုးစိုက်ဝင်ရောက်သွားကတည်းက သေဆုံးသွားခဲ့ပြီ ဖြစ်သည်။

ဆို့ချင်းစူးသည် ခနဲ့ပြုံးပြုံး၍...



'ဒါဟာ ဟူတန်းဂိုဏ်းရဲ့ သိုင်းပညာလား'

ဆို့ချင်းစူးသည် အကယ်ပင် လူမိုက်တစ်ယောက် ဖြစ်သွားချေပြီ။ သူ့၌ ဂုဏ်သိက္ခာ အရှက်ဟူ၍ လုံးဝမရှိတော့။

ထို့အပြင် ဂိုဏ်းတူ ဦးလေးများကိုပင် လုံးဝ ရိုသေ လေးစားမှု မရှိတော့ဘဲ မထီလေးစား ဆက်ဆံလျက် ရှိနေလေပြီ။

ထိုအဖြစ်အပျက်ကို မြင်တွေ့လိုက်ရသော ပရိသတ်အားလုံးတို့သည် တုန်လှုပ်ချောက်ချား သွားကြတော့သည်။

သူတောင်းစားဂိုဏ်းသားများသည် ရုတ်တရက် ချက်ချင်းခုန်ထွက်လာပြီး ကျန်းပန်နဂါးခေါင်း၏ အလောင်းကို ထမ်းယူထွက်သွားကြ၏။

ဟူကျင်းကမူ သူနှင့်ချူကျူးတို့၏ လက်ထပ်ပွဲ၌ ကျောက်ခန်၏ ပန်းကို ထိုးဖောက်ခဲ့သော ချူကျူး၏ လက်သည်းကုပ်ငါးချောင်း ကို ချက်ချင်းသတိရလိုက်မိသည်။

ထိုအချိန်တွင် ဆို့ချင်းစူးမှာ သူတောင်းစားဂိုဏ်းမှ စည်းကမ်းထိန်းသိမ်းရေးမှူးနှင့် အသေအလဲ ယှဉ်ပြိုင်တိုက်ခိုက်နေပြီ ဖြစ်သည်။ စည်းကမ်းထိန်းသိမ်းရေးမှူးသည် သိမ်းငှက်လက်သည်း သိုင်းပညာကို အသုံးပြု၍ ဆို့ချင်းစူးကို တိုက်ခိုက်နေသည်။ သူသည် ကျန်းပန်နဂါးခေါင်းအတွက် ပြန်လည် လက်စားချေရာ ရောက်စေရန်

www.burmeseclassic.com

www.burmeseclassic.com



အတွက် ဆို့ချင်းစူးအား လက်ချောင်းများဖြင့် သတ်ရန် ကြိုးစားနေခြင်း ဖြစ်တော့၏။

သိုင်းကွက် သုံးဆယ်ကျော်လာသောအခါ စည်းကမ်းထိန်းသိမ်းရေးမှူးသည် ရုတ်တရက် မာန်သွင်းအော်ဟစ်လိုက်ပြီး ဘယ်ဘက်လက်ချောင်းက ဆို့ချင်းစူး၏ ငယ်ထိပ်သို့ ထိုးစိုက်လိုက်တော့၏။

သို့သော် ဆို့ချင်းစူး၏ ညာလက်သည်းများသည် အလွန်လျင်မြန်လှစွာဖြင့် စည်းကမ်းထိန်းသိမ်းရေးမှူး၏ လည်မြို့သို့ အလျင်ဦးစွာ ဆွဲကုပ်မိသွားတော့သည်။

ထို့ကြောင့် စည်းကမ်းထိန်းသိမ်းရေးမှူး၏ လည်ချောင်းများ ဆို့ချင်းစူး၏ ငယ်ထိပ်သို့မကျရောက်သေးမီပင် သူ၏လည်ပင်းအဆစ်များ ပြုတ်ထွက် သေဆုံးသွားတော့၏။

ထိုစဉ် ချူကျူးက အချက်ပြလိုက်သဖြင့် ဆို့ချင်းစူးသည် နောက်ဘက်သို့ ပြန်ဆုတ်သွားတော့သည်။ ဆို့ချင်းစူးသည် နှစ်ပွဲဆက်တိုက် အနိုင်ရရှိသွားသူ ဖြစ်သဖြင့် အနားယူခွင့် ရရှိသွားပေပြီ။

သူတောင်းစား ဂိုဏ်းသားများသည် ကြိမ်မနိုင်ခဲမရ ဖြစ်နေကြရချေပြီ။ ဆို့ချင်းစူးအား အရှင်လတ်လတ် ဝါးစားချင်မှုမတတ်ဒေါသထွက်နေကြလေပြီ။ သူတို့၏ အငြိုးမီးသည် တညီးညီး



တောက်လောင်လျက် ရှိနေချေပြီ။ သို့သော် ယခု အချိန်တွင်တော့ ည်သို့မျှ မတတ်နိုင်ကြချေ။

ကျောက်မိန်သည် လေသံတိုးတိုးကလေးဖြင့် ပြောလိုက်သည်။

'ဝါမေဂိုဏ်းမှာ ဒီလောက် ကြောက်စရာကောင်းတဲ့ သိုင်းသာ ရှိနေတယ်နော်'

ခူတိုကမူ မည်သည့်ကိုမျှ မကြည့်။ ဆို့ချင်းစူး၏ တိုက်ကွက် မည်သို့ ချေဖျက်နိုင်မည်ကိုသာ ခေါင်းငုံ့ စဉ်းစားနေတော့သည်။ ည်သို့မျှ စဉ်းစား၍မရသဖြင့် ဟူကျင်းအား ရုတ်တရက် လှမ်းမေးက်သည်။

'ဂိုဏ်းချုပ်ကြီး...ဂိုဏ်းချုပ်ကြီးကို သိုင်းပညာနဲ့ ပတ်သက် နည်းနည်းမေးချင်ပါတယ်'

သူသည် ပြောပြောဆိုဆိုနှင့် လက်ချောင်းနှစ်ချောင်းကို င်းကွက်ကစားသကဲ့သို့ ဟူကျင်းအား လှုပ်ယမ်းပြရင်း...

'တကယ်လို့ ကျူပ်က ဒီလို ဆက်တိုက်ပြီး ဒီကောင့် လက် င်းကို အသေချုပ်နိုင်ခဲ့ရင် ဒီကောင် လက်တွေကို ချိုးပစ်နိုင်မှာပဲ၊ ဒီလိုကော ဖြစ်နိုင်ရဲ့လား၊ သူ့ရဲ့လက်ချောင်းအား ဘယ်လောက် င်းကောင်း လက်မောင်းကျိုးမှတော့ ဘာသွား အသုံးချနိုင်တော့ လဲ'

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းက ပြုံးရင်း ပြန်ဖြေလိုက်သည်။

'မထင်နဲ့ ခူတို၊ သူပြန်ပြီး တိုက်နိုင်သေးတယ်'

ဟူကျင်းသည် နှုတ်မှ ပြန်ပြောနေစဉ် သူ၏လက်ချောင်း နှစ်ချောင်းကို လှုပ်ရှားကစားပြလိုက်သည်။

ခူတိုက ခေါင်းညိတ်ပြလိုက်ပြီး...

'ဒီလိုဆိုရင် ကျုပ်က ခြေထောက်နဲ့ သူ့ကို အဆက်မပြ… ဆက်တိုက် ကန်လိုက်မယ်လေ'

ဟူကျင်းက ခေါင်းညိတ်ပြပြီး နှုတ်မှ ထပ်မံရှင်းပြလ… သူ၏လက်ချောင်းနှစ်ချောင်းဖြင့် ထပ်မံ ကစားပြပြန်သည်။ ခူတို… ပြုံးရင် ပြောလိုက်သည်။

'ဂိုဏ်းချုပ်ကြီးရဲ့ အကွက် သုံးကွက်ကတော့ တ… ကောင်းတာပဲ၊ ဒီကောင် ဒီအကွက်တွေကိုတော့ လိုက်ကစားနိုင်… မဟုတ်ပါဘူး'

'ဒီသုံးကွက်ကို သူလိုက်မကစားနိုင်ရင် ခင်ဗျားသူ့ကို နိုင်…

ဟူကျင်းသည် သူ၏စကားကို ခေတ္တ ရပ်တန့်လိုက်ပြီ… ဆက်ပြောသည်။

'ကျုပ်သာ ထွက်ပြီးတိုက်ရင်တော့ ခင်ဗျားရဲ့ အကွက်မျိုး… မသုံးဘူး ဒီလိုအကွက်မျိုးပဲ သုံးမယ်'



ဟူကျင်းသည် သူ၏လက်ချောင်းများကို စက်ဝိုင်းများ ကဲ့သို့ …တစ်ရစ်ပြီးတစ်ရစ် လှုပ်ရှားကစားပြလိုက်သည်။ ကစားပြ နေရာမှ …တ်တရက်ပင် ခူတို၏ လက်ချောင်းများကို ချိတ်ဆွဲပြလိုက်သည်။

ခူတိုသည် ရုတ်တရက် ကြောင်သွားရာမှ ဝမ်းသာအားရ …ပြောလိုက်သည်။

'သိပ်ကျေးဇူးတင်ပါတယ် ဂိုဏ်းချုပ်ကြီး၊ အခု သင်ကြား …ပေးတဲ့ သိုင်းကွက်က တကယ်နက်နဲ ခက်ခဲတဲ့သိုင်းကွက်ပဲ၊ ကျုပ် …ဘောင် ဂိုဏ်းချုပ်ကြီးရဲ့ တပည့်ခံချင်လာပြီ'

ဟူကျင်းက ပြုံးရင်း ပြောလိုက်သည်။

'ဒါက ကျုပ်ရဲ့ ပညာ မဟုတ်ပါဘူး၊ ကျုပ်ရဲ့ ဆရာဘိုးဘိုး …ရဲ့ ထိုက်ကျိ လက်သီးသိုင်းပညာပါ၊ ဒီလက်သီးသိုင်းပညာက …က်ဝိုင်းအားကို အဓိကအသုံးပြုထားတာ၊ ဒီပညာကို သုံးမိရင် …က်ဝိုင်းတွေလိုပဲ အဆက်မပြတ် ကိုတိုက်နိုင်တော့တာပဲ၊ ဒီစက်ဝိုင်း …အားတွေကို ကျိုးပြတ်သွားအောင် လုပ်ဖို့ဆိုတာ တကယ်တော့ …လွယ်ပါဘူး၊ ဒီပညာက သိပ်ခက်ခဲနက်နဲပြီး နောက်ပိုင်းကျမှ …တီထွင်ထားတာဆိုတော့ ဆိုချင်းစူးဘယ်လိုမှ နားလည် သဘော …ပေါက်ဦးမှာ မဟုတ်သေးဘူး'

ခူတိုသည် ဆိုချင်းစူးကို သေချာပေါက် နိုင်ပြီဖြစ်၍ ဆိုချင်းစူး နောက်တစ်ကြိမ် ထွက်လာမည့် အချိန်ကိုသာ စောင့်ဆိုင်း နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်မိန်ကမူ ဟူကျင်းက ခူတိုအား သင်ကြားပေး နေပုံကို ပီတိဖြာသောအပြုံးများ ပြုံး၍ ကြည့်နေခဲ့သည်။ ကျောက်မိန် အပြုံးများ ဝေနေသည်ကို တွေ့ရသဖြင့် ဟူကျင်းက မေးလိုက်သည်။

'ဘာတွေများ ဒီလောက် သဘောကျနေရတာလဲ'

ကျောက်မိန်ကမူ သူမအား သတိပြုမိသွားသည်ကို တွေ့ လိုက်ရသဖြင့် ရှက်ပြီး ခေါင်းငုံ့သွားတော့သည်။ ပြီးမှ...

'ရှင်...ခူတိုကို သင်ပေးလိုက်တဲ့ သိုင်းပညာက ဆို့ချင်းရှူး သေစေလောက်တဲ့ သိုင်းပညာမှမဟုတ်တာ၊ လက်ကိုးခြေကိုး ဖြစ် လောက်ပဲ၊ ဘာဖြစ်လို့ အဲဒီလောက်ကလေး သင်ပေးရတာလဲ'

'ဆို့ချင်းရှူးဟာ အပြစ်ကျူးလွန်ခဲ့တာ မှန်ပေမယ့် သူဟာ ငါ့ဆရာကြီး ချိုရွှင်ချောင်းရဲ့ တစ်ဦးတည်းသောသား မဟုတ်လား ငါက သူ့အသက်ကို ဘယ်သတ်နိုင်းရက်ပါ့မလဲ၊ ငါက သူတို့ကို ဘယ်လောက်ပဲ ချန်ပြီးသင်ပေး သင်ပေး၊ ခူတိုက သတ်ချင်ရင် ဆို့ချင်းရှူး လွယ်လွယ်ကလေးနဲ့ သေနိုင်တယ် ကျောက်မိန်'

'အဲဒါ ရှင်မှားတာပေါ့၊ ခူတိုကို တစ်ခါထဲသတ်ဖို့ မှာလိုက် ရမှာ ချူကျူး မှဆိုးမဖြစ်သွားရင် ရှင့်အနေနဲ့ သူနဲ့ ပြန်လက်ထပ်နိုင် တာပေါ့၊ မကောင်းဘူးလား'

'ဒါဖြင့် ငါ ချူကျူးနဲ့ လက်ထပ်ဖို့မင်းက သဘောတူတယ် ပေါ့ ဟုတ်လား'





'ကျွန်မက ဘာဖြစ်လို့ သဘောမတူရမှာလဲ၊ သဘောမတူ ရင် ကျွန်မမှာလဲ အန္တရာယ်ရှိတယ်၊ ရှင်တို့လက်ထပ်ပြီးမှ ရှင် စိတ်ပြောင်းသွားရင် သူက ရှင့်ရဲ့ခေါင်းကို သူ့လက်ချောင်းတွေနဲ့ ပေါက်သတ်လိုက်မှာပေါ့'

ဟူကျင်းသည် ကျောက်မိန်နှင့် စကားဆက်မပြောတော့၊ ကျောက်မိန်သည် အင်မတန် စကားတတ်သူဖြစ်၍ နောက်ဆုံး မိမိပင် ဒုက္ခရောက်ရပေလိမ့်မည်။

အတန်ကြာသောအခါမှ ဆို့ချင်းရှူး ပြန်ထွက်လာသည်၊ သူက...

'ကျုပ် အနားယူပြီးပါပြီ၊ ကျုပ်နဲ့ ယှဉ်ပြိုင်တိုက်ခိုက်မယ့် သူရှိရင် အခုထွက်ခဲ့ပါ အဆင်သင့်ပါပဲ'

ခူတိုသည် ချက်ချင်းပင် အော်ဟစ်လိုက်သည်။

'ဝါမေဂိုဏ်းရဲ့ သိုင်းပညာကို ကျုပ် စမ်းသပ်ကြည့်ချင် ပါတယ်'

သူသည် ခုန်ထွက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် အခြားလူ တစ်ယောက် ရုတ်တရက် ခုန်ထွက်သွားသည်ကို တွေ့လိုက်ရသဖြင့် ကိုယ်ရှိန်သတ် လိုက်ရတော့၏။ ခုန်ထွက်သွားသောလူသည် ကွက်လပ်တွင် ရပ်နေရာမှ ခူတိုအား အရိုအသေ တစ်ချက်ပေး လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီး ခုတို့ ဒီတစ်ပွဲမှာ ကျုပ်ကို ဦးစားပေးပါလို့ တောင်းပန်ချင်ပါတယ်'

ထိုသူသည် အလွန်တည်ကြည်လှသည်။ အခြားသူ မဟုတ်ချေ။ ဟူတန်းဂိုဏ်းမှ ရီလင်တန်းသာတည်း။

ဟူတန်းဂိုဏ်းသား အားလုံးသည် နံပါတ်တစ်တပည့်ကြီးဖြစ်သော ချိုးရှင်ချောင်းကို ဤမျှလောက် မကြောက်ကြပေ။ နံပါတ်နှစ်တပည့်ဖြစ်သော ရီလင်တန်းကို အလွန်ကြောက်ကြသည်။ ရီလင်တန်းမှာ [illegible]လွန် စည်းကမ်းကြီးပြီး တည်ကြည်နိုင်မာသော စိတ်သဘောထားရှိသူ ဖြစ်၏။

ဆို့ချင်းစွူးမှာလည်း ငယ်စဉ်ကာလကပင် ဦးလေးနံပါတ်နှစ် ရီလင်တန်းကို အရိုးကွဲအောင် ကြောက်လန့်လာသူဖြစ်ရာ ရီလင်တန်း ကိုယ်တိုင် ခုန်ထွက်လာသည်ကို တွေ့လိုက်ရသောအခါ အလွန် တုန်လှုပ်ချောက်ချားသွားတော့သည်။ ထိုအခါ ရီလင်တန်းက—

'ဆို့ချင်းစွူး အဆင်သင့် ပြင်ထားပါ'

သူ၏လေသံသည် ဆို့ချင်းစွူးအား ယခင်က လုံး၀ သိခဲ့ထားသူ မဟုတ်သကဲ့သို့ ဖြစ်နေ၏။ လုံး၀ သူစိမ်းဆန်လှပေသည်။

ရီလင်တန်းသည် သတိပညာနှင့် ပြည့်စုံသူဖြစ်ရာ ဆို့ချင်းစွူး၏ ကြောက်မက်ဖွယ်ရာ လက်ချောင်းသိုင်းကို တွေ့ရှိထားကတည်းက လုံး၀ အထင်သေးထားခြင်းမရှိပေ။



ဆို့ချင်းစွူးသည် ရှောင်လွဲရန် ဖြစ်နိုင်တော့သဖြင့် နောက်သို့ ဆုတ်ကာ သိုင်းကွက်နင်းထားလိုက်သည်။

ရီလင်တန်းသည် ပြန်းထန်လှသော လက်ဝါးစောင်းဖြင့် ဝုန်းခနဲ ရိုက်ချလိုက်သည်။ သူ၏ ရိုက်ချက်သည် အလွန် လျင်မြန်လှ၏။ ဆို့ချင်းစွူးမှာ အလူးအလိမ့် ခံရရတော့သည်။ တစ်ချိန်လုံး လိုလို အပြင်းအထန် ခုခံကာကွယ် နေရသဖြင့် ချူကျူးသင်ပေးထားသည့် လက်ချောင်းသိုင်းပညာကို ထုတ်သုံးချိန် မရပဲ ဖြစ်နေသည်။ နောက်သို့သာ တဆုတ်တည်း ဆုတ်နေရတော့သည်။

သိုင်းသမားအားလုံးသည် ဤမျှ မြန်ဆန်သော သိုင်းကွက်များကို မတွေ့ဖူးကြသဖြင့်...

'ဟူတန်း ခုနစ်ဖော်ရဲ့ သိုင်းပညာက တကယ်ပဲ ချီးကျူးစရာကောင်းတာကိုး၊ သိုင်းကွက်များကို တဆက်တည်းထုတ်ပြီး ဒီလောက် မြန်မြန် တိုက်ခိုက်နိုင်တယ်ဆိုတာ လွယ်တဲ့ပညာ မဟုတ်ဘူး၊ နောက်ပြီး တစ်ကွက်မှလဲ မထပ်သေးဘူး' ဟု ပြောဆိုဝေဖန် နေကြတော့၏။

ချင်လိရှန်မှ ရီလင်တန်းအတွက် စိတ်ပူပန်နေသဖြင့် ဓားရိုးကို အဆင့်သင့် ဆုပ်ကိုင်ထားမိသည်။ ထိုစဉ် ဆို့ချင်းစွူးကလည်း ပြန်လည် တိုက်ခိုက်လာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ရီလင်တန်းသည် တကယ်ပင် အထက်စီးမှ တိုက်ခိုက်နိုင်စွမ်း ရှိနေသည်။ သူသာ အပြတ်အသတ် တိုက်ခိုက်သွားမည်ဆိုပါက ဆို့ချင်းစူး မည်သို့မျှ မတိုက်ခိုက်နိုင်တော့ပဲ အရှုံးပေးသွားမည်သာ ဖြစ်သည်။

ရီလင်တန်းအနေဖြင့် ဆို့ချင်းစူး၏ ရုတ်တရက် တိုက်ခိုက်တတ်သော လက်ချောင်းသိုင်းကွက်များကို သတိထားနေ၍သာ ဆို့ချင်းစူးအနေဖြင့် ဤသို့ ပြန်လည်တိုက်ခိုက်လာနိုင်ခြင်းဖြစ်သည်။

ဟူကျင်းသည်လည်း ချန်လိရှန်ကဲ့သို့ပင် စိတ်ပူနေသူ ဖြစ်သည်။ သူ၏လက်ထဲတွင် ကျောက်မီးတိုင်နှစ်ခု အဆင့်သင့် ကိုင်ထားလျက် ရှိနေသည်။ တကယ်၍ ရီလင်တန်းသာ အန္တရာယ်တစ်ခုခု ကြုံတွေ့ရလျှင် သူဝင်ရောက် ကယ်တင်ရန် စိတ်ပိုင်းဖြတ်ထားသည်။

ထိုစဉ် ဆို့ချင်းစူး၏ လက်ချောင်းငါးချောင်းသည် ကွေးကောက်၍ ရီလင်တန်း၏ ပခုံးသို့ ထိုးစိုက်ချလိုက်သည်။

အမှန်စင်စစ် တိုက်နေကြသည့်အချိန် တစ်ချိန်လုံးလိုလိုပင် ရီလင်တန်းသည် ဆို့ချင်းစူး၏ ဤတိုက်ကွက်ကို စောင့်ဆိုင်းနေခြင်းသာဖြစ်သည်။ ဤတိုက်ကွက်ကို သတိဝီရိယဖြင့် စောင့်ဆိုင်းနေခဲ့ရခြင်းကြောင့် သိုင်းကွက်တစ်ရာကျော်မျှ တိုက်ခိုက်ရခြင်း ဖြစ်သည်။ ရီလင်တန်းအနေဖြင့် ဤအကွက်ကို မစောင့်ပဲ အစော အကြေတိုက်ခိုက်လာပါက စောစီးစွာ ပွဲသိမ်းနိုင်ပေသည်။



ဆို့ချင်းစူးသည် ဤတစ်ကွက်တည်းနှင့် သူတောင်းစားဂိုဏ်း၏ ထိပ်သီးသိုင်းပညာရှင်နှစ်ယောက်ကို အသေသတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ထိုစဉ်ကတည်းက ဆို့ချင်းစူးအကွက်ကို ရီလင်တန်းအနေဖြင့် မိမိရရ မှတ်သားထားခဲ့ခြင်းဖြစ်သည်။ အကယ်၍ ကျွန်းပန် နဂါးခေါင်းနှင့် စည်းကမ်းထိန်းသိမ်းရေးမှူးတို့ ဤအကွက်ကြောင့် သေဆုံးရပုံကို သူ့အနေဖြင့် မကြည့်မြင်ခဲ့ရလျှင် သူသည်လည်း ဤတစ်ကွက်ဖြင့် သေဆုံးလျှင်သော်လည်း သေဆုံးမည်။ သို့မဟုတ် ဒဏ်ရာ အကြီးအကျယ် ရလာလျှင်လည်း ရရှိခဲ့ရပေမည်။ ဤအကွက်ကို ချေဖျက်နိုင်မည့် နည်းလမ်းကို ကြိုတင်တွက်ရှိချက် ရခဲ့ပြီးပေပြီ။

ဆို့ချင်းစူးအနေဖြင့်လည်း ဤလက်ချောင်း သိုင်း လေ့ကျင့်ချိန် များစွာရရှိသေးဟန် မတူချေ။ အရေးပေါ်ထုတ်သုံးနေရဟန်တူသည်။ ထို့ကြောင့် သူ့တိုက်ကွက်ကို ပုံစံအမျိုးမျိုး ပရိယာယ် အသွယ်သွယ်ဖြင့် တိုက်ခိုက်ခြင်းမရှိပဲ တစ်ပုံစံတည်းဖြင့်သာ တိုက်ခိုက်နေရခြင်းဖြစ်ပေသည်။

ထိုအခါ ရီလင်တန်းသည် ဆို့ချင်းစူး၏ လက်ချောင်းများ လွတ်ရုံကလေး ဘေးသို့ တစ်ချက် တိမ်းပေးလိုက်သည်။ သူ၏လက်နှစ်ဘက်ကိုမူ လေထဲတွင် ဇေ့ယမ်း လှည့်ပတ်လိုက်တော့သည်။ ထိုအကွက်ကို မြင်လိုက်ရသောအခါ ကျောက်ပိုနှင့် ခူတိုတို့ နှစ်ယောက်သည် 'ဟယ်'ခနဲ ဖြစ်သွားကြလေသည်။

www.burmeseclassic.com



ကျောက်မိန်နှင့် ခူတိုတို့နှစ်ယောက်သည် ဤသိုင်းကွက်ကို တွေ့လိုက်သည်နှင့် ဆို့ချင်းစူး အကြီးအကျယ် ဒုက္ခတွေ့တော့မည်ကို ရိပ်မိလိုက်ကြသည်။ သို့သော် ဆို့ချင်းစူးသည် သူ၏လက်ငင်း လက်ကို လုံးဝ မရုပ်သိမ်းရုံမျှမက လက်ယာဘက်လက်ဖြင့် ရိုလင်တန်း၏ လည်မျိုကို ကုပ်ဆွဲလိုက်တော့၏။

ဟူကျင်းသည် ဤတိုက်ကွက်ကို မြင်သောအခါ မခံမရပ် နိုင်လောက်အောင် ဒေါသထွက်လာမိတော့၏။

'ဒီကောင်ဟာ တကယ့်ကို ငရဲပြည်ပို့သင့်တဲ့ ကောင်ပါလား

ဖြစ်သာ... ဂိဏ်းတူဦးလေးကို ဒီလိုတိုက်ကွက်မျိုး သုံးရဲလောက်အောင်

ထားလျက် တိရစ္ဆာန်ပါကလား'

ကြုံတွေ့ရလျှ

သို့သော် ရိုလင်တန်းကမူ သူ၏လည်မျိုသို့ ဆွဲကုပ်လာ... ဆို့ချင်းစူး၏လက်ကို မည်သို့မျှ ဂရုမစိုက်ဘဲ သူ၏လက် နှစ်ဘက်ကိုသာ လှည်းဘီးများကဲ့သို့ တစ်ရစ်ပြီးတစ်ရစ် ပတ်လိုက် တော့သည်။ ဆို့ချင်းစူး၏လက်များသည် ရိုလင်တန်း၏လည်မျိုသို့ မရောက်ရှိနိုင်တော့ပဲ ရိုလင်တန်း၏ စက်ဝိုင်းပမာ လည်ပတ်နေသော လက်များကြားသို့ ရောက်ရှိသွားကာ လက်နှစ်ဘက်စလုံး အဆစ်နှစ်ဆစ်စီ 'ကွတ်'ခနဲ 'ဂျွတ်'ခနဲ ကျိုးသွားရတော့သည်။

ရိုလင်တန်းသည် အားရပါးရ အော်ဟစ်ရယ်လိုက်သည်။

'ဒီနေ့မှာ မော်ကုဆန်းအတွက် လက်စားချေရမယ်'



သူ၏လက်နှစ်ဘက်ကိုစု၍ ဆို့ချင်းစူး၏ နားထင်နှစ်ဘက်ကို ရိုက်ချလိုက်သည်။ ဆို့ချင်းစူးမှာ ချက်ချင်း ဦးခေါင်းခွဲအက်သွားရတော့သည်။ ဆို့ချင်းစူး၏ ခန္ဓာကိုယ် မြေကြီးပေါ်သို့ လဲမကျမီ ရိုလင်တန်းက ခြေထောက်ဖြင့် ကန်ရန် ပြင်လိုက်သည်။

ထိုစဉ် လူရိပ်တစ်ခု ရိပ်ခနဲ ခုန်ထွက်လာကာ ကျားပွတ်ရှည် တစ်ချောင်းဖြင့် လွှဲရိုက်လာသည်။ ကျားပွတ်ရိုက်ချက် အလွန် ပြင်းထန်လှကြောင်း သိလိုက်သဖြင့် ရိုလင်တန်းသည် နောက်သို့ ခုန်ဆုတ်လိုက်သည်။

ရိုလင်တန်း ခုန်ဆုတ်သည့်နေရာသို့တိုင် ကျားပွတ်ရိုက်ချက် များ မရပ်မနား ဆက်တိုက် ရောက်ရှိလာပြန်သည်။

ကျားပွတ်ရှင်ကား မည်သူပေနည်း။

ကျားပွတ်ရှင်သည် ချူကျူးဖြစ်ချေသည် တကား။

ရိုလင်တန်းသည် လုံးဝမခုခံနိုင်သဖြင့် နောက်ဘက်သို့သာ အတင်းခုန်ထွက် ရှောင်တိမ်းရတော့သည်။ ချူကျူးသည်သူမ၏ ကျားပွတ်ကို ခေတ္တရုပ်သိမ်းလိုက်ပြီး အေးစက်စွာ ပြောလိုက်သည်။

'ခုအချိန်မှာ ရှင့်အသက်ကို သတ်ရင် ရှင်ကကျေနပ်မှာ မဟုတ်ဘူး၊ ကျွန်မကလဲ လက်နက်မဲ့ကို မသတ်ချင်ဘူး၊ ရှင် လက်နက်ကို ယူလိုက်ပါ၊ ကျွန်မနဲ့ပြိုင်ဖို့ အဆင်သင့်ပြင်ပေတော့...'

ချင်လိရှန်သည် သူ၏ဓားကို ဆွဲထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ...ကျုပ် ခင်ဗျားနဲ့ ပြိုင်မယ်'

ချူကျူးသည် ချင်လီရှန်ကို အေးစက်သော အကြည့်ဖြင့် ကြည့်လိုက်ရင်း ဆို့ချင်းစူးကိုလည်း လှည့်၍ အကဲခတ်လိုက်သည်။

ဆို့ချင်းစူး၏ မျက်လုံးနှစ်လုံးသည် ကြောက်မက်ဖွယ်ရာ အပြင်သို့ ပြူးထွက်လျက် ရှိနေချေပြီ။ မျက်စိ၊ နား၊ နှာခေါင်းနှင့် ပါးစပ်တို့မှ သွေးများ တစိမ့်စိမ့် ယိုစီးကျလျက် ရှိနေသည်။ ဤ ဒဏ်ရာ ပြင်းထန်နေသူအဖို့ သေရုံမှတပါး အခြား မရှိတော့ပေ။ ချူကျူးက လက်တစ်ချက် ဝှေ့ယမ်းလိုက်သောအခါ ဝါမေဂိုဏ်းသား သုံးယောက်တို့သည် ဆို့ချင်းစူးကို လာရောက်ထမ်းယူသွားကြသည်။

ချူကျူးသည် ချင်လီရှန်ကို ကြည့်ပြီးမှ ရီလင်တန်းဘက်သို့ လှည့်၍ပြောလိုက်သည်။

'သူ့ကို အရင်သတ်မယ်၊ သူ့ကိုသတ်ပြီးမှ ရှင့်ကို သတ်မယ်၊ အင်း...ဘယ်လိုပဲ သတ်သတ် အတူတူပါပဲလေ'

ရီလင်တန်းသည် စောစောက ချူကျူး၏ ကျွမ်းပွတ် ရိုက်ချက်ကို တွေ့လိုက်ရကတည်းက ချူကျူး၏ သိုင်းပညာမှာ အလွန် အဆင့်အတန်းမြင့်ပြီး အလွန် ထူးဆန်းလှကြောင်း ကောင်းကောင်း သိလိုက်မိသည်။ သူ၏ စိတ်ထဲတွင်...

'ငါအနေနဲ့ ချူကျူးနဲ့ တစ်ပွဲယှဉ်ပြိုင်မယ်၊ တကယ်လို့ ငါ သေသွားခဲ့ရင် ညီလေး ချင်လီရှန်ကတော့ သူ့ကျွမ်းပွတ် သိုင်းကွက်



တွေရဲ့ အသွားအလာကို ကောင်းကောင်းသိသွားလိမ့်မယ်၊ ဒီလိုဆိုရင် ဒီနေ့အဖို့တော့ ညီလေးဘယ်လိုမှ သေနိုင်တော့မှာ မဟုတ်ဘူး'

ဤသို့ တွေးလိုက်မိသည်နှင့် ရီလင်တန်းသည် ချင်လီရှန်၏ လက်ထဲမှ ဓားကို လှမ်းယူလိုက်သည်။ ချင်လီရှန်ကလည်း ကျွမ်းပွတ်ရိုက်ချက်များကို တွေ့မြင်လိုက်ရ ကတည်းက သူတို့ညီနောင် နှစ်ယောက်၏ သိုင်းကွက်များဖြင့် ချူကျူး၏ ကျွမ်းပွတ်ရိုက်ချက်များကို ရှောင်နိုင်ရန် မလွယ်ကြောင်း သိလိုက်သည်။

သူကလည်း ရီလင်တန်း၏ အတွေးမျိုး တွေးထားသူ ဖြစ်သည်။ သူ့အနေဖြင့် အသေခံ၍ အစမ်းသပ်ခံလိုက်လျှင် သူ့ဂိုဏ်းတူအစ်ကို၏ အလှည့်၌ တိုက်စစ်ဆင်ရန် လွယ်ကူသွားလိမ့်မည်ဟု ယူဆခဲ့သည်။ ထို့ကြောင့် ချင်လီရှန်သည် ဓားကို ရီလင်တန်းအား မပေးဘဲ...

'အစ်ကို...ကျွန်တော် အရင်ပြိုင်မယ်၊ အစ်ကိုစောင့်ကြည့်ပါ'

ရီလင်တန်းသည် ချင်လီရှန်ကို စူးစူးစိုက်စိုက် ကြည့်လိုက်မိသည်။ သူတို့သည် ဟူတန်းတောင်တွင် အနှစ်သုံးလေးဆယ်အတူတူ သိုင်းပညာသင်ကြားခဲ့ကြသဖြင့် တကယ့်ညီရင်းအစ်ကိုများထက်ပင် ပိုမိုချစ်ခင်ကြသည်။ တကယ့်ညီရင်းအစ်ကိုများအတွက် အသက်စွန့်လွှတ်ကောင်းမှ စွန့်လွှတ်မည် ဖြစ်သော်လည်း ဂိုဏ်းတူညီအစ်ကိုများအတွက် အသက်စွန့်ရန်မှာ အမြဲတမ်း အဆင်သင့်ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရီလင်တန်းသည် သူတို့ဂိုဏ်းတူ ညီအစ်ကို ခုနစ်ဖော် အကြောင်း ရုတ်တရက် စဉ်းစားလိုက်မိ၏။

ညီနံ့ပါတ်သုံး ရီတိုက်ရှင်သည် ဒုက္ခိတဘဝသို့ ရှေးဦးစွာ ရောက်ရှိခဲ့ရသူဖြစ်သည်။ ကျန်းချွေဆန်းက လျို့ဝှက် လက်နက် ဒဏ်နှင့် သေခဲ့သည်။ မော်ကုဆန်းကတော့မှ အသားထဲက လော ကောင်၏ လက်ချက်ဖြင့် အသတ်ခံခဲ့ရ၏။

ယခုအခါတွင် ဟူတန်းခုနစ်ဖော်အနက် ချိုရှင်ချော ရီတိုက်ရှင်၊ ချင်လိရှန်နှင့် မိမိတို့ လေးယောက်သာ အသက်ရှင်လျက် ရှိနေတော့သည်။ ယခုအခြေအနေအရ မိမိတို့ ဂိုဏ်းတူညီအစ်ကို နှစ်ယောက် တို့သည်လည်း ယနေ့ပင် အသက်ဆုံးရှုံးကြရပေတော့ မည်။ ညီနံ့ပါတ်ခြောက် ချင်လိရှန်သည် သိုင်းပညာတော်သော်လည်း စိတ်အလွန်ပျော့သူဖြစ်သည်။ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းတို့၏ ဒဏ်ကို ကြံ့ကြံ့ခံနိုင်သူ မဟုတ်ချေ။

အကယ်၍ မိမိသာ ရှေးဦးစွာ တိုက်ခိုက်ရင်း သေဆုံးခဲ့လျှင် ချင်လိရှန်သည် စိတ်ထိခိုက်သွားပြီး ချူကျူး၏ တိုက်ကွက်များ ခုခံနိုင်တော့မည် မဟုတ်ချေ။

ထို့ကြောင့် ရီလင်တန်း စဉ်းစားလိုက်သည်။

'တကယ်လို့ ငါသာ အရင်သေခဲ့ရင် ညီလေး ချင်လိရှန် ငါ့ အတွက် တုံ့ပြန်နိုင်မှာ မဟုတ်ဘူး၊ ထွက်မပြေးဘဲနဲ့ သူ



အသေခံမှာပဲ နောက်ဆုံးညီအစ်ကို နှစ်ယောက်စလုံး ဒီမှာပဲ သေဆုံး ပြီးဘာတစ်ခုမှအကျိုးထူးဖြစ်လာမှာ မဟုတ်ဘူး။ တကယ်လို့ ညီလေး ချင်လိရှန် အရင်သေခဲ့ရင် ငါက ဒီကောင်မလေးရဲ့ ကျားပွတ် တိုက်ကွက်ကို မှတ်သားထားပြီး အသေခံ တုံ့ပြန်နိုင်သေးတယ်၊ ဒီလို နှစ်ယောက်တစ်ယောက် လဲလိုက်ရတဲ့ သဘောမျိုးဆိုရင် ခံသာ ဦးမယ်'

ရီလင်တန်းသည် အတွေးများ ပြီးဆုံးသွားသောအခါ ချင်လိရှန်အား ခေါင်းညိတ်ခွင့်ပြုလိုက်သည်။

'ညီလေး ကြာကြာခုခံနိုင်လေ အစ်ကို့အတွက်ကောင်းလေပဲ'

ချင်လိရှန်သည် ရုတ်တရက် သူ့ဇနီးလေး ရန်ရောင်ဒွိ ကိုယ်ဝန် ရှိနေကြောင်း သတိရလိုက်မိသဖြင့် သူ့မျက်လုံးများသည် ကျောင်းနှင့်ရန်ရောင်တို့အား အလိုလိုတစ်ချက်မျှ လှမ်းကြည့်လိုက်မိ တော့၏။ သို့သော် ချက်ချင်းပင် သူ၏စိတ်ကို ထိန်းချုပ်လိုက်ပြီး သူ၏ဓားကို မြှောက်ထားလိုက်၏။ သူ၏ မျက်လုံးများသည် ဓား သွားပ်ဖျားသို့သာ စူးစူးစိုက်စိုက် ကြည့်နေလိုက်သည်။ တဒင်္ဂ အတွင်းမှာပင် ချင်လိရှန်၏ စိတ်များတည်ငြိမ်သွားပြီး တိုက်ရန် အဆင်သင့် ဖြစ်သွားလေပြီ။

ရီလင်တန်းသည် ချင်လိရှန်ခင်းထားသည့် သိုင်းကွက်များ ကို ကြည့်လိုက်သည်နှင့် သူတို့ ဟူတန်းဂိုဏ်း၏ အခက်ခဲ အနက်နဲ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးသော တိုက်ကျိဓားသိုင်းကို အသုံးပြုတော့မည်မှန်း သိလိုက်သဖြင့် နောက်သို့ ဆုတ်သွားတော့၏။

တိုက်ပွဲ စတင်ချေပြီ။

ချင်လိုရှန်၏ဓားမှ တရွှမ်းရွှမ်း အသံများ အဆက်မပြတ် ထွက်နေ၏။ ချင်လိုရှန်သည် အတွင်းအားကို အပြည့်အဝ ထုတ်ထားပြီး တိုက်ခိုက်နေခြင်းဖြစ်သဖြင့် လေတိုးသံမျှ ကျယ်လောင်စူးရှနေခြင်း ဖြစ်တော့သည်။

ချူကျူးကမူ တည်ငြိမ်အေးဆေးစွာဖြင့် လှည့်ပတ် တိုက်ခိုက်နေသည်။

ရုတ်တရက် ကျားပွတ်နှင့် ဓားကို ထိပ်တိုက်ရိုက်မိသွားကြသည်။ ချင်လိုရှန်၏ လက်ကောက်ဝတ်မှာ ထူပူ ကျဉ်တက်သွားပြီး ကိုင်ထားသည့်ဓားပင် လွင့်စဉ်ထွက်သွားမတတ် ဖြစ်သွားခဲ့ရသည်။

ဤတွင် ချင်လိုရှန်သည် အခြေအနေမှန်ကို သိရှိသွားတော့သည်။

'ငါက အစတုန်းက ထင်ခဲ့မိတယ်၊ ဒီကောင်မလေးရဲ့ သိုင်းကွက်တွေကသာ ထူးဆန်းနေတာပါ၊ အတွင်းအားကတော့ ငါ့ကို မှီမယ် မထင်ဘူးလို့။ အခု ဘယ်ဟုတ်လို့လဲ သူ့အတွင်းအားက ငါ့ထက် တော်တော်လေး သာနေပါလား'



ထို့ကြောင့် ချင်လိုရှန်သည် သူ၏အသက်ကို လုံးဝအရေးမစိုက်တော့ဘဲ ရိုလင်တန်းအနေဖြင့် ချူကျူး၏ တိုက်ကွက်များကို လေ့လာနိုင်စေရန် ထိုက်ကျိဓားသိုင်းကို အကွက်စေ့စေ့ အစအဆုံး ထုတ်သုံးတော့သည်။

ချူကျူးကမူ တိုက်ယင်းခိုက်ယင်းဖြင့် သူ၏ခန္ဓာကိုယ်များ အလေးချိန် လုံးဝမရှိသော အရာဝတ္ထုကဲ့သို့ လေထဲတွင် ပျံ့ဝဲ တိုက်ခိုက်နေတော့သည်။ ဟွာကျင်းသည် ကြည့်ယင်းကြည့်ယင်း ယခင်က သတိမပြုမိသော အချက်ကို ယခုမှ သဘောပေါက် သိမြင်လာတော့သည်။

ယခု ချူကျူးအသုံးပြုနေသည့် သိုင်းပညာသည် ဝါမေဂိုဏ်း၏ သိုင်းပညာမဟုတ်သည့် အချက်ကိုပင်တည်း။ ချူကျူး၏ သိုင်းပညာသည် အလွန် ထူးဆန်းနက်နဲလှသည့် သိုင်းပညာ ဖြစ်သည်။

သို့သော် ချင်လိုရှန်၏ ထိုက်ကျိဓားသိုင်းမှာလည်း ဘိုးဘိုးကြီး ကျွန်းဆန်းဖုန်း နောက်ဆုံးတီထွင်ထားသည့် ခက်ခဲနက်နဲသော ဓားသိုင်းပညာဖြစ်လေရာ ချင်လိုရှန်က ချူကျူးအား ဒဏ်ရာရအောင် မလုပ်နိုင်သကဲ့သို့ ချူကျူးကလည်း ချင်လိုရှန်ကို ဒဏ်ရာရအောင် မလုပ်နိုင်သေးချေ။

www.burmeseclassic.com

www.burmeseclassic.com



ဘေးပရိသတ်များအနေဖြင့်မူ ချင်လိရှန် ရှုံးနိမ့်နေပြီကို သိ လိုက်ကြသည်။ သို့သော် မည်ကဲ့သို့ ရှုံးမည်ကိုမူ မခန့်မှန်းနိုင် ကြသေးချေ။

'သေပြီးရှုံးမှာလား၊ ဒဏ်ရာရပြီးရှုံးမှာလား'

ထိုစဉ် လူအုပ်ထဲမှ အသံသေး အသံကြောင်တစ်ခု ရုတ် ရက်ထွက်လာသည်။

'အောင်မယ်လေး...ဆို့ချင်းစွူး သေတော့မယ်၊ ချူကျ ခင်များယောကျ်ားသေခါနီးနေပြီ ဒီလိုပဲ ပစ်ထားတော့မှာလား မ စက်ပါနဲ့၊ မသေခင် သွားတွေ့လိုက်ပါအုံး၊ မုဆိုးမ လုပ်ရ ကောင်းတာမဟုတ်ဘူးနော်'

ထိုအသံရှင်ရှိရာသို့ အားလုံး လှမ်းကြည့်လိုက်သော ချူထင်း ဖြစ်နေသည်ကို တွေ့လိုက်ကြရသည်။ ကယ်တော့ ချူထ သည် ချင်လိရှန် ရှုံးနိမ့်တော့မည်ကို တွေ့နေရသဖြင့် ချူကျူ အနေခက်အရက် ဖြစ်သွားစေရန် အသံသေးအသံကြောင်ဖြင့် အော် လိုက်ခြင်းဖြစ်၏။

ထိုစဉ် ချူကျူးသည် သူမ၏ခန္ဓာကိုယ်ကို ရုတ်ထ တစ်ချက်လှုပ်ခါလိုက်ရာ သူမသည် အနောက်ဘက် ပေနှစ်ဆယ် အထိရောက်သွားပြီး လက်ထဲမှ ကျာပွတ်ဖြင့် ချူထင်း၏မျက် လွှဲရိုက်လိုက်တော့သည်။ သူမနှင့် ချူထင်းတို့၏ အကွာအဝေး



အတော်ပင် ကွာလှမ်းလှသည်။ ရုတ်တရက် ခုန်ဆုတ်လိုက်သည်နှင့်ပင် ချူထင်းနားသို့ ရောက်ရှိလာပြီး လွှဲရိုက်လိုက်ခြင်းဖြစ်၏။ သူတို့

ချူထင်းသည် ချူကျူးအနေဖြင့် ဤမျှလောက် လျင် လိမ့်မည်ဟု မထင်မိခဲ့ချေ။ ယခုကဲ့သို့ လျင်မြန်စွာ ရောက်ရှိလာသော အခါ ရုတ်တရက် မှင်တက်တွေဝေသွားပြီး ကျာပွတ်ကို ရှောင်တိမ်း ရန်ပင် သတိမရှိတော့ချေ။

ထိုစဉ်'ဘန်း'ခနဲ မြည်ဟီးသွားသံကြီးကို ကြားလိုက်ရပြီး ပန်းကန်များ ကျကွဲသံ ကြားလိုက်ရတော့သည်။

အကြောင်းမှာ ဤသို့တည်း။

ချူကျူး ကျာပွတ်ဖြင့် လွှဲရိုက်လိုက်ချိန်တွင် ချူထင်း အနေဖြင့် လုံးဝရှောင်ရန် သတိမရဘဲ ငေးကြောင်နေသည်ကို ရန်ရှောင်က တွေ့ရှိလိုက်ရသည်။

ထိုအခါ ချူထင်းအတွက် အကာအကွယ် ရစိမ့်သောငှာ၊ သူ့ရှေ့ရှိ စားပွဲခုံကို လျှပ်တပြက် ကန်ထုတ်လိုက်တော့သည်။ ချူကျူး ၏ ကျာပွတ်သည် ချူထင်းကို လုံးဝ မရိုက်မိတော့ပဲ လမ်းခုလတ်မှာ ဝင်ရောက်လာသော စားပွဲကို ရိုက်မိသွားတော့၏။ စားပွဲမှာမူ ထက်ပိုင်း ကျိုးပဲ့သွားရတော့သည်။ ပန်းကန်ခွက်ယောက်များလည်း ကျကွဲသွားတော့သည်။

www.burmeseclassic.com



ချူကျူးသည် တစ်ချက်ရိုက်လိုက်၍ မထိသောအခါ သူ
ဆက်မရိုက်တော့ဘဲ ချင်လိရှန်ဘက်သို့ ပြန်ဦးလှည့်သွားတော့
လိုသည်။ စောစောက ပုံစံအတိုင်းပင် ချင်လိရှန်သည် စံစံဖြစ်နေပြီ
ချူကျူးကမူ လေတွင် ပျံ့ဝဲလျက် အဆက်မပြတ် ကျာပွတ်ဖြင့် လိုက်
ရိုက်လျက် ရှိနေသည်။

ရှီလင်တန်းကမူ ဘေးတွင် ရပ်ကြည့်နေ၏။ ယခုအချိန်
အထိ ချူကျူး၏ ကျာပွတ်တိုက်ကွက်၏ အဓိက သော့ချက်
လေ့လာ၍ မရနိုင်သေးဘဲ ဖြစ်နေသည်။ သူ၏စိတ်ထဲတွင်...

'တကယ်လို့ ငါထွက်တိုက်ရင်လဲ ထိုက်ကျိဓားသိုင်းကို အ
ချင်လိရှန် ကစားနေတာထက် ပိုကောင်းအောင် ကစားနိုင်မှ
မဟုတ်ဘူး၊ ချင်လိရှန် ကြာကြာအချိန်ဆွဲပြီး တိုက်နိုင်လေလေ
ဒီကောင်မလေးရဲ့ အတွင်းအား ပိုကုန်လေလေပဲ ငါ့အတွက်က
ပိုကောင်းလေလေပဲ'

ချင်လိရှန်သည်လည်း သူ၏ တစ်သက်တာအတွင်း
သည့်ဓားသိုင်းကိုမျှ ဤမျှအထိ အားကုန်ထုတ်၍ မကစားခဲ့ဖူး
ယခုမူ ထိုက်ကျိဓားသိုင်းကို အကောင်းတကာ့အကောင်းဆုံး က
ပြလျက် ရှိနေချေပြီ။ ထို့ကြောင့် ရှီလင်တန်းသည် ချင်လိရှန်အ
ဝမ်းသာဂုဏ်ယူနေမိတော့သည်။





ရှီလင်တန်း ကျေနပ်နေသည့် အချက်တစ်ချက်မှာ ချင်လိ
ရှန်သည် တိုက်ပွဲကို အချိန်ဆွဲလာနိုင်သည့်အတွက် ဖြစ်၏။ သူတို့
ဟူတန်းဂိုဏ်း၏ သိုင်းပညာများသည် အထနေးသည်။

တိုက်ပွဲအစဦးကာလပိုင်းတွင် သိုင်းပညာ၏ နက်နဲမှုကို
ပီပြင်စွာ မဖော်ထုတ်နိုင်ဘဲ အချိန်ကြာလာသည်နှင့်အမျှ ခက်ခဲနက်နဲ
သိမ်မွေ့လာပြီး တစ်ဖက်ရန်သူအား အကြီးအကျယ် ဦးနှောက်
ခြောက်စေတတ်သည်။ ရှီလင်တန်း၏ မျက်နှာတွင် ဂုဏ်ယူခြင်း၊
ဝမ်းသာခြင်း၊ ကျေနပ်ခြင်းနှင့် အားရခြင်းစသည့် အရိပ်အရောင်များ
အမျိုးမျိုး ပြောင်းလဲနေသည်ကို ချူကျူးတွေ့ရှိသွား၏။

ချူကျူးက အော်၍ မေးလိုက်သည်။

'ရှီလင်တန်း...ရှင်က သိပ်အားရနေတယ်ပေါ့လေ၊ ချင်လိ
ရှန်က စိတ်သဘောထားကောင်းတဲ့ လူမို့ ကျွန်မက ဒီလောက်ညှာနေ
တာ ဒီလိုညှာနေလို့ ဒီလောက် အချိန်ကြာနေတာ၊ သူ့သိက္ခာကို
မရှုချင်တိုင်း ရှင့်အလှည့်သာ စောင့်နေ၊ ရှင့်ကျရင် အကွက်သုံးဆယ်
တောင် မပြည့်စေရဘူး၊ ဒီအတောအတွင်း ရှင့်ကို အသေသတ်ပြမယ်'

ချူကျူး၏ စကားဆုံးသွားသည်နှင့် တစ်ပြိုင်နက် သူမ
၏ကျာပွတ်ရိုက်ချက်သည် ပုံစံပြောင်းသွားတော့၏။ စက်ဝိုင်း အကြီး
အသေးမျိုးစုံ ထွက်ပေါ်လာပြီး ချင်လိရှန်၏ တစ်ကိုယ်လုံးကို ဖုံးလွှမ်း
နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ချင်လီရှန်သည်သူ၏ဓားကို ဆုပ်ကိုင်ထား ရန် မတတ်နိုင်တော့ဘဲ လက်လွှတ်လိုက်ရတော့၏။ ဓားသည် ဘေးသို့ လွင့်စဉ်ထွက်သွားသည်။ ကျားပွတ်သည် တစ်ဆက်တည်း မှာပင် ချင်လီရှန်၏ ဦးခေါင်းကို ရိုက်ချလိုက်တော့သည်။

ရီလင်တန်းသည် ရုတ်တရက် ခုန်တက်လိုက်ပြီး ကျားပွ အဖျားကို ဖမ်းယူရန် ကြိုးစားလိုက်သည်။ သို့မှသာ ချင်လီရှ သက်သာရာရပေမည်။ သို့သော် ရီလင်တန်းအနေဖြင့် ကျားပွ အဖျားကို မဖမ်းနိုင်မီမှာပင် ချူကျူး၏ အကန်ခံလိုက်ရသဖြင့် ခါးတွ ထိသွားပြီး လဲကျသွားတော့သည်။

ထိုတဒင်္ဂအတွင်မှာပင် လှုပ်ရှားမှုတစ်ခုကို အားလုံး တွေ့လိုက်ရသည်။ ထိုလူ၏လှုပ်ရှားမှုသည် မြန်လွန်းလှသ မည်သူဖြစ်သည်ကို ရုတ်တရက် မခန့်မှန်းနိုင်ဘဲ ဖြစ်သွားကြရသ ထိုလူသည် ကျားပွတ်၏ ရိုက်ချက်ကို သူ၏လက်မောင်းများ ကြားဖြတ်ခံယူလိုက်သည်။

ထိုသူကား အခြားသူ မဟုတ်ပေ။ ကျန်းဟူကျင်းပင်တည်

ကျန်းဟူကျင်း၏ ရှေ့၌ သူ၏ဂိုဏ်းတူဦးလေးများ သေ ခဲ့ရပြီဟု ပြောစမှတ်စကားမျိုး ဤလောက၌ ကျန်ရစ်မည့်အဖြ ဟူကျင်းအနေဖြင့် လုံးဝ လက်မခံနိုင်ပေ။



ဟူကျင်းခုန်ထွက်လာပြီး ချင်လီရှန်အား ရိုက်လိုက်သည့် ကျားပွတ်ရိုက်ချက်ကို အားပြောင်းအားလွှဲ သိုင်းပညာဖြင့် မိမိ၏ လက်မောင်းတွင် လွှဲပြောင်းရယူကာ ရစ်ပတ်ထားလိုက်ခြင်း ဖြစ်သည်။

ချူကျူးအနေဖြင့် ကျားပွတ်ကို လုံးဝ အသုံးမပြုနိုင်တော့ပေ။ ထို့ကြောင့် ကျားပွတ်ကို လုံးဝ လက်လွှတ်လိုက်ပြီး လက်ဝါးစောင်း နှစ်ဖက်ဖြင့် ဟူကျင်း၏ ရင်ဘတ်ကို ပြင်းထန်စွာ ရိုက်ချလိုက်၏။

ဟူကျင်းသည် သူ၏ဘယ်လက်ဝါးကို ရိုက်ထုတ်ပြီး ခုခံ ကာကွယ်လိုက်ရသည်။ ထိုကဲ့သို့ လက်ဝါးချင်းသုံးကွက်မျှ ဆက်ရိုက်မိကြသောအခါ မမျှော်လင့်သော အဖြစ်တစ်ခုကို ဟူကျင်း အနေဖြင့် အံ့အားသင့်စဖွယ် တွေ့ရှိရတော့သည်။

ချူကျူး၏ တတိယအကြိမ်ရိုက်လိုက်သော လက်ဝါး တိုက်ချက်၌ လုံးဝ အားမရှိသည်ကို ထူးဆန်းစွာ တွေ့ရခြင်းဖြစ် သည်။ ထို့ကြောင့် ဟူကျင်းသည် အကြီးအကျယ် ထိတ်လန့်သွား တော့သည်။ သူ့စိတ်ထဲတွင်...

'ဟာ...ဒုက္ခပဲ၊ ဦးလေးချင်လီရှန်နဲ့ အချိန်တော်တော် ကြာကြာ တိုက်ခိုက်ထားရလို့ သူ့အတွင်းအားတွေ ကုန်နေပြီ၊ မိန်းကလေးတစ်ယောက်အဖို့ အတွင်းအားကို အချိန်အကြာကြီး ဘယ်ထုတ်နိုင်မလဲ၊ အခုနေ ငါ့အတွင်းအား ထုတ်ပြီး ရိုက်လိုက်ရင် သူသေမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် မည်သူ့အပေါ်၌မဆို ကြမ်းကြုတ် ရက်စက်သော စိတ်ထားရှိသူ မဟုတ်ပေ။ သူနှင့် ပတ်သက်နေသောသူများအပေါ်တွင် ပို၍ မထားသေးပေ။ သူအနေနှင့် ချူကျူးသေအောင် မည်သို့မျှ မလုပ်ရက်၊ ထို့ကြောင့် သူ၏အတွင်းအားကို ကမန်းကတန်းပင် ပြန်ရုပ်သိမ်းလိုက်ရသည်။

လက်ဝါးချင်း စရိုက်စဉ်က ချူကျူး၏ အတွင်းအားသည် သူနှင့် သိပ်မကွာလှကြောင်း သိရှိထားသဖြင့် အားအတော်များများ ထုတ်ရိုက်ထားခြင်း ဖြစ်သည်။

ယခုသူ၏ အားကို ရုတ်ခြည်း ရုပ်သိမ်းလိုက်ခြင်းသည် သူ့ အတွက် အလွန်အန္တရာယ် များလှပေသည်။ သိုင်းသမားများ အနေဖြင့် ဤသို့ လုပ်လေ့လုပ်ထ မရှိကြပေ။ လုပ်ခဲ့မိလျှင် မိမိခန္ဓာကိုယ်၌ အတွင်းဒဏ်ရာ ရနိုင်ပေသည်။

ဟူကျင်း အနေဖြင့် နေစကြာ သိုင်းကျင့်စဉ်ကို တတ်မြောက် ထားသည်ဖြစ်ရာ အတွင်းဒဏ်ရာရမည့် အချက်ကိုမူ လုံးမစိုးရိမ်ချေ။

သူ့အတွက် အပြင်းအထန်ဆုံး ဖြစ်နိုင်သည့် အချက်မှာ ရုတ်တရက် အသက်ရှူကျပ်သွားရုံမျှသာ ဖြစ်သည်။

သို့သော်...သို့သော်...။ ဟူကျင်းသည် သူ၏ကြီးမားပြင်းထန်လှသော ဧရာမ အတွင်းအားလှိုင်းကို ပြန်ရုပ်သိမ်း လိုက်ရသော



မှာပင် ဟူကျင်း၏ လက်ဝါးမှ အလွန်ပြင်းထန်၍ ကြောက်မက်ဖွယ်ကောင်းလှသော အတွင်းအားလှိုင်းများသည် သူ့ကိုယ်တွင်းသို့ တိုက်ရိုက်ရိုက်ခတ်လာတော့သည်။

ဟူကျင်း ထိတ်လန့်သွားရပြီ၊ ဟူကျင်း သိလိုက်မိပြီ။ ချူကျူး၏ လှည့်ကွက်အတွင်း မိမိ လည်စင်းမိသွားပြီ။

သြော်...ချူကျူး...ချူကျူး...အေးဆေး ရိုးသားသော ချူကျူး မဟုတ်တော့။ ပရိယာယ် ဝေဝစ်များပြားလှသည့် ကောက်ကျစ်သော ချူကျူး ဖြစ်နေပါပြီကော...။

ချူကျူး၏ လက်ဝါးနှစ်ဘက်စလုံးသည် အကာအကွယ် လုံးဝမဲ့နေပြီဖြစ်သော ဟူကျင်း၏ ရင်ဝကို 'ဘုန်း'ခနဲ ရိုက်ချလိုက်တော့၏။

ဟူကျင်းသည် ခုခံနိုင်စွမ်း လုံးဝမရှိတော့။ နောက်ဘက်သို့ ပြုလဲကျသွားကာ 'ဝေါ့'ခနဲ သွေးတစ်ချက် ထိုးအန်လိုက်တော့သည်။

ချူကျူးသည် ဟူကျင်း၏သိုင်းပညာ စွမ်းအားကို ကောင်းစွာ သိသည်။ ဟူကျင်းနှင့် လက်ရည်တူ ယှဉ်ပြိုင်ပါက မိမိ ရှုံးနိမ့်မည်ကို သိသည်။

ထို့ကြောင့် မိမိအပေါ်ထားရှိသည့် ဟူကျင်း၏ စိတ်ကောင်းစေတနာကောင်းကို အခွင့်အရေးအဖြစ် သုံးပြီး ညာက်ကောင် တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com



ယခု သူမသည် ဟူကျင်းအား အလဲတိုက်ခိုက်နိုင်သွားပြီ ဖြစ်၍ ဘယ်ဘက်လက်သည် ချက်ချင်းပင် ဟူကျင်း၏ ရင်ဝသို့ ထိုးစိုက်လိုက်တော့သည်။ အသေတိုက်ခိုက်လိုက်ခြင်းပင် ဖြစ်တော့သည်။

ဟူကျင်းသည် ဒဏ်ရာပြင်ထန်စွာ ရရှိသွားသည် မှန်သော်လည်း သတိမလစ်သေးပေ။ ချူကျူး၏ လက်ချောင်းများ သူ့ရင်ဝသို့ ထိုးစိုက်လာသည်ကို တွေ့လိုက်ရသောအခါ ကျန်ရှိသမျှ အင်အားကို သုံးပြီး သေတွင်းမှ လွတ်သွားစေရန်အတွက် နောက်သို့ ရွေ့လျားလိုက်ရသည်။ ထိုအခါ 'ရှမ်'ခနဲ မြည်သံတစ်ခု ထွက်လာပြီး ဟူကျင်း၏ အင်္ကျီမှာ စုတ်ပြဲသွားလျက် ရင်ဘတ်တစ်ခုလုံး ဟာလာဟင်းလင်း ပွင့်သွားတော့၏။

ချူကျူးသည် ချက်ချင်းပင် ညာလက်ချောင်းများဖြင့် ထိုးစိုက်ရန် ဟန်ပြင်လိုက်၏။ ထိုအခြေအနေကား ဟူကျင်းအတွက် အဆိုးဆုံးသော အခြေအနေပင်တည်း။

ရီလင်တန်းသည် သူ၏ ချစ်လှစွာသော တူကလေး၏ အခေါက်ကို သူ့အသက်နှင့်လဲ၍ ကယ်တင်လိုက်သည်။ သို့သော် ချူကျူး၏ ကန်ချက်ကြောင့် သူ့ခါးကြော ဒဏ်ရာရနေသဖြင့် မည်သို့မျှ မလှုပ်ရှားနိုင်။



ချင်လီရှန်သည်လည်း သူ၏ချစ်လှစွာသော တူကလေး အသက်ကို သူ့အသက်နှင့်လဲ၍ ကယ်တင်လိုသည် သို့သော် ချူကျူး၏နေရာသည် အလှမ်းကွာဝေးလျက် ရှိသည်။

ချူကျူးအနားသို့ သူရောက်ရှိနိုင်ချိန်တွင် ဟူကျင်းသည် အသက်မက သုံးသက်မျှ သေနေနိုင်လောက်ပြီ။ ဟူကျင်း မည်သို့မျှ လွတ်နိုင်တော့။

ချူကျူး၏ ညာလက်သည် ဟူကျင်း၏ရင်ဝသို့ ကျရောက်ခါနီးအချိန်တွင် ချူကျူးသည် ဟူကျင်း၏ ရင်ဝရှိ ဓားဒဏ်ရာ အမာရွတ်ကြီးတစ်ခုကို တွေ့လိုက်ရသောအခါ သူ့လက်သည် တုံ့ခနဲ ရပ်သွားတော့၏။

ချူကျူး၏ စိတ်အစဉ်သည် ကွမ်းမိန် တောင်ထိပ်သို့ ပြေးအလွှားရောက်ရှိသွားတော့သည်။ ကွမ်းမိန်တောင်ထိပ် ပြင်းပြင်းပွဲ၌ တိမ်လွှာဓားဖြင့် သူမထိုးစိုက်ခဲ့သည့် အမာရွတ်ကြီးပင်တည်း။

ချူကျူး၏လက်ချောင်းများသည် ရင်ဝနှင့်သုံးပေခန့် အကွာမှ ဆက်၍အောက်သို့ မဆင်းတော့ပေ။ ထိုနေရာ၌ပင် ရပ်တန့်လျက်ရှိနေပေပြီ။ သူမ၏စိတ်ထဲတွင်...

'ဟိုတုန်းက ငါ့ရဲ့ ဆရာမကြီး မျက်ကြွယ်ရဲ့ အမိန့်နဲ့သူ့ကို သတ်လိုက်မိတယ်၊ သူ မရှောင်လို့ ဒီဒဏ်ရာရခဲ့တာ သူက ငါ့ကို

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာမရစေချင်လို့သာ ငါက သူ့ကို အဲဒီလောက် ဒုက္ခပေးနိုင်ခဲ့တာ အဲဒီတုန်းက ဘာတွေဘယ်လိုပဲ ဖြစ်ခဲ့ဖြစ်ခဲ့လေ၊ အခု အချိန်မှာတော့ သူ့ကို သတ်ကိုသတ်ရတော့မှာပဲ၊ ကဲ... သေပေတော့...'

ချူကျူးသည် ဟူကျင်း၏ ရင်ဘတ်မှ အမာရွတ်ကို တွေ့လိုက်ရခြင်းကြောင့် အတွေးများ ဝေသွားရပြီး ခေတ္တမျှ တွေဝေသွားခဲ့ရသည်။

ဤမျှ ခေတ္တမျှသော အချိန်ကလေးသည် ဝေရီ၊ ရန်ရောင်၊ ခူတို့နှင့် ချင်လိရှန်တို့အတွက် အလွန်ကြီးမားသော အခွင့်အရေးကြီးပင် ဖြစ်တော့သည်။

ချူကျူး တွေဝေသွားသည့် အချိန်အတွင်း သူတို့ လေးယောက်စလုံး 'ဝုန်း'ခနဲ ခုန်ဝင်လာကြတော့သည်။

ဝေရီသည် ဟူကျင်း၏ ရှေ့၌ ကာရပ်လိုက်သည်။ ရန်ရောင်နှင့်ခူတိုတို့က ဘေးတစ်ဘက်တစ်ချက်မှ အပြင်းထန်ဆုံးသော တိုက်ကွက်များဖြင့် တိုက်ခိုက်လိုက်သည်။

ထိုအချိန်တွင် ချင်လိရှန်က ဟူကျင်းကို ပွေ့ချီ၍ ခုန်ထွက်သွားပေပြီ။

ထိုအခါ ဝါမေရိုဏ်းသားများနှင့် ရောင်လင်ဘုန်းကြီးအချို့ အော်ဟစ် ခုန်ထွက်လာကြတော့၏။ ရန်ရောင်နှင့် ခူတိုတို့သည်



ဟူကျင်းကို ချင်လိရှန် ကယ်ထုတ်သွားပြီကို သိလိုက်ရသောအခါ ဆက်မတိုက်တော့ပေ။ နောက်သို့ ဆုတ်ခွာသွားကြတော့၏။

ဝေရီကမူ ရီလင်တန်းကို ပွေ့ချီ၍ ပြန်ဆုတ်လိုက်သည်။

ဝေရီ၊ ရန်ရောင်၊ ခူတို၊ ချင်လိရှန်တို့နှင့် တစ်ပြိုင်နက်တည်း ခုန်ထွက်သူတစ်ဦးမှာ ကျောက်မိန်ဖြစ်သည်။ သို့သော် သူ၏ သိုင်းပညာ အဆင့်နိမ့်နေသဖြင့် ထိုလေးယောက်ကဲ့သို့ လျင်မြန်စွာ လိုက်ပါတိုက်ခိုက်ခြင်း မပြုနိုင်ခဲ့ပေ။ နောက်ကျ ကျန်နေခဲ့ရသည်။ ထို့ကြောင့် ချင်လိရှန် ချီမလာသည့် ဟူကျင်းကို လမ်းတစ်ဝက်မှ ပွေ့ယူဆီးကြိုလိုက်ရတော့သည်။

ဟူကျင်း၏ နှုတ်ခမ်းထောင့်စွန်းတွင် သွေးများ ယိုကျနေသည်ကို တွေ့ရသောအခါ ကျောက်မိန်၏ မျက်နှာတစ်ပြင်လုံး သွေးဆုတ်ဖြူရော် သွားတော့သည်။

ကျောက်မိန်၏ စိုးရိမ်ပူပန်မှုကို တွေ့လိုက်ရသောအခါ ကျောက်မိန်အား နှစ်သိမ့်လိုသဖြင့် ဟူကျင်းက ပြုံး၍ ပြောလိုက်သည်။

'ဘာမှ သောကရောက်မနေနဲ့ ကျောက်မိန်၊ ဒဏ်ရာပြင်းထန်တာ မှန်ပေမယ့် ငါ့အတွက် သိပ်စိုးရိမ်နေစရာ မရှိပါဘူး၊ ထွက်သက်ဝင်သက်ကို ရှူရှိုက်လေ့ကျင့်ပြီး အတွင်းအားတွေကို နေသားတကျ မူလနေရာသို့ ပြန်ပို့ပြီးရင် ငါ သက်သာသွားမှာပါ'

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် ကျောက်မိန်၏ ရင်ခွင်မှ လူးလဲ ထလိုက်သည် သူတို့ ဂိုဏ်းသားများ စုဝေးနေသည့် နေရာ၏ အလယ်တွင် တင်ပျဉ်ခွေ ထိုင်ကာ အတွင်းအားကျင့်စဉ်များအတိုင်း သူ၏ အတွင်းဒဏ်ရာများကို ပျောက်ကင်းအောင် လေ့ကျင့်နေလိုက်၏။

ထိုစဉ် ချူကျူးက ကွက်လပ်တွင် ရပ်ကာ အော်ဟစ်နေသည်။

'ထွက်လာခဲ့ကြလေ၊ ဘယ်သူလာမလဲ၊ လာခဲ့ကြ၊ ကျွန်ုပ်ထက် သိုင်းပညာ ပြိုင်ချင်သူရှိရင် ထွက်ခဲ့ကြ'

လက်ယာရံ ခူတို၏ မျက်နှာသည် ရုတ်တရက် တင်းမာသွားသည်။ သူ၏ ခါးစည်းကြိုးကို တင်းကျပ်စွာ စည်းလိုက်ပြီး ကွက်လပ်ပြင်သို့ ခုန်ထွက်ရန် ဟန်ပြင်လိုက်သည်ကို ဟူကျင်း တွေ့လိုက်ရသော အခါ…

'ခူတို… ကျုပ် အမိန့်ထုတ်လိုက်တယ်၊ ခင်ဗျား ထွက်မတိုက်ရဘူး၊ ကျုပ်တို့ အရှုံးပေးလိုက်တော့'

ဟူကျင်းသည် အတွင်းဒဏ်ရာကုစားနေသည့်အချိန်ဖြစ်သော ဤကဲ့သို့ သမာဓိအားပျက်သည့် အပြုအမူမျိုးကို လုံးဝ မပြုလုပ်ကြရချေ၊ ခူတိုအတွက် စိုးရိမ်သောကြောင့် မိမိကိုယ်ကို ဂရုမစိုက်တော့ဘဲ ဤကဲ့သို့သော စကားပြောလိုက်ရခြင်း ဖြစ်သည်။ ထို့ကြောင့် သူ၏ အတွင်းအားလှိုင်းများ နေရာမှားယွင်းသွားပြန်ကာ သွေးများ ထိုးအန် ပြန်တော့၏။



ခူတိုသည် ဂိုဏ်းချုပ်ကြီး၏ အမိန့်ကို ကြားလိုက်ရသော အခါ တုံ့ခနဲ ရပ်ဆိုင်းသွားပြီး ဆက်မထွက်ရဲတော့ချေ။

ချူကျူးကမူ နောက်ထပ်နှစ်ကြိမ်တိတိ စိန်ခေါ်သည်။

စောစောက ဟူကျင်းနှင့် ချူကျူးတို့၏ တိုက်ပွဲတွင် အတွင်းအိုတ် ဖြစ်သွားရသည့် ကိစ္စ၌ သူတို့နှစ်ယောက်မှ တစ်ပါး မည်သူမျှ သိလိုက်ကြပေ။

ချူကျူး၏ အတွင်းအား သိုင်းပညာ အံ့မခန်း ကောင်းမွန်လှသဖြင့်သာ သိုင်းလောက၌ ဟိုးဟိုးကျော်နေသည့် ဟူကျင်းကဲ့သို့သော သူမျိုးကို တစ်ချက်တည်းဖြင့် အလဲ တိုက်ခိုက်နိုင်ခြင်း ဖြစ်သည်ဟု ထင်မြင်ထားကြသည်။ သူတို့အမြင်တွင် ချူကျူးက သက်ညှာလိုက်၍သာ ဟူကျင်း အသက်ချမ်းသာရာရသွားခြင်း ဖြစ်သည်ဟု နားလည်ထားကြ၏။ သူမကဲ့သို့ မိန်းကလေး တစ်ယောက်က ချင်လီရှန်၊ မိုလင်တန်းနှင့် ဟူကျင်းတို့ကဲ့သို့ ထိပ်သီး သိုင်းသမား အကျော်အမော်ကြီး သုံးယောက်ကို လုံးဝ အနိုင်ယူထားသည်ကို တွေ့ထားကြသဖြင့် သူမနှင့်တိုက်ခိုက်ရန် မည်သူ တစ်ဦး တစ်ယောက်မျှ ထွက်မလာရဲတော့ချေ။

ချူကျူးကမူ ကွက်လပ်အလယ်တွင် စိန်ခေါ်မြဲခေါ်လျက် ရှိနေသည်။ အတန်ကြာအောအခါ တားမာကျောင်းတိုက်မှ ဘုန်းတော်ကြီးသည် ကွက်လပ်အပြင်သို့ ထွက်လာပြီး ကြေညာလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝါမေဂိုဏ်းချုပ်ကြီးကို သိုင်းပညာအတော်ဆုံး ပုဂ္ဂိုလ်အဖြ
ရွေးချယ်လိုက်တယ်၊ မကျေနပ်တဲ့လူ ရှိသေးသလား'

ဘုန်းကြီးသည် သုံးကြိမ်သုံးခါမျှ အော်ဟစ် မေးမြန်းလို
သည်။ မကျေနပ်ဟု ပြောရဲသူ တစ်ဦးတစ်ယောက်မျှ မရှိ
ထို့ကြောင့် ဘုန်းကြီးက...

'ဒီလို မကျေနပ်တဲ့လူ လုံးဝ မရှိတော့ဘူးဆိုရင် အာ
ကတိထားခဲ့ကြတဲ့အတိုင်း ရွှေမွေးခြသေ့်မင်း ရက်စွန်းကို ဝါမေ
ရဲ့ ဂိုဏ်းချုပ်ကြီး ချူကျူးရဲ့ လက်ထဲ အပ်လိုက်ပါတယ်'

ဟူကျင်းသည် အတွင်းအားဖြင့် အတွင်းဒဏ်ရာ ကုသ
ချိန် ထိုကြေညာချက်ကို ကြားလိုက်ရသောအခါ စိတ်ထဲ၌ အ
လှုပ်ရှားသွားပြန်သဖြင့် သူ၏ အတွင်းအားလှိုင်းများသည်
တကျ မလှည့်ပတ်တော့ဘဲ မှားယွင်းစ ပြုလာပြန်တော့၏။

ကျောက်မိန်သည် တစ်ချိန်လုံးလိုလို ဟူကျင်းအား
နေသူဖြစ်ရာ ထိုအချင်းအရာကို တွေ့လိုက်ရသောအခါ ဟူ
အတွက် အလွန် စိုးရိမ်သွားသည်။ ဟူကျင်း မည်သည့်အ
ကြောင့် စိတ်လှုပ်ရှား သွားသည်ကိုလည်း သိသည်။ ထို့
ဟူကျင်း စိတ်မပူစေရန် ချော့မော့ နှစ်သိမ့်လိုက်သည်။

'ဟူကျင်း... ဘာဖြစ်လို့ အဖေကြီး ရက်စွန်းအတွက်
နေရတာလဲ၊ သူတို့က ချူကျူးလက်ထဲ အပ်လိုက်တာ



ကောင်းသေးတယ်၊ သူ စောစောတုန်းက ရှင့်ကို မသတ်တာ ရှင့်
အပေါ်မှာ သံယောဇဉ် ရှိနေသေးတယ်ဆိုတာကို ပြတာပဲ၊ သူက
ရှင့်ကို ပြန်ပေါင်းချင်သေးတာပါ၊ ဒီတော့ ရှင့်အဖေကြီးကို သူ
ဘယ်လိုလုပ် သတ်ရက်တော့မှာလဲ'

ဟူကျင်းသည် ကျောက်မိန်၏ စကားများကို ဖြစ်နိုင်
သည်ဟု ယူဆလိုက်သည်။ ထို့ကြောင့် သူ့အဖေကြီးရက်စွန်းအတွက်
စိတ်ပူသွားကာ သူ၏ အတွင်းအားကို ပြန်၍ လေ့ကျင့်နေလိုက်
တော့လေသည်။

ထိုအချိန်၌ ဩကာသ လောကတစ်ခုလုံး မှောင်မိုက်စ
ပြုလာလေပြီ။ ထိုစဉ် ခုံကျိဆရာတော်ကြီး၏ ကိုယ်စား တစ်ချိန်လုံး
ထိုလို ဦးဆောင်ဦးရွက် ပြုနေသော တားမော ကျောင်းတိုက်မှ
ဘုန်းကြီးက...

'ရက်စွန်းကို အနောက်ဘက်တောင်မှာ ထိန်းသိမ်းထားပါ
တယ်၊ ဒီနေ့တော့ မှောင်လဲ မှောင်နေပါပြီ၊ မနက်ဖြန် မနက်ကျရင်
အားလုံး ဒီနေရာမှာ ထပ်ပြီး စုစည်းကြတာပေါ့၊ အားလုံး စုစည်းပြီး
ရင် ဘုန်းကြီး အနေနဲ့ ဒကာတို့ အားလုံးကို အနောက်ဘက်တောင်ကို
ခေါ်သွားပါ့မယ်။ အဲဒီ အခါကျတော့မှ ဝါမေဂိုဏ်းချုပ် ကိုယ်တိုင်
ရက်စွန်းကို လွှတ်ပေးဖို့ ပြောပါ၊ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီအချိန်
ကျတော့ ဝါမေဂိုဏ်းချုပ်ကြီးရဲ့ အထွတ်အထိပ် သိုင်းပညာစွမ်းကို
မြင်တွေ့ကြရဦးမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ထိုဘုန်းကြီး၏ စကားကို ကြားလိုက်ရသောအခါ ဟူကျ
တို့သည် တစ်ယောက်ကို တစ်ယောက် နားလည်သော အကြည့်
ကြည့်လိုက်ကြသည်။ ကျောက်မိန်၏ တွေးဆချက်များ အတို
အားလုံးဖြစ်လာကြလေပြီ။

ချူကျူး၏ သိုင်းပညာ မည်မျှကောင်းကောင်း တ
ဘုန်းတော်ကြီးသုံးပါး၏ သိုင်းပညာကို မည်သို့မျှ မမီနိုင်
နောက်ဆုံးတောင်ကုန်းထိပ်မှပင် အသက်ဆုံးရှုံးရပေလိမ့်မည်။

ထို့နောက် သိုင်းသမား အားလုံးသည် ရှောင်လင်ဘုန်း
များ နေရာချထားသည့်အတိုင်း ကိုယ့်အဆောင် ကိုယ် ပြန်ကြ
၏။ ခူတိုတို့ကမူ ဟူကျင်းကို ပွေ့ချီ၍ မိမိတို့အတွက် သတ်မှတ်
ထားသည့် အဆောင်သို့ ပြန်လာကြသည်။

နောက်ထပ်နှစ်နာရီကြာမျှ အတွင်းအား လေ့ကျင့်
သောအခါ ဟူကျင်းသည် အကောင်းပကတိ ဖြစ်သွားတော့
ရန်ရောင်တို့ အားလုံးက ဤမျှ တိုတောင်းလှသော အချိန်
အတွင်း ပြင်းထန်လှသည့် ဒဏ်ရာကို ကုသနိုင်ခြင်းအတွက် ဟူ
အား အလွန်ချီးကျူးမိကြသည်။ တော်ရုံတန်ရုံ သိုင်းပညာဖြင့်
ဖြင့် ဤသို့ ကုသနိုင်လိမ့်မည် မဟုတ်ချေ။ တန်းလွန် အဆ
သိုင်းပညာ ရှိမှသာ ဤသို့ လွယ်လွယ်ကူကူ ကုသနိုင်ပေသည်



ဟူကျင်းသည် ညစာ စားသောက်ပြီးသည်နှင့် ခေတ္တ အနား
ယူလိုက်သည်။ အနားယူပြီးသည်နှင့် ထရပ်လိုက်ပြီး အားလုံးအား
အသိပေးလိုက်သည်။

'ကဲ...အားလုံးပဲ ကျုပ်မှ အပြင် ခဏ သွားလိုက်ဦးမယ်'

မည်သည့်နေရာသို့ မည်သည့်ကိစ္စဖြင့် သွားသည်ကို မည်
သူကမျှ မမေးရဲကြချေ။ ကျန်းဟူကျင်းသည် အလင်းမာန်ဂိုဏ်း၏
ဂိုဏ်းချုပ်ကြီး မဟုတ်ပါလား။ သို့သော် ဂိုဏ်းတူ ဦးလေး ချင်လိ
ရှန်ကမူ ပြောသင့် ပြောထိုက်သော စကားကို ပြောလိုက်သည်။

'ဟူကျင်း...မင်းက အခုမှ ဒဏ်ရာပျောက်စဆိုတော့ အစစ
အရာရာ သတိထားပါ'

'ဟုတ်ကဲ့... ကျွန်တော် သတိထားပါ့မယ်'

ကျောက်မိန်၏ မျက်နှာ၌ စိုးရိမ်ပူပန်သော အမူအရာများကို
တွေ့လိုက်ရသောအခါ ဟူကျင်းသည် သူမအား ပြုံးပြလိုက်ပြီး...

'ကျောက်မိန်...ဘာမှ စိတ်ပူမနေပါနဲ့၊ အကြောင်းရှိလို့ပါ'

ဟူကျင်း အဆောင်အပြင်သို့ ရောက်ရှိသောအခါ ညီကြီး
ဘုန်းကြီးတစ်ပါးကို တွေ့လိုက်ရသဖြင့် မေးမြန်းလိုက်သည်။

'ဝါမေဂိုဏ်းက ဘယ်ဘက်မှာ တည်းခိုတာလဲ'

ထိုဘုန်းကြီးသည် ယခု မေးမြန်းနေသူမှာ အလင်းမာန်
ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်း ဖြစ်ကြောင်းသိရှိလိုက်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့ ထိတ်လန့်သော စိတ်များဖုံးလွှမ်းသွားသည်။ ထို့ကြော
လေးစားစွာဖြင့် ဖြေကြားလိုက်သည်။

'လာပါ…လာပါ…၊ ကျုပ်ပဲလိုက်ပြီ၊ လမ်းပြပေးပါမယ်'

ဘိုန်းကြီးသည် … ပြောပြောဆိုဆိုဖြင့် အနောက်ဘက်
ဆောင်သို့ လျှောက်သွားတော့၏။ ဟူကျင်းသည် သူ့နောက်မှ လိ
သွားရတော့သည်။ ဝါမေဂိုဏ်းအတွက် သတ်မှတ်ပေးထားသေ
အဆောင်များသည် အတော်လှမ်းပေသည်။ အတန်ကြာ လျှော
သောအခါ အိမ်သုံးလုံးမျှ တွေ့ရှိကြရသည်။ ထိုအိမ်များကို ဘုန်း
က ညွှန်ပြသည်။

'ဂိုဏ်းချုပ်ကြီး … ဟောဟို အိမ်တွေကတော့ ဝါမေဂိုဏ်း
ဂိုဏ်းသားတွေ စတည်းချတဲ့ အိမ်တွေပါပဲ'

ဟူကျင်းသည် ကျေးဇူးတင် စကားပြောပြီး၊ ထိုအိမ်များ
တစ်ယောက်တည်း လျှောက်လာခဲ့တော့သည်။ ဘုန်းကြီးကမူ
လမ်းအတိုင်း ပြန်သွားကော့သည်။ ဟူကျင်း ထိုအိမ်ကလေး
ရောက်သောအခါ အမှောင်ထဲမှ မိန်းမနှစ်ယောက် ခုန်ထွက်လာ
သည်။ သူတို့လက်ထဲတွင် ဓားကိုယ်စီကိုင်လျက် ရှိနေ၏။

'ညဥ့်ကြီးမင်းကြီး ဘယ်သူလဲ'

'အလင်းမာန်ဂိုဏ်းက ကျွန်းဟူကျင်းပါ၊ ခင်ဗျား
ဂိုဏ်းချုပ်နဲ့ တွေ့ချင်လို့ပါ'





ထိုဂိုဏ်းသူ နှစ်ယောက်သည် အစပထမ၌ ဟူကျင်းအား
သာမန်လူ တစ်ဦးဟု အထင်ရှိသဖြင့် မာမာထန်ထန် ဆက်ဆံလိုက်
ခြင်းဖြစ်သည်။

သို့သော် အလင်းမာန်ဂိုဏ်းချုပ်ကြီး ကျွန်းဟူကျင်း ဖြစ်
ကြောင်း သိလိုက်ရသောအခါ အံ့ဩွန်တရာ ထိတ်လန့်သွားကြလေ
၏။

'ဂိုဏ်းချုပ်ကြီး ခဏ စောင့်ပါ၊ ကျွန်မတို့ သွားပြီး သတင်းပို့
လိုက်ပါမယ်'

သူမသည် လေချွန် အ…က်ပေးလိုက်ပြီး အတွင်းသို့ ဝင်
သွားတော့သည်။ ဝါမေဂိုဏ်း ကာ…ချတားပုံ အဆင့်ဆင့်သည် စနစ်
တကျ ရှိလှပေသည်။

ယနေ့အဖို့၌ ဝါမေဂိုဏ်းချုပ်ကြီးသည် သိုင်းလောကမှာ
တကယ့် နာမည်ကြီးသိုင်းသမားကြီး သုံးယောက်အား အနိုင်ယူနိုင်ခဲ့
သဖြင့် အလွန် နာမည်ရလိုက်သည်။ အခြားသိုင်းသမားများသည်
ဝါမေဂိုဏ်းအား လုံးဝ ကြောက်ရွံ့သွားကြသည်။ သို့သော် ဝါမေ
ဂိုဏ်း အနေဖြင့် သူတော်စားဂိုဏ်းသားများအပေါ် ရက်စက်သော
ကျူးလွန်မှုများ ပြုလုပ်ခဲ့မိကြသည်။

လျှို့ဝှက် လက်စားချေမည်ကို စိုးရိမ်နေကြရပေသည်။
ထို့ကြောင့် ကင်းအထပ်ထပ် ချထားခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ဟူကျင်းနှင့် တွေ့ဆုံလိုက်ရသည့် မိန်းကလေး၏ လေချွန်သံ ကြားလိုက်ရသောအခါ ဘေးဘက်မှ လူနှစ်ဆယ်ခန့် ခုန်ထွက် ရောက်ရှိလာကြတော့သည်။ ဟူကျင်းကမူ မည်သို့မျှ စိုးရိမ် ပူပန်မှု မရှိချေ။ အေးဆေးတည်ငြိမ်စွာပင် စောင့်ဆိုင်းလျက် ရှိနေ သည်။

စောစောက မိန်းကလေး ပြန်ထွက်လာခဲ့ချေပြီ။ သူမက—

'ကျွန်မတို့ ဂိုဏ်းချုပ်ကြီးက အမိန့်ရှိလိုက်ပါတယ်၊ ညဉ့် အချိန်မတော်မှာ ယောက်ျားနဲ့ မိန်းမ တွေ့ဆုံခြင်းဟာ တခြားလူတွေ အထင်လွဲစရာ အကြောင်းရှိနိုင်ပါတယ်တဲ့၊ ဒါကြောင့် လက်ခံ မတွေ့ ဆုံလိုပါဘူးတဲ့၊ ဂိုဏ်းချုပ်ကြီး ပြန်ကြွပါတော့'

ကျန်းဟူကျင်းက...

'ကျုပ်လာတဲ့ကိစ္စက တခြားကိစ္စ မဟုတ်ပါဘူး။ ကျုပ်ဟာ ဆေးပညာ တတ်ကျွမ်းတဲ့ လူတစ်ယောက်ပါ၊ ဆို့ချင်းစူးကို ဆေးကု ပေးမလို့ လာတာပါ၊ တခြား ဘာကိစ္စအတွက်မှ မဟုတ်ပါဘူး၊ ဒီအ ကြောင်း သွားပြောပေးပါဦး'

မိန်းကလေးသည် ဟူကျင်း၏စကားကြောင့် အံ့သြသွား မိသည်။ သို့သော် မည်သည့် စကားကိုမျှ ပြန်ပြောမနေတော့ဘဲ အတွင်းသို့ တစ်ခေါက် ပြန်ဝင်သွားပြန်သည်။ အတန်ကြာမှ သူမ ပြန်ထွက်လာသည်။ သူမက...



'ဂိုဏ်းချုပ်ကြီး အတွင်းကိုကြွပါလို့ ဖိတ်ခေါ်လိုက်ပါတယ်'

ဟူကျင်းသည် အတွင်းဘက်သို့ ဝင်လာသည်ကို သိရှိ သော်လည်း လုံးဝလှည့်မကြည့်ချေ။

ဟူကျင်းကို ခေါ်ဆောင်လာခဲ့သည့် မိန်းကလေးသည် ချူကျူးကို အချက်ပေးလိုက်ပြီး အခန်းတွင်းမှ ပြန်ထွက်သွား တော့ ၏။

တစ်ကိုယ်တည်း ဆွေးမြေ့ ကြေကွဲနေသည့် ချူကျူး၏ အမူအရာများကို တွေ့လိုက်ရသောအခါ ဟူကျင်း၏ရင်ထဲတွင် က သနားစိတ် ဝင်လာတော့သည်။ ချူကျူးသည် သူ့အပေါ် ရက်ရက်စက်စက် ပြုမူထားသော်လည်း ချူကျူးအပေါ် လုံးဝ စိတ်မနာပေ။ ဟူကျင်းသည် လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

'ဆို့ချင်းစူးရဲ့ ဒဏ်ရာ အခြေအနေ ဘယ်လိုနေသလဲ၊ ကုလို့ ရနိုင်ရင် ငါ ကုပေးချင်ပါတယ်၊ ငါ အခု ကြည့်လို့ရမလား'

ချူကျူးကမူ လုံးဝ လှည့်မကြည့်ဘဲ အေးစက်သော လေသံ ဖြင့် ပြောလိုက်သည်။

'သူ့ရဲ့ ခေါင်းခွံ တစ်ခုလုံးက ကြေနေပြီး ဒဏ်ရာက သိပ် ကြီးကျယ်တယ်၊ ဒီတစ်ညတောင် အသက်ရှင်မှ ရှင်နိုင်ပါ့မလား မသိဘူး၊ ရှင်က ဘာဖြစ်လို့ ဒီလောက်တောင် ကယ်ချင်နေရတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် ချူကျူး၏ စကားကြောင့် မည်သည့် စကားပြောရမှန်းပင် မသိနိုင်တော့ချေ။ သို့သော် အကောင်းဆုံး ဖြစ်မည့် စကားကို ရွေးချယ်ပြောလိုက်သည်။

'ငါက မင်းအပေါ်မှာ အင်မတန် ကြီးလေးတဲ့ အမှားကြီး တစ်ခု ကျူးလွန်ခဲ့ဘူးတယ် မဟုတ်လား၊ ဒီအမှား ပြန်ကျေသွားအောင် ငါ အကြွေးဆပ်ရမယ်၊ နောက်ပြီး ဒီနေ့ ပြိုင်ပွဲ ပြိုင်ပွဲမှာလည်း ညှာလိုက်လို့ ငါ အသက်ချမ်းသာရခဲ့တာ မဟုတ်လား၊ အဲ့ဒါအတွက်လည်း အကြွေးပြန်ဆပ်ရမှာပဲ၊ ဒါကြောင့် ငါ တတ်နိုင်တဲ့ ဆေးပညာနဲ့ ဆို့ချင်စူးရဲ့ ဒဏ်ရာကို ကုသပေးဖို့ လာခဲ့တာပဲ'

'ဟင့်အင်း... ရှင် ပြောတာ မှားနေပြီ၊ ရှင်က ကျွန်မကို အရင်ညှာလိုက်တာပါ၊ ဒီပြိုင်လူတွေ မသိပေမယ့် ကျွန်မကတော့ ကောင်းကောင်း သိတယ်၊ ကဲ...ဒါတွေ ထားလိုက်ပါတော့၊ ရှင်က ဆို့ချင်းစူးကို ကယ်နိုင်ရင် ကျွန်မက ရှင့်ကို ကျေးဇူးဆပ်ရမှာလေ'

ဟူကျင်းသည် မေးကြောကြီးများ ထောင်နေအောင် အံ တစ်ချက် ကြိတ်လိုက်သည်။ သူ့စကားများကို တစ်လုံးချင်း ပြောလိုက်တော့သည်။

'ငါ့ အဖေကြီးရဲ့ အသက်ကို ရအောင် ကယ်ပေးပါ'

ချူကျူးသည် မည်သည့် စကားကိုမျှ ပြန်မပြောတော့ အတွင်းဘက် အခန်းသို့ လက်ညှိုး ညွှန်ပြလိုက်သည်။ ထိုအခန်း အတွင်း၌ လဲလျောင်းလျက် ရှိနေကြောင်း တွေ့လိုက်ရသည်။



ဟူကျင်းသည် ခုတင်စောင်းတွင် ဝင်ထိုင်၍ ဆို့ချင်းစူးအား အကဲခတ် ကြည့်လိုက်သည်။ ဆို့ချင်းစူး၏ မျက်လုံးများမှာ ရှေ့သို့ မြူးထွက်လျက် ရှိနေပြီး၊ မျက်နှာ တစ်ခုလုံးသည်လည်း တွန့်လိမ်မဲ့ရွဲ့လျက်ရှိနေ၏။ ရုတ်တရက် မြင်တွေ့လိုက်ရလျှင် တွေ့မြင်ရသူ အဖို့ လိပ်ပြာလန့်သွားတော့မလောက် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည်။ အသက်မှု မျဉ်းမျဉ်းကလေးရှူလျက်ရှိနေသေးသည်။

ဟူကျင်းသည် ဆို့ချင်းစူး၏ လက်ကောက်ဝတ်ကို စမ်းသပ်ကြည့်လိုက်သည်။ သွေးခုန်နှုန်းမှာ နှေးလိုက် မြန်လိုက် ဖြစ်နေသည်။ ဆို့ချင်စူး၏ ဦးခေါင်းကို သေချာစွာ စစ်ဆေး ကြည့်လိုက်သောအခါ ခေါင်းခွံသည် လေးနေရာ ကွဲအက်ကြေမွနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

အနာရှိလျှင် ဆေးရှိရပေမည်။ အနာနှင့်ဆေး တည့်အောင်ပေး၊ ပျောက်ရေးမခက်ပါ ဆိုသည့် စကားအတိုင်း ဆို့ချင်စူး၏ ဒဏ်ရာများကို မည်သည့်ဆေးဖြင့် ကုသရမည်ကို စဉ်းစားရပေမည်။ ထို့ကြောင့် ဟူကျင်းသည် ကုလားထိုင် တစ်လုံးတွင် ဝင်ထိုင်လျက် လိပ်ပြာကုန်း သမားတော်ကြီးထံမှ သူ သင်ယူတတ်မြောက်ခဲ့သော ဆေးပညာရပ်များကို ပြန်လှန် စဉ်းစားရတော့သည်။ ထို ဆေးပညာထဲမှ အသင့်လျော်ဆုံးသော ကုထုံးဖြင့် ကုသရပေမည်။ နောက်ဆုံး မည်သည့်နည်းဖြင့် ကုသနိုင်မည်ကို စဉ်းစားမိသဖြင့် ထိုင်ရာမှ ထ၍ အခန်းအပြင်သို့ ပြန်ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ချူကျူး... ဆို့ချင်းစူးရဲ့ အသက်ကို ကယ်နိုင် မကယ်နိုင် ဆိုတာတော့ ငါ အတိအကျ မပြောနိုင်ဘူး၊ ဒါပေမယ့် ငါ စမ်းသပ်ပြီးကုချင်တယ်၊ ကုရမလား'

'ကုပါ၊ ရှင် မကုလဲ သူက သေလူဖြစ်နေပြီပဲ၊ ရှင်တောင်မှ ကုလို့ မရတော့ဘူး ဆိုရင်တော့ ဒီလောကထဲမှာ သူ့ကို ကုနိုင်မယ့်လူ တစ်ယောက်မှ မရှိတော့ပါဘူး'

ချူကျူး၏လေသံသည် ရုတ်တရက် ထူးခြားသွားပြီး...

'ကုပါလေ...ရှင်က ဘုရားမှ မဟုတ်တာ၊ အသက်ကယ်နိုင်တယ် ဆိုရင်ပဲ တော်တော်ဟုတ်နေပါပြီ၊ ကျွန်မသိပါတယ်၊ ရှင် အတတ်နိုင်ဆုံး ကြိုးစား ကုသပေးနေတယ်ဆိုတာ၊ ဒါမှ ရှင်လဲ စိတ်ဖြောင့်ဖြောင့်နဲ့ မင်းသမီးရဲ့ ကြင်ယာတော် လုပ်နိုင်မှာပေါ့'

ချူကျူး၏စကားကြောင့် ဟူကျင်း တုန်လှုပ်ချောက်ချား ရတော့သည်။ သူ့အနေဖြင့် ချူကျူး ပြောသည့် စိတ်ထားမျိုးကြောင့် ဆို့ချင်းစူးကို ကုသပေးခြင်း မဟုတ်ပေ။

ဆို့ချင်းစူးသည် ဟူတန်းဂိုဏ်းမှ ဦးလေးကြီး ရှီရှင်ချောင်း၏ တစ်ဦးတည်းသောသားဖြစ်ခြင်းကြောင့် လည်းကောင်း၊ သူ၏ ဂိုဏ်းတူ အစ်ကို ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ဤကဲ့သို့ ကြိုးစား ကုသပေးခြင်းသာဖြစ်သည်။



သို့သော် ဟူကျင်းသည် မည်သည့် အငြင်းအခုံမျှ မပြုတော့ဘဲ အခန်းတွင်းသို့သာ ပြန်ဝင် လိုက်ပြီး ဆို့ချင်းစူးကို စတင် ကုသတော့၏။ သူက ကျောက်မိန်ထံမှ ရထားသော မဟူရာ အရိုးဆက်ဆေးကို အသုံးပြု၍ ဆို့ချင်းစူး၏ ကွဲကြေနေသော ဦးခေါင်းခွံများကို ခက်ခဲစွာဖြင့် ပြန်ဆက်ပေးလိုက်သည်။ ထို့နောက် ဆေးများ သိမ်းပေးလိုက်သည်။ ထို့အပြင် လို[illegible]ရာများတွင် အကြောများကို အပ်စိုက်၍ ကုသပေးလိုက်[illegible]

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



# အင်္ကျီဝါနှင့်မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀၂)

## အင်္ကျီဝါနှင့် မိန်းကလေး

ဟွာကျင်းသည် အပြီးသတ် ဆေးကုပြီးသောအခါ ဆို့ချင်းစူး၏ မျက်နှာကို အကဲခတ်လိုက်သည်။ ယခု ဆို့ချင်းစူး၏ မျက်နှာအရာသည် ဆိုးဝါးသော ဝေဒနာခံစားမှု ရှိဟန်မပြဘဲ တည်ငြိမ်သည်ကို တွေ့လိုက်ရသဖြင့် အလွန်စိတ်ချမ်းသာသွားမိသည်။ အရိပ် လက္ခဏာသည် ဆို့ချင်းစူး၏ အသက်ရှင်နိုင်မည့် အရိပ်လက္ခဏာများပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ယခု ကုသချက်သည် သာမန်ကုသချက်မျိုး မဟုတ်ေ
အလွန်ခက်ခဲ နက်နဲလှသော ဆေးပညာ တတ်မြောက်ထားသူမှသ
ဤဒဏ်ရာ အခြေအနေမျိုးကို ကုသပေးနိုင်သည်။ ပင်ပင်ပန်း
ကြိုးစားပမ်းစား ကုသရခြင်းဖြစ်ရာ ဟူကျင်း အတော် အား
ကုန်ခန်းသွားသည်။ ခေတ္တမျှအနားယူပြီးမှ အခန်းအပြင်သို့ ထွ
လာခဲ့သည်။

ချူကျူးမှာမူ နဂို မူလနေရာမှ လုံးဝ မရွေ့လျားသေး
ဟူကျင်းက...

'ဆို့ချင်စူးရဲ့ ဒဏ်ရာကတော့ ပျောက်ကင်းဖို့ အလား
လာ တော်တော် ကောင်းပြီလို့ ငါယူဆတယ်၊ မင်းလဲ စိတ်အေ
ပါပြီ၊'

ချူကျူးက...

'ဒါပေမယ့် ရှင်သိအောင်တော့ ပြောပြထားရဦးမယ်
အဖေကြီးရဲ့ အသက်ကို ကယ်နိုင် မကယ်နိုင် ဆိုတာတော့ အ
မပြောနိုင်သေးဘူးနော်'

ဟူကျင်းသည် ချူကျူး၏ စကားကို သူ၏ စိတ်တွင်း
ခံလိုက်သည်။ ဘုန်းတော်ကြီး သုံးပါး အကြောင်း မိမိထက် ပ
ပိုမသိနိုင်ပေ။ ထို့ကြောင့် စိတ်ထဲမှ ချူကျူးအား ပြောလိုက်


'အင်း... နက်ဖြန် ဘုန်းတော်ကြီး သုံးပါးကို တိုက်ခိုက်
ရင်တော့ မင်းပဲ ရှုံးနိမ့်ရမှာ အသေအချာပဲ'

သို့သော် ဟူကျင်းသည် ချူကျူးအား တကယ် ပြောဖြစ်
သည့် စကားမှာမူ...

'ငါ့အဖေကြီးကို သူတို့ထိန်းသိမ်းထားတဲ့ နေရာရဲ့ အခြေ
အနေကို မင်းသိရဲ့လား'

'ဟင့်အင်း... မသိဘူး၊ ရှောင်လင်ဂိုဏ်းက ဘာတွေထဲမှာ
ထောင်ချောက်ဆင်ထားလို့လဲ' ပိုဆိုး

ဟူကျင်းသည် တောင်ထိပ်မြေအနေအထား၊ သစ်ပင် စုံးကို
ပင်တည်ရှိပုံ၊ ဘုန်းတော်ကြီး သုံးပါး၏ သိုင်းပညာ စသည့် အချက်
အားလုံး ပြည့်စုံစွာ ရှင်းလင်း ပြလိုက်သည်။

ချူကျူးသည် ငြိမ်သက်စွာ နားထောင်နေရာမှ ခံစားချက်
ကင်းမဲ့သော လေသံဖြင့် ပြန်ပြောလိုက်သည်။

'ရှင်တောင်မှ ဒီ ဘုန်းကြီးသုံးပါးကို မထိုးဖောက်နိုင်တဲ့
နောက် ကျွန်မက ဘယ်လိုလုပ် ထိုးဖောက် နိုင်တော့မှာလဲ၊ ရှင်ပဲ
စဉ်းစားကြည့်ပါဦး၊ သူတို့ရဲ့ပညာကို ကျွန်မလဲ ဘယ်မီတော့မလဲ'

ဟူကျင်းသည် ချူကျူးထံမှ ဤစကားကို စောင့်မျှော်နေခဲ့
သာဖြစ်ပေသည်။ ထိုစကားကို ကြားလိုက်ရသောအခါ အလွန် စိတ်
လှုပ်ရှားသဖြင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ မုန်းတစ်ယောက်ထဲ ဆိုရင်လဲ ဒီဘုန်းကြီး
သုံးပါးကို မနိုင်နိုင်ဘူး၊ ငါတစ်ယောက်ထဲဆိုရင်လဲ မနိုင်နိုင်ဘူး
ဒါပေမယ့် ငါတို့နှစ်ယောက် ညီညီညွတ်ညွတ်နဲ့ပူးပေါင်း တိုက်မ
ဆိုရင်တော့ နိုင်နိုင်ပါတယ်၊ ငါက 'အဖို' အတွင်းအားနဲ့ တိုက်မ
မင်းက 'အမ' အတွင်းအားနဲ့တိုက်ပေါ့၊ ဒီလိုဆိုရင် လွတ်ကွ
ဟာကွက် မရှိတော့ပဲနဲ့ သူတို့ကို နိုင်နိုင်မယ်'

ချူကျူးသည် ခန့်ပြုံး ပြုံးရင်း ပြောလိုက်၏။

'ရှင်နဲ့ကျွန်မက အရင်က စေ့စပ်ဖူးတဲ့ သူတွေ၊ ယော
တော့ ကျွန်မယောကျာ်းက နေ့သေမလား၊ ညသေမလားဖြစ်
မနက်က ရှင့်ကို ကျွန်မ မသတ်လိုက်လို့ ရှင့်ကို ကျွန်မက စိတ်
သေးဘူးလို့ အားလုံးကပြောနေကြတယ်၊ ဒီတခါ ရှင်နဲ့
လက်တွဲပြီး တစ်ခါ ထပ်တိုက်ပြန်ရင် လူတွေက ဘာပြောကြ
ကျွန်မကို လော်လီဖောက်ပြားနေတဲ့ မိန်းမလို့ ပြောကြတော့မှာ

'ဒါက သူတို့စိတ်အထင်ပဲ၊ တို့နှစ်ယောက်စိတ်ထဲမှာ
သားသားရှိနေရင် ပြီးတာပဲ၊ သူများတွေ ပြောနေတာ ဘာ
ဂရုစိုက်နေရမှာလဲ'

ချူကျူးသည် လွတ်ခနဲ ပြောလိုက်မိတော့သည်။

'ရှင်က ရိုးသားနိုင်ပေမယ့် ကျွန်မကမရိုးသားနိုင်လို့

ဟူကျင်းသည် လုံးဝ စကားမပြောနိုင်တော့ပေ။



ချူကျူးသည် သူမ၏ နှလုံးသားအတွင်း၌ လျှို့ဝှက်ဖုံးကွယ်ထားသောအမှန်တရား၏ တစ်စွန်းတစ်စကို မမျှော်လင့် မထင်မှတ်သည့် အချိန်တွင် ဖွင့်လှစ် ထုတ်ဖော်ပြလိုက်ခြင်းပေတည်း။

သို့သော် ချက်ချင်းပင် ချူကျူး၏ လေသံသည် ပြောင်းလဲသွားတော့သည်။ တုန်ယင်လှိုက်လှဲသော အသံများ ပျောက်ကွယ်သွားပြီး တည်ကြည်ခိုင်မာသော လေသံဖြင့် ပြောလိုက်သည်။

'ကျွန်ဟူးကျင်း... ရှင်နဲ့ ကျွန်မ အခုလို အခန်းတစ်ခုထဲမှာ နှစ်ယောက်တည်း စကားပြောနေကြတာ အမြင်မတော်ပါဘူး၊ ပိုဆိုးတာက ညကြီး မင်းကြီး ဖြစ်နေတာပဲ၊ အခုဆိုရင် ဆို့ချင်းစူးကို ကုသတဲ့ ကိစ္စလဲ ပြီးသွားပြီပဲ၊ ရှင်ပြန်နိုင်ပါပြီ'

အိမ်ရှင်က နှင်လေပြီ။

အိမ်ရှင်က နှင်၍ ဧည့်သည်မပြန်လျှင် ရိုင်းစိုင်းရာကျပေတော့မည်။ ဧည့်သည် သံယောဇဉ် အမျှင်တန်းလန်းဖြင့် အိမ်ပြန်ရပေတော့မည်။

ဟူကျင်းသည် သူမကို အရိုအသေပေးကာ လေးလေးနက်နက် တောင်းပန်စကားပြောလိုက်မိသည်။

'ချူကျူး ... မင်းဟာ ငါ့အပေါ်မှာ တကယ့်ကိုကောင်းခဲ့ပါတယ်၊ လူတစ်ယောက်မှာ တန်ဖိုးအရှိဆုံးဖြစ်တဲ့ ငါ့အသက် ကို တောင် ချမ်းသာပေးတဲ့အထိ ကောင်းခဲ့ပါတယ်၊ ဒါကြောင့်မို့ တစ်

www.burmeseclassic.com



လျှောက်လုံး ကောင်းခဲ့တဲ့အတူတူ ဒီတစ်ခါလဲ ငါ့ကိုကျေးဇူး ပြု ပါနော်၊ ဒီကျေးဇူးကို တစ်သက်လုံး ငါမမေ့ပါဘူး'

ဟူကျင်းသည် သူ့အဖေကြီး ရုက်စွန်းကို ကယ်တင်ရန် အတွက် ရည်ရွယ်ပြောဆိုနေခြင်းသာ ဖြစ်သည်။

ချူကျူးသည် မည်သို့မျှ တုံ့ပြန်စကားမပြောဆိုတော့ဘဲ အခန်းတံခါးကိုသာ ဖွင့်လိုက်သည်။

'ကျင့်စေ့…ဧည့်သည်ကို ပြန်ပို့လိုက်တော့'

ဟူကျင်းသည် သည့်မျှထက် ဆက်၍ တောင်းပန်ရန် မဖြစ် နိုင်တော့မှန်း သိသဖြင့် ခေါင်းငိုက်စိုက်ချကာ လျှောက်ထွက်လာ ရတော့သည်။

သူတည်းခိုဆောင်သို့ ပြန်လည် ရောက်ရှိသော အချိန်တွင် ကျောက်မိန် စောင့်မျှော်နေသည်ကို တွေ့ရှိရသည်။ ကျောက်မိန် သည် တတ်နိုင်လျှင် ဟူကျင်းနှင့် အရိပ်ပမာ ကပ်လိုက်နေချင်သည့် မိန်းကလေးပင်တည်း။

ကျောက်မိန်သည် ဟူကျင်းနှင့် မျက်နှာချင်း ဆိုင်မိလျှင် ဆိုင်မိခြင်းပင်…

'ဆို့ချင်းစူးကို ရှင် ကုပေးလိုက်ပြီပေါ့၊ ကျွန်မရဲ့ မဟူရာ အရိုးဆက်ဆေးနဲ့ ကုပေးတာ မဟုတ်လား'





'ဟင်…မင်း တယ်တော်ပါလား၊ တပ်အပ်သေချာကြီးကို ပြောလိုက်တာပဲ၊ ဟုတ်ပါတယ်၊ မင်းရဲ့ မဟူရာ အရိုးဆက်ဆေးနဲ့မှ မကုရင် တခြား ကုစရာဆေးမှ မရှိတော့တာ၊ အခြေအနေကတော့ တော်တော်ကလေး ကောင်းနေပါတယ်၊ ဒါပေမယ့် သူ့ဒဏ်ရာ ပျောက် မပျောက်တော့ အတတ်မပြောနိုင်သေးပါဘူး'

ကျောက်မိန်သည့် သက်ပြင်းရှည်ကြီး တစ်ချက်ချရင်း ပြော လိုက်သည်။

'ရှင်ကတော့ ဆို့ချင်းစူးရဲ့ အသက်ကို ကယ်ပေးလိုက်ရင် ရှင့်အဖေကြီးရဲ့ အသက်ကို ချူကျူးက ကယ်ပေးနိုင်ကောင်းရဲ့ ဆိုပြီး သွားဆေးကုတာ မဟုတ်လား၊ ဟူကျင်း…ဟူကျင်း၊ ရှင်ဟာ တကယ့်ကို အ,တဲ့လူပါပဲ၊ ရှင်က ပေါ့စေလိုလို့ ကြောင်ရုပ် ထိုး ပေးလိုက်တာပဲ၊ ဒါပေမယ့် ဆေးထိုးပေးလိုက်တဲ့အတွက် လေးသွား တယ်ဆိုတာလိုပဲ၊ ရှင်လုပ်သမျှ အဆိုးတွေချည်း ဖြစ်နေတော့တာပဲ၊ ရှင်က သူတစ်ပါးရဲ့ စိတ်ဓာတ်ကို လုံးလုံးမှ မသိဘဲကိုး'

ဟူကျင်းသည် နားမလည်နိုင်စွာဖြင့် ပြုံးမေးလိုက်သည်။

'ဘာ…ဘယ်လို…ဘယ်လို၊ မင်းပြောတာတွေ ငါ ဘာမှ နားမလည်ဘူး'

'ဆို့ချင်းစူးကို ဒီလောက် ကြိုးစားပြီး ရှင်ကုပေး လိုက် တာဟာ သူ့အပေါ် ရှင်က မေတ္တာမရှိတော့ဘူးဆိုတာကို ပြလိုက်တာ

www.burmeseclassic.com



နဲ့ အတူတူပဲ၊ ရှင်စဉ်းစားကြည့်လေ၊ ရှင် အားကြိုးမာန်တက် ကုသလေ ရှင့်ကို သူက စိတ်ဆိုးလေပဲ’

ဟူကျင်းသည် ကျောက်မိန်၏ စကားများကို လုံး၀ သဘော မပေါက်ပေ။

ချူကျူးသည် သူမ၏ ယောကျ်ား ဆို့ချင်းစူးကို ကယ်တင် ပေးသည့်အတွက် မိမိအား စိတ်ဆိုးမည်ဆိုသည်မှာ မည်သို့မျှ မဖြစ် နိုင်ဟု ထင်နေမိသည်။ သူ့ယောကျ်ားကို ကယ်တင်ပေးသည့်အတွက် မိမိကို ကျေးဇူးတင်ရမည်၊ အပြစ်တော့ မတင်နိုင်ဟု ယုံကြည် နေမိသည်။

သို့သော် ဟူကျင်းသည် ဆေးသွားကုစဉ်က ချူကျူး ပြော ခဲ့သည့်စကားများကိုရုတ်တရက် သတိရလိုက်မိသည်။

‘ကျွန်မ သိပါတယ်၊ ရှင်အတတ်နိုင်ဆုံး ကြိုးစား ကုသ ပေးနေတယ်ဆိုတာ၊ ဒါမှ စိတ်ဖြောင့်ဖြောင့်နဲ့ မင်းသမီး ကြင်ယာ တော်လုပ်နိုင်မှာပေါ့’

ထိုစကားများသည် ချူကျူး၏ နှုတ်မှ ထွက်ပေါ်ခဲ့သည့် စကားများပင် ဖြစ်သည်။ ထိုစကားများ၏ အဓိပ္ပာယ်သည် ကျောက်မိန်ပြောသည့် အဓိပ္ပာယ်နှင့် တူနေပေသည်။ ဆို့ချင်းစူး အသက်ကို မိမိကယ်တင်ပေးသည့်အတွက် မိမိအား မလိုလား မြိုက်သည့် သဘောအဓိပ္ပါယ်မျိုး ပါ၀င်နေကြောင်း ယခုမှ စဉ်း စား ပေတော့သည်။



ကျောက်မိန်သည် ဟူကျင်းအား ခနဲ့ပြုံး ပြုံးရင်း မေးလိုက် သည်။

‘ဘာလဲ၊ ရှင်အခုမှ ဆို့ချင်းစူးကို ကယ်လိုက်မိလို့ နောင်တ ရနေတာလား’

ဟူကျင်း မည်သည့် စကားမျှ မပြောနိုင်တော့။ မမြင်နိုင် သော အဝေးတစ်နေရာသို့ မျှော်ကြည့်နေသည့်ပမာ တွေဝေ ငေးမော နေတော့၏။

✦ ✧ ✦ ◇ ✦

နောက်တစ်နေ့ နံနက်...။

အာရုဏ်မိုးသောက်ပြီ ဖြစ်၍ အမှောင်များ ပြေးဝင် ပျောက် ကွယ် သွားကြပြီ။

သိုင်းသမားများသည် မနေ့က သူတို့ စုစည်းခဲ့သည့် မြေ ကွက်လပ်ကြီး၌ တဖြည်းဖြည်း စုဝေး ရောက်ရှိလာကြသည်။ သိုင်း သမားများ အားလုံးလိုလို စုံညီသောအခါ ခုံကျိ ဆရာတော်ကြီးကို လုံး၀ အရေးမစိုက်ဘဲ ဦးဆောင် ဦးရွက်ပြုလျက် စကားပြောခဲ့သော တားမာကျောင်းတိုက်မှ ဘုန်းကြီးသည် မြေကွက်လပ်သို့ ထွက်လာ ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့မှာ ဝါမေဂိုဏ်းချုပ်က ရှက်စွန်းကို ခေါ်ထုတ်ရမယ့် နေ့ပါပဲ၊ ဘုန်းကြီးတို့ ပေးထားတဲ့ ကတိအတိုင်း ရှက်စွန်းကို ထိန်းသိမ်းထားတဲ့ နေရာကို အခု သွားကြမယ်၊ ကဲ...ကဲ... အားလုံး လိုက်ခဲ့ကြပါ'

ဘုန်းကြီး နောက်မှ များပြားလှစွာသော သိုင်းသမားများ တစ်စုတစ်ဝေးကြီး လိုက်ပါသွားကြတော့သည်။

သိုင်းပြိုင်ပွဲ၌ အောင်ပွဲခံခဲ့သော ဝါမေဂိုဏ်းက သိုင်းသမား အားလုံး၏ ရှေ့မှ ဦးဆောင် ချီတက် သွားသည်။ တောင်ကုန်းထိပ်သို့ ရောက်သောအခါ သစ်ပင်ကြီး သုံးပင်ထဲ၌ ငြိမ်သက်စွာ ထိုင်နေကြသော ဘုန်းတော်ကြီး သုံးပါးကို တွေ့မြင်ကြရတော့၏။

ထိုအခါ တားမာကျောင်းတိုက်မှ ဘုန်းကြီးက...

ရှက်စွန်းကို ဒီသစ်ပင် သုံးပင်ကြားက မြေအောက်ခန်းထဲ ပိတ်ထားပါတယ်၊ အခု ဒကာကြီးတို့ မြင်တဲ့အတိုင်းပဲ၊ ဆရာတော်ကြီး သုံးပါးက ဒီမြေအောက်ခန်းကို စောင့်ကြပ်နေပါတယ်၊ ဆရာတော်ကြီး သုံးပါးကတော့ လွယ်လင့်တကူနဲ့ ရှက်စွန်းကို ခေါ် ယူသွားခွင့် ပေးမှာ မဟုတ်ပါဘူး၊ ဂိုဏ်းချုပ်ကြီး ချူကျူးအနေနဲ့ ဆရာတော်ကြီး သုံးပါးကို အနိုင်ယူနိုင်ရင်တော့ ရှက်စွန်းကို ခေါ် ယူသွားခွင့် ရှိပါပြီ၊ ကဲ... ဂိုဏ်းချုပ်ကြီး ချူကျူးရဲ့ သိုင်းပညာ အစွမ်းကို ထပ်ကြည့်ကြရအောင်'



ရန်ရောင်၊ ခူတို့ အစရှိသည့် လူများသည် ဟူကျင်းအား လှမ်း ကြည့်လိုက်ကြသည်။ မနေ့ညက ဟူကျင်းထွက်သွားခြင်းသည် ထိုကိစ္စနှင့် ပတ်သက်၍ ချူကျူးနှင့် သွားရောက် ဆွေးနွေးခြင်း ဖြစ်ကြောင်း ရိပ်မိထားကြသည်။

ယခု ဟူကျင်း၏ မျက်နှာ၌ အလွန် စိတ်လှုပ်ရှားနေသည့် အရိပ်အရောင်များ တွေ့ရသောအခါ ဟူကျင်း၏ ဆွေးနွေးမှုသည် သိပ်အရာ မရောက်လှကြောင်း ခန့်မှန်းမိလိုက်ကြသဖြင့် အားလုံး စိတ်မသက်မသာ ဖြစ်သွားကြရသည်။

ထိုစဉ် ချူကျူးက စတင် စကားပြောတော့၏။

'ဆရာတော်ကြီး သုံးပါးဟာ ရှောင်လင်ဂိုဏ်းရဲ့ သက်တော်ကြီး ဝါတော်ကြီး ပုဂ္ဂိုလ်ကြီးတွေဆိုတော့ သိုင်းပညာ အလွန် အဆင့်အတန်း မြင့်မားမယ် ဆိုတာ လုံးဝ သံသယရှိစရာ မလိုပါဘူး၊ တပည့်တော်မသာမက ဆရာတော်ကြီး သုံးပါးနဲ့ ယှဉ်ပြိုင် တိုက်ခိုက်မယ် ဆိုရင် ဆရာတော်ကြီး သုံးပါးရဲ့ သိက္ခာကို စော်ကားရာ ကျပါလိမ့်မယ်၊ မရှိမသေ မလေးမစား လုပ်ရာလဲ ကျပါလိမ့်မယ်'

တားမာ ကျောင်းတိုက်မှ ဘုန်းကြီးက...

'ဂိုဏ်းချုပ်ကြီး အနေနဲ့ အကူအညီနှစ်ယောက် ခေါ်ချင် ခေါ်နိုင်ပါတယ်၊ ဆရာတော်ကြီး သုံးပါးကတော့ ဘယ်နေ့ ဘယ်မျှ ရယ်လို့တော့ မသတ်မှတ်ထားပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'တပည့်တော်မ အနေနဲ့ မနေ့ညနေက နိုင်ခဲ့တာကတော့ သိပ်တော်လို့ နိုင်ခဲ့တာ မဟုတ်ပါဘူး၊ ကံကောင်းထောက်မလို့ နိုင်ခဲ့ခြင်း ဖြစ်ပါတယ်၊ ဒါကြောင့်မို့ တပည့်တော်မ အနေနဲ့ မနေ့တုန်းက တပည့်တော်မ အနိုင်ယူခဲ့လို့ ဒဏ်ရာ မပျောက်ကင်းသေးတဲ့ လူငယ်လေးတစ်ယောက်ကို ဘောအကူအညီအဖြစ် ခေါ်ပြီး တိုက်နိုက်ပါ့မယ်၊ ဒါဆိုရင် ဆရာတော်ကြီး သုံးပါးက သုံးယောက် တစ်ယောက် တိုက်ရာမကျတော့ပါဘူး၊ တပည့်တော်မ အနေနဲ့ ဒီလူငယ်လေးကို သိပ်သုံးချင်တာတော့ မဟုတ်ပါဘူး၊ ဒီကောင်လေးက သိုင်းပညာ သိပ်ထူးချွန်လှတာမှ မဟုတ်တာ၊ ဆရာတော်ကြီးတွေကို မရိုမသေ မဖြစ်အောင်သာ ထုတ်သုံးရခြင်း ဖြစ်ပါတယ်'

ဟူကျင်းသည် ထိုစကားကို ကြားလိုက်ရသော အခါ အလွန်ဝမ်းသာသွားတော့သည်။

'အင်း...ဘုရားသိကြား မ, တာပဲ၊ ငါ့ တောင်းဆိုချက်ကို သူ လက်ခံလိုက်ပြီ'

အလင်းမာန်ဂိုဏ်းကြီးမှ ဂိုဏ်းသား အချို့ကမူ ချူကျူးက သူတို့ ဂိုဏ်းချုပ်ကြီးအား သူငယ်နပ်စားလေး တစ်ယောက် ပမာ ခေါ်ဝေါ် သုံးနှုန်းနေသည်ကို အလွန် မကြေမချမ်း ဖြစ်နေကြလေသည်။ သို့သော် သူတို့ ဂိုဏ်းချုပ်ကြီး၏ မျက်နှာကို လှမ်းကြည့်လိုက်သောအခါတွင်မူ အလွန်တရာ ဝမ်းသာအားရ ဖြစ်နေသည်ကို တွေ့ရှိရသဖြင့် နားမလည်နိုင်အောင် ဖြစ်မိကြရပြန်သည်။



ရန်ရောင်တို့ကမူ ဟူကျင်း ဝမ်းမြောက် ဝမ်းသာ ဖြစ်နေပုံကို ကြည့်ပြီး မနေ့ညက သွားရောက် ဆွေးနွေးခဲ့သည့် ကိစ္စကို ယခုမှ လက်ခံလိုက်ခြင်းဖြစ်ကြောင်း ရိပ်မိလိုက်ကြသည်။

ဟူကျင်းသည် အပြင်သို့ ထွက်လာပြီး ချူကျူးကို အရိုအသေ တစ်ချက်ပေးလိုက်ကာ...

'ဂိုဏ်းချုပ်ကြီးအနေနဲ့ မနေ့ညက ကျုပ်ရဲ့ အသက်ကို ချမ်းသာပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ကြောင်း ပြော ကြားပါတယ်'

ဟူကျင်း သိနေသည့် အချက် ရှိသည်။ လူရှေ့ သူရှေ့၌ မိမိအား သေးနုပ်သိမ်ငယ်သွားအောင် ပြုမူပြောဆိုခြင်းသည် မင်္ဂလာဆောင်သည့်နေ့က သူမ အရှက်ကွဲခဲ့သည့်အတွက် လက်စားချေနေခြင်း ဖြစ်ကြောင်းနှင့် ဝါမေဂိုဏ်းသားများ ရှေ့၌ သူ၏ ဂုဏ်သိက္ခာကို ညှိမျှ မြင့်တက်ကြောင်း ပြလို၍ ဖြစ်ကြောင်း ဟူကျင်း သိနေသည်။ မိမိအနေဖြင့် မည်မျှ သိမ်ငယ်သည်ဖြစ်စေ၊ မည်မျှ ဂုဏ်ငယ်သည် ဖြစ်စေ မိမိအဖေကြီး ရက်စွန်းအတွက် ခေါင်းငုံ့ ခံရပေမည်။

ချူကျူးက...

'အပိုစကားတွေ ပြောမနေနဲ့၊ ရှင့်ကိုခေါ်တာက တကယ် ကူညီပြီး တိုက်ဖို့ ခေါ်တာမဟုတ်ဘူး၊ ဘောက ဟန်ပြတိုက်ရုံလောက် တိုက်ဖို့ခေါ်တာ'

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် ခါးကိုကိုင်း၍ အရိုအသေ ပေးလိုက်ကာ

'ဟုတ်ကဲ့... ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်အတိုင်း ကျုပ် ဆောင်ရွက်ပါ့မယ်'

ချူကျူးသည် သူမ၏ ကျောပွတ်ကို ဆွဲထုတ်လျက် လေထဲတွင် ဝှေ့ယမ်းလိုက်ရာ စက်ဝိုင်းအကြီးအသေးမျိုးစုံ ဖြစ်ပေါ်လျက် ရှိနေတော့သည်။ သူမ၏ ဘယ်ဘက်လက်ကို လှုပ်ရှား လိုက်သောအခါ မားတိုတစ်ချောင်း ထွက်လာပြန်သည်။

ချူကျူးသည် အံ့မခန်းသော သိုင်းပညာအစွမ်းကို ပြတော့မည်။ လက်နှစ်ဘက် လက်နက်နှစ်မျိုး ကိုင်ဆောင် တိုက်ခိုက်နိုင်သော သိုင်းသမားသည် သိုင်းလောက၌ လွန်စွာ ရှားပါးလှသည်။ ပို၍ ထူးခြားသည်မှာ ချူကျူး၏ တစ်ဘက်စီ၌ ရှိသော လက်နက်များပင်ဖြစ်သည်။ လက်နက်တစ်ခုသည် အရှည်ဖြစ်ပြီး ကျန်လက်နက် တစ်ခုက အတိုဖြစ်နေသည်။ ထိုလက်နက် နှစ်ခု၏ သဘောသဘာဝ ကလည်း ခြားနားနေပေသည်။ တစ်ခုက အပျော့၊ တစ်ခုက အမာ။

သိုင်းသမား အားလုံး ပါးစပ်အဟောင်းသားဖြင့် အထူးတရာ အံ့ဩနေကြတော့၏။ ချူကျူးကို ကြည့်ပြီး စိတ်တတ်များ တက်ကြွလာကြတော့သည်။ သမိုင်းတွင်မည့် သိုင်းပြိုင်ပွဲကြီး တစ်ခုကို ကြည့်ရပေတော့မည်။



ဟူကျင်းကလည်း ကျောက်မီးတိုင် နှစ်ချောင်းကို ထုတ်ယူဆွဲကိုင်လိုက်သည်။ ထိုစဉ် ဟူကျင်းသည် ချောင်းတဟွတ်ဟွတ် ဆိုးနေတော့၏။ အကယ် ချောင်းဆိုးခြင်းကား မဟုတ်ချေ။ သူ့ဒဏ်ရာမပျောက်သေးကြောင်း ပြသလိုသဖြင့် ဟန်ဆောင် ချောင်းဆိုးလိုက်ခြင်း ဖြစ်၏။

တိုက်ပွဲအတွက် အားလုံး စိတ်ဝင်စားနေသည့် အချိန်တွင် တောင်ကုန်း၏ တစ်ဝက်လောက်မှ အလွန် သာယာနာပျော်ဖွယ်ကောင်းလှသော စောင်းခတ်သံများ ထွက်ပေါ်လာတော့သည်။ ထိုအသံများကို ကြားလိုက်ရသဖြင့် ဟူကျင်းသည် အလွန် ဝမ်းသာအားရ ဖြစ်သွားတော့သည်။

တစ်ခဏ အတွင်းမှာပင် အကျီဖြူ ဆင်တူ ဝတ်ဆင်ထားသော မိန်းကလေး လေးယောက်တို့သည် စောင်းကိုယ်စီ ပိုက်လျက် တောင်ကုန်းထိပ်သို့ တက်ရောက်လာကြ၏။

သိုင်းသမားများ တအံ့တဩ ဖြစ်နေစဉ်မှာပင် ပြွေမှုတ်သံများကို ကြားလိုက်ကြရပြန်သည်။ ထိုခဏအတွင်းမှာပင် အကျီနက်ဆင်တူဝတ်ဆင်ထားသော မိန်းကလေး လေးယောက်တို့သည် ပြွေကိုယ်စီဖြင့် တက်ရောက်လာကြပြန်သည်။ ထိုမိန်းကလေး ရှစ်ယောက်တို့သည် တစ်နေရာ၌ သီးသီးသန့်သန့် တစ်တန်းစီ ရပ်တန့် နေလိုက်ကြ၏။ များမကြာမီ အကျီအဝါရောင် ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ရောက်ရှိလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်း မျှော်လင့်ထားသည့်အတိုင်း သူတောင်းစားဂိုဏ်းတွင် တွေ့ခဲ့ရသော အကျီဝါဝတ် မိန်းကလေးပင်တည်း။

သူတောင်းစားဂိုဏ်းမှ ဂိုဏ်းချုပ်မလေးဆယ်ဟုန်သည် ထိုမိန်းကလေးကို တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် ပြေးသွားကာ ထိုမိန်းကလေး၏ ရင်ခွင်တွင်းသို့ ဝင်လျက် ရှိုက်ကြီးတငင် ငိုချလိုက်တော့၏။ ပြီးမှ...

'မမ...မမ...ကျွန်မတို့ရဲ့ ကျန်းပန်နဂါးခေါင်းနဲ့ စည်းကမ်းထိန်းသိမ်းရေးမှူးကြီးတို့ အသတ်ခံလိုက်ရပြီ'

ဆယ်ဟုန်သည် ချူကျူးရှိရာသို့ လက်ညှိုးထိုးလိုက်ကာ...

'သူတို့ ဝါမေဂိုဏ်းရဲ့ လက်ချက်ပဲ မမ၊ ကျန်းပန်နဂါးခေါင်းကို သတ်လိုက်တဲ့ လူက တခြားလူ မဟုတ်ဘူး၊ ဟို...ဟို...'

ဆယ်ဟုန်၏ စကားမဆုံးမီပင် အကျီဝါဝတ် မိန်းကလေးက ပြောလိုက်သည်။

'ဆယ်ဟုန်...မမ ဒီအကြောင်းတွေ သိပြီးပြီ၊ ဟင်း...ဟင်း လစကြာသိုင်းစာအုပ်ထဲက အရိုးခေါင်းလက်သည်း သိုင်းပညာဟာ ဒီလောကထဲမှာ အကောင်းဆုံး သိုင်းပညာ မဟုတ်သေးပါဘူး၊ ဒီလောက် ပညာလေးနဲ့ သိုင်းလောကမှာ မာနတံခွန် လွှင့်ချင်လို့ မရသေးပါဘူးကွယ်'



ထိုစကားများကို ကြားလိုက်ရသောအခါ အားလုံး ထိတ်လန့်တကြား ဖြစ်သွားကြတော့သည်။

ဝါမေဂိုဏ်းက မနေ့ညက အသုံးပြုခဲ့သော လက်သည်းသိုင်းမှာ လွန်ခဲ့သည့် အနှစ်တစ်ရာခန့်က သိုင်းလောက တစ်ခုလုံးကို တသိမ့်သိမ့်တုန်သွားစေခဲ့သော လစကြာ သိုင်းကျင့်စဉ်ထဲမှ အရက်စက်ဆုံး၊ ကြောက်စရာ အကောင်းဆုံး ပညာပင် ဖြစ်တော့၏။ ဦးခေါင်းခွံ လက်သည်းသိုင်း ဆိုသည့် အတိုင်းပင် ရန်သူ၏ ဦးခွံကိုထိုးဖောက်၍ အသေတိုက်ခိုက်လေ့ ရှိကြောင်း သိထားသဖြင့် သိုင်းလောကမှ လူများ ဤမျှ ထိပ်လန့် ကြောက်ရွံ့ ကြခြင်းဖြစ်ပေသည်။

အကျီဝါဝတ် မိန်းကလေးသည် ဆယ်ဟုန်၏လက်ကို ဆွဲ၍ သူတောင်းစား ဂိုဏ်းသားများ အလယ်တွင် ထိုင်ချလိုက်တော့၏။

ချူကျူးသည် ဟူကျင်း၏ နားနားသို့ တိုးကပ်၍ မေးလိုက်သည်။

'ဒီမိန်းမက ဘယ်သူလဲ'

'ဟင့်အင်း..မသိဘူး၊ ငါလဲ သူ့ကို တစ်ခါပဲ တွေ့ဘူး တယ်၊ နာမည်တောင် မသိရသေးဘူး'

ချူကျူးသည် ထိုမိန်းကလေးထံသို့ တစ်ချက် စွေစောင်းကြည့်ပြီးမှ...

'ကဲ... ကျွန်မတို့ စ တိုက်ကြစို့'

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ကြာပွတ်ကို အဆက်မပြတ် ဝှေ့ယမ်းရင်း သုံးပင် သုံးပင်ကြားသို့ ခုန်ဝင်လိုက်တော့၏။

သူမ၏ လှုပ်ရှားမှု ဟန်ပန်သည် အလွန်လှပသည်။ သူမ၏ ကျာပွတ်ဖြင့် တုနန် ဘုန်းတော်ကြီး၏ ကြိုးလက်နက်ကို ရစ်ပတ်လိုက်ပြီး၊ တုနန် ဘုန်းတော်ကြီး၏ တိုက်ကွက်ကို ထိန်းချုပ်လိုက်၏။

တုခေါ်နှင့် တုချက်တို့ နှစ်ယောက်ကလည်း တပြိုင်တည်းလိုလိုပင် သူတို့၏ ကြိုးလက်နက်များကို ဘယ်ညာ နှစ်ဘက် လှုပ်ယမ်းလျက် ချူကျူးကို တိုက်ခိုက်တော့သည်။

ထိုစဉ် ဟူကျင်းသည် ချက်ချင်း ခုန်ထွက်၍ ကျွမ်းတစ်ချက်ထိုးကာ တိုက်ပွဲကြားသို့ ဝင်ရောက်သွားတော့သည်။ ပရိသတ်အားလုံးသည် 'ဟယ်'ခနဲ ဖြစ်သွားကြသည်။ သူတို့၏စိတ်ထဲတွင် ဟူကျင်း သက်သက် ကျွမ်းထိုးလိုက်သည်ဟု မထင်။ သူ၏ ခြေထောက်များ မဟန်နိုင်သဖြင့် လဲကျသွားခြင်းသာ ဖြစ်သည်ဟု ထင်လိုက်ကြသောကြောင့် ဖြစ်သည်။

တကယ်တော့ ကျောက်မီးတိုင်ပေါ်ရှိ ထူးဆန်းလှသော သိုင်းပညာကို အသုံးချလိုက်ခြင်းပင် ဖြစ်တော့သည်။

ဟူကျင်းသည် လဲကျသွားသည့် ဟန်ဖြင့်ပင် လက်ထဲရှိ ကျောက်မီးတိုင် နှစ်ချောင်းဖြင့် တုနန်၏ရင်ဝသို့ ရိုက်ချလိုက်တော့သည်။



ထိုအချိန်တွင် တုနန်၏ ကြိုးလက်နက်မှာ ချူကျူး၏ ကျာပွတ်နှင့် ရစ်ပတ် ငြိတွယ်နေသဖြင့် မည်သို့မျှ မလှုပ်နိုင်ဘဲ ဖြစ်နေ၏ ဖြစ်သည်။

တုခေါ်နှင့် တုချက်တို့သည် တုနန် အန္တရာယ် ကြုံနေသည်ကို တွေ့လိုက်ရသောအခါ ချူကျူးအား တိုက်ခိုက်နေသည့် ကြိုးလက်နက်များအား အလျင်အမြန် ရုတ်သိမ်းလိုက်ပြီး ကြိုးနှစ်ချောင်းစလုံးဖြင့် ဟူကျင်းအား လွှဲရိုက်လိုက်ကြသည်။

ဟူကျင်းက ရှောင်တိမ်း၍ မရတော့သည့် ပုံစံမျိုးဖြင့် မြေပြင်ပေါ်သို့ ရုတ်တရက် လိမ့်ချလိုက်သည်။ အလွန် ပုံပန်းပျက်စွာဖြင့် တုခေါ်၏ ဘေးသို့ ရောက်ရှိလာတော့သည်။

ထိုအခါ တုခေါ်သည် ဟူကျင်း၏ ပခုံးကို ထိုးရိုက်လိုက်သည်။ ဟူကျင်းသည် အားပြောင်း အားလွှဲ သိုင်းပညာကို သုံးကာ တုခေါ်၏ ရိုက်ချက်ကို ဖယ်ရှားလိုက်ပြီး၊ တဆက်တည်းပင် တုချက်ဘက်သို့ တိုးထွက်လိုက်သည်။

အမှန်စင်စစ် ဟူကျင်းသည် ယနေ့အဖို့၌ ချူကျူး၏ နာမည်သတင်း ကျော်စေရန် လုပ်ပေးမည်ဟု ဆုံးဖြတ်ပြီး ဖြစ်သည်။ အကယ်၍ ဤဘုန်းတော်ကြီး သုံးပါးကို အနိုင်ရခဲ့လျှင် မိမိကြောင့် နိုင်ခြင်းမဟုတ်၊ ချူကျူးကြောင့် နိုင်ခြင်းဖြစ်ကြောင်း အများပရိသတ် သိသွားစေချင်သည်။ မိမိ အနေဖြင့်မူ အဖေကြီး ရှက်စွန်းကို ကယ်တင်နိုင်ခြင်းသာ အဓိက ထားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘေးပတ်ပတ်လည်တွင် ထိပ်သီး သိုင်းသမားပေါင်းများ ရှိနေကြသည်။ သို့သော် ကျော်ကမ်းတိုင်ပေါ်မှ သိုင်းပညာ တကယ်ပင် ခက်ခဲ နက်နဲလှသည့်အမြင် မည်သူကမှ တွေ့ဖူး ကြခြင်း မရှိသဖြင့် ကျော်ကမ်းတိုင်ပေါ်မှ သိုင်းကွက်များကို မြနေသော ဟူကျင်းအား မနေ့ညက သွေးအန်သည်အထိ ဒဏ် ခံ၍သာ ဤသို့ ပုံပျက် ပန်းပျက် ဖြစ်နေခြင်းဟု ထင်မှတ်နေကြ ဖြစ်သည်။

ဤသို့ ပုံပျက် ပန်းပျက် ဖြစ်နေခြင်းသည်ပင် ကျော် တိုင်ပေါ်မှ သိုင်းကွက်များ ဖြစ်ကြောင်း မည်သူမှ မသိရှိကြ

ချူကျူးမှာမူ ခုန်ပျံကျော်လွှားလျှက် လျှပ်တပျက်အ ရှေ့ရောက်လိုက်၊ နောက်ရောက်လိုက် တိုက်ခိုက်နေသည်။ သူ တိုက်ခိုက်ပုံသည် အလွန် လှပသည်။

ဟူကျင်းမှာမူ တစ်ချိန်လုံးလိုလိုပင် ပုံပျက်ပန်းပျက် နေတော့သည်။ သူတို့နှစ်ယောက် တိုက်ခိုက်နေပုံသည် အ အမည်း ကဲ့သို့ သိသိသာသာ ကွာခြားလှတော့သည်။ သို့သော် သို့ ပုံပျက်နေသည်ဖြစ်စေ အရေးကြီးသော အန္တရာယ်ရှိသော အနေများတွင်မူ ဟူကျင်းသည် သိသိကလေး လွတ်မြောက်သွား ရှိနေသဖြင့် ဘေးပရိသတ်အဖို့ ရင်တမမ ဖြစ်နေကြရတော့

ဟူကျင်း၏ ထူးဆန်းသော သိုင်းပညာကို တခေါ၊ နှင့် တုနန်တို့ သုံးယောက်ပေါင်းမတိုက်ဘဲ တစ်ယောက်ချင်း



ကြပါက ဟူကျင်း၏ တိုက်ခိုက်မှုကို အပြင်းအထန် ခုခံကြ ရ ပေလိမ့်မည်။

သို့သော်...ယခုမူ ဘုန်းတော်ကြီး သုံးပါးတို့သည် နှစ် ပေါင်းများစွာ တရားကျင့်ပြီးခဲ့သူများ ဖြစ်ကြသဖြင့် စိတ်ဓာတ် အ လွန် တည်ငြိမ်နေကြသည်။ လုံးဝ တိမ်းယိမ်းလှုပ်ရှားကြသူများ မ ဟုတ်ပေ။ ထို့ပြင် သုံးယောက်ပေါင်း တိုက်ကွက်ကို နှစ်နှင့်ချီ၍ လေ့ကျင့်ခဲ့သူများ ဖြစ်ကြသဖြင့် တစ်ယောက်၏ စိတ်ဓာတ်ကို တစ် ယောက်က သိပြီး၊ တစ်ယောက်၏ ဟာကွက် လွတ်ကွက်ကို ကျန်နှစ် ယောက်က ချက်ချင်း ဖြည့်ဆည်းပေးနိုင်ကြသည်။

ထို့ကြောင့် ဟူကျင်းသည် ထူးဆန်းသော သိုင်းကွက် များ ဖြင့် ကိုယ်ဟန်ပုံစံ အမျိုးမျိုး ပြောင်းလဲ တိုက်ခိုက်နေသော်လည်း ဘုန်းတော်ကြီး သုံးပါးတို့အား မည်သို့မျှ ထိခိုက်အောင် မတိုက် နိုင်ဘဲဖြစ်နေရသည်။

ဤသို့ဖြင့် သိုင်းကွက်ပေါင်း တစ်ရာကျော်လာသောအခါ ဘုန်းတော်ကြီး သုံးပါးတို့၏ ကြိုးလက်နက်ရိုက်ချက်များသည် တဖြည်းဖြည်း ပို၍ ပို၍ ပြင်းထန်လာကြောင်း သတိပြုမိလာသည်။

ဘုန်းကြီးများ၏ စွမ်းအင်များ ပိုမိုထက်မြက်လာလေလေ မိမိ၏ ကိုယ်ဟန် လှုပ်ရှားမှုများ ပို၍ နှေးကွေးလာလေလေ ဖြစ်လာ ကြောင်းကိုလည်း ဟူကျင်း သိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ်အားဖြင့် ဟူကျင်း အသုံးပြုနေသော သိုင်းပညာသည် ထူးဆန်းသည် မှန်သော်လည်း အောက်လမ်းနည်း စနစ်များဖြင့် တီထွင်ထားသော ပညာရပ်များ ဖြစ်နေသည်။

ဘုန်းတော်ကြီး သုံးပါး၏ သိုင်းပညာမှာမူ တရားဓမ္မကို လေ့လာ ကျင့်ကြံရင်းမှ တီထွင် ရရှိထားသော အထက်လမ်း သိုင်းပညာ ဖြစ်နေသည်။

ထို့ကြောင့် ဟူကျင်းသည် တိုက်နေရင်း နိုက်နေရင်း တဖြည်းဖြည်း စိတ်ပြောင်းလဲလာသည်။ သူ၏ နှလုံးသား၌ ရိုင်းစိုင်းရက်စက်လိုခြင်း၊ ယုတ်မာ ကောက်ကျစ်လိုခြင်း အစရှိသည့် ဆိုးညစ်သည့် စိတ်ဓာတ်များ ကိန်းအောင်း လာတော့သည်။ ဤအတိုင်းသာ ဆက်လက် ဘိုက်ခိုက်သွားပါက ဘုန်းတော်ကြီး သုံးပါးတို့သည် ဟူကျင်းကို အလွယ်တကူဖြင့် အနိုင်ယူသွားပေတော့မည်။

အပြင်းအထန် တိုက်ခိုက်နေစဉ်မှာပင် ဟူကျင်း၏ ခန္ဓာကိုယ်အတွင်းသို့ မကောင်းဆိုးဝါးတစ်ကောင် ဝင်ရောက်နေသည့်အလား ကြောက်မက်ဖွယ်ရာ အသံနက်ကြီးဖြင့် တဟားဟား ရယ်မောလိုက်တော့၏။ ဟူကျင်း၏ ရယ်သံသည် ဘီလူးကြီး တစ်ကောင်၏ ရယ်မောသံနှယ်တည်း။ ဟူကျင်း၏ ရယ်သံကို ကြားလိုက်ရသော သိုင်းသမား ပရိသတ်ထုကြီးပင် ကြက်သီးတဖြန်းဖြန်း ထသွားကြတော့သည်။





ထိုစဉ် သစ်ပင် သုံးပင်ကြား မြေအောက်ခန်းမှ ဘုရားစာ ...ားစာ ရွတ်ဆိုသံ မှန်မှန်ကြီး ထွက်ပေါ်လာ၏။ ဤအသံကား ...ဝ်စွန်း၏ အသံပင်တည်း။

ရှက်စွန်းသည် ဘုရားစာ များကို တစ်ခွန်းချင်း၊ တစ်ပုဒ် ...ခ ကြည်လင်ပြတ်သားစွာ ရွတ်ဆိုနေသည်။ ထိုဘုရားစာများကို ...းလိုက်ရသူများ၏ စိတ်ထဲတွင် ကြည်နူးညွတ်ပျောင်းမှုများ ...ပေါ်ခံစားမိကြတော့၏။

ဟူကျင်း၏ စိတ်ဓာတ်များသည် နဂိုမူလ စိတ်များမှ ...ပြောင်းပျက်ယွင်း နေစဉ် ရှက်စွန်း၏ ဘုရားသံ၊ တရားသံများ ...င့် တဖြည်းဖြည်း မူလ နေရာမှန်သို့ ပြန်လည် ရောက်ရှိ လာခဲ့ရ ...၊ ဟူကျင်းကို ရှက်စွန်းက ကယ်တင်လိုက်ခြင်းပင် ဖြစ်တော့

ထိုစဉ် တုခေါ၏ ကြိုးလက်နက်သည် သူ၏ ပခုံးသို့ တစ် ...ရိုက်မိတော့သည်။ သို့သော် ဟူကျင်း၏ မကောင်းဆိုးဝါး ...ား မရှိတော့သဖြင့် သူ၏ ပခုံးကို နိမ့်လိုက်ပြီး အားပြောင်း ...သွဲ့ သိုင်းပညာနှင့် နေစကြာ သိုင်းကျင့်စဉ်နှစ်ခု ပေါင်းစပ် ရော ...ပြီး တုခေါ၏ ကြိုးလက်နက်ကို ဖြေလျှော့ချလိုက်နိုင်၏။ ...စိတ်တွင်လည်း အမှန်တကယ် ဖြစ်နိုင်သည့် အခြေအနေကို ...ားမိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါ ကျောက်မီးတိုင်ပေါ်က သိုင်းပညာတွေနဲ့တော့ ဘုန်းတော်ကြီး သုံးပါးကို တိုက်ခိုက် နိုင်တော့မှာ မဟုတ်တော့ ဘာဖြစ်လို့လဲဆိုတော့ ဒီဘုန်းတော်ကြီး သုံးပါးရဲ့ တိုက်ကွက် တဖြည်းဖြည်း ပိုမိုပြင်းထန်လာတော့တာကိုး'

ဟူကျင်းသည် ချူကျူး၏ အခြေအနေကို စောင်းငဲ့ ကဲခတ်လိုက်သည်။ ချူကျူးသည်လည်း လုံးဝ တိုက်ခိုက်နိုင် မရှိတော့ဘဲ ဟိုရှောင် သည်တိမ်းဖြင့် ရှုံးနိမ့်စ ပြုနေလေပြီ။ ထို ဟူကျင်း၏ စိတ်ထဲတွင် ပိုင်းပိုင်းဖြတ်ဖြတ် ဆုံးဖြတ်ချက် ချမိတော့၏။

'အခု အခြေအနေအတိုင်း ဆိုရင် ငါ ဟန်ဆောင်ပြီး နေလို့ မဖြစ်တော့ဘူး၊ အခု ချူကျူးကို ဦးဆောင် တိုက်ခိုက် ငါက နောက်က လိုက်တိုက်နေရလို့ အခုလို အခြေအနေ ဆိုး ရတာ၊ ငါ ဦးဆောင်ပြီး အားကုန်တိုက်မှ ဖြစ်တော့မယ်၊ နို့မို့ ငါ့ အဖေကြီးကို လုံးဝ ကယ်နိုင်တော့မှာ မဟုတ်ဘူး'

ဤသို့ ဆုံးဖြတ်ပြီးသည်နှင့်တပြိုင်နက် ဟူကျင်း ကျယ်လောင် စူးရှလှသော လေချွန်သံတစ်ချက် ပြုလိုက်ပြီး မီးတိုင် နှစ်ချောင်းကို ကိုင်မြှောက်ဝှေ့ရမ်းလျက် စတင်ထိုး တော့သည်။



ဟူကျင်းသည် ဘုန်းတော်ကြီး သုံးပါးစလုံး၏ ကြိုး လက် သုံးချောင်းစလုံးကို အတတ်နိုင်ဆုံး သူ့ဘက် ရောက်အောင် ဆွဲယူလိုက်ပြီး ချူကျူးအတွက် ထိရောက်သော တိုက်ကွက်များ အသုံးပြုနိုင်စေရန် ဖန်တီးပေးလိုက်သည်။

ဟူကျင်းအနေဖြင့် ဤသို့ အပြင်းအထန် အားထုတ် တိုက်ခိုက်လာသောအခါ ဘုန်းတော်ကြီး သုံးပါးစလုံးကလည်း သူတို့၏ အတွင်းအားများကို ပိုထုတ်၍ တိုက်ခိုက်ကြရတော့၏။

အတန်ကြာသောအခါ သူတို့ သုံးပါးစလုံး၏ ဦးခေါင်း ထိပ်တွင် အငွေ့များ ပျံတက်စပြုလာတော့သည်။ ဟူကျင်း၏ ဦးခေါင်းထိပ်တွင်လည်း ထိုနည်းတူ အငွေ့ထွက်စ ပြုလာကြောင်း တွေ့ရှိကြရ၏။ နောက်ဆုံးတွင် သူတို့အားလုံးသည် အတွင်းအား ချင်း ယှဉ်ပြိုင်ရသော အဆင့်သို့ ရောက်ခဲ့ရလေပြီ။

ဘေးပတ်လည် ရှိသော သိုင်းသမား များသည် ဟူကျင်း တစ်ယောက်တည်းနှင့် ဘုန်းတော်ကြီး သုံးပါး၏ အတွင်းအား ယှဉ်ပြိုင်တိုက်ခိုက်နေသည်ကို တွေ့လိုက်ရသဖြင့် ဟူကျင်း၏ အတွင်းအားသိုင်းက ဘုန်းတော်ကြီး သုံးပါးထက်ပို၍ အဆင့်မြင့်မားကြောင်း သိလိုက်ကြရသည်။

မနေ့က ဟူကျင်း ဒဏ်ရာ အပြင်းအထန်ရထားကြောင်း အားလုံးက သိရှိထားသည်။ ထိုမျှ ဒဏ်ရာ ရရှိခဲ့ပါလျက် ဘုန်းတော်

www.burmeseclassic.com

www.burmeseclassic.com



ကြီး သုံးပါးစလုံးကို တကယ်တမ်း ခုခံ တိုက်ခိုက်နေတာ ကျန်းဟူကျင်းတစ်ယောက်တည်းပဲ၊ သိုင်းလောကထဲမှာ ပြောနေ တဲ့ စကားကတော့ မှန်နေပြီ'

စောစောက ချော်ကျသလိုလို တစ်ကိုယ်လုံး ယိမ်းထိုး သည်မှာလည်း ဟန်ဆောင်လုပ်နေမှန်း သိုင်းသမား ပရိသတ်ကြီး က ရိပ်မိသွားကြတော့သည်။

ချူကျူးသည် ဘုန်းတော်ကြီး သုံးပါး၏ စွမ်းရည်ကို သွားပြီဖြစ်သဖြင့် ထိုသုံးပါးနှင့် မည်သည့် အကြိမ်တွင်မျှ ထိပ် မတိုးမိစေရန် သတိထား တိုက်ခိုက်လျက်ရှိသည်။

သူမသည် တိုက်ပွဲပြင်ပမှသာ လှည့်ပတ် တိုက်ခိုက် သည်။ ဟာကွက်တစ်ကွက် တွေ့လျှင် ချက်ချင်း ဝင်ရောက် တို ခိုက်ပြီး ဘုန်းတော်ကြီး တစ်ပါးပါး၏ ကြိုးလက်နက် တစ် ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် ချက်ချင်းပင် နောက်သို့ ခုန် ထွက်လေ့ရှိသည်။ ထို့ကြောင့် သူမနှင့် ဟူကျင်းတို့၏ သိုင်းပညာ သိသိသာသာ ကွာခြားနေမှန်း အားလုံး ရိပ်မိလာကြ သည်။ မည်သို့ ဖုံးကွယ်၍ မရနိုင်တော့ပေ။

အနီးပတ်လည်ရှိသိုင်းသမား ပရိသတ်ကြီးများသည် ချင်းချင်း တီးတိုးပြောလျက် ရှိနေကြသည်။



'ဒီနှစ်ထဲမှာ သိုင်းလောကတစ်ခုလုံးက ပြောနေကြတယ်၊ အလင်းမာန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်းရဲ့ သိုင်းပညာဟာ အကောင်းဆုံးပဲတဲ့၊ အခု တိုက်ပွဲကို ကြည့်ပါလား၊ ဘုန်းတော်ကြီး သုံးပါးစလုံးကို အကယ်တန်း ခုခံတိုက်ခိုက်နေတာက ကျန်းဟူကျင်း တစ်ယောက်တည်းပဲ၊ သိုင်းလောကထဲမှာ ပြောနေကြတဲ့ စကားက တော့ မှန်နေပြီ'

'မနေ့ညက ဝါမေဂိုဏ်းချုပ်ကို သူတမင်သက်သက် အရှုံး ပေးလိုက်တာပဲ ဖြစ်မယ်၊ သူတို့နှစ်ယောက်က ငယ်ကျွမ်းဆွေ မဟုတ်လား'

'... ... ...'

ရှောင်လင် ဘုန်းတော်ကြီး သုံးပါးနှင့် ဟူကျင်း တို့၏ တိုက်ကွက်များသည် တဖြည်းဖြည်း ပို၍ နှေးကွေးလာကြတော့သည်။ သို့သော် နှေးလာသည်နှင့်အမျှ သူတို့၏ တိုက်ကွက်များသည် အလွန် အဆင့်အတန်းမြင့်ပြီး ကြောက်မက်ဖွယ်ရာ ပြင်းထန် လှပေ သည်။

သိုင်းပညာရှင်ကြီးများသည် ဤမျှ အဆင့်အတန်း မြင့် လှသော သိုင်းကွက်များကို တွေ့ကြရသောအခါ ရင်သပ်ရှုမော ဖြစ်နေကြရတော့သည်။ ဤသိုင်းကွက်မျိုးကား တစ်သက်တွင် တစ်ခါ ပင် ကြုံတွေ့ရခဲသော သိုင်းကွက်များ ဖြစ်ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချူကျူး၏ သိုင်းပညာသည် ထူးဆန်းသော သိုင်းကွက်များကိုသာ အမိကထား၍ တီထွင်ထားသည့် သိုင်းကွက်များဖြစ်သည်။ ယခုကဲ့သို့ အတွင်းအား သိုင်းပညာ ယှဉ်ပြိုင်ချိန်တွင်မူ သူ၏ ပညာဖြင့် မည်သို့မျှ ဝင်ကူ၍ မရတော့ပေ။ တဖြည်းဖြည်း တိုက်ပွဲ၏ ပြင်ပသို့ ရောက်မှန်းမသိ ရောက်ရှိလာပေတော့သည်။

သူမအနေဖြင့် ခုန်ဝင်တိုက်ခိုက်ရန် ကြိုးစားတိုင်းပင် သူတို့လေးယောက်၏ အတွင်းအားလှိုင်းများကြောင့် နောက်သို့သာ ပြန်ကန်ထွက်နေတော့၏။

နောက်ထပ် နာရီဝက်ခန့် ကြာသောအခါ ဟူကျင်းသည် သူ၏ ခန္ဓာကိုယ်အတွင်းရှိ အလုံးစုံသော အတွင်းအားများကို အပြည့်အဝ ထုတ်သုံးနေလေပြီ။ သူ၏ လက်တွင် ကိုင်ထားသော ကျောက်မီးတိုင်များသည် အနည်းငယ် လှုပ်ရှားလိုက်ရုံမျှနှင့် တရွှီးရွှီး တရှမ်းရှမ်း အသံမြည်လျက် ရှိနေတော့သည်။

ဘုန်းတော်ကြီး သုံးပါးစလုံးမှာမူ ဟူကျင်းထက် ပို၍ အခြေအနေဆိုးနေသည်။ သုံးပါးစလုံး၏ မျက်နှာများသည် နီရဲလာပြီး၊ အနီရောင် သင်္ကန်းများသည်ပင် အလိုလို ပြည့်ဖောင်းကားလျက်ရှိလာပေသည်။

သို့သော်...ဟူကျင်း၏ အင်္ကျီမှာမူ လုံးဝ ဖောင်းကားခြင်း မရှိသေးပေ။



ဤအဖြစ်အပျက်ကို ကြည့်ခြင်းအားဖြင့် **အကယ်၍ တစ်ယောက်ချင်းသာ** တိုက်ခိုက်ကြလျှင် ဤဘုန်း**ကြီးသုံးပါးစလုံး** ဟူကျင်းကို ရှုံးနိမ့်ရမည်မှာ သေချာလှ၏။ ဟူကျင်း၏ **နေစကြာ** သိုင်းကျင့်စဉ်မှာ အတွင်းအား သိုင်းပညာတွင် **အဆင့်အမြင့်ဆုံး သိုင်း**ပညာဖြစ်သည်။

ဟူကျင်းအနေဖြင့် နေစကြာ အတွင်းအားသိုင်းပညာတွင် ဆရာကြီး ကျန်းဆန်းဖုန်း၏ တိုက်ကျိ သိုင်းကျင့်စဉ်ကို ထပ်မံ၍ ပေါင်းစပ် သင်ကြားပေးလိုက်သည်ဖြစ်ရာ သူ၏ **အတွင်းအားများ**သည် ပိုမို၍ တိုးတက်နေတော့သည်။

အချိန်ကြာမြင့်စွာ တိုက်လေ၊ ဟူကျင်းအဖို့ **ကောင်းလေ**ဖြစ်ပေသည်။ ထိုအချက်ကို ဘုန်းတော်ကြီး သုံးပါးစလုံး **သိရှိကြ**သည်။ အချိန်ဆွဲ၍ တိုက်ခိုက်ခြင်းဖြင့် သူတို့အဖို့ ရှုံးနိမ့်မှုကို ရင်ဝယ် ဆိုက်ရပေလိမ့်မည်။ ထို့ကြောင့် ဘုန်းတော်ကြီး သုံးပါးတို့သည် **သူ**တို့၏ တိုက်ခိုက်နှုန်းကို မြှင့်တင်လိုက်ကြသည်။

သုံးပါးစလုံးတစ်ပြိုင်နက် အော်ဟစ်လိုက်ကြကာ **သူတို့၏** ကြိုးလက်နက် သုံးချောင်းကို ရှုပ်ထွေးထွေလီစွာဖြင့် ဝှေ့ယမ်း**လျက်** ဟူကျင်းကို တိုက်ခိုက်ကြတော့သည်။

ဟူကျင်းသည် ဘုန်းတော်ကြီးများ တိုက်ကွက်များကို **တစ်**ကွက်ချင်း ပြန်လှန် ခုခံ ကာကွယ်နေရသည်။ **စိတ်ထဲတွင်လည်း**

www.burmeseclassic.com

www.burmeseclassic.com



အလွန်တရာ စိုးရိမ်ပူပန်လာတော့သည်။ သူ၏ အကွက်တစ်ချက် များလွှင်းခဲ့ခြင်းအတွက်လည်း နောင်တရမိသည်။

"ချူကျူးရဲ့ သိုင်းပညာက သိပ်ထူးဆန်းပေမယ့် တကယ် လက်တွေ့ တိုက်ခိုက်နေတဲ့ နေရာကျတော့ ဘိုးဘိုး ချင်ထင်းကျ တို့ ရန်ရှောင်တို့နဲ့ လက်တွဲပြီး တိုက်ခိုက်တာလောက်တောင် အင်အား မရှိပါကလား၊ သူနဲ့ ပေါင်းတိုက်မှ ဒီဘုန်းတော်ကြီး သုံးပါးကို နိုင် နိုင်မယ်လို့ တွက်ခဲ့တဲ့ ငါ့ တွက်ကိန်းတော့ အလွဲကြီး လွဲသွား ငါ တစ်ယောက်တည်းနဲ့ ဒီ ဘုန်းတော်ကြီး သုံးပါးကို ခုခံဖို့ဆို မလွယ်တော့ဘူး၊ ဒီတစ်ကြိမ်လဲ ငါ ရှုံးရပြန်ပြီ"

ဟူကျင်းအနေဖြင့် အဆိုးဝါးဆုံး အခြေအနေမှ လွတ်မြောက် ရန် အကြံအကျယ် အကြံထုတ် စဉ်းစားနေမိသည်။

ဤမျှ စဉ်းစားလျက်မှ အကြံကောင်း ဉာဏ်ကောင်း ထွက် မလာတော့ပြီဟု ဆိုလျှင် ဟူကျင်း၏ ဘဝ နိဋ္ဌိတံချေပြီ။ အသေပြ ရှက်စွန်းကို မကယ်နိုင်တော့ပြီ။

သို့သော်...အကျဉ်းအကျပ် ကျချိန်များတွင် အကောင်းဆုံး အကြံဉာဏ်များ ထွက်တတ်သည့် လူတို့၏ သဘာဝအတိုင်း ရှ တရက် အကြံတစ်ခု ရရှိလိုက်သည်။

ထို့ကြောင့် သူ၏ လက်ဝဲလက်ဖြင့် တုနန်၏ ကြိုး လက်နက်ကို ကာလိုက်ပြီး လက်ယာလက်ရှိ ကျောက်မီးတိုင်



တုခေါ်နှင့် တုချက်တို့၏ ကြိုးလက်နက် နှစ်ချောင်းကို ကာလိုက်သည်။

ထို့နောက် တုနန်၏ ကြိုးကိုကိုင်လျက် လေထဲတွင် ခုန်ထွက်လိုက်ပြီး တပတ်ဝှေ့လိုက်သည်။ သူဝှေ့ဝဲလိုက်သည်မှာ သစ်ပင်ကြီး၏ ပတ်လည်ကို ဝှေ့ဝဲလိုက်ခြင်း ဖြစ်သဖြင့် တုနန်၏ ကြိုးလက်နက်သည် သစ်ပင်ကြီးကို တပတ်မျှ ရစ်ပတ်သွား တော့သည်။

ဟူကျင်း ဤသို့ ပြုလုပ်လိမ့်မည်ကို မည်သူ တစ်ဦး တစ်ယောက်ကမျှ ကြိုတင် တွက်ဆမိခြင်း မရှိခဲ့ပေ။

တုနန်သည် သူ၏ ကြိုးလက်နက်က သစ်ပင်ကြီးကို ရစ်တရက် ပတ်သွားသောအခါ မည်သို့မျှ မတတ်နိုင်တော့သဖြင့် သူ့ကြိုးပြန်လည် လွတ်ထွက်လာစေရန် အားကုန်ထုတ်၍ ဆွဲရတော့သည်။ ထိုအချိန်နှင့် တစ်ပြိုင်နက်ပင် ဟူကျင်းကလည်း ကြိုး၏ အဖျားတစ်ဘက်မှနေ၍ အတွင်းအားသုံးကာ ဆောင့်ဆွဲလိုက်တော့၏။

သစ်ပင်ကြီးမှာ အတော်ပင် ကြီးမားလှသည် မှန်သော်လည်း ယခုကဲ့သို့ အရှင်အမာ သိုင်းသမားကြီးနှစ်ဦး၏ တစ်ပြိုင်နက်တည်းဆွဲလိုက်သည့် ဒဏ်ကိုမူ လုံးဝ မခံနိုင်ချေ။

"ဖျောင်း" ခနဲ မြည်ဟီးသံကြီးနှင့် အတူ ခါးလည်မှ ပြတ်၍ ကျိုးကျသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် အခြေအနေကို သုံးသပ် အကဲခတ်လိုက်ကာ ကျိုးပြတ်သွားသည့် သစ်ပင်ကြီးကို တုခေါ်နှင့် တုချက်တို့ ငေးကြောင် ကြည့်နေခိုက် ရုတ်တရက် ခုန်ထွက်လိုက်ပြီး လက်ဝါးနစ်ဘက်ဖြင့် တုခေါ်၏ သစ်ပင်ကို ရိုက်၍ တွန်းလိုက်တော့သည်။

ထိုအခါ တုခေါ်၏ သစ်ပင်ကြီးမှာ ဟူကျင်း၏ ပြင်းထန်လှသည့် အတွင်းအားရိုက်ချက်ကို မခံနိုင်တော့ပဲ 'ဝုန်း'ခနဲ ပြိုလဲကျသွားတော့၏။ ထို သစ်ပင်ကြီးသည် တုချက် ထိုင်နေသည့် သစ်ပင်ကြီးပေါ်သို့ အရှိန်နှင့် ပြိုလဲကျသွားခြင်း ဖြစ်ရာ ဟူကျင်းသည် ဤအချိန်နှင့် ကိုက်ညီလျက် တုချက်၏ သစ်ပင်ကြီးကို ခြေအစုံဖြင့် ဆောင့်ကန်ပစ်လိုက်တော့သည်။

တုချက် ထိုင်နေသည့် သစ်ပင်ကြီးသည် တုခေါ် သစ်ပင်ကြီး၏ ရိုက်အားနှင့် ဟူကျင်း၏ကန်အားနှစ်ခု ပေါင်းစပ် ပြိုလဲမှုကြောင့် လုံးဝ ကျိုးကျသွားရပြန်သည်။

ထိုသစ်ပင်ကြီး သုံးပင်စလုံး တဝုန်းဝုန်း ကျိုးပြတ် ပြိုလဲမှုကြောင့် ဘေးပတ်လည်ရှိ သိုင်းသမားများမှာ အလန့်တကြား အော်ဟစ်သူက အော်ဟစ်၊ တိမ်းရှောင်သူက တိမ်းရှောင်၊ ထွက်ပြေးသူက ထွက်ပြေး စသည်ဖြင့် ကမ္ဘာပျက်သကဲ့သို့ ဖြစ်သွားပေတော့သည်။

ဟူကျင်းသည် သူ၏ လက်ထဲရှိ ကျောက်မီးတိုင် နှစ်ချောင်းစလုံးဖြင့် တုခေါ်နှင့် တုချက်တို့ထံ အရှိန်အဟုန် ပြင်းစွာဖြင့် ပစ်



ပေါက်လိုက်တော့၏။ တုခေါ်နှင့် တုချက်တို့ နှစ်ယောက်သည် ပြိုလဲကျနေသည့် သစ်ပင်ကြီးများကို ရှောင်တိမ်းနေရခိုက် တဝိုးဝိုး အော်မြည်၍ ပြေးဝင်လာသော ကျောက်မီးတိုင်များကို ရုတ်တရက် တွေ့မြင်လိုက်ကြရသောအခါ မည်သို့မျှ ကြံ့ကြံ့ခံနိုင်၍ မရပ်တည်နိုင်တော့ဘဲ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ ကမန်းကတန်း နောက်သို့ ခုန်ဆုတ် ပြေးရှောင်လိုက်ရတော့သည်။

ဤ ဘုန်းတော်ကြီးများအဖို့ ဤသို့ တိမ်းရှောင်ရခြင်းသည် သူတို့၏ တစ်သက်တာ အတွင်း၌ ပထမဆုံးသော အတွေ့အကြုံ ပင်တည်း။

ဟူကျင်းကမူ ချက်ချင်းပင် မြေကြီးပေါ်၌ လူးလိမ့်ချလိုက်ကာ မြေပြင် ကွက်လပ် အလယ်သို့ ဝင်ရောက်သွားပြီး မြေအောက်ခန်းကို ပိတ်ထားသည့် ကျောက်ချပ်ကြီးကို အားကုန်ထုတ်၍ ရိုက်ဖွင့်လိုက်တော့၏။ ဟူကျင်း၏ အတွင်းအားသည် အားကုန် ထုတ်ထားခြင်း ဖြစ်သဖြင့် အလွန် ပြင်းထန်လှရာ ကျောက်ချပ်ကြီးသည် ရွေ့လျောပွင့်ထွက်သွားရသည်။ ဟူကျင်းသည် အော်ဟစ် ခေါ်ငင်လိုက်သည်။

'အဖေကြီး၊ မြန်မြန် ထွက်ခဲ့တော့၊ ကျွန်တော် အပြင်က စောင့်နေတယ်'

ဟူကျင်းသည် အော်ဟစ် ခေါ်နေရာမှ ပထမဆုံးတစ်ကြိမ်က အတွေ့အကြုံကို ပြန်လည် သတိရလိုက်မိသည်။ ထို့ကြောင့် ပထမ

www.burmeseclassic.com



အကြိမ်ကကဲ့သို့ မဖြစ်စေရန်အတွက် ဆက်၍ အော်မခေါ်တော့ဘဲ မြေအောက်ခန်းသို့ ခုန်ဆင်းလိုက်ကာ ရှက်စွန်းကို မွေ့ချီ၍ ခုန်ထွက်လိုက်တော့၏။

သူ အပေါ်သို့ ရောက်သည့် တစ်ချိန်တည်းမှာပင် တုခေါနှင့်တုချက်တို့၏ ကြိုးနှစ်ချောင်းသည် ချက်ချင်း လာရောက် ရိုက်ခတ်တော့သည်။ ဟူကျင်းသည် မည်သို့မျှ မတတ်နိုင်တော့သဖြင့် ရှက်စွန်းကို အောက်သို့ချလိုက်ပြီး ရင်ဘတ်အတွင်းမှ ကျောက်မီးတိုင်နှစ်ချောင်းကို လျင်မြန်စွာ ထုတ်ယူလိုက်ကာ ဘုန်းတော်ကြီး နှစ်ပါးထံသို့ လျှပ်တပြက် ပစ်ပေါက်လိုက်တော့သည်။ ပစ်လိုက်ပြီးသည်နှင့် သူ၏ လက်နှစ်ဘက်ဖြင့် ကြိုးနှစ်ချောင်းကို ဆွဲဖမ်းလိုက်တော့၏။

တုခေါနှင့် တုချက်တို့သည် အတွင်းအားကို ထုတ်၍ သူတို့၏ ကြိုးများကို ပြန်လုယူရန် စိတ်ကူးလိုက်စဉ်မှာပင် ကျောက်မီးတိုင် နှစ်ချောင်းတို့သည် သူတို့၏ မျက်နှာရှေ့သို့ ရောက်ရှိလာသဖြင့် သူတို့၏ ကြိုးလက်နက်များကို လွှတ်ချလိုက်ရကာ နောက်သို့ အမြန်ဆုံး ခုန်ရှောင်လိုက်ရပြန်တော့သည်။

ထိုအချိန်တွင် တုနန်က လက်ဝါးစောင်းဖြင့် ဟူကျင်းကို ရိုက်ချလိုက်၏။ ဟူကျင်းသည် ချူကျူးအား အော်ဟစ် သတိပေးလိုက်ရသည်။

'ချူကျူး...သူ့ကိုထိန်းထားလိုက်'



သို့သော် ချူကျူး အနည်းငယ်မျှပင် မလှုပ်ရှားဘဲ သည်အတိုင်း ရပ်ကြည့်နေလိုက်သဖြင့် ဟူကျင်းသည် မတတ်သာတော့ဘဲ တုနန်၏ လက်ဝါးစောင်းကို ပခုံးဖြင့် ခံလိုက်ပြီး ခုန်ထွက် လိုက်ရသည်။

ထိုစဉ် ရှက်စွန်း၏ စကားသံသည် ညင်သာ ပျော့ပျောင်းစွာဖြင့် ထွက်ပေါ်လာတော့သည်။

'ဟူကျင်း...လူလေး...ငါ တစ်သက်မှာ အပြစ်တွေ အများကြီး ကျူးလွန်ခဲ့ပြီးပြီ...ငါကျူးလွန်ခဲ့တဲ့ အပြစ်ဒဏ်တွေ အတွက် ခံသင့်ပါတယ် လူလေး၊ ဘာဖြစ်လို့ ဒီလောက်တောင် ကယ်ထုတ် ...င်နေရတာလဲကွယ်'

ဟူကျင်းသည် ရှက်စွန်းအား မည်သည့် စကားကိုမျှ မပြောတော့ပေ။ အရင် တစ်ခါလို ဖြစ်မည် စိုးသဖြင့် ချက်ချင်းပင် ရှက်စွန်း၏ အကြောကို ထိုးပိတ်လိုက်တော့သည်။

ထို့ကြောင့် ရှက်စွန်းသည် လုံးဝ လှုပ်ရှားခြင်း မပြုနိုင်တော့ပေ။

ဤကဲ့သို့ တုံ့ဆိုင်းနေလိုက်ခြင်းပင် ဘုန်းတော်ကြီး သုံးပါးအတွက် မဟာ အခွင့်အရေး ဖြစ်သွားရပေ၏။ သုံးပါးစလုံးသည် လက်ဝါးစောင်း ရိုက်ချက်များဖြင့် ဟူကျင်းအား တစ်ပြိုင်နက်တည်း ရိုက်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် ရှက်စွန်းကို မြေကြီးပေါ်သို့ ပြန်ချလိုက် ရပြန်ကာ ပြန်လည် ခုခံကာကွယ်နေရပြန်တော့သည်။

ဟူကျင်းသည် ချူကျူးအား ထပ်မံ အော်ဟစ်ပြီး အရ ညီတောင်းမိပြန်သည်။

'ချူကျူး...အဖေကြီးကို အမြန်ဆုံး ကယ်ထုတ် လိုက်စမ်း'

အော်ရင်း ဟစ်ရင်းမှ ချူကျူးဝင်ရောက် ကယ်ထုတ်နိုင် အလို့ငှာ ဘုန်းတော်ကြီး သုံးပါးစလုံး၏ လက်ဝါးစောင်းများ ထိန်းချုပ်ထားလိုက်သည်။

သို့မှသာ ချူကျူးကို ဘုန်းတော်ကြီးများ တားဆီး နိုင် မဟုတ်ပေ။ ဘုန်းတော်ကြီးများအား ဤသို့ထိန်းချုပ်ထားနိုင် ဟူကျင်းသည် အင်အားကို အဆမတန်ထုတ်သုံးရသဖြင့် အလွန်တ အားအင် ကုန်ခမ်းလှသည်။

ချူကျူးအနေဖြင့် သူ့ အဖေကြီးအား ကယ်ထုတ် သွား လျှင် သူလည်း ချက်ချင်း ထွက်ပြေးရန် ဆုံးဖြတ်ပြီး ဖြစ်သည်။

ထိုစဉ် ချူကျူးသည် ရှက်စွန်း အနီးသို့ ခုန်ဝင် ရောက် လာသည်။ ရှက်စွန်း၏ ရုတ်တရက် အော်ဟစ် သံကြောင့် အား အထိတ်တလန့် ဖြစ်သွားကြရ၏။

'ထွီ...သွားစမ်း မိန်းမယုတ်၊ ငါ့နားမကပ်နဲ့'



ချူကျူးသည် ချက်ချင်းပင် ရှက်စွန်း၏ အကြောကို ထိုး ပိတ်ပြီး ပြန်အော်သည်။

'ရှက်စွန်း...ကျွန်မက စေတနာနဲ့ ရှင့်ကို ကယ်မလို့ ဝင်လာတာ၊ ရှင်က ကျွန်မကို စော်ကားသေးတယ်၊ ဒီလိုလူမျိုးကို မသတ်ဘဲ ထားလို့ ဘယ်ဖြစ်မလဲ'

ပြောရင်းဆိုရင်း သူမ၏ ညာလက်ချောင်းများ မြှောက်၍ ရှက်စွန်း၏ ဦးခေါင်းကို ထိုးစိုက်ချရန် ဟန်ပြင်လိုက်သည်။ ထို အဖြစ်ကို မြင်ရသော ဟူကျင်းသည် မျက်စိများ ပြာဝေ သွားရာမှ အလန့်တကြား အော်ဟစ်တားမြစ်လိုက်သည်။

'ချူကျူး...မလုပ်နဲ့'

ထိုအချိန်တွင် သူနှင့် ရှောင်လင်ဘုန်းကြီး သုံးပါးတို့မှာ အတွင်းအားချင်း ယှဉ်ပြိုင်နေကြရပြီ ဖြစ်၍ ခုန်ထွက်၍ သူ့ အဖေ ကြီးကို ကယ်တင်ရန် မဖြစ်နိုင်တော့ပေ။ ခုန်ထွက်လိုက်၍ သူ့ အတွင်း အားကို ရုတ်သိမ်းလိုက်ပါက တစ်ဘက်မှ အတွင်းအား လှိုင်းများ ဒဏ်ကြောင့် ခုန်ထွက်ခြင်း မပြုနိုင်မီမှာပင် သူ သေဆုံးရပေလိမ့်မည်။ ဤလို အချိန်မျိုး၌ နှစ်ဘက်စလုံး၏ အတွင်းအားများကို တစ်ပြိုင်နက် ရုပ်သိမ်းမှသာ ဖြစ်နိုင်ပေမည်။

ချူကျူးသည် အကယ်ပင် ကောက်ကျစ် ယုတ်မာသော မိန်း မတစ်ယောက်အဖြစ်သို့ဘဝ ပြောင်းသွားပေပြီ။ စိတ်ကောင်းရှိသူများ



www.burmeseclassic.com

www.burmeseclassic.com



မည်သို့မျှ လုပ်လိမ့်မည် မဟုတ်သော အလုပ်ကို ယခု ချူကျူး လုပ်
နေတော့မည်။

ချူကျူးသည် ရှက်စွန်း၏ ဦးခေါင်းထက်၌ သူ၏ လက်
မြှောက်ထားရင်း ဟူကျင်းကို အေးစက်စွာ စိုက်ကြည့်ကာ မနီးမဝေး
လေသံဖြင့် မေးလိုက်သည်။

'ဟူကျင်း...ဟိုနေ့တုန်းက မင်္ဂလာပွဲမှာ ငါ့ကို ပစ်ထား
တုန်းက ဒီနေ့ ဒီလို အခြေအနေမျိုး ကြုံတွေ့ရလိမ့်မယ်လို့ စဉ်း
မိရဲ့လား၊ ဟင်း...ဟင်း...ဟင်း'

ဟူကျင်းသည် တစ်ဘက်တွင် ဘုန်းတော်ကြီး သုံးပါး
ယှဉ်ပြိုင်နေရပြီး အခြားဘက်တွင် သူ့ အဖေကြီး ရှက်စွန်းအတွ
အလွန်စာရာ စိုးရိမ်ပူပန် နေရပေရာ လုံးဝ စိတ်တည်ငြိမ်မှု မရှိ
ပေ။ အတွင်းအား ယှဉ်ပြိုင်ရာတွင် ဤသို့ ဖြစ်နေပါက လုံး
တော့မည် မဟုတ်သဖြင့် သူ့ တစ်ကိုယ်လုံး ချွေးသီး ချွေးပေါက်
များ ယိုစီးစိမ့်ထွက်လာတော့၏။

ရန်ရောင်တို့သည် ဆိုးဝါးလှသော အခြေအနေကို တွေ့
ရသောအခါ လွန်စွာ တုန်လှုပ် ချောက်ချား သွားကြတော့သည်
သူတို့အနေဖြင့် ဟူကျင်း အပေါ်တွင် လွန်စွာ သစ္စာရှိကြ၏။

ဟူကျင်းအတွက်ဆိုလျှင် သူတို့၏အသက် စွန့်ရ
ဖြစ်သည်။

F - 19 (8)



သို့သော် ဟူကျင်းနှင့် ဘုန်းတော်ကြီး သုံးပါးတို့၏ ချာအသို့
သူတို့ အနေဖြင့် လုံးဝ မကပ်နိုင်ကြချေ။ အဘယ်ကြောင့် ဆိုသော်
ထိုလေးယောက်၏ အတွင်းအားလှိုင်းများသည် ကြောက်မက်ဖွယ်ရာ
ပြင်းထန်နေသောကြောင့်ပင်တည်း။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



# ရန်ငြိုးရန်ကြေး

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈၃)

## ရန်ငြိုးရန်ကြွေး

ဟူကျောင်းသည် ဘုန်းတော်ကြီး သုံးပါး၏ အတွင်းအားဘော [illegible] ကို လုံးဝ မခံနိုင်တော့ပေ။ သူသည် ရုက်စွန်းအတွက် စိုးရိမ်စိတ် [illegible] အလွန် ကြီးနေသည်ဖြစ်ရာ လုံးဝ စိတ်မတည်ငြိမ်တော့သဖြင့် [illegible] မခံနိုင်အောင် ဖြစ်လာသည်။ တဖြည်းဖြည်း ရှုံးနိမ့်စ ပြုလာ [illegible] သူ၏ မျက်လုံးများသည်လည်း ပြာဝေစပြုလာလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် လူရိပ်တစ်ခုသည် လျှပ်တစ်ပြက် ခုန်ထွက်လာပြီး ချူကျူးကို တိုက်ခိုက်လိုက်သည်။ ချူကျူးသည် ထိုလူကြောင့် ရုက်စွန်းကို အန္တရာယ်မပြုနိုင်တော့ဘဲ ပြန်လှန်တိုက်ခိုက်နေရတော့သည်။

ထိုလူ၏ကိုယ်ဟန် လှုပ်ရှားပုံနှင့် ခုန်ဝင်တိုက်ခိုက်ပုံတို့မှာ ချူကျူးထက် လျင်မြန်လှသည်ဖြစ်ရာ ချူကျူး အနေဖြင့် ရုက်စွန်းအား သတ်ချိန်ပင် မရလိုက်ပေ။

ထိုအချင်းအရာကို မြင်တွေ့လိုက်ရသောကြောင့် ဟူကျင်းသည် အလွန်ဝမ်းသာသွားပြီး စိတ်အေးချမ်းသာမှု ရသွားကာ အတွင်းအား ပြန်တက်လာတော့သည်။ ဘုန်းတော်ကြီး သုံးပါး၏ အတွင်းအားများကို အကြိတ်အနယ် ပြန်လည် တွန်းလှန်နိုင်လာတော့သည်။

ဟူကျင်း ဤသို့ အခြေအနေ ပြန်ကောင်းသွားရသည်မှာ ရုတ်တရက် ဝင်ရောက်လာသော ကယ်တင်ရှင်ကြောင့်ဖြစ်ပေသည်။

ကယ်တင်ရှင် မည်သူပေနည်း။

အမှန်စင်စစ် ဘုန်းတော်ကြီးသုံးပါးတို့သည် ဟူကျင်း၏ ကျေးဇူးပြုမှုကို ခံယူရရှိထားပြီးသူများဖြစ်ရာ ဟူကျင်းအား အသေတိုက်ခိုက်လိုကြသည် မဟုတ်ချေ။ အတွင်းအားသိုင်း ပြိုင်ကြရာတွင် ညှာချင်တိုင်းညှာ၍မရ။ ညှာလိုသဖြင့် မိမိအတွင်းအားကို ချက်ချင်း ပြန်ရုတ်သိမ်း၍မရ။ အကယ်၍ ရုတ်သိမ်းလိုပါလျှင် နှစ်ဦးစလုံး၏



အတွင်းအားများ ညီမျှချိန်၌သာ ဘေးမသီရန်မခ ရုပ်သိမ်းနိုင်ကြပေသည်။

ယခု ဟူကျင်း၏ အတွင်းအားများ ပြန်တက်လာသောအခါ အားချင်းညီသွားကြသည်။ ဟူကျင်းသည် သူ၏အားကို ဆက်မထုတ်တော့ဘဲ ရှိရင်းစွဲအားနှင့်ပင် ရုပ်တန့် ငြိမ်သက်နေလိုက်သည်။ ဘုန်းတော်ကြီးသုံးပါးတို့ကလည်း ဝမ်းသာအားရစွာဖြင့် သူတို့အားကို ဆက်မထုတ်တော့ဘဲ ငြိမ်သက်နေကြပြန်သည်။

ထိုအခါ ဟူကျင်းက သူ၏အားကို အနည်းငယ် ပြန်ရုပ်သိမ်းလိုက်သည်။ ဘုန်းတော်ကြီးများကလည်း ၎င်းတို့၏အားကို အနည်းငယ် ပြန်ရုပ်သိမ်းလိုက်ပြန်သည်။ တဖြည်းဖြည်း တစ်ဆင့်ပြီး တစ်ဆင့် အတွင်းအားများကို ပြန်ရုပ်သိမ်းခဲ့ကြရာ နောက်ဆုံး အပြီးအပိုင် ရုပ်သိမ်းနိုင်ခဲ့ကြသဖြင့် လေးယောက်စလုံး ဝမ်းသာအားရ ရယ်မောနိုင်ကြတော့သည်။

ဘုန်းတော်ကြီးသုံးပါးနှင့် ဟူကျင်းတို့သည် တာဝန်သဘော အရ မလွှဲမရှောင်သာ တိုက်ခိုက်နေကြရခြင်းဖြစ်လေသည်။ တစ်ဦး မေတ္တာတစ်ဦးမှာဆိုသကဲ့သို့ အပြန်အလှန် ရိုသေလေးစားမှု ရှိထားကြသဖြင့် ဤကဲ့သို့ ဝမ်းသာအားရ ရယ်မောနေနိုင်ကြခြင်း ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် ဘုန်းတော်ကြီး သုံးပါးတို့အား ရိုသေသမှု ဖြင့် ဂါရဝ ပြုလိုက်သည်။ ဘုန်းတော်ကြီးသုံးပါးတို့ကလည်း ဟူကျင်း ကို လေးစားသမှုဖြင့် ပြန်လည် အရိုအသေပေးကြသည်။

ဟူကျင်းသည် ဘုန်းတော်ကြီးသုံးပါးတို့နှင့် လုံးဝငြိမ်းချမ်း ရေး ရသွားသဖြင့် ချူကျူးရှိရာသို့ စိတ်အေးလက်အေး ကြည့်ရှုလိုက် တော့သည်။ ထိုအခါကျမှ သူ့ကို ကယ်တင်ခဲ့သည့် ကယ်တင်ရှင် မည်သူ မည်ဝါဖြစ်သည်ကို သိရှိလိုက်ရတော့သည်။

ကယ်တင်ရှင်ကား အဝါရောင်အင်္ကျီနှင့် မိန်းကလေးပင် တည်း။ အင်္ကျီဝါဝတ် မိန်းကလေး၏ လက်နှစ်ဘက်စလုံးတွင် မည်သည့် လက်နက်ကိုမှ ကိုင်ဆောင်မထားချေ။

ချူကျူးကမူ ဗျာပွတ်တစ်ချောင်းနှင့် ဓားတိုတစ်ချောင်းကို ကိုင်ထားသည်။ လက်နက်များဖြင့် ကိုင်ဆောင် တိုက်ခိုက်ရသော် လည်း၊ ချူကျူးမှာ ရှုံးနိမ့်စပြုနေလေပြီ။

အင်္ကျီဝါဝတ် မိန်းကလေး၏ သိုင်းကွက်များမှာ ချူကျူး၏ သိုင်းကွက်များနှင့် ခပ်ဆင်ဆင် တူနေသည်။ သို့သော် ချူကျူးထက် ပိုမို ပေါ့ပါးသွက်လက်နေပြီး သိုင်းကွက်များကလည်း အလွန်ထူး ထူးဆန်းနေပေသည်။

ဟူကျင်းအဖို့ ချူကျူး၏သိုင်းကွက်များကို အလွန် ထူးခြား သည်ဟု ထင်မှတ်ခဲ့ရာ ယခုမူ အင်္ကျီဝါဝတ် မိန်းကလေး၏ သိုင်း



ကွက်များက ပိုမို ဆန်းကြယ်နေကြောင်း မျက်မြင်တွေ့ရှိနေရတော့ သည်။ သူမသည် လက်နက်မကိုင်ဘဲနှင့်ပင် ချူကျူးကို အနိုင်တိုက် သွက် ရှိနေချေပြီ။

တုခေါ် ဆရာတော်ကြီးက မိန့်ကြားလိုက်သည်။

'ကျွန်းဟူကျင်း...မင်းက ငါတို့သုံးယောက်ကို မနိုင်ပေမယ့် ငါတို့သုံးယောက်ကလဲ မင်းကို မနိုင်ခဲ့ဘူး၊ တို့တတွေ ယှဉ်ပြိုင် နေရှိန် အတွင်းမှာ ရှက်စွန်းကို အပြင်ရောက်အောင် ကယ်ထုတ်နိုင် ခဲ့လို့ မင်းကို ချီးကျူးပါတယ်၊ ရှက်စွန်းကို မင်းယူဖို့ ငါတို့ ခွင့်ပြု ပါတယ်'

တုခေါ် ဆရာတော်ကြီးသည် စကားဆုံးသည်နှင့် ရှက်စွန်း ထံသို့သွား၍ ပိတ်ထားသော အကြောများကို ဖြေပေးလိုက်သည်။ ပြီးနောက်...

'ရှက်စွန်း...အမှားရှိရင် အမှန်လဲရှိတယ်၊ လမ်းမှားပေါ် ရောက်နေရင် လမ်းမှန်ပေါ် ပြန်ရောက်အောင် ကြိုးစားပါ၊ ငါတို့ရဲ့ မြင့်မြတ်ဘုရားဟာ အမှန်လမ်းပေါ်ရောက်ဖို့ ကြိုးစားနေသူတိုင်းကို အမြဲတမ်း ကြိုဆိုနေပါတယ်'

ရှက်စွန်းသည် တုခေါ်ဆရာတော်ကြီးကို ဦးချရင်း လျှောက် ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာတော်ကြီးဘုရား… တပည့်တော်အဖို့ အခုလို ချုပ်နှောင် ခံရတဲ့အချိန်မှာ ဆရာတော်ကြီးတို့ရဲ့ ဆုံးမစကားကို နာကြားခဲ့ရလို့ အများကြီး ကျေးဇူးတင်နေပါတယ်ဘုရား'

ထိုစဉ် အကျီဝါဝတ် မိန်းကလေးက ချူကျူး၏ ကျာပွတ်ကို လှယူလိုက်ပြီး တံတောင်ဆစ်ဖြင့် ရင်ဝရှိ အကြောကို ထိုးပိတ်လိုက်သည်။ ညာလက်ရှိ လက်ချောင်းများကို ကွေ့ကောက်လိုက်ပြီး ချူကျူး၏ ဦးခေါင်းခွံကို ထိုးစိုက်ရန် ရွယ်ထားလိုက်သည်။ သူမက…

'ကဲ… ဒီတစ်ခါတော့ မင်း သူများအပေါ် ရက်ရက်စက်စက် အသုံးပြုခဲ့တဲ့ ဦးခေါင်းခွံ လက်သီးသိုင်းရဲ့ အရသာကို မြည်းစမ်းကြည့်ပေတော့'

ချူကျူးမှာ အကြောပိတ်ခံထားရသဖြင့် လုံးဝ မလှုပ်ရှားနိုင်တော့ချေ။ ထို့ကြောင့် အသေခံရန်အတွက် သူမ၏ မျက်လုံးများကို မှိတ်ထားလိုက်တော့သည်။

ရှက်စွန်းသည် မျက်စိမမြင်သူဖြစ်သော်လည်း စကားပြောသံများအရ လေသံအရ၊ အခြေအနေကို ကောင်းစွာ အကဲခတ်မိသည်။ ထို့ကြောင့် ကမန်းကတန်း လှမ်း၍တားမြစ်လိုက်သည်။

'မိန်းကလေး…မိန်းကလေး အနေနဲ့ ကျုပ်တို့သားအနစ်ယောက်ရဲ့ အသက်ကို ကယ်ခဲ့တာကို အများကြီး ကျေးဇူးတင်



တယ်၊ ဒီချူကျူးဆိုတဲ့ မိန်းကလေးဟာလဲ ကျူးလွန်ခဲ့တဲ့ အပြစ်တွေ တော်တော်များနေပါပြီ၊ သူ့ရဲ့ အပြစ်တွေကို သူနောင်တမရသေးဘူးဆိုရင်တော့ တစ်နေ့ကျ သူ့ဒဏ် သူ ပြန်ခံရမှာပါပဲ၊ ဒီနေ့မှာတော့ မိန်းကလေးအနေနဲ့ ခွင့်လွှတ်ပါလို့ ကျုပ်က တောင်းပန်ပါရစေ'

အကျီဝါဝတ် မိန်းကလေးက…

'ဩော်… ရွှေမွေး ခြသေ့်မင်းက တကယ်ပဲ ပြောင်းလဲသွားပြီကိုး'

သူမသည် ချက်ချင်း နောက်ပြန် ခုန်ဆုတ်လိုက်သည်။ ချူကျူးက ရှက်စွန်း၏ လက်ကိုဖွဲ၍ လျှောက်ထွက်လာမည်ဖြစ်စဉ် ရုတ်တရက် ရှက်စွန်းက ပြောလိုက်သည်။

ရှက်စွန်းသည် ရှောင်လင်ဘုန်းကြီးများ ကြားမှ ဘုန်းကြီးတစ်ပါးကို လက်ညှိုးထိုးလိုက်ကာ…

'ချန်ခွန်း…မင်း ထွက်လာခဲ့စမ်း၊ အခု သိုင်းလောကကသူတွေအားလုံး ရှေ့မှာ ငါတို့ရဲ့ ရန်ငြိုးကို ဖြေရှင်းမယ်'

သိုင်းသမားအားလုံးသည် ရှက်စွန်း၏ စကားကြောင့် ထိတ်လန့်သွားကြသည်။ သူတို့သည် ရှက်စွန်း လက်ညှိုးထိုးထားရာသို့ ကမန်းကတန်း လိုက်ကြည့်ကြသောအခါ ထိုဘုန်းကြီးမှာ ခါးကိုင်းပြီး ရုပ်ရည်မှာ အလွန် အိုမင်းနေသော ဘုန်းကြီးအိုကြီး တစ်ပါး ဖြစ်နေသည်။ ချန်ခွန်းနှင့် လုံးဝ မတူချေ။

•

www.burmeseclassic.com



ဟူကျင်းသည် သူ့အမေကြီး မှားယွင်းသွားပြီဟု သိလိုက်သည်။ ထို့ကြောင့်…

'သူ ချန်ခွန်း မဟုတ်ဘူး' ဟု ပြောရန် ပြင်လိုက်စဉ်မှာပင် ရှက်စွန်းက…

'ချန်ခွန်း… မင်း ဘယ်လောက်ပဲ ရုပ်ဖျက် ရုပ်ဖျက် မင်း အသံကိုတော့ ဖျက်လို့မရပါဘူး၊ ဟား…ဟား…ဟား…ဟား၊ ငါ နားဟာ မျက်စိထက်တောင် လျင်သေးတယ် ချန်ခွန်း၊ ရဲ ချောင်းဆိုးသံကို ကြားလိုက်ကတည်းက မင်း ဘယ်သူလဲ ဆိုတာ ငါ သိပြီးပြီ'

ထိုဘုန်းကြီးအိုကြီးက…

'ဒကာ ဘာတွေလျှောက်ပြောနေတာလဲ'

ထိုစကားသံကို ကြားလိုက်သောအခါ ဟူကျင်းသည် ချက်ချင်း မှတ်မိသွားတော့၏။ ဤအသံကား တကယ်ပင် ချန်ခွန်း အသံပင်တည်း။

ဟူကျင်းအနေဖြင့် ကွမ်းမိန်တောင်ပေါ်တွင် ချန်ခွန်း စကားပြောသံကို ကောင်းစွာ ကြားသိခဲ့ဖူးသည်။

ဟူကျင်းသည် ချက်ချင်း ခုန်ထွက်လိုက်ကာ ချန်ခွန်း အနောက်ဘက်မှ လမ်းကို ပိတ်ဆို့ လိုက်တော့၏။ မပိတ်ဆို့၍ မ ချေ။ ချန်ခွန်းသည် အလွန်ဉာဏ်များသူ ဖြစ်သည်။ ဤတစ်ကြိမ်



တွင်လည်း အလွန်ဉာဏ်နီဉာဏ်နက်ထုတ်၍ ထွက်မပြေးဟု မည်သူမျှ အာမမခံနိုင်ချေ။ ဟူကျင်းက…

'ရှင်ကျင်းဆရာတော်… ကျေးဇူးပြုပြီး ထွက်ခဲ့ပါတော့၊ သိတဲ့လူတွေကိုတော့ လိမ်ညာလို့ မရနိုင်တော့ပါဘူး'

ချန်ခွန်းသည် အလွန် ရုပ်ဖျက်တော်သူ ဖြစ်၍ ရုပ်ဖျက်ပြီး လူအုပ်ကြား ဝင်နေလိုက်သောအခါ မည်သူကမျှ မရိပ်မိကြတော့ပေ။

သို့သော် အကျီအဝါဝတ် မိန်းကလေးက ချူကျူးကို ဝင်ရောက် တိုက်ခိုက်ပြီး ရှက်စွန်းကို ကယ်တင်လိမ့်မည်ဟု လုံးဝ မထင်မှတ်ခဲ့သဖြင့် ချောင်းတစ်ချက် ဟန့်လိုက်မိသည်၊ ထိုချောင်းဟန့်သံကို ရှက်စွန်းကြားလိုက်ရသဖြင့် ဤလူအုပ်ကြီးအလယ်တွင် ချန်ခွန်း ရှိနေကြောင်း သိသွား၏။

ချန်ခွန်းသည်လည်း ကောက်ကျစ် ယုတ်မာသူ ဖြစ်သည့်ပြင် ပရိယာယ်စေ့စပ် အလွန် များပြားလှသူဖြစ်၏။ ရှောင်လင်ကျောင်းတော်အတွင်း သူစတင်ရောက်ရှိသည့်နေ့မှအစပြု၍ သူ၏ ဘက်တော်သားများကို ထိတ်တဆိတ် မွေးမြူတော့သည်။ ဤသို့ စနစ်တကျ မွေးမြူထားသဖြင့် ချန်ခွန်း၏ လူများသည် ရှောင်လင်ကျောင်းတိုက်အတွင်း အင်အား အတော်အတန် စုမိနေခဲ့ပြီ ဖြစ်၏။

ချန်ခွန်း၏ အစီအစဉ်မှာ ဤနေ့၌ ရှက်စွန်းကို သတ်၍ နဂါးနိုင်ငံကို အရ ယူမည်။ ရောက်လာသည့် သိုင်းသမားများကို

www.burmeseclassic.com



အချင်းချင်း သွေးချောင်းစီးမှု အချင်းချင်း သတ်ဖြတ်စေပြီး နောက်ဆုံးတွင် ခုံးဝန်ဆရာတော်ကြီးကိုပါ သတ်ပြီး သူက ရှောင်လင်ကျောင်းတော်တွင် ကျောင်းထိုင် ဆရာတော်ကြီး ဂိုဏ်းချုပ် ဆရာတော်ကြီးအရာကို ဆက်ခံမည်ဟု စီစဉ်ထားခြင်း ဖြစ်၏။

သို့သော် ယနေ့အဖို့ သူ့အစီအစဉ်များ တစ်ခုပြီးတစ် လွဲချော်လျက် ရှိနေချေပြီ။ မည်သို့ပင်ဖြစ်စေ ချန်ခွန်းသည် အ အလမ်းမသာသည့်နှင့် ထွက်ပြေး တိမ်းရှောင်ရန် အဆင်သ ပြင်ဆင် ထားပြီးဖြစ်သည်။ ရှောင်လင်ကျောင်းတော်တွင် သူ လူများကို အမြစ်တွယ်အောင် မွေးမြူထားပြီ ဖြစ်၍ သူ့အနေ အဝေးမှ စီစဉ် ညွှန်ကြားနိုင်သည်သာ ဖြစ်သည်။

ယခု ထွက်ပြေး တိမ်းရှောင်ရန်ပင် ခက်ခဲလျက် ရှိနေချေ အဘယ့်ကြောင့်ဆိုသော် သူက ပြေးလမ်းကို ဟွာကျင်းက ပိတ် လျက် ရှိနေချေပြီ မဟုတ်လား။ ထို့ကြောင့် သူမ လွတ်မြောက် တော့မည်မှန်း သိလိုက်ပြီဖြစ်သဖြင့် အော်ဟစ် တပ်လှန့်လိုက် တော့သည်။

'ရှောင်လင် ဂိုဏ်းသားတွေ အားလုံး အသင့်ပြင်ကြ မကောင်းဆိုးဝါးဂိုဏ်းဟာ အတော်ကို အတင့်ရဲရဲနဲ့ ရှောင်လင်ဂိုဏ်း ကို စော်ကားရန်စနေပြီ၊ ဒီလောက် များပြားတဲ့ ပရိသတ်ကြားထဲ ငါ့လို ရှောင်လင်ဘုန်းတော်ကြီး တစ်ယောက်ကို အရှက်တကွဲ အ နည်းဖြစ်အောင် လုပ်တာဟာ ရှောင်လင်ဂိုဏ်းကို အတိအလင်း



စော်ကားလိုက်တာပဲ၊ အားလုံး အသင့်ပြင်ကြ၊ မကောင်းဆိုးဝါး ဂိုဏ်းသားတွေကို တစ်ယောက်မကျန် သုတ်သင်ကြ'

ခုံးကျိုဆရာတော်ကြီးသည် သူ၏ ဒေါသကို မပေါက်ကွဲစေရန်ထိန်းချုပ်ထားရသည်မှာ ကြာချေပြီ။ ဂိုဏ်းချုပ် ဆရာတော်ကြီး ခုံးဝန်မှာ ချန်ခွန်း၏ လက်ထဲတွင် ကျရောက်နေခြင်းအတွက် ခုံးကျို ဆရာတော်ကြီးအဖို့ ချန်ခွန်း၏ ကြိုးဆွဲရာ ကနေရသည့် ရုပ်သေး ရုပ်ဖြစ်နေရတော့သည်။ ဤအကျပ်ကိုင်ခံရမှုကြောင့် သူ၏ ရင်ဝတွင်း၌ မခံချိ မခံသာဖြင့် ဒေါသမီး တညီးညီး တောက်လောင်နေခဲ့ရသည်။

ယခု ချန်ခွန်းက ရှောင်လင်ဂိုဏ်းသားများကို အလင်းမာန်ဂိုဏ်းနှင့် ယှဉ်ပြိုင် တိုက်ခိုက်နိုင်းနေသည်ကို တွေ့ရှိရသောအခါ သူ့အဖို့ ဤသို့ ငြိမ်သက်နေ၍ မဖြစ်တော့မှန်း သိလိုက်တော့သည်။ သူသာ ဤအတိုင်း လက်ပိုက်ကြည့်နေခဲ့လျှင် သူ၏ ရှောင်လင်ဂိုဏ်းသားများ၏ ထိခိုက်နစ်နာမှုများ သွေးချောင်းစီးမှုများကို တာဝန်မဲ့ လျစ်လျူပြုသကဲ့သို့ ဖြစ်နေပေလိမ့်မည်။

ခုံးဝန်ဆရာတော်ကြီး၏ အသက်တစ်ချောင်းနှင့် ဤမျှ လောက် များပြားသော အသက်ပေါင်းများစွာကို လဲလှယ်သင့်ပါ သလော။ ခုံးကျိုဆရာတော်ကြီးသည် ယတိပြတ် ဆုံးဖြတ်ချက် ချပြီးသည်နှင့် အော်ဟစ် တားမြစ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါ... ခုံးကျိုဆရာတော် အမိန့်ပေးတယ်၊ ရှောင်လင်ဂိုဏ်းသားအားလုံး နားထောင်ကြ၊ အားလုံး ငြိမ်ငြိမ်သက်သက်နဲ့ နားထောင်ကြ၊ ခုံးဝန်ဆရာတော်ကြီးကို ယောဒီ သစ္စာဖောက် ရှင်ကျင်းခေါ်ချန်ခွန်းက ယုတ်မာကောက်ကျစ်တဲ့ နည်းနဲ့ ဖမ်းဆီးထားတယ်၊ ရှောင်လင်ဂိုဏ်းသား အားလုံးစည်းလုံး ညီညွတ်ကြ၊ ဒီ သစ္စာဖောက် ရှင်ကျင်းကို ဝိုင်းဖမ်းကြ၊ ဂိုဏ်းချုပ်ကြီး ခုံးဝန်ဆရာတော်ကြီးကို ကယ်တင်ကြ'

ဤသို့ အခြေအနေ ရှုပ်ထွေးနေစဉ် မြေကြီးပေါ်၌ လဲနေသော ချူကျူးကို မြင်တွေ့လိုက်ရသဖြင့် ဟူကျင်းသည် အလွန် စိတ်မကောင်း ဖြစ်သွားတော့သည်။ သူမကို ပွေ့ယူ၍ အကြောများ ဖြေပေးလိုက်သည်။ ချူကျူးသည် ဟူကျင်း၏ လက်တွင်းမှ ရုန်းထလိုက်ပြီး ဝါမေဂိုဏ်းသားများ ရှိရာသို့ လျှောက်သွားတော့သည်။

ထိုအခိုက် ရှက်ခွန်း၏ ကျယ်လောင်သော အသံကို ကြားလိုက်ကြရသည်။

'ဒီနေ့အထိ ဖြစ်ပျက်ခဲ့သမျှ ကိစ္စအားလုံးဟာ ကျုပ်နဲ့ ချန်ခွန်းတို့ နှစ်ယောက်ကြောင့် ဖြစ်ခဲ့ရတာချည်းပါပဲ၊ ဒါကြောင့် ကျုပ်တို့နှစ်ယောက်ပဲ ဒီကိစ္စကို ဖြေရှင်းသင့်ပါတယ်၊ ကြားလူတွေပါ ပါဝင်ဖြေရှင်းရင် အားလုံး သွေးချောင်းစီးကုန်ပါလိမ့်မယ် ကဲ...သိုင်းပညာ သင်ပေးလို့ ငါ့ရဲ့ ဆရာ ဖြစ်ခဲ့ဖူးတဲ့ ချန်ခွန်း၊ ငါ့





တစ်အိမ်သားလုံးကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့တဲ့ ချန်ခွန်း၊ မင်းရဲ့ ကျေးဇူးဟာ ငါ့အပေါ်မှာ ရှိခဲ့ဖူးသလို မင်းရဲ့ ဆိုးညစ် ယုတ်မာမှုဟာလဲ ငါ့အပေါ်မှာ ရှိနေခဲ့တယ်၊ ဒီနေ့တော့ ဒီရန်ကြွေးကို ဖြေရှင်းလိုက်ကြစို့'

ချန်ခွန်းသည် သူ့တစ်သက်တာ၌ ပထမဦးဆုံးသော အကျဉ်းအကျပ်ကို တွေ့ရှိရချေပြီ။

ချန်ခွန်း၏ ဘက်တော်သားများသည် ရှောင်လင်ဘုန်းတော်ကြီးများအသွင်ဖြင့် ဝင်ရောက်အမြစ်တွယ်နေသည်မှာ မှန်သော်လည်း အများစုကြီး မဖြစ်သေးပေ။ ခုံးကျိုဆရာတော်ကြီး၏ အမိန့်ကြောင့် အများစု ဘုန်းကြီးများက လုံးဝ မလှုပ်ရှားကြသောအခါ ချန်ခွန်း၏ ဘက်တော်သားများသည်လည်း မလှုပ်ရှားရဲတော့ချေ။ လှုပ်ရှားလိုက်ပါက သူတို့သည် ချန်ခွန်း၏သူလျှိုများ ဖြစ်ကြောင်း ခုံးကျိုဆရာတော်ကြီးက ရိပ်မိသွားပေလိမ့်မည်။

ထို့ကြောင့် လူအားလုံး လိုလိုပင် ချန်ခွန်းကို ဝိုင်း၍ ကြည့်နေကြတော့သည်။ ချန်ခွန်းသည် သူ၏ မူလ အစီအစဉ် မအောင်မြင်မှန်း သိသောအခါ နောက်ထပ် အကြံအစည်တစ်ခုကို ထပ်မံ စဉ်းစားနေပြန်တော့သည်။ သူ့စိတ်ထဲတွင်...

'အင်း...အခုနေ အကောင်းဆုံး လုပ်နိုင်မယ့် အလုပ်ကတော့ ဒီကောင်ကို အရင်မိအောင် ဖမ်းပြီး သတ်ပစ်လိုက်ဖို့ပဲ၊ ဒီကောင် သေရင် ရှိသမျှ အပြစ်တွေ ဒီကောင့်အပေါ် ပုံချပေးလိုက်ရုံပဲ၊ ဒီကောင့်

www.burmeseclassic.com

www.burmeseclassic.com



မျက်စိကလဲ ကန်းနေတာဆိုတော့ ဒီကောင့်ကို ငါ မနိုင်ပဲ ရှိပါ့မလား။ အကန်းတစ်ယောက်ကိုတောင် မနိုင်ဘူးဆိုရင်တော့ ငါ တော်တော်ညံ့နေလို့ပဲ ဖြစ်ရမယ်'

ဤသို့ စဉ်းစားမိသည်နှင့် ရှက်စွန်းအား ပြောလိုက်သည်။

'ရှက်စွန်း... သိုင်းလောကမှာ မင်းရဲ့ လက်ချက်နဲ့ သေရတဲ့ လူတွေဟာ မနည်းဘူး၊ ဒီလို သတ်ခဲ့လို့ အားမရသေးဘူး၊ မင်းဟာ အလင်းမာန်ဂိုဏ်းက လူဆိုးတွေကို ခေါ်လာပြီး ငါတို့ ရှောင်လင်ဂိုဏ်းကို လာရောက်နှောင့်ယှက်နေသေးတယ်၊ လာ စော်ကားနေသေးတယ်၊ ငါဟာ မင်းကို သိုင်းပညာ သင်ပေးခဲ့မိတာတွေကို သိပ်နောင်တရနေပြီ။ ငါ့အနေနဲ့ မင်းကို သိုင်းပညာ သင်ပေးခဲ့တာဟာ လူတွေကို ဒီလို လျှောက်သတ်နေဖို့ လျှောက်စော်ကားနေဖို့ သင်ပေးခဲ့တာမှ မဟုတ်တာ၊ ဒီနေ့တော့ မင်းဆီက ငါ့ရဲ့ သိုင်းပညာတွေကို ပြန်သိမ်းရတော့မှာပဲ'

ချန်ခွန်းသည် စကားဆုံးသည်နှင့် ရှက်စွန်းထံသို့ တစ်လှမ်းချင်း လျှောက်လာတော့သည်။ ထိုအခါ ရှက်စွန်းကလည်း ပြန်လည်ရှင်းလင်းပြလိုက်သည်။

'အခု ရောက်ရှိနေကြတဲ့ ဘုန်းတော်ကြီးများနှင့် သိုင်းပညာရှင် နောင်တော်ကြီးများကို ကျုပ် ရှင်းပြချင်ပါတယ်၊ ကျုပ်ဟာ ဒီ ချန်ခွန်းဆီက သိုင်းပညာ သင်ယူခဲ့ရတာကတော့ အမှန်ပါပဲ၊ ဒါပေမယ့် သူက ကျုပ်ရဲ့ဇနီးကို အဓမ္မပြုကျင့်ဖို့ ကြိုးစားတယ်၊ မရတော့ သတ်ပစ်လိုက်တယ်၊ ကျုပ်ရဲ့ မိဘတွေကို သတ်ပစ်လိုက်တယ်၊ ကျုပ်ရဲ့သားကို သတ်ပစ်လိုက်တယ်၊ ဆရာသမားရဲ့ ကျေးဇူးဟာ ကြီးမားတယ်ဆိုပေမယ့်၊ မိဘနှစ်ပါးရဲ့ ကျေးဇူးထက်တော့ ပိုပြီး မကြီးနိုင်ပါဘူး၊ သည့်အတွက် ကျုပ် တုံ့ပြန်ရတာပါ၊ သည်ရန်ကြွေးကို ချေနိုင်ဖို့ ကြိုးစားရင်း လူပေါင်းများစွာကို သတ်ခဲ့မိပါတယ်၊ အခု ဒီရန်ကြွေးကို ပေးဆပ်ဖို့အချိန် ရောက်နေပါပြီ။ ကျုပ်ရဲ့ ရန်ကြွေးကို ချေဖို့ အခုလို တစ်ယောက်ချင်း ယှဉ်ပြိုင်တာဟာ တရားသလား၊ မတရားဘူးလားဆိုတာ နောင်တော်ကြီးများကပဲ ဆုံးဖြတ်ပေးပါ'



ထိုအခါ ဘေးပတ်လည်ရှိ လူအများစုကြီးသည် တခဲနက် အော်ဟစ်ကြတော့သည်။

'တုံ့ပြန်သင့်တယ်... တုံ့ပြန်ရမယ်၊ ဒါဟာ တရားမျှတမှု ရှိတယ်'

ချန်ခွန်းသည် မည်သည့်စကားမျှ မပြောတော့ဘဲ ရုတ်တရက် ချက်ချင်းပင် 'ဝုန်း'ခနဲ ခုန်အုပ်လိုက်ကာ ရှက်စွန်း၏ ဦးခေါင်းကို ရိုက်ချလိုက်တော့သည်။

ရှက်စွန်းသည် ခေါင်းကို အနည်းငယ် တိမ်းရှောင်လိုက်ပြီး ချန်ခွန်း၏ လက်ဝါးစောင်းကို ပခုံးဖြင့် ခံယူလိုက်၏။

လက်ဝါးစောင်းနှင့် ပခုံးရိုက်မိသည် 'ဘန်း'ခနဲ မြည်ဟည်းသွားပြီး ရှက်စွန်းသည် 'အင့်'ခနဲ ညည်းညူလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်…မည်သည့် ပြန်လှန်တိုက်ခိုက်မှုမျိုးကိုမျှ မပြု လုပ်ချေ။

ရှက်စွန်းက…

'ချန်ခွန်း…ဟိုတုန်းက ငါ့ကို ဒီ အကွက်သင်ပေးတုန်းက ရန်သူရဲ့ကိုယ်ကို ထိတာနဲ့ အတွင်းအားကို အပြင်းထန်ဆုံး ထုတ်ရမယ်ဆို၊ အခုတော့ ဘာဖြစ်လို့ အတွင်းအားကို မထုတ်တာလဲ၊ အသက်ကြီးလာလို့ မထုတ်နိုင်တော့တာလား၊ ငါ့ကို သနားညှာတာလို့တော့ ဟုတ်မယ်မထင်ဘူး'

အကယ်စင်စစ် ယခု ချန်ခွန်း မျှော်လင့်ထားသကဲ့သို့ ရှောင်ပင်မရှောင်ပဲ ပခုံးဖြင့် ခံလိုက်သောအခါ ချန်ခွန်းက အတွင်းအား ထည့်မထားသဖြင့် ရှက်စွန်း ဒဏ်ရာ မရလိုက်ချေ။

ချန်ခွန်းသည် သူ၏ဘယ်ဘက်လက်ကို ပြန်လည် ရုပ်သိမ်းလိုက်ပြီး ညာဘက်ဖြင့် ရိုက်ချလိုက်ပြန်သည်။

ရှက်စွန်းသည် သည်တကြိမ်တွင်တော့ ပခုံးဖြင့် ထိုးခံခြင်း မပြုတော့ဘဲ ဘေးသို့ ခုန်ရှောင်လိုက်သည်။ ပြန်လည်တိုက်ခိုက်မည့် ပုံစံတော့မရှိချေ။

ချန်ခွန်းသည် ခြေထောက်နှစ်ဘက်ကို ဆက်တိုက်လိုလို ကန်လိုက်ပြန်သည်။ 'ဘန်း'ခနဲ 'ဘန်း'ခနဲ မြည်ဟည်းသံ ထွက်ပေါ် လာပြီး ရှက်စွန်း၏ နံဘေးနှစ်ချက်တွင် အကန်ခံလိုက်ရတော့သည်။



ထိုကန်ချက်၏ ဒဏ်ကြောင့် ရှက်စွန်း 'ဝေါ့'ခနဲ သွေးများ ဆိုးအန်လိုက်ရတော့သည်။

ဟွာကျင်းသည် စိတ်ပူပန်စွာဖြင့် အော်ဟစ်လိုက်မိသည်။

'အဖေကြီး…ပြန်တိုက်ပါလား…ဘာဖြစ်လို့ ဒီလို အချခံနေရတာလဲ၊ ဒီလူယုတ်မာက တတ်နိုင်ရင် အဖေကြီးကို အမှန့်ချေ ခံချင်နေတာ'

ရှက်စွန်းသည် နောက်သို့ သုံးလှမ်းဆုတ်လိုက်သည်။

'သူက ငါရဲ့ဆရာ မဟုတ်လား၊ ဒီတော့ သူဆုံးမတာကို ငါခံရမှာပေါ့၊ ငါက တပည့်ပဲ'

ဤသို့ ပြောပြီးသည်နှင့် ရတ်တရက် ချက်ချင်းပင် စူးရှစွာ လေချွန်လိုက်ပြီး စတင်တိုက်ခိုက်တော့သည်။

'ငါဟာ တကယ် ညံ့တဲ့လူပဲ ကြည့်စမ်း၊ ငါ့တိုက်ကွက် သုံးကွက်ကို လုံးဝပြန်မတိုက်ပဲ ငြိမ်ခံနေလိမ့်မယ်ဆိုတာ ငါမတွေး မိခဲ့ဘူး၊ နို့မို့ရင် ပွဲစကတည်းက သူ့ကို ပွဲချင်းပြီး ရိုက်သတ်လိုက်ရင် ပြီးနေတာပဲ၊ အခုဆိုရင် ပွဲသိမ်းပြီးနေလောက်ပြီ'

ရှက်စွန်း၏ လက်ဝါးစောင်းကို ချန်ခွန်းက ဘေးသို့ဖယ် ထုတ်လိုက်ပြီး ရှက်စွန်း၏ နောက်ကျောသို့ ခုန်ရှောင်လိုက်တော့ သည်။ ဤသို့ ရှောင်ခြင်းသည် သူ့အတွက် တစ်ချက်ခုတ် နှစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ပြတ်ပင် ဖြစ်တော့သည်။ ရှက်စွန်းသည် မျက်စိနှစ်လုံး စုံလုံးကန်းနေသူမဟုတ်ပါလား၊ ထိုအချက်ကို အခွင့်ကောင်းယူ၍ ရှက်စွန်းနောက်ကျောမှ ရိုက်သတ်ရန် စိတ်ကူးလိုက်ခြင်းဖြစ်၏။

သို့သော် ရှက်စွန်း၏ နားသည် အလွန်ပါးသည်။ ချန်ခွန်း၏ လက်ဝါးရိုက်သံမှ ထွက်ပေါ်လာသော လေလှိုင်းသံကို ကြားရုံမျှဖြင့် ချန်ခွန်းသည် သူ့နောက်ကျောသို့ ခုန်ကျော် ရှောင်တိမ်းသွားကြောင်း သိလိုက်သည်။ ထို့ကြောင့် ချက်ချင်းလိုလိုပင် နောက်ကျောဘက်သို့ နောက်ပြန် ခြေထောက်ဖြင့် ကန်လိုက်တော့သည်။

ချန်ခွန်းသည် ရှက်စွန်း၏ နောက်ပြန်ကန်ချက်ကို ရှောင်ထွက်လိုက်သည်။ ပြီးမှ အပေါ်စီးမှ ခုန်အုပ်တိုက်ခိုက်လိုက်တော့သည်။ ရှက်စွန်းသည် ချန်ခွန်း၏ အပေါ်စီးရိုက်ချက်ကို ကောင်းစွာသိလိုက်သဖြင့် အောက်မှလှန်၍ တန်ပြန်ရိုက်ချက် တစ်ခုကို ပြုလုပ်လိုက်သည်။ ချန်ခွန်းသည် သူ့စိတ်တိုင်းကျ မရိုက်နိုင်သဖြင့် လေထဲတွင် တစ်ပတ်ကျွမ်းထိုးကာ ပေ့ါပါးစွာ ရှောင်ထွက်သွား၏။

သူတို့နှစ်ယောက် တိုက်ခိုက်ပုံသည် ညီမျှမှု ရှိကြသည်။ တစ်ယောက်က အမြန်တိုက်ခိုက်လျှင် တစ်ယောက်က အမြန်ဆုံးတိုက်ခိုက်ပြီး တစ်ယောက်က နှေးကွေးသွားလျှင် အခြားတစ်ယောက်လည်း နှေးကွေးစွာ တိုက်တော့သည်။



ဤသို့ဖြင့် သိုင်းကွက်ပေါင်း ခုနစ်ဆယ်ကျော်သွားသည်။ ရှက်စွန်းသည် မျက်စိ မမြင်သော်လည်း ချန်ခွန်း၏ သိုင်းကွက်အားလုံးကို ကျွမ်းကျင်ပြီးသားဖြစ်နေ၍ ကောင်းစွာ ပြန်လည်ခုခံနိုင်ပေသည်။ သို့သော် ကွာခြားချက်တစ်ခုတော့ရှိပေသည်။ ချန်ခွန်းသည် အသက်အရွယ် အိုးမင်းရင့်ရော်လာခြင်းနှင့် ရှက်စွန်းသည် ချေခဲမီးတောင်ရှိ အလွန်အေးစက်သော ရာသီများ၌ အတွင်းအားကျင့်ခဲ့၍ အလွန်တိုးတက် မြင့်မားနေခြင်းတို့ပင် ဖြစ်သည်။

ထိုသို့ ကွာခြားမှုကြောင့် ချန်ခွန်းသည် ရှက်စွန်းထက် သိုင်းပညာတွင် ပိုမိုတော်သူဖြစ်သော်လည်း ရှက်စွန်းကို တိုတောင်းသောအချိန်အတွင်း အပြတ်အသတ် အနိုင်မတိုက်နိုင်ခြင်းပင် ဖြစ်တော့သည်။

ရှက်စွန်း၏ ချန်ခွန်းအပေါ် နာကျည်းမုန်းတီးသော စိတ်ခံစားချက်ကို စာဖွဲ့၍မပြနိုင်ပေ။ ယခု သူ့အင်မတန် နာကျည်းမုန်းတီးနေသူနှင့် လက်တွေ့တိုက်ပွဲဆင်နေရပြီ။ ထိုတိုက်ပွဲတွင် ရှက်စွန်းအနေဖြင့် အသေအလဲတိုက်ခိုက်လိမ့်မည်ဟု ဟူကျင်း တွက်ဆထားသဖြင့် သတိနှင့် ကြည့်နေမိသည်။

သို့သော် ရှက်စွန်း၏ တိုက်ကွက်များမှာ အပြတ်အသတ်အသေတိုက်ကွက်မျိုးမဟုတ်ဘဲ တည်တည်ငြိမ်ငြိမ်ဖြင့် ခံစစ်ကို စနစ်

www.burmeseclassic.com



တကျ ခင်းကျင်း ခုခံနေသော တိုက်ကွက်မျိုးသာဖြစ်ကြောင်း၊ ဟူကျင်း တွေ့နေရသည်။

ထိုအချက်ကို ပထမတွင် ဟူကျင်း သဘောမပေါက်မိသော်လည်း နောက်မှ တဖြည်းဖြည်း သဘောပေါက်လာတော့သည်။ သူ့အဖေကြီး ရှက်စွန်းမှာ ယခုတိုက်ပွဲတွင် သတိနှင့် ဉာဏ်ပညာကို ယှဉ်တွဲအသုံးချနေခြင်းဖြစ်သည်။ ချန်ခွန်းသည် သူ့ထက် သိုင်းပညာ ပိုတော်သူ ဖြစ်သည်။ ထို့ကြောင့် လုံး၀ အလျှင်စလို အလောတကြီး မလုပ်ရဲ၊ ထို့အပြင် ဤတစ်ကြိမ်သည် သူ့အတွက် နောက်ဆုံးအကြိမ် ရှိသည့် မဟာ့မဟာ တုံ့ပြန်ရေး အခွင့်အရေးကြီးပင် ဖြစ်တော့သည်။ အကယ်၍ ဤတစ်ကြိမ်တွင် သတိဝိရိယ ပေါ့ဆခဲ့လျှင် သူ့... မိသားစု အတွက် နောင်တွင် မည်သို့မျှ တုံ့ပြန်နိုင်တော့မည် မဟုတ်ချေ။ ထို့ကြောင့် ဤမျှ သွေးအေးအေးနှင့် စနစ်တကျ ခုခံနေခြင်း ဖြစ်ကြောင်းဟူ၍ နားလည် သဘောပေါက်သွားသည်။

ထိုစဉ် သိုင်းကွက်ပေါင်း နှစ်ရာကျော်လာတော့သည်။ ထိုအနိုက်အတန့်မှာပင် ရှက်စွန်းသည် ရူး၀ါးစွာတစ်ချက်အော်ပြီး လက်သီးတစ်ချက် ထိုးချလိုက်သည်။ ထိုအခါ ခုံးတုံဂိုဏ်းမှ လူတစ်ယောက်က အော်ပြောသည်။

'ဒါက ငါတို့ဂိုဏ်းရဲ့ ခုနစ်ဆင့် လက်သီးသိုင်းပဲ'



ရှက်စွန်းသည် လက်သီးနှစ်လုံးကို ဆင့်ထိုးလိုက်သောအခါ လွန်ပြင်းထန်လှသည်ကို တွေ့လိုက်ကြရ၏။ ထိုအချင်းအရာကို ...င်တွေ့လိုက်ရသော ခုံးတုံဂိုဏ်းသားများသည် အလွန် တုန်လှုပ် ...ာက်ချားသွားကြသည်။ အမှန်စင်စစ် ခုနစ်ဆင့် လက်သီးသိုင်း ...ညာမှာ ခုံးတုံဂိုဏ်း၏ အမွန်မြတ်ထားသော ပညာဖြစ်၏။

ရှက်စွန်းက သူတို့ဂိုဏ်းမှ ထိုသိုင်းပညာကို ခိုးယူ သင်ကြား ...ခြင်းသာ ဖြစ်သည်။ သို့သော် ယခု ရှက်စွန်း အသုံးပြုလိုက်သော ...စ်ဆင့် လက်သီးသိုင်းသည် မူရင်းစွဲ လက်သီးသိုင်းထက် အဆ ...င်းများစွာ သာလွန်နေသည်။

ချန်ခွန်းသည် ညာလက်ဝါးဖြင့် ရှက်စွန်း၏ လက်သီးကို ...င်မြန်စွာ ကာလိုက်၏။ ထိုအခါ 'ဘန်း' ခနဲ မြည်ဟည်းသွားပြီး ...ခွန်းသည် အနောက်ဘက်သို့ ခြေလှမ်းသုံးလှမ်း ဆုတ်သွားရတော့ ...ည်။ အလွန် ပြင်းထန်လှသော လက်သီးပါပေ။ ရှက်စွန်းမှာမူ ...ချက်ကလေးမျှ မတုန်လှုပ်ခဲ့ချေ။

ထိုအခါ ဘေးမှလူများက တခဲနက် ဩဘာပေးလိုက်ကြ ...သည်။ ဤဩဘာပေးလိုက်သည့် လူအများစုကြီးသည် လူတ ...ကို လျှောက်သတ်နေသော ရှက်စွန်းကို ယခင်က အကြီးအကျယ်

www.burmeseclassic.com

www.burmeseclassic.com



မုန်းတီးရွံ့ရှာနေသူများ ဖြစ်ကြ၏။ ယခုမူ ရှက်စွန်းနှင့် ချန်ခွန်းတို့၏ ဇာတ်ကြောင်းကို သိရှိသွားကြပြီဖြစ်၍ ရှက်စွန်းကို အတော်များများက ခွင့်လွှတ်ကြပြီး ရှက်စွန်းပင် အနိုင်ရစေချင်နေကြသည်။

ရှက်စွန်းသည် ရှေ့သို့ ခြေနှစ်လှမ်း ထပ်တက်ပြန်ကာ နောက်ထပ် လက်သီးနှစ်ချက် ထပ်ထိုးလိုက်ပြန်သည်။ ချန်ခွန်းကလည်း သူ၏ လက်ဝါးဖြင့်ထပ်ကာရပြန်သည်။ 'ဘန်း' ခနဲ မြည်ဟည်းသွားပြန်ကာ နောက်သို့ သုံးလှမ်းမျှ ဆုတ်သွားရပြန်တော့၏။

ဟူကျင်းသည် အခြေအနေမှန်ကို ထိုးထွင်းသိမြင်လိုက်သောအခါ သူ့ အဖေကြီးရှက်စွန်းအတွက် အလွန်ပင် စိုးရိမ်သွားတော့၏။ သူ၏ စိတ်ထဲတွင်...

'ဟာ...ဒုက္ခပဲ၊ ချန်ခွန်းဟာ ပရိယာယ်ဝေ့စ်ကြွယ်ဝတဲ့နေရာမှာတော့ နှစ်ယောက်မရှိတဲ့လူပဲ၊ သူက ရှောင်လင်ဂိုဏ်းရဲ့ ခေါင်းကြောအတွင်းအားကို အသုံးပြုပြီး ခုခံထားတာကိုး'

ရှက်စွန်းသည် ခုနစ်ဆင့်လက်သီးသိုင်းကို အလောတကြီးလေ့ကျင့်ခဲ့မိသဖြင့် သူ၏ခန္ဓာကိုယ်တွင် အတွင်းဒဏ်ရာများရခဲ့သည်။ ထိုအတွင်းဒဏ်ရာများသည် ခုနစ်ဆင့်လက်သီးသိုင်းကို ထုတ်သုံးသည့် အခါတိုင်း အသစ်တစ်ဖန်ပြန်လည် ဒဏ်ရာရစေနိုင်သည်။



ချန်ခွန်းသည် ဤအချက်ကို သိထားပေသည်။ ထို့ကြောင့် တမင်သက်သက်ပင် ရှုံးနိမ့်ခဲ့သည့်ပမာ ဟန်ဆောင်ပြီး ရှက်စွန်း၏ ခုနစ်ဆင့်လက်သီးသိုင်းများကို ထုတ်သုံးစေခြင်းဖြစ်သည်။ သူ၏ ခန္ဓာကိုယ် လုံခြုံရေးအတွက်မူ ခေါင်းကြော အတွင်းသိုင်းအားဖြင့် ခုခံကာကွယ်ထားသည်။

ရှက်စွန်းကမူ ချန်ခွန်း၏ ပရိယာယ်ကို လုံးဝ ရိပ်မိခြင်း မရှိပေ။ ထို့ကြောင့် ဆယ့်နှစ်ချက်တိတိ ဆက်တိုက် ထိုးလိုက်သည်။ ချန်ခွန်းကမူ ထုံးစံအတိုင်းနောက်သို့ ခြေလှမ်းအတော် များများ ဆုတ်ခွာ သွားသည်။

ထိုမြင်ကွင်းကို ကြည့်မြင်နေကြရသည့် ပရိသတ်အဖို့ ရှက်စွန်းက ဖိတိုက်လျက် အနိုင်ယူနေသည်ဟု မှတ်ထင်ဖွယ်ရာ ရှိနေသည်။

တကယ်တမ်းအားဖြင့်မူ ရှက်စွန်း၌သာ အတွင်းဒဏ်ရာများ ရနေခဲ့ခြင်း ဖြစ်သည်။ ဤအချက်ကို ပရိသတ်အနေဖြင့် မည်သို့မျှ မသိရှိနိုင်ကြပေ။

ထိုစဉ် ချန်ခွန်းသည် သူ၏ ခြေထောက်ကို အောက်ဘက်မှ မသိမသာ ကွေး၍ ရှက်စွန်းကို ကန်ထည့်လိုက်၏။ ဤကန်ချက်၌လေသံ လုံးဝ မကြားလိုက်ရသဖြင့် ရှက်စွန်းအနေဖြင့် ကြိုတင်ခန့်မှန်း သိရှိနိုင်ခြင်း မရှိခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းကမူ အော်၍ သတိပေးလိုက်သည်။

'အဖေကြီး ... အောက်မှာ ခြေထောက် ... ခြေထောက်'

ရှက်စွန်းသည် ဟူကျင်း၏အော်သံကို ကြားလိုက်ရသော အခါ ရုတ်တရက် ထိတ်လန့်သွားတော့သည်။ ချက်ချင်းပင် နောက်သို့ ခုန်၍ ရှောင်လိုက်သည်။

သို့သော် ထိုအချိန်တွင် ချန်ခွန်း၏ လက်ဝါးက ရှက်စွန်း၏ ရင်ဝရှိရာသို့ ဖြည်းညင်းစွာရောက်ရှိလာပြီး အနီးသို့ ရောက်ရှိသော အခါကျမှ ရုတ်တရက် အတွင်းအားကို သုံး၍ ရိုက်ချလိုက်တော့သည်။

ရှက်စွန်းအဖို့ လေသံကို လုံးဝကြားရခြင်း မရှိသဖြင့် ရှောင် တိမ်းနိုင်တော့ဘဲ နောက်သို့ လဲကျသွားရတော့သည်။

ချန်ခွန်းသည် ခြေထောက်ဖြင့် ရှက်စွန်း၏ ခေါင်းကို ဆက်တိုက်လိုလိုပင် ဆက်၍ ကန်လိုက်သည်။ ရှက်စွန်းသည် ထို ကတန်းပင် ဘေးသို့ လိမ့်လိုက်ရတော့၏။ သူ မတ်တတ်ရပ်နိုင်ချိန် တွင် သူ၏ နှုတ်ခမ်းထောင့်မှ သွေးများ စီးကျနေတော့သည်။

ချန်ခွန်းကမူ တစ်ချက်မျှ လှုပ်ရှားမှု မရှိတော့။ ငြိမ်သက်စွာ ရပ်နေတော့သည်။ အတန်ကြာမှ သူ၏ ဘယ်ဘက်လက်ဝါးကို တရွေ့ရွေ့ ဖြည်းညင်းစွာ ရှေ့သို့ဆန့်ထုတ်လိုက်သည်။

တကယ်တမ်းအားဖြင့် ရှက်စွန်းက ချန်ခွန်းအား တိုက်ခိုက် နေခြင်းမှာ လေသံကို နားထောင်ပြီးတိုက်ခိုက်နေခြင်းသာ ဖြစ်သည်။



လေလှိုင်း၏ လှုပ်ရှားသံကို မကြားရပါက ရှက်စွန်းအနေဖြင့် မည်သို့ တိုက်ခိုက်မှုကိုမျှ ပြုလုပ်နိုင်မည် မဟုတ်ပေ။

ယခုချန်ခွန်းက သိုင်းကွက်ကို ဖြည်းညင်းစွာထုတ်၍ တိုက် ခိုက်ခြင်း၏ အကျိုးကျေးဇူးကို သိရှိသွားသောအခါ လုံးဝ အသံ မပြုတော့ဘဲ လေသံမကြားအောင် ထိန်း၍ တိုက်ခိုက်တော့သည်။

ထိုအခါ ရှက်စွန်းအဖို့ ခုခံရခက်လာသည်။ ချန်ခွန်း၏ လက်ဝါးများသည် ရှက်စွန်း၏ ရှေ့နားသို့ ရောက်လာသည့်အခါကျမှ ရုတ်တရက် ချက်ချင်း လက်ဝါးကိုလှန်လိုက်ကာ ရှက်စွန်း၏ ပခုံးကို ရိုက်ချလိုက်သည်။ ရှက်စွန်းသည် ယိမ်းထိုးသွားပြီး ထပ်မံ တိုက်ခိုက် ခြင်း ပြုမလာနိုင်အောင် ကြိုးစားကာကွယ် နေရတော့၏။

ထိုအခါ ဘေးပတ်လည်ရှိ သိုင်းသမားများက အော်ဟစ် ကန့်ကွက် ကြတော့သည်။

'ချန်ခွန်း... မင်း ယုတ်မာလှချည်လား၊ မျက်စိ မမြင်တဲ့လူ ကို ဒီနည်းနဲ့ တိုက်ခိုက်ရသလား လူယုတ်မာရဲ၊ မင်းမှာ အရှက် မရှိဘူးလား၊ ရှက်စွန်းပြောတာ အမှန်တွေချည်းနေမှာပဲ၊ အခု ကြည့် ပါလား၊ ချန်ခွန်းဟာ သူ့ ယုတ်မာမှုတွေကို ထုတ်ပြနေတာ'

ချန်ခွန်းကမူ မည်သို့မျှ ဂရုမစိုက်ချေ၊ တရားသည် ဖြစ်စေ၊ မတရားသည်ဖြစ်စေ၊ ယုတ်မာသည်ဖြစ်စေ၊ တော်တည့်ဖြောင့်မှန်

www.burmeseclassic.com

သည်ဖြစ်စေ မည်သည့်နည်းနှင့်ဖြစ်ဖြစ် ရက်စွန်း သေရန်သာ ဦး တည်ချက်ထားသူ ဖြစ်ပေသည်။ ထို့ကြောင့် သူ၏ လက်ကို ဖြည်းညင်းစွာ ဆန့်ထုတ်လိုက်ပြန်သည်။

ရက်စွန်းကမူ သူ၏ လက်နစ်ဘက်ကို ရင်ဘတ်ရှေ့တွင် ကန့်လန့်ဖြတ် အနေအထားဖြင့် ကာကွယ်ထားပြီး လေသံကို နား နေသည်။ ချန်ခွန်း၏ လက်တစ်ချက်လှန်လိုက်သည်နှင့် ရက် သည် ကမန်းကတန်း ကာကွယ်လိုက်ရပြန်သည်။

ပရိသတ်အတွင်း၌ စိတ်သောကဝေဒနာ အကြီးအကျ ခံစားနေရသူမှာ ဟူကျင်းပင် ဖြစ်တော့သည်။ သူသည် သူ့ အဖေ ၏ ရှေ့ရေးကို ကြိုတင် မြင်နေမိသည်။ ဤအတိုင်းသာ ဆက်လ တိုက်ခိုက်သွားပါက သူ့အဖေကြီးရက်စွန်းသည် ချန်ခွန်း၏လက် ဖြင့် မုချ သေရပေတော့မည်။

ယခုတိုက်ပွဲသည် သာမန်တိုက်ပွဲမဟုတ်။ ကမ္ဘာမ ရန်ငြိုးတိုက်ပွဲ ဖြစ်နေ၍ သူ့ အနေဖြင့်ဝင်ရောက်တိုက်ခိုက်ရန် မည် မှု မဖြစ်နိုင်တော့ချေ။ သူ ဝင်ရောက်တိုက်ခိုက်လျှင်လည်း အဖေကြီး ရက်စွန်းက လုံးဝ ခွင့်ပြုလိမ့်မည် မဟုတ်ကြောင်း ဟူ သိထားမိသည်။

ထို့ကြောင့် သူ့ အဖေကြီးအတွက် ဟူကျင်းအဖို့ ကြီး သော စိုးရိမ်ပူပန်မှုကြီးကို ခံစားနေရခြင်း ဖြစ်တော့သည်။



ထိုစဉ်…၊ အုံ့ဩစဖွယ် တစ်မိုးလုံး မှောင်မည်း လာလေတော့သည်။ လူအချို့က အော်ဟစ်လိုက်ကြသည်။

'နေကြတ်ပြီ… နေကြတ်ပြီ'

ဟူကျင်းသည် ဦးခေါင်းကို မော့၍ ကောင်းကင်ကြီးကို ကြည့်လိုက်သည်။ နေမင်းကြီးသည် တရှိန်ရှိန် မတောက်ပနိုင်တော့။ တစ်ခြမ်းမှုသည် မည်းမှောင်စပြုနေပေပြီ။ တကယ်ပင် နေကြတ်တော့မည့် သဏ္ဌာန်ပင်တည်း။

စက္ကန့်နှင့်အမျှပင် နေလုံးကြီးသည် တဖြည်းဖြည်း ပျောက်ကွယ်စ ပြုလာတော့၏။ ပရိသတ်ကြီးအတွင်းရှိ လူအချို့သည်လည်း ကြောက်ရွံ့စပြုလာကြပြီ။

ထိုခေတ်ထိုအခါက လူများအဖို့ နေကြတ်ခြင်း၊ လကြတ်ခြင်းသဘောကို တိကျသေချာစွာ မသိရှိကြသဖြင့် ထိုသို့ နေကြတ်လာချိန်များတွင် လွန်စွာ ကြောက်ရွံ့တတ်ကြပေသည်။ ပရိသတ်ကြီးသည် လှုပ်လှုပ်ရွရွ ဖြစ်လျက်ရှိနေကြပြီ။ ထိုစဉ် ကျောက်မိန်က အော်ဟစ်လိုက်သည်။

'ချန်ခွန်း…ရှင်ဟာ မကောင်းမှုတွေ လုပ်ခဲ့တာ များလွန်းလို့ အခု ဘုရားသခင်က ရှင့်ကို ဒဏ်ခတ်တော့မယ်၊ အခု တစ်လောကလုံး မည်းမှောင်လာတာ တွေ့လား၊ ဒါဟာ ရှင့်အတွက် သေနေ့ရောက်ပြီလို့ပြတဲ့ အမှတ်အသားပဲ'

www.burmeseclassic.com



ချန်ခွန်းသည် စိတ်ဓာတ် မာကြောခက်ထန်သူ ဖြစ်၍ မည်သည့်အခါမျှ ကြောက်လန့်ခြင်း မရှိခဲ့ပေ။ ယခု ကျောက်မိန်၏ အော်ဟစ်သံ ကြားလိုက်ရသည့်အခါတွင်မူ ထိတ်လန့် တုန်လှုပ် သွားရတော့သည်။ ထို့ကြောင့် ရှက်စွန်းအား နှစ်ချက်မျှဆင့်ရိုက်ပြီး တောင်အောက်သို့ ပြေးဆင်းသွားရန် စိတ်ကူးလိုက်သည်။ ထို စိတ်ကူးအ... ကမန်းကတန်း ဝင်ရောက် တိုက်ခိုက်တော့သည်။

ရှက်စွန်းသည် ချန်ခွန်း၏ ရုတ်တရက် ပြောင်းလဲသွားသော တိုက်ကွက်ကြောင့် ချန်ခွန်း၏ အကြံအစည်ကို ခန့်မှန်းမိတော့သည်။ ရှက်စွန်းသည် ချန်ခွန်းအား လုံးဝ အခွင့်မပေးတော့ဘဲ အတင်း မှုးကာ တိုက်ခိုက်တော့သည်။

တဝင်းဝင်း တထိန်ထိန် တောက်ပနေခဲ့သော နေမင်းကြီးသည်လည်း လုံးဝ ပျောက်ကွယ်သွားချေပြီ။ ဩဘာသ လောကကြီး တစ်ခုလုံး လုံးဝ မည်းမှောင်သွားတော့သည်။ ရုတ်တရက်အားဖြင့် တစ်ဦးကို တစ်ဦးက မမြင်မတွေ့နိုင်လောက်အောင် မည်းမှောင်သွားခဲ့ရလေပြီ။

ရှောင်လင်ကျောင်းတိုက် တောင်ခြေရှိ တောကြီးအတွင်းမှ ခွေးအများ၊ သားရဲတိရစ္ဆာန်များသည်လည်း ဆူညံစွာ အူခြင်း ဟောင်ခြင်း၊ ဟိန်းဟောက်ခြင်းများ ပြုလုပ်နေကြတော့သည်။

သိုင်းသမားများသည် သတ္တိရှိသူများ ဖြစ်ကြသော်လည်း ဤသို့ နေ့ခင်းကြောင်တောင် လင်းထိန်နေရာမှ ရုတ်တရက် မည်း





မှောင်သွားခြင်းကို ကြုံတွေ့ရသည့်အခါတွင်မူ ကြောက်စိတ်များ ဝင်လာကြတော့၏။

ဟူကျင်းသည်ပင် ကျောက်မိန် ကြောက်၍ နေမည်စိုးသဖြင့် လက်ကလေးကို ဆုပ်ကိုင်ထားလိုက်မိလေ၏။ သူ့ အဖေကြီး ရှက်စွန်း၏ အခြေအနေကို အစွမ်းကုန် စူးစိုက်ကြည့်သော်လည်း လုံးဝ မြင်တွေ့ရခြင်း မရှိတော့ပေ။

ထိုအချိန်၌ ချန်ခွန်းသည်လည်း မျက်ကန်းတစ်ယောက် ပမာ ဖြစ်နေရချေပြီ။

နေစကြတ်စဉ်က ရှက်စွန်း၏ ခန္ဓာကိုယ်ကို ရိုးတိုးရိပ်တိတ် မြင်နေခဲ့ရသေးသော်လည်း နေ လုံးဝ ကြတ်သွားသည့် အခါတွင်မူ အခြားသူများကဲ့သို့ပင် လုံးဝ မမြင်နိုင်တော့ဘဲ တလောကလုံး မည်းမှောင်နေသည်ကိုသာ သိနေရတော့သည်။

ရှက်စွန်း၏ ခန္ဓာကိုယ်ကိုလည်း လုံးဝ မတွေ့မြင်ရတော့။ ချန်ခွန်းသည် နောက်သို့ ခုန်ဆုတ်၍ ရှက်စွန်းနှင့် ဝေးရာသို့ ထွက်ပြေးရန် စိတ်ကူးလိုက်မိသည်။ သို့သော် ရှက်စွန်းသည် လုံးဝ အခွင့်အရေး မပေးတော့ပေ။ တဟုန်ထိုး ဝင်ရောက်ပူးကပ် တိုက်ခိုက်တော့၏။

အမှောင်ကမ္ဘာကြီးထဲ၌ လက်သီးများ၏ လေတိုးသံကိုသာ ကြားနေရပြီး ရုတ်တရက် 'အား' ခနဲ နာကျင်စွာ အော်လိုက်သည့်

www.burmeseclassic.com

www.burmeseclassic.com



အသံတစ်သံကို ကြားလိုက်ကြရသည်။

ချန်ခွန်း၏ အသံတည်း။

ချန်ခွန်း၏ ရင်ဘတ်တွင် ခုနစ်ဆင့် လက်သီးကွက်တစ်ချက် အထိုးခံလိုက်ရပြီးနောက် ဤသို့ စူးရှစွာ အော်လိုက်မိခြင်း ဖြစ်သည်။

ချန်ခွန်းသည် ရုတ်တရက် စဉ်းစားမိလိုက်သည်။ မိမိ အတွင်းဒဏ်ရာ ရရှိသွားပြီကို ရှက်စွန်းလည်း သိသွားပေပြီ။ မိမိ သာနောက်သို့ ခုန်၍ ဆက်ရှောင်ပါက ရှက်စွန်း၏ နောက်ထပ် လက်သီးနှစ်ချက် အထိုးခံရဖွယ် ရှိနေသည်။ ထိုအတွေးကို တွေးလိုက်သောအခါ ချန်ခွန်းသည် နောက်သို့ မဆုတ်တော့ဘဲ နေရာ တွင်ပင် ကြံ့ကြံ့ခံ ရပ်တည်နေလိုက်တော့သည်။

ရှက်ချင်းပင် အနီးကပ် တိုက်ကွက်များကို အသုံးပြုတော့ ၏။ အချုပ်အကိုင်၊ အလိမ်အချိုး၊ အဆွဲအပေါက် စသော သိုင်းကွက် မျိုးကိုသာ အသုံးပြုတော့သည်။

ဤသို့သော အနီးကပ် တိုက်ကွက်များအဖို့ ရန်သူကို မြင် တွေ့နေရန်မလိုပေ။ မည်သည့်နေရာ ထိထိ၊ ထိလိုက်မိသည်နှင့် ချက် ချင်းပင် ဆွဲဖမ်း ကိုင်ပေါက်ပစ်နိုင်ပေသည်။

ချန်ခွန်းနည်းတူပင် ရှက်စွန်းသည်လည်း ဤ တိုက်ကွက် များအတိုင်း ပြောင်းလဲ တိုက်ခိုက်တော့သည်။



ထိုအခါ အမှောင်ကမ္ဘာကြီးအတွင်း သူတို့ နှစ်ယောက်၏ လက်ချင်းချိတ်သံ၊ ရိုက်ခတ်သံ၊ ကိုင်ပေါက်သံ၊ မာန်သွင်းအော်သံ များကို ကြားနေရတော့သည်။ ဟွာကျင်းအဖို့ စိုးရိမ်ပူပန်မှု အထွတ် အထိပ်သို့ ရောက်ရှိနေလေပြီ။

သူ့အဖေကြီး ရှက်စွန်းအား ဝင်ရောက် ကယ်တင်လို၏။ သို့သော် မိမိကိုယ်တိုင် မည်သည့် အရာကိုမျှ မတွေ့မမြင်ရ။ အကန်း တစ်ယောက်နှယ် ဖြစ်နေရချေပြီ။

ရှက်စွန်းကမူ နေကြတ်သွားပြီ ဆိုသည်ကို လုံးဝ မသိပေ။ သူ့အဖို့ ယခင်ကလည်း မှောင်နေသည်။ ယခုလည်း မှောင်နေသည်။ ထို့ကြောင့် နေကြတ်ခြင်းသည် သူ့အဖို့ မည်သို့မျှ မထူးခြား။

သို့သော်... ချန်ခွန်း၏ တိုက်ကွက်များ ဗရမ်းဗတာ ဖြစ် လာသည်ကို သိလိုက်ရပြီး လူတွေက နေကြတ်နေပြီဟု အော်လိုက် သည့် စကားများကို ကြားလိုက်ရခြင်းတို့ကို ဆက်စပ် စဉ်းစားလိုက် သောအခါ အခြေအနေမှန်ကို ကောက်ချက်ချ အဖြေထုတ်နိုင်လိုက် သည်။

သူ မျက်စိ ကန်းခဲ့သည်မှာ အနှစ်နှစ်ဆယ် ကျော်ခဲ့ပြီ ဖြစ် သည်။ ထို အနှစ်နှစ်ဆယ်အတွင်း အကြားအာရုံကိုသာ အားထား၍ လူ့လောကကြီးအတွင်း၌ နေထိုင်ခဲ့ရသည်။ တနည်းအားဖြင့် သူ၏ နားကိုမျက်စိ အစား အစားထိုးပြီး နေထိုင် လေ့ကျင့်ခဲ့ရသဖြင့် ကျင့် သား ရနေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ချန်ခွင်းအဖို့မှာမူ ရှက်စွန်းနှင့် ပြောင်းပြန် ဖြစ်နေသည်။ လောကကြီးတစ်ခွင်လုံး မည်းမှောင်သွားသောအခါ မျက်ကန်း ဖြစ်ခါစ လူတစ်ယောက်ကဲ့သို့ စိုးရိမ်တကြီး အကြောက်လန့်တကြားဖြင့် ပရမ်းပတာ ကာကွယ်နေရတော့သည်။

ထို့ကြောင့် ရှက်စွန်းအဖို့ အခွင့်အရေးများစွာ အသာရရှိသွား၍ ချန်ခွန်းသည် ရှက်စွန်း၏ ခုနစ်ဆင့်လက်သီးတစ်ချက် အထိုးခံလိုက်ရတော့သည်။

ယခုအခါ နှစ်ယောက်စလုံး အနီးကပ် တိုက်ခိုက် နေကြရပြီ။ ရုတ်တရက် ရှက်စွန်း၏ လက်နှစ်ဘက်သည် ချန်ခွန်း၏ ခါးကို တစ်ဘက်တစ်ချက် ဆုပ်ကိုင်ဖမ်းမိ သွားတော့သည်။ ချန်ခွန်းသည် အခွင့်အရေးတစ်ခု ရလိုက်ပြီဖြစ်သဖြင့် 'ယား'ဟူမာန်သွင်း အော်ဟစ်လိုက်ကာညာလက်ညှိုး လက်ခလယ်နှစ်ချောင်းတို့က ရှက်စွန်း၏ မျက်လုံးများကို ထိုးဖေါက်လိုက်တော့သည်။ ယင်းအကွက်သည် ချန်ခွန်း၏ အလွန်တရာ ကောင်းမွန်လှသော တိုက်ကွက်ဝင်ဖြစ်တော့သည်။

အကယ်၍ ရှက်စွန်းအနေဖြင့် ခေါင်းကိုတိမ်း၍ ဘေးသို့ ရှောင် လိုက်လျှင် သူ၏လက်ဝါးကို လွှဲရိုက်လိုက်ရုံမျှဖြင့် ရှက်စွန်း၏ နားထင်ကြောကို ထိထိမိမိ ရိုက်နိုင်ပေတော့သည်။

သို့သော်...ထူးဆန်း အံ့ဩဖွယ် အချင်းအရာကို ချန်ခွန်း တွေ့ရလေပြီ။ ချန်ခွန်းမျှော်လင့်ထားသကဲ့သို့ ရှက်စွန်းသည် လုံးဝ



ရှောင်တိမ်းခြင်း မပြုဘဲ ချန်ခွန်း ကဲ့သို့ပင် 'ယား' ခနဲ အော်လိုက်ကာ လက်ညှိုး လက်ခလယ် နှစ်ချောင်းဖြင့် ချန်ခွန်း၏ မျက်လုံးများကို ထိုးဖေါက်လိုက်တော့၏။

ချန်ခွန်းသည် သူ၏ လက်နှစ်ချောင်းက ရှက်စွန်း၏ မျက်လုံးများကို ထိုးဖေါက်လိုက်မိသော အခါကျမှ ကြီးစွာသော နှောင်တကို ရလိုက်မိသည်။

နှောင်တ ဆိုသည့် စကားသည် အချိန်လွန်သည့် အခါကျမှသာ ရလေ့ရှိသည့် အတိုင်း ယခုလည်း အချိန်လွန်ခဲ့လေပြီ။

သူ့ လက်ချောင်းများက ရှက်စွန်း၏ မျက်လုံးများကို ထိုးဖောက် လိုက်သည့် အချိန်နှင့် မရှေးမနှောင်းပင် ရှက်စွန်း၏ လက်နှစ်ချောင်းက မိမိ၏ မျက်လုံးများကို ထိုးဖောက်သွားခဲ့ပြီး ဖြစ်၏။ သူ၏မျက်လုံးများ ပေါက်ကွဲပျက်စီးသွားခဲ့ချေပြီ။ ရှက်စွန်း ကဲ့သို့ပင် အကန်း တစ်ယောက် ဖြစ်သွားခဲ့ရချေပြီ။

ရှက်စွန်းသည် အကန်းဘဝ ရောက်နေသည်မှာ ကြာပြီဖြစ်သဖြင့် နေသားထိုင်သားကျခဲ့ပေပြီ။ မိမိမှာမူ...ချန်ခွန်းသည် ဆက်၍ မတွေးနိုင်တော့ပေ။

ထိုအချိန်မှာပင် နေကြတ်ခြင်း ကွယ်ပျောက် သွားပြီဖြစ်သဖြင့် နေလုံးကြီး တဖြည်းဖြည်းနှင့် ပေါ်လာနေတော့၏။ ကမ္ဘာလောက

www.burmeseclassic.com

www.burmeseclassic.com



လုံးကို အလင်းရောင် နေခြည်တန်းများ လွှမ်းခြုံလာတော့၏။

ထိုအခါ ရှက်စွန်းနှင့် ချန်ခွန်းတို့ မျက်နှာချင်းဆိုင် ရပ်လျက် ရှိနေကြလေပြီ။ နှစ်ယောက်စလုံး ရရှိယားသောဒဏ်ရာများသည် အတူတူပင်ဖြစ်ကြသည်။ မျက်လုံးများ ပေါက်ကွဲပျက်စီး နေကြပြီး သွေးများ ယိုစီးကျနေသည်။ သို့သော် ရှက်စွန်းမှာမူ ယခင် ကတည်းက မျက်စိများ ပေါက်ကွဲ ပျက်စီးပြီးသား ဖြစ်နေသည်။ မျက်စိ အမြင်အား လုံး၀ ဆုံးရှုံးခဲ့ပြီးသူ ဖြစ်နေသည်။ ယခု ထိုးဖောက်ခံရ ချိန်တွင် အပြောင်းဒဏ်ရာလောက်သာ ခံစားရခြင်းဖြစ်သည်။ မည်သို့မျှ ထူးခြား နစ်နာခြင်း မရှိပေ။

ချန်ခွန်းမှာမူ ပကတိ မျက်စိအကောင်း ဆုံးရှုံးရသူဖြစ်သ ဖြင့် နစ်နာလှပေသည်။

ရှက်စွန်းသည် ခနဲ့ပြုံးပြုံး၍ မေးလိုက်သည်။

'ချန်ခွန်း...ကန်းတဲ့ အရသာဟာ တော်တော် ကောင်းရဲ့လား ကွ၊ အခု မင်းလဲ အကန်းဘ၀ ရောက်သွားပြီ ဆိုတော့ အကန်းတွေကို နားလည်သွားပြီပေါ့ကွာ'

ရှက်စွန်းသည် ပြောပြောဆိုဆိုဖြင့် သူ၏ လက်သီးဖြင့် ချန်ခွန်းကို 'ဝုန်း' ခနဲ ထိုးချလိုက်တော့သည်။



ချန်ခွန်းသည် မမြင်မကန်းဖြင့် ကမန်းကတန်း ကာကွယ် ...က်သည်။

သို့သော် ရှက်စွန်း၏ လက်သီးသည် ချန်ခွန်း၏ ရင်ဘတ် ... 'ဝုန်း' ခနဲ ထိမိုက်သွားတော့သည်။

ထိုအခါ ချန်ခွန်းသည် နောက်ဘက်သို့ လွင့်စဉ် ထွက် ...ားပြီး ဝေါ့ခနဲ သွေးများ ထိုးအန်လိုက်တော့သည်။ ရှက်စွန်းသည် ...သို့ တက်၍ အပြီးသတ် ပွဲသိမ်း လက်သီးကို ထိုးရန် ချိန်ရွယ် ...က်သည်။

သို့သော် သူမထိုးရသေးမီ တုခေါ်ဆရာကြီးထံမှ ဘုရား ...ျွတ်ဆိုသံများ ကြည်ညို့နာပျော်ဖွယ်ရာ ထွက်ပေါ်လာတော့သည်။

ရှက်စွန်း၏ လက်သီးသည် ချိန်မြှောက်ထားရာမှ ချန်ခွန်းကို ...ိုးဖြစ်တော့ဘဲ တဖြည်းဖြည်း အောက်သို့ ကျသွားတော့သည်။ ...က်စွန်းက...

'မင်းကံကောင်းတယ်၊ ငါကမင်းကို ခုနစ်ဆင့် လက်သီး ...င်းနဲ့ ဆယ့်သုံးချက်တိတိ ထိုးမယ်လို့ ရည်ရွယ်ထားတာ၊ ဒါပေမယ့် ...ခု မင်းရဲ့ သိုင်းပညာတွေအားလုံး ငါ ဖျက်ဆီးပစ်လိုက်ပြီးပြီ၊ ငါ့ ...က်သီးကို သွေးအန်အောင် အထိုးခံရပြီးတဲ့နောက် မင်းမှာ ... ...င်းပညာမှ မကျန်နိုင်တော့ဘူး၊ အခုဆိုရင် မင်းလဲ ဒုက္ခိတ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီ၊ ကဲ...မင်း ဘာအစွမ်းနဲ့ မကောင်းမှုတွေ ပြုနိုင်တော့မှာလဲ ဒါကြောင့် မင်းကို ငါ မသတ်တော့ပါဘူး'

ထိုအခါ ဆားပတ်လည်ရှိ သိုင်းသမားအားလုံး လိုလိုပင် ရှက်စွန်းအား ချီးကျူးကြတော့သည်။ ရှက်စွန်းသည် ရုတ်တရက် ထိုင်ချလိုက်ပြီး တစ်စုံတစ်ခုကို စူးစူးစိုက်စိုက်ဖြင့် တရားထိုင်သည့်ပမာ ထိုင်နေတော့သည်။ ထိုတခဏအတွင်း ရှက်စွန်း၏ ခန္ဓာကိုယ်မှ အရိုးများ၏ ဖြိုးဖြိုးဖျစ်ဖျစ်မြည်သံများကို ထိတ်လန့်စဖွယ် ကြားလိုက်ကြရသည်။

ဟူကျင်းသည် မမျှော်လင့်သော အဖြစ်ကြောင့် ကြက်သေ သေရင်း ငေးမောနေမိတော့သည်။

အကြောင်းမှာ ရှက်စွန်းသည် သူ၏ သိုင်းပညာများကို လုံးဝ ဖျက်ဆီးပစ်လိုက်သောကြောင့်ပေတည်း။

ဟူကျင်းသည် ထွက်၍တားဆီးရန် ပြုလိုက်မိသော်လည်း အချိန်မမီတော့ပေ။ ရှက်စွန်းသည် သူ၏ရင်ဘတ်ကို တစ်ချက် ထု လိုက်သည်။

ဟူကျင်းသည် အနားရောက်နေပြီဖြစ်၍ ရှက်စွန်း၏ လက်ကို ဖမ်းကိုင်လိုက်မိသည်။ အတွင်းအားဟူ၍ လုံးဝမရှိတော့ပေ။

ရှက်စွန်းသည် ချန်ခွင်းကို ပြောလိုက်သည်။



'ချန်ခွန်း...မင်းက ငါ့ရဲ့ တစ်အိမ်သားလုံးကို သတ်တယ်၊ ဒါကြောင့် ငါက မင်းရဲ့ မျက်လုံးကို ဖောက်လိုက်ပြီးပြီ၊ မင်းရဲ့ သိုင်းပညာကိုလဲ ဖျက်ဆီးပစ်လိုက်ပြီးပြီ၊ ဒီတော့...ငါ့ရဲ့အကြွေးကို ချေနိုင်ခဲ့ပြီလို့ သတ်မှတ်လိုက်ပြီ'

ရှက်စွန်းသည် သူ၏စကားများကို တည်ငြိမ်လေးနက်စွာ ပြောနေခြင်းဖြစ်သည်။ သူ၏ မဆုံးသေးသောစကားကို ထပ်ဆက် ပြန်သည်။

'ချန်ခွန်း...မင်းက ငါ့ကို သိုင်းပညာတွေ သင်ပေးခဲ့တယ် မဟုတ်လား၊ အခု ငါ ခန္ဓာကိုယ်ထဲမှာ ရှိသမျှ သိုင်းပညာတွေကို ဖျက်ဆီးလိုက်သံတွေကို မင်းကြားပါလိမ့်မယ်၊ ဒီတော့ မင်းနဲ့ ငါဟာ ကျေးဇူးရှိတဲ့ လူတွေလဲ မဟုတ်ကြတော့ဘူး၊ ရန်ငြိုးရှိတဲ့လူတွေလဲ မဟုတ်ကြတော့ဘူး၊ ပြီးပြီ၊ ကိစ္စတွေအားလုံး ဇာတ်ခန်းရပ်သွားပြီ၊ မင်းကလဲ ငါ့ကို တစ်သက်လုံး မမြင်နိုင်တော့ဘူး၊ ရှေ့ဆက်လဲ ဘာမှ ရန်ဖြစ်စရာ မရှိတော့ဘူး'

ချန်ခွန်းမှာမူ သူ၏ မျက်စိနှစ်ကွင်းကို သူ၏လက်ဖြင့် ဖုံးဖိထားသည်။ မည်သည့်စကားကိုမျှ မပြောနိုင်တော့ပေ။

မကောင်းမှုဟူသည် မကောင်းမှု ပြုသူထံသို့ နောက်ဆုံး ဆိုက်ရောက်တတ်လေသည်။

သိုင်းသမားအားလုံးသည် စိတ်ဝင်စားလှုပ်ရှားဖွယ်ကောင်း လှသော အဖြစ်တစ်ရပ်ကို အစအဆုံး တွေ့မြင်လိုက်ရသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်စွာ ရပ်ကြည့်နေမိကြသည်။

ရှက်စွန်းသည် အသံမြှင့်၍—

ရှက်စွန်းလို့အမည်တွင်တဲ့ ကျုပ်ဟာ အပြစ်တွေ အများကြီး ကျူးလွန်ခဲ့သူဖြစ်ပါတယ်၊ အမှန်ဆိုရင် ကျုပ်အဖို့ ဒီအထိ အသက်ရှင်နေဖို့ မထိုက်ပါဘူး၊ အခု ခင်ဗျားတို့ထဲမှာ ကျုပ်အတွက်နဲ့ သေဆုံးခဲ့ရသူတွေရဲ့ ဆွေမျိုးများရှိရင် ထွက်ခဲ့ကြပါ၊ ကျုပ်ကို သတ်နိုင်ပါပြီ'

ရှက်စွန်းသည် ပရိသတ်ကြီးကို ဤသို့ပြောပြီးသည်နှင့် ဟူကျင်းဘက်သို့ လှည့်လိုက်သည်။

'ဟူကျင်း…မင်း ဒီလူတွေကို လုံးဝမတားဆီးရဘူးနော်၊ ငါ မှာတဲ့အတိုင်း မလုပ်ရင်တော့ မင်းကို ငါဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူး'

ဟူကျင်းမှာ မည်သည့်စကားကိုမျှ မပြောနိုင်တော့၊ မျက်ရည်များတတွေတွေသာ ကျဆင်းလျက် ရှိနေတော့သည်။

ထိုစဉ် လူအုပ်ထဲမှ လူတစ်ယောက်ထွက်လာပြီး—

'ရှက်စွန်း ကျုပ်အဖေဟာ ကျွန်းဖူးခုန်ပဲ၊ ကျုပ်အဖေဟာ ခင်ဗျားရဲ့ လက်သီးချက်နဲ့ အသက်ထွက်ခဲ့ရတယ်၊ အခု ကျုပ်အဖေကိုယ်စား တုံ့ပြန်မယ်'

ရှက်စွန်းက—



'ဟုတ်ပါတယ်၊ ငါမှတ်မိပါတယ်၊ မင်းရဲ့အဖေကို တကယ်သတ်ခဲ့မိတာပါပဲ၊ မင်းအနေနဲ့ ငါ့ကိုသတ်နိုင်ပါတယ်'

ထိုလူသည် သူ၏ဓားကို ရှမ်းခနဲ ဆွဲထုတ်လိုက်သည်။ ရှေ့သို့နှစ်လှမ်းလျှောက်လာသည်။

ဟူကျင်းအနေဖြင့် စားလည်းရှုး၊ဆုပ်လည်းစူး ဖြစ်နေချေပြီ။

သို့သော် သူ၏ခြေလှမ်းများသည် အလိုလိုနေရင်း ရှေ့သို့နှစ်လှမ်းမျှ တက်လာသည်။

ရှက်စွန်းသည် တင်းမာစွာ အော်ဟစ်လိုက်သည်။

'ဟူကျင်း…ဒီလူကိုမင်းတားရင် ငါ့ကို အရှိအသေမရှိတဲ့သားလို့ ငါသတ်မှတ်လိုက်မယ်၊ မင်း နောက်ဆုတ်လိုက်စမ်း၊ ငါ သသွားရင် မြေအောက်ခန်းကို ဆင်းကြည့်၊ မင်း သိချင်တာတွေ သိရလိမ့်မယ်'

ထိုအခါ ရှက်စွန်းကို သတ်မည့်သူသည် ဓားမြှောင်ကိုင်ရင်းမှ မျက်ရည်ဖြိုင်ဖြိုင် ကျလာတော့သည်။

သူသည် ရုတ်တရက် ရှက်စွန်းကို တစ်ချက် တုံ့တွေး တွေးလိုက်ပြီး ရှိုက်သံဖြင့် ပြောလိုက်သည်။

'ကျုပ်အဖေဟာ သိုင်းသမား သိပ်ပီသတဲ့ သိုင်းသမားကြီးတစ်ယောက်ပါ၊ ဘာသိုင်းမှမရှိတဲ့ လူတစ်ယောက်ကို ကျုပ်ဓားနဲ့

www.burmeseclassic.com

www.burmeseclassic.com



ခုတ်ဒေယ်ဆိုတာကိုသာ တမလွန်ဘဝက ကျုပ်အဖေ သိသွား

ကျုပ်ကို အပြစ်တင်တော့မှာပဲ'

ထိုသူသည် သူ၏ဓားကို 'ချွမ်' ခနဲ ပစ်ချလိုက်ကာ မျက်

ကို အုပ်၍ ပြေးထွက်သွားတော့သည်။

ထိုစဉ် မိန်းကလေးတစ်ယောက် ဝင်လာပြန်သည်။ သူ

သည်လည်း ရှက်စွန်းကို တံတွေးတစ်ချက်ထွေးကာ ငိုရှို

သွားပြန်တော့သည်။

ထိုမြင်ကွင်းများကိုကြည့်၍ ဟူကျင်းအဖို့ သူ့ အ

ကိုယ်စား ရင်နာမဆုံးဖြစ်မိတော့၏။ ရှက်စွန်းကမူ မည်သည့်

စားချက်ကိုမျှ ထုတ်ဖော်မပြ။ ခေါင်းကြီးငုံ့လျက် သူ့အပြစ်သူ

နေပေသည်။

လူအုပ်ထဲမှ တစ်ယောက်ပြီးတစ်ယောက် ထွက်လာ

တချို့ကဆဲဆိုကြသည်။ တချို့ကမူ ခြေထောက်ဖြင့် ကန်ကျော

ကြသည်။ ရှက်စွန်းကမူ ခေါင်းကြီး ငုံ့မြဲငုံ့လျက်သာ။

ထိုသို့ အယောက်သုံးဆယ်ခန့် လက်စားချေကြပြီးနော

လူကြီးတစ်ယောက် လျှောက်ထွက်လာကာ ရှက်စွန်းကို အရိုအ

သေးလိုက်ပြီး...



'ကျုပ်က တိုက်ရှိုးပါ။ ကျုပ်ရဲ့ကိုကြီးတူ အစ်ကိုနှစ်ယောက်ကို ခင်ဗျား သတ်ခဲ့တယ်၊ ကျုပ်ကတော့ အဲဒီအတွက် တုံ့ပြန်မလို့ပါပဲ၊ ဒါပေမယ့် အခု ရှက်စွန်းရဲ့ သူရဲကောင်းပီသတဲ့ စိတ်ဓာတ်ကိုတွေ့ရလို့ ကျုပ်ကိုယ်တောင်ကျုပ် ပြန်ရှက်မိပါတယ်၊ ကျုပ်လဲ လူတွေအများကြီး သတ်ခဲ့ဖူးတာပဲ၊ ကျုပ်သတ်ခဲ့တဲ့ လူတွေရဲ့ ဆွေမျိုးမိတ်သင်္ဂဟတွေကလဲ ကျုပ်ကို တုံ့ပြန်ချင်ကြမှာပဲ၊ ကျုပ်အနေနဲ့ ရှက်စွန်းလို ခေါင်းငုံ့ပြီး တုံ့ပြန်မခံရဲတာ အမှန်ပဲ၊ ဒီတော့ ကျုပ်လုပ်ရဲတဲ့အလုပ်ကို ရဲရဲဝံ့ဝံ့လုပ်ပြီး ခေါင်းငုံ့ခံနေတဲ့ ရှက်စွန်းကို ကျုပ်မသတ်တော့ပါဘူး'

သူသည် ပြောပြောဆိုဆိုဖြင့် သူ၏ဓားကို ဆွဲထုတ်လိုက်ပြီး ထက်ပိုင်းချိုးလိုက်ကာ မြေပေါ်သို့ ပစ်ပေါက်ပြီး ထွက်သွားတော့သည်။

ထိုအခါ သိုင်းသမားအားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြတော့သည်။ ထိုလူ၏စကားကို ကြားလိုက်ရသော ဟူကျင်းအဖို့ အတိုင်းမသိသော ဝမ်းမြောက်မှုကို ခံစားလိုက်ရသည်။

ထိုလူသည် အရင်းအမြစ်ကို ထိုးဖောက်လျက် အမှန်ကန်ဆုံးသော သစ္စာစကားကို ပြောသွားခြင်းပင်တည်း။

နောက်ထပ် တုံ့ပြန်မှုကို ပြုချင်သူများအဖို့ ဝင် ခက်သွားပေတော့သည်။ သတ္တိရှိရှိ အပြစ်ကိုခံယူနေသော ရှက်စွန်အား မ

www.burmeseclassic.com

www.burmeseclassic.com



ညှာမတာ တုံ့ပြန်မှုပြုလိုခြင်းသည် ရက်ဖွယ်လိလိသော အပြုအမူ
တစ်ရပ်အဖြစ် သိုင်းပရိသတ်ထုက အမြင့်ပေါက် သွားကြပြီဖြစ်

သို့သော် ဝါမေဝိုဏ်းမှ မယ်သီလရှင်တစ်ပါးသည် ရက်
၏ရှေ့သို့ ထွက်လာကာ...

'ကျွန်မယောက်ျားကို သတ်ခဲ့တဲ့ ရန်ကြွေးကို တဲ့တွေ
တွေးပြီး ကျွန်မလဲ ကျေအေးလိုက်ပါမယ်'

ထိုမယ်သီလရှင်သည် ပြောပြောဆိုဆိုဖြင့် ရက်စွန်း၏
ကို တဲ့တွေးဖြင့် [illegible]နဲ့ တွေးလိုက်သည်။ သို့သော် ထိုတံတွေးသ
အလွန် အရှိန်ပြင်းထန်လှပြီး၊ တံတွေးထဲတွင် သံချွန်တစ်ချော
ပါရှိလာသည်။

ရက်စွန်းသည် လေသံကို နားထောင်လိုက်သည်နှင့်
အကြောင်းကို သိလိုက်ပြီး မြဲ့သည်။ သို့သော် သူက လုံးဝ ရှော
တိမ်းခြင်းမပြု၊ မထိမရီ အပြုံးကိုသာ ဆင်ယင်ထားပြီး ငြိမ်သ
တိတ်ဆိတ်စွာနေသည်။

ရုတ်တရက် ချက်ချင်းပင် အကျီ အဝါရောင် မိန်းကလေး
ခုန်ထွက်လာပြီး ထိုသံချောင်းကို လက်ဖြင့်ဖမ်းယူလိုက်သည်
တပြိုင်နက်ပင် ဆက်၍ မေးလိုက်သည်။

'ရက်စွန်းအပေါ်မှာ ရန်ကြွေးရှိနေတယ်လို့ ပြောတဲ့ ဒီသ
လေးရဲ့ နာမည်က ဘယ်လိုခေါ်သလဲ'



ထို မယ်သီလရှင်သည် သူမ၏ အကြံအစည် မအောင်မြင်
သောအခါ သူမ၏မျက်နှာတွင် စိုးရိမ်ထိတ်လန့်မှုများ ပေါ်ပေါက်
လာတော့သည်။ သူမသည် ကြောက်ကြောက်လန့်လန့်ဖြင့် အကျီ
အဝါဝတ် မိန်းကလေး၏ အမေးကို ဖြေကြားလိုက်သည်။

'ကျွန်မနာမည်...ကျင်းကျောက်'

အကျီ အဝါဝတ်မိန်းကလေးက...

'ကျင်းကျောက်တဲ့လား...ကောင်းပြီ၊ မင်း မယ်သီလရှင်
ဝတ်ခင်တုံးက မင်းရဲ့ယောက်ျားရဲ့ နာမည်က ဘယ်သူတဲ့လဲ၊ ဆရာ
ကြီး ရက်စွန်းက ဘယ်နည်း ဘယ်ပုံ သတ်ခဲ့တယ် ဆိုတာကိုလဲ
ရှင်းပြပါဦး'

ကျင်းကျောက် မယ်သီလရှင်သည် သူမအား ဤသို့ စစ်ဆေး
ပေါက်ပေါက် မေးနေသည်ကို ဒေါသထွက်လာဟန်ဖြင့် ပြန်ပြော
သည်။

'ရှင်နဲ့ ဘာဆိုင်လဲ၊ ရှင်ဘာမှ ဝင်မေးနေစရာမလိုဘူး ပါ
ကျွန်မရဲ့ ကိစ္စပဲ ဘာကြောင့် ရှင့်ကို ကျွန်မက ရှင်းပြနေရမှာလဲ'

'အေး...မင်းက ဒီလိုစကားမျိုး ပြောမှတော့ ငါက
ရှင်းပြရတော့မှာပေါ့၊ ဆရာကြီး ရက်စွန်းဟာ နောင်သာရလို့ အား
ကို စိတ်ကြိုက် တုံ့ပြန်ခွင့်ပေးထားတယ်၊ ရန်ငြိုးရန်ကြွေးရှိ



www.burmeseclassic.com

www.burmeseclassic.com



တုံ့ပြန်တဲ့လူတွေကိုတော့ ငါတို့ကထိုင်ကြည့်နေရုံပဲ၊ ဆရာကြီးကို တံတွေးနဲ့ထွေးရုံမက သတ်ပဲသတ်သတ် ဘာမှဝင်စွက်စရာ မလိုဘူး။ ဒါပေမယ့် ဘာရန်ငြိုးမှ မရှိခဲ့ဘဲနဲ့ တခြား အကြံအစည် တစ်ခုခု ကြောင့် ဆရာကြီးပေးထားတဲ့ အခွင့်အရေးကို အသုံးချပြီး နှုတ်ပိတ် ချင်လို့တော့ ငါတို့ကလက်ပိုက်ကြည့်မနေနိုင်ဘူး'

'ကျွန်မမှာ တခြား ဘာရန်ငြိုးမှမရှိတာ ကျွန်မက သူ့ကို ဘာကြောင့် နှုတ်ပိတ်ရမှာလဲ'

ကျင်းကျောက်မှာ သူမ ရုတ်တရက် ပြောလိုက်သည့်စကား များသွားကြောင်း သိလိုက်သည်နှင့် ကမန်းကတန်း ရပ်ပစ်လိုက် ရသည်။ သူမသည် မျက်စိမျက်နှာပျက်ပျက်ဖြင့် ချူကျူးကို တစ်ချက် မျှ လှမ်းကြည့်လိုက်မိသည်။ ထိုအခါ အင်္ကျီဝါဝတ် မိန်းကလေးသည် ကျင်းကျောက်၏စကားကို ဖိနင်း၍ ပြောလိုက်သည်။

'ကဲ...ဟုတ်ပြီ၊ မင်းပြောတဲ့ စကားအတိုင်းပဲ၊ မင်းနဲ့ ရှုက်စွန်း ဘာရန်ငြိုးမှ မရှိပဲနဲ့ ရှုက်စွန်းကို ဘာဖြစ်လို့ သတ်ချင်ရတာလဲ၊ ကဲ...ပြောစမ်း'

ကျင်းကျောက် စကားဆက်မပြောနိုင်တော့၊ စကားဆက် ပြောလျှင် မဟုတ်မမှန် လုပ်ကြံစတ်ကြီးသည် ဘူးပေါ်သလို ပေါ် လာပေလိမ့်မည်။ ထို့ကြောင့် ကွက်လပ်အပြင်သို့ ထွက်ခွာရန် ဟန်ပြင်လိုက်သည်။





အင်္ကျီအဝါဝတ် မိန်းကလေးသည် ခက်ထန်စွာ အော်ဟစ် တားမြစ်လိုက်သည်။

'ဟေ့...ရပ်လိုက်စမ်း၊ ဒီလို လွယ်လွယ်နဲ့ ထွက်သွားလို့ ရစတမ်းလား'

ကျင်းကျောက်သည် ရပ်တန့်ခြင်းမပြုဘဲ ဆက်လက် ထွက်ခွာ နေသဖြင့် အင်္ကျီအဝါဝတ်မိန်းကလေး၏ လက်ညှိုးသည် ကျင်းကျောက်၏ ခါးကြောကို တစ်ချက် ထိုးလိုက်မိခြင်း ဖြစ်၍ ကျင်းကျောက်မှာ တစ်ကိုယ်လုံး ပျော့ခွေ ကျသွားရတော့သည်။

ထိုအခါကျမှ အင်္ကျီအဝါဝတ်မိန်းကလေးသည် ချူကျူး ဘက်သို့ လှည့်၍...

'ချူကျူး...မင်းကတော့ တကယ့် မိန်းကလေးပဲ၊ ကိုယ့် အပေါ် ကောင်းထားတဲ့ သူတွေအပေါ်မှာတောင် ဒီလောက်ရက်ရက် စက်စက် လုပ်နိုင်တယ်၊ မင်းရဲ့နှုတ်ပိတ်ချင်တဲ့ အကြံအစည်ကတော့ တကယ့်ကို ပက်စက်တဲ့ အကြံအစည်ပါပဲ'

✤ ✤ ✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com



# စုပေါင်းညီညာ အောင်ကြောင်းဖြာ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈၄)

## စုစပေါင်းညီညာစာတောင်စကြောင်းကြာ

အင်္ကျီအဝါဝတ်မိန်းကလေးသည် ဤမျှ တိတိကျကျ ခွပ်ခွဲပြောကြားနေသော်လည်း ချူကျူးကမူ သူနှင့်လုံးဝ မသက်ဆိုင်သည့်အလား အေးတိအေးစက်ပင် ဖြေကြားလိုက်သည်။

'ကျောင်းကျောက်နဲ့ ကျွန်မနဲ့ ဘာဆိုင်တာမှတ်လို့ ကျောင်းကျောက် သူ့ရန်ငြိုးနဲ့ သူ ရှက်စွန်းကို သွားရန်ရှာတာပဲ၊ ဘယ်မှာ နှုတ်ပိတ်လို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



သူ သည် တစ်ဆက်တည်းပင် သူမ၏ ဂိုဏ်းသားများ ဘက်သို့ လှည့်၍ ပြောလိုက်သည်။

'ဒီလူတွေ အားလုံး အကောင်းနဲ့အဆိုးကို လုံးဝ ခွဲခြား တတ်တဲ့ လူတွေမဟုတ်ဘူး၊ ဒီလောက် အသိဉာဏ်ကင်းမဲ့နေတဲ့ လူ တွေနဲ့ ဒါတို့ ဝါမဲဂိုဏ်းသားတွေ ရောနှောနေလို့ ဖြစ်မှာမဟုတ်ဘူး ဒီတော့ အားလုံး ပြန်ကြမယ်'

ဝါမဲဂိုဏ်းသားများသည် ချူကျူး၏ စကားကြောင့်အား လုံး ထပြန်ကြတော့သည်။

ခုံးကျိ ဆရာတော်သည် ချန်ခွန်းရှေ့သို့ လျှောက်လာပြီး—

'ချန်ခွန်း မင်းရဲ့ လူတွေ ဂိုဏ်းချုပ်ဆရာတော်ကြီး ခုံးဝန်ကို ပြန်လွှတ်ပေးဖို့ အမိန့်ပေးလိုက်ပါ၊ တကယ်လို့သာ ဂိုဏ်းချုပ်ကြီး တစ်ခုခု ဖြစ်သွားရင် မင်းအဖို့ အပြစ်ပိုကြီးသွားလိမ့်မယ်'

ချန်ခွန်းကမူ မခိုးမခန့်ပြုံးရင်း...။

'အခုအခြေအနေ ရောက်တော့မှ ဘာထူးတော့မှာလဲ၊ အား လုံးသေသွားကြရင် ပိုကောင်းတယ်၊ ဒီအချိန်ကျမှ ခုံးဝန် ဆရာတော် ကြီးကို လွှတ်ပေးဖို့ အမိန့်ပေးလို့ ဘယ်မီတော့မလဲ၊ အခုဆိုရင် ရှောင်လင်ဘုရားကျောင်း တစ်ခုလုံး မီးစွဲနေလောက်ပြီ'



ထိုစကားကို ကြားလိုက်ရသောအခါ ခုံးကျိဆရာတော် ကြီးသည် အကြီးအကျယ် ထိတ်လန့်သွားပြီး တောင်ကုန်းအောက် ဘက်သို့ လှမ်းကြည့်လိုက်မိတော့၏။

တကယ်ပင် ရှောင်လင်ဘုရားကျောင်းထဲမှ မီးခိုးငွေ့များ အူထွက်လာသည်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် အလန့်တကြား အော်ဟစ်မိတော့သည်။

'တားမာကျောင်းတိုက်ကြီးကို မီးစွဲနေပြီ၊ ဒီမီးကို အမြန် ဆုံး ငြိမ်းသတ်ကြ ခုံးဝန်ဆရာတော်ကြီးကို အမြန်ဆုံးကယ်ကြ'

ခုံးကျိဆရာတော်ကြီး၏ စကားဆုံးသည်နှင့် ရှောင်လင် ဘုန်းတော်ကြီးများ အားလုံး တောင်ကုန်းအောက်သို့ အမြန်ဆုံး ပြေး ဆင်းကြတော့သည်။ တားမာကျောင်းတိုက်ကြီးကို စွဲနေသောမီးကို အမြန်ဆုံး ငြိမ်းသတ်ကြရပေတော့မည်။

သို့မဟုတ်ပါက နှစ်ပေါင်းများစွာ ခိုင်မာတည်တံ့ခဲ့သော ရှောင်လင်ဘုရားကျောင်းကြီးသည် လူယုတ်မာ ချန်ခွန်း၏ လက်ချက် ဖြင့် ပျက်စီးရပေတော့မည်။

ထိုစဉ်...ရုတ်တရက် တားမာကျောင်းတိုက် ဘေးပတ်လည်မှ ရေလုံးကြီးများ ထိုးတက်လာပြီး၊ တောက်လောင်စ ပြုနေသောမီးကို ငြိမ်းသတ်လိုက်တော့၏။ ချက်ချင်းပင် မီးတောက် ကျိုးသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ခုံးကျို ဆရာတော်ကြီးသည် ရုတ်တရက် မီးငြိမ်းသွားသည်ကို တွေ့လိုက်ရသောအခါ လက်အုပ်တချီချီဖြင့် ဘုရားရှင်တော်မြတ်၏ ကျေးဇူးကို တစ်ဖွဖွ ရွတ်ဆိုနေတော့သည်။

အတန်ကြာသောအခါမှ စိတ်အေးချမ်းစွာဖြင့် စကားတစ်ခွန်းကိုပြောမိတော့သည်။

'ဘုရားရှင်တော်မြတ်ကြီးရဲ့ ကျေးဇူးကြောင့် ငါတို့ ရှောင်လင်ကျောင်းတော်ကြီး ပြာပုံ မဖြစ်ခဲ့ရတာ'

ထိုစဉ် ရှောင်လင်ဂိုဏ်းသား နှစ်ယောက်သည် တောင်ကုန်းဘက်သို့ ပြေးတက်လာကြပြီး ခုံးကျို ဆရာတော်ကြီးအား လျှောက်ထားလိုက်သည်။

'ဆရာတော်ကြီး ချွန်ခွန်းရဲ့ လက်ပါးစေတွေက တားမောကောင်းတိုက်ကြီးကို မီးရှို့ဖျက်ဆီး ခဲ့ကြပါတယ်၊ ရှောင်လင်ဂိုဏ်းသားများ အနေနဲ့ အဓိုက်မိသွားတာ ဖြစ်လို့ ဒီမီးကို ဘယ်လိုငြိမ်းသတ်ရမယ်ဆိုတာ ဘယ်လိုမှ မကြံတက်အောင်ဖြစ်ခဲ့ပါတယ်၊ လူအင်အားကလဲ အင်မတန်နည်းပါးနေတော့ ဒီအတိုင်းပဲ ကြည့်နေရတော့မလို ဖြစ်ခဲ့ပါတယ်၊ ဒါပေမယ့်...ကံကောင်းထောက်မလို့ အလင်းမာန်ဂိုဏ်းကြီးရဲ့ အလံငါးဖွဲ့ထဲက ရေအလံအဖွဲ့ရောက်ရှိလာပါတယ်၊ ရေအလံအဖွဲ့က သူ့ရဲ့ကောင်းတွေဟာ သူတို့ရဲ့အသက်ကို လုံးဝ တန်ဖိုး မထားဘဲနဲ့ မီးကို စွန့်စွန့်စားစား ငြိမ်းသတ်လိုက်လို့ အခုဆိုရင် မီးလုံးဝ ငြိမ်းသွားပါပြီ ဆရာတော်ကြီးဘုရား'



ခုံးကျိုဆရာတော်ကြီးသည် ရှောင်လင်ဘုန်းကြီး၏ လျှောက်ထားသည့် စကားများကို ကြားလိုက်ရသောအခါ ရုတ်တရက် စကားမပြောနိုင်အောင်ဖြစ်သွားမိသည်။

သို့သော် အတန်ကြာသောအခါ ဟွာကျင်းရှေ့သို့ လျှောက်လာပြီး အရိုအသေပေးကာ...

'ရှောင်လင်ကျောင်းတော်ကြီး မပျက်စီးခဲ့ရတာဟာ ဂိုဏ်းချုပ်ကြီးရဲ့ အလင်းမာန်ဂိုဏ်းကြီးရဲ့ ကျေးဇူးကြောင့် ဆိုတာအခု ဘုန်းကြီးတို့ သိနားလည်ရပါပြီ၊ ဂိုဏ်းချုပ်ကြီးနဲ့တကွ အလင်းမာန်ဂိုဏ်းသားအားလုံးကို ဘုန်းကြီးတို့ရဲ့ ရှောင်လင်ဂိုဏ်းက လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြောင်း ပြောကြားပါရစေ'

ဟွာကျင်းကလည်း ကမန်းကတန်း အရိုအသေပေးလိုက်ပြီး...

'တပည့်တော်တို့ကို အထူးကျေးဇူးတင်စရာ မလိုပါဘူး ဘုရား၊ တစ်ဦးနဲ့တစ်ဦး ယှိုင်းပင်းစောင့်ရှောက်ခြင်းဟာ လူသားတွေ အားလုံးရဲ့ တာဝန်နဲ့ဝတ္တရားပါ၊ သိုင်းလောကသားတွေဆိုရင် ပိုပြီးတောင် လိုက်နာရမယ့် တာဝန်နဲ့ ဝတ္တရားမျိုးပါ'

ခုံးကျို ဆရာတော်ကြီးက....

'ဘုန်းကြီးရဲ့ဂိုဏ်းတူ အစ်ကိုကြီး ခုံးဝန်ဆရာတော်ကြီးကို ဒီလူယုတ်မာတွေ ဖမ်းချုပ်ထားပါတယ်၊ အခုဆိုရင် မီးလည်းငြိမ်း

www.burmeseclassic.com

www.burmeseclassic.com



သေသွားပါပြီ၊ ဂိုဏ်းချုပ်ဆရာတော်ကြီးရဲ့ အခြေအနေ ဘယ်လိုရှိ… မသိရသေးပါဘူး၊ ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်းတို့ အနေနဲ့ ဒီမှာ… ခေတ္တစောင့်ကြဖို့ ပန်ကြားပါတယ်၊ ဘုန်းကြီးကတော့ ရှောင်လ… ဘုရားကျောင်းကို သွားကြည့်လိုက်ဦးမယ်'

ထိုအခါ လူယုတ်မာ ချန်ခွန်းသည် တဟားဟား ရယ်မော… လျက်…

'ဟား..ဟား..ဟား..ဟား၊ သွားကြ သွားကြည့်ကြ၊ သွ… ကယ်ကြ၊ ခုံးဝန်ရဲ့ တကိုယ်လုံးကို ဆီတွေ သုတ်လိမ်းပေးထား… မီးတောက်တာနဲ့ ဒီဘုန်းကြီးကို မီးစွဲမှာပဲ၊ ဟား..ဟား..ဟား..သွ… ကြည့်ကြအုံးလေ၊ ခုံးဝန် အသက်နဲ့ကိုယ် ပြသေးသလားဆိုတာ'

ရုတ်တရက် တောင်ကုန်း၏လမ်းခုလတ်မှ လူတစ်ယော… ၏ အော်ဟစ်ပြောဆိုလိုက်သံ တစ်သံသည် ကြည်လင်ပီသစွာ ထွက်… ပေါ်လာတော့သည်။

'ရွှေအလံအဖွဲ့က ခုံးဝန်ဆရာတော်ကြီးကို မကယ်နိုင်ခဲ့… မယ့် မြေကြီးအလံအဖွဲ့ ရှိပါသေးတယ်'

သူတို့၏ အသံဖြစ်ကြောင်း ဟူကျင်း ကောင်းကောင်း… လိုက်၏။ သူ့အသံဆုံးသည်နှင့် သူတို့နှင့် မြေကြီးအလံအ… ခေါင်းဆောင် ရယ်သန်းတို့သည် ဘုန်းတော်ကြီးတစ်ပါးကို တွဲယ… တောင်ကုန်းထက်သို့ တက်လာကြတော့သည်။



ထိုဘုန်းတော်ကြီးကား ရှောင်လင်ဂိုဏ်း၏ ဂိုဏ်းချုပ် ဆရာ… …တ်ကြီး ခုံးဝန်ပင်ဖြစ်တော့သည်။

သူတို့ သုံးယောက်စလုံး အင်္ကျီများ စုတ်ပြဲလျက် ရှိနေကြပြီး …ပင်များသည်လည်း မီးလောင်ကျွမ်း ခံထားကြရသဖြင့် ရုပ်ပျက် …င်းပျက် ဖြစ်နေကြတော့သည်။

ခုံးကျိဆရာတော်ကြီးသည် ကမန်းကတန်းပင် ပြေးထွက် …ားပြီး ခုံးဝန်ဆရာတော်ကြီးကို ဝမ်းနည်းဝမ်းသာ ပွေ့ဖက်ကြိုဆို …သည်။

'ဆရာတော်ကြီး..ဘယ်များ ထိခိုက်သွားသေးသလဲ..ဘုရား'

ခုံးဝန် ဆရာတော်ကြီးသည် ပြုံးရယ်ရင်း ပြန်လည်ဖြေကြား …က်သည်။

'ဟောဒီက ခူတိုနဲ့ ရယ်သန်းတို့ နှစ်ယောက်ကတော့ …ကယ့်လူတွေပဲလား၊ မြေလျှိုးလို့ မိုးပျံတယ်ဆိုတာ အလင်းမာန် …ဏ်းသားတွေပဲ ဖြစ်ရမယ်၊ ဟောဒီ နှစ်ယောက်ကတော့ မြေနဂါး …ွ ကျနေတာပဲ၊ မြေအောက် လိုဏ်ခေါင်းထဲကနေ ထွက်လာပြီး …ကို လာကယ်ကြလို့ ငါ လွတ်မြောက်လာတာ၊ နို့မို့ဆိုရင်တော့ …မင်းတို့နဲ့ တစ်သက်လုံး တွေ့နိုင်တော့မှာ မဟုတ်ဘူး'

ဤသည်မှာ အလင်းမာန်ဂိုဏ်းကြီး၏ လက်ဝဲရံ ရန်ရောင် အစီအစဉ်များပင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အလင်းမာန်ဂိုဏ်းသားများ ရှောင်လင် ကျောင်းတော်ကြီး
အား စိုင်းဝန်းထားစဉ်က ဟူကျင်းနှင့် မတွေ့ရသေးပေ။ ထိုအချိန်က
မြေကြီးအလံ အဖွဲ့သားများအား ရှောင်လင်ကျောင်းတော်ကြီး
အောက်ခြေ၌ မြေအောက်လိုဏ်ခေါင်းများတူးထားရန် ညွှန်ကြားခဲ့
သည်။

အဓိက ရည်ရွယ်ချက်မှာ အချိန်ကျလျှင် ရုက်စွန်းအား
ရောက်ကယ်တင်ရန် ဖြစ်၏။

နောက်ပိုင်းတွင် ချန်ခွန်းသည် သူ့ အကြံအစည်များ မ
မိဖြစ်ပေါ်ပေါက်သွားသောအခါ ခုံးဝန်ဆရာတော်ကြီးကို ဖမ်း
ထားပြီး ခုံးကျို ဆရာတော်ကြီးအား အကြပ်ကိုင်ထားကြကြောင်း
မိလိုက်ကြသည်။

ခုံးကျိုဆရာတော်ကြီးအဖို့ ရုပ်သေးရုပ်သဖွယ် ကြိုးချ
ကနေရကြောင်း ရန်ရှောင်တို့က ကောင်းစွာ သုံးသပ်မိကြ၏။
ကြောင့် ရန်ရှောင်သည် ခူတို့ကို ရေအလံအဖွဲ့ကို ဦးဆောင်စေလို
ပြီး မြေကြီးအလံအဖွဲ့နှင့် ပူပေါင်းလျက် ရှောင်လင်ကျောင်း
အတွင်း လျှို့ဝှက် တိတ်တဆိတ် ဝင်ရောက် နေစေသည်။ အခြေ
ကို စောင့်ဆိုင်းလျက် ခုံးဝန်ဆရာတော်ကြီးအား ကယ်တင်ရန် တာ
ပေးလိုက်သည်။



နောက်ဆုံးတွင် ခူတို့နှင့် ရယ်သန်းတို့သည် မီးတောက်များ
ကြားမှ ခုံးဝန်ဆရာတော်ကြီးကို သေးမသိ ရန်မခ ကယ်ထုတ်နိုင်ခဲ့
ကြသည်။

ခုံးဝန်ဆရာတော်ကြီးကို ကယ်တင်မိပြီ ဆိုသည်နှင့် တပြိုင်
နက် ၎င်းတို့ ကြိုတင် တူးဖောက်ထားသည့် မြေအောက်လိုဏ်ခေါင်း
မှ ခက်ခက်ခဲခဲ ပြေးထွက်ခဲ့ရခြင်း ဖြစ်သည်။ ထိုလမ်းမှ မပြေးပါက
မီးတောက်များ၏ အန္တရာယ်မှ လုံးဝ မလွတ်ကင်းနိုင်ပေ။

ထိုအချိန်တွင် ခုံးဝန်ဆရာတော်ကြီးနှင့် ခုံးကျိုဆရာတော်
ကြီးတို့ ခေါင်းချင်းရိုက် ဆွေးနွေးလျက် ရှိကြလေပြီ။ မဆွေးနွေး၍
လည်းမဖြစ်ချေ။ သူတို့၏ သန့်ရှင်း စင်ကြယ်လှသော ရှောင်လင်
ဂိုဏ်းတော်ကြီးတွင် လူယုတ်မာ ချန်ခွန်း၏ သူလျှို ဒလန်ဘုန်းကြီး
များ အမြစ်တွယ် ဝင်ရောက်နေပြီ မဟုတ်ပါလား။

ဆွေးနွေးပြီးသည်နှင့် ချန်ခွန်း၏ လက်အောက်ခံ သား
အားလုံးကို ဖမ်းချုပ်ခိုင်းလိုက်တော့သည်။

ထိုအချိန်တွင် ဟူတျင်းသည် အင်္ကျီအဝါဝတ် မိန်းကလေး
ရှေ့သို့ လျှောက်လာပြီး ဦးညွှတ် အရိုအသေပေးကာ...

ခင်ဗျားက ကျုပ်အတွက် နှစ်ကြိမ်နှစ်ခါတိတိ အကူအညီ
ပေးခဲ့ပါတယ်၊ ခင်ဗျား အကူအညီပေးတဲ့ အချိန်တွေမှာ ကျုပ်အ

www.burmeseclassic.com

www.burmeseclassic.com



တွက် အင်မတန် အရေးကြီးတဲ့ သေရေးရှင်ရေး အချိန်အခါတွေချည်းပါပဲ၊ ဒါကြောင့်မို့ ကျုပ်အနေနဲ့ ကျေးဇူးတင်လို့ကို မဆုံးနိုင်ပါဘူး ကိုယ့်ကျေးဇူးရှင်ရဲ့ နာမည်ကို သိခွင့်ရှိမယ်ဆိုရင် သိပါရစေ'

အကျီအဝါရောင် ဝတ်ဆင်ထားသောမိန်းကလေးသည် ချစ်စဖွယ် ပြုံးရင်း ဖြေလိုက်သည်။

'ကျွန်မကာ ရန်ကော့ရဲ့ သမီးပါပဲ'

သူမသည် ဤမျှသာ ပြောပြီး အားလုံးကို ဦးညွတ် အရိုအသေ ပေးလိုက်ပြီး သူ၏ဝတ္တရားများ ကုန်ဆုံးသွားသည့်ဟန်ဖြင့် သူမ၏ အပိုျရုံအားလုံးကိုခေါ်၍ ထွက်ခွာသွားတော့သည်။

သိုင်းသမား အများစုမှာ 'ရန်ကော့' ဟူသော အမည်ကိုကြားလိုက်ရသောအခါ နားဝေတိပ်မှတောင်ဖြစ်သွားကြပြီး ထူးခြားသလိုလို မထူးခြားသလိုလို ခံစားလိုက်ကြရကာ သူမ ထွက်သွားရာသို့ ငေးမော ကြည့်နေမိကြတော့၏။ သို့သော် သက်ကြီး ဝါကြီး ဝါရင့် သိုင်းသမားကြီးများမှာမူ အံ့သြ တုန်လှုပ်သွားကြရသည်။

အဘယ်ကြောင့်ဆိုသော် 'ရန်ကော့' ဆိုသော ပုဂ္ဂိုလ်သည် လွန်ခဲ့သော နှစ်ပေါင်း ခုနှစ်ဆယ်ကျော်ခန့်က သိုင်းလောက တစ်ခုလုံးက လေးစား ခန့်ညားရသည့် ထိပ်သီးသိုင်းပညာရှင်တစ်ဦး ဖြစ်ခဲ့သောကြောင့်သာတည်း။



ထိုသိုင်းပညာရှင်ကြီးသည် အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျပြီးသည့်နောက် အံ့သြဖွယ် သိုင်းလောကမှ လုံးဝ ပျောက်ကွယ် သွားခဲ့သည်။

အခု အကျီအဝါဝတ်ဆင်ထားသည့် မိန်းကလေးသည် ရန်ကော့၏ သမီး ဖြစ်နေချေသည်တကား။ ထို့ကြောင့်သာ ဤမိန်းကလေး၏ သိုင်းပညာ ဤမျှ ထက်မြက်နေခြင်း ဖြစ်ချေသည်တကား။

ဟူကျင်းသည် သူ့အဖေကြီး ရှက်စွန်းကို ပြေး၍ ပွေ့ဖက်ပြီး ရှိုက်ကြီးတငင်ငင် ငိုကြွေးနေတော့သည်။ ရှက်စွန်းက ပြုံးပြုံးကြီး ပြောလိုက်သည်။

'လူကလေး... ဝမ်းသာစမ်းပါ လူကလေးရာ၊ မင်းရဲ့ အဖေကြီးဟာ ဒီက ဘုန်းတော်ကြီးသုံးပါးရဲ့ အေးချမ်းတဲ့ တရားတော်တွေကို နေ့တိုင်း နာနေရလို့ အမြင်မှန်ရနေပါပြီ၊ မကောင်းမှုလုပ်ခြင်းရဲ့ အပြစ်တွေဟာ ဘယ်လောက် ကြီးလေးတယ်ဆိုတာလဲ သတိသံဝေ ရနေပါပြီ၊ ဒါတွေအတွက်နဲ့ပဲ လူကလေး ဝမ်းသာရတော့မှာပေါ့၊ ဘာဖြစ်လို့ ငိုနေရတာလဲ၊ဘာလဲ.. ငါ့မှာ ရှိရှိသမျှ သိုင်းပညာတွေ ဖျက်ဆီးပစ်လိုက်လို့ ငိုနေတာလား'

ဟူကျင်းသည် မှုတ်မှန်ကြောင်း ခေါင်းညိတ်ပြလိုက်သည်။

F 24 (A)

www.burmeseclassic.com

www.burmeseclassic.com



ရှက်စွန်းသည် ဟူကျင်း၏ ဦးခေါင်းကို ပွတ်သပ်ပေးပြီး စိတ်သက်သာရာရအောင် နှစ်သိမ့်ပေးလိုက်သည်။ ထို့နောက် ရှက်စွန်းသည် ခုံးဝန်ဆရာတော်ကြီး ရှေ့သို့သွား၍ ဒူးထောက် လိုက်ကာ...

'ဆရာတော်ကြီးဘုရား...တပည့်တော်ဟာ အခုဆိုရင် လူဆိုးသူခိုး မဟုတ်တော့ပါဘူးဘုရား၊ အမြင်မှန် ရနေသူဖြစ်လို့ တပည့်တော်ကို ဆရာတော်ကြီးရဲ့ တပည့်တစ်ယောက်အဖြစ် လက်ခံတော်မူပါဘုရား'

ခုံးဝန်ဆရာတော်ကြီးက အဖြေမပေးရသေးမီခင် တုခေါ ဘုန်းတော်ကြီးက..

'ရှက်စွန်း ဒီကိုလာစမ်း၊ မင်းကို ငါ တပည့်အဖြစ် လက်ခံလိုက်မယ်'

ရှက်စွန်းသည် အကြီးအကျယ် တုန်လှုပ် ဝမ်းသာသွားတော့သည်။ ဤအဖြစ်ကို သူ လုံးဝမမျှော်လင့်ခဲ့ပေ။ ခုံးဝန်ဆရာတော်ကြီးထံတွင် တပည့်ခံလျှင် ဝါတော်အားဖြင့် 'ရှယ်' အဆင့်သာ ရရှိပေမည်။

ယခု 'တု' အဆင့်ရှိသော တုခေါဆရာတော်ကြီးက တပည့်အဖြစ် လက်ခံလိုက်သဖြင့် ရှက်စွန်းသည် 'ခုံ' ဝါတော်အဆင့် ရရှိသွားပေပြီ။





တုခေါဆရာတော်ကြီးသည် အမြင်မှန်ရသွားသော ရှက်စွန်းကို အား ချီးမြှင့်လိုက်ခြင်းပင် ဖြစ်သည်။

ယခုအခါ ရှက်စွန်းသည် ဂိုဏ်းချုပ် ဆရာတော်ကြီး ခုံးဝန်နှင့် ဝါတော်အဆင့်ချင်း တူညီသွားလေပြီ။

ဟူကျင်းသည် ရှက်စွန်းက တုခေါဘုန်းတော်ကြီးကို ရိုခန်း ဝပ်တွားလျက် ဦးသုံးကြိမ်ချ ရှိခိုးကန်တော့လိုက်သည်ကို တွေ့မြင်လိုက်ရသောအခါ ဝမ်းသာဝမ်းနည်း ဖြစ်သွားပြီး မျက်ရည်များပင် တွေတွေ ကျဆင်းလာပြန်တော့သည်။

တုခေါဘုန်းတော်ကြီးသုံးပါးတို့သည် မည်သည့်စကားကိုမျှ မိန့်မြွက်ပြောကြားခြင်း မရှိတော့ဘဲ ရှက်စွန်းကို ခေါ်ကာတောင်အောက်သို့ ဆင်းသက်သွားကြတော့သည်။

ရှက်စွန်းသည် ဘုန်းတော်ကြီး သုံးပါး၏နောက်မှ အတူလိုက်သွားတော့သည်။ ကျန်ရစ်ခဲ့သူ အားလုံးကို ရှောင်လင်ကျောင်းတော်အတွင်းသို့ လိုက်ခဲ့ကြပါရန် ခုံးဝန်ဆရာတော်ကြီးက ဖိတ်ခေါ်သဖြင့် သိုင်းသမားများသည် ရှောင်လင်ကျောင်းတော်ကြီးတွင် အပန်းဖြေ အနားယူကြတော့၏။

ကိစ္စအားလုံး ပြီးစီးသွားပြီ ဖြစ်သော်လည်း ဟူကျင်း သဘောမပေါက် နားမလည်ခဲ့သည့် အချက်ပေါင်းများစွာ ရှိခဲ့သည်။

www.burmeseclassic.com



ကဲ်စွန်းမှာ တဲ့ခေါဘုန်းတော်ကြီးများနောက်သို့ လိုက်ပါသွားခဲ့ပြီ စ်၍ နားမလည်သည့် အချက်များမေးရန် မဖြစ်နိုင်တော့ပေ။

ယင်းကိစ္စနှင့်ပတ်သက်၍ ဟူကျင်းသည် ချူကျူးကို ကဲ်မကင်း ဖြစ်နေမိသည်။ ယနေ့ ချူကျူး၏ အပြုအမူ အားလုံး ည် လုံး၀ ကျေနပ်စရာ မရှိသည့်အပြင် ယုတ်မာကောက်ကျစ်မှု ာစ်ခုခုကို ဖုံးကွယ်ထားကြောင်း ထင်ရှားနေသည်။

သို့သော်... ချူကျူးသည် မိမိ၏ ချစ်သူဟောင်းတစ်ဦး ဖြစ် နေသည်။ မိမိမယုံသင်္ကာဖြစ်သည့် အချက်များကို စူးစမ်းရှာဖွေခြင်း မပြုလိုတော့ပေ။

အကြောင်းမှာ စူးစမ်း၍ အဖြစ်မှန် တွေ့ရှိခဲ့ပါလျှင် ချူကျူး ၏ နာမည်ကို ထိခိုက်နစ်နာသွားမည်ကို စိုးရိမ်သောကြောင့်ပေတည်း။

ညနေစာ စားသောက်ပြီးသောအခါတွင် ဘုန်းတော်ကြီး တစ်ပါး ရုတ်တရက် ရောက်ရှိလာသည်။ ထိုဘုန်းတော်ကြီးက...

'ဂိုဏ်းချုပ်ကြီး... ဟူတန်းဂိုဏ်းက ဆရာကြီးကျန်းဆုံကျိုး ရောက်နေပါတယ်၊ ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ချင်လို့ပါတဲ့'

ဟူကျင်းသည် ရုတ်တရက် ထိတ်လန့်သွားမိသည်။ သူ၏ စိတ်ထဲတွင် ဆရာဘိုးဘိုး တစ်စုံတစ်ခုဖြစ်၍ လိုက်လာခြင်း ဖြစ်သည် ဟု ထင်လိုက်မိသည်။



သူသည် ကမန်းကတန်းထွက်၍ ကျန်းဆုံကျိုးကို ကြိုဆို လိုက်သည်။ ကျန်းဆုံကျိုး၏ မျက်နှာအမူအရာ၀ယ် တစ်စုံတစ်ရာ ထူးခြားချက် မရှိကြောင်း တွေ့ရှိလိုက်ရမှ စိတ်အေးသွားတော့သည်။

'ဆရာဘိုးဘိုး... မနေကောင်းပါတယ်နော် ဦးကြီး'

'အေး... ဆရာကြီးနေကောင်းပါတယ်၊ အခု ငါ ဟူတန်း တောင်ပေါ်က ဆင်းလာလာခြင်းပဲ သတင်းတစ်ခုရလိုက်တယ်၊ မွန်ဂို မြင်းတပ်သား နှစ်သောင်း ရှောင်လင်ဘုရားကျောင်းကို ဦးတည်ပြီး ချီတက်လာနေသတဲ့၊ သူတို့ ချီတက်တဲ့ပုံစံအရ သိုင်းသမားအားလုံးကို အပိုင်အုပ်ပြီး တိုက်ခိုက်မယ့် ပုံစံမျိုးဖြစ်နေတယ်လို့ အဆိုရှိတယ်၊ ဒါကြောင့်မို့ ချက်ချင်း အမီလာပြီး သတင်းပေးရတာ'

ခုံးဝန် ဆရာတော်ကြီးသည် ထိုသတင်းကို ကြားသိရသော အခါ သိုင်းသမားအားလုံးကို ခေါ်ပြီး ယင်းကိစ္စနှင့် ပတ်သက်၍ တိုင်ပင်ဆွေးနွေးသည်။

သိုင်းသမား အားလုံးက အလင်းမာန်ဂိုဏ်း၏ ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်းကို ခေါင်းဆောင်တင်မြှောက်ပြီး မွန်ဂိုစစ်တပ်များကို တိုက်ခိုက်တွန်းလှန်ရန် တညီတညွတ်တည်း သဘောတူလိုက်ကြ သည်။

ဟူကျင်းသည် လောလောဆယ် အခြေအနေ၌ ခုကာကွယ် ထားနိုင်ရန် သူ၏အလံငါးဖွဲ့ကို ချက်ချင်း စေလွှတ်ကာ သူတို့၏

www.burmeseclassic.com



တော်လှန်ရေးစစ်တပ်များကို စစ်ကူသွားခေါ် စေလိုက်သည်။ ထို စစ်တပ်များ မလာမီ အလံငါးဖွဲ့ အနေဖြင့် ကြံ့ကြံ့ခံ တွန်းလှန်ထား ရပေမည်။

ထိုနေ့ တစ်နေ့လုံး တိုက်ပွဲအတွက် ကြိုတင် ပြင်ဆင်ခြင်း ဖြင့် အချိန်ကုန် သွားရတော့သည်။

နောက်တစ်နေ့ နံနက်တွင် စုခံ ကာကွယ်ရေးအတွက် ဆွေးနွေးတိုင်ပင်နေခိုက် မြင်းနှစ်စီး ဒုန်းစိုင်း ရောက်ရှိလာတော့သည်။ အလင်းမာန်ဂိုဏ်းသား နှစ်ယောက်တို့ပင် ဖြစ်သည်။ ထိုသူ တို့သည် ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်းရှေ့သို့ လျှောက်လာကြပြီး ဦးညွှတ် အရိုအသေ ပေးကာ...

'ဂိုဏ်းချုပ်ကြီး တပ်သား ငါးထောင်ပါတဲ့ မွန်ဂိုစစ်တပ်ရဲ့ ရှေ့ပြေး တပ်ဖွဲ့တစ်ဖွဲ့ ရှောင်လင်ဘုရားကျောင်းရဲ့ တောင်ခြေကို ရောက်နေပါပြီ၊ သူတို့က တောင်ပေါ်က ဆင်းသက်လာမယ့် လူမှန် သမျှကို သတ်ပစ်မယ်လို့ အော်ဟစ် ခြိမ်းခြောက် နေကြပါတယ်'

ထိုအခါ သိုင်းသမားအားလုံး မခံမရပ်နိုင် ဖြစ်လာပြီး၊ စစ်သွေးစစ်စိတ် ဆူကြွလာတော့သည်။ မွန်ဂိုများနှင့် သူသေကိုယ် သေ တိုက်ခိုက်လိုသည့် မျိုးချစ်စိတ်များလည်း တဖွားဖွား ပေါ်ပေါက် လာကြသည်။

ဟူကျင်းသည် အသံကိုမြှင့်၍ အားလုံးကို ပြောလိုက်သည်။



'နောင်တော်ကြီးများ ခင်ဗျား၊ ကျုပ်တို့ အားလုံးဟာ နယ်ချဲ့ မွန်ဂိုတွေကို ချေမှုန်းပစ်ဖို့ အခွင့်အရေးကြီးကို အခုရရှိနေကြပြီ ဖြစ်ပါတယ်၊ ဒါကြောင့်မို့လို့ ကျုပ်တို့ဟာ သမိုင်းတွင်သွားမယ့် တိုက်ပွဲကြီး ဖြစ်သွားအောင် ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ပြီး၊ ကျုပ်တို့ရဲ့ ဇာတိသွေး ဇာတိမာန်ကို ပြလိုက်ကြမယ်'

သိုင်းသမားများသည် အလွန်အားရ ကျေနပ်စွာဖြင့် ဩဘာ ပေးလိုက်ကြသည်။ ထို့နောက် အားလုံး တောင်လယ်သို့ ဆင်းသက် လာကြပြီး၊ ကိုယ်တာဝန် ယူထားသည့် နေရာများ၌ အနိုင်အမာ စနစ်တကျ နေရာယူ လိုက်ကြသည်။ မွန်ဂိုတပ်များ တက်လာမည့် အချိန်ကို စောင့်ဆိုင်း နေကြတော့၏။

ထိုစဉ် တောင်ခြေမှ တိုက်ခိုက် အော်ဟစ်သံများကို ကြား လိုက်ရပြီး မယ်သီလရှင် အချို့နှင့် လူအချို့ တောင်ပေါ်သို့ ပြန်လည် ပြေးတက်လာသည်ကို တွေ့ရလေသည်။

ဝါမေဂိုဏ်းသား ဖြစ်ဟန်တူသည်။ သူတို့သည် တောင်ပေါ် မှဆင်းသက်သွားကြစဉ် မွန်ဂိုစစ်သားများနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ခဲ့ ကြဟန်တူသည်။

ချူကျူး၊ ကျင်ဝေ့နှင့် ကျင်းကျောက်တို့မှာ အပြင်းအထန် တိုက်ခိုက် နေကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားဂိုဏ်းသားများက ထမ်းစင် တစ်ခုကို ထမ်းထား ကြသည်။ မွန်ဂိုစစ်သားများသည် ထိုသူတို့ကို အပြင်းအထန် ဝိုင်း၍ တိုက်ခိုက် နေကြသည်။ ချူကျူးသည် သူ၏ ဂိုဏ်းသားများကို ဦး ဆောင်လျက် ထိုးဖောက် ထွက်နိုင်ရန် အကြိမ်ကြိမ် ကြိုးစားခဲ့သည်။

သို့သော် မွန်ဂိုစစ်သားများ၏ အင်အား အလွန်များပြားလှ သဖြင့် မည်သို့မျှ ထိုးဖောက်ခြင်း မပြုနိုင်တော့ချေ။

ချူကျူးတို့၏ တိုက်ပွဲများကို တောင်ပေါ်ရှိဟူကျင်းတို့ အနေဖြင့် တဖြည်းဖြည်း မြင်လာရသည်။ ချူကျူးတို့အနေဖြင့် ဆုတ်ရင်းဆုတ်ရင်း တောင်ပေါ်ပြန်တက် လာကြခြင်းဖြစ်သဖြင့် ဟူကျင်းတို့အနေဖြင့် ဤသို့မြင်လာရခြင်းဖြစ်သည်။ ဟူကျင်း၏ စိတ်ထဲတွင်....

'ဒုက္ခပါပဲ... ဟိုထမ်းစင်ပေါ်က လူဟာ ဆို့ချင်းစူးဝဲ ဖြစ်ရမယ်၊ တခြားလူ ဘယ်သူမှ မဖြစ်နိုင်ဘူး၊ မွန်ဂိုတွေ ဒီလောက် ဝိုင်းတိုက်နေရင်တော့ ဆို့ချင်းစူးကို လက်လွှတ်ထားပြီး သူတို့ ထွက်ပြေး ရတော့မှာပဲ'

ထို့ကြောင့် ဟူကျင်းသည် အလောတကြီးအော်ဟစ် အမိန့် ပေးလိုက်သည်။



'မီး အလံအဖွဲ့ နောက်ကနေ အကာအကွယ် ပေးစမ်း၊ ရန်ရောင်၊ ဝေရိန့် ခူတိုတို့ သုံးယောက်က ကျုပ်နဲ့လိုက်ခဲ့ကြ၊ ဟိုလူ တွေကို သွားကယ်မယ်'

ဟူကျင်းသည် သူ့ စကားဆုံးသည်နှင့် တစ်ပြိုင်နက် မည် သူ့ကိုမျှ မစောင့်တော့ဘဲ တောင်ခြေသို့ ပြေးဆင်းသွားတော့သည်။ ရန်ရောင်၊ ဝေရိနှင့် ခူတိုတို့သည်လည်း လုံး၀ တုံ့ဆိုင်းခြင်းမရှိ။ ဟူကျင်းနောက်သို့ ထက်ကြပ်မကွာ လိုက်ပါသွားတော့၏။

သူတို့ လူစု၏ သိုင်းပညာ အလွန် အဆင့်အတန်း မြင့်လှ သည်ဖြစ်ရာ တစ်ခဏချင်းပင် ချူကျူးတို့ အနားသို့ ရောက်ရှိသွား တော့သည်။ သူတို့သည် ရုတ်ခြည်းပင် ထမ်းစင်ကို ဝင်ထမ်းလိုက် ပြီး၊ တောင်ပေါ်သို့ ပြေးတက်သွားတော့သည်။

ဟူကျင်းသည် ချူကျူး၏ တစ်ကိုယ်လုံး သွေးများ ဖုံးလွှမ်း လျက်ရှိနေသည်ကို တွေ့ရပြီး၊ အလျှော့ မပေးတမ်း၊ ဆက်လက် တိုက်ခိုက်နေသည်ကို တွေ့ရသောအခါ အော်ဟစ် အသိပေးလိုက် သည်။

'ချူကျူး... ချူကျူး... သိပ်ပြီး အတင့်ရဲ မတိုက်ခိုက်နဲ့တော့၊ နောက်ကို ပြန်ဆုတ်၊ ဆို့ချင်းစူးကို ငါတို့ ကယ်လိုက်ပြီ'

သို့သော် ချူကျူးက မည်သို့မျှ အရေးမစိုက်ဘဲ ရှေ့ဆက်၍ သာ တိုက်ခိုက်နေတော့သည်။ ချူကျူးကို ပြောမရ ဆိုမရ ဖြစ်နေသ ဖြင့် ဟူကျင်းသည် ရှေ့သို့ လှမ်း၍ ကြည့်လိုက်မိသည်။ ဝါမေဂိုဏ်း

www.burmeseclassic.com

www.burmeseclassic.com



သား နှစ်ယောက်တို့သည် ထမ်းစင်တစ်ခုကို ထမ်း၍ရန်သူများ အလယ်တွင် ရောက်ရှိ အဝိုင်းခံနေရကြောင်း တွေ့လိုက်ရပြန်သည်။

ဟူကျင်း၏ စိတ်ထဲတွင်...

'ငါတို့က စောစောက ဟိုထမ်းစင်ထဲမှာ ဆို့ချင်းစူး ရှိနေတယ်လို့ ထင်ခဲ့ကြတယ်၊ ငါတို့ အထင်မှားပြီနဲ့ တူတယ်၊ ကျွန္တ ဒီထမ်းစင်ထဲမှာ ဆို့ချင်းစူးရှိရမယ်၊ ဒါကြောင့် ချူကျူး ဒီလောက် ဖောက်တိုက်နေတာပဲ'

ဟူကျင်းသည် ချက်ချင်းပင် ရန်သူလုံ့ နှစ်ချောင်းကို ဆွဲယူလိုက်ပြီး ရန်သူများ အကြားသို့ တိုးဝင်သွားတော့သည်။ ထမ်းစင် ထမ်းထားသော ဝါမေဂိုဏ်းသားနှစ်ဦး ဆုတ်လမ်းရရှိရန် အပြင်းအထန် တိုက်ခိုက်လိုက်သဖြင့် ရန်သူများ ရှဲသွားချိန်တွင် ဝါမေဂိုဏ်းသားနှစ်ဦးနှင့်အတူ ပြန်လည် ဖောက်ထွက် လာနိုင်ခဲ့ကြသည်။

ဟူကျင်းသည် ထမ်းစင်ကို ကြည့်လိုက်သောအခါ အကယ်ပင် ဆို့ချင်းစူး ဖြစ်နေကြောင်းကို တွေ့ရှိရတော့၏။ ဆို့ချင်းစူး၏ တစ်ကိုယ်လုံးမှာ ပတ်တီး အထပ်ထပ် ဖြစ်နေသည်။ မျက်နှာ ကွက်ကွက် ကလေးသာ ပေါ်နေ၏။

ဤနေရာသည် ရန်သူများ၏ ဘေးရန်မှ လုံခြုံစိတ်ချရသော နေရာမဟုတ်သဖြင့် ဆို့ချင်းစူး၏ ထမ်းစင်ကို ကူထမ်းပေးပြီး တောင်ပေါ်သို့ ဆုတ်ခွာလာကြသည်။



ထူခြားသော အချက်တစ်ခုကို သတိပြုလိုက်မိသည်။ ချင်းစူး၏ ကိုယ်အလေးချိန်သည် အဆမတန် လေးလံနေသည့် ချက်ကိုပင်တည်း။

ဟူကျင်း စဉ်းစားမိသည်။ ဤမျှ အထပ်ထပ် ရစ်ပတ်ထားသာ ပတ်တီးများကြားတွင် မည်သည့် ပစ္စည်းများ တည့်ထားလေသည်နည်းဟု တတ်နိုင်သမျှ စဉ်းစားကြည့်မိသည်။ သို့သော်... သရာစွာ စဉ်းစားရန် အချိန်မရခဲ့ပေ။

ဟူကျင်းတို့ တစ်သိုက် တောင်ထိပ်သို့ ရောက်ခါနီးထိ မွန်ဂိုစ်သားများ လိုက်ပါလာကြသေးကြောင်း တွေ့ရှိလိုက်ရသည်။

ထိုစဉ် မီးအလံ အဖွဲ့သားများသည် တစ္ဆေသရဲ များနယ် တ်တရက် ပေါ်ပေါက်လာကြပြီး မွန်ဂိုစစ်သားများကို ဆီနှင့် တက်ဖျန်းပြီး မီးရှို့လွှတ်လိုက် ကြတော့သည်။

မွန်ဂိုစစ်သားများသည် မီးစွဲကုန်သဖြင့် တောင်အောက်သို့ ပြေးအလွှား ပြေးဆင်းကြရာမှ ဒလိမ့်ကောက်ကွေး ကျဆင်းသွား ကြရတော့၏။ ထို့နောက် မည်သည့် မွန်ဂိုစစ်သားမျှ တောင်ထိပ်နား ထိ တက်ရောက် မလာရဲကြတော့ပေ။

ဟူကျင်းသည် သစ်ပင်ကြီး တစ်ပင်၏ အောက်ခြေတွင် ို့ချင်းစူးကို ချလိုက်သည်။ ပြေးလွှားနေသည့် အချိန်များတွင် ဆို့

www.burmeseclassic.com

www.burmeseclassic.com



ချင်းစူးဒေဏ်ရာ အခြေအနေ ပိုဆိုးသွား မသွား ဖွင့်ကြည့်ရန် စိတ်ကူး လိုက်သည်။

ထို့ကြောင့် ချူကျူးကို ရှာဖွေကြည့်မိသည်။ ချူကျူးကို လုံး မတွေ့ရ။ ဟွာကျင်းသည် ချူကျူးကို မစောင့်တော့ဘဲ ပတ်တီး များ ဖြေချလိုက်တော့၏။

ပတ်တီး အနည်းငယ် ဖြေရသေးသည်။ အပိုင်းလေးပိုင်း ကျိုးနေသော ဓားကျိုးများ တချွမ်ချွမ်ဖြင့် ထွက်ကျ လာတော့သည်။

ဟွာကျင်းသည် အလန့်တကြား အော်ဟစ် မိတော့သည်။

'နဂါးနိုင်ဓား... တိမ်လွှာဓား တွေမဟုတ်လား'

ရန်ရောင်၊ ဝေရိနှင့် စူတိုတို့လည်း ဟွာကျင်း၏ အော်သံကို ကြားလိုက်ရသောအခါ ဘုန်လွှပ်သွားကြပြီး ဟွာကျင်း အနားသို့ ပြေးလွှားကာ ရောက်ရှိလာတော့၏။

ဟွာကျင်းသည် နဂါးနိုင်ဓားကျိုးများကို ကောက်ကိုင်ကြည့် လိုက်သည်။ သူ့ မျက်စိထဲတွင် ဓားကျိုးများကို မမြင်။ ဤဓားကြောင့် သူ၏ မိဘနှစ်ပါး သေဆုံးခဲ့ကြရပုံကို မြင်နေမိ၏။ ဤဓားကြောင့် သိုင်းသမားများစွာ အသက် သေဆုံးခဲ့ကြရပုံကို မြင်နေမိ၏။ ဤ ဓားကြောင့် သိုင်းသမားအချင်းချင်း စိတ်ဝမ်းကွဲခဲ့ကြရပုံကို မြင် မိ၏။



ဤမျှ ဒုက္ခပေးခဲ့သော နဂါးနိုင်ဓားသည် ယခု ဓားရုပ် ပျက်ပါသတော့။ ဓားကျိုးတစ်ချောင်း ဖြစ်နေခဲ့ချေပြီ။

ဟွာကျင်းသည် ကျိုးသွားသည့် နေရာကို ကိုင်ကြည့်လိုက် သောအခါ လိုက်ခေါင်း အပေါက်ငယ်ကလေးဖြစ်နေသည်ကို တွေ့ ရသည်။ ထို လိုက်ခေါင်း အပေါက်ငယ် ကလေးတွင် အရာဝတ္ထုတစ်ခု ရှိနေ၏။ တိမ်လွှာဓားသည်လည်း ထိုပုံစံအတိုင်း ကျိုးနေကြောင်း ဟွာကျင်း တွေ့လိုက်ရသည်။

ရန်ရောင်က သက်ပြင်းရှည်ကြီး ချလိုက်ကာ...

'ချူကျူးရဲ့ သိုင်းပညာဟာ ရစ်တရက် ဒီလောက် တော် လာတဲ့ အချက်ကို အခုမှပဲ ကျုပ်တို့ သဘောပေါက်တော့တယ်၊ ဒီဓားတွေထဲက စာအုပ်တွေ ရသွားလို့ကိုး'

ဟွာကျင်းသည် ရိုးသားသူတစ်ယောက် ဖြစ်သော်လည်း နုံအ သူ တစ်ယောက်ကား မဟုတ်ချေ။ အစောကြီးကတည်းကပင် ချူကျူး အပေါ် ဤအချက်နှင့် ပတ်သက်၍ သံသယ ရှိနေခဲ့သည်သာ ဖြစ် သည်။ သို့သော် ချူကျူးကို သနားသဖြင့်သာ သူ့စိတ်ကို လှည့်စားပြီး မသိချင်ဟန်ဆောင်နေခဲ့ခြင်းသာ ဖြစ်ပေသည်။

ဟွာကျင်းသည် ပတ်တီးများကို အလွှာပြီးတလွှာ ထပ်ဖြေ ပြန်သည်။ ထိုအခါ ပတ်တီးများအတွင်းမှ ကျမ်းစာအုပ်တစ်အုပ် ထွက်လာပြန်သည်။ ဤကျမ်းစာအုပ်ကား လစကြာ သိုင်းကျင့်စဉ် ကျမ်းစာအုပ်ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဤ သိုင်းကျင့်စဉ်များကြောင့် ချူကျူးသည် ထကာယ်[illegible]
တန်း သိုင်းပညာရှင်တစ်ဦး ဖြစ်ခဲ့ပေသည်။

ဟူကျင်းသည် သိုင်းစာအုပ်ကို ဖွင့်၍မျှပင် မကြည့်တော့[illegible]
အိတ်ထဲသို့ ထိုးသွင်း သိမ်းဆည်း ထားလိုက်သည်။

ဤကျမ်းစာအုပ်ကို အကယ်ပင် လုံခြုံစွာ သိမ်းဆည်း[illegible]
ရပေမည်။ မသမာသူများ၏ လက်ထဲရောက်သွားခဲ့လျှင် လူသား[illegible]
အတွက် တကယ်ပင် အန္တရာယ် ကြီးမားလှသည်။

ယခုပင်ကြည့်၊ စိတ်ဓာတ်မာကျော ခက်ထန်နေ[illegible]
ချူကျူး၏ လက်ထဲ သိုင်းကျင့်စဉ်စာအုပ် ရောက်ရှိသွားသည်[illegible]
သွေးသံရဲရဲ ဖုံးလွှမ်းသွားခဲ့ရပြီ မဟုတ်ပါလား။

ထိုစဉ် ရွှေအလ် အဖွဲ့ခေါင်းဆောင် ဟိုကျင့် ရောက်ရှိလာ[illegible]
ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်းအတွက် အလိုရှိကောင်း ရှိနေမည်[illegible]
ယူဆရသော လူတစ်ယောက်အကြောင်း အစီရင်ခံသည်။

'ဂိုဏ်းချုပ်ကြီး... ကျွန်တော်တို့ရဲ့ အဖွဲ့သားတွေ အထဲ[illegible]
ပန်းပဲဆရာတစ်ယောက်ရှိပါတယ်၊ သူက ဓားတွေ၊ ပုဆိန်တွေ[illegible]
ကောင်းကောင်းလုပ်တတ်ပါတယ်၊ ဒီဓားကျိုးတွေကို သူ့ကို ဆ[illegible]
နိုင်းကြည့်ရင် ဖြစ်နိုင်မယ်ထင်ပါတယ်၊ မဖြစ်တော့လဲ အရှုံးမရှိ[illegible]
လို့ ယူဆမိပါတယ် ဂိုဏ်းချုပ်ကြီး'



ဟူကျင်းသည် ချက်ချင်းပင် နဂါးနိုင်ဓားကို လှမ်းပေးလိုက်သည်။ တိမ်လွှာဓားကျိုးနှစ်ပိုင်းကိုမူ ဝါမေဂိုဏ်းသားများအား ပေးလိုက်ပြီး...

'ဒီဓားဟာ ခင်ဗျားတို့ ဂိုဏ်းရဲ့ ပစ္စည်းပဲ၊ ဒါကြောင့်မို့ ကျုပ်တို့က ကြားထဲက အချောင်ဝင် မယူလိုဘူး၊ ခင်ဗျားတို့ရဲ့ ဂိုဏ်းချုပ်ကြီး ချူကျူးကို တွေ့ရင် သူ့ လက်ထဲကို အပ်လိုက်ပါ'

အတန်ကြာသောအခါ ဟိုကျင့်က နဂါးနိုင်ဓားကို ယူလာသည်။ သူ၏ တစ်ကိုယ်လုံးတွင် ချွေးများစိုရွှဲလျက် ရှိနေသည်၊ ဟိုကျင့်သည် အလွန်ဝမ်းသာအားရ လေသံဖြင့် ပြောလိုက်သည်။

'ဂိုဏ်းချုပ်ကြီး၊ ဓားအသစ်တစ်ချောင်း လုပ်ရတာ မခက်ဘူး၊ ဒီဓားကို ဆက်ရတာကတော့ အတော့်ကို ခက်ခဲတယ်၊ တော်ပါသေးရဲ့ ခက်ပေမယ့် ဆက်လို့တော့ ရသွားတယ်'

ဟူကျင်းသည် နဂါးနိုင်ဓားကို ကိုင်ရင်း ခေတ္တမျှ စဉ်းစားလိုက်သည်။

ပြီးနောက် ခုံးဝန် ဆရာတော်ကြီးထံသို့ နဂါးနိုင်ဓားကို ဆက်ကပ် လိုက်သည်။

ဤသို့ ဆက်ကပ် ပေးအပ်ရခြင်း၏ အကြောင်းကိုလည်း ရှင်းပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဂိုဏ်းချုပ် ဆရာတော်ကြီး ဒီဓားဟာ တပည့်တော် အဖေကြီးရဲ့ ဓားပါပဲ၊ အခု အဖေကြီးဟာ ရှောင်လင်ဂိုဏ်းသား ဖြစ်သွားပါပြီ၊ ဒီတော့ ဒီဓားကိုလဲ ရှောင်လင်ဂိုဏ်းကပဲ ပိုင်ဆိုင်သင့်ပါတယ်၊ ဒါကြောင့် ဒီဓားကို ရှောင်လင်ဂိုဏ်းကို ပေးအပ်ခြင်း ဖြစ်ပါတယ်'

ခုံးဝန်ဆရာတော်သည် ခေါင်းကို တွင်တွင်ယမ်းပြနေသည်။

'ဂိုဏ်းချုပ်ကြီး ပြောတဲ့အတိုင်းလဲ ဟုတ်ကောင်း ဟုတ်မှာပါပဲ၊ ဒါပေမယ့် ဒီဓားကျိုးကနေ တကယ့် ဓားကောင်း ပြန်ဖြစ်ရတာကတော့ ဂိုဏ်းချုပ်ကြီးရဲ့ အလင်းတာမာန်ဂိုဏ်းကြောင့်ပဲ၊ ဒီတော့ ဒီဓားကို ဂိုဏ်းချုပ်ကြီးတို့ပဲ ရယူပိုင်ဆိုင်သင့်ပါတယ်'

ထိုအချိန် သိုင်းသမား အားလုံးလိုလို ဟူကျင်းအား ခင်မင်လေးစား နေကြပြီဖြစ်ရာ သူတို့က ခုံးဝန်ဆရာတော်ကြီး၏ ပြောကြားချက်ကို ထောက်ခံပြီး နဂါးနိုင်ဓားကို ဟူကျင်းသာ လက်ခံသင့်ကြောင်း ပြောကြားကြသည်။

ဤ နဂါးနိုင်ဓားသည်လည်း ကြောက်မက်ဖွယ်ရာ ကောင်းသော လက်နက်တစ်ခု ဖြစ်ပေရာ ဟူကျင်းကဲ့သို့ စိတ်သဘောထားမြင့်မြတ်၍ သိုင်းပညာတော်သူ၏ လက်ထဲ၌သာ ရှိထားသင့်ကြောင်း ပြောပြကြသည်။

မသမာသူတစ်ယောက်ယောက်၏ လက်ထဲသာရောက်သွားလျှင် လူသားများ၏ သွေးများ အချည်းအနှီး မြေခရစေလိမ့်ဦးမည်



အားလုံးက တောင်းပန်ပြောဆို နေသောကြောင့် ဟူကျင်းသည် မငြင်းဆန်တော့ကဲ နဂါးနိုင်ဓားကို လက်ခံလိုက်ရ၏။

ထိုကိစ္စများပြီးစီးသွားသောအခါ မူလ တာဝန်ကိုယ်စီ ယူထားသော နေရာများ၌ ကိုယ်စီ စောင့်ကြပ်လျက် မွန်ဂိုများ တက်လာနိုင်သည့် လမ်းများသို့ မျက်တောင် မခတ်စတမ်း စောင့်ကြပ်ကြည့်ရှုလျက် ရှိနေကြတော့သည်။

✣ ❖ ✣ ❖ ✣



www.burmeseclassic.com

www.burmeseclassic.com



# မြေအောက်ခန်း၏ရုပ်ပုံများ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၀၅)

## မြေအောက်ခန်း၏ရုပ်ပုံများ

ဟူကျင်းသည် ရန်ရောင်၊ ခူတို၊ မြေကြီးအလံအဖွဲ့ ခေါင်းဆောင် ရယ်သန်းနှင့် ကျောက်မိန်တို့ကိုခေါ်တောင်၍ တောင်ကုန်းအနောက်ဘက် မြေအနေထားကို လှည့်ပတ် စစ်ဆေးသည်။ သူတို့ငါးယောက် တောင်ကုန်းထိပ်သို့ ရောက်ရှိလာကြပြီး တောင်ကုန်း၏အနောက်ဘက် အခြေအနေကို ရှုစမ်းကြသည်။

မည်သည့် လှုပ်ရှားမှုမျှ မတွေ့ရချေ။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် တောင်ကုန်းထိပ်တွင် ကျိုးကျနေသော သစ်ပင်ကြီးများကို တွေ့လိုက်ရသောအခါ ယမန်နေ့က ဘုန်းတော်ကြီးသုံးပါးနှင့် မိမိတို့ အပြင်းအထန် ယှဉ်ပြိုင်နွဲရပုံများကို ပြန်လည်သတိရ မြင်ယောင်နေမိတော့၏။

ထိုစဉ်... အချက်တစ်ချက်ကို ရုတ်တရက် စဉ်းစားလိုက်မိတော့သည်။

'အဖေကြီးက ပြောသွားခဲ့တယ်၊ မင်း သိချင်တာတွေ မြေအောက်မှာ ရှိတယ်တဲ့၊ တစ်ခါမှ ဆင်းမကြည့်ရသေးဘူး၊ အခု ဆင်းကြည့်မှပဲ'

ဟူကျင်းသည် ချက်ချင်းပင် တွင်းဝပေါ်၌ ဖုံးလွှမ်းထားသော ကျောက်ဖျာကြီးကို ဘေးသို့ တွန်းဖယ်လိုက်ပြီး အောက်သို့ ခုန်ချလိုက်တော့၏။ ကျောက်မိန်သည် သူ့၌ အသင့်ပါလာသည့် မီးတိုင်တစ်ချောင်းကို ထွန်းညှိ၍ ဟူကျင်းနောက်မှ ကပ်ပါလာသည်။ ထိုအခါ မြေအောက်ခန်း နံရံများ၌ စာများ ရေးထားသည်ကို တွေ့ကြရတော့သည်။ ထိုအခါကျမှ ဟူကျင်းမှာ ဖြစ်ပုံပျက်ပုံ အတတ်လမ်းစုံကို ရေလည်စွာ သိရှိရတော့သည်။

✦ ◇ ✦

ဟိုးတစ်ချိန်က ဟူကျင်း၊ ရှုက်စွန်း၊ ကျောက်မိန်၊ ချူကျူးနှင့်အားလီတို့ ငါးယောက် ကျွန်းပေါ်၌ တစ်ညအိပ် နားနေကြစဉ် ချူကျူး တစ်ယောက်တည်း အိပ်ယာမှ ထလာသည်။



သူမသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည့် ကျောက်မိန်ထံမှ အကြောပျော့ဆေးကို နှိုက်ယူလိုက်ပြီး ဟူကျင်းနှင့် ရှုက်စွန်းတို့၏ အစာများထဲတွင် ထည့်ထားလိုက်တော့သည်။

ကျောက်မိန်ကိုမူ ချူကျူးက လှေကြီးပေါ်သို့ ပစ်တင်လိုက်ပြီး လှေကို အတင်း မောင်းထွက်နိုင်းသည်။

ပြီးမှ နဂါးနိုင်ဓားကို ယူလိုက်၏။

ထိုအချိန်တွင် ရှုက်စွန်းသည် အိပ်ယာမှ နိုးနေလေပြီ။ သို့သော် အိပ်ယာမှ မထဘဲ အသံများကိုသာ သေချာစွာ နားစွင့်လျက်ရှိပြီး အဖြစ်အပျက်များကို ခန့်မှန်း ဆက်စပ်လျက် ရှိနေခဲ့၏။

နောက်ဆုံး မြို့ပေါ်သို့ ပြန်လည်ရောက်ရှိလာသောအခါ ချူကျူးသည် ဟူကျင်းနှင့် စေ့စပ်ကြောင်းလမ်းထားပြီး ဖြစ်နေသဖြင့် ယင်းကိစ္စကို မည်သူ့ကိုမျှ အသိမပေးရန် ရှုက်စွန်းအနေဖြင့် ဆုံးဖြတ်လိုက်သည်။ သို့သော် ချူကျူးကမူ ရှုက်စွန်းအနေဖြင့် သူမ၏ မကောင်းမှုများကို သိရှိထားကြောင်း ရိပ်မိခဲ့သည်။

သူတောင်းစားဂိုဏ်းသားများနှင့် စတင် တွေ့ကြုံသည့်အခါတွင်မူ ချူကျူးသည် ရှုက်စွန်း၏ အကြောများကို ထိုးပိတ်လိုက်ပြီး သူမ ကိုယ်တိုင်ပင် အဖမ်းခံရသည့် အဖြစ်မျိုးရောက်အောင် ဖန်တီးလိုက်တော့သည်။ သူမတွေးထင်ထားသည်မှ သူတောင်းစားဂိုဏ်းသား၏ လက်တွင်းသို့ ကျရောက်သွားပါက ရှုက်စွန်းအနေဖြင့် လုံးဝ

www.burmeseclassic.com



အသက်ရှင်စရာ အကြောင်းမရှိတော့ဟု သေချာပေါက် ယူဆခဲ့ခြင်းပင် ဖြစ်သည်။

သို့သော် မမျှော်လင့်သော အကြောင်းတစ်ခုက ကြားပေါက် ဖြစ်သွားခဲ့သည်။ ချန်ခွန်းသည် သူတောင်းစားဂိုဏ်းမှ ရှက်စွန်း၏ ဖမ်းဆီးခေါ်သွားခြင်းပေတည်း။

ကျောက်မိန်သည် ချန်ခွန်းနှင့်ရှက်စွန်းနောက်သို့ တစ်ချိုးလုံး ကပ်လိုက်လျက်ရှိပြီး ရှက်စွန်းကို ကယ်တင်ရန် အကြိမ်ကြိမ် ကြိုးစားခဲ့သည်။ သို့သော် မအောင်မြင်ခဲ့။

နောက်ဆုံးတွင် ကျောက်မိန်သည် ရှက်စွန်း၏ ဆံပင်တစ်ဆုပ်ခန့်ကို ဖြတ်ယူနိုင်ခဲ့ပြီး ဟူကျင်းကို သွားပြလိုက်သည်။

ဟူကျင်းသည် ချူကျူးနှင့် လက်ထပ်ရန် လုံးဝ မဖြစ်နိုင်တော့။ လက်ထပ်နေခဲ့ပါက ရှက်စွန်း၏ အသက်ကို ကယ်တင်ရန် မမီတော့ဘဲ ဖြစ်သွားပေမည်။ ထို့ကြောင့် ကျောက်မိန်နောက်သို့ ချက်ချင်းပင် လိုက်ပါသွားရခြင်း ဖြစ်တော့သည်။

ဟူကျင်းသည် သနစ်စုံအဖြစ်ကုန် နားလည်သဘောပေါက်သွားခဲ့ရချေပြီ။ သူ့စိတ်ထဲတွင် မရှင်းမလင်း ဖြစ်ခဲ့ရသော အချက်များသည်လည်း လုံးဝ ရှင်းလင်းသွားခဲ့ရလေသည်။ ထို့ကြောင့် ကျောက်မိန်၏မျက်နှာကလေးကို ငေးမောကြည့်ရှုလိုက်မိတော့သည်။



သူမ၏ မျက်နှာကလေးသည် အတော်ပင် ပိန်ချုံးကျခဲ့လေသည်။ ဤတစ်လအတွင်းဝယ် ဟူကျင်းအတွက် ကျောက်မိန်ခမျာ များစွာ ပင်ပန်းခဲ့ရရှာသည်။ သူသည် ရုတ်တရက် ချစ်ကြင်နာစိတ်များ ပြည့်လျှံလာသဖြင့် ကျောက်မိန်ကို ပွေ့ဖက်လိုက်မိသည်။

'ကျောက်မိန်... ငါ...ငါ မင်းကို ဘယ်လို ကျေးဇူးဆပ်ရမှန်းတောင် မသိတော့ပါဘူး ကျောက်မိန်ရယ်'

ကျောက်မိန်သည် မီးတိုင်ကို လွှတ်ချလိုက်ရာ မြေအောက်ခန်း တစ်ခုလုံး မဲမှောင်သွားတော့သည်။ ဟူကျင်းက...

'ကျောက်မိန်... မင်းဟာ တကယ့်ကို အသိဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ မိန်းကလေးပဲ၊ အခု ဖြစ်ပျက်ခဲ့တဲ့ ဇာတ်လမ်းကြီး တစ်ခုလုံးကို ကြည့်စမ်း၊ မင်းသာ မလိမ္မာမပါးနပ်ခဲ့ရင် ဟူကျင်းဆိုတဲ့ အရူးက မင်းကို သတ်ခဲ့မိရင် အခုလို အဖြစ်မှန်တွေ သိလိုက်ရတဲ့ အခါမှာ ငါ့ရင်ကျိုးရတော့မှာပဲ'

ကျောက်မိန်ကမူ တခစ်ခစ် ရယ်မောရင်း...

'ဟင်... ရှင်ကသာ မသိတာ၊ ကျွန်မက ရှင့်အကြောင်း ကောင်းကောင်းကြီးသိတယ်၊ ရှင်က ကျွန်မကို သတ်ရက်ပါ့မလား၊ အဖြစ်မှန် မသိသေးသရွေ့ ရှင် မသတ်ရက်ဘူးဆိုတာ ကျွန်မ သိတယ်၊ အဖြစ်မှန် သိသွားရင်တောင်မှ သတ်ချင်မှ သတ်ဦးမှာပါကွဲ... ဟို သူတောင်းစားဂိုဏ်း အစည်းအဝေးမှာ စတွေ့တုန်းကသာဖြစ်လို့ မသတ်ရတာလဲ'

www.burmeseclassic.com



ဟူကျင်းသည် ကျောက်မိန်အားကြည့်ရင်း သက်ပြင်းတစ်ချက်ချကာ ပြောလိုက်သည်။

'ဟုတ်တယ် ကျောက်မိန်၊ ငါက မင်းကို တကယ်ပဲ ချစ်ခင်နှစ်သက်နေမိတာ ငါ့ကိုယ်ငါ မထိန်းသိမ်းနိုင်အောင် ဖြစ်နေခဲ့တာလဲ အမှန်ပဲ၊ အဲဒီ အခါတုန်းကလဲ မင်းကို သတ်ရမယ်၊ သတ်ရမယ်လို့ ငါ့ဦးနှောက်က ငါ့ကို သတိပေးနေတယ်၊ ဒါပေမယ့် ငါ့နှလုံးသားကတော့ မင်းကို သတ်ဖို့ လုံးဝ ခွင့်မပြုဘဲ ဖြစ်နေတယ်၊ နောက်ဆုံးတော့ ငါ့နှလုံးသားရဲ့ အလိုကို လိုက်ခဲ့ရတာပဲ၊ တကယ်လို့ ငါ့ညီမလေး အားလီကိုသာ မင်း သတ်ခဲ့တာဆိုရင်တော့ အင်း... ငါလဲ ဘာလုပ်ရမှန်းကို မသိတော့ပါဘူး'

ဟူကျင်းနှင့် ကျောက်မိန်တို့သည် တစ်ယောက်နှင့်တစ်ယောက် ကြည့်နူးစွာ ပွေ့ဖက်နေမိကြသည်။ အချစ်၏အရသာကား ရင်ဝယ်တသိမ့်သိမ့်ခုန်စေတော့သည်တကား။

ညဥ့်အတော်နက်မှ စခန်းသို့ ပြန်လာခဲ့ကြသည်။

နောက်တစ်နေ့နံနက် မိုးသောက်အလင်း ရောက်သောအခါတွင် သတင်းပို့ ဆက်သားတစ်ယောက် ရှောင်လင်ကျောင်းတိုက်ရှိရာ တောင်ကုန်းပေါ်သို့ ရောက်ရှိလာသည် ထိုဆက်သားသည် အလင်းမာန်ဂိုဏ်း၏ တော်လှန်ရေးစစ်တပ်မှ စေလွှတ်လိုက်သည့်



ဆက်သား ဖြစ်ပေသည်။ ထိုဆက်သားက တော်လှန်ရေးစစ်တပ်သည် မွန်ဂိုစစ်တပ်များနှင့် မနီးမဝေးနေရာတွင် ရောက်ရှိနေကြောင်းနှင့် မည်သို့တိုက်ခိုက်ရမည့် အမိန့်ကို စောင့်ဆိုင်းလျက်ရှိကြောင်း သတင်းပို့သည်။

ဟူကျင်းသည် အလင်းမာန်ဂိုဏ်း၏ ထိပ်သီးခေါင်းဆောင်များသာမက အခြားဝါရင့် သိုင်းသမားကြီးများကိုပါ ခေါ်၍ တိုင်ပင်ညှိနှိုင်းသည်။ သူတို့အားလုံး သဘောတူညီကြသည့် အချက်တစ်ခုပေါ်လာသည်။

အလင်းမာန်ဂိုဏ်း၏တော်လှန်ရေးစစ်တပ်များက မွန်ဂိုတပ်များကို တောင်ခြေအနီးသို့ လာရောက်တိုက်ခိုက်ပါက မွန်ဂိုတပ်များသည် တောင်ပေါ်သို့ ဆုတ်ခွာပြေးတက်လာပြီး ရှောင်လင် ဘုရားကျောင်းအား တိုက်ခိုက်ဖျက်ဆီးပစ်မည်ကို စိုးရိမ်ရသည့် အချက်ပင်ဖြစ်၏။

ရှောင်လင်ဘုရားကျောင်းကြီးသည် သမိုင်းဝင် တည်ရှိသောကျောင်းတော်ကြီး ဖြစ်သည်။ နှစ်ပေါင်းတစ်ထောင်ကျော်မျှ တည်တံ့လာခဲ့သော ကျောင်းတော်ကြီး ဖြစ်သည်။ တရုတ်လူမျိုးတို့၏ သမိုင်းဝင်ယဥ်ကျေးမှုအဆောက်အဦကြီးဖြစ်၍ ဤ ကျောင်းတော်ကြီးကို လုံးဝ အပျက်အဆီး မခံနိုင်ကြခြင်းပင် ဖြစ်၏။

ဟူကျင်းသည် ချက်ချင်းပင် ဆက်သားအား အမိန့်ပေး

www.burmeseclassic.com

www.burmeseclassic.com



တောင်ခြေမှ မွန်ဂိုစစ်သားများအား ရှောင်လင်ကျောင်းတိုက်နှင့် ဝေးနိုင်သမျှ ဝေးစေမည့် နေရာသို့ စစ်မြူ၍ မျှားခေါ်သွားရန်နှင့် အဝေးသို့ရောက်မှ အလုံးအရင်းဖြင့် ဖိတိုက်ရန် အမိန့်ပေးလိုက်သည်။

ဆက်သားသည် ဟူကျင်းအား အရိုအသေပေးပြီး ချက်ချင်းပင် ပြန်လည်ထွက်ခွာသွားတော့သည်။

တောင်ပေါ်၌ သိုင်းသမားများသည် မွန်ဂိုစစ်တပ်များကို ကြောက်ရွံ့ကြသည် မဟုတ်သော်လည်း အင်အား အလုံးအရင်းနှင့် ဝိုင်းထားသည့်အတွက်မူ စိုးရိမ်ကြောင့်ကြနေမိကြသည်။ ယခု အလင်းမာန်ဂိုဏ်းကြီး၏ တော်လှန်ရေးစစ်တပ်များ ရောက်လာပြီဟု ကြားသိရသောအခါမှ စိတ်သက်သာရာ ရသွားကြပေသည်။

ညနေစောင်းသို့ရောက်သောအခါ တောင်ခြေတွင် ပတ်လည် ဝိုင်းထားသော မွန်ဂိုစစ်တပ်ကြီးသည် လုံးဝ ရုပ်သိမ်းသွားတော့သည်။ တော်လှန်ရေးစစ်တပ်များ၏ စစ်မြူရာသို့ လိုက်ပါသွားခြင်း ဖြစ်ပေလိမ့်မည်။

ထိုညတွင် သိုင်းသမားအားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြခြင်းနှင့် အလင်းမာန်ဂိုဏ်းကြီးအား ဂုဏ်ပြုလိုက်ခြင်းတို့ကြောင့် အထိမ်းအမှတ် ညစာစားပွဲကြီးတစ်ခုကို တောင်ပေါ်တွင် ကျင်းပကြသည်။ ညဉ့်နက်လာသောအခါတွင် သိုင်းသမားအများစုကြီးသည် ခုံးဝန်ဆရာတော်ကြီးနှင့် ခုံးကျိုဆရာတော်ကြီးတို့အား နှုတ်ဆက်ပြီး ထွက်ခွာသွားကြတော့သည်။



ဝါမေဂိုဏ်းမှာမူ အခြားသိုင်းသမားများကဲ့သို့ ရဲရဲဝံ့ဝံ့ မရှိကြတော့။ ဖရိုဖရဲ ဖြစ်လျက်ရှိနေပေသည်။ ထိုသို့ ဖြစ်နေသည်ကို မြင်တွေ့နေရသော ဟူကျင်းသည် များစွာ စိတ်ထိခိုက်သွားတော့သည်။

ဆို့ချင်းစူးမှာမူ ထမ်းစင်ထက်တွင် လဲလျောင်းလျက်သာ ရှိနေသည်။ အသက်ရှိနေသေးသည် သို့မဟုတ် အသက်မရှိတော့ဟူသည့် အချက်ကိုမူ မသိနိုင်ခဲ့ပေ။

ဟူကျင်းသည် ဝါမေဂိုဏ်းသားများဘက်သို့ လျှောက်သွားပြီး ကျင့်ဝေ မယ်သီလရှင်ကြီးအား အခွင့်တောင်းလိုက်သည်။

'ကျုပ်... ဆို့ချင်းစူးရဲ့ ဒဏ်ရာကို ကြည့်ပေးချင်ပါတယ်၊ ဒဏ်ရာ ပြင်းထန်ရင်လဲ ဆေးကုပေးသင့် ကုပေးရအောင်ပါ၊ ခွင့်ပြုပါနော်'

ကျင့်ဝေမယ်သီလရှင်ကြီးက အေးစက်စွာ ပြန်ပြောသည်။

'ဘာမှ ကြည့်ပေးနေစရာ မလိုပါဘူး'

ချူထင်းသည် ဟူကျင်း၏ ဘေးနားတွင် ရပ်နေသူဖြစ်ရာ ကျင့်ဝေ မယ်သီလရှင်ကြီး၏ မချေမငံ ပြောသည့်စကားကို ကြားလိုက်ရသဖြင့် အလွန် မကျေမနပ် ဖြစ်သွားသည်။

'ငါတို့ရဲ့ ဂိုဏ်းချုပ်ကြီးက စေတနာထားပြီး ကယ်ပေးထားလို့ ဒီကောင် ဒီလောက်အထိ အသက်ရှင်နေတာ၊ ဟာကယ်ဆိုရင်

www.burmeseclassic.com



ကိုယ့်ဆရာနဲ့ ကိုယ့်ဂိုဏ်းကိုတောင် သစ္စာဖောက်ဝံ့တဲ့လူမျိုး သေဖို့ပဲ ကောင်းတယ်၊ အခုလဲ ငါတို့ ဂိုဏ်းချုပ်ကြီးက စေတနာနဲ့မေးတာကို မင်းတို့က ဘာဖြစ်လို့ ရိုင်းရိုင်းစိုင်းစိုင်း မချေမငံ ပြောရတာလဲ'

ထိုအခါ ကျင့်ဝေသည် ရုတ်တရက် ပြောချလိုက်သည်။

'ရှင်ကလဲ ဘာတွေ မောက်မောက်မာမာ ပြောပြောနေရတာလဲ၊ ရှင်က ကျုပ်တို့ဂိုဏ်းအကြောင်း ဘာသိလို့လဲ၊ ကျွန်မတို့ ဂိုဏ်းချုပ်ကြီးဟာ အခုအထိ အပျိုအစစ်ရှင့် သိရဲ့လား၊ အပျိုမစစ်ရင် ဘယ်သူမှ ဂိုဏ်းချုပ်လုပ်ခွင့် မရှိဘူး၊ ဒီ ဆို့ချင်းစူးလို လူယုတ်မာမျိုးကို ကျုပ်တို့ဂိုဏ်းက ဆက်ပြီး စောင့်ရှောက်နေရင် ကျုပ်တို့ ဂိုဏ်းချုပ်ကြီးရဲ့ သိက္ခာပဲ ထပ်ကျနေမှာပဲ၊ ကဲ... ဆို့ချင်းစူးကို ဟူတန်ဂိုဏ်းရဲ့လက်ထဲ ကျုပ်တို့ ပြန်အပ်လိုက်မယ်၊ ယူကြပေတော့'

ဝါမေဂိုဏ်းသားနှစ်ယောက်တို့သည် ဆို့ချင်းစူးကို ထမ်း၍ ရီလင်တန်၏ ရှေ့၌ တကယ်ပင် ချထားလိုက်ကာ ထွက်ခွာသွားကြလေတော့၏။

ဝါမေဂိုဏ်းသား ကျင့်ဝေ မယ်သီလရှင်ကြီး၏ စကားကို ကြားလိုက်ရသောအခါ ဟူကျင်းသာမက လူအားလုံး အံ့သြသွားကြတော့သည်။

ချူထင်းသည် ထွက်ခွာဆဲ ပြူနေသူများအား အမောတကော လှမ်းမေးလိုက်သည်။



'ဘယ်လို... ဘယ်လို ဆို့ချင်းစူးက မင်းတို့ ဂိုဏ်းချုပ်ကြီးရဲ့ ယောကျ်ား မဟုတ်ဘူး... ဟုတ်လား'

ကျင့်ဝေသည် မကျေမချမ်းဖြစ်နေသော လေသံဖြင့် ပြန်ပြောသည်။

'ဟင်... ကျုပ်တို့ ဂိုဏ်းချုပ်ကြီးက ဒီလို လူစားမျိုးကို သူ့ ခင်ပွန်းသည်အဖြစ် ရွေးပါ့မလား၊ ရှင်တို့ပဲ စဉ်းစား ကြည့်ကြစမ်းပါဦး၊ သူက ကျွန်းဟူကျင်း သစ္စာမဲ့တာကို မခံချင်လွန်းတဲ့ ဒီ လူယုတ်မာကို သူ့ ယောကျ်ားအဖြစ် ဟန်ဆောင်ခိုင်းထားတာရှင့် သိကြရဲ့လား'

ဟူကျင်းသည် နားထောင်နေရင်းသူ့နားကို သူ မယုံနိုင်လောက်အောင် ဖြစ်သွားတော့သည်။ နားကြားများ မှားနေသလားဟု ထင်မိတော့သည်။ ထို့ကြောင့်...

'ဘာပြောတယ်... ချူကျူးက ဆို့ချင်းစူးနဲ့ တကယ် လက်ထပ်တာ မဟုတ်ဘူး။ ဟန်ဆောင် လက်ထပ်ထားတာ ဟုတ်လား'

ကျင့်ဝေသည် ဟူကျင်းကို ကြည့်ပင် မကြည့်တော့ချေ။ အခြားတဘက်သို့ လှည့်၍သာ နေတော့သည်။ ဟူကျင်းကို လုံးဝ မကြည့်ဘဲ ခေါသဖြင့် ပြောလိုက်သည်။

'ရှင်နဲ့ ကျုပ် စကားမပြောချင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အဝေးမှ စူးရှစွာ အော်ဟစ်လိုက်သော အသံ တစ်သံကို အားလုံး ကြားလိုက်ကြရသည်။ ထိုအသံသည် ချူကျူး၏ အော်သံပင် ဖြစ်တော့သည်။ သူမသည် သရဲတစ္ဆေကို တွေ့လိုက်ရသကဲ့သို့ အသည်းလှိုက် အူလှိုက်ကြောက်ရွံ့ တုန်လှုပ်စွာ အော်ဟစ်လိုက်ခြင်းပင် ဖြစ်ပေမည်။

အဘယ်ကြောင့်ဆိုသော် သူမ၏ အသံကို ကြားလိုက်သူများပင် တုန်လှုပ် ချောက်ချားမှုကို ခံစားပိုက်ကြရ သောကြောင့်ပင်တည်း။

✤ ✤ ✤ ✤ ✤



# အကျိုးနက်နှင့်မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၈၆)

## အကျော်နက်နှင့် မိန်းကလေး

အားလုံးသည် ချူးကျူး၏ အော်သံကြောင့် ကြက်သီးမွေးညှင်းထ ကုန်ကြတော့သည်။

ဟူကျင့်နှင့် တကွ အားလုံးသော လူများ အမြေအတင် ပြောဆိုနေသည့် အချိန်မှာ မှောင်မိုက်နေသည့် အကာလ ညအခါ ကာလကြီး ဖြစ်သည်။ ဤကဲ့သို့ အကာလ ညအခါမျိုး၌ ဤသို့ ထိတ်လန့်တကြား အော်ဟစ်လိုက်သံကြီးကို ကြားလိုက်ရသည့် မည်သူမဆို လိပ်ပြာလွင့်စဉ် ထွက်မျှမတတ် ခြောက်လန့်ကြမည် သာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ရှိနေသူများသည် အရင့်အမာ သိုင်းပညာရှင်များ ဖြစ်နေကြ၍သာ ဤမျှ ကူမြွေ ဆည်နေနိုင်ကြခြင်း ဖြစ်သည်။ သို့မဟုတ်ပါက သူတို့လည်း ထွက်ပေးမိကြပေလိမ့်မည်။ လူအားလုံးသည် ထိုအသံ ထွက်ပေါ်လာရာဘက်သို့ လှမ်းကြည့်လိုက်ကြသည်။ သို့သော် မည်သည့် အရိပ်အယောင်မျှ အတွေ့ကြရချေ။

ဟူကျင်းသည် သိုင်းပညာ အမြင့်မားဆုံးရှိရုံမျှမက အခြားသူများထက်ပင် ဇောစိတ်သန်စွာ ခုန်ထွက် ပြေးလွှားသွားသည်ဖြစ်ရာ အသံကြားရာ တောအုပ်အတွင်းသို့ ရှေးဦးစွာ ရောက်ရှိသွားတော့၏။

ထိုအခါ... အကျီစိမ်း ဝတ်ဆင်ထားသော ချူကျူးသည် အူးလျားဖားလျား အမောတကော ပြေးလွှားလာနေကြောင်း တွေ့လိုက် ရတော့သည်။

ဟူကျင်းသည် သူမထံသို့ ပြေးလွှားသွားပြီး မေးလိုက်သည်။

'ချူကျူး... ချူကျူး၊ ဘာဖြစ်လို့လဲဟင်၊ ဘာတွေ တွေ့လာလို့လဲ ပြောစမ်း'

ချူကျူးသည် ရုတ်တရက် မည်သည့် စကားမျှ မပြောနိုင်။ မောလွန်းလှသဖြင့် အသက်ဝအောင်ပင် မနည်းရှူရှိုက်နေရသည်။ သူမ၏ မျက်နှာတစ်ခုလုံးသည် ကြောက်ရွံ့ထိတ်လန့်မှုကြောင့် သွေးမရှိတော့သကဲ့သို့ ဆွတ်ဆွတ် ဖြူနေသည်။



အတန်ကြာမှ တန်တုန်ယင်ယင်ဖြင့် ပြောလိုက်သည်။

'သရဲ...သရဲ... သရဲက ကျွန်မနောက်ကို လိုက်နေတာ'

သူမသည် ဟူကျင်းမှန်းသိသွားသောအခါ ဟူကျင်း၏ ရင်ခွင်တွင်းသို့ ပြေးဝင်မိတော့သည်။ သူမသည် ဟူကျင်းကို အတင်းပင် ဖက်ထားမိတော့၏။

သူမ၏ တစ်ကိုယ်လုံးမှာလည်း ကြောက်ရွံ့မှုကြောင့် တဆတ်ဆတ် တုန်လျက် ရှိနေတော့သည်။

ဟူကျင်းသည် ချူကျူး အလွန်ကြောက်လန့်နေကြောင်း တွေ့ရသောအခါ ပတ်ဝန်းကျင်မှ အမြင်ကောင်း မကောင်း၊ သင့်လျော် မသင့်လျော်၊ အရေးမစိုက်နိုင်တော့ဘဲ သူမ၏ ပခုံးကလေးကို ဖက်ထားပြီး ဖြည်းညင်းစွာ ပွတ်လျက် ချော့မော့မိတော့သည်။ ကြင်နာသနားသော လေသံဖြင့် နှစ်သိမ့်လိုက်မိသည်။

'ချူကျူး...မကြောက်နဲ့တော့၊ ဘာမှ မကြောက်နဲ့တော့ အခု ငါ ရောက်နေပြီ၊ သရဲဆိုတာ ဒီလောကမှာ မရှိပါဘူး၊ မင်းက ဘာကို တွေ့ပြီး ဒီလောက် ကြောက်လန့်နေရတာလဲ'

ချူကျူးသည် ဟူကျင်း၏ ကျယ်ပြန့်သော ရင်ခွင်အတွင်း ဝယ် အတန်ကြာ မှီပြီးနေလိုက်မှ တဖြည်းဖြည်း စိတ်တည်ငြိမ်မှု ရလာတော့သည်။ သူမက...

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို... ဟူကျင်းလား'

သူမ၏ လေသံများနှင့် လုံးဝ ကွဲပြားသွားသည်။ နူးညံ့ခြင်း၊ ပျော့ပျောင်းခြင်း၊ လေးစားခြင်း၊ အားကိုးခြင်းတို့ ပါဝင်နေသည့် လေသံ ဖြစ်သည်။

'ဟုတ်တယ်... ငါပါ ဟူကျင်းပါ၊ မင်းဘာကိုတွေ့ပြီး ဒီလောက် ကြောက်လန့် လာရတာလဲဟင်'

ဟူကျင်းက ထပ်မေးလိုက်ပြန်သည်။ ချူကျူးသည် စောစောက အကောင်အတန် စိတ်တည်ငြိမ်မှု ရသွားခဲ့ပြီးဖြစ်ပေသည်။ ယခု ဟူကျင်း ထပ်မေးလိုက်သောအခါ တစ်စုံတစ်ခုကို သွားသတိရ မိပြန်ပြီး ရှိုက်ကြီးတငင် ငိုကြွေးပြန်တော့သည်။

ဟူကျင်း၏ ရင်ခွင်တစ်ခုလုံး ချူကျူး၏ မျက်ရည်များကြောင့် စိုရွဲလျက် ရှိနေပေပြီ။

ထိုစဉ်... ရန်ရှောင်၊ ဝေရှိ...လူတစ်သိုက်နှင့်အတူ ဝါမေ ဂိုဏ်းမှ ကျင့်ဝေ မယ်သီလရှင်တို့ ရောက်ရှိလာကြတော့၏။

ဟူကျင်းနှင့်ချူကျူးတို့၏ အခြေအနေကို တွေ့လိုက်ကြရသောအခါ တစ်ယောက်ကို တစ်ယောက် မျက်ရိပ်ပြလိုက်ကြပြီး တိတ်တဆိတ်ပင် ပြန်လည်ထွက်ခွာသွားကြတော့သည်။



အလင်းမာန်ဂိုဏ်း၊ ဟူတာန်းဂိုဏ်းနှင့် ဝါမေဂိုဏ်းရှိ လူအားလုံးလိုလိုပင် ချူကျူးနှင့် ဟူကျင်းတို့ ပြန်လည်ပေါင်းစပ်သွားသည်ကို မြင်လိုကြသည်။ အကြောင်းများကလည်း ရှိနေကြသည်။ ကျောက်မိန်သည် တစ်ချိန်တုန်းက သူတို့အား ဖမ်းဆီးချုပ်နှောင် နှိပ်စက်ခဲ့ဖူးသည်ကို လုံးဝ မမေ့ပျောက်နိုင်ခြင်းပင် ဖြစ်သည်။

ထို့ပြင် ကျောက်မိန်သည် မွန်ဂို မင်းသမီးတစ်ပါးဖြစ်ရာ သူတို့၏ ဂိုဏ်းချုပ်ကြီးနှင့် လက်ထပ်လိုက်ပါက သူတို့၏ တော်လှန်ရေးကြီးထိခိုက်သွားမည်ကို စိုးရိမ်ကြခြင်း ဖြစ်သည်။

ချူကျူးသည် အတန်ကြာမျှ ရှိုက်ကြီးတငင် ငိုကြွေးနေသေးသည်။ တဖြည်းဖြည်း ငိုသံများ ရပ်ဆိုင်းလာပြီး ရှိုက်သံဖြင့် မေးလိုက်သည်။

'အစ်ကို...ဟူကျင်း ကျွန်မနောက်မှာ ဘယ်သူ လိုက်လာသလဲ'

'ဟင့်အင်း... ဘယ်သူမှ လိုက်မလာပါဘူး'

'ဟင့်အင်း...မဖြစ်နိုင်ဘူး၊ လိုက်ကို လိုက်လာရမယ်၊ အစ်ကို သေသေချာချာ ကြည့်ပါဦး၊ လိုက်လာတဲ့လူ ရှိသလား မရှိဘူးလား'

ဟူကျင်းသည် ချူကျူး၏ အစိုးရိမ် အလွန်ကြီးနေပုံ မြင်မိတော့သည်။ သူက...

www.burmeseclassic.com



'မရှိပါဘူး ချူကျူးရယ်၊ တကယ့်ကို လိုက်လာတဲ့လူ မရှိပါဘူး၊ ငါက မင်းကို ဘာကြောင့် ညာပြောမှာလဲ'

ဟွာကျင်း၏ လေသံသည် ပိုမို၍ နူးညံ့ပျော့ပျောင်းသွားပြီး ဆက်ပြောသည်။

'ချူကျူး...ဒီရက်တွေမှာ မင်းအဖို့ ကိုယ်ရော စိတ်ရော ပင်ပန်းလွန်းလို့ အာရုံကြောတွေ တုံ့ဆိုင်း ချောက်ချားပြီး ထင်ရာမြင်ရာတွေ လျှောက်မြင်နေတာပါ'

'မဟုတ်ဘူး...အစ်ကို၊ အစ်ကို ဟွာကျင်းပြောတာတွေ လုံးဝ မဟုတ်ဘူး၊ ကျွန်မ သူ့ကို သုံးခါတိတိ တွေ့လိုက်ရတယ်၊ တစ်ခါတည်းတွေ့တာ မဟုတ်ဘူး၊ ဆက်တိုက် သုံးခါ တွေ့ရတာ'

သူမသည် ပြောရင်း ပြောရင်းမှ တုန်တုန်ယင်ယင် ဖြစ်လာတော့သည်။

'ဘာကို သုံးခါတိတိတွေ့ရတာလဲ'

ချူကျူးသည် သူမကိုယ်ကို ဖြည်းညင်းစွာလှည့်၍ နောက်သို့ လှည့်ကြည့်လိုက်၏။ သူမ၏ သတ္တိများကို အစွမ်းကုန်ထုတ်ပြီး လှည့်ကြည့်နေသည့် ပုံစံပင်။ သူမသည် မည်သည့်အရာကိုမျှ မတွေ့ရသောအခါ ဟွာကျင်းဘက်သို့ လှည့်လိုက်သည်။ သူမသည် သည်ဘက်သို့ လှည့်လိုက်လျှင် လှည့်လိုက်ခြင်း ပထမဦးဆုံး တွေ့လိုက်ရ



✻

သည့်အရာကား သူ့ကို စိုးရိမ်တကြီး ကြည့်ရှုနေသည့် ဟွာကျင်း၏ ကြင်နာနူးညံ့သည့် မျက်လုံးများကိုပင်တည်း။ ထိုမျက်လုံးများကို မြင်လိုက်သောအခါ သူမ၏ရင်ထဲဝယ် ကွဲကြေမတတ် ခံစားလိုက်ရပြီး ပျော့ခွေကျသွားတော့၏။ ဟွာကျင်းက ထိန်း၍ ပေးထားလိုက်ရ၏။

'အစ်ကို ဟွာကျင်း... ကျွန်..ကျွန်မ အစ်ကို့ကို အားလုံး ညာခဲ့တာပါ၊ တိမ်လွှာဓားနဲ့ နဂါးနိုင်ဓားကို ကျွန်မ ခိုးခဲ့တာပါ၊ အားလီကို သတ်တာလဲ ကျွန်မပါ၊ ဘကြီးရှုတ်စွန်းကို အဆိပ်ကြာထိုး ပိတ်ပြီး သူတောင်းစားဂိုဏ်းလက်ထဲ အပ်လိုက်တာလဲ ကျွန်မပါ၊ ကျွန်... ကျွန်မဟာ လူကောင်း မဟုတ်တော့ပါဘူး အစ်ကိုရယ်၊ မိန်းမယုတ် ဖြစ်နေပါပြီ၊ ဒါပေမယ့် ဆို့ချင်းစူးကိုတော့ ကျွန်မ လက်မထပ်ခဲ့ပါဘူး၊ ကျွန်မရဲ့ ရင်ထဲမှာ ရှိတာကတော့ အစ်ကို...အစ်ကို ဟွာကျင်း တစ်ယောက်တည်းပါရှင်'

ဟွာကျင်းသည် သက်ပြင်းချရင်း ပြောလိုက်သည်။

'ဒီ အကြောင်းတွေ ငါ အားလုံး သိပြီးပါပြီ ချူကျူးရယ်၊ မင်း တော်တော် ရက်စက်ခဲ့တာပဲ၊ ဘာပြုလို့ ဒီလို လုပ်ရတာလဲဟင်'

ချူကျူးသည် ငို၍ ပြောလိုက်သည်။

'အစ်ကို မသိဘူး၊ ဟို ဝမ်ဖားဘုရားကျောင်းထဲမှာ ကျွန်မတို့ အားလုံး အဖမ်းခံထားရတုန်းက ကျွန်မ့ရဲ့ မျက်ကြွယ်ဆရာမကြီးက

www.burmeseclassic.com

www.burmeseclassic.com



ဘာပြောသလဲ သိလား၊ ကျွန်မကို တိမ်လွှာဓားနဲ့ နဂါးနိုင်ဓား နှစ်ချောင်းရဲ့ လျှို့ဝှက်ချက်ကို ပြောပြတယ်၊ ဒီဓားနှစ်ချောင်းကို ရအောင်ယူပြီး ဒီဓားတွေထဲက သိုင်းစာအုပ်တွေကို ရအောင် ယူရမယ်လို့ ကတိပြုခိုင်းခဲ့တယ်၊ နောက်ပြီး ကျွန်မကို ကျိန်ခိုင်းတယ် အစ်ကို့ကို ချစ်ကြိုက်ဟန်ဆောင်ပြီး ဒီအကြံကို အောင်မြင်အောင် လုပ်ရမယ်တဲ့၊ ဒါပေမယ့် အစ်ကို ဟူကျင်းကိုတော့ ဘယ်တော့မှ မချစ်ကြိုက်ရဘူးလို့၊ ကြောက်စရာကောင်းတဲ့ ကျိန်စာကျိန်ပြီး ကတိပြုခိုင်းခဲ့တယ် အစ်ကို'

ဟူကျင်းသည် ချူကျူး၏ ပခုံးလေးကို ပွတ်သပ်ပေးနေမိပြီး တစ်ချိန်တုန်းက မျက်ကွယ်ဆရာမကြီးက ကျိုရှောင်မူကို ရိုက်သတ်ခဲ့ခြင်းကို မိမိကိုယ်တိုင် မြင်ခဲ့ရပုံနှင့် ဝမ်ဖားအုရားကျောင်းတွင် မိမိ၏ ကယ်တင်မှုကို မခံယူဘဲ အသေခံသွားပုံတို့ကို ပြန်လည် မြင်ယောင် လာမိတော့သည်။

အာယာတ ကြီးမားလွန်းလှသော မျက်ကွယ် မယ်သီလရှင်ကြီးပါပေ။

ယခုကဲ့သို့ ချူကျူး စိတ်ထားပြောင်းလဲသွားရသည်မှာလည်း သူမ၏ ဆရာမကြီး မှာကြားခဲ့သော စကားများနှင့် အတင်းအဓမ္မ ကျိန်ဆိုခိုင်းခဲ့သော ကျိန်စာများကြောင့်သာ ဖြစ်ရပေမည်။

ထိုအကြောင်းများကို ပြန်လည်စဉ်းစားမိသောအခါ ဟူကျင်းသည် ချူကျူးကို သနားစိတ် ဝင်သွားသည်။



ချူကျူးသည် အလွန်စိတ်ပျော့သော မိန်းကလေးတစ်ယောက် ဖြစ်ရာ မိမိ၏ မိဘသဖွယ် ကြောက်ရွံ့ရသော ဆရာမနှင့် ချစ်သူအကြား မြေစာပင် ဖြစ်သွားရခြင်းပင်။ မည်မျှ နှလုံးကွဲ မတတ် ခံစားရမည်ကို ဟူကျင်း ကိုယ်ချင်းစာမိပေသည်။

ဟူကျင်းသည် ညင်သာသော လေသံဖြင့် ပြောလိုက်သည်။

'ချူကျူး... ဖြစ်ပြီးတာတွေ ပြီးပါစေတော့၊ ဖြစ်ပြီးခဲ့တဲ့ ကိစ္စတွေအတွက် စိတ်မကောင်းဖြစ်နေရင်လဲ မင်းပဲ ပင်ပန်းရုံ ရှိမှာပဲ၊ ငါ့ကို ပြောစမ်း၊ မင်း အခု ဘာကို တွေ့လိုက်ရတာလဲ'

ချူကျူးသည် ရုတ်တရက် ခုန်ထွက်သွားသည်။ သူ၏ နူးညံ့သိမ်မွေ့မှုများသည် ရုတ်တရက် ပျောက်ကွယ်သွားသကဲ့သို့ ဖြစ်သွားသည်။

'ကျွန်မ မပြောဘူး၊ ဒီသရဲက ကျွန်မကိုတင် ဘိုယ်ယောင်ပြနေတာ၊ ကျွန်မကို သက်သက် လက်စားချေနေတာ၊ ကျွန်မအပြစ်နဲ့ ကျွန်မခံရမှာပဲ၊ အခု ကျွန်မအပြစ်တွေအားလုံး ဝန်ခံပြီးပြီ၊ ကျွန်မလဲ သက်ဆိုးရှည်မှာ မဟုတ်တော့ပါဘူး'

ချူကျူးသည် ပြောပြောဆိုဆိုဖြင့် ထွက်ပြေးသွားပြန်တော့သည်။

ဟူကျင်းသည် မစဉ်းစားတတ်အောင် ဖြစ်နေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချူကျူးသည် အဘယ်ကြောင့် ဤမျှ ကြောက်ရွံ့နေရပါသနည်း။

သူမကို ဤမျှကြောက်သွားအောင် ချောက်လှန့်လိုက်သော အရာကား မည်သည့်အရာ ဖြစ်ပါသနည်း။

ဟူကျင်းသည် လုံးဝ စဉ်းစား၍ မရသောအခါ စိတ်ပျက်လက်ပျက်ဖြင့် ရှောင်လင်ဘုရားကျောင်း ရှိရာသို့ လျှောက်လာမိတော့သည်။

ဟူကျင်းသည် ဘုရားကျောင်းသို့ပြန်ရောက်ပါက ကျောက်မိန်အား ဤအကြောင်းများကို ပြောပြရန် စိတ်ကူးလိုက်သည်။ သို့သော် ကျောက်မိန် မည်သည့်နေရာ ရောက်နေသည်ကို ရှာမတွေ့ချေ။ ယခုရက်များအတွင်း ကျောက်မိန်သည် သူနှင့် အမြဲတမ်းလိုလိုပင် အတူတူ ရှိနေခဲ့သည်။ ယခုကဲ့သို့ ကျောက်မိန်ကို ရှာမတွေ့သောအခါ အလွန် တုန်လှုပ်ချောက်ချားသွားတော့သည်။ သူ၏စိတ်ထဲတွင်လည်း...

'ဒုက္ခပဲ၊ ကေန့တော့ ချူကျူး ငါ့ရင်ခွင်ထဲ ငိုနေတာကို ကျောက်မိန် တွေ့သွားလို့ ငါ့ကို စိတ်ဆိုးပြီး ထွက်သွားတာ ဖြစ်ရမယ်၊ ကျောက်မိန်... ကျောက်မိန်၊ စိတ်မြန်လက်မြန် သိပ်လုပ်ချင်တဲ့ မိန်းကလေးပဲ၊ တစ်ယောက်တည်း ဒုက္ခရောက်နေတော့မယ်'

ဟူကျင်းသည် ချက်ချင်းပင် နေရာအနှံ့ လိုက်လံ ရှာဖွေမိတော့သည်။



ထိုစဉ် မြေကြီးအလံ အဖွဲ့သားတစ်ယောက်က ကျောက်မိန် တောင်ခြေသို့ ဆင်းသွားကြောင်း သတင်းလာပို့သည်ကို ကြားလိုက်ရသောအခါ ပို၍ပင် စိတ်ပူသွားမိတော့သည်။ ထို့ကြောင့် ဟူကျင်းသည် တောင်အောက်သို့ မရပ်မနား ပြေးဆင်းသွားမိတော့သည်။

လမ်းတစ်လျှောက်လုံး ရှောင်လင်ကျောင်းမှ ဆင်းသက်လာကြသော သိုင်းသမား အများအပြားကို တွေ့ရှိရသည်။

သို့သော် ကျောက်မိန်တစ်ယောက်ကိုမူ လုံးဝ မတွေ့ရချေ။ ရုတ်တရက် ဟူကျင်းသည် တစ်စုံတစ်ခုကို သတိရလိုက်သည်။

'အင်း...ကျောက်မိန်ဟာ အင်မတန် ပါးနပ်တဲ့ မိန်းကလေး၊ သူ ငါ့ဆီကနေ ရှောင်ပြေးချင်ရင် ဒီလမ်းကနေတော့ ရှောင်ပြေးမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့အနေနဲ့ သူ့ကို ချက်ချင်း အမီလိုက်နိုင်တယ်ဆိုတာ သူတွက်မှာပဲ၊ ဒီတော့ ရှောင်လင်ဘုရားကျောင်းမှာပဲ တစ်နေရာရာမှာ သူ ခိုနေတာပဲ ဖြစ်ရမယ်၊ ငါ ထွက်သွားတော့မှ တခြားလမ်းက သူ သွားမှာပဲ'

ထို့ကြောင့် ဟူကျင်းသည် တောင်ပေါ်မှ ဆင်းနိုင်သည့် လမ်းမှန်သမျှနှင့် တောင်ခြေတစ်ခုလုံးကို ပိုက်စိတ်တိုက် ရှာဖွေတော့သည်။ နောက်ဆုံးတွင် လူသူ အဆင်းအတက် ပြုလေ့ပြုထ မရှိသော တောင်ကုန်း အနောက်ဘက်သို့ပင် ရောက်ရှိလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဤနေရာ၌လည်း ကျောက်မိန်ကို မတွေ့ရပေ။ ဟူကျင်း၏ စိတ်ထဲတွင်...

'ကျောက်မိန်... ကျောက်မိန်... ဘယ်များ သွားနေပါလိမ့်၊ ကျောက်မိန်ရယ်၊ ဘယ်လိုပဲဖြစ်ဖြစ်လေ သူ့ကို မတွေ့မချင်း ငါ လက်မလျှော့ဘူး၊ ဒီ တစ်သက်လုံး သူ့ကို မတွေ့တွေ့အောင် ရှာမယ်'

ညဥ့်မှောင်သောအခါ ဟူကျင်းသည် အလွန်ကြီးမားသော သစ်ပင်ကြီးတစ်ပင်ထက်သို့ တက်၍ အိပ်စက်အနားယူလိုက်သည်။ သို့ရာတွင် ညသန်းခေါင်ယံသို့ ရောက်သောအခါ အလွန် ပေါ့ပါးသော ခြေသံကို ကြားလိုက်ရသဖြင့် လန့်နိုးလာသည်။

လမင်းစန္ဒာ၏ အေးမြသော ရောင်ခြည်မျှင်များအောက်တွင် မိန်းကလေးတစ်ယောက် ပေါ့ပါးစွာ ပြေးလွှားနေသည်ကို အံ့ဩစဖွယ် တွေ့လိုက်ရသည်။

အစ ပထမ၌ ကျောက်မိန်ဟု ထင်မှတ်လိုက်၍ အော်ခေါ်ရန်ပင် ဟန်ပြင်လိုက်မိသေးသည်။ သို့သော် နောက်ကျောကို ကြည့်လိုက်သောအခါ ကျောက်မိန် မဟုတ်မှန်း သေချာစွာ သိလိုက်မိသည်။

ယခု မြင်တွေ့နေရသည့် မိန်းကလေး၏ နောက်ကျောလည်း သူ့မျက်စိများ အလွန် ယဉ်နေကြောင်း သတိပြုလိုက်မိသည်။



သူမြင်ဖူးသော မိန်းကလေးတစ်ယောက်ယောက် ဖြစ်လေမည်လားဟု သံသယဝင်နေမိ၏။ သည်မိန်းကလေးသည် မည်သည့်အရပ်က မိန်းကလေးနည်း။ မည်သူနည်း။ အဘယ်ကြောင့် ညကြီးသန်းခေါင် တစ်ယောက်တည်း ပြေးလွှားနေရသနည်း။

ဟူကျင်းသည် သစ်ပင်ကြီးပေါ်မှ ခုန်ချလိုက်ကာ ချက်ချင်း နောက်မှ လိုက်ကြည့်မိတော့သည်။

မိန်းကလေးသည် တစ်ကိုယ်လုံး အကျီနက်၊ ဝတ်စုံနက် ဝတ်ဆင်ထားသည် ဖြစ်၍ ညအမှောင်တွင် ရုတ်တရက် တွေ့မြင်ရန် မလွယ်ကူပေ။

ယခု ဟူကျင်း တွေ့မြင်ရသည်မှာလည်း လရောင်ကြောင့် တွေ့မြင်လိုက်ရခြင်း ဖြစ်သည်။ မိန်းကလေးသည် ရှောင်လင် ဘုရားကျောင်းတိုက်သို့ ဦးတည်သွားနေသည်ကို တွေ့လိုက်ရသဖြင့် ပို အံ့ဩသွားသည်။

'အင်း... ဒီမိန်းကလေး တိတ်တိတ်ဆိတ်ဆိတ် ရှောင်လင် ဘုရားကျောင်းဘက် သွားနေပုံကတော့ သိပ် မဟုတ်ဘူး။ တစ်ခုခု မကောင်းကြံမလို့နဲ့ တူတယ်၊ ဒီအတိုင်းလွှတ်ထားလို့တော့ မဖြစ်ဘူး၊ တားဆီးတန် တားဆီးရအောင် ထပ်ကြပ်မတွာ လိုက်ကြည့်မှ'

ဟူကျင်းသည် မိန်းကလေး၏ နောက်မှ မသိမသာ ကပ်လိုက်လာသည်။ ထိုမိန်းကလေး၏ နောက်ကျောကို အနီးကပ်

www.burmeseclassic.com

www.burmeseclassic.com



မြင်ရလေ သူအလွန်ရင်းနှီးသော မိန်းကလေးတစ်ယောက် ဖြစ်ရမည်ဟု မှတ်ထင်မိလေ ဖြစ်နေတော့သည်။ သို့သော် မည်သူ မည်ဝါ ဖြစ်မည်ကိုမူ လုံးဝ စဉ်းစား၍ မရလေ။

ရှောင်လင်ဘုရားကျောင်းနားသို့ နီးကပ်လာသောအခါတွင် ထိုမိန်းကလေး၏ ခြေသံများ ရုတ်တရက် နှေးသွားပြီး သတိကြီးစွာနှင့် ချဉ်းကပ်နေကြောင်း ဟူကျင်းတွေ့ရသည်။

သူမသည် ရှောင်လင် ဘုန်းတော်ကြီးများ၏ သိုင်းပညာအဆင့်အတန်းကို သိရှိဟန် တူပေသည်။

ရှောင်လင် ဘုရားကျောင်းခန်းမထဲမှလည်း တရားစာရွတ်သံများ လွင့်ပျံ့ လာသည်ကို ဟူကျင်း ကြားလိုက်ရသည်။

ဟူကျင်း အလွန် အံ့ဩသွားသည်။

'ရှောင်လင်ဘုန်းတော်ကြီးတွေဟာ ဘယ်နှယ့် ညကြီးမင်းကြီး ဘုရားစာရွတ်နေရတာလဲ၊ အကြောင်းထူး တစ်ခုခုများ ဖြစ်နေလို့လား'

ဟူကျင်း ဤကဲ့သို့ တွေးနေစဉ်မှာပင် ထိုမိန်းကလေးသည် ဘုရားကျောင်းခန်းမဆောင်ရှိ ပြတင်းပေါက်တစ်ခု အနီးသို့ ဖြည်းညင်းစွာတိုးကပ်ပြီး ရပ်လိုက်သည်။

ဟူကျင်းကမူ သူမနှင့် အတန်ငယ်လှမ်းသော ပြတင်းပေါက်တစ်ခုတွင် ပုန်းခို၍ ရပ်နေလိုက်သည်။ ဘုရားကျောင်းခန်းမတွင်း၌



မည်သည့်အကြောင်းကြောင့် ဘုရားစာရွတ်ဆိုနေသည်ကို သိလိုသဖြင့် ပြတင်းပေါက်မှ စက္ကူကို အပေါက်ကလေးဖောက်၍ အတွင်းသို့ ချောင်းကြည့်လိုက်သည်။ ဟူကျင်း အလွန် အံ့ဩသွားသည်။

ဟူကျင်း မြင်လိုက်ရသည့် မြင်ကွင်းကား...၊ မုံ့ဝန်ဆရာတော်ကြီးသည် မတ်တတ်ရပ်လျက် ဘုရားစာများရွတ်ဆိုနေသည်။ နောက်ဘက်မှ ဘုန်းတော်ကြီးများကလည်း ဆရာတော်ကြီးနည်းတူ ရွတ်ဆိုလျက် ရှိနေသည်။

စားပွဲရှေ့တွင် ဒူးထောက်ထိုင်နေသော မိန်းကလေး တစ်ယောက်ကလည်း ရှိနေသေးသည်။ ထိုမိန်းကလေးကား ချူကျူး ပင်တည်း။

ချူကျူး၏ မျက်နှာတွင် အလွန်တရာ စိုးရိမ်သောက ရောက်နေသည့် အရိပ်အရောင်များ ပေါ်နေသည်။ စားပွဲပေါ်တွင်လည်း သစ်သားပြားတစ်ခု ထောင်ထားကြောင်း တွေ့ရသဖြင့် အသေအချာကြည့်လိုက်မိသည်။ သစ်သားပြားပေါ်၌ ရေးသားထားသည်မှာ...

**'အားလီ၏ ရုပ်ကလာပ်'** ဟူ၍ပင်တည်း။

ဘုရားစာရွတ်သံများကြားမှ ချူကျူး၏ တီးတိုး ရေရွတ်နေသံကိုလည်း သဲ့သဲ့မျှ ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



'အားလီ... အားလီ ငါ့ကို ခွင့်လွှတ်ပါတော့၊ အခု ပြုလုပ်တဲ့ ကောင်းမှုကြောင့် မင်း ကောင်းရာသုဂတိ ရောက်ပါစေတော့၊ မိုက်မှားမိခဲ့တဲ့ ငါ့ကိုလည်း မနှောင့်ယှက်ပါနဲ့တော့'

ဟူကျင်းသည် ထိုအခါကျမှ သည်မြင်ကွင်းနှင့် ပတ်သက်၍ နားလည် သဘောပေါက်သွားတော့သည်။ ချူကျူးသည် အားလီအတွက် ဘုရားစာများ ရွတ်ဖတ်နိုင်းနေခြင်းပင် ဖြစ်တော့သည်။

ချူကျူးသည် အတန်ကြာသောအခါ မတ်တတ်ရပ်လိုက်ပြီး ပြတင်းပေါက်ရှိရာသို့ ဖြည်းညင်းစွာ မျက်နှာမူလိုက်မိသည်။ ထိုအခါ သူမ၏ မျက်နှာသည် ထိတ်လန့်မှုကြောင့် သွေးမရှိတော့သကဲ့သို့ ဆွတ်ဆွတ်ဖြူသွားပြီး စူးစူးဝါးဝါး အော်ဟစ်လိုက်တော့သည်။

'အားလီ... မင်း...မင်း၊ လာပြန်ပြီ'

ဘုရားကျောင်း ခန်းမကြီးတစ်ခုလုံးကိုလည်း သူမ၏ စူးစူးဝါးဝါးအသံက ဖုံးလွှမ်းသွားတော့၏။ ဟူကျင်းသည် ချူကျူးကြည့်ရာဘက်သို့ လှမ်းကြည့်လိုက်သောအခါ ပေါက်ပြဲနေသော ပြတင်းပေါက် စက္ကူပေါ်တွင် မျက်နှာတစ်ခု ပေါ်နေပြီး ထိုမျက်နှာတွင် ဓားဒဏ်ရာများ ပြည့်နှက်နေသည်။

ဟူကျင်းကိုယ်တိုင်ပင် တုန်လှုပ်ချောက်ချား သွားကာ လွှတ်ခနဲ အော်လိုက်မိမတတ် ဖြစ်သွားရသည်။





ထိုဒဏ်ရာဖြင့် ပြည့်နှက်နေသော မျက်နှာမှာ အခြားသူ၏ မျက်နှာမဟုတ် သေသွားပြီဖြစ်သော အားလီ၏ မျက်နှာပင် ဖြစ်နေတော့သည်။

ဟူကျင်းသည် ချက်ချင်း ခုန်ထွက်ပြီးသွားရောက် နှုတ်ဆက်ရန် စိတ်ကူးလိုက်မိသည်။ သို့သော်... သူ၏ ခြေထောက်များကို လုံးဝ မရွေ့လျားနိုင်ပဲ ဖြစ်နေသည်။ ခြေထောက်နှစ်ဘက်စလုံး တောင့်တင်းလျက်ရှိပြီး မြေပြင်၌ အမြစ်တွယ်သကဲ့သို့ ဖြစ်နေခဲ့ရသည်။

ထိုခဏအတွင်းမှာပင် အားလီ၏ မျက်နှာသည် ပျောက်ကွယ်သွားပေပြီ။ ချူကျူးမှာမူ မတ်တတ်ရပ်နေရာမှ 'ဝုန်း' ခနဲ ပြိုလဲကျသွားကာ မေ့မြောသွားတော့၏။

ဟူကျင်းသည် ရုတ်တရက် အော်ဟစ်လိုက်သည်။

'အားလီ... အားလီ မင်း ဘယ်မှာလဲ၊ ဘယ်ကိုရောက်သွားပြီလဲ'

ဟူကျင်း၏ အသံသည် ရှောင်လင်ကျောင်းတိုက် တောင်ကုန်းကြီး တစ်ခုလုံးသို့ ဟိန်းထွက် ပျံ့လွင့်သွားတော့၏။ အားလီ၏ အသံမှာမူ လုံးဝ မကြားရတော့ပေ။ မည်သည့် ထူးသံမျှ မကြားရပဲ၊ အားလီ ပျောက်ကွယ် သွားပြန်လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် သူ၏ စိတ်ဓာတ်ကို ပြန်လည် တည်ငြိမ်သွားအောင် လုပ်နိုင်ပြီဖြစ်၍ ချက်ချင်းပင် နောက်မှ ပြေးလိုက်သွားတော့သည်။

သို့သော်... ဟူကျင်း တောအုပ်ကြီးအတွင်းရောက်ရှိသောအခါ အကျိုနက် ဝတ်ဆင်ထားသော မိန်းကလေး၏ အရိပ်အရောင်မျှကိုပင် မမြင်ရတော့ချေ။ တောအုပ်ကြီးတစ်ခုလုံးမှာမူ အေးမြသောလရောင်အောက်တွင် ငြိမ်းချမ်းစွာ ငြိမ်သက် တိတ်ဆိတ်လျက် ရှိနေလေပြီ။

ဟူကျင်းသည် စိတ်ထဲတွင် ထပ်ခါ တလဲလဲ ရေရွတ်နေမိသည်။

'ဟုတ်တယ်... ဟုတ်တယ်၊ သူမ သူပဲ၊ ဒါကြောင့်မို့သာ သူ့နောက်ကျောပြင်ကို ငါ မျက်စိယဉ်နေတာကိုး။ သူဟာ တကယ်ပဲ အားလီ ဖြစ်ရမယ်'

ရောင်လင်ဘုန်းတော်ကြီးများသည် ကျောင်းဝင်း ပြင်ပတွင် အော်ဟစ်သံများ ကြားလိုက်ရသဖြင့် ပြေးထွက် လာကြတော့သည်။ ဟူကျင်းဖြစ်နေသည်ကို တွေ့လိုက်ရသောအခါ အလွန်အံ့သြသွားကြရသည်။



သူတို့၏ ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်းသည် အဘယ်ကြောင့် တောအုပ်ကြီးအတွင်း တစ်ယောက်တည်း အော်ဟစ်နေသည်ကို မစဉ်းစားတတ်အောင် ဖြစ်နေကြရသည်။

ဟူကျင်းကမူ ဘုန်းတော်ကြီးများကို နှုတ်ဆက်လိုက်ပြီး ဘုရားခန်းမထဲသို့ဝင်ကာ ချူကျူးကို ကြည့်လိုက်သည် ချူကျူးမှာ မေ့မြော နေဆဲပင်။

ထို့ကြောင့် ဟူကျင်းက မျက်ခုံးနှစ်ခုကြားရှိ အကြောကို ဖြည်းညှင်းစွာ နှိပ်ပေးလိုက်သည့်အခါတွင်မူ ချူကျူး ပြန်လည် သတိရ လာတော့သည်။

သူမသည် ဟူကျင်းကို တွေ့လိုက်ရသည်နှင့် ဟူကျင်း၏ ရင်ခွင်တွင်းသို့ အတင်းတိုးဝင်ကာ ထိတ်လန့်တကြား အော်ဟစ်နေပြန်သည်။

'သရဲ...သရဲ'

ဟူကျင်းက ချူကျူးအား ချော့မော့နှစ်သိမ့်လိုက်သည်။

'ချူကျူး...သတိထားပါ ချူကျူးရယ်၊ ဒီကိစ္စဟာ သိပ်ထူးဆန်းနေတယ်။ အဖြစ်မှန်သိအောင် တော်တော် ကြိုးစားဦးမယ်။ မင်းအဖို့တော့ ဘာမှ ကြောက်စရာ ရှိပါဘူး၊ ဒီမှာ ဆရာတော်ကြီးတွေ အများကြီးရှိနေတာပဲ၊ မင်းမှာရှိနေတဲ့ ထိတ်လန့် ကြောက်ရွံ့နေတဲ့ အစွဲကို ဆရာတော်ကြီးတွေက ချွတ်ပေးမှာပေါ့'

www.burmeseclassic.com



ချူကျူးသည်*နဂိုမူလက အပြောအဆို အနေအထိုင် ရည်မွန်သိမ်မွေ့သော မိန်းကလေးတစ်ယောက် ဖြစ်သည်။ ယခုအချိန်၌မူ အလွန်ကြောက်လန့်နေသည်က တစ်ကြောင်း၊ ဟွာကျင်းသည် သူမ၏ ချစ်သူဖြစ်နေသည်က တစ်ကြောင်းတို့ကြောင့် ပတ်ဝန်းကျင်ကို လုံးဝ သတိမပြုမိတော့ပဲ၊ ဟွာကျင်းကိုသာ ကြောက်အားလန့်အား ပွေ့ဖက် နေမိခြင်း ဖြစ်ပေတော့သည်။

ချူကျူးသည် ဟွာကျင်း၏ ချော့မော့နှစ်သိမ့်သည့် စကားများကို ကြားလိုက်မိသောအခါမှ မိမိတို့၏ ပတ်လည်တွင် ဆရာတော်ကြီးများ ရှိနေသည်ကို သတိရလိုက်ပြီး ကမန်းကတန်း ဟွာကျင်းကို လွှတ်လိုက်ကာ မိမိ၏ ခန္ဓာကိုယ်ကို ထိန်းထိန်းသိမ်းသိမ်း ပြုပြုပြင်ပြင် နေလိုက်မိတော့သည်။ သို့သော် ဟွာကျင်း၏ လက်ကိုမူ လုံးဝ မလွှတ်ဘဲ အတင်း ဆုပ်ကိုင်ထားသည်။

သူမ၏ လက်သည် အေးစက်လျက် ရှိနေပြီး တစ်ကိုယ်လုံးသည်လည်း တဆတ်ဆတ် တုန်လျက် ရှိနေတော့သည်။ အတန်ကြာမှ ချူကျူး စကားပြောနိုင်တော့သည်။

'အစ်ကို... အစ်ကို... ကျွန်မ သူ့ကို တွေ့လိုက်ရတယ်။ တကယ့်ကို တွေ့လိုက်ရတယ်'

'အေး... ဟုတ်တယ်၊ မင်းတင် တွေ့တာ မဟုတ်ဘူး ငါလဲ တွေ့လိုက်ရတယ်'

'အစ်ကို ဟွာကျင်းက ဘယ်သူ့ကို တွေ့လိုက်ရတာလဲ'



'အားလီကို'

ချူကျူးသည် တစ်ချက်မျှ အော်ဟစ်မိပြီး ထပ်မံ မေ့မြောသွားပြန်တော့၏။ ဟွာကျင်းက လှမ်း၍ ထိန်းထားသဖြင့် အောက်သို့ ပြုလဲ ကျမသွားခြင်း ဖြစ်တော့သည်။ အတန်ကြာမှ ချူကျူး သတိပြန်လည် လာသည်။ ဟွာကျင်းက...

'ချူကျူး... မင်း ဘာဖြစ်လို့ ဒီလောက် ထိတ်လန့်နေရတာလဲ၊ ငါ အားလီကို တွေ့လိုက်ရတာ အမှန်ပဲ၊ သူ့ကို လူအဖြစ်နဲ့ တွေ့လိုက်ရတာပါ၊ သူ... သရဲ မဟုတ်ပါဘူး'

ဟွာကျင်းသည် အားလီကို မည်သို့ စတွေ့ပြီး မည်သို့ နောက်ယောင်ခံ လိုက်ခဲ့ပုံကို အစအဆုံး ပြောပြလိုက်သည်။ သို့မှသာ ချူကျူးအဖို့ စိတ်သက်သာရာ ရသွားပေလိမ့်မည်။

နောက်ဆုံးတွင် ရှောင်လင် ဘုန်းတော်ကြီးများကို နှုတ်ဆက်၍ လှည့်ပြန်ခဲ့လိုက်ကြတော့သည်။ ချူကျူး မှာမူ တစ်ယောက်တည်း ဖြစ်နေသဖြင့် ဟွာကျင်းနှင့်ပင် လိုက်လာတော့သည်။

သူတို့နှစ်ယောက် ရှောင်လင် ဘုန်းတော်ကြီးကျောင်းနှင့် အတန်ကွာလှမ်းသည့် နေရာသို့ ရောက်ရှိလာသောအခါ ချူကျူးသည် ဟွာကျင်းကို မှီတွဲ၍ လျှောက်နေတော့သည်။ ဟွာကျင်း၏ လက်ကိုလည်း တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။ ချူကျူး အမှန်

www.burmeseclassic.com

www.burmeseclassic.com



တကာယ် ထိတ်လန့် ကြောက်ရွံ့ နေသည်ကို ဟူကျင်းအနေဖြင့် သိရှိထားသဖြင့် သူမ၏ လက်ကလေးကိုလည်းအားပေးသည့် အနေဖြင့် ပြန်လည် ဆုပ်ကိုင်ထားမိသည်။

ထိုသို့ နူးညံ့ သိမ်မွေ့သော အတွေ့အထိ။ သင်းပျံ့သော ရနံ့ကလေးများကို ပေါင်းစပ် ခံစားမိသောအခါ ဟူကျင်း၏ ရင်ထဲတွင် အချစ်သွေးများ ဆူကြွလာသကဲ့သို့ ဖြစ်လာပြန်တော့သည်။

ချူကျူးသည် ရုတ်တရက် သက်ပြင်းချရင်း...

'အစ်ကို...ဟူကျင်း၊ ကျွန်မတို့ နှစ်ယောက် ငယ်ငယ်တုန်းက မြစ်ထဲမှာ လှေစီးရင်းတွေ့ကြရတယ်၊ နောက်တော့ ဆရာကြီး ကျန်းဆန်းဖုန်းက ကျွန်မတို့ကို မွန်ဂိုတွေ လက်ထဲကနေပြီး ကယ်တင်ခဲ့တယ်၊ ကျွန်မကိုတော့ ဝါမေဂိုဏ်းကို ပို့ပေးခဲ့တယ်၊ ကျွန်မလေ... အခုမှ စဉ်းစားမိတယ်၊ အခုလို မငြိမ်းမချမ်းနဲ့ ဒုက္ခ အကြီးအကျယ် ရောက်ကြရမယ့် အတူတူ ဟိုတုန်းကတည်းက သေသွားရင် သိပ်ကောင်းမှာပဲလို့၊ အခုတော့ ဒီဒုက္ခတွေ ခါးစည်းပြီးခံစားဖို့ အသက်ရှင်ခဲ့ရသလို ဖြစ်နေတာပဲနော်'

ဟူကျင်းသည် ချူကျူး၏ အားအင်းချည့်နဲ့၍ နွမ်းလျသော လေသံကလေးကို ကြားလိုက်ရသောအခါ သက်ပြင်းတစ်ချက်ချလိုက်မိသည်။ ချူကျူးသည် တိုးညှင်းသော လေသံကလေးဖြင့် ဆက်ပြောနေသည်။



'တကယ်လို့ ဆရာကြီး ကျန်းဆန်းဖုန်းကသာ ကျွန်မကို ဟူတန်းဂိုဏ်းမှာပဲ လက်ခံလိုက်ရင် အခုလို အခြေအနေမျိုး ရောက်ချင်မှ ရောက်တော့မှာ။ အစ်ကို ဟူကျင်းရော ကျွန်မရော အေးအေးချမ်းချမ်း ဖြစ်နေကြဖို့ များတယ်။ ကျွန်မရဲ့ ဆရာမကြီးကလဲ ကျွန်မအပေါ်မှာတော့ ကောင်းခဲ့ပါတယ်၊ ဒါ... ဒါပေမယ့်...သူက ကျွန်မကို ရက်ရက်စက်စက် ကျိန်စာတွေ ဆိုခိုင်းတယ်၊ အလင်းမာန်ဂိုဏ်းကို မုန်းရမယ်တဲ့၊ ဒါ...ဒါပေမယ့် ကျွန်မ စိတ်ထဲမှာ အစ်ကိုဟူကျင်းကို နည်းနည်းမှ မ...'

ဟူကျင်းသည် ချူကျူး၏ စကားများကို ကြားလိုက်ရသောအခါ သူ၏ စိတ်များကို တည်ငြိမ်အောင် မနည်း ကြိုးစားနေရတော့သည်။

ဟူကျင်းအနေဖြင့်လည်း သိရှိ သဘောပေါက်ပြီးပေပြီ။

ချူကျူးအနေဖြင့် ဤမျှ ဆိုးဝါးသော အခြေအနေသို့ ကျရောက်ခဲ့ရခြင်းမှာ မျက်ကြွယ် ဆရာမကြီး၏ ပယောဂပင် ဖြစ်တော့သည်။

ထို့ကြောင့် ဟူကျင်းသည် တွေဝေ ငေးမောနေမိတော့သည်။

ချူကျူးက...

'အစ်ကို ဟူကျင်း... ဟောင်ကျူးမြို့မှာ အစ်ကိုနဲ့ ကျွန်မ လက်ထပ်ခါနီးကျမှ ဘာဖြစ်လို့ ကျောက်မိန့်က တစ်မျက်တည်း

www.burmeseclassic.com



ခေါ်တာနဲ့ လိုက်သွားရတာလဲ။ ကျွန်မကို တကယ်ပဲ ပြတ်သွားရက်တယ်။ ကျွန်မ အသည်းနှလုံးတွေ ကွဲကြေမတတ် ခံစားရတယ် သိလား၊ အစ်ကိုက ဘာဖြစ်လို့ သူ့ကို ဒီလောက်တောင် သဘောကျနေရတာလဲ'

ဟူကျင်းက...

'အေး...ငါလဲ မင်းကို ဒီကိစ္စ ရှင်းပြချင်နေတာပါ၊ ရှောင်လင်ဒုရားကျောင်း သိုင်းပြိုင်ပွဲထဲမှာ မင်း ဝင်လာတုန်းကလဲ ငါ အနည်းအကျဉ်း ရှင်းပြခဲ့ဖူးသေးတယ်၊ မင်းက စိတ်ဆိုးနေတော့ အကြောင်းစုံကို ရှင်းမပြနိုင်ခဲ့ဘူး'

ဟူကျင်းသည် သူ့အနေဖြင့် မည်သည့်အကြောင်းကြောင့် လိုက်သွားခဲ့ပုံ သနစ်စုံကို ရှင်းပြလိုက်သည်။ ချူကျူးသည် နားထောင်ပြီးသောအခါ ခပ်လှမ်းလှမ်းရှိ ကျောက်တုံးကြီးများရှိရာသို့ ခေါ်ဆောင်ပြီး တစ်ယောက်တစ်တုံးစီ ထိုင်လိုက်ကြသည်။ ဟူကျင်းသည် ချူကျူးကို မေးလိုက်သည်။

'ကဲ... ငါရှင်းပြသမျှတွေဟာ အားလုံး အမှန်တွေချည်းပါပဲ၊ အခု နောက်ပိုင်းမှာ မင်းလဲ အမြင်ပီပဲ၊ ငါ့ကို စိတ်ဆိုးနေသေးသလားဟင်'

ချူကျူးသည် အလွန် စိတ်ထိခိုက်သွားသဖြင့် ရှိုက်ငင်၍ ပြောလိုက်မိသည်။



'တကယ်တော့ အစ်ကို ဟူကျင်းအပြစ် မဟုတ်ပါဘူး၊ ဒီအမိုက်မရဲ့ အပြစ်တွေပါ၊ ကျွန်မရဲ့ အမှားတွေချည်းပါပဲ၊ သူ့များကို စိတ်ဆိုးရင် ဘယ် တရားပါ့မလဲ'

ဟူကျင်းသည် ချူကျူး၏ ပခုံးလေးကို ပွတ်သပ်၍ နှစ်သိမ့်လိုက်သည်။

'ကိုယ့်ကိုယ်ကိုလဲ ဒီလောက် အပြစ်မတင်ပါနဲ့ ချူကျူးရယ်၊ ကံကြမ္မာ စေ့ဆော်လာတဲ့အခါ ဒီလို ဖြစ်တတ်ကြတာချည်းပါပဲ၊ မင်းမှာလဲ မင်းကျူးလွန်ခဲ့တဲ့ အပြစ်တွေအတွက် စိတ်သောကဝေဒနာတွေ တော်တော်လေး ခံစားခဲ့ရပြီးပြီပဲ၊ ကိုယ့်ကိုယ်ကို စိတ်သက်သာရအောင် ရာကြိတွေးမှာပေါ့ ချူကျူးရယ်'

ချူကျူးသည် ခေါင်းကလေး ရှတ်တရက် မော့ပြီး မေးလိုက်သည်။

'အစ်ကို ဟူကျင်းကို ကျွန်မ စကားတစ်ခွန်း မေးမယ်၊ အစ်ကိုဟူကျင်းရဲ့ ရင်ထဲမှာ ရှိတဲ့ တကယ့် အစစ်အမှန်တရားကို မလိမ်တမ်း မညာတမ်း ဖွင့်ပြောရမယ်နော်၊ ဘာမှ ထိန်ချုက်မထားရဘူး'

ဟူကျင်းသည် စဉ်းစဉ်းစားစားဖြင့် ဖြေလိုက်သည်။

'အေးပါ၊ မေးပါ၊ မလိမ်တမ်း မညာတမ်း ဖြေပါ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မသိထားတာ ရှိတယ်၊ ဒီလောကကြီးထဲမှာ အစ်ကို ဟူကျင်း စိတ်ထဲမှာ တကယ်နှစ်နှစ်ကာကာ ချစ်ခဲ့တဲ့ မိန်းကလေး လေးယောက်ရှိခဲ့တယ်၊ အဲဒီ လေးယောက်ထဲမှာ တစ်ယောက်ကတော့ အိကြည်ကို ပြန်သွားတဲ့ ရှောင်ချောင်း၊ နောက်တစ်ယောက်ကတော့ ဝေ့ချာက်မိန်၊ နောက်တစ်ယောက်ကတော့ သူ...သူ... အားလီ'

ချူကျူးသည် အားလီ၏နာမည်သို့ ရောက်သောအခါ ရုတ်တရက် မပြောဝံ့သကဲ့သို့ တုန့်ဆိုင်းတုန့်ဆိုင်း ဖြစ်သွားတော့သည်။ အားလီ၏ နာမည်ဆုံးသွားမှ သူ၏ လေသံသည် ရှာရှော ရှုရှုနှင့် အဆင်ပြေသွားသည်။

'ရှောင်ချောင်းကတော့ အစွန်အဖျားဒေသကို ပြန်သွားလို့ စကားထဲ ထည့်မပြောချင်တော့ပါဘူး၊ ဒါပေမယ့် အစ်ကိုဟူကျင်းကို စော်စော်ကားကား မလုပ်ခဲ့ဘူးသူဆိုလို့ ရှောင်ချောင်းတစ်ယောက်ပဲ ရှိတယ်၊ ကျန်တဲ့ ကျွန်မတို့ သုံးယောက်စလုံးက အစ်ကို ဟူကျင်းကို ထိထိခိုက်ခိုက် စော်ကားခဲ့ဘူးတာချည်းပဲ၊ တကယ်လို့ ကျွန်မတို့ လေးယောက်စလုံး အစ်ကိုဟူကျင်းရှေ့မှာ ရှိနေပြီ ဆိုပါတော့၊ ဒီ လေးယောက်ထဲမှာ ဘယ်သူ့ကို အချစ်ဆုံးလဲလို့ မေးရင် အစ်ကို ဟူကျင်း ဘယ်လို ဖြေမလဲ၊ အစ်ကိုဟူကျင်းရဲ့ ရင်ထဲက တကယ့် အစစ်အမှန် စကားကို ကျွန်မ ကြားချင် သိချင်ပါတယ်'



ဟူကျင်းသည် စောစောက ချူကျူး စကားပလ္လင်ခံနေ ကတည်းက ခက်ခက်ခဲခဲ ပြဿနာတစ်ရပ်ကို မေးမည်ဟုတော့ မှန်းဆမိခဲ့သည်။ ယခုကဲ့သို့ အဖြေရခက်မည့် ပြဿနာ ဖြစ်လိမ့်မည် ဟုတော့ မထင်မှတ်မိခဲ့ပေ။ ဟူကျင်းသည် တွေဝေသွားပြီး...

'ဒါ...ဒါတော့...'

ပင်လယ်ပြင်တွင် မိန်းကလေး လေးယောက်နှင့် လွင့်မျော နေစဉ်အခါ ဤပြဿနာကို စဉ်းစားမိခဲ့သေးသည်။ ထိုစဉ်အခါက သူ့စိတ်ထဲတွင် ပေါ်ပေါက်လာခဲ့မိသည့် အတွေးမှာ...

'ငါ... ဒီမိန်းကလေး လေးယောက်ထဲက ဘယ်သူနဲ့ လက်ထပ် လက်ထပ် ကျန်တဲ့သုံးယောက်ကတော့ တော်တော်လေး စိတ်ထိခိုက်သွားကြမှာပဲ' ဟု တွေးမိခဲ့သည်။

ထို့ကြောင့် ဤအကြောင်းနှင့် ပတ်သက်၍ မစဉ်းစားမိ စေရန် အမြဲတမ်း ရှောင်တိမ်းနေခဲ့သည်၊ စဉ်းစားလိုက်တိုင်း ရင်ထဲ တွင် မချမ်းမမြေ့ ဖြစ်ရလွန်းသောကြောင့် ဖြစ်သည်။

ဟူကျင်းသည် မိန်းကလေး လေးယောက်စလုံးအပေါ် ချစ်နေမိသည်မှာ အမှန်ပင် ဖြစ်သည်။ ဤမိန်းကလေး လေးယောက် စလုံးသည်လည်း တစ်ယောက်တစ်မျိုး ချစ်စရာကောင်းနေသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် နောက်ပိုင်းတွင် အခြေအနေများ အလွန် ပြောင်းလဲသွားခဲ့ရသည်။ ရှောင်ချောင်းသည် မမျှော်လင့်ဘဲနှင့် အိကြည်သို့ ပြန်သွားခဲ့ရသဖြင့် သူနှင့် လုံးဝ ကွဲကွာသွားခဲ့ရသည်။ အားလီ၏ သေဆုံးမှု နဂါးနိုင်ဓားပျောက်ဆုံးမှုများအတွက် ကျောက်မိန်ကို အထင်လွဲခဲ့သဖြင့် ချူကျူးတစ်ယောက်တည်းကိုသာ ရိုးမြေကျ ချစ်ပါတော့မည်ဟု ဆုံးဖြတ်ခဲ့သည်။ မည်သို့ပင် ဆုံးဖြတ်ခဲ့သော်လည်း ချူကျူးနှင့် လက်ထပ်ရသည့်အဆင့်သို့ လုံးဝ မရောက်ခဲ့ရ၊ ကျောက်မိန်နောက်သို့ လိုက်ပါခဲ့ရပြီး ယခုကဲ့သို့ အဖြစ်မှန်အားလုံး ပေါ်ပေါက်လာသည့် အခြေအနေသို့ ပြောင်းလဲခဲ့ရပြန်သည်။

ယခု ကျောက်မိန်သည် သူ့ကို နှုတ်မဆက်ဘဲ ရုတ်တရက် ထွက်ခွာသွားပြန်လေပြီ။

ချူကျူးသည် ဟူကျင်းထံမှ စကားပြန် မရတော့ဘဲ တွေဝေ ငေးမောနေသည်ကို တွေ့ရသောအခါ သူမက ဟူကျင်း စဉ်းစားနိုင်မည့် အတွေးဘောင်ကို ထပ်မံကျဉ်းပေးလိုက်ပြန်သည်။

'ကျွန်မ မေးတဲ့မေးခွန်းက စိတ်ကူးယဉ်ပြီး မေးတဲ့ မေးခွန်းပါ၊ တကယ်တော့ ရှောင်ချောင်းက အိကြည်က ပြန်ရောက်လာနိုင်စရာ အကြောင်း မရှိတော့ပါဘူး။ ကျွန်မက အားလီကို ဒုက္ခရောက်အောင် လုပ်ခဲ့တဲ့လူဆိုတော့ ကျောက်မိန်တစ်ယောက်ပဲ ကျန်တော့တာပေါ့၊ ဒါပေမယ့် ကျွန်မ မေးတဲ့မေးခွန်းက တစ်မျိုးပါ၊ ကျွန်မတို့



လေးယောက်စလုံးမှာ ဘာမှမြောစရာ မရှိဘူးဆိုရင် အစ်ကိုဟူကျင်း ဘယ်သူ့ကို ရွေးမလဲ ဆိုတာပါ'

ထိုအခါကျမှ ဟူကျင်း အသက်ဝင်လာသကဲ့သို့ လှုပ်လှုပ်ရှားရှား ဖြစ်လာပြီး တိကျပြတ်သားသော လေသံဖြင့် ပြောလိုက်သည်။

'ချူကျူး... ဒီကိစ္စကို ငါ စဉ်းစားခဲ့တာ ကြာပါပြီ၊ ငါ့အနေနဲ့ အဖြေရအောင် လုံးဝ မစဉ်းစားနိုင်ခဲ့ပါဘူး၊ အမှန်အတိုင်း ပြောရရင်တော့ အဖြေရအောင် မစဉ်းစားနိုင်ခဲ့ဘူးဆိုတာထက် မစဉ်းစားရဲခဲ့ဘူးဆိုတာက ပိုမှန်လိမ့်မယ်။ ဒါပေမယ့် ဒီနေ့ကျတော့မှ ငါ့ရင်ထဲက ဘယ်သူ့ကို အချစ်ဆုံးဆိုတာ သိရတော့တယ်'

ထိုအခါ ချူကျူးသည် အလွန် စိတ်လှုပ်ရှားစွာဖြင့် အမောတကော မေးလိုက်သည်။

'ဘယ်သူလဲ... ကျောက်မိန်လား'

ဟူကျင်းက တိတိကျကျပင် ဖြေလိုက်သည်။

'ဟုတ်တယ်... ကျောက်မိန်ပဲ၊ ငါ ဒီနေ့တစ်နေ့လုံး သူ့ကို လိုက်ရှာနေတာပဲ၊ တွေ့နိုးတွေ့နိုးနဲ့ ရှာနေရတာ ဘယ်လောက် ပင်ပန်းတယ်မှတ်သလဲ၊ လူပင်ပန်းတာ မဟုတ်ဘူး၊ စိတ်ပင်ပန်း

www.burmeseclassic.com

www.burmeseclassic.com



နေတာ၊ သူအားအန္တရာယ် တစ်စုံတစ်ရာ ကျရောက်နေသလား၊ အသက်အန္တရာယ် တစ်စုံတစ်ရာ ထိခိုက်နေသလားလို့ တစ်ချိန်လုံး စိုးရိမ်နေရတယ်၊ ဒီအပူတွေ၊ သောကတွေကြောင့် ငါ့ရင်ခွင် တစ်ခုလုံး ပေါက်ကွဲမတတ် ဖြစ်နေရပြီ၊ သူ့ကိုသာ မတွေ့ရတော့ဘူးဆိုရင် ငါလဲ အသက်ရှင်တော့မှာ မဟုတ်ဘူး'

ဟူကျင်းသည် ခွေးခွေးမြည့်မြည့် ပြောလိုက်ပြီး မမြင်ရသော အဝေးတစ်နေရာသို့ ကျောက်မိန်ကို စိတ်အတွေးဖြင့် တွေ့လိုတွေ့ငြား မျှော်လင့်ဟန်ဖြင့် တွေဝေ ငေးမောကြည့်နေတော့သည်။ ပြီးမှ... ဆက်ပြောပြန်သည်။

'ရှောင်ချောင်း အိကြည်ကို ပြန်သွားတုန်းက ငါ စိတ်ထိခိုက်ခဲ့တယ်၊ အားလီ သေဆုံးသွားတုန်းကဆိုရင် ပိုပြီးတောင် စိတ်ထိခိုက်ခဲ့သေးတယ်၊ နောက်ပိုင်းမှာ မင်း ဒီလို ကြေကွဲစရာတွေ ဖြစ်လာတာကိုလည်း သိရရော မင်းအတွက် ငါ ရင်နာခဲ့ရတယ်၊ သနားလဲသနားခဲ့တယ်၊ ဒါပေမယ့်...'

ဟူကျင်း၏ စကားသည် ခေတ္တ ဆိုင်းငံ့သွားပြန်သည်။ သူ၏ရင်တွင် နှလုံးတွင်းမှ ထွက်ပေါ်လာသောလေသံဖြင့် လေးနက်စွာ ထပ်ပြောလိုက်သည်။



'ကျောက်မိန်ကို ဒီတစ်သက်မှာ မတွေ့ရတော့ဘူး ဆိုရင်တော့ ငါ့အဖို့ ဒီလောကကြီးထဲမှာ အသက်ရှင်နေလို့ အပိုပါပဲ၊ ကျောက်မိန် မရှိဘဲနဲ့ ဒီလောကကြီးထဲမှာ ငါတစ်ယောက်တည်း နေရလို့ ဘာမှ အဓိပ္ပါယ် မရှိတော့ဘူး၊ ဒီလို ခံစားချက်မျိုးကို ရှောင်ချောင်းနဲ့ ပတ်သက်ပြီးလဲ မခံစားခဲ့ရဖူးဘူး၊ အားလီနဲ့ ပတ်သက်ပြီးလဲ မခံစားခဲ့ရဖူးဘူး၊ မင်းနဲ့ပတ်သက်ပြီးလဲ မခံစားခဲ့ရဖူးဘူး၊ ဒါတွေဟာ ငါ့ရင်ထဲ နှလုံးထဲက ထွက်လာတဲ့ သစ္စာစကားတွေပါ'

ဟူကျင်းသည် စကားဆုံးသောအခါ တွေဝေငေးမောသွားပြန်တော့သည်။ ချူကျူးသည် ငြိမ်သက်စွာ နားထောင်နေပြီးမှ တိုးညင်းသောအသံဖြင့် ပြောလိုက်သည်။

'ဟိုတစ်နေ့က နေပြည်တော်မှာ ကျွန်မတို့ အတူတူ ရှိနေကြတုန်းက အစ်ကိုဟူကျင်း အရက်ဆိုင်ကလေးကို မရည်ရွယ်ဘဲနဲ့ ရောက်သွားပြီး ကျောက်မိန်နဲ့ သွားတွေ့တယ် မဟုတ်လား အဲဒီကတည်းက ကျွန်မ သိပါတယ်၊ အပြင်ပန်း အမြင်တော့ ကျောက်မိန့်ကို သာမန်လောက်ပဲ သဘောထားသလိုပဲ၊ ဒါပေမယ့် အစ်ကိုဟူကျင်းရဲ့ အတွင်းစိတ်ကတော့ ကျောက်မိန်ကို နှစ်နှစ်ကာကာ ချစ်နေတာကို ကျွန်မကောင်းကောင်း သိလိုက်တယ်၊ ဒါကြောင့်မို့ မသွားဘူးလို့ ဘယ်လောက်ပဲ ရည်ရွယ် ရည်ရွယ် အတွင်းစိတ်က လှုံ့ဆော်တော့ ကျောက်မိန် ရှိလိုရှိငြား ဆိုပြီး သွားမိတော့တာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကျွန်မကတော့ စိတ်ကူးယဉ်မိခဲ့ပါသေးတယ်၊ ကျွန်မနဲ့ လက်ထပ်ပြီးရင်တော့ အစ်ကို ဟူကျင်း ကျောက်မိန်ကို မေ့သွားတော့မှာပဲလို့…၊ အခုတော့ ကျွန်မ သိပါပြီ၊ အဲဒီတုန်းက ကျွန်မ စိတ်ကူးယဉ်ခဲ့တာတွေ လုံးဝ မဖြစ်နိုင်ဘူးဆိုတာ ဘာဖြစ်လို့လဲ ဆိုတော့ အစ်ကိုဟူကျင်းက ကျောက်မိန်ကို တကယ် ချစ်နေတာကိုး'

ဟူကျင်းသည် အလွန်စိတ်ထိခိုက်သော လေသံဖြင့် ပြောလိုက်သည်။

'ချူကျူး… ငါ မင်းကို အမြဲ လေးစားခဲ့တယ်၊ အားလီကိုတော့ သူငယ်ချင်းတစ်ယောက်လိုပဲ ချစ်ခင်ခဲ့တယ်၊ ရှောင်ချောင်းကိုတော့ ငါ့နှမလေးတစ်ယောက်လိုပဲ သဘောထားခဲ့တယ်၊ အင်း… ကျောက်မိန်ကိုတော့ ငါ…ငါ အသက်သည်းလှိုက် ချစ်ခဲ့ပါတယ်'

ချူကျူးသည် ဟူကျင်းပြောသည့်စကားကို ပြန်၍ ရေရွတ်နေပြန်သည်။

'အသက်သည်းလှိုက် ချစ်တယ်'

ချူကျူးသည် အရူးကဲ့သို့ တတွတ်တွတ်နဲ့ တီးတိုး ရေရွတ်နေရာမှ ထူးထူးဆန်းဆန်း စကားလေးကို ဟူကျင်း ကြားလိုက်ရသည်။





'အစ်ကို ဟူကျင်း သိရဲ့လားဟင်၊ ကျွန်မ…ကျွန်မကလဲ အစ်ကို ဟူကျင်းကို အသက်သည်းလှိုက် ချစ်ခဲ့တာပါပဲ အစ်ကိုရယ်'

ဟူကျင်းသည် မည်သည့်စကားမျှ ပြန်မပြောနိုင်တော့ပေ။ သူတို့နှစ်ယောက်စလုံး၏ အသည်းနှလုံးများသည် အတောမသတ်သော ဝေဒနာများကြောင့် နာကျင်စွာ ခံစားလျက် ရှိနေကြရသည်။ ဟူကျင်းသည် မည်သည့်စကားမျှ မပြောတော့သဖြင့် ချူကျူး၏ လက်ကလေးကိုသာ တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်မိတော့သည်။ ရုတ်တရက် ချူကျူးက…

'အစ်ကိုဟူကျင်း… တကယ်လို့ ကျောက်မိန် ဒီကို လုံးဝ ပြန်မလာခဲ့ရင်၊ ဒါမှမဟုတ် သူ့ကို လူဆိုးသူဆိုးတွေက သတ်ပစ်ခဲ့ရင်၊ ဒါမှမဟုတ် သူက အစ်ကိုဟူကျင်းကို မချစ်တော့ဘူးလို့ စိတ်ပြောင်းသွားခဲ့ရင် အစ်ကိုဟူကျင်း ဘယ်လို ဆုံးဖြတ်မလဲဟင်'

ဟူကျင်းသည် ကျောက်မိန်အတွက် အလွန် စိုးရိမ်သောက ရောက်နေခဲ့သူဖြစ်ရာ ချူကျူးက ဆိုးဝါးသော အဖြစ်အပျက်များနှင့် နမိတ်ပြပေးလိုက်သည့်အခါတွင်မူ လုံးဝ မထိန်းနိုင်တော့ပဲ ရှိုက်သံပင် ပါလာတော့သည်။

'ငါ…ငါတော့ မသိတော့ဘူး၊ ဒါပေမယ့် ဘာတွေဘယ်လိုပဲ ဖြစ်ဖြစ် သူ့ကို မတွေ့တွေ့အောင် ငါ တစ်သက်လုံး လိုက်ရှာတော့မယ်'

www.burmeseclassic.com

www.burmeseclassic.com



ချူကျူးသည် သက်ပြင်းတစ်ချက် ရှိုက်လိုက်ခါ...

'သူ ဘယ်တော့မှ အစ်ကိုဟူကျင်းအပေါ် စိတ်ခတ်ပြောင်းလဲမှာ မဟုတ်ပါဘူး၊ တကယ်တော့ ကျောက်မိန်ဟာ အစ်ကို့အပေါ်မှာ တကယ့်ကို နှစ်နှစ်ကာကာချစ်ရှာသူကလေးပါ၊ အစ်ကို သူ့ကို ရှာချင်ရင် လွယ်လွယ်ကလေးပဲ'

ဟူကျင်းသည် ချူကျူး၏ စကားကို ကြားလိုက်ရသောအခါ ထခုန်မိမျှမတတ် ဝမ်းသာသွားပြီး...

'ချူကျူး...သူ...သူ ဘယ်မှာလဲ၊ ငါ ဘယ်မှာလိုက်ရှာရမှာလဲဟင်၊ ပြောစမ်းပါ၊ ငါ့ကို ပြောစမ်းပါ'

ချူကျူးသည် ဟူကျင်း၏ မျက်နှာကို သေချာစွာ စူးစိုက်ကြည့်လိုက်သည်။ ဟူကျင်း၏မျက်လုံးများမှ တဆင့် ဟူကျင်း၏ နှလုံးသားများကို မြင်လိုက်ရသောအခါ ကျောက်မိန်အတွက် ဝမ်းသာမိသော်လည်း သူမအတွက် အလွန်ပင် ကြေကွဲဝမ်းနည်းမိတော့သည်။ သူမက တိုးညင်းသော လေသံကလေးဖြင့် ပြောလိုက်သည်။

'အစ်ကိုဟူကျင်း အစ်ကိုဟာ ကျွန်မအတွက်နဲ့ ဘယ်တုန်းကမှ ဒီလောက်စိတ်မလှုပ်ရှားဖူးဘူး၊ အခု ကြည့်စမ်း၊ ကျောက်မိန့်အတွက် စိတ်လှုပ်ရှားနေလိုက်တာ၊ ကဲ... အစ်ကိုဟူကျင်းက ကျောက်မိန့် ဘယ်မှာရှိတယ်ဆိုတာ သိချင်ရင် ကျွန်မ တောင်းဆို



ချက် တစ်ခုကို ဆောင်ရွက်ပေးပါမယ်လို့ ကတိပေးရမယ်၊ နို့မို့ရင်တော့ အစ်ကိုဟူကျင်း... ကျောက်မိန့်ကို တစ်သက်လုံး ရှာတွေ့တော့မှာ မဟုတ်ဘူး'

'မင်းက ငါ့ကို ဘယ်လို ကတိမျိုး ပေးခိုင်းမှာလဲ'

'ဒီကိစ္စကို အခုချက်ချင်းတော့ ကျွန်မ [illegible] သေးဘူး၊ နောက်တော့မှပဲ အစ်ကိုဟူကျင်းကို [illegible] မယ်... တစ်ခုတော့ ကြိုပြီး အသိပေးထားပါ့မယ်၊ ကျွန်မ ဆောင်ရွက်ခိုင်းမယ့် ကိစ္စဟာ အစ်ကိုဟူကျင်းနဲ့ သိုင်းလောကကြီး တစ်ခုလုံးကို ထိခိုက် အကျိုးယုတ်စေမယ့် ကိစ္စမျိုး မဟုတ်စေရပါဘူး'

ဟူကျင်းသည် တစ်ချိန်က ကျောက်မိန့်ပြောခဲ့သော လေသံမျိုးဖြင့် ချူကျူးက ယခု ပြောလာသောအခါ ရုတ်တရက် ကတိမပေးရဲတော့ချေ။ သို့သော်... ချူကျူး၏ ခြွင်းချက်စကားကြောင့်လည်းကောင်း၊ ကျောက်မိန့်အတွက် ဖြစ်နေခြင်းကြောင့်လည်းကောင်း ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ချက်ချင်းပင် သဘောတူညီလိုက်တော့သည်။

ထိုအခါ ချူကျူးသည် ပြုံး၍ ပြောလိုက်သည်။

'ကဲ... ဟိုမှာကြည့်စမ်း၊ ဘယ်သူလဲ ဆိုတာ'

www.burmeseclassic.com

www.burmeseclassic.com



ချူကျူးသည် ကျောက်တုံးတစ်တုံး၏ နောက်ဘက်ရှိ ချုံပုတ်ကြီးကို လက်ဖြင့် မယ်ရှားကာ ဟူကျင်းအား ပြလိုက်တော့သည်။ ထိုချုံပုတ်ကြီး၏ နောက်ကွယ်တွင် မိန်းကလေးတစ်ယောက် ထိုင်လျက် ရှိနေသည်။

ကျောက်မိန် ဖြစ်ချေသည်တကား။

ကျောက်မိန်သည် ပြုံး၍ ဟူကျင်းကို စိုက်ကြည့်နေသည်။ ဟူကျင်းသည် လွှတ်ခနဲ ဝမ်းသာအားရ အော်လိုက်မိသည်။

'ကျောက်မိန်'

သို့ရာတွင် ထူးထူးဆန်းဆန်းပင် ခပ်လှမ်းလှမ်းရှိ ချုံပုတ်တစ်ခုအတွင်းမှ 'ဟင်'ခနဲ သက်ပြင်းချလိုက်သည့် မိန်းကလေးတစ်ယောက်၏ အသံလိုလို ကြားလိုက်ကြရသည်။ သို့သော်... သို့သော်... ဟူကျင်းသည် ကျောက်မိန်ကို တွေ့လိုက်ရသဖြင့် ထိုအသံကို အမှုမဲ့ အမှတ်မဲ့ပင် နေလိုက်မိပြီး ကျောက်မိန်၏လက်ကို ဆွဲကိုင်လိုက်သည်။ ကျောက်မိန် မလှုပ်မယှက် ထိုင်နေခြင်းမှာ အကြောပိတ်ခံထားရ၍ ဖြစ်ပေသည်။

ချူကျူးသည် ကျောက်မိန်ကို အကြောပိတ်လိုက်ပြီး ဤချုံကြီးတွင် ဖွက်ထားလိုက်သဖြင့် မိမိတစ်ချိန်လုံး ရှာမတွေ့ခဲ့ရခြင်း ဖြစ်တော့သည်။



ကျောက်မိန်၏ မျက်နှာကလေးမှာမူ လရောင်အောက်တွင် ဝင်းလက် တောက်ပလျက်ရှိနေသည်။ မျက်နှာတစ်ပြင်လုံးသည်လည်း ပျားရည်ဆမ်းထားသကဲ့သို့ ချိုမြလျက်ရှိနေသည်။ သူမမှ မပျော်လျှင် မည်သူ ပျော်လေမည်နည်း။ သူမက ရင်နင့်နေအောင် ချစ်နေသူက သူမ နောက်ကွယ်၌ သူမကို မည်မျှ ချစ်နေရကြောင်း ရင်ဖွင့်သံကို သူမ ကြားလိုက်ရပြီးပြီ မဟုတ်ပါလား။

ချူကျူးသည် ခါးကို ကိုင်းလိုက်ပြီး ဟူကျင်း၏ နားနားသို့ကပ်ခါ တစ်စုံတစ်ခုကို တီးတိုး ပြောလိုက်သည်။ ဟူကျင်းကလည်း တီးတိုးပင် ပြန်ဖြေလိုက်သည်။

ရုတ်တရက် ချူကျူးက အော်လိုက်သည်။

'ကျန်းဟူကျင်း... ရှင်ဟာ အတော် မျက်စိသေတဲ့လူပဲ၊ ရှင် ကျောက်မိန်ကို သေသေချာချာ ကြည့်စမ်း အဆိပ်သင့်နေပြီ တွေ့ရဲ့လား၊ ဒီလောက်တောင် အဆိပ်မိနေတဲ့ဥစ္စာ၊ အသက်ရှင်နိုင်ဖို့ နည်းလမ်း ရှိပါဦးမလား'

ဟူကျင်းက ထိတ်လန့်စွာဖြင့် အော်လိုက်သည်။

'ဘာ...ဘာပြောတယ်၊ သူ အဆိပ်သင့်နေတယ် ဟုတ်လား'

ဟူကျင်းသည် ခါးကိုကိုင်း၍ ကျောက်မိန်၏ မျက်နှာကို သေချာစွာ ငုံ့ကြည့်လိုက်သည်။ ထိုအခါ ချူကျူးက နောက်ဘက်မှနေ၍ ဟူကျင်း၏ အကြောကို ထိုးပိတ်လိုက်တော့သည်။ သူမသည်

www.burmeseclassic.com

www.burmeseclassic.com



အကြောခြောက်ခုကို ဆက်တိုက် ထိုးပိတ်လိုက်သောအခါ ဟွာကျင်းသည် လှုံ့ဝ ခံနိုင်ရည် မရှိတော့ဘဲ လဲကျသွားတော့၏။ ထို့နောက် ချူကျူးသည် ဓားကို ဆွဲထုတ်လိုက်ပြီး ဟွာကျင်းရင်ဘတ်ကို ထိုးချိန်ကာ အတိအလင်း ဖွင့်ပြောလိုက်တော့သည်။

'ကဲ…အခုမှတော့ မထူးတော့ပါဘူး၊ ရှင့်ကိုပါ ဒီနေ့ အသေသတ်ပစ်မယ်၊ အားလီရဲ့ လိပ်ပြာက ကျွန်မကို အမြဲထမ်းလိုလို လာခြောက်လှန့်နေတာဆိုတော့ ကျွန်မလဲ သက်သောင့်သက်သာ မဟုတ်ပါဘူး၊ ဒီတော့ သေမယ့်အတူတူ အားလုံးသေသာ ပိုကောင်းတယ်'

သူမသည် ဓားကို ကိုင်မြှောက်ပြီး၊ ဟွာကျင်း၏ ရင်ဝသို့ ထိုးစိုက်ရန် ဟန်ပြင်လိုက်သည်။ ထိုအခါ နောက်ဘက်မှ မိန်းကလေးအသံ တစ်သံ ထွက်ပေါ်လာတော့သည်။

'နေဦး ချူကျူး အားလီ မသေသေးပါဘူး'

ချူကျူးသည် အသံကြားရာ နောက်သို့ လှည့်ကြည့်လိုက်သော အခါ အကျီနက် ဝတ်ဆင်ထားသော မိန်းကလေး တစ်ယောက် ခုန်ထွက်လာသည်ကို တွေ့လိုက်ရသည်။ သူမ၏ မျက်နှာတွေ ဓားဒဏ်ရာ မှိန်ပျပျကလေးများကိုသာ လရောင်အောက်၌ မြင်တွေ့နေရ၏။ သို့သော်… ဓားဒဏ်ရာများသည် သူမ၏ မျက်နှာအလှကို ပျက်ပြယ်အောင် မစွမ်းနိုင်ကြချေ။



ဟွာကျင်းက သေသေချာချာ လှေလာ အကဲခတ်လိုက်သော အခါ သူမ၏ တစ်ဝမ်းကွဲ ညီမလေး အားလီ ဖြစ်နေကြောင်း တွေ့ရပေသည်။ သူမ၏ မျက်နှာသည် ယခင်ကကဲ့သို့ ညိုမည်းရောင်ကိုင်းနေခြင်း လုံးဝ မရှိတော့ဘဲ၊ နဂို ပကတိမျက်နှာ ဖြစ်နေသည်။ မှိန်ပျပျ ဓားဒဏ်ရာများ ရှိနေသော်လည်း သူမ၏ မျက်နှာကလေးမှာမူ ချစ်စရာ ကောင်းဆဲပင်။

ချူကျူးက ဓားဖြင့် ဟွာကျင်းရင်ဘသို့ တေ့ထားပြီး၊ အားလီကို လှမ်းတားလိုက်သည်။

'ရှင်…ရှင်… ရှေ့မတိုးနဲ့နော်၊ ဒီမှာ တွေ့လား၊ သူ့ရင်ဝကို ယောက်ထားတာ။ နို့မို့ရင်တော့ ကျွန်မ သူ့ကို အသေထိုးပစ်လိုက်မှာပဲ'

အားလီသည် တကယ်ပင် ရှေ့မတိုးရဲတော့ပေ။ သူမ၏ ခြေလှမ်းများကို ရုတ်ချင်း ရပ်ဆိုင်းပစ်လိုက်ပြီး စိတ်ပူပန်စွာ ပြောလိုက်သည်။

'မင်း… မင်း… ဒီလောက် အပြစ်တွေ ကျူးလွန် ခဲ့တာတောင် မကျေနပ်သေးဘူး၊ ထပ်ပြီး ကျူးလွန်ဦးမလို့ပေါ့ ဟုတ်လား။ မင်း တကယ့်ကို ရက်စက်ယုတ်မာတဲ့ မိန်းမပဲ'

ချူကျူးက…

www.burmeseclassic.com

www.burmeseclassic.com



'မင်းဟာ သရဲလား... လူလား... မှန်မှန်ပြော'

'သရဲ မဟုတ်ပါဘူး။ ငါ လူသားစင်စစ်ပါ'

ဟူကျင်းသည် 'အားလီ' ဟုရုတ်တရက် အော်ဟစ်ပြီး၊ ထခုန်ပွေ့ဖက်လိုက်တော့သည်။

'အားလီ... အားလီရယ်... မင်းမသေဘူးနော်၊ တကယ်မသေဘူးနော်'

အားလီသည် ဟူကျင်း ရုတ်တရက် အော်ဟစ်ပြီး၊ ထဖက်လိုက်သောအခါ အလွန် ထိတ်လန့်သွားသည်။ သူ့ စိတ်ထင်အရဲ ဟူကျင်း တကယ်မင် ကြောပိတ်ခံထားရသည်ဟု မှတ်ယူထားရာ၌သို့ ထခုန်ဖက်လိုက်မည်ဟု လုံးဝ မျှော်လင့် မထားခဲ့ချေ။ သူမသည် ထွက်ပြေးရန် စိတ်ကူးလိုက်သော်လည်း ဟူကျင်းက အတင်းဖက်တွယ်ထားသည် ဖြစ်ရာ လုံးဝ ရုန်းမထွက်နိုင်တော့ချေ။ ချူကျူးသည် တခစ်ခစ်ရယ်မောရင်း...

'ဒီနည်းကိုမှ မသုံးရင်လဲ မင်းက ထွက်လာမှာ မဟုတ်တော့ဘူး။ ပုန်းလျှိုးကွယ်လျှိုး လုပ်နေဦးမှာပဲ၊ အခုတော့ ထွက်လာရရော မဟုတ်လား'

ချူကျူးသည် စကားဆုံးသည်နှင့် ကျောက်မိန်၏ အကြောများကို ဖြေပေးလိုက်သည်။ ကျောက်မိန်သည် သူ့ အကြောပိတ်ခံ



ထားရသည်နှင့် ပတ်သက်၍ ချူကျူး အပေါ်၌ အစ ပထမတွင် မကျေမနပ် ဖြစ်နေခဲ့မိသည်၊ သို့သော် ချူကျူးနှင့် ဟူကျင်းတို့ အမေးအဖြေ လုပ်ရင်း ဟူကျင်း၏ ရင်ဖွင့်သံများကို ကြားလိုက်ရသောအခါမှ ချူကျူး အပေါ် လုံးဝ စိတ်မဆိုးတော့ပေ။

ထိုစဉ် အားလီက အော်၍ ပြောလိုက်သည်။

'ဟူကျင်း...နင် ဘယ်လိုဖြစ်နေတာလဲ၊ အတင်းပဲ ပွေ့လား ဖက်လားနဲ့၊ ဟိုမှာ ကျောက်မိန်နဲ့ ချူကျူးတို့ ကြည့်နေကြတယ် တွေ့ရဲ့လား'

ကျောက်မိန်သည် မကျေမချမ်း လေသံဖြင့် လှမ်းပြောလိုက်သည်။

'ဟင်း... ကျွန်မနဲ့ ချူကျူးသာ မရှိရင် ဘယ်လောက်တောင် ပွေ့ဖက်နေဦးမလဲ မသိလူး၊ သိပ်ကို ပိုတဲ့လူပဲ'

ဟူကျင်းက တပြုံးပြုံး တရယ်ရယ်ဖြင့်...

'အားလီရယ်... မင်းမသေဘဲ ပြန်ရှင်လာတာ တွေ့ရလို့ ငါ့ သိပ်ဝမ်းသာ သွားခဲ့လို့ပါ၊ မင်းပဲ စဉ်းစားကြည့်စမ်းပါဦး၊ ဘယ်လို ဘယ်ကနေ သေရွာက ပြန်လာရတာလဲ ညီမလေး'

အားလီသည် ဟူကျင်း၏ မျက်နှာကို လရောင်အောက်သို့ ဆွဲလှည့်လိုက်ကာ သေချာစွာစူးစိုက်ကြည့်လိုက်သည်။ ထို့နောက်

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်း၏ နားရွက်ကို ရုတ်တရက် ဆွဲလိမ်လိုက်ရာ ဟူကျင်းသည် နာကျင်လှသဖြင့် အော်ဟစ်လိုက်မိသည်။

'အား... ကျွတ်... ကျွတ်...ကျွတ်... အားလီ ဘယ်လိုလုပ်လိုက်တာလဲဟင်'

'ဟင်... ဘာလုပ်ရမလဲ၊ နားရွက်ဆွဲလိမ်တာပေါ့။ နင်က နင့်ကိုယ်နင် နွားလေးဆိုပြီး ဘာဖြစ်လို့ ငါ့ကို ညာခဲ့ရတာလဲ၊ ငါ့ရင်ထဲက စကားတွေကို လူရှေ့သူရှေ့ ထွက်လာအောင် လုပ်ပြီး၊ ငါ့ကို အရှက်ခွဲလိုက်တာပေါ့လေ၊ နောက်ပြီး ငါ့ကို အရှင်လတ်လတ်တောင် မြေမြှုပ်သတ်ဖို့ လုပ်လိုက်သေးတယ်'

အားလီသည် ပါးစပ်ကလည်းပြော လက်ကလည်း ဟူကျင်း၏ ရင်ဘတ်အား တဘုံးဘုံးထုနေတော့သည်။

ဟူကျင်းမှာမူ တကယ်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရာမှ ဟားဟား ရယ်မောရင်း ပြောလိုက်သည်။

'ညီမလေး... ငါက မင်း တကယ်ပဲ သေပြီလို့ ထင်နေမိလို့ပါ။ မင်းကို တမင်သက်သက် အရှင်လတ်လတ် သတ်ချင်တယ် ဆိုရင် အဲဒီတုန်းက ရင်ကွဲပက်လက် ငိုငိုမလား၊ အခုတော့ မင်းဘာမှ ဆားအန္တရာယ် မရှိတော့ဘူးပေါ့နော်၊ အဲဒါ ဘုရားသိကြားမလို့ပဲ'



အားလီကမူ ရှေးယခင်က သူ သုံးနှုန်းဖူးသည့် နာမည်များကိုပင် အသုံးပြုနေသဖြင့် 'နွားလေး။ သရဲလေး' စသည့် အခေါ်များသာ ဖုံးလွှမ်းနေတော့သည်။ ဟူကျင်းသည် အားလီအား နောက်ပြောင် ကျီစယ်လိုသဖြင့်...

'အဲဒီ ကျွန်းပေါ်မှာတုန်းက မင်းအသက်ရှူ မရှူ၊ နှလုံးခုန် မခုန် စမ်းကြည့်ပါသေးတယ်၊ အသက်ရှူတာလဲ ရပ်၊ နှလုံးလဲ မခုန်တော့ သေပြီလို့ ငါထင်သွားတာပေါ့'

အားလီသည် ဟူကျင်း၏ နားရွက်ကို ဆွဲလိမ်လိုက်ပြန်တော့သည်။ ဟူကျင်းသည် အလွန်နာကျင်သဖြင့် တောင်းတောင်းပန်ပန် လုပ်ရတော့၏။

'ညီမလေး... ဒီလောက် မလိမ်ပါနဲ့၊ နည်းနည်းလောက် လျှော့ပါဦး ဒီလောက် ဆွဲလိမ်နေမှတော့ နားရွက် ပြတ်တော့မှာပေါ့'

'ဟင့်အင်း... နည်းနည်းမှ မလျှော့နိုင်ဘူး၊ ဒီနားရွက်ကို ပြတ်အောင် လိမ်ပစ်မယ်၊ နင်က ဘာကြောင့် ကျောက်တုံးကြီးတွေကြားထဲမှာ မြှုပ်နှံထားခဲ့ရတာလဲ၊ မြေကြီးထဲမှာ မြှုပ်ခဲ့ရင် ပြီးရော၊ တစ်ခါတည်း သေသွားရင် အေးတာပဲ။ လူ့လောကကြီး ဒုက္ခသုခတွေ မခံစားရတော့ဘူးပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'အေး... ဟုတ်တယ်။ ငါကလဲ ဘာ စိတ်တူးပေါက်ပြီး ကျောက်တုံးကြီးတွေစီပြီး မြှုပ်ခဲ့မိမှန်း မသိပါဘူး၊ မင်း သေပြီဆိုတော့ ငါလဲ လုပ်မိလုပ်ရာတွေ ကယောက်ကတန်း လျှောက်လုပ်မိတာနဲ့ တူတယ်'

ထိုစဉ် ချူကျူးက...

'အားလီ... အဲဒီတုန်းက ငါ မင်းအပေါ်မှာ ရက်ရက်စက်စက် လုပ်ခဲ့မိတာတွေကို ငါ ဝန်ချ တောင်းပန်ပါတယ်၊ မင်းအပေါ်မှာ ဒီလို ကျူးလွန်ခဲ့တဲ့ အပြစ်အတွက် ငါ့မှာ ညတိုင်းအိပ်မပျော်ခဲ့ပါဘူး၊ တောအုပ်ထဲမှာ ရုတ်တရက်တွေ့လိုက်ရတော့ ငါ ဘယ်လောက် ကြောက်သွားခဲ့ရတယ်မှတ်သလဲ၊ တကယ့်ကို လိပ်ပြာလွင့်စဉ်တော့ ဖြစ်ခဲ့ရတာပါ၊ အခု မင်း မသေမှန်း သိရတော့ ငါ တကယ်ပဲ ဝမ်းသာ ခဲ့ရတာပါ၊ အခု လူတွေအားလုံးထဲမှာ ငါ့လောက် ဝမ်းသာမယ့်လူ မရှိပါဘူး၊ နို့မဟုတ်ရင် မင်း ငါ့ကြောင့် သေရတယ်၊ သေရတယ် ဆိုတဲ့အစွဲကြီး ဖိစီးနေတာနဲ့ ငါလဲ မြန်မြန် သေရတော့မှာပါ။ အခုတော့ ငါ့အပြစ် ပေါ့သွားတာပေါ့'

အားလီသည် ချူကျူးဘက်သို့ ရုတ်တရက် လှည့်လိုက်သည်။ ချူကျူး၏ မျက်နှာကို သေချာ စူးစိုက်ကြည့်ရင်း—



'ချူကျူး...ငါ မင်းအပေါ် ဒွေမယူတော့ပါဘူး၊ လူဆိုတာ ဒီလိုပဲ တစ်သက်မှာ တစ်ခါတော့ မှားကြမြဲပေါ့၊ နောင်တ ရနေတဲ့လူကို အပြစ်ယူနေရင် ဘယ်သနား ကြင်နာရာ ရောက်တော့မလဲ'

အားလီသည် ဟူကျင်းဘက်သို့ ရုတ်တရက် ပြန်လှည့် သွားပြန်သည်။

'နွားလေး... နင် ကျွန်းဟူကျင်းဆိုတာ နောက်မှ သိရတာပဲ၊ တကယ်တော့ နင်ဟာ ငါ့ရင်ထဲက ဟူကျင်း မဟုတ်ဘူး၊ ငါ့ရင်ထဲက ဟူကျင်းဟာ သိပ်ဆိုးတဲ့ ကောင်လေး၊ နင်က နွားလေးပဲ ဟူကျင်း မဟုတ်ဘူး'

အားလီ၏ စကားများကြောင့် ဟူကျင်း အလွန် အံ့သြသွားသည်။ အဘယ့်ကြောင့် ဤသို့ ကသောက်တိ ကသောက်ချာ စကားများထွက်လာသည်ကို မတွေးတတ်အောင်ပင်ဖြစ်သွားမိသည်။

'ငါက ဟူကျင်းပါ၊ ဘယ်နှယ့် ဟူကျင်း မဟုတ်ရမှာလဲ'

အားလီသည် ဟူကျင်းကို ထူးဆန်းစွာ စိုက်ကြည့်လျက်ရှိသည်။ သူ၏ မျက်လုံးများတွင် ဟူကျင်း နားမလည်နိုင်သော အရိပ်ယောင်များ ပြောင်းလဲလျက် ရှိနေသည်။

'ဘယ်က ဟူကျင်း ဟုတ်ရမှာလဲ၊ နင်က နွားလေးပဲ၊ ငါ သေသေချာချာ သိတာပေါ့၊ ငါ့ရဲ့ ဟူကျင်းကဖွတ်ဖွတ်ကောင်လေး၊

www.burmeseclassic.com



ငါ့စကားကို နင့်လို သေသေချာချာ နားထောင်တာ မဟုတ်ဘူး။ ငါ့ရဲ့ဟူကျင်းက ဒီလောကကြီးရဲ့ တစ်နေရာမှာ ရှိနေမှာအမှန်ပဲ၊ ငါ့ရဲ့ ဟူကျင်းကို သွားရှာတော့မယ်။ ငါ မတွေ့တွေ့အောင် သွားရှာမယ်'

အားလီသည် ပြောပြောဆိုဆိုဖြင့် လှည့်ထွက်သွားတော့၏။ ဟူကျင်း၏ ရင်ထဲဝယ် တစ်ဆို့လျက် ဆွေးမြည့် ကြေကွဲမှုကို ခံစားလိုက်ရတော့သည်။ ဟူကျင်း သဘောပေါက် လိုက်ပါပြီ။ အားလီ၏ နှလုံးသားတွင် စွဲထင်နေသူမှာ လိပ်ပြာကုန်း၌ တွေ့ခဲ့သည့် ဟူကျင်း ဟူ၍ သူ့ နှလုံးသားက လက်မခံနိုင်ဘဲ ဖြစ်နေခဲ့ချေပြီ။

ဟူကျင်းသည် ကြေကွဲခြင်း၊ ဝမ်းနည်းခြင်း၊ တသခြင်း၊ နှမြောခြင်းစသည့် ဝေဒနာပေါင်းစုံဖြင့် အားလီ ထွက်သွားရာသို့ ငေးမောကြည့် နေမိတော့သည်။

ချူကျူးသည် သက်ပြင်းတစ်ချက် ချလိုက်ကာ...

*'ကျွန်မ...ကျွန်မ...တရားခံပါ၊ အဲဒီ ကျွန်းပေါ်မှာတုန်းက* ကျွန်မသူ့ကို ရက်ရက်စက်စက် လုပ်ခဲ့လို့ အသက်မသေပေမယ့် သူ့ စိတ်ဓာတ်တွေ ကယောင်ချောက်ချား ဖြစ်ပြီး အခုလို မှုမမှန်ခဲ့ရတာပေ မှာ'

ဟူကျင်းသည် ချူကျူး၏ စကားများကို ကြားလိုက်ရသော အခါ စိတ်ထဲတွင် တီတိုးရေရွတ်နေမိတော့သည်။



'သူ့ စိတ်တွေ နဂိုမူရင်းအတိုင်း အကောင်းပကတိ မရှိတာ တော့ အမှန်ပဲ၊ ဒါပေမယ့် အခု အတိုင်းဆိုရင်တော့ တခြား စိတ်မှန်တဲ့ လူတချို့ထက်တော့ စိတ်ချမ်းသာရာ ရသွားရှာမှာပါ၊ အင်း... အားလီ အားလီ... ကံဆိုးမလေး'

သူတို့မှာ တစ်ယောက်တစ်မျိုး အတွေးဝင်နေကြသည့်နည်းတူ ကျောက်မိန်မှာလည်း အတွေးတစ်ခု ဝင်နေခဲ့သည်သာ ဖြစ်ပါသည်။ ရုတ်တရက် အားလီ ရောက်လာသောအခါ သူ့ အသက်တမျှ ချစ်ရသော ဟူကျင်း စိတ်ပြောင်းသွားလေမည်လားဟု စိုးရိမ်စိတ်များ ဝင်ခဲ့ရသည်။ အားလီ ထွက်သွားသောအခါမှ စိတ်သက်သာရာ ရခဲ့ရ သည်။ သို့သော် လိပ်ခဲတင်းလင်း အခြေအနေကြီးတစ်ခုကို ကျောက်မိန်က တွေးမြင်ပြီးသား ဖြစ်နေသည်။ ထို လိပ်ခဲတင်းလင်း ဖြစ်နေသည့် အခြေအနေကား မည်သည့် အရာပေနည်း။

ယခုဆိုလျှင် အားလီလည်း မသေတော့။ ရုက်စွန်းလည်း မည်သို့မျှ မဖြစ်သည့်ပြင် သူ လက်စားချေလိုသူပင် လက်စားချေပြီး လေပြီ။ နဂါးနိုင်စားနှင့် လစကြာ သိုင်းကျင့်စဉ် ကျမ်းစာအုပ်များ သည်လည်း ဟူကျင်း၏ လက်ထဲတွင် ပြန်လည် ရောက်ရှိနေပြီ။ ချူကျူး၏ အပြစ်များသည်လည်း ခွင့်လွှတ်နိုင်ဖွယ်သော အပြစ်များ ဖြစ်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအခြေအနေတွင် ဟူကျင်းနှင့် ချူကျူးတို့၏ လက်ထပ်ရေးကိစ္စကြီးသည် ရှေ့၌ မည်သို့ ဖြစ်လာပေဦးမည်နည်း။ ထိုအခြေအနေများသည် ကျောက်မိန်က ကြိုတင်တွေးမြင်ပြီး ဖြစ်သဖြင့် ရင်မောလှလေပြီ။ ဟူကျင်းသည် ကတိပျက်တတ်သော သူတစ်ယောက် မဟုတ်သည်က ရင်ကို ပိုမောစေတော့သည်။ ထိုစဉ် ချူကျူးက...

'ကဲ... ကျွန်မတို့ ပြန်ကြရအောင်'

ကျောက်မိန်က...

'ဘယ်ကို ပြန်မှာလဲ၊ ရှောင်လင်ဘုရားကျောင်းကိုလား'

'ရန်ရှောင်တို့၊ နူတိုတို့က တောင်ခြေမှာ ငါ့ကို စောင့်နေကြတယ်၊ ငါတို့ ရှောင်လင်ကျောင်းကို ပြန်ဖို့ မလိုတော့ဘူး၊ တောင်ခြေကိုပဲ ဆင်းကြစို့'

သို့နှင့် သုံးယောက်သား တောင်ခြေသို့ ဆင်းသက်လာကြတော့သည်။ တောင်ခြေသို့ရောက်သောအခါ စောင့်ဆိုင်းနေသော ရန်ရှောင်တို့နှင့် တွေ့ဆုံကြရတော့သည်။

ဟူကျင်းသည် အလင်းမာန်ဂိုဏ်း၏ တော်လှန်ရေးစစ်တပ်နှင့် ပတ်သက်သည့် သတင်းများကို ရန်ရှောင်အား မေးမြန်းလိုက်သည်။ ရန်ရှောင်ကလည်း တော်လှန်ရေးစစ်တပ်နှင့် ပတ်သက်





သည့် အခြေအနေများကို ခရေစေ့တွင်းကျ ရှင်းလင်းတင်ပြသည်။ မွန်ဂိုတပ်များသည် တော်လှန်ရေး စစ်တပ်များ၏ အပြင်းအထန် ထိုးနှက်မှုကို မခံနိုင်တော့သဖြင့် မြေပြန့်ပိုင်းသို့ ပြန်လည် ဆုတ်ခွာသွားရကြောင်း၊ မြေပြန့်တွင်မူ မွန်ဂိုတပ်များ အင်အားတောင့်တင်းကြံ့ခိုင်မှုရှိသဖြင့် တော်လှန်ရေးစစ်တပ်များသည် အင်အားကို အချည်းအနှီး အပြုန်းတီးမခံပါပဲ ဌာနချုပ်သို့ ပြန်လှည့် လာကြောင်း ရှင်းလင်း ပြောပြသည်။

ဟူကျင်းသည် မှာကြားစရာရှိသည်များကို မှာကြားပြီး တာဝန်သစ်များကို ထပ်မံ ခွဲဝေပေးလိုက်သည်။ သူကမူ သူ၏ ဆရာဘိုးဘိုး ကျန်းဆန်းဖုန်းနှင့် မတွေ့ရသည်မှာ ကြာပြီဖြစ်သဖြင့် ဟူတန်းတောင်သို့ သွားရောက်မည်ဖြစ်ကြောင်း ရန်ရှောင်တို့အား အသိပေးလိုက်သည်။ သို့နှင့် နောက်တစ်နေ့တွင် ဟူကျင်းသည် ရန်ရှောင်အပါအဝင် အလင်းမာန်ဂိုဏ်းကြီး၏ ထိပ်သီးသိုင်းသမား အားလုံးကို နှုတ်ဆက်ပြီး ကျောက်မိန်နှင့်ဆိုချင်းစူးကို ခေါ်၍ ဟူတန်းတောင်ပေါ်သို့ တက်ရောက်ရန် ပြင်ဆင်ကြတော့သည်။ ထိုစဉ် ချူကျူးက...

'ကျွန်မလဲ ဆရာကြီး ကျန်းဆန်းဖုန်းကို လိုက်တွေ့ချင်ပါတယ်၊ ဆိုချင်းစူး အခုလိုဖြစ်ရတာ ကျွန်မအပြစ်လဲ အများကြီးပါပါတယ်၊ ကျွန်မအပြစ်ကို ကျွန်မ ဝန်ချတောင်းပန်ရဦးမယ်...'

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ချူကျူးသည်လည်း သူမ၏ ဝါမေဂိုဏ်းသားများကို ခေါ်၍ ဟူကျင်းနှင့်အတူ ဟူတန်းတောင်ပေါ်သို့ လိုက်ပါတက်ရောက်ကြတော့သည်။

သုံးရက်ခန့်ကြာသောအခါဟူကျင်းတို့အားလုံး ဟူတန်းတောင်ပေါ်သို့ ဆိုက်ရောက်လာကြတော့သည်။ ဟူကျင်းသည် ရီလင်တန်း၊ ကျန်းဆုံကျိုး၊ ချင်လိရှန်တို့ သုံးယောက်နှင့်အတူ အတွင်းခန်းသို့ ဝင်၍ ဆရာကြီးကျန်းဆန်းဖုန်းနှင့် တွေ့ဆုံနှုတ်ဆက်သည်။ အခန်းထဲတွင် ချိုရှင်ချောင်းနှင့် ရီတိုက်ရှင်တို့ကိုလည်း တွေ့ရ၏။

ချိုရှင်ချောင်းသည် သူ့သားဖြစ်သူ ဆို့ချင်းစူးပါ အပြင်ဘက်တွင် ရောက်ရှိနေကြောင်း ကြားသိလိုက်ရသောအခါ ဓားကို ဆွဲထုတ်ပြီး ပြေးထွက်သွားတော့၏။ ဟူကျင်းတို့သည် တားလဲအခက် မတားလဲအခက် ဖြစ်နေခြင်းကြောင့် ချိုရှင်ချောင်း နောက်မှပင် ဖေးဖေးမမလုပ်ရန် ပြေးလိုက်ကြရတော့သည်။ ချိုရှင်ချောင်းသည် ဒေါသဖြင့် အော်လိုက်မိသည်။

'ဒီလို သားဆိုးမျိုး လူ့လောကမှာ ဆက်ထားနေရင် ဆန်ကုန်မြေလေးတစ်ယောက် ပိုထားသလို ဖြစ်နေမှာပေါ့၊ ဒီလောကကြီးမှာ ဘာအကျိုးပိုထူးမှာလဲ'



သို့သော် သူ့သားမှာ မျက်နှာတစ်ခုလုံး ပတ်တီးစည်းထားလျက် ရှိနေပြီး မျက်လုံးကလေးနှစ်လုံးမျှသာ ပေါ်နေသည်ကို တွေ့ရှိလိုက်ရသောအခါ ဓားဖြင့် မထိုးသတ်ရဲပဲ ဖြစ်သွားရတော့သည်။ နောက်ဆုံးတွင် ချိုရှင်ချောင်းသည် သူ၏ဓားကို သူ့ဝမ်းဗိုက်သို့ ထိုးစိုက်ချလိုက်တော့သည်။

ဟူကျင်းသည် စိုးရိမ်တကြီးစောင့်ကြည့်နေသူ ဖြစ်ရာ ချိုရှင်ချောင်း ထိုသို့ ပြုလိုက်သည်နှင့် ဓားကို ဆွဲလုယူလိုက်တော့သည်။

'ဘကြီး... ဒီလိုတော့ မလုပ်ပါနဲ့၊ သွေးပူပူနဲ့ ရုတ်တရက် ဒီလို မဆုံးဖြတ်သင့်ပါဘူး၊ ဆရာဘိုးဘိုးနဲ့ ဆွေးနွေးတိုင်ပင်ကြည့်တာဟာ မမှားပါဘူး'

ဆရာကြီး ကျန်းဆန်းဖုန်းသည် ဆို့ချင်းစူးနှင့် ပတ်သက်သမျှ အကြောင်းစုံ သိရှိသွားသောအခါ သက်ပြင်းတစ်ချက်ချလိုက်သည်။

'အင်း... ငါတို့ဟူတန်းဂိုဏ်းမှာ ဒီလို သားတပည့်မျိုး လုံးဝမရှိသင့်ဘူး၊ မရှိသင့်လျက်နဲ့ ရှိနေခြင်းဟာ မင်းတို့ ငါတို့အားလုံးရဲ့ အပြစ်ပဲ၊ ဒီလို သားတပည့်မျိုးက ရှိတာထက် မရှိတာက ပိုကောင်းပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ကျန်းဆန်းဖုန်းသည် ဆို့ချင်းစူး၏ ရင်ဘတ်ကို လက်ဝါးဖြင့် တစ်ချက် ပွတ်သပ်လိုက်သည်။ အမှန်စင်စစ် ဆရာကြီးသည် သူ၏ အတွင်းအားကို သုံးကာ ဆို့ချင်းစူးကို ရှင်းလင်းပစ်လိုက်ခြင်းသာ ဖြစ်သည်။

မိမိဦးလေးအပေါ် သစ္စာဖောက်သူ၊ မိမိဂိုဏ်းအပေါ် သစ္စာဖောက်သူတစ်ယောက်၏ နောက်ဆုံးသွားရာလမ်းကား ဒဏ်ရာရ အရှက်တကွဲ အကျိုးနည်းဖြစ်ပြီး သေဆုံးရခြင်းပင် ဖြစ်တော့သည်။

ချိုရှင်ချောင်းက ဒူးထောက်၍ ဆရာကြီးကျန်းဆန်းဖုန်းကို ပြောလိုက်သည်။

'ဆရာ... ကျွန်တော်ရဲ့သား အခုလို ပျက်စီးဆိုးသွမ်းရတာဟာ ကျွန်တော်ရဲ့ သွန်သင်ဆုံးမမှု မကောင်းခဲ့လို့ အခုလို ဖြစ်သွားခဲ့ရတာပါ၊ သားသမီးမကောင်း မိဘခေါင်းပါ၊ ဒါကြောင့်မို့ ဆရာ ကျွန်တော့်ကိုပါ အပြစ်ပေးပါတော့'

'ဟုတ်တယ်... ဒီကိစ္စမှာ မင်းပါ အပြစ်ရှိတယ်၊ ဒီနေ့ကစပြီး ဟွာတန်းဂိုဏ်းချုပ်ရဲ့ နေရာကို ဆက်ခံမယ့်တပည့်အဖြစ် ရီလင်တန်းကို ငါ ရွေးချယ်လိုက်တယ်၊ မင်းကတော့ ထိုက်ကျိုလက်သီး သိုင်းပညာကိုသာ စောက်ချပြီး လေ့လာပေတော့၊ ဟွာတန်းဂိုဏ်းတစ်ခု



လုံး သိုင်းပညာတိုးတက်ရေးကို မင်း တာဝန်ယူရမယ်၊ ဟွာတန်းဂိုဏ်းရဲ့ သိုင်းပညာ သည့်ထက် ပြန့်ပွားတိုးတက်အောင်လည်း ဆောင်ရွက်ရမယ်၊ ဂိုဏ်းရဲ့အုပ်ချုပ်ရေးကိစ္စ အဝဝကို မင်း ဂရုစိုက်စရာ မလိုတော့ဘူး'

ဟွာကျင်းသည် သူ၏ဆရာဘိုးဘိုး ဤမျှလောက် စည်းကမ်းတင်းကျပ်လိမ့်မည်ဟု လုံးဝ မထင်မိခဲ့ပေ။ ယခုမူ ဆို့ချင်းစူးကို ရှင်းလင်းပစ်သည်မှအစ ဂိုဏ်းချုပ်နေရာ ဆက်ခံမည့်သူ ရွေးချယ်သည့် ကိစ္စအဆုံး တိကျပြတ်သားစွာ ဆောင်ရွက်သွားပေပြီ။ ဟွာတန်းဂိုဏ်း သိုင်းလောက၌ ဤမျှနာမည်ကျော်ခဲ့ရခြင်းမှာ စည်းကမ်းကောင်းခြင်းလည်း အကြောင်းတစ်ရပ် ဖြစ်ပေလိမ့်မည်။

ထို့နောက် ကျန်းဆန်းဖုန်းက ဟွာကျင်းက တော်လှန်ရေး စစ်တပ်အကြောင်း မေးမြန်းသည်။ ဟွာကျင်းက အကြောင်းစုံ ရှင်းလင်း ပြောပြလိုက်သည်။

ဟွာကျင်းအား မေးမြန်းပြီးသောအခါ ဆရာကြီး ကျန်းဆန်းဖုန်းသည် ချူကျူးအား ကြည့်လိုက်သည်။ သူ၏အကြည့်ကို ချူကျူးက သိရှိသဖြင့် သူမ၏ အကြောင်းများကို တစ်လုံးတစ်ပါဒမျှ လျှို့ဝှက် ဖုံးကွယ်ခြင်း မပြုဘဲ အဖြစ်အပျက်အားလုံးကို ဖွင့်ဟ ပြောကြားလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် စကားဆုံးသည်နှင့် တစ်ပြိုင်နက် တိမ်လွှာ မေးကို ထုတ်လိုက်ပြီး သူမ၏ ဆံပင်များကို ရုတ်တရက် ပိုင်းဖြတ်လိုက်တော့သည်။ ချူကျူး၏ အပြုအမူကြောင့် အားလုံး တအံ့တသြ ဖြစ်သွားကြရ၏။ ဟူကျင်းသည်လည်း အံ့သြလွန်းသဖြင့်...

'ချူကျူး... မင်း...မင်း...' ဟုသာ ပြောနိုင်ပြီး သူ၏ စကားကိုပင် အဆုံးမသတ်နိုင်တော့ချေ။

'ကျွန်မရဲ့ အပြစ်တွေ သိပ်များနေလွန်းလို့ပါရှင်၊ ကျွန်မ အနေနဲ့ ကျွန်မအပြစ်တွေ ကျေအောင် တရားအားထုတ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ၊ အခု ကျွန်မ စကားတစ်ခွန်း မေးစရာရှိနေပါတယ်၊ ရှင့်ဆီက ကျွန်မ ကတိတစ်ခု တောင်းထားခဲ့တယ်၊ ဒီကတိအတိုင်း ဆောင်ရွက်ပေးမယ် မဟုတ်လားဟင်'

'ဟုတ်...ဟုတ်ပါတယ်၊ ကတိလဲ ပေးခဲ့ပါတယ်၊ ဆောင်လဲ ဆောင်ရွက် ပေးပါ့မယ်၊ မင်း ပြောစရာရှိတာကို ပြောပါ'

'ရှင့် ဆရာဘိုးဘိုးနဲ့ ရှင့် ဘကြီး ဦးလေးတွေရှေ့မှာ ရှင် ကတိအတိုင်း ဆောင်ရွက်ပေးရမယ်နော်၊ မငြင်းရဘူး'

ဟူကျင်းသည် တံတွေးကို မျိုချလိုက်မိပြီး ခေါင်းကိုသာ ညိတ်ပြလိုက်တော့သည်။

ချူကျူးက စိတ်ချသွားဟန်ဖြင့်...



'ဒီလိုဆိုရင် ဒီနေ့ကစပြီး ရှင်ဟာ ကျွန်မတို့ ဝါမေဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး ဖြစ်သွားပါပြီ၊ ဝါမေဂိုဏ်းကြီး တိုးတက်လာအောင် ဝါမေဂိုဏ်းရဲ့ သိုင်းပညာ အရည်အသွေးတိုးတက်လာအောင် သိုင်းလောကထဲမှာ ဂိုဏ်းကြီးတစ်ဂိုဏ်းအဖြစ် ဆက်လက်ရပ်တည် နိုင်အောင် လုပ်ပေးပါလို့ ကျွန်မတောင်းပန်ပါတယ်၊ ဒါကတော့ ရှင့်ကတိအတိုင်း ဆောင်ရွက်ပေးဖို့ ကိစ္စကြီးပါပဲ'

ဟူကျင်းသည် ချူကျူး၏ စကားကို ကြားလိုက်ရသောအခါ အလွန် ထိတ်လန့်တုန်လှုပ်သွားတော့သည်။ ထို့ကြောင့် သူ၏ လက်ကို ခါယမ်း၍...

'ငါ့...ငါ့မှာ တာဝန်တွေ သိပ်များပါတယ်၊ မင်းပေးတဲ့ တာဝန်ကြီးကလဲ သိပ်ကြီးကျယ်တော့ ငါ... ငါ... ငါ'

ဟူကျင်းသည် ဆရာဘိုးဘိုး ကျန်းဆန်းဖုန်းဘက်သို့ အကူအညီ တောင်းသော အကြည့်ဖြင့် ကြည့်လိုက်သည်။ ကျန်းဆန်းဖုန်းသည် တဟားဟား ရယ်မောရင်း...

'ချူကျူး... မင်းကတော့ တကယ့်ကို ဉာဏ်များတဲ့ မိန်းကလေးပဲ၊ တကယ့်ကို ချည်ပြီးသား တုပ်ပြီးသား လုပ်လိုက်တာကိုး၊ ဒါဆိုရင် မျက်ကြွယ်က မင်းကိုပေးအပ်ထားတဲ့ တာဝန် ကျေပွန်ဖို့ သေချာသွားပြီပေါ့၊ ဝါမေဂိုဏ်းသာ ဟူကျင်းလက်ထဲ ရောက်သွား

www.burmeseclassic.com

www.burmeseclassic.com



ရင် သိုင်းလောကထဲမှာ တကယ့်ထိပ်သီး ဂိုဏ်းကြီး တစ်ဂိုဏ်း ဖြစ်တော့မှာပဲ။ ဟား...ဟား...ဟား... ဟူကျင်း ငြင်းမနေနဲ့တော့၊ မင်းရဲ့ ကတိအတိုင်းသာ ဆောင်ရွက်ပေးလိုက်'

ချူကျူးသည် သူမ၏အိတ်ထဲမှ သိုင်းကျမ်း စာအုပ်နှင့် ကျိုးနေသော တိမ်လွှာဓား နှစ်ပိုင်းကို ဟူကျင်းအား ပေးအပ်လိုက်တော့သည်။ သူမက...

'ဒါကတော့ ကျွန်မတို့ ဝါမေဂိုဏ်းကို တည်ထောင်ခဲ့တဲ့ သိုင်းဆရာမကြီး ကော့လင်းလင်းရဲ့ သိုင်းပညာ ပေါင်းချုပ် စာအုပ်ပါပဲ၊ ကျွန်မတို့ ဝါမေဂိုဏ်းချုပ် အစဉ်ဆက်တွေဟာ ဒီသိုင်းပေါင်းချုပ်ကို အစဉ်အမြဲ ထိန်းသိမ်းခဲ့ကြပါတယ်၊ အခု ရှင်ကလဲ ဝါမေဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး ဖြစ်ပြီဆိုတော့ ရှင့်လက်ထဲ ပေးအပ်လိုက်ပါပြီ'

ဟူကျင်းသည် သူ့ ကတိကြောင့် မည်သို့မျှ ငြင်းပယ်၍ မရတော့ပေ၊ ဆရာဘိုးဘိုး၊ ကျန်းဆန်းဖုန်းကလည်း ဟူကျင်း၏ တွန့်ဆုတ်နေသော စိတ်ကို သိရှိရိပ်မိသဖြင့်...

'ဟူကျင်း...ကတိဟာ ကတိပဲ၊ ကတိဖျက်တဲ့ လူလောက် အသုံးမကျတဲ့လူ ဒီလောကထဲမှာ မရှိတော့ဘူး'

ဟူကျင်းသည် ချူကျူး ပေးအပ်သမျှ ပစ္စည်းများကို လက်ခံလိုက်ရတော့သည်။



ဝါမေဂိုဏ်းသားများ အနေဖြင့်လည်း ဟူကျင်း၏ သိုင်းပညာအလွန် အဆင့်အတန်း မြင့်မားလှကြောင်း သိရှိထားကြပြီးဖြစ်၍ သူတို့၏ ဂိုဏ်းချုပ်ကြီး ဖြစ်သွားပြီဟု ကြားသိရသောအခါ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြတော့သည်။

အချို့ကမူ ချူကျူးကိစ္စနှင့် ပတ်သက်၍ ပြည့်ပြည့်စုံစုံ သိမထား ကြသေးသဖြင့် သိပ်ကျေနပ်မှု မရှိကြပေ။

သို့သော်... အထင်အရှား ဖော်ပြခြင်း မပြုဘဲ နေကြသည်။

ထိုအချိန်တွင် ချူကျူးသည် သူမ၏ ဆံပင်အားလုံးကို ရိတ်ပယ်ပြီး ဖြစ်လေသည်။ မယ်သီလရှင် ဘဝနှင့် တစ်သက်လုံး တရားအားထုတ် သွားပေတော့မည်။

ချူကျူး၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ဟူကျင်းအဖို့ စိတ်မကောင်းခြင်း ကြီးစွာ ဖြစ်ရသော်လည်း အားလုံးအတွက် အကောင်းဆုံး ဖြစ်ကြောင်းကိုမူ ဟူကျင်း နားလည် သဘောပေါက်ထားသည်။

မိမိအနေဖြင့်လည်း ကျောက်မိန်ကိုသာ မေတ္တာစစ်၊ မေတ္တာမှန်နှင့် ချစ်နေခဲ့မိပြီ မဟုတ်ပါလား။

ယခုမူ အားလုံးပူဆွေး ပင်ပန်းခဲ့ကြရသော အဖြစ်များသည်လည်း နိဂုံးတံ သွားခဲ့ရလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှစ၍ ဟူကျင်းနှင့် ကျောက်မိန်တို့ နှစ်ယောက်သည် အတူလက်တွဲလျက် ဘဝစာမျက်နှာသစ်ကို ဖွင့်လှစ်လိုက်ကြတော့သည်။

သူတို့နှစ်ဦး ပေါင်း၍ ဝါမေဂိုဏ်းကြီး၏ တိုးတက်ရေးအတွက် ဆောင်ရွက်လိုက်၊ အလင်းမာန်ဂိုဏ်းကြီးနှင့် တော်လှန်ရေးစစ်တပ်တို့ အောင်မြင်ရေးအတွက် ဆောင်ရွက်လိုက်ဖြင့် မနားမနေ ကြိုးပမ်း ဆောင်ရွက်လျက် ရှိနေကြတော့သည်။

ဟူကျင်းသည် သူ၏နှလုံးသားနှင့် ထပ်တူထား၍ ချစ်ရသော ကျောက်မိန်၏ မျက်နှာကလေးကို ကြည့်၍ အမောပြေရသကဲ့သို့ ကျောက်မိန်ကလည်း သူ့ အသက်နှင့် ထပ်တူထား၍ ချစ်ရသော ဟူကျင်း၏ မျက်နှာကို ကြည့်လျက် ပျော်တပြုံးပြုံး၊ မော်မဆုံး ဖြစ်နေမိတော့သတည်း...။

ပြီးပါပြီ။

**မေတ္တာအမှန်ဖြင့်...**

တက္ကသိုလ် နေလင်းအောင်
အမှတ် (၁၉၆) ၊လမ်း (၄၀)၊ ရန်ကုန်မြို့။

www.burmeseclassic.com